သိတော်ဓာနန္ဒာ၏ တသက်တာမှတ်တမ်း-၄

အရှင်ဝဏ္ဏသိရိ

ကန်တော့ပန်း

ပရိယတ်၊ ပဋိပတ် နယ်ပယ် နှစ်ရပ်တို့မှ ကျွန်ုပ်၏
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းအား
ဤစာအုပ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

ပထမအကြိမ်

၁၉၈၀ ခု အောက်တိုဘာလ

*

အုပ်ရေ ၂၀၀၀

*

တန်ဖိုး တဆယ့်ငါးကျပ်

*

ပန်းချီ စံတိုး

*

ဘလောက် ဘသစ်

*

အဖုံးရိုက် အောင်သာ

*

ဘာသာရေးဆိုင်ရာ စာမူ ကြိုတင်ခွင့်ပြုချက်အမှတ် (၁၃၉၆)

ဦးချစ်အောင်(၀၂၀၇ နှင့် ၀၁၅၂၂)လုပ်အားပုံနှိပ်တိုက်နှင့်
နှလုံးလှစာပေ၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့က ရိုက်နှိပ်ထုတ်ဝေသည်။

၃၄၈၁၂

ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း (၄)

အရှင်ဝဏ္ဏသိရိ

နှလုံးလှစာပေဖြန့်ချီရေး၊ စာတိုက်သေတ္တာအမှတ် ၈၇၊
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊
ရန်ကုန်မြို့။ ဖုန်း - ၇၂၉၇၁။

သာသနာပြုပုဂ္ဂိုလ်ကျော်

ဝိနာသယတိ အသဒ္ဓံ၊
သဒ္ဓံဝဍ္ဎေတိ သာသနေ။
ဧဝံမေသုတ မိစ္ဆဝံ၊
ဝဒံ ဂေါတမ သာဝကော။

ဂေါတမ နွယ်ဖွား ရှင်တော်မြတ်ဘုရား၏ တပည့် (အရှင်အာနန္ဒာ)သည် ဧဝံမေသုတံ အစချီလျက် ထံတော်ပါးမှ ကြားနာမှတ်သားထားခဲ့လေသမျှကို ပြည့်ဝစုံလင်တင်ပြသောအားဖြင့် သာသနာတော်၌ မယုံကြည်ခြင်းကို ပယ်ဖျောက်၍ ယုံကြည် သဒ္ဓါ တိုးပွားအောင် အကျိုးဆောင်လိုက်ပေသတည်း။

အင္ဂုကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ

မာတိကာ

စကားဦး

၁။ သာသနာ့ အညွန့်အညှောက်ကလေးများ

၂။ သင်္ကန်းမဝတ်လိုက်ရသော ရဟန်းများ

၃။ ရနံ့ထုံသော အင်ကြင်းတော

၄။ အမြတ်ဆုံးချမ်းသာ

၅။ လူမှုရေး တရားတော်များ

၆။ ခမည်းတော်သစ် မယ်တော်သစ်

၇။ ပွဲတွေ့ နာလန်ထဆေးကြီးများ

၈။ ကျောင်းတကာကြီး အနာထပိဏ်

၉။ ကျောင်းအမကြီး ဝိသာခါ

၁၀။ လူဝတ်ကြောင် ဓမ္မကထိက

၁၁။ စံပြတကာ,တကာမများ

၁၂။ ပတ္တမြားဂူကို ရွှံ့နှင့်ပွတ်သူများ

၁၃။ ပကာသနီယကံ

၁၄။ ဝေဒေဟီ ဖြေမဆည်နိုင်ပြီ

၁၅။ သီတာရေငင်ပမာ

၁၆။ မအောင်မြင်သောလုပ်ကြံမှုများ

၁၇။ မေတ္တာနှင့် သူရာ

၁၈။ စင်ပြိုင်ဘုရားတဆူ

၁၉။ နောင်တ၏ နိဂုံး

၂၀။ သာသနာ့ဒါယကာ

၂၁။ နေမင်းညိုချိန်

၂၂။ မယ်တော်ကြီး၏ ကန်တော့ပန်း

စကားဦး

ဗုဒ္ဓမြတ်စွာလက်ထက်တော်မှ ဖြစ်ရပ်ဇာတ်လမ်းများ၊ တရားဒေသနာတော်များကို ညီတော်အာနန္ဒာ၏ ရှုမြင် သုံးသပ်ချက်၊ ညီတော်အာနန္ဒာ၏ ခံစားချက်များဖြင့် ဆက်လက် ဖော်ကျူးထားပါသည်။

အမှတ် ၁ စာအုပ်တွင် အလောင်းတော်မင်းသား ဖွားမြင်ခန်းမှ ခမည်းတော်ကြီး သုဒ္ဓေါဒန ပရိနိဗ္ဗာန်စံဝင်ခန်းအထိ ပါဝင်ပါသည်။

အမှတ် ၂ စာအုပ်တွင် ဘိက္ခုနီသာသနာ ပေါ်ထွန်းလာပုံများ၊ သားတော် ရာဟုလာကို သူ့ခမည်းတော်က ဆုံးမခန်းများ၊ သားတော်ရာဟုလာနှင့် သူ့မယ်တော် ယသော်ဓရာတို့ ပြန်လည်ဆုံဆည်းခန်းများ ရေးသားထားပါသည်။

အမှတ် ၃ စာအုပ်တွင် သနားစရာ၊ ချစ်စရာ သားတော်ရာဟုလာ ဘဝမှ ရဟန္တာအရှင်မြတ်တပါး ဖြစ်လာပုံကို ကြည်ညိုနိုင်ကြပါသည်။ ထိုစာအုပ်တွင် အများဆုံး ပါဝင်သည်မှာ အတ္တ, အနတ္တ ပြဿနာ ဝေဖန် ဆွေးနွေးချက်များ ဖြစ်ပါသည်။ ထို့ပြင် ဘုရားရှင်၏ ပထမ ဗောဓိမှ ပစ္ဆိမဗောဓိသို့ အကူးအပြောင်းကာလ ဘဝ အတွေ့အကြုံများနှင့်တကွ ညီတော်အာနန္ဒာ ပြုစုလုပ်ကျွေးပုံများကို ပြည့်ပြည့်စုံစုံ ဖော်ကျူးထားပါသည်။ ညီတော်အာနန္ဒာ ပြုစု လုပ်ကျွေးပုံများကို ဖတ်ရှုယင်း မိမိတို့ကိုယ်တိုင် ပြုစု လုပ်ကျွေးရဘိသကဲ့သို့ ကုသိုလ်တရား ပွားများကြရန် ဖြစ်ပါသည်။

ယခု အမှတ် ၄ စာအုပ်တွင်လည်း ယခင် တွေ့ဆုံခဲ့ဘူးသော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ထပ်မံတွေ့ဆုံကြရပါဦးမည်။ ထိုပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက်ချက်များ၊ တရားသဘော ဆွေးနွေး ဝေဖန်ချက်များကို ထပ်မံ ဖတ်ရှုကြရပါဦးမည်။ ထို့အတူ ယခင်က မတင်ပြရသေးသော ပုဂ္ဂိုလ်များလည်း ပါဝင်လာကြပါသည်။

စကားဦး

အသစ်ပါဝင်လာကြသော ပုဂ္ဂိုလ်များတွင် အစီရဝတသာမဏေ၊ အဓိမုတ္တက သာမဏေနှင့် အရှင်မဟာသာရိပုတ္တရာ၏ ညီအထွေးဆုံး ရေဝတ သာမဏေလေး တို့ကို ပထမဦးစွာ ဖူးတွေ့ရပါလိမ့်မည်။ အသက်အရွယ် ငယ်သော်ငြားလည်း ဘုရားရှင်၏ မြေးတော်ပီပီ အာဇာနည် စိတ်ဓာတ်ဖြင့် တည့်တည့်မတ်မတ် လျှောက်လာကြပုံကို ကြည်ညိုနိုင်ကြပါသည်။

အရှင်ပုက္ကုသာတိနှင့် အရှင်ဗာဟိယတို့ကား ဝိနည်းတော်နှင့်အညီ ရဟန်းမခံနိုင်ခဲ့ကြပါ။ သို့သော် လောကုတ္တရာအသိထူးဖြင့် သာသနာအတွင်းသို့ ရောက်နေကြပြီမို့ ရဟန်းစာရင်း သွင်းကြရပါသည်။ အသိဉာဏ် အမြင်မှန် ရခြင်း, မရခြင်းက တဌာန၊ သာသနာ့ဝန်ထမ်းဆောင်ခွင့် ရခြင်း,မရခြင်းက တဌာန ဖြစ်ပုံကို သဘောပေါက်ကြရန် ဖြစ်ပါသည်။

နကုလပိတာ အဘိုးအိုနှင့်အဘွားအိုတို့ကား ဘုရားရှင်၏ ခမည်းတော်သစ်၊ မယ်တော်သစ်များ ဖြစ်ကြပါသည်။ ဘုရားရှင်အပေါ် 'သား'တည်းဟူသော ချစ်ခြင်းဖြင့် ချဉ်းကပ်လာကြသကဲ့သို့၊ သူတို့အချင်းချင်းလည်း ချစ်ခင်တွယ်တာကြပေသည်။ သွားလေရာ, လာလေရာ လွန်းကြင်ငှက်ကဲ့သို့ တပူးတွဲတွဲ ရှိနေတတ်ကြသော သူတို့နှစ်ဦး၏ မေတ္တာဇာတ်လမ်းမှာ ပြုံးစရာလိုလို၊ ကြည်နူးစရာလိုလို။

မိမိဂုဏ်ကျေးဇူးကို မဖော်ကျူးလိုသော အာဠဝီတိုင်းက ဟတ္ထကမင်းသား၊ အရှင်သခင်ထက် တရားကိုပို၍လေးစားသော ခုဇ္ဇုတ္တရာ၊ စိတ်ဓာတ်ခိုင်မာလှသော နန္ဒမာတာနှင့် အလှူခံပုဂ္ဂိုလ်လာလျှင် မလှူပဲ မနေနိုင်သော ကာဏာတို့ သားအမိတို့ကား စံပြ တကာ,တကာမများ ဖြစ်ပါသည်။ သာဝကတိုင်းက နမူနာ ယူကြရန် ဖြစ်ပါသည်။

ဤသို့ ဝမ်းမြောက်စရာ၊ကြည်ညိုစရာ ကြောင်းခြင်းရာများ ရှိနေသလို၊ အခြားတဘက်မှ ဝမ်းနည်းစရာ၊စက်ဆုပ်ရွံရှာစရာများလည်း

စကားဦး

ရှိနေပါသည်။ တချို့က သာသနာ့ပြင်ပမှ နေ၍ သာသနာတော်ကြီးကို အတိုက်အခံ ပြုနေကြ၏။ တရားချင်းပြိုင်၍ မနိုင်သောအခါ ပုဂ္ဂိုလ်ရေးအရ သိက္ခာချရန် ကြိုးပမ်းကြ၏။တချို့ကတော့ သာသနာ့အရိပ်မှာ နေပါလျက် သာသနာ့အခက်ကို ချိုးကြ၏၊ မာန်မာနကို တံခွန်ထူ၍ ဘုရားတဆူလုပ်နိုင်ရန် ရက်ရက်စက်စက် ကြံစည်ကြ၏။ ရက်စက်လေသမျှသည် သူတို့ဘာသာ ဒဏ်ခံရဖို့ချည့် ဖြစ်၏။ ဤစာအုပ်၏ နောက်ပိုင်းတွင် ဤအကြောင်းများကို တသီကြီး ဖတ်နိုင်ကြပါသည်။ အံ့ဩဖွယ်၊ ထိတ်လန့်ဖွယ်၊ ရွံရှာစက်ဆုပ်ဖွယ်နှင့် သတိသံဝေဂ ရယူဖွယ်တို့ ဖြစ်ပါသည်။

ကိုယ်တော်မြတ်၌ ဇရာ လက္ခဏာများ ယှက်သန်းလာချိန်တွင် မယ်တော်ကြီး ဂေါတမီတို့ ပရိနိဗ္ဗာန်စံခြင်းဖြင့် ဤစာအုပ်ကို အဆုံးသတ်ထားပါသည်။ နောက်တအုပ် ဆိုလျှင် တသက်တာမှတ်တမ်း ဇာတ်လမ်းရှည်ကြီး ပြီးဆုံးပါတော့မည်။

ထွက်ပြီးစာအုပ်များနှင့်ပတ်သက်၍ ဆရာတော်,သံဃာတော်များ၊ စာပေ ပညာရှင်များ၏ ဝေဖန်လွှာ၊အကြံပေး,ဉာဏ်ပေးလွှာ များကို မုံရွာမြို့နယ်၊ ကြေးမုံစာတိုက်ခွဲမှ ဘဆင့်ကြာပိုင်ရွာ၊စာရေးသူထံပေးပို့နိုင်ကြပါသည်။ ။

သာသနာ့ အညွန့်အညှောက်ကလေးများ

မရိုးနိုင်သော အရသာ

နောင်တော်မြတ်၏ မြင့်မြတ်သော စံနမူနာတို့ကို ကျွန်ုပ်တို့၏ ပရိသတ်များ တဝကြီး ကြားနာခဲ့ကြရပါပြီ။ ကျွန်ုပ်၏ဘဝ တသက်တာတွင် ဤအကြောင်းခြင်းရာများကို ပြောကြားခဲ့ရသည့် အကြိမ်ပေါင်း များလှပါပြီ။ သီတင်းသုံးဖော် သံဃာတော်များကိုလည်း အခွင့်ကြုံတိုင်း လျှောက်ထားခဲ့ဘူးပါပြီ။ အနယ်နယ် အရပ်ရပ်မှ တပည့် တကာ-တကာမ အပေါင်းကိုလည်း ဟောကြားခဲ့ဘူးပါပြီ။ ဟောကြားခဲ့သည့် အရပ်ဒေသ မည်မျှရှိပြီဟု မသိနိုင်တော့ပါ။ ဟောကြားခဲ့သော အကြိမ်

ပေါင်း မည်မျှ ရှိပြီဟု မသိနိုင်တော့ပါ။ သို့သော် ကျွန်ုပ် ကောန်သိနိုင်သော အချက်တခုကား ရှိပါ၏။ ထိုအချက်ကား အခြားမဟုတ်ပါ။ ကျွန်ုပ်၏နှုတ်ဖျားသို့ ဤ ကြောင်းခြင်းရာများ ရောက်လာတိုင်း အတိုင်းမသိ မြိန်ရှက်လှခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်၏နှုတ်ဖျားမှာ မြိန်ရှက်သကဲ့သို့ပင် ကြားနာကြရသော ပရိသတ်တို့၏ နားအကြည်မှာလည်း ဆီစိမ်သော ဝါဂွမ်းကဲ့သို့ ကြည်နူးနှစ်သိမ့်ကြလိမ့်မည် ထင်ပါသည်။

အကျိုးတရားနှစ်ပါး

ဟော်ခုသူ့နာသူ နှစ်ဦးစလုံးက အားရကျေနပ်သော ကြောင်းခြင်းရာများတွင် အေးချမ်း ငြိမ်သက်ရာတွင် အေးချမ်း ငြိမ်သက်စွာ တပါးတည်း နေတတ်သော အလေ့အကျင့်လည်း ပါဝင်ပေသည်။ ပရိသတ် လေးပါးတို့အလယ်၌ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာသီတင်းသုံးတော်မူခဲ့သောဘုရားရှင်သည် အကြောင်းထူး တစုံတရာ မရှိလျှင်ကား ဆိတ်ငြိမ်ရာတွင် တပါးတည်း နေတော်မူလေ့ရှိ၏။ ဤသို့ နေတော်မူခြင်းဖြင့် အကျိုးတရား နှစ်ပါးကို တပြိုင်နက် ပြီးစီးအောင် ဆောင်ရွက်တော်မူ၍ပေသည်။ ပထမ အကျိုးတရားမှာ အေးချမ်း ငြိမ်သက်ရာတွင် အေးချမ်းငြိမ်သက်စွာ တပါးတည်းနေရသဖြင့် ကိုယ်တော်မြတ်အဖို့ လက်ငင်းလက်တွေ့ ချမ်းသာသုခ ခံစားရခြင်း ဖြစ်၏။ နောက်တမျိုးကား နောင်လာနောက်သား တပည့်များလည်း

ကိုယ်တော်မြတ်၏ အပြုအမူကို အတုယူကြစေရန်ပင် ဖြစ်ပေသည်။

[အင်္ဂုတ္တရပါဠိတော်၊ ဒုကနိပါတ်၊ ဗာလဝဂ်]

တပါးတည်းနေခြင်း

ဘုရားရှင် ရည်မှန်းတော်မူခဲ့သည့်အတိုင်း ဘုရား တပည့်သားရဟန်းများသည် ကိုယ်တော်မြတ်၏ အပြုအမူကို အတုယူခဲ့ကြပါ၏။ တောရဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်များ ရှိခဲ့ကြပါ၏။ မြို့နား၊ ရွာနားကျောင်းမှာပင် လူသူ ကင်းဆိတ်သော အစွန်အဖျား နေရာများ၌ တပါးတည်း နေထိုင်သော ရဟန်းများ ရှိကြပါ၏။ သို့ရာတွင် ဤသို့ အများနှင့်မရောပဲ တပါးတည်း နေကာမျှဖြင့်ကား ဘုရားရှင် ချီးမွမ်းတော်မမူသေးပါ။ တချို့မှာ ခန္ဓာကိုယ်အားဖြင့် တပါးတည်းနေသော်လည်း သူ့စိတ်မှာတော့ အဖော်တွေ ဒုနှင့်ဒေးမျှ ရှိနေကြ၏။ တချို့က အတိတ်မှတွေ့ကြုံခံစားခဲ့ရသည်များကိုစားမြုံ့ပြန်ကာ သာယာနေတတ်ကြ၏။ တချို့မှာ ရှေ့တခေါ်၊မျှော်လင့်ချက် တသီကြီးဖြင့် မစားရဝခမန်း ဖြစ်နေကြ၏။တချို့မှာတော့ လောလောဆယ် ခံစား၊ စံစားနေရသည့် အာရုံများကို အာသာငမ်းငမ်း ဖြစ်နေကြ၏။ မခွဲနိုင် မခွာရက် ဖြစ်နေကြ၏။

ထို့ကြောင့် ဘုရားရှင်က တပါးတည်းနေသော အရှင်ထေရကို ရှေ့တော်ခေါ်၍ ဆုံးမတော်မူခဲ့ရ၏။

"ထေရ၊ တပါးတည်း ဆွမ်းခံဝင်ခြင်း၊တပါးတည်းဆွမ်းခံပြန်ခြင်း၊တပါးတည်းထိုင်ခြင်း၊တပါးတည်းစင်္ကြံလျှောက်ခြင်းဟူသော တပါးတည်းနေခြင်းသည် အကျိုးမရှိဟု မဆိုလိုပါ။ ရှိသင့်သလောက်တော့ ရှိပါ၏။ သို့ရာတွင် ပြီးပြည့်စုံသော အကျိုးတရား တိုးပွားနိုင်သော တပါးတည်း နေခြင်းကား တမျိုး ရှိပေသေးသည်။ထိုတမျိုးကား အတိတ်မှ တွေ့ကြုံခံစားခဲ့ရသည်များကို စားမြုံ့ပြန်ကာ သာယာ၍ မနေတော့ခြင်း၊ ရှေ့တခေါ်၊ မျှော်လင့်ချက်တသီကြီးဖြင့် မစားရဝခမန်း ဖြစ်မနေခြင်း၊လောလောဆယ် ခံစားနေရသည့် အာရုံများအပေါ်မှာလည်း အာသာငမ်းငမ်း ဖြစ်မနေခြင်း၊ စွဲလမ်း သာယာအောင် မိမိစိတ်ကို ထူထောင်မပေးပဲ မစွဲလမ်းသေးသော စိတ်သန့်သန့်ဖြင့် ခွဲခွာ၍နေထိုင်ခြင်း။ဤသို့သောနေခြင်းသည် ပြီးပြည့်စုံသော အကျိုးတရား တိုးပွားရန် ဖြစ်ပေသည်"။

[နိဒါနဝဂ်၊ ဘိက္ခုသံယုတ်ပါဠိတော်၊ ထေရနာမကသုတ်]

ရဟန်းတို့မှ မွေးဖွားလာသူများ

ဤသို့ ညွှန်ပြတော်မူခဲ့သည့်အတိုင်း အရှင်ထေရသည် ခန္ဓာကိုယ်သာမက စိတ်ထဲကပါ တပါးတည်း နေတတ်သွားမည် ထင်ပါသည်။ ဤသို့ ကိုယ်ရောစိတ်ပါ တပါးတည်း နေတတ်သော ပုဂ္ဂိုလ်များမှာ ဘုရားသားတော် ရဟန်းတော်များချည့် မဟုတ်ပါ။ ဘုရားမြေးတော် ပုဂ္ဂိုလ်ကျော်များလည်း ရှိပါ

သေးသည်။ သူတို့အတွက် 'ဘာအမျိုး ဘိုးတူ'ဟူသော ဆိုရိုးစကားကို အသုံးပြုရပါလိမ့်မည်။

အေးချမ်းငြိမ်သက်သော စိတ်သဘောကြောင့် ရဟန်းများကို 'သမဏ'ဟု ကျွန်ုပ်တို့ မဇ္ဈိမဒေသ ဝေါဟာရဖြင့် သုံးနှုန်းလေ့ ရှိကြ၏။ ရဟန်းတို့က မွေး ဖွား လာ သူ များ ကို တော့ 'သာမဏေ'ဟု ခေါ်ကြ၏။ မွေးဖွားသည် ဆိုသော်လည်း ခန္ဓာကိုယ် အသွေးအသားဖြင့် ရင်းနှီး၍ မွေးဖွားသည် မဟုတ်ပေ။ ကျွန်ုပ်တို့ အဘဘုရားရှင်ထံမှရရှိထားသော အမိန့်အာဏာတော်ဖြင့် ကျွန်ုပ်တို့ တဆင့် ရှင်ပြုပေးခြင်းကိုပင် 'မွေးဖွားပေးသည်'ဟု ဆိုရပေသည်။

ကျွန်ုပ်တို့မွေးဖွားထားသော ရှင်သာမဏေများသည် နောင်အသက်စေ့သောအခါ ကျွန်ုပ်တို့နည်းတူ ရဟန်းဘောင်ရောက်လာကြမည်ဖြစ်၏။ ကျွန်ုပ်တို့ မျက်ကွယ်ပြုသွားသောအခါ ဤသာသနာကြီးကို သူတို့ကပင် ဦးဆောင်ဦးရွက် ပြုသွားကြမည်ဖြစ်၏။ ထို့ကြောင့် ရဟန်းတို့၏သား (ဝါ) ဘုရားရှင်၏ မြေးတော်များကို 'သာမဏေ'ဟု ခေါ်ကြရပေသည်။

တောချုံကြားက သာမဏေလေး

ထို သာမဏေများထဲမှ သာသနာ့ဂုဏ်ရောင် ထွန်းပြောင်စေသော ပုဂ္ဂိုလ်ကျော် တပါးကား 'အစိရဝတ' အမည်ရသော ရှင်သာမဏေ ဖြစ်ပေသည်။

ရှင်တော်မြတ်၏အပြုအမူကို အတုယူသောအားဖြင့် အစီရဝတသည် ဝေဠုဝန်ကျောင်းတော်နှင့် မလှမ်းမကမ်း တောချုံကြားဝယ် တပါးတည်း နေခဲ့၏။ ဤသို့ နေခြင်းမှာ တရားသိရေး၊ ကျင့်သုံးရေးအတွက်သာ ဖြစ်၍ ကျွန်ုပ်တို့ အားလုံးက အလိုက်တသိ ရှောင်ပေးထားရ၏။ အကြောင်းမသိသေးသော အာဂန္တုကိုယ်တော်များ ရောက်လာလေတိုင်း အစီရဝတ၏ တဲကုပ်တလေးသို့ မသွားမိကြရန် အသိပေးထားကြရ၏။

သို့ရာတွင် ကျွန်ုပ်တို့ တားမြစ်နိုင်သည်မှာ ကျွန်ုပ်တို့နှင့် ဘဝတူများသာ ဖြစ်၏။ ဘဝမတူသော မင်းညီမင်းသားများကိုကား တားမြစ်ရန် မသင့်ပေ။ ထို့ကြောင့်ပင် ဇယသေနမင်းသားကို ကျွန်ုပ်တို့ သည်အတိုင်း ကြည့်နေလိုက်ကြရပေသည်။

မိမိနေရာသို့ စွတ်စွတ်ရွတ်ရွတ်ဝင်ရောက်လာပြီမို့ အစီရဝတခမျာ မလွဲသာ မရှောင်သာ ဧည့်ခံရရှာပေါတော့မည်။ အေးချမ်း ငြိမ်သက်စွာ နေခွင့်ရသော အချိန်ကလေးကို မင်းသားအတွက် ဖဲ့၍ ပေးရရှာပေါတော့မည်။ အကယ်၍ တရားခွာတ်ကိန်းပြီးသူတယောက် ဆိုလျှင်တော့ ကိစ္စမရှိလှပေ။ တရားဟော၍ မိမိမှာ အချိန်ကုန်မည်၊ပင်ပန်းမည် ဖြစ်သော်လည်း တဘက်သားအဖို့ တရားလမ်းစကလေး ပေါ်သွားလျှင်ပင် အချိန်ကုန်ရကျိုး နပ်ပါပြီ။ပင်ပန်းရကျိုး နပ်ပါပြီ။ ဤသို့ပင် ကျွန်ုပ်တို့ သာသနာ့ဝန်ထမ်း အားလုံးက သဘောထားကြရပေသည်။

သို့ရာတွင် ဤမင်းသားနှင့် ပတ်သက်၍ကား ဟောရကျိုးနပ်လိမ့်မည် မထင်ပါ။ ဘုရားကျောင်းတကာ ဗိမ္ဗိသာရ မင်းကြီး၏ သားတော်တပါး ဖြစ်ပါလျက် ဇယသေနသည် တရားရေး နားဝေးသူ ဖြစ်ပါ၏။ မိဖုရားငယ်တပါးမှ ပေါက်ဖွားလာရ၍ ထီးမွေနန်းမွေမျှော်လင့်ရန် မရှိသော်လည်း မင်းသားတပါး အဖြစ်ဖြင့် အရှိန်အဝါရှိ၏။ အခြေအရံ ပေါများ၏။ ထို့ပြင် မင်းပျိုမင်းလွင်တပါးလည်း ဖြစ်နေသဖြင့် ကာမဂုဏ်ရေလျဉ်ကြောဝယ် မျောချင်တိုင်း မျောနေသူ ဖြစ်ပေသည်။

သာမဏေလေး၏ ဈာန်တရား

ကျွန်ုပ်တို့ ခန့်မှန်းလိုက်သည့် အတိုင်းပင် အစီရဝတ ကလည်း ရိပ်မိဟန် တူပါသည်။ ထို့ကြောင့်ပင် ဇယသေနက တရားဟောရန် တောင်းပန်ရာတွင် ချက်ချင်း မဟောသေးပဲ....

''မင်းသား၊ ငါကိုယ်တိုင် ကြားနာထားသော ငါကိုယ်တိုင်သင်ကြားခဲ့သော တရားတို့ကို ဟောကြားရာတွင် အကယ်၍ သင်မင်းသား သဘောပေါက်လျှင် ကောင်းပါ၏။ ဟောသလောက်၊ ပြောသလောက်သဘောမပေါက်လျှင် ပင်ပန်းရုံသာ ရှိတော့မည်။ ထို့ကြောင့် သင်မင်းသားကို တရားမဟောလိုပါ''

မင်းသား၏ အကြောင်းကို ကြားဘူးနားဝ ရှိပြီး ဖြစ်၍ ဤသို့ ငြင်းပယ်ခဲ့၏။ သို့သော် ဇယသေနကလည်း ထပ်မံ၍ လျှောက်၏။

"အို....အရှင်အဂ္ဂိဝေဿန၊ အရှင်ဘုရားကိုယ်တိုင် ကြားနာခဲ့သော၊ အရှင်ဘုရားကိုယ်တိုင် သင်ယူခဲ့သော တရားကို ဟောကြားတော်မူပါ။ အရှင်ဘုရား ဟောကြားသည့် တရား၏ အနက်အဓိပ္ပာယ်ကို တပည့်တော် သိကောင်း သိပါလိမ့်မည် ဘုရား"

"သို့ဖြစ်လျှင် သင်မင်းသားကို တရားဟောပါမည်။ ငါ ဟောကြားသောတရားကို သင်မင်းသား သဘောပေါက်လျှင် ကောင်းပါသည်။ အကယ်၍ သဘော မပေါက် လျှင်လည်း ဆိတ်ဆိတ်သာ နေပါတော့။ ရှေ့ဆက်၍ အမေးအမြန်းမထုတ်ပါနှင့်"

မင်းသားတော့သည့်အဆုံး ဤသို့သောအချုပ်အချည်ဖြင့် အစိရဝတက တရားဟောခဲ့ရ၏။ သူ့ကို မျိုးရိုးအမည်အားဖြင့် 'အဂ္ဂိဝေဿန'ဟူ၍လည်း ခေါ်ကြပေသည်။ ဟောခွင့်သင့်၍ ဟောကြစို့ ဆိုတော့လည်း အစိရဝတသည် သူနှင့် အကျွမ်းတဝင် ဖြစ်နေသော ဈာန်ပိုင်းဆိုင်ရာတရားများဟောလိုက်၏။ ကသိုဏ်းတခုကို အခြေခံပြုကာ စိတ်အဆင့်ဆင့် ငြိမ်သက်လာပုံများကို ဟောလိုက်၏။ ဈာန်သမာပတ်ရခါနီး အခြေအနေထိ တရားစဉ် ဆိုက်ရောက်သွား၏။ ဤတွင် ဇယသေန က ကြားဖြတ်ကာ—

"အရှင်ဘုရား၊ ရဟန်းတပါးသည် မမေ့ မလျော့တမ်း တရားအားထုတ်နေသော်လည်း စိတ်ငြိမ်သက်ခြင်းကို ရနိုင်မည် မဟုတ်ပါ"ဟု လျှောက်၏။ သူ့သဘောထားကို လျှောက်ပြီး

သည်နှင့် အစိရဝတီ ထံမှ ပြန်ထွက်သွား၏။ သူ ထွက်သွားသည်နှင့် မရှေးမနှောင်းပင် အစိရဝတီလည်း ဘုရားရှင် ရှေ့တော်မှောက် ဝင်ရောက်လာပေသည်။

ရပ်တည်ရာမတူလျှင် အမြင်မတူနိုင်

ထိုနေ့က ဇယသေနသည် အစိရဝတ၏ တရားကို တလုံးမျှ နားမလည်လိုက်ပေ။ သို့သော် အစိရဝတ၏ ထိုတရားတပုဒ်ကိုပင် အကြောင်းပြုကာ မှတ်သားလောက်သော ဥပမာဒေသနာတော်များကို ကျွန်ုပ်တို့ နာကြားခွင့်ရခဲ့ပေသည်။

"အဂ္ဂိဝေဿန၊ ဥပမာအားဖြင့် သူငယ်ချင်း နှစ်ယောက်တို့သည် လက်ချင်းတွဲကာ ထွက်လာကြပြီး တောင်ခြေသို့ ရောက်လာကြ၏။ သူငယ်ချင်းတယောက်သည် တောင်ခြေမှာ နေရစ်၍ တယောက်ကတော့ တောင်ထိပ်ထိ တက်လာခဲ့၏။ ဤတွင် တောင်ခြေမှာ နေရစ်ခဲ့သော သူက 'သူငယ်ချင်း၊ တောင်ပေါ်မှ မြင်ရသမျှကို ပြောစမ်းပါ' ဟု ဆိုသဖြင့် တောင်ပေါ်က လူက တောင်ခြေဝန်းကျင်မှ ဥယျာဉ်ခြံများ သာယာပုံ၊ တောအုပ်တွေ စိမ်းစိုနေပုံ၊ မြေတပြင်လုံး ကောက်ပင် စိမ်းစိမ်းတွေ ဖုံးလွှမ်းနေပုံတို့ကို စီကာပတ်ကုံး ပြောပြ၏။ တောင်ထိပ်မှ လူက မျက်မြင်ကိုယ်တွေ့ ပြောပြချက်များကို တောင်ခြေမှလူက သူ မမြင်၍ မယုံနိုင်ပါဟု ဆို၏။ ဤတွင် တောင်ထိပ်မှလူက အောက်မှလူကို တောင်ပေါ်သို့ ဆွဲခေါ်

ကဲ့သို့ အတန်ငယ် အပန်းဖြေစေပြီးမှ သူကိုယ်တိုင် တွေ့ရသမျှကို ပြောပြစေ၏။ သူ ပြောပြန်တော့လည်း ယခင်လူ ပြောသည့် အတိုင်းသာ ဖြစ်နေ၏။ ဤတွင် ပထမ လူက–

“သူငယ်ချင်း၊ ဤရှုမျှော်ခင်းများ မရှိနိုင်ဟု ငါ နားနှင့် ဆတ်ဆတ် ကြားခဲ့ရ၏။ ယခုတခါ ဤရှုမျှော်ခင်းများ ကောင်းတိတိ ရှိနေသည်ဟု တမျိုးတဖုံ ကြားရပြန်ပြီ။ မည်သည့် စကားကို ယုံရပါမည်နည်း”

“ဟုတ်ပါသည် သူငယ်ချင်း၊ ရပ်တည်ရာနှစ်မျိုးပြားနေ၍ စကားနှစ်မျိုး ဖြစ်နေရပါသည်။ စောစောတုန်းက ဤတောင် ကြီး ကွယ်နေသဖြင့် မြင်စရာရှိသမျှ မမြင်နိုင်ခဲ့ပါ”

ကွယ်နေသော တောင်ကြီး

“ဤသို့ ဒုတိယလူက ဝန်ခံရသကဲ့သို့ပင် ဇယသေန၏ ပညာမျက်စိကို အဝိဇ္ဇာတောင်ကြီး ပိတ်ပင်ကာဆီး၍နေ၏။ အဝိဇ္ဇာ တောင်သည် သူငယ်ချင်း နှစ်ယောက်၏ တောင်ထက် အဆ ရာထောင်မက ကြီးကျယ်မြင့်မားလှ၏။ ကာမဂုဏ်တို့မှ ထွက် မြောက်ရာ တရားကို ကာမဂုဏ်တို့မှ ထွက်မြောက်သောစိတ်ဖြင့် သာလျှင် သိနိုင်၊ ရောက်နိုင်၊ မျက်မှောက်ပြုနိုင်၏။ ထိုတရားကို ကာမဂုဏ်ကြားမှာနေ၍ ကာမဂုဏ်အာရုံ ခံစားနေသော ဇယ သေနသည် မည်သို့သိနိုင်ပါမည်နည်း။ ကာမရောဂါ ကိုယ်တွင်း နာတို့ဖြင့် ထိုးကျင့်ပူလောင်နေသော ဇယသေနသည် မည်သို့ ရောက်နိုင်ပါမည်နည်း။ ကာမဂုဏ် အာရုံ ခံစားစရာ ရှာဖွေ

ရေးကိုသာ အလေးထား ကြိုးစားနေသော ဇယသေနသည် မည်သို့ မျက်မှောက်ပြုနိုင်ပါမည်နည်း။ အဂ္ဂိဝေဿန၊ ဤဥပမာ များဖြင့် သင်ဟောကြားခဲ့ပါလျှင် ဇယသေနသည် သင့်အပေါ် ကြည်ညိုလာရာ၏။ ကြည်ညိုသော အမူအရာကို ပြုပေရာ၏”

“အရှင်ဘုရား၊ ဤဥပမာများကို ယခုမှ ကြားနာရသဖြင့် မဟောနိုင်ခဲ့ပါဘုရား”

ဒေသနာစွမ်းရည် မပြည့်စုံသေး၍ ဤသို့ ဝန်ခံခဲ့သော အစိရဝတသည် နောက်တခါ ဇယသေနနှင့် ဆုံမိလျှင်ကား ပိုင်ပိုင်နိုင်နိုင်ကြီး ဟောကြားတော့မည် ဖြစ်ပေသည်။

[ဥပရိပဏ္ဏာသ၊ ဒန္တဘူမိသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

အကျိုးပေးတူသော တူဝရိး

တောကျောင်းပျော် သာမဏေ အစိရဝတသည် တရားဟော ရာမှာ နာမည်ကျော်ကြားသကဲ့သို့၊ အဓိမုတ္တက သာမဏေက လည်း ကတိသစ္စာ တည်ကြည်ခြင်းဖြင့် ကျော်ကြားလာပေ သည်။

အဓိမုတ္တက သာမဏေသည် အရှင်သံကိစ္စ၏ တပည့်လည်း ဟုတ်၏။ တူလည်း တော်စပ်၏။ သူတို့နှစ်ပါးမှာ သွေးသား ရင်းချာ ဖြစ်သကဲ့သို့၊ ကံကြမ္မာချင်းလည်း တူကြပေသည်။

အရှင်သံကိစ္စ ရှင်သာမဏေဘဝမှာ ရှိစဉ်က ဥပဇ္ဈာယ်ဆရာ အရှင်မဟာသာရိပုတ္တရာ၏အမိန့်ဖြင့် တောရဆောက်တည်သော

ရဟန်း သုံးကျိပ်တပါးနှင့်အတူ လိုက်ပါခဲ့ရ၏။ တောထဲမှာ ဒမြတို့၏ နှိပ်စက်ခြင်းကို ခံခဲ့ရ၏။ လောကဓံကို မတုန်မလှုပ် သည်းခံနိုင်စွမ်းရှိသော စိတ်တန်ခိုးဖြင့် အန္တရာယ်ကို ကာကွယ်နိုင်ခဲ့၏။ထို့ပြင် မိမိအားသတ်ဖြတ်ရန် ကြိုးစားခဲ့သူများကိုပင် မြေနိဒိုးသောသက်န်းများ ဝတ်စေလျက် ဆရာဖြစ်သူ အရှင်မဟာ သာရိပုတ္တရာထံ ခေါ်လာနိုင်ခဲ့၏။

ထို့အတူပင် တူဖြစ်သူ အဓိမုတ္တကမှာလည်း ဒမြများ၏ ဖမ်းဆီးချုပ်နှောင်မှုကို ခံခဲ့ရ၏။ ဒမြများကို ဦးရီးဖြစ်သူတန်းက မတုန်လှုပ်သော စိတ်တန်ခိုးဖြင့် ချေချွတ်နိုင်ခဲ့၏။တူဖြစ်သူ အလှည့်မှာတော့ ကတိသစ္စာ တည်ကြည်မှုဖြင့် လွတ်မြောက်ခဲ့ပေသည်။

သူ့အကျိုး ကိုယ့်အကျိုး

မိဘရပ်ဌာန်သို့ အပြန်တွင် တောအုပ်တခုအတွင်း၌ အဓိမုတ္တကမှာ ဒမြများနှင့် ရင်ဆိုင်တိုးခဲ့ရ၏။ သူ့ကို ဒမြတချို့က သတ်ချင်ကြ၏။ တချို့ကတော့ လွှတ်ပေးလိုကြ၏။ ဤသို့ အုပ်စုနှစ်စု အငြင်းအခုံ ဖြစ်နေကြစဉ် အဓိမုတ္တကသည် ဒမြခေါင်းဆောင်ကြီးထံ ချဉ်းကပ်ကာ—

"တကာကြီး၊ ရှေးစကားလေးတခု ပြောပါရစေ။ ရှေးတုန်းက မုဆိုးတယောက်သည် ကြောင့်များထောင်၍ ယုန်သူငယ်ကလေးကို သတ်ခဲ့ဘူးပါသည်။ ထိုအခါ သွေးသံရဲရဲနှင့်

သေပွဲဝင်ရရှာသော ယုန်သူငယ်ကို ကြည့်ကာ သမင်,ဒရယ်, ချေငယ်,စိုင်,ဆတ်တို့နှင့် တကွ ငှက်များပါ မကျန် တုန်လှုပ် ချောက်ချားသွားကြပါသည်။ သည်အရပ်မှာ မနေရဲကြတော့ သဖြင့် တညတည်းနှင့် အားလုံးကုန် ပြောင်းရွှေ့သွားကြပါ သည်။

"ထို့အတူပင် ဤနယ်တလျှောက်မှာ နေကြသော လူ အပေါင်းသည် ကျွန်ုပ် ဤတောအုပ်ထဲက ဖြတ်သွားသည်ကို သိနေကြ၏။ ကျွန်ုပ်ကို ရက်စက်မညှာ သတ်လိုက်ကြပါလျှင် ဤတောအုပ်ထဲက ဘယ်ခရီးသည်မှ ဖြတ်ဝံ့ကြတော့မည်မဟုတ် ပါ။ထိုအခါ တကာကြီးတို့အဖို့ လာဘ်တိတ်သွားပါလိမ့်မည်။ ဆင်ခြင် စဉ်းစား သတိထားကြရန် ဖြစ်ပါသည်"

အဓိမုတ္တက ပြောပြသည်မှာ နှစ်ဘက်လုံး အကျိုးမယုတ်စေဖို့ ဖြစ်သဖြင့် ဒမြခေါင်းဆောင်ကြီးက လွှတ်လိုက်ရန် အမိန့်ပေး လိုက်၏။ သို့သော်—

"အရှင်ဘုရား၊ ဤတောအုပ်သို့ ခရီးရင်ဆိုင်လာသူများနှင့် တွေ့လျှင် တပည့်တော်တို့ ရှိနေကြောင်းကို လုံးဝ မပြောပါ လေနှင့်။ ဤ သစ္စာစကားကို စောင့်စည်းပြီး လိုရာခရီးသို့ ကြွတော်မူပါလော့"

"ကောင်းပါပြီ တကာကြီး၊ဝန်ခံထားသော ကတိသစ္စာကို တည်ကြည်စွာ စောင့်ရှောက်ပါမည်"

၁၄၈၁၂

အဝိမုတ္တက ကတိတည်ပုံ

ဤသို့ဝန်ခံ၍ ဒမြများထံမှ ထွက်လာခဲ့ပြီး အပြန်မှာလည်း ဤတောအုပ်ထဲမှပင် ဖြတ်လာခဲ့၏။ အပြန်မှာတော့ သူ တပါးတည်း မဟုတ်။ ခရီးဖော်တွေ တော်တော်များများ ပါလာကြ၏။ ပါလာလေသမျှ ခရီးသည်များသည် ဒမြများ၏ လက်တွင်းသို့ သက်ဆင်းကြရပေသည်။ နှိပ်စက်ညှဉ်းပန်းမှု မျိုးစုံကို မရှုမလှ ခံကြရပေသည်။

ဤတွင်အမျိုးသမီးကြီးတဦးသည် အဝိမုတ္တက၏ အမည်ကို တမ်းတယင်း ရင်ကိုထု၍ ငိုနေလေရာ ဒမြ ခေါင်းဆောင်ကြီးက ထူးထူးခြားခြား သတိထားမိ၍—

"အို–အဒေါ်ကြီး၊ သင်သည်အဝိမုတ္တက၏အမည်ကိုကြိမ်ဖန်များစွာ တနေဘိ၏။ သင်နှင့်အဝိမုတ္တက မည်သို့ပတ်သက်ပါသနည်း"

ဤသို့မေးလိုက်သည်နှင့် အမျိုးသမီးကြီးသည် နဖူးမှ သွေးများကို သုတ်ယင်း ဖြေလိုက်သည်မှာ—

"ကျွန်မမှာ အဝိမုတ္တက၏မယ်တော် ဖြစ်ပါသည်။ ဤသူကတော့ သူ့ခမည်းတော်ဖြစ်ပါသည်။ အခြားသူအားလုံးမှာလည်း သူ့ညီ၊ သူ့အစ်ကိုနှင့် သူ့နှမများချည်း ဖြစ်ပါသည်"

"သြော်–အံ့သြဖွယ်ရှိပေစွတကား။ အရိယာဇာတ် မြင့်မြတ်သူတို့၏ ကျင့်ဝတ်တရားသည် ဖြောင့်မှန်ပေစွတကား။ ထားရှိခဲ့သောကတိသစ္စာကိုငဲ့၍ အမိအဘ ဆွေမျိုးရင်းချာများကိုပင် မပြောပဲ၊ မတားပဲ နေနိုင်ခဲ့ခြင်းမှာ ထူးကဲလှပါဘိတကား"

ဤသို့အားဖြင့် သာမဏေကျော်တပါးကိုအကြောင်းပြုကာ ကျွန်ုပ်တို့ သာသနာတော်ဝယ် ရဟန်းလောင်းများစွာ ထွက်ပေါ်လာကြရပြန်ပေသည်။

[သဂါထာဝဂ်၊ ဒေဝတာသံယုတ်၊ သဗ္ဗိသုတ်အဋ္ဌကထာ]

အရှင်သာရိပုတ္တရာ၏ ညီထွေး

အပြောကောင်းသဖြင့် ဒမြတို့ လက်မှ လွတ်မြောက်ခွင့်ရခဲ့သော အဓိမုတ္တကသည် အရှင်မဟာသာရိပုတ္တရာ၏ အနွယ်ထဲက ဖြစ်၏။ ထို့အတူ အပြေးကောင်း၍ လွတ်လာသော သာမဏေတပါးမှာလည်း အရှင်မြတ်ကြီး၏အနွယ်ထဲကပင်ဖြစ်ပေသည်၊ သာသနာတော်နှင့် ပတ်သက်ရုံသာမက သွေးသား ရင်းချာလည်း ဖြစ်နေပေသည်။

မယ်တော်ကြီးဖြစ်သော ရူပသာရီပုဏ္ဏားမကြီးမှ စာလာ၊ ဥပစာလာ၊ သီသူပစာလာဟူသောသမီးသုံးယောက်။ ဥပတိဿ၊ ဥပသေန၊ စုန္ဒနှင့် ရေဝတဟူသော သား လေးယောက် ဖွားမြင်ခဲ့ရာ အကြီးခြောက်ယောက်မှာ သာသနာ့ဘောင်သို့ ရောက်နေကြ၏။ သူ့ဆီမှာ အမွေဆက်ခံရန် သားထွေး ရေဝတတယောက်သာ ရှိတော့သည်။

သူ့အထက်က သားသမီးများသည် အရွယ်ရောက်သည်နှင့် ဗုဒ္ဓသာသနာတော်ထဲ ရောက်သွားကြ၏။ မိခင်–ဖခင်များမှာ သားသမီးများ၏ ထက်သန်လှသော စိတ်ဆန္ဒကို မတားနိုင်၍

သာ လက်လွှတ်လိုက်ကြရ၏။ ဖြစ်နိုင်လျှင် သည်သာသနာတော်အတွက် သားသမီးများ ပေးဆက်ဖို့ နေနေသာသာ ဆွမ်းတဇွန်း၊ ဟင်းတဖတ်မျှ မလောင်းလှူလိုပေ။ ထို့ကြောင့် အထက်လူများကို မဆွဲမိသော် ရှိပေစေ။ အထူးဆုံးသား ရေဝတကိုတော့ မရရအောင် ဆွဲထားရပေမည်။ အကြီးလူများတန်းက အိမ်ရာမထောင်၊ အနှောင်အဖွဲ့ မရှိကြသေးသဖြင့် လွှတ်လွှတ်ကျွတ်ကျွတ် ထွက်သွားနိုင်ခဲ့ကြ၏။ ယခု သားထွေးကိုတော့ သူတို့နောက် မလိုက်နိုင်အောင် တုပ်နှောင်ရပေမည်။ လောကီသားတို့အတွက် စိတ်အချရဆုံးသော အတုပ်အနှောင်ကား အိမ်ထောင်ချပေးခြင်းဖြစ်၏။ ရေဝတသည် လောလောဆယ်မှာ အိမ်ထောင်ပြုရမည့်အရွယ် မရောက်သေး။ သို့သော် ကိစ္စမရှိပါ။ နှစ်ဘက်သော လူကြီးမိဘများ သဘောတူလျှင် အရွယ်မရောက်မီကပင် အိမ်ထောင်ချပေးသော ဓလေ့ထုံးစံများသည် ရှေးပဝေသဏီကပင် ရှိနေပြီ မဟုတ်ပါလား။ သည်တော့ သူတို့ကလည်း သည်ထုံးစံဖြင့်ပင် ရေဝတကို အပိုင်ချည်ထားကြရပါလိမ့်မည်။

မင်္ဂလာ စကားတခွန်း

ဤသို့ဖြင့် ကျောင်းသားအရွယ်ရေဝတသည် ဘုမသိဘမသိနှင့် မင်္ဂလာ အခမ်းအနားသို့ ဝင်ခဲ့ရ၏။ အိမ်ထောင်ရေး နှင့် ပတ်သက်၍ ဘာတခုမျှ မသိရသေးပဲ၊ ဘာကိုမျှ စိတ်မဝင်စားသေးပဲ သတို့သားဘဝ ရောက်ခဲ့ရ၏။ တဘက်က သတို့သမီးမှာ

လည်း သူနှင့်ရွယ်တူ ကလေးမတယောက်သာဖြစ်၏။ ရေဝတ နှင့် အမျိုးအနွယ်တူ၊ဂုဏ်ရည်တူထဲက ဖြစ်၏။

ဂုဏ်ကြီးရှင်နှစ်ဘက်မိဘများက ထောင့်စေ့အောင်စီမံထား ကြသဖြင့် မင်္ဂလာအခမ်းအနား အစီအစဉ်များသည် တခုပြီး တခု ချောမောစွာ ပြီးစီးသွားကြ၏။ နောက်ဆုံး အစီအစဉ် ကား သတို့သား၏ဖွားအေကြီးကို အသစ်စက်စက် ဇနီးမောင်နှံ တို့က ကန်တော့ကြရန် ဖြစ်ပေသည်။ အသက်ရာကျော် ရှိပြီ ဖြစ်သော ဖွားအေကြီးကို ကန်တော့ရခြင်းမှာ ဤသို့သော မင်္ဂလာအခမ်းအနားများအတွက် အမွန်မြတ်ဆုံးဖြစ်ပေသည်။

တလျှောက်လုံး လက်ပွန်းတတီး နေခဲ့ရသဖြင့် ရေဝတမှာ လည်း သည်ဖွားအေကြီးကို ချစ်မြတ်နိုးပါ၏။ ညစဉ်ညတိုင်း သည်ဖွားအေကြီးကို ကန်တော့ပြီးမှ အိပ်ရာဝင်နေကျ ဖြစ်၍ သည်နေ့ မင်္ဂလာ အခမ်းအနားမှာလည်း လိုလိုချင်ချင်ပင် ကန်တော့ခဲ့ပါ၏။ သို့သော် သည်ဖွားအေကြီးနှင့် ဆက်စပ်၍ လူကြီးမိဘများပြောလိုက်သောစကားတခွန်းကား သတို့သား ရေဝတ၏ စိတ်ကို ညှိုးနွမ်းသွားစေပေသည်။

''အို-သမီးငဲ့၊ ဤသို့ ပူဇော် ကန်တော့ရသော ကုသိုလ် ကြောင့် ဤ ဖွားအေကြီးထက် အသက်ရှည်စွာ နေရပါစေ သတည်း''။

မင်္ဂလာစကားမှ သံဝေဂ

လူကြီးမိဘများ၏ စကားမှာ ဤမျှသာ ဖြစ်၏။ မိမိတို့ သား သမီးများကို အသက်ရှည်စွာ အနာမဲ့ကြောင်း ဆုမွန်ကောင်း

ပေးကြခြင်းသာ ဖြစ်၏။ မင်္ဂလာ အလို့ငှာလည်း ဖြစ်၏။ သို့ပါလျက် ဤစကားများက ရေဝတ၏ နားထဲတွင် မင်္ဂလာ ဖြစ်မလာပေ။ "ဖွားအေကြီးထက် အသက်ရှည်စွာနေရပါစေ" ဆိုသော စကားအရ သတို့သမီးငယ်၏အသက်ရာကျော် အဖွား အိုအဖြစ်ကို မှန်းမျှော်ကြည့်လိုက်မိ၍ ဖြစ်ပေသည်။

ရေဝတ၏ ဖွားအေကြီးသည် အသက်ရာကျော်ရှိပြီ ဖြစ်၏။ ထို့ကြောင့် အရေတွန့်တာတွေ၊ ဆံဖြူတာတွေ၊ သွားကျိုး တာတွေကို အထူးပြုဆိုနေဖို့ မလိုပေ။ ယခု ပူဇော်ကန်တော့ ခံမည့် ထိုင်ခုံပေါ်သို့ပင် သားသမီးများက ပွေ့၍ တင်ပေး ထားရ၏။ အဖွားအိုနှင့် သတို့သမီးငယ်ကို တလှည့်စီ ကြည့် ယင်း ရေဝတ၏ စိတ်ထဲမှာ ယောက်ယက်ခတ် နေကြ၏။ "ငယ်ရွယ်စဉ်က တသသနှင့် မြည်မျှပင် အလှခြယ်နေကြပါ စေ၊ တနေ့ကျတော့ ဤအဖြစ်မျိုး ရောက်ရမှာပါ ကလား။ တနေ့ကျလျှင် မရှုမလှ ဖြစ်ရတော့မည့် ရုပ်ခန္ဓာ အပေါ်မှာ ငါတွယ်တာနေ၍ အကျိုးမရှိပါတကား။ ဤအရေးကို တွေး မြင်ကြ၍ပင် ငါ့နောင်တော်များ လွတ်ရာကျွတ်ရာ ထွက်ခွာ သွားကြပါတကား။ ငါ့ နောင်တော်များ လမ်းကြောင်းသို့ ယနေ့ပင် ငါလိုက်မှ ဖြစ်တော့မည်"။

ပြေးနိုင်မှ လွတ်တော့မည်

လူကြီးမိဘများက လောကီ မင်္ဂလာပွဲကြီး ဆင်နွှဲနေဆဲတွင် သတို့သား ရေဝတကတော့ လောကုတ္တရာမင်္ဂလာပွဲဝင်နိုင်ရန်

အကြံထုတ်လျက် ရှိနေ၏။ လူကြီး မိဘများက မင်္ဂလာရက် မြတ်မှာ မင်္ဂလာခန်းမထဲမှာပင် မင်္ဂလာ ယူနေဖို့ ပြောကြပါသေး၏။ သို့သော် ရေဝတက မနေပါ။ ရလာသောအကြံကို အကောင်အထည် ဖော်ရန် ကစားဖော်များရှိရာ ရွာလမ်းမကြီးသို့ ထွက်လာခဲ့၏။ သူ့ကစားဖော်များသည် တယောက်တလှည့် အပြေးပြိုင်တမ်း ကစားလျက်ရှိရာ မင်္ဂလာဝတ်စုံနှင့် ရေဝတကလည်း ခါတိုင်းလိုပင် သူတို့နှင့် ဝင်ရောလိုက်၏။

သို့နှင့် ရေဝတ ပြေးလှည့် ရောက်လာ၏။ သုံးချီသုံးလား ပြေးကြရာ၊ ပထမအချီတွင် နောက်ဖေးထိုင်ချင်သလိုလိုပြုကာ နောက်ချန်နေခဲ့၏။ နောက်တချီမှာတော့ ပြိုင်ဘက်ကိုပြတ်နေအောင် ပြေးခဲ့၏။ ဤသို့ လူကြီးမိဘများကို နှစ်ကြိမ်တိုင်တိုင် အယုံသွင်းပြီး တတိယအကြိမ် အရောက်တွင်ကား ခြေဦးတည့်ရာသို့ တဟုန်ထိုး ပြေးထွက်ခဲ့ပေသည်။

နောင်တော်ကြီး၏ အမိန့်အရ

အပြေးသန်လှသော ရေဝတသည် ကံအားလျော်စွာ ပံ့သကူသင်္ကန်းဝတ်သော တောနေရဟန်းတို့နှင့် ဆုံမိ၏။ တွေ့စတုန်းကတော့ အဆင်တန်ဆာ အပြည့်အစုံနှင့်လည်း ဖြစ်နေ၍၊ မည်သူ့သားမှန်းလည်း မသိရသေး၍ ရဟန်းများက ရှင်ပြုမပေးခဲ့ကြပေ။ နောက် အရှင်မဟာ သာရိပုတ္တရာ၏ ညီထွေး ဖြစ်ကြောင်း ပြောပြလျှင်ကား ဝမ်းမြောက် ဝမ်းသာ ကြိုဆိုကြပေသည်။

ထိုရဟန်းများကို အရှင်မဟာသာရိပုတ္တရာက မှာထားသည်မှာ "ငါ၏ မိတ်ဆွေများသည် သာသနာတော်၏ အပြင်ဘက်ကချည့်ဖြစ်ကြ၏။ သူတို့ ခွင့်ပြုမှသာဆိုလျှင် မည်သူမျှရှင်-ရဟန်းပြုရတော့မည် မဟုတ်။ ထို့ကြောင့် ငါ့ညီ ဟူ၍ ဆိုလာသူတယောက်ယောက် ရောက်လာလျှင် ဖြစ်သည့်နည်းနှင့် ရှင်ဖြစ်အောင် ဆောင်ရွက်လိုက်ကြပါ" ဟူ၍ ဖြစ်၏။ ထို့ကြောင့်တောနေ ရဟန်းတို့က ရနိုင်သမျှ ပရိက္ခရာကို စုဆောင်းကာရေဝတကို ရှင်ပြုပေးလိုက်ကြပေသည်။

တောကျောင်းနေ တောဒဂ်ဆု

အပြေးကောင်းသော ရှင်ရေဝတသည် အသက်စေ့သောအခါ ရဟန်းဘောင်ရောက်၍ တောရဆောက်တည်ခဲ့၏။ သူများတွေ့ တောရဆောက်တည်သည်မှာ သီးပင် စားပင် ပေါများသော တောအုပ်မှာလည်း ဖြစ်၏။ စိမ့်ရေ စမ်းရေ ပေါများရာကိုလည်း ရွေးချယ်ကြ၏။ ဆွမ်းခံရွာ နီး,မနီးကိုလည်း ချင့်ချိန်ကြ၏။ ရေဝတနေသော တောကျောင်းကား ထိုအင်္ဂါရပ်များ လုံးဝ မရှိသော ကျောက်စရစ်ကုန်း ချိုင့်ကမူများသာရှိ၏။ စိမ်းစိုသော အပင်ဆို၍ ပြောက်တိပြောက်ကျား ရှားပင်ကလေးများသာ ရှိကြပေသည်။ ထို အရပ်မှာပင် ရေဝတ၏ရဟန်းကိစ္စ ပြီးစီး အောင်မြင် ခဲ့ပေသည်။ ထို့ကြောင့်ပင် အထွဋ်ဆုံးညီတော်သည် တောရဆောက်တည်သော အရာဝယ် အထူးမြတ်ဆုံး 'တောဒဂ်' ဂုဏ်ထူး ဆွတ်နိုင်ခဲ့ပေသည်။

ဤသို့အားဖြင့် ဘုရားရှင်မြေးတော် သာသနာ့ အညွှန့်အညှောက်ကလေးများသည် ကျွန်ုပ်တို့ မျက်မှောက်မှာပင် ခက်လက်ဝေဆာ မင်္ဂလာကျက်သရေရှိသော အပင်ကြီးများ ဖြစ်လာကြပေသည်။

[အင်္ဂုတ္တရအဋ္ဌကထာ၊ ဧကကနိပါတ်၊
ခဒိရဝနိကရေဝတတ္ထေရဝတ္ထု။]

သင်္ကန်းမဝတ်လိုက်ရသော ရဟန်းများ

အမှီကောင်း၍ ကြီးပွားသည်

လူ့ဘောင် လောက အတွင်းမှ ကိုယ်ကျင့်သီလ လုံခြုံ၍ သဒ္ဓါ တရားနှင့် ပြည့်စုံသော အိမ်ထောင် ဦးစီးကို ဘုရားရှင်က ဟိမဝန္တာ တောင်ကြီးနှင့် ဥပမာ ထား၍ ဟောကြားတော် မူခဲ့၏။

"ရဟန်းတို့၊ ဟိမဝန္တာတောင်မင်းကြီးကို အမှီပြု၍ သစ် ပင်ကြီးများသည် ငါးပါးသော ကြီးပွားခြင်းတို့ဖြင့် ကြီးပွား ကြကုန်၏။ အဘယ် ငါးပါးတို့နည်းဟူမူကား အခက်အရွက်၊

အခေါက်၊ အပွေး၊ အကာ၊ အနှစ်၊ ဤသို့လျှင် ငါးပါးသော ကြီးပွားခြင်းတို့ဖြင့် ကြီးပွားကြကုန်၏။

"ရဟန်းတို့၊ ထို့အတူသာပင် သဒ္ဓါတရားနှင့် ပြည့်စုံသော အိမ်ထောင်ဦးစီးကို အမှီပြု၍ အိမ်သူအိမ်သားများနှင့် တကွ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့သည် ငါးပါးသော ကြီးပွားခြင်းဖြင့် ကြီးပွားကြကုန်၏။ အဘယ်ငါးပါးတို့နည်းဟူမူကား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဤသို့လျှင် ငါးပါးသော ကြီးပွားခြင်းတို့ဖြင့် ကြီးပွားကြကုန်၏။"

[အင်္ဂုတ္တရပါဠိတော်၊ ပဉ္စကနိပါတ်၊ မဟာသာလပုတ္တသုတ်]

တောင်ကြီးပေါ်မှ သစ်ပင်များ

လူဝတ်ကြောင်တို့အား ဟောကြားခဲ့သော ဤဒေသနာ တော်ကို ကျွန်ုပ်တို့ သာသနာ့ဘောင်ကြီးနှင့် ဆက်စပ်ယူလျှင် လည်း ရနိုင်သည်သာ ဖြစ်၏။ ဟိမဝန္တာ တောင်မင်းကြီးကို အမှီပြု၍ သစ်ပင်များသည် ငါးပါးသော ကြီးပွားခြင်းဖြင့် ကြီးပွားရဘိသကဲ့သို့ တရားတော်၏ အရှင်သခင် တရားမင်း မြတ်ကို အမှီပြု၍ ကျွန်ုပ်တို့ သာသနာ့ဝန်ထမ်းအားလုံးသည် ငါးပါးသော ကြီးပွားခြင်းတို့ဖြင့် ကြီးပွားလာကြရ၏။

ဟိမဝန္တာတောင်ကြီးပေါ်မှသစ်ပင်များသည် အရွယ်ရွယ် အစားစားနှင့် မျိုးမည်စုံစွာ ရှိကြ၏။ ထို့အတူပင် ရှင်တော် မြတ်၏ သာသနာတော်ကြီးမှာလည်း အရွယ်ရွယ် အစားစား သော ရှင်-ရဟန်းတို့ ရှိကြ၏။ အမျိုးအနွယ် ပေါင်းစုံမှ ဤ သာသနာတော်တွင်းသို့ စုပြုံရောက်ရှိလာကြ၏။

အရှယ်အစားအားဖြင့် အဓိမုတ္တကတို့၊ ရေဝတတို့လို ငယ်ရွယ်စဉ်ကတည်းက သာသနာ့ဘောင် ရောက်လာသူများလည်းရှိ၏။ အရှင် ရာဓတို့လို ခရမ်းပိန် ဓားတုံးအရွယ်ကျမှ ဝင်ရောက်လာသူလည်း ရှိ၏။တချို့က သာသနာ့ ပြင်ပအဖွဲ့အစည်းများမှ ထွက်ကာ သာသနာတော်နှင့် လျော်စွာ နေနိုင်အောင်လေးလတိုင်တိုင် လေ့ကျင့်ခန်းယူပြီးမှ ရဟန်းဘောင် ရောက်လာကြ၏။

ဤသို့ အနည်းနည်းအဖုံဖုံဖြင့် ရှင်-ရဟန်း ပြုလာကြသောပုဂ္ဂိုလ်အားလုံးသည် ကျွန်ုပ်တို့၏ သီတင်းသုံးဖော်များ ဖြစ်ကြ၏။ဘယ်နည်းနှင့် ရောက်လာလာ၊ ဘယ်ကပဲ ထွက်လာလာ သာသနာတော်တွင်းဝင်လာ၍ သာသနာတော်နှင့် လျော်စွာ နေတတ်သူမှန်သမျှကို ကျွန်ုပ်တို့ လက်ခံထွေးပိုက်ကြရပေသည်။ သာသနာတော်တွင်းသို့ ရာ နှုန်း ပြည့် မရောက်သေးသူကိုပင် သာသနာ့ အသိအမြင် စင်ကြယ် သော အား ဖြင့် ကျွန်ုပ်တို့ သီ တင်း သုံး ဖော် အဖြစ်ဖြင့် ကျွန်ုပ်တို့ အလေးဂရု ပြုကြရပေသည်။

ဝိနည်းတော်က သတ်မှတ်ထားသော သက်န်းကို မဝတ်လိုက်ရပဲ ရဟန်း စာရင်း ပင်ခွင့် ရသော ပုဂ္ဂိုလ် နှစ်ပါးအကြောင်းကို ယခု တင်ပြရပါဦးမည်။

တရားကြောင့် ဘုရားမှန်း သိကြသည်

အကြောင်းဆိုက်လာသည့်အခိုက် ဤနေရာမှာ ကျွန်ုပ်၏အမြင်တကွက်ကို တင်ဆက်ရပါဦးမည်။ မနိုင်းယှဉ်အပ်သော ကျက်

သရေမင်္ဂလာအပေါင်းတို့ ခ ညောင်းဝပ်စင်းရာ သမ္မာသမ္ဗုဒ္ဓ ဟူ၍ မြတ်လှစွာသော ဘွဲ့နာမံတော်ကြီးကို ခံယူ ရရှိရာတွင် အခြား အခြားသော အကြောင်းတရားများလည်း ပါဝင်ကြ မည်မလွဲပါ။ သို့သော် ကျွန်ုပ် သဘောပေါက်သမျှ အဓိက အကြောင်းတရားကို ရွေးထုတ်ရပါလျှင် လောကဓာတ်တခွင် လုံးကို တရားစည်မောင်း ရိုက်ညောင်းတုန်ဟီးစေနိုင်ခြင်းသာ ဖြစ်ပေသည်။

ဤအမြင်ပေါ်ပေါက်လာရသည်မှာ တော်တော်ကြီး ကြာ ခဲ့ပါပြီ။ ပုက္ကုသာတိ ပုဂ္ဂိုလ်ထူးနှင့် ဘုရားရှင်တို့ တွေ့ဆုံကြ ကတည်းက အစပြုလာခဲ့ပါသည်။

တညတာ ဓာတ်လမ်းတပုဒ်

ထိုစဉ်က ကျွန်ုပ် အမြဲတမ်းအလုပ်အကျွေးဆုကြီး မရသေးပါ။ အခြားပုဂ္ဂိုလ်များ အကြောင်းသင့်သလို ပြုစုနေကြခိုက် ဖြစ် ပေသည်။ သို့ရာတွင် ထိုညနေ ဘုရားရှင် ကြွချီရာတွင်ကား ရဟန်းတပါးမျှ ပါမသွားပါ။ ဘဂ္ဂဝ မည်သော အိုး လုပ် သားကြီး၏ အလုပ်တဲဆီသို့ ဘုရားရှင်တပါးတည်းသာ ကြွချီ တော်မူပေသည်။ မဂဓတိုင်းတခွင် ဒေသစာရီ လှည့်လည်ရာမှ ရာဇဂြိုဟ်မြို့တော် အရောက်တွင် ဝေဠုဝန် ကျောင်းတော်ထိ ဝင်တော်မမူပဲ တပါးတည်း ခွဲ၍ ကြွသွားတော်မူခြင်း ဖြစ် ပေသည်။

အကြောင်းထူးတခုခု ရှိလျှင် ဤသို့ ကြသွားနေကျ ဖြစ်၍ ကျွန်ုပ်တို့ အထူးအထွေ ဝေဖန်မနေကြပါ။ အရှင် မဟာ သာရိပုတ္တရာ စသော မထေရ်မြတ်ကြီးများ နောက်ပါးမှ ကျွန်ုပ်တို့ တတွေ တိတ်ဆိတ်စွာပင် လိုက်ပါလာခဲ့ပါသည်။

ညနေတုန်းက တိတ်ဆိတ်စွာ လိုက်ပါခဲ့ကြသော ကျွန်ုပ်တို့သည် နောက်တနေ့နံနက်လင်းသည်တွင်ကား ပြော၍ ဆို၍ မပြီးနိုင်အောင် ဖြစ်ကြရပါတော့သည်။

ယမန်နေ့ညက ဇာတ်လမ်းကို ဘုရားရှင်ကလည်း ကျွန်ုပ်တို့ကို မိန့်ကြားတော်မူပါ၏။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း မြင်ကြရပါ၏။ သို့သော် ကျွန်ုပ်တို့ မြင်ခွင့်ရသော အချိန်မှာ အမျိုးကောင်းသား ပုက္ကုသာတိ အသက် မရှိတော့ပါ။ ရွာတံခါးအထွက်ရှိ အဝတ်ဟောင်းများ စွန့်ပစ်ထားသည့် အမှိုက်ပုံကြီးနားတွင် မှောက်လျက်သား သေဆုံးနေပါပြီ။

ဂုဏ်တော်ကို ကိုးစား၍

သူသည် ဝေးလံလှစွာသော ဂန္ဓာရတိုင်းမှ ဤ မဇ္ဈိမဒေသသို့ မရောက်ရောက်အောင် လှမ်းလာခဲ့သူဖြစ်၏။ ဘုရားရှင်ကို တခါမျှ မဖူးရပါသေးပဲလျက် ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို ကြည်ညို ကိုးစားခဲ့သူ ဖြစ်၏။ မြောက်မြားစွာသော စည်းစိမ်ဥစ္စာချမ်းသာပင်းပင်းတို့ကို လွတ်လွတ်ကြီးစွန့်ခွာ၍ လာနိုင်ခြင်းမှာ ထိုအရာအားလုံးထက် ဘုရားဂုဏ်တော်များကို ကိုးစား၍ပင် ဖြစ်သည်။ ဘုရားဂုဏ်တော်များကို ပြောသံကြားဖြင့်ပင်

ကိုးစားယုံကြည်ကာသူ့ဘာသာရဟန်းပြုလာခဲ့၏။ သူ့ဘာသာပြုလာခဲ့ရသဖြင့် သူ့သက်နန်းများမှာ ကျွန်ုပ်တို့ကဲ့သို့ ဝိနည်းတော်နှင့် လျော်ညီစွာ ချုပ်လုပ်ထားသည်မဟုတ်ပါ။ ကြည်ညိုဖွယ်သော အရောင်အဝါလည်း မရှိပါ။ လမ်းတလျှောက်မှာ တွေ့ခဲ့ရသော ပရိဗိုဇ်ရဟန်းတို့၏ မဲမဲညစ်ညစ် အဝတ်အဆင်မျိုးသာ ဖြစ်ပေသည်။

အိုးလုပ်တဲမှာ ဆုံကြပြီ

ကွယ်လွန်သူ ပုက္ကုသာတိသည် ဘဂ္ဂဝ၏ အိုးလုပ်တဲကြီးသို့ ဦးစွာ ရောက်နှင့်နေခဲ့၏။ ထို့ကြောင့် ဘုရားရှင်က တညတာကျိန်းစက်ရန်အတွက် ဘဂ္ဂဝထံ ခွင့်တောင်းသောအခါ—

"အရှင်ဘုရား၊ တဲကြီးထဲမှာ ရဟန်းတပါး ရောက်နှင့်နေပါသည်။ ထိုရဟန်းက ခွင့်ပြုပါလျှင် တပည့်တော် ခွင့်ပြုရန်ဝန်မလေးပါဘုရား"ဟု ဘဂ္ဂဝက လျှောက်၏။

ဤတွင် ဘုရားရှင်သည် တဲဝသို့ တဖန်ကြွတော်မူရ၏။ အတုမရှိ မြင့်မြတ်လှသော ပုဂ္ဂိုလ်မွန် ဖြစ်ပါလျက် ပိုင်စိုးပိုင်နင်း ဝင်တော်မမူခဲ့ပါ။ ရဟန်းအချင်းချင်း တန်းတူရည်တူ သဘောထားကာ အပြေအလည် ခွင့်တောင်းတော်မူခဲ့၏။ ပုက္ကုသာတိကလည်း မိမိနှင့် ဘဝတူ ရဟန်းတပါးဟုပင် သဘောထားကာ—

"ငါ့ရှင်၊ အိုးလုပ်တဲကြီးသည် ကျယ်ဝန်းပါ၏။ အရှင်ရဟန်း ချမ်းသာစွာ နေပါလော့"ဟု ခွင့်ပြုခဲ့၏။

ထိုညဲက ဘုရားရှင်သည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူခြင်းဖြင့် သီတင်းသုံးတော်မူခဲ့၏။ သီတင်းသုံးရာ ပလ္လင်မြတ်ကား အခြား မဟုတ်ပါ။ အိုးလုပ်တဲအတွင်းရှိ မြက်ခြောက်နှင့်ကောက်ရိုးများကို ကိုယ်တော်တိုင် စုဆောင်းကာ ကိုယ်တော်တိုင် ခင်းထားသောပလ္လင် ဖြစ်ပေသည်။

မြတ်စွာဘုရားကို 'ငါ့ရှင်' ဟု ခေါ်ခဲ့သူ

ထို ပလ္လင်ထက်၌ သတိလက်ကိုင် ခိုင်မြဲစွာဖြင့် သီတင်းသုံးနေတော်မူဆဲမှ သူ့နည်းတူထိုင်နေသော ပုက္ကုသာတိကို အားရကျေနပ်တော်မူသဖြင့်—

"အို-ရဟန်း၊ သင်သည် မည်သူ့ကိုရည်စူး၍ ရဟန်းပြုခဲ့ပါသနည်း။ သင်၏ဆရာ မည်သူပါနည်း။ မည်သူ့တရားကို နှစ်သက်ပါသနည်း" ဟု နှုတ်ဆက်မေးမြန်းတော်မူခဲ့၏။

ဤတွင် ပုက္ကုသာတိကသည်း သူ့လို သာမန် ရဟန်းတပါးမျှသာ ထင်မှတ်နေဆဲဖြစ်၍—

"ငါ့ရှင်၊ သကျမျိုးနွယ်မှ ထွက်ခွာလာခဲ့သော ရဟန်းဂေါတမဟူ၍ ရှိ၏။ ထိုရဟန်းဂေါတမ၏ အရဟံစသော ဂုဏ်တော်အပေါင်းသည် ကမ္ဘာမြေအနှံ့ ဖြန့်ကျက် ကျော်စော၍ နေ၏။ ထိုရဟန်းဂေါတမကို ရည်စူး၍ ရဟန်းပြုခဲ့ပါ၏။ ထိုရဟန်းဂေါတမသည် ငါ၏ဆရာဖြစ်၏။ ထိုရဟန်း ဂေါတမ၏ တရားကို ငါ နှစ်သက်၏"

"အို–ရဟန်း၊ ထိုဘုရားရှင်သည် ယခုအဘယ်မှာ ရှိနေပါသနည်း"

"ငါ့ရှင်၊ ဤနေရာမှ မြောက်အရပ်တွင် သာဝတ္ထိဟူသော မြို့တော်ကြီး ရှိ၏။ ထိုမြို့တော်ကြီး၌ ဘုရားရှင် နေတော်မူပါသည်"

"အို–ရဟန်း၊ထိုဘုရားရှင်ကို သင် ဖူးမြင်ဘူးပါသလော။ ဖူးမြင်ရလျှင် သိနိုင်ပါမည်လော"

"ငါ့ရှင်၊ထိုဘုရားရှင်ကို တကြိမ်တခါမျှမဖူးမြင်ရသေးပါ။ ဖူးမြင်ရလျှင်လည်း သိနိုင်မည်မဟုတ်ပါ"

နှုတ်ဆက်ပြောဆိုယင်း မေးကြဖြေကြသော စကားစုဖြစ်ပေသည်။ မှန်ပေသည်။ ပြောသံကြားရုံမျှဖြင့် လေးစားကြည်ညိုကာ ထိုဆရာသမား၏ ခြေတော်အစုံမှာ ခိုလှုံခွင့်ရရန် ဝေးလံလှသောအရပ်မှ ပင်ပန်းကြီးစွာ လာခဲ့၏။ တွေ့မည့် တွေ့ပြန်တော့လည်း မိမိတွေ့ချင်ဖူးချင်လှသောဆရာသခင်နှင့်ပက်ပင်းပါ ဖူးတွေ့နေရ၏။ သို့ပါလျက် သူ့ခမျာ ဘုရားမှန်း မသိရှာ။ မသိ၍ပင် 'ငါ့ရှင်' ဟူ၍ မရိုမသေ သုံးနှုန်းခဲ့မိပေသည်။

မြတ်ဗုဒ္ဓ၏ ဂုဏ်ကျက်သရေ

မသိသေးသူကမသိ၍ သုံးနှုန်းခဲ့သည်ကို သိပြီးသော အရှင်မြတ်ကလည်း တားမြစ်ပိတ်ပင်မှု မပြုခဲ့ပါ။ "ရဟန်းတို့ထွတ်ထား ကိုယ်တော်မြတ်ကို ရိုသေစွာ ဆက်ဆံရမည်" ဟု ညွှန်ကြား

တော်မမူခဲ့ပါ။ ပုဂ္ဂိုလ်ရေးအရ ဘုရားမှန်း မသိသေးသော ဝေနေယျာပါးကိုတရားရေးဘက်ကသာသိအောင်မြင်အောင် အလေးထား၍ ဟောကြားတော်မူခဲ့၏။

ဤသည်ကို ထောက်၍ ဗုဒ္ဓမြတ်စွာ၏ မနှိုင်းယှဉ်အပ်သော အသရေတော်သည် အဓိကအားဖြင့် တရားတော်အပေါ်မှာ တည်ကြောင်း ကျွန်ုပ် တင်ပြခဲ့ခြင်းဖြစ်ပေသည်။မရွှံမကြောက် ခြင်္သေ့ခင်းဟောက်သကဲ့သို့ ရဲရဲတောက်တရားတော်ကြီး ဟော ကြားခဲ့သောဘုရားရှင်သည် အကြောင်းတခုခုနှင့် တ ၂ ါးတည်း ကြွသွားရာတွင်ကား သာခန်ရဟန်းတပါးမျှသာ ဖြစ်နေပေ သည်။ ထို့ကြောင့်ပင် ပါလိလေယျကတောသို့ ကြွသွားတော် မူစဉ်က တောစောင့်ကြီးက နှင်လွှတ်ခဲ့ဘူးပြီ မဟုတ်ပါလော။

တရားကြောင့် ဘုရားမှန်းသိပြီ

ပုဂ္ဂိုလ်ချင်းချင်း နီးနီးကပ်ကပ် ဖူးမြင်ရပါလျက် ဘုရားဟူ၍ မသိခဲ့သော ပုက္ကုသာတိသည် ဟောကြားသော တရားကို သဘောပေါက်လိုက်သည်တွင်ကား မပြောရပဲနှင့် ဘုရားမှန်း သိပေတော့သည်။ သို့ပါလျက် သိလျှင် သိခြင်း သူ့ခမျာ ကန်တော့ခွင့်မရပါ။ မိုးသီးမိုးပေါက်တမျှ အားသွန် ကြဲချ လျက်ရှိနေသော ဒေသနာတော်များ မပြီးဆုံးသေး၍ ဖြစ်ပေ သည်။

"ရဟန်း၊ ယောကျ်ားတယောက်ဟူ၍ ပညတ်ထားရသော ဤကိုယ်ခန္ဓာသည် တကာယ်စင်စစ်အားဖြင့် ဓာတ်ခြောက်ပါး

တို့သာလျှင် ဖြစ်၏။ ဖဿ ခြောက်ပါးတို့၏ အစုအဝေးသာ ဖြစ်၏။ ဆယ့်ရှစ်ပါးသော စိတ်ခံစားမှုတို့သာ ရှိ၏။ သမာဓိ ဝိပဿနာပညာကို မမေ့မလျော့ ပွားများခြင်း၊ မှန်ကန်သော ဝစီသစ္စာကို စောင့်ရှောက်ခြင်း၊ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်နိုင်ရန် ကျင့်သုံးခြင်း၊ စိတ်နှလုံး၏ ထာဝစဉ် ငြိမ်းအေးခြင်း အလို့ငှာ အေးချမ်းစွာ ကျင့်သုံးခြင်း။ ဤသို့သော အဓိဋ္ဌာန်လေးပါး၌ တည်သော ရဟန်းအား တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော မာန်မူခြင်းတရားတို့ မဖြစ်ပေါ်နိုင်ပေ။ မာန်မူခြင်း မရှိ၊ ပကတိချုပ်လေပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ငြိမ်းချမ်းသူ ဟူ၍ ခေါ်ဆိုအပ်၏"။

ဤကား ထိုညက်ဟောကြားသော တရားတော်၏ အကျဉ်းချုပ် မာတိကာ ဖြစ်ပေသည်။

ဓာတ် ဖဿ ဝေဒနာ

ဓာတ်ခြောက်ပါး ဟူသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောနှင့် အာကာသဟူသော ရုပ်အခြေခံ ဓာတ်ခြောက်ပါး ဖြစ်၏။ ယောကျ်ား၊ မိန်းမ စသည်အားဖြင့် ပညတ်ထားသော ဤခန္ဓာကိုယ်ကြီးကို အရင်းအမြစ်က စ၍ စိစစ်ကြည့်လိုက်ပါလျှင် ဤ ဓာတ်ခြောက်ပါးတို့သာ ရှိပေသည်။ ယောကျ်ား၊ မိန်းမ၊ မောင်ဖြူ၊ မောင်ညို စသည်ဖြင့် ပညတ်ထားလေသမျှသည် အဟုတ်ရှိ၊ တကယ်ရှိသူများ မဟုတ်ကြပေ။ တကယ်မရှိသည်ကို ဖယ်၍ တကယ်ရှိသော ဓာတ်ခြောက်ပါးကို ဖဿ

ခြောက်ပါး၊ စိတ်ခံစားမှု ၁၈ ပါးတို့ဖြင့် အကျယ်ဝေဖန်၍ ထားပေသည်။

ဖဿခြောက်ပါး ဟူသည်မှာ မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ ကိုယ်ကာယ၊မနောဓာတ် ဟူသော ဒွါရခြောက်ပါးသို့ အပြင် အာရုံများ ရိုက်ခတ်လာသောအခါ တွေ့ထိဆက်စပ်သော စိတ်သဘောဖြစ်၏။ ခြောက်မျိုးသောဒွါရ-အာရုံတို့ ဆုံမိကြသော အခါ အကောင်း,အဆိုး၊ အလယ်,အလတ်ဟူသော သုံးမျိုးသော ခံစားမှုများ ပေါ်လာကြသဖြင့် ၁၈ ပါးသော စိတ်ခံစားမှုတို့ ပေါ်ပေါက်လာကြ၏။

အစွဲလွတ်လျှင် အပူလွတ်သည်

ဤသို့သော စိတ်ခံစားမှုများကို ဟောကြားရာမှ နောက်ဆုံး ဈာန်သမာပတ်များဆီသို့ ဒေသနာတော် ဆိုက်ရောက်လာခဲ့၏။ ပုဏ္ဏားသာတိသည် လောကီ ဈာန်သမာပတ်များကို တွယ်တာ ကပ်ငြိနေသူဖြစ်ကြောင်း ဘုရားရှင် သိတော်မူသဖြင့်—

"ရဟန်း၊ ရူပါဝစရ ပဥ္စမဈာန်မှ တဆင့် အရူပ ဈာန် လေးပါးသို့ တိုးတက်ပွားများလိုလျှင် ရနိုင်ပါသည်။ သို့ရာတွင် ထို အရူပဈာန်သည်လည်း ပြုပြင်စီရင်ပေးမှ ဖြစ်နိုင်သောတရား ဖြစ်၏။ ခိုင်မြဲမှုမရှိ၊ချုပ်ပျောက်ပျက်စီးတတ်၏။ အို,နာ,သေ ဝဋ်ဒုက္ခနှင့် ဆက်ဆံလျက်ရှိ၏။

"ထို့ကြောင့် ထိုရဟန်းသည် ဘဝသံသရာ ဆက်ရေး,ပြတ် ရေးတို့တွင် ဘာကိုမျှ စိတ်မစောတော့ပဲ လောကတခွင် မြင်မြင်

သမျှ ဘာကိုမျှ မစွဲလမ်းတော့ပေ။ မစွဲလမ်းသဖြင့် ပူပန်စရာလည်း မရှိတော့ပေ။ ပူပန်မှုမရှိ၊ ပကတိ အေးငြိမ်းသော စိတ်သဘောကို ယခုမျက်မှောက်ဘဝမှာပင် ရရှိခံစားရ၏။ ဤသို့သော ဘာဝနာဉာဏ်တို့ အထွတ်အထိပ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောအခါ 'ငါ့မှာ ဘဝဆက်စရာကုန်ပြီ၊ သာသနာတော်၏ အဆုံးအမဖြင့် မြင့်မြတ်လှသော အကျင့်ကို ကျင့်သုံးပြီးပြီ၊ သာသနာတော် အဆုံးအမဖြင့် ပြုလုပ်ရမည့် ကိစ္စများ အလိုလို ပြီးစီးသွားကြပေပြီ၊ ဤနိဗ္ဗာန်တရား ခံစားရေးအတွက် ဤနိဗ္ဗာန်မှာ အခါခါနား၍ နေရုံမှတပါး အခြား ပြုဖွယ်ရာ မရှိတော့ပေ' ဤသို့ ဟုတ်တိုင်းမှန်စွာ သိမြင်လာပေတော့သည်။

တရားရချိန် မိုးလင်းချိန်

ဤဒေသနာတော် မဆုံးမီမှာပင် ပုက္ကုသာတိသည် အနာဂါမိမဂ်ဖိုလ်ထိ အသိဉာဏ် ပွင့်လင်းသွား၏။ ဤသို့ ပွင့်လင်းခါမှ တရားဟောနေသူမှာအခြားမဟုတ်၊ မိမိက အမြတ်တနိုးကိုးစားယုံကြည်လာခဲ့ရသော ဆရာသခင်ပါကလားဟု သိလိုက်ရ၏။ သို့သော် မိုးသီးမိုးပေါက်တမျှ သွန်ချနေသော ဒေသနာတော် မဆုံးသေးသဖြင့် ချက်ချင်းကန်တော့ခွင့်မရသေးပါ။ ကာယကံ၊ ဝစီကံမြောက် ကန်တော့ခွင့်ရရန် ဒေသနာတော် ပြီးဆုံးအောင် စောင့်ဆိုင်းခဲ့ရပေသည်။ ဒေသနာတော် ပြီးဆုံးချိန်တွင် အရှေ

လောကဓာတ်မှ လင်းရောင်ခြည်များ သန်းလာခဲ့ပြီဟု ဘုရားရှင်က မိန့်ကြားတော်မူပေသည်။

တညတာ၏နိဂုံး

'ငါ့ရှင်'ဟူ၍ သုံးနှုန်းခဲ့မိသောအဖြစ်ကို ရိုသေစွာ ဝန်ခံ ကန်တော့ပြီးနောက် ပုက္ကုသာတိသည် သာသနာ့ဝန်ထမ်း ရဟန်းတပါးအဖြစ် ချီးမြှင့်တော်မူပါရန် လျှောက်ထား၏။ သို့ရာတွင် သူ့မှာ ဝိနည်းတော်နှင့် လျော်ညီသော သပိတ်, သင်္ကန်းတို့ မပါလာသေးသဖြင့် ဘုရားရှင်က ရဟန်းပြုပေးတော် မမူနိုင်ပါ။ မသိသေးသောတရားကို သိအောင် ဟောကြားတော်မူနိုင်သော ဘုရားရှင်သည် မရှိသေးသော ပစ္စည်းကိုကား ရှိလာအောင် ပြုပေးတော်မမူနိုင်ပါ။ အခြေခံရှိသော အရာမှာသာ ကူညီနိုင်၍ အခြေခံမရှိသော အရာ၌ ဘုရားသော်မှ မကူညီနိုင်ပါ။

ဤသို့အားဖြင့် ပံ့သကူသင်္ကန်းစ ရှာဖွေရန် ဤ အမှိုက်ပုံကြီးသို့အရောက်တွင် သွားဇောကပ်နေသောနွားမ အဝှေ့ခံရ၍ နေရာမှာပင် အသက်ဆုံးရှုံးခဲ့ရ၏။ ဖြစ်ရပ်အမှန်ကို သိကြရသောအခါ တကာ- တကာမများက သူ၏ ရုပ်ကလာပ်ကို ကောင်းမွန်စွာ သင်္ဂြိုဟ်၍ အမှတ်တရ စေတီတဆူ တည်ထားကြပေသည်။

[ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

နံနက်ခင်းမှာ ကြုံရပြန်သည်

ဥတ်ကမ္ဘဝါစာဖြင့် သိမ်ထဲမှာ ရဟန်းမခံလိုက်ရသော်လည်း၊ ဝိနည်းတော်နှင့် လျော်ညီသော အဝတ်သင်္ကန်း မဆင်မြန်းရသေးသော်လည်း 'အရှင်ပုက္ကုသာတိ'ဟု ကျွန်ုပ်တို့အားလုံးက အသိအမှတ်ပြုကြရပေသည်။ သူ့နည်းတူပင် သင်္ကန်း မဝတ်လိုက်ရပဲ ရဟန်းစာရင်းဝင်သူတဦးလည်း ရှိပါသေး၏။ အရှင်ပုက္ကုသာတိနှင့် တွေ့ဆုံရသည်မှာ ရာဇဂြိုဟ်မြို့တော်မှာဖြစ်၏။ သည်ပုဂ္ဂိုလ်နှင့် တွေ့ရသည်မှာကား သာဝတ္ထိမြို့တော်။ နိုင်ငံ တခြား၊ မြို့တော် တခြားစီ ဖြစ်သော်လည်း တွေ့ကြုံရသည့် အချိန်မှာကား အတူတူပင် ဖြစ်ပါသည်။ နံနက်ခင်းမှာ ဆွမ်းခံယင်း တွေ့ကြုံရသည်ချည့် ဖြစ်ပါသည်။

ထိုနေ့နံနက်တွင် ဘုရားရှင်နောက်တော်ပါးမှ ကျွန်ုပ်လိုက်ပါလာခဲ့၏။ မြို့တော်တွင်းမှာ အိမ်စဉ်အတိုင်း ဆွမ်းခံနေစဉ် ဘုရားရှင်ခြေတော်ရင်းသို့ ပုဂ္ဂိုလ်ထူး တယောက်က ဦးခိုက်လာပေသည်။

ဗာဟိယတိုင်းသားတဦး

ထိုသူကို ကျွန်ုပ်တို့ တခါမျှ မမြင်ဘူးပါ။ သူလိုအဝတ်အဆင်မျိုးကိုလည်း မမြင်ဘူးပါ။ မကြားစဖူး မကြုံစဖူး လောက်အောင် သူ့အဝတ် အဆင်များက ထူးခြားလှ၏။ ပျဉ်တို့,

ပျဉ်စ,သစ်ခက်စများကို နွယ်ကြိုးနှင့် သီ၍ ဝတ်ဆင်ထားပေသည်။ သူ့ကိုယ်ခန္ဓာ နွမ်းနယ်နေသည်ကို ထောက်၍ ဝေးလံလှသော အရပ်မှ ခရီးပြင်းလျှောက်လာရသူ ဖြစ်နိုင်ပါသည်။ သူ့ ရုပ်သွင်ကို ကြည့်သောအားဖြင့် ပင်လယ်ကမ်းစပ်က ဖြစ်ကြောင်း ခန့်မှန်း၍ ရပါသည်။

"အရှင်ဘုရား၊ တပည့်တော်အား တရားဟောတော်မူပါ၊ တပည့်တော်အား နှစ်ရှည်လများ အကျိုးပွားမည့် တရားဟောကြားတော်မူပါဘုရား"

ပျဉ်ချပ်ဝတ်ထားသူက ခြေတော်ရင်းသို့ ဝပ်စင်းမိသည်နှင့် တရားတောင်းလိုက်ပါတော့သည်။ ခရီးပန်းရာမှ အနားယူရေးထက် တရားသိရေး, ကျင့်သုံးရေးကို အလေးထားနေပုံကို ကျွန်ုပ် အကဲခတ်၍ ရပါသည်။

"ဗာဟိယ၊ တရားဟောရန် အခါမဟုတ်သေး။ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်နေကြတုန်း ဖြစ်သည်"

အလောတကြီး တရား တောင်းလာသူအား ဘုရားရှင်က အမည်နာမကို ထုတ်ဖော်၍ ငြင်းပယ်တော်မူလိုက်၏။ ဗာဟိယ ဟု ထုတ်ဖော်လိုက်သော အမည်မှာ သူ့နာမည်ရင်း မဟုတ်နိုင်ပါ။ သမုဒ္ဒရာကမ်းစပ်မှ ဗာဟိယ တိုင်းသား တဦးဖြစ်၍ အလွယ်တကူ ခေါ်ဝေါ်လိုက်သော အညည်သာ ဖြစ်ပါလိမ့်မည်။ ဘုရားရှင် ရွှေနှုတ်တော်မှ ဦးစွာပထမ ထုတ်ဖော်လိုက်သော ဤအမည်ကိုပင် ကျွန်ုပ်တို့တတွေက ဆက်လက် ခေါ်ဝေါ်ကြရပေသည်။

မဟောလို၍ မဟုတ်ပါ

ပုဏ္ဏသာတိဘုန်းက တရားတပုဒ် ဟောထုတ်ရန်အတွက် အိုးလုပ်တဲကြီးသို့ တမင်တကာ ကြွတော်မူခဲ့ရ၏။ ယခုတော့ တရားဟောရန်အတွက် ဘယ်ကိုမှ ကြွစရာ မလိုပြီ။ တရားနာမည့်သူက ခြေတော်ရင်းမှာ ဝပ်စင်းလျက် ရှိနေပေပြီ။ တရားနာမည့်သူက အသင့်ရှိနေကာမှ ဘုရားရှင်က "တရားဟောရန်အချိန် မဟုတ်သေးပါ" တဲ့။

ဤသို့ တားမြစ်လိုက်သည့် အတွက် တရား မဟောလို၍လားဟု အတွေးပွားစရာ မလိုပါ။ နောင်တော်မြတ်နှင့် နီးနီးကပ်ကပ် နေလာခဲ့သည်နှင့်အမျှ နောင်တော်မြတ်၏ စိတ်ဓာတ်ကို ကျွန်ုပ်အကဲခတ်လာခဲ့ပါသည်။ တရားရေးနှင့် ပတ်သက်လာလျှင် အလေးဂရုအပြုဆုံး ဖြစ်သည်ကို ကျွန်ုပ်၏ ပရိသတ်များလည်း ကြားနာခဲ့ကြရပြီးပါပြီ။

ဤသို့ သိစေချင်,မြင်စေချင်သော မဟာကရုဏာတော်ရှင် ဖြစ်ပါလျက် ယခု ငြင်းပယ်ရသည်မှာ တရား မဟောလို၍ မဟုတ်နိုင်ပါ။ ဗာဟိယ၏ အခြေအနေကိုငဲ့ညှာ၍သာ ဖြစ်ပါလိမ့်မည်။

ဗာဟိယ၏ ကိုယ်ခန္ဓာဝယ် ပင်ပန်း နွမ်းနယ်သော အမူအရာများ မပျောက်သေးပါ။ ထို့ပြင် တရား သဘောကို သိလိုစိတ် ပြင်းပြလွန်းနေလျှင်လည်း သိရေး,မြင်ရေး အထမမြောက်နိုင်ပါ။ ထို့ကြောင့် ပင်ပန်းမှုလည်း ပြေပျောက်စေ၊

စိတ်ဓာတ်လည်း သမာသမတ် မျှတစေဟူသော သဘောဖြင့် အချိန်ဆွဲလိုက်ခြင်းသာ ဖြစ်နိုင်ပါသည်။

ဘုရားရှင်က အချိန်ဆွဲနေစဉ်မှာ ဗာဟိယကတော့ တရားဟောဖို့ကိုချည့် တွင်တွင် လျှောက်၏။ တကြိမ်နှင့် မရတော့ နှစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ်ထိလျှောက်၏။ သုံးကြိမ်လျှောက်သောအခါတွင်ကား ကျွန်ုပ်၏ ဘဏ္ဍာတိုက်ထဲသို့ အဖိုးအထိုက်တန်ဆုံးသော ရတနာတုံးတခု တိုးလာပေတော့သည်။

အကျဉ်းချုပ်တရားတော်

"ဗာဟိယ၊ ထိုသို့ဖြစ်လျှင် ဤနည်းအတိုင်း ကျင့်သုံးပေလော့။ မြင်လျှင် မြင်ကာမတ္တ ဖြစ်လတ္တံ့။ ကြားလျှင် ကြားကာ မတ္တဖြစ်လတ္တံ့။ နံလျှင် နံကာမတ္တ ဖြစ်လတ္တံ့။ စားလျှင် စားကာမတ္တဖြစ်လတ္တံ့။ ထိလျှင် ထိကာမတ္တဖြစ်လတ္တံ့။ သိလျှင် သိကာမတ္တဖြစ်လတ္တံ့။ ဗာဟိယ ဤနည်း အတိုင်း သာလျှင် ကျင့်သုံးပေလော့"

အကျဉ်းချုပ်တရား နာကြားလိုသော ဗာဟိယ အတွက် လိုရင်းအချက် ဟောကြားတော်မူလိုက်ခြင်း ဖြစ်ပေသည်။

မြင်လျှင် မြင်ကာမတ္တ ဖြစ်ပါစေ ဟူရာ၌ တစုံတခုသော ရူပါရုံကို မြင်သောအခါ မြင်စိတ်သည် ပကတိသဘောအားဖြင့် စင်ကြယ်သော စိတ်မနောသာ ဖြစ်၏။ မြင်အပ်သော ရူပါရုံကို လောဘဖြင့်လည်း မတပ်မက်။ ဒေါသဖြင့်လည်း မပြစ်မှား။ မောဟဖြင့်လည်း တွေဝေခြင်း မရှိပေ။ ဤသို့

အားဖြင့် မြင်စိတ်မှာ ကိလေသာမရှိ၊ ပကတိစင်ကြယ်နေသည့် အတိုင်း သူ့နောက်မှာ ဖြစ်ပေါ်လာသော ဝီထိစိတ် များကို လည်း ထားပါ။ ကိလေသာမယှဉ် စင်ကြယ်သော ဝိပဿနာ ဇောစိတ်များသာ ဖြစ်ပွားနေပါစေဟု အဓိပ္ပာယ်ရပေသည်။

အနုပဿနာ လေးမျိုး

အတိုချုံး၍ လိုရင်းကို ဟောထားသော ဤဒေသနာတော်ဝယ် အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တ ဟူသော ရှုမြင် သုံးသပ်မှု (အနုပဿနာ) လေးမျိုးလုံး အကျုံးဝင်လျက် ရှိပေသည်။ တစုံတခုကို မြင်လိုက်သောအခါ ရောက်တတ်ရာရာ ဆက်လက် တွေးတောမှု မပြုပဲ မြင်ကာမတ္တနှင့် ရပ်လိုက်သော အခါ တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ လိုချင်စရာ ဟူသော သုဘ အယူအစွဲမျိုး ပေါ်မလာ နိုင်တော့ပေ။ သမထ ကမ္မဋ္ဌာန်းများ၌ အသုဘ ကမ္မဋ္ဌာန်းများ ထည့်သွင်း ထားရသည်မှာ ဤသို့သော သုဘအယူအစွဲမျိုးကို ပယ်ချိုးနိုင်ရေးအတွက်သာ ဖြစ်၏။ ယခု မြင်လျှင် မြင်ကာမတ္တဖြင့် ရပ်တန့် လိုက်သော အခါ ထိုအယူအစွဲတွေ ပေါ်လာခွင့် မရတော့သဖြင့် အသုဘ ဘာဝနာကို တသီးတသန့် ပွားမနေရပဲ ဝိပဿနာနှင့် အတူ အလိုလို ပွားပြီးသား ဖြစ်နေ၏။ အကျိုး တရား ပေါ်မှု အကြောင်းတရားကို ရှုမြင် သုံးသပ်သောနည်း အရ ဖြစ်၏။ ထို့အတူပင် သုခ၊ နိစ္စ၊ အတ္တ အယူအစွဲတို့ ကပ်ရောက်ခွင့် မရ

တော့သဖြင့် ဒုက္ခစသော ဘာဝနာများလည်း ပွားများပြီး ဖြစ်ပေသည်။

ပရိညာ သုံးပါး

ဤသို့သော ဝိပဿနာစခန်းကို ပရိညာ သုံးပါးဖြင့် ဝေဖန်ကြည့်လျှင် ဉာတပရိညာနှင့် တီရဏပရိညာ နှစ်ပါးကို တွေ့ရမည် ဖြစ်၏။ မြင်စိတ်တခု ဖြစ်ပေါ်လာသောအခါ ရောက်ထတ်ရာရာ တွေးတော ကြံစည်မှု မပြုပဲ မြင်အပ်သော ရူပါရုံသန့်သန့်ကိုလည်းကောင်း၊ မြင်တတ်သော စိတ် သန့် သန့် ကိုလည်းကောင်း ရှုမြင်သုံးသပ်လိုက်သောအခါ ပြုသူမရှိ၊ ခိုင်းသူမပါ၊ သူ့သဘာဝ အလျောက် ဖြစ်ပေါ်နေသော တရားသဘောမျှပါ ကလားဟု သဘော ပေါက်လာမည် ဖြစ်၏။ ဤသို့ သဘောပေါက်ခြင်းကို ဉာတပရိညာဟု ဆိုရပေသည်။ ခြောက်ဒွါရ၌ခြောက်အာရုံ ဆုံသောလေသမျှကို အနိစ္စလက္ခဏာ စသည်ဖြင့် ရှုမြင် သုံးသပ်မှု သဘော ပါနေသဖြင့် တီရဏပရိညာလည်း ပြည့်စုံပြီး ဖြစ်၏။

ကျွန်ုပ်တို့သိတင်းသုံးဖော်တပါး

ဤဒေသနာတော်ဖြင့် ဆုံးမတောကြားပြီးနောက် ဘုရားရှင်နှင့် ကျွန်ုပ်တို့ ဆက်လက်၍ ဆွမ်းခံ ကြရ၏။ ဆွမ်းခံရာမှ အထွက်တွင်ကား ဗာဟိယ ရှပ်အလောင်းကို ကျွန်ုပ်တို့ တွေ့ကြ

ရ၏။ ပုက္ကုသာတိ ကဲ့သို့ နွားမအတွေ့ခံရ၍ သေဆုံးရခြင်း ပင် ဖြစ်ပေသည်။

"ရဟန်းတို့၊ ဗာဟိယ၏ ရုပ်အလောင်းကို သြောင်စောင်း နှင့် တင်၍ ယူခဲ့ကြ။ မြို့ပြင်ထုတ်၍ မီးသင်္ဂြိုဟ်လိုက်ကြ။ သူ့ အတွက် အမှတ်တရ စေတီတဆူလည်း တည်လိုက်ကြ။ သူကား သင်ရဟန်းတို့၏ သီတင်းသုံးဖော်တပါး ဖြစ်ပေသည်"။

သင်္ကန်းမဝတ်လိုက်ရသော ရဟန်းတပါးအတွက် မိန့်မြွက် တော် မူရခြင်း ဖြစ်ပေသည်။ မှန်ပါသည်။ ပျဉ်ချပ်တွေဝတ် ထားလျက်ကပင် ဗာဟိယ၏ ရဟန်းကိစ္စသည် ထိုနေရာ ထိုခဏ ကပင် ပြီးစီးခဲ့၏။ ကိလေသာကြွးမခံပဲ မင်္ဂလေးတန် ခရီး တဆက်တည်းပေါက်ကာ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်ခဲ့၏။ ထိုကဲ့သို့ အသိဉာဏ် လျင်မြန်လှသည့်အတွက် သူကွယ်လွန်ပြီး နောက်မှ 'ဧတဒဂ်' ဂုဏ်ထူးဖြင့် ဘုရားရှင်ကိုယ်တော်တိုင်က ချီးကျူး ဂုဏ်ပြုတော်မူရပေသည်။

အတုမှ အစစ်သို့

တရားဟောနေစဉ်က တခဏသာ တွေ့လိုက်ရသော ဗာဟိယ နောက်ကြောင်း တစွန်း တစကို ဇေတဝန် ကျောင်းတော် ရောက်မှ ကျွန်ုပ် ကြားသိရပါ၏။ သူတို့တတွေ မေးမြန်း ထားကြသဖြင့် သူ့ဇာတ်ကြောင်း အကျဉ်းချုပ်ကို ပြောပြ သွားခဲ့ပေသည်။

သုခမျာ သမုဒ္ဒရာခရီးမှာ သင်္ဘောပျက်၍ အသက်မသေရုံ ကူးခတ်လာခဲ့ရသည် ဆိုပါ၏။ အဝတ်တတိုတစမျှ မပါတော့သဖြင့် အလွယ်တကူ တွေ့ရသော ပျဉ်တိုပျဉ်စများကို ကြိုးနှင့် သိ၍ ဝတ်ခဲ့ရ၏။ တွေ့ကရာ ခွက်တလုံးဖြင့် သုပ္ပာရက သင်္ဘောဆိပ်က ရွာတွေထဲမှာ ထမင်းတောင်း၍ စားခဲ့ရ၏။ ဤတွင်မှ ကြံကြံဖန်ဖန် ကံထချင်တော့ ရဟန္တာကြီး ဟူ၍ ဟိုးလေးတကျော် ဖြစ်ခဲ့ရသည် ဆိုပါ၏။

ယခုတော့ ပျဉ်ချပ်ဝတ် ရဟန္တာအတုကြီးသည် ရဟန္တာအစစ်ဖြစ်၍ ပရိနိဗ္ဗာန် စံသွားပေပြီ။ ဤအကြောင်းများကို သုပ္ပာရက သင်္ဘောဆိပ်မှ သူ့ဒကာ တကာမ အပေါင်းထံ သတင်းစကား ပါးလိုက်ရပါဦးမည်။

[ဥဒါန်း၊ ဗာဟိယသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

ရနံ့ထုံသော အင်ကြင်းတော

အနှစ်ထဲမှ အနှစ်များ

ဟိမဝန္တာတောင်မင်းကြီးကို အမှီပြု၍ ပေါက်ရောက် ရှင်သန်နေကြသော သစ်ပင်ကြီးငယ်၊ မျိုးနွယ် ပေါင်းစုံကို တင်ပြခဲ့ပါပြီ။ ယခု ထိုသစ်ပင်များထဲမှ အနှစ်အသား အရှိဆုံးသော သစ်ပင် ကြီးများကို တစု တဝေးတည်း တင်ပြ ပါဦးမည်။ အနှစ်အသား အရှိဆုံးသော သစ်ပင် ကြီးများ၏ ကိုတောင့်ကြံခဲ့ စုစည်းမိသော နေရာမှာလည်း အနှစ်အသား အရှိဆုံးသော အင်ကြင်းတောထဲမှာ ဖြစ်ပေသည်။

ထိုအင်ကြင်းတောထဲက အကြီးဆုံးသော အပင်ကြီးတွင် ကိုင်းခွကြီးနှစ်ခွရှိ၏။ အဝေးကလှမ်းကြည့်လျှင် နွားဦးချိုကြီး နှစ်ချောင်းထောင်နေသည်နှင့်တူလှ၏။ ထို့ကြောင့် ထိုအင်ကြင်းတောကို ကျွန်ုပ်တို့မဇ္ဈိမဒေသဝေါဟာရအားဖြင့် ဂေါသိင်္ဂအင်ကြင်းတောဟု ခေါ်ဝေါ်ကြရ၏။ ထိုတောထဲမှာ ကျွန်ုပ်တို့ ရက်အတန်ကြာနေခဲ့ဘူး၏။ ပတ်ဝန်းကျင်မှအလျဉ်း သင့်၍ ကျေးရွာများတွင် ကျွန်ုပ်တို့ဆွမ်းခံ၍ စားခဲ့ကြရ၏။ ထိုသို့နေရာမှ ယခုတင်ပြမည့်ကြောင်းခြင်းရာများ ပေါ်ပေါက်လာပေသည်။

မွေ့လျော်ဖွယ်နှစ်မျိုး

ဂေါသိင်္ဂအင်ကြင်းတောထဲမှာ ကျောင်းအဆောက်အအုံဟူ၍ လုံးဝမရှိပါ။ သို့ပါလျက် ရက်အတန်ကြာ နေခဲ့ခြင်းမှာ ဤအင်ကြင်းတောသည် နှစ်မျိုး နှစ်ဖုံကား ပျော်မွေ့ဖွယ် ကောင်းနေသောကြောင့် ဖြစ်ပေသည်။

အင်ကြင်းပင်တို့ အများဆုံးပေါက်ရောက်ရာဖြစ်၍ အင်ကြင်းတောဟု ခေါ်ရသော်လည်း ဤတောတွင် အင်ကြင်းပင် တမျိုးဘည်း ရှိသည်မဟုတ်ပါ။ အခြားအခြားသော စားပင်ပန်းပင်တို့ လည်း ရှိသည်သာဖြစ်၏။ ရှိရှိသမျှ သစ်ပင်များ အခက်ချင်းယှက်၊ အရွက်ချင်းဆက်နေကြသဖြင့်အရိပ်အာဝါသ ကောင်းလှ၏။ စိမ့်ရေ စမ်းရေနှင့် ရေကန်များလည်းရှိနေ၏။

ထို့ထက်ကျွန်ုပ်တို့ အနှစ်သက်ဆုံးဖြစ်ရသည်မှာ ဤတောသည် ပတ်ဝန်းကျင်ရွာများနှင့် ကင်းလွတ်နေသောကြောင့် ဖြစ်ပေသည်။

ဤသို့ တော၏ သဘာဝ အခြေအနေက ပျော်မွေ့ဖွယ် ကောင်းသည့်နောက်ဝယ် ပုဂ္ဂိုလ်အားဖြင့်လည်း ပျော်မွေ့ဖွယ် ကောင်းပြန်ပါသေး၏။ ခြေခင်းလက်ခင်းသာယာသော နွေဦးကာလဖြစ်၍ ဘုရားရှင်ကိုယ်တော်တိုင် ဤတောသို့ ရှေဆုံးကြွချီတော်မူခဲ့၏။ အတူတကွပါလာကြသော မထေရ်ကြီးများမှာလည်း ဂုဏ်အင်္ဂါအသီးသီးဖြင့် ကျော်ကြားသူများချည့် ဖြစ်၏။ အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန်တို့ သာမက အရှင်မဟာကဿပလည်း ပါလာခဲ့၏။ ထို့ပြင်အရှင် အနုရုဒ္ဓါနှင့် အရှင်ရေဝတတို့လည်း စိတ်ပါလက်ပါ လိုက်လာကြ၏။

ဈာန်ဝင်စားတေဒဂ်

ဤတခေါက်မှာလိုက်ပါလာသော အရှင်ရေဝတသည် အရှင် မဟာသာရိပုတ္တရာ၏ ညီထွေးမဟုတ်ပါ။ ထို့ကြောင့်သူတို့ချင်း ကွဲပြားစေရန် သီတင်းသုံးဖော်များက ကင်္ခါရေဝတဟုဘွဲ့မည် ရင်း ရှေမှာ 'ကင်္ခါ' ထည့်၍ ခေါ်ကြရ၏။ ဝိနည်းတော်က ခွင့်ပြုထားသော စားသောက်ဖွယ်များကိုပင် အပ်မှ အပ်ပါ မည်လောဟု တွေးတောမှု များလှသဖြင့် ဤသို့ ချစ်စနိုး ခေါ်ကြခြင်းဖြစ်ပေသည်။

ဝိနည်းတော်ကိုလေးစားလှသဖြင့် သိတင်းသုံးဖော်များ၏ ချစ်မြတ်နိုးခြင်းခံရသော ဤမထေရ်သည် ဗျာန်ဝင်စားသော အဆာဝယ် အထူးမြတ်ဆုံး 'တေဒဂ်' ဂုဏ်ထူး ဆွတ်ခူးခဲ့ပေသည်။ အခြားအခြားသောမထေရ်များမှာလည်း ဂုဏ်သိက္ခာကြီးမား၍ ထင်ရှားသူများသာ ဖြစ်ပေသည်။

ထိုနေ့ ထိုအချိန် ထိုနေရာ

ဤသို့အားဖြင့် တောကလည်း ပျော်မွေ့ဖွယ် ကောင်းလှ၏။ ပါသာသောပုဂ္ဂိုလ်များကလည်း ကြည်ညိုဖွယ် ကောင်းလှ၏။ ထို့ထက် ထိုနေ့ ညနေချမ်းကလေးမှာကား မှတ်ဘမ်း မတင်ပဲ မနေနိုင်အောင် ထူးထူးခြားခြားသာယာပါဘိ၏။ ထိုနေ့ကား သံဿာတော်တို့ ဥပုသ်ပြုရာတန်ခူးလပြည့် နေ့ဖြစ်၏။ အနောက်လောကဓာတ်မှ တောအုပ်ပေါ်ဝယ် နီနီရဲသော နေဝန်းကြီးသည် မေးဘင်လျက်ရှိနေ၏။ တနေ့တာကာလ၏ တာဝန်ဝတ္တရားများ ပြီးဆုံးခါနီးပြီမို့ ဤမြေပြင်ကို ဆည်းဆာရောင်ခြည်များဖြင့် နှုတ်ဆက်နေ၏။ အရှေ့ဘက် တောအရေးမှာလည်း ဖြူဖြူဖွေးသော လဝန်းကြီး ထွက်ပြူလာ၏။ နေ့အကုန် ညအကူး ကြည်နူးဖွယ်အချိန်ကလေးတွင် အင်ကြင်းရနံ့တို့ကလည်း ထူးထူးခြားခြားသင်းပျံ့လာကြ၏။ ရှုခလရာတွင် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်တို့သည် လျှော်ခတေသင်္ကန်း ဆင်မြန်းထားသော ရဟန္တာကြီးများကဲ့သို့ နီကြင်ကြင်ဖြစ်နေကြ၏။ မြေတပြင်လုံးဝယ် ပန်းဝတ်မှုန်တို့ ဖြန့်ခင်းကာ

ပူဇော်ပွဲကြီး ကျင်းပနေသကဲ့ ဖြစ်နေ၏။ ပန်းဝတ်ရည်ကို စုဆောင်းကြသော ပျားပိတုံးမျိုးနွယ် အပေါင်းကလည်း တဝီဝီမြည်သံပေးနေကြ၏။ ဝတ်မှုန် ဝတ်ရည်ကို စိတ်ရှိတိုင်း သောက်သုံးကြရသဖြင့် မူးတူး ပျော်ပါးနေဟန် တူပါသည်။

တသက်တာ မမေ့သာသော ထိုအချိန်ကလေးမှာပင် အစဦး ထာဝရ လေးစားအပ်သော အရှင်မြတ်ကြီးနှစ်ပါးကို အတူ တကွဖူးတွေ့လိုက်ရ၏။ တန်ခိုးအရာနှင့် ဓုတင် ဆောက်တည်ရာ တို့တွင်'ဧတဒဂ်'ဂုဏ်ထူးရ အရှင်မြတ်ကြီးနှစ်ပါးတို့ ပါတည်း။

တရားမြင်လေ တရားနာချင်လေ

အရှင်မြတ်ကြီးတို့သည် တနေ့တာအေးချမ်းငြိမ်သက်စွာ နေခဲ့ကြရာမှ ထွက်လာခြင်းဖြစ်ပါလိမ့်မည်။ အရှင်မြတ်ကြီးတို့၏ ဦးတည်ရာသည် ဘုရားရှင်ရှိရာသို့လည်းမဟုတ်။ ကျွန်ုပ်ဆီသို့ လည်း မလာကြ။ အရှင်သာရိပုတ္တာရှိရာသို့သာ ဦးတည်နေကြ၏။ အရိပ်အခြည်ကိုကြည့်ခြင်းဖြင့် တခြားအရာ တွေးစရာ မရှိ။ တရားစစ်သူကြီးထံမှ တရားတကွင်းနားသွင်းကြရန်သာ ဖြစ်ပေလိမ့်မည်။

အရှင်မြတ်ကြီး နှစ်ပါးလုံးပင် သာဝကတို့ သိသင့်သမျှ တရားများကို အကုန်အစင် သိမြင်ပြီးသားဖြစ်ကြ၏။ လောကီ ရေးရာမှာသာ မသိနိုင်သေးသော ကြောင်းခြင်းရာများ ရှိနိုင် ပါသည်။ တရားရေးနှင့် ပတ်သက်၍ မသိသေးသော တရား အထူးအဆန်းဟူ၍လုံးဝမရှိပါ။သို့ပါလျက် တရားပွဲများရှိလျှင်

ထည် အရှင်မြတ်ကြီးများက တရားတော်နာ ရောက်လာကြ၏။ ကြိမ်ဖန်များစွာ ကြားနာခဲ့ရသော တရားကိုပင် ကြားနာ၍ မဝနိုင်ကြပါပေ။ ခါတိုင်းဆိုလျှင် အချိန်ရသမျှ ဒိဗ္ဗစက္ခုအဘိ-ညာဉ်နှင့် နေခဲ့သော အရှင်အနုရုဒ္ဓါလည်း အရှင်မြတ်ကြီးများ နောက်ပါးမှ လိုက်ပါသွား၏။

၎င်းတွင် ကျွန်ုပ်လည်း အရှင်ရေဝတကို အဖော်ညှိကာ တရားပွဲရှိရာသို့ ချဉ်းကပ်လာခဲ့၏။ ကျွန်ုပ်တို့ကို လှမ်းမြင်လိုက် သည်တွင် အရှင်မဟာသာရိပုတ္တရာက ''လာခဲ့ပါအရှင်အာနန္ဒာ၊ ဘုရားရှင်၏အနီးအပါးမှာနေ၍ ပြုစုလုပ်ကျွေးခဲ့သော အရှင် အာနန္ဒာကို ကြိုဆိုပါ၏''

မိမိထက် သိတင်းငယ်သူ ဖြစ်ပါလျက် အရှင်မြတ်ကြီးက ကျွန်ုပ်ဘွဲ့မည်မှာ 'အရှင်'တပ်ကာ ဖိတ်ခေါ်လိုက်ပါ၏။

အရှင်မဟာကဿပနှင့် သည်ကောင်ကလေး

၎င်းနေရာမှာတော့ အရှင်မဟာကဿပနှင့် ကွာခြားလှ၏။ အရှင်မဟာကဿပဆိုလျှင် ကျွန်ုပ်ကို 'ငါ့ရှင်'တပ်၍သာ ခေါ် တတ်၏။ တခါတရံ ကြိမ်းစရာ မောင်းစရာများ ရှိလာလျှင် ''သည်ကောင်ကလေး အတိုင်းအရှည်ကိုမသိသေးချေတကား'' ဟုပင် ဆိုတတ်ပါသေးသည်။ ရဟန်းဘဝ ရောက်သည်မှ စ၍ ၎င်းသို့အဆိုခံခဲ့ရသော အကြိမ်ပေါင်း များလှပါပြီ။ သို့သော် ၎င်းသို့ဆိုသဖြင့် အရှင်မြတ်ကြီးအပေါ် လုံးဝ စိတ်မကွက်ရိုး အမှန်ပါ။ မည်သူ့ကိုမျှ မခေါ်ခဲ့သော အသုံးအနှုန်းဖြင့်

'သည်ကောင်ကလေး'ဟု ခေါ်ဝေါ်ခြင်းသည် သူတကာထက် ပိုမို၍ ကျွန်ုပ်ကိုခင်မင်ရင်းနှီး၍ပင် ဖြစ်ပါသည်။ ဆိုမြည် ကြိမ်း မောင်းလေသမျှမှာလည်း သူနှင့် အင်မတန် ရင်းနှီးပါလျက် သူ့ခြေရာ မနင်းနိုင်သောကြောင့် ဖြစ်ပါသည်။ သူ့နည်းတူ တည်တည်ငြိမ်ငြိမ်၊ ကျွန္ဒြေရရ မနေတတ်သောကြောင့်သာဖြစ်ပါ သည်။ သည်အကြောင်းများကို နောက်နောင်မှာလည်း ထပ်၍ ကြားနာကြပါဦးမည်။

ကောင်ကလေး၏ အရှင်မြတ်ကြီး

ထို့အတူပင် အရှင်မဟာ သာရိပုတ္တရာက 'အရှင်'တပ်၍ ခေါ် သည်မှာလည်း ကျွန်ုပ်အပေါ် ခင်မင်ရင်းနှီး၍ပင်ဖြစ်ပါ သည်။ ကျွန်ုပ်အပေါ် သူက ခင်မင်ရင်းနှီးသကဲ့သို့ ကျွန်ုပ်ကလည်း ထပ်တူထပ်မျှ မေတ္တာထားပါသည်။ အရှင်မြတ်ကြီးက ကျွန်ုပ် အပေါ် ခင်မင်ရင်းနှီးရာတွင် ထင်ရှားသော အကြောင်းမှာ ဘုရားရှင်ကို ပြုစုလုပ်ကျွေးသောကြောင့်ဖြစ်ပါသည်။ ထို့အတူ ဘုရားရှင် ကိုယ်တော် အားထားရလောက်အောင် ဉာဏ်ပညာ ကြီးမားလှသော သာဝကကြီး အဖြစ်ဖြင့် ကျွန်ုပ်ကလည်း အားထား ကြည်ညိုပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်ဆီမှာ တပည့်ခံ ဝင်ရောက်လာသော သာမဏေသစ်၊ ရဟန်းသစ် များကို အရှင်မြတ်ကြီးထံ ပို့၍ ဥပဇ္ဈာယ် ယူစေပါသည်။ ဆရာမှတ်မှတ်၊ တပည့်မှတ်မှတ် နေစေရန် ပို့လွှတ်ပါသည်။ ထို့ အတူပင် အရှင်မြတ်ကြီးထံ တပည့်ခံလာကြသော သာမဏေ သစ်၊ ရဟန်းသစ်များလည်း ကျွန်ုပ်ထံ ရောက်လာကြပေသည်။

တရားရတနာကို ပူဇော်ရန်

စကားစပ်မိလာသည့် အခိုက် ကျွန်ုပ်တို့ နှစ်ပါး အတွံ့အပြန် ခင်မင်ရင်းနှီးပုံကို သာဓကတခု ဆောင်ပြရပါဦးမည်။ တခါ တုန်းက ဝေသာလီမြို့တော်မှ ပုဏ္ဏားတယောက်၌ သက်နီး တထည် ရှိနေ၏။ သင်္ကန်းမှာလည်း သာမန်မဟုတ်၊ အသပြာ တထောင် ထိုက်တန်သော သင်္ကန်းဖြစ်နေ၏။ အဖိုးထိုက်တန်လှ သော သင်္ကန်းကိုလည်း ပုဏ္ဏားက သူများတကာနှင့်မတူအောင် လှူချင်နေ၏။ ပစ္စည်းလေးပါးတကာတို့သည် ဘုရားရှင်၏ လက် တော်သို့လည်း ဆက်ကပ်ခဲ့ကြ၏။ သံဃာတော်များကိုလည်း လှူဒါန်းခဲ့ကြ၏။ ရတနာသုံးပါးရှိသည့်အနက် ဘုရားရတနာနှင့် သံဃာရတနာကိုသာ လှူဒါန်းခဲ့ကြသည်။ သည်ပုဏ္ဏားကတော့ သူများတကာ မလှူခဲ့ကြဘူးသော တရားရတနာကိုမှ လှူချင် နေ၏။ သို့သော် တရားရတနာဟူသည် ဘုရားရှင်နှင့် သံဃာ တော်များကဲ့သို့ အထည်ဒြပ်နှင့် မဟုတ်သဖြင့် သူ့ခမျာ အလှူရ ခက်၍ နေရပေသည်။

သို့နှင့် ပုဏ္ဏားသည် ဘုရားရှင်ထံတော်သို့ဝင်ရောက်၍ မေး လျှောက်ရ၏။ ဤတွင် ဘုရားရှင်က—

"ပုဏ္ဏား၊ တရားရတနာကို ပူဇော်လိုသည်ဖြစ်အံ့၊ အကြား အမြင်များသော ရဟန်း တပါးပါးကို လှူပေတော့"ဟု မိန့် တော်မူရာ—

"အကြားအမြင် များသော ရဟန်းကို ညွှန်ပြတော်မူပါ ဘုရား"

"ပုဏ္ဏား၊ ငါဘုရားမည့္သန်ပြလိုပြီ။ ရဟန်းများကိုသာ မေး ပေတော့"

အလှူခံပုဂ္ဂိုလ်ကို ကိုယ်တော်တိုင် ညွှန်ပြတော်မမူပဲ ရဟန်း သံဃာအလိုကျ ရွေးချယ်ကြရန် လွှဲအပ်တော်မူလိုက်ပေသည်။ သို့နှင့် တရားရတနာကို ပူဇော်ရန် ရည်သန်ခဲ့သော သင်္ကန်း စသည် ကျွန်ုပ်လက်ဝယ်သို့ ရောက်လာပေတော့သည်။ တရား ဒေသနာမြောက်မြားစွာကို အာဂုံဆောင်ထားနိုင်သောကြောင့် ဖြစ်ပါလိမ့်မည်။

အရှင်မြတ်ကြီးအား လှူလိုသော်လည်း

အသပြာ တထောင် ထိုက်အောင် ကောင်းမွန် နူးညံ့လှသော ဤသင်္ကန်းကို ကျွန်ုပ်ကိုယ်မှာ မဆင်မြန်းလိုပါ။ ကျွန်ုပ်ကိုယ်မှာ ဝတ်ဆင်ရသည်ထက် လက်ယာရံ အရှင်မြတ်ကြီး ဝတ်ဆင် သည်ကို ပို၍မြင်ချင်လှပါသည်။ သို့သော် တခုခက်နေသည်မှာ နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်တခု ရှိနေ၍ဖြစ်ပေသည်။

ရဟန်းတော်များအတွက် ဝိနည်းတော်က ခွင့်ပြုထားသော သင်္ကန်းများမှာ သင်းပိုင်၊ ကိုယ်ရုံ ဧကသီ၊ နှစ်ထပ် ဟူသော တိစီဝရိက်၊ မိုးရေခံသင်္ကန်း၊ အညစ်အကြေးမပေရန် အတွင်းခံ နိသီဒိုင်၊ အိပ်ရာခင်း၊ အနာလွှမ်းသင်္ကန်း၊ မျက်နှာသုတ်ပုဝါ၊ လိုအပ်ရာရာ ချုပ်စပ်၍ သုံးရန် အဝတ်စဟူ၍ ကိုးမျိုး ရှိ၏။ ထိုသင်္ကန်းကိုးထည်ထဲက အဓိဋ္ဌာန်တင်လောက်သော၊ အဓိဋ္ဌာန် တင်ထိုက်သော သင်္ကန်းများကို အဓိဋ္ဌာန် တင်ထားရ၏။

အဓိဋ္ဌာန်တင်ခြင်းမှာ မိမိပစ္စည်း ဟူ၍ သိသိမှတ်မှတ် ပြုထားခြင်း ဖြစ်ပေသည်။

ယခုရရှိထားသော သက်န်းမှာ အဓိဋ္ဌာန် တင်လောက်နေ၍ အဓိဋ္ဌာန်မတင်ပဲ မဖြစ်နိုင်။ သို့သော် ကျွန်ုပ်မှာ အဓိဋ္ဌာန်တင်၍ ဝတ်ဆင်မြဲ သင်္ကန်းများက ရှိနေသည်။ အဓိဋ္ဌာန် မတင်ပဲ ဝိကပ္ပနာပြု ထားလျှင်လည်း ရနိုင်ပါ၏။ သို့သော် ဤသင်္ကန်းကို ဝိကပ္ပနာ မပြုလို။ ကျွန်ုပ်မှာ မှန်မှန်မြတ်မြတ် ရလာတိုင်း လှူဒါန်းနေကျ အရှင် မဟာ သာရိပုတ္တရာကို လှူဒါန်းလို၏။ သို့သော် အရှင်မြတ်ကြီးက ဝေသာလီ၊ ကုဋာဂါရ ကျောင်းတော်မှာ မရှိပေ။ သာကေတမြို့သို့ ရောက်နေ၏။ ဤအခက်အခဲများကို ဖြေရှင်းနိုင်သူဟူ၍ ဘုရားရှင်သာ ရှိသဖြင့် ရှေ့တော်မှောက်သို့ ဝင်ရောက်လျှောက်ထားရာ—

"အာနန္ဒာ၊ သာရိပုတ္တရာသည် မည်မျှကြာလျှင် ပြန်လာမည်နည်း" ဟု မေးတော်မူ၏။

အရှင်မြတ်ကြီး လာချိန်အထိ

"အရှင်ဘုရား၊ ဤနေ့မှကိုးရက်မြောက်မှာသော်လည်းကောင်း၊ ဆယ်ရက် မြောက်မှာသော် လည်းကောင်း ခြေတော် ရင်းသို့ ဆိုက်ရောက်လာပါလိမ့်မည် ဘုရား"

ဤသို့ကျွန်ုပ်ကပိုင်ပိုင်နိုင်နိုင်ဖြေကြားရဖြင်းမှာ အကြောင်း ရှိ၍ဖြစ်၏။ အရှင်မြတ်ကြီး ခရီးထွက်လေတိုင်း ကျွန်ုပ်ကို အသိပေး၍သာ သွားတတ်၏။ ကိုယ်တိုင် မပြောနိုင်လျှင် ရဟန်း

တပါးပါးကို လွှတ်၍ အသိပေး၏။ တခြားစီ ဝါဆိုသော အခါမှာပင် လာမည့်နေ့ကို ရှေက သွားသော ရဟန်းများထံ အမှာစကား ပါးမြဲဖြစ်၏။ သူ ချိန်းထားသော ရက်မှာလည်း မပျက်မကွက်ရောက်နေကျ ဖြစ်၏။ ထို့ကြောင့် ချိန်းထားသော ရက်ကို ကျွန်ုပ်က လျှောက်ထားလိုက်ရ၏။ ဤတွင် ဘုရား ရှင်က—

"ရဟန်းသည် သင်္ကန်းကိစ္စ ပြီးဆုံးလတ်သော်၊ ကထိန်ကို နုတ်ပြီးသော် ဆယ်ရက်တာ ကာလပတ်လုံး အပိုသင်္ကန်းကို ဆောင်နိုင်၏။ ထို့ထက် ပို၍ဆောင်သော ရဟန်းအား စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ် သင့်၏"

အရှင်သာရိပုတ္တရာကို အကြောင်းပြုကာ မူလ ပညတ်ထား ပြီးသောသိက္ခာပုဒ်ကို ပြင်ဆင်ဖြည့်စွက်၍ ပေးတော်မူပေသည်။ အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာ မပြုရသေးသော အဝတ်အထည် ဟူသမျှကို ဝိနည်းတော်အရ အပိုသင်္ကန်းဟုခေါ်ဆိုရပေသည်။

အရှင်မြတ်ကြီး၏ ခင်မင်မှု

ယခု ဂေါသိင်္ဂ အင်ကြင်းတောမှာ တရားနာ လာကြသော အရှင်မြတ်များသည် ဤသို့သော ဝိနည်း သိက္ခာပုဒ်များကို အသက်နှင့်ထပ်တူ လေးစားကြပါ၏။ သူတို့ လေးပါးလုံးပင် ကျွန်ုပ်ထက် သိက္ခာကြီးကြပါ၏။ သို့ပါလျက် အရှင်မဟာ သာရိပုတ္တရာက ကျွန်ုပ်ကို ဦးစွာပထမ နှုတ်ဆက်လိုက်ခြင်းသည် ကျွန်ုပ်အပေါ် ခင်မင်ရင်းနှီးမှုကို လက်တွေ့ ပြလိုက်ခြင်းပင်

ဖြစ်ပေသည်။ ထိုသို့ ခင်မင်ရင်းနှီးသောကြောင့်ပင် သိက္ခာကြီးသော မထေရ်များထက် ရှေးဦးစွာ ကျွန်ုပ်၏ အမြင်ကို မေးမြန်းလိုက်ပေသည်။

"အာနန္ဒာ၊ ဂေါသိင်္ဂ အင်ကြင်းတောသည် ပျော်မွေ့ဖွယ် ကောင်းပေစွ။ ညဉ့်သည် အပြစ်ကင်းစင် ကြည်လင်ပေစွ။ အင်ကြင်းပင်တို့ကလည်း ပင်လုံးကျွတ်မျှ ပွင့်နေကြ၏။ ပန်းရနံ့တို့ သင်းပျံ့လှိုင်ပေစွ။ ဤအချိန် ဤအခါဝယ် ဤ ဂေါသိင်္ဂ အင်ကြင်းတောကို အဘယ်သို့သော ရဟန်းသည် ကျက်သရေတိုးအောင် စွမ်းဆောင်နိုင်မည်နည်း"

ယနေ့ည တရားပွဲကို ဤ မေးခွန်းဖြင့် စတင်လိုက်ပေပြီ။ ခါတိုင်းအကြိမ်များ၌ လေးနက်လှသော တရားသဘောများကို အရှင်မြတ်ကြီးကိုယ်တိုင် အကျယ်ဝေဖန်၍ ဟောခဲ့၏။ အနည်းနည်း အဖုံဖုံ အနုစိတ်၍ ဟောခဲ့၏။ ဤယနေ့မှာတော့ တပါးတည်းဟောကြားသော တရားပွဲအစား တရားဝိုင်းတခုဖြစ်လာပေတော့မည်။ ရောက်လာ သမျှ အရှင်မြတ်များ အားလုံး တရားဝိုင်းမှာ ပါဝင်ကြရပေတော့မည်။ ဂေါသိင်္ဂ အင်ကြင်း တောကို အလှကျက်သရေ တင့်ဖြိုးဝေအောင် ကိုယ်စီကိုယ်ငှ ပါဝင် ဆောင်ရွက်ကြရပေတော့မည်။

ကျွန်ုပ်၏အဖြေ

ဆောင်ရွက်ရန်တာဝန်သည် ပထမဦးစွာ ကျွန်ုပ်၏ခေါင်းပေါ်သို့ ရောက်လာပေပြီ။ ခင်မင်ရင်းနှီးမှုဖြင့် ကျွန်ုပ်ထံ ဦးဦးဖျား

ဖျား ပေးအပ်လာသော တာဝန်ကို ကျွန်ုပ်ကလည်း လေးလေးစားစား ဆောင်ရွက်ရပါလိမ့်မည်။ ထို့ကြောင့် အရှင်မြတ်ကြီးအား လက်အုပ်ချီ အရိုအသေပြုကာ—

"အရှင်ဘုရား၊ ဂေါသိင်္ဂအင်ကြင်းတောကိုကျက်သရေတိုးအောင် စွမ်းဆောင်နိုင်သော ရဟန်းမှာ အကြားအမြင် များသော ရဟန်း ဖြစ်ပါသည်။ အင်္ဂါ ကိုးပါး အပြားရှိသော ဘုရားဟော ဒေသနာတော်များကို မမေ့မပျောက် စောင့်ရှောက် ထိန်းသိမ်းနိုင်သော ရဟန်း ဖြစ်ပါသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သော ဒေသနာများသည် အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံကြပါသည်။ သဒ္ဒါရော အနက်ပါ ပြည့်စုံကြပါသည်။ ဘာလေးတခု ပိုသွားသည် ဟူ၍ နှုတ်ပယ်ပစ်စရာ မရှိပါ။ ဘုရားဟော ဒေသနာများသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရေး၊ ကျင့်သုံးရေးကို ပြဆိုထားကြပါသည်။ ထိုဒေသနာများကို နှုတ်တက်အာဂုံ ပြန်ဆိုနိုင်ခြင်း၊ စိတ်ထဲမှာစဉ်းစားကြည့်ရုံဖြင့် အထင်းသား အကွင်းသား ပေါ်လွင်နေခြင်း၊ အကျိုးရောအကြောင်းပါ ဉာဏ်ထဲမှာ ရှင်းလင်းပြတ်သားနေခြင်း၊ ပရိသတ်လေးပါး အလယ်တွင် စေ့စေ့စပ်စပ် လိမ့်ပတ်လည်အောင် ဟောကြားနိုင်ခြင်း၊ စကားစဉ်မပြတ်ပဲ လေသံမှန်မှန်ဖြင့် ဟောကြားနိုင်ခြင်း၊ တရားနာသူတို့၏ စိတ်သန္တာန်မှာပူးလာ ယှဉ်လာတတ်သော ကိလေသာတို့ လုံးဝ မပူး မယှဉ်လာအောင် ဟောကြားနိုင်ခြင်း။ ဤသို့ အရည်အချင်းရှိသော ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို ကျက်သရေ တိုးအောင် စွမ်းဆောင်နိုင်ပါသည် ဘုရား"

အရှင်မြတ်ကြီးများကို လေးစားသောအားဖြင့် စုံစုံစေ့စေ့ လျှောက်ထားလိုက်ရ၏။ ကျွန်ုပ်၏အမြင်ကို မေးမြန်းထားသဖြင့် ကျွန်ုပ်၏ စိတ်ခံဝတ်နှင့် လျှောက်ပတ်ရာကို ဖြေလိုက်ရပေသည်။ ဤစကားများကို ကြားနာရသော အရှင်မြတ်ကြီးများသည် ကျွန်ုပ်၏ရည်ရွယ်ချက်ကို သဘောပေါက်ကြလိမ့်မည် ထင်ပါသည်။

ကျွန်ုပ်၏ အာသီသ

မှန်ပါသည်။ အများ ပရိသတ်တို့ သိထားကြသည့်အတိုင်း ကျွန်ုပ်သည် ဘုရားဟော ဒေသနာများကို နှုတ်ရော, စိတ်ပါ ဆောင်ထားနိုင်သူ ဖြစ်ပါသည်။ ကျွန်ုပ်၏ သီတင်းသုံးဖော် များကိုလည်း ကျွန်ုပ်နှင့် ထပ်တူ ဆောင် စေ လို ပါသည်။ ဒေသနာတော်များကို နှုတ်ရော စိတ်ပါ ဆောင်ထားသည့် အတွက် ဝိနည်းတော်အရ အပ်စပ်သောအမှု၊ မအပ်စပ်သော အမှုကို ကွဲကွဲပြားပြား သိနိုင်ပါသည်။ အပြစ် အလေးအပေါ့ကို ထင်ထင် ရှားရှား ခွဲခြားနိုင်ပါသည်။ ဒေသနာ ဟူသမျှကို ပိုင်နိုင်ပြီး ဖြစ်၍ သီလ၊ သမာဓိ၊ ဝိပဿနာ ပညာမှစ၍ နိဗ္ဗာန် ရသည့် တိုင်အောင် ဒေသနာတော်မှာ လာရှိသည့် အတိုင်း ပြည့်ပြည့်စုံစုံ လိုက်နာ ကျင့်သုံးနိုင်ပါလိမ့်မည်။

ချောန်ဝင်စားရမည်

ဤသို့သော ရည်ရွယ်ချက်ဖြင့် ပြည့်ပြည့်စုံစုံ လျှောက်ထားသည် ကို အရှင်မြတ်ကြီးများက လည်း လေးလေးစားစား နားစိုက်

လျက် ရှိကြပါသည်။ မေးခွန်းရှင် အရှင်မဟာသာရိပုတ္တရာက လည်း စေ့စေ့စပ်စပ် မှတ်သားလိုက်သည့် လက္ခဏာ ရှိပါသည်။ သို့သော် အဆုံးအဖြတ်ကား မပြုသေးပါ။ အမှားအမှန် မဝေ ဖန်သေးပါ။ ဤတရားဝိုင်းမှာ ယခုမှစ၍ ဖွင့်ရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် နောက်ဘပါးပြောင်း၍ မေး ပြန်ပါ၏။

''ငါ့ရှင် ရေဝတ၊ အရှင်အာနန္ဒာ ကတော့ သူ့အမြင်ကို တင်လျှောက်သွားပေပြီ။ ထို့ကြောင့် ယခု သင့်ကို တလှည့် မေးရပါဦးမည်။ ဤ ဂေါသိင် အင်ကြင်းတောကို အဘယ် သို့သော ရဟန်းသည် ကျက်သရေတိုးအောင် စွမ်းဆောင်နိုင် မည်နည်း''

ပညာအရာ ဧတဒဂ် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်၏ အမေးကို ချာန်ဝင်စားရာတွင် 'ဧတဒဂ်' ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်က ဖြေ ကြားသည်မှာ—

''အရှင်ဘုရား၊ ဂေါသိင် အင်ကြင်းတောကို ကျက်သရေ တိုးအောင် စွမ်းဆောင်နိုင်သော ရဟန်းမှာ ဈာန်ဝင်စားလေ့ ရှိသော ရဟန်း ဖြစ်ပါသည်။ ဈာန်ကို အခြေပြု၍ ဝိပဿနာ ရှုသော ရဟန်းဖြစ်ပါသည်။ အေးချမ်းငြိမ်သက်ရာ ကျောင်း သခ်မ်းတို့၌ အေးချမ်း ငြိမ်သက်စွာ တရားကျင့်သုံးနေသော ရဟန်း ဖြစ်ပါသည် အရှင်ဘုရား''

သီတင်းသုံးဖော် ရဟန်းတော်များလည်း သူ့နည်းတူ စိတ် နှလုံးချမ်းမြေ့စွာ နေစေလို၍ လျှောက်ခြင်း ဖြစ်ပါလိမ့်မည်။

ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်နိုင်ရမည်

ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးသည် အရှင်ရေဝတ၏ လျှောက်ထား ချက်ကိုလည်း အမှားအမှန် မဝေဖန်သေးပဲ အရှင်အနုရုဒ္ဓါသို့ ဆက်လက်၍ မေးတော်မူရာ—

"အရှင်ဘုရား၊ မျက်စိ ကောင်းသော ယောကျ်ားသည် ပြာသာဒ်ထက်မှ မြေပြင်သို့ငုံ့ကြည့်လိုက်သောအခါ တထောင် မျှသော လည်းဘီးများကို အထင်းသား အကွင်းသား မြင်ရဘိ သကဲ့သို့၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်လိုက်သော အခါ တထောင်သော လောကဓာတ်တို့ကို အထင်းသား, အကွင်း သား မြင်ရ၏။ ဤသို့ ဒိဗ္ဗစက္ခု အဘိညာဉ်ရသော ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို ကျက်သရေတိုးအောင် စွမ်းဆောင် နိုင်ပါသည် ဘုရား"

အရှင်အနုရုဒ္ဓါ၏ ရည်ရွယ်ချက်ကလည်း သိတင်းသုံးဖော် များ အတုယူရေး အတွက်သာ ဖြစ်ပါလိမ့်မည်။ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သတ္တဝါအနန္တတို့၏ ဖြစ်ပုံ ပျက်ပုံ ဇာတ်လမ်းစုံ ကို သိမြင်၍ ထိုသို့သော ဝဋ်ဘုံကြီးကို ငြီးငွေ့ ထိတ်လန့်ကာ ဝဋ်မှလွတ်ရာ မြိုက်ချမ်းသာကို မျက်မှောက်ပြုကြရန် ဖြစ်ပါ လိမ့်မည်။

ဓုတင် ဆောက်တည်ရမည်

အရှင် အနုရုဒ္ဓါ ပြီးတော့ အရှင် မဟာကဿပ၏ အလှည့် ဖြစ်ပါသည်။

"အရှင်ဘုရား၊ တပည့်တော်တို့၏ သာသနာတော်ကြီးတွင် ကိလေသာကိုခါထွက်ကြောင်းဓုတင်အကျင့်များရှိကြပါသည်။ ထိုအကျင့်များတွင် တောရ ဆောက်တည်သော အာရညိက ဓုတင်၊ နေ့စဉ်ဆွမ်းခံစားသော ပိဏ္ဍပါတိက ဓုတင်၊ ပံ့သကူ သင်္ကန်းကိုသာ ဝတ်ရုံသော ပံသုကူလိက ဓုတင်၊ သင်္ကန်း သုံးထည်ကိုသာ အမြဲဥဒ္ဒါန်းတင်၍ နေ့စဉ်ဝတ်ရုံသော တေစီဝရိက ဓုတင်တို့ ပါဝင်ကြပါသည်။ ဤသို့သော ဓုတင်အကျင့်များကို ကိုယ်တိုင်လည်း ကျင့်၍ မိမိနည်းတူ ကျင့်သုံးသူများကိုလည်း ချီးမွမ်းတတ်သော ရဟန်းသည် ဂေါသိင် အင်ကြင်းတောကို ကျက်သရေတိုးအောင် စွမ်းဆောင်နိုင်ပါသည်"

ဘုရားရှင်၏ ကိုယ်စားလှယ်ဖြစ်သော ဤအရှင်မြတ်ကြီး၏ ရည်ရွယ်ချက်ကလည်း သာသနာတော်ကြီးအတွက်သာ ဖြစ်ပါလိမ့်မည်။ ဤသို့သော ဓုတင်အကျင့်များဖြင့် ပစ္စည်းလေးပါးတို့ အပေါ်တွင် သာယာ ကပ်ငြိမှုများကို ညှိုးခြောက်စေလျက် ကျန်သော ကိလေသာတို့ကိုလည်း အကုန်အစင် ခါထွက်နိုင်စေရန် ဖြစ်ပါလိမ့်မည်။

အဘိဓမ္မာတရား ဟောကြားနိုင်ရမည်

တတိယ မဟာသာဝကကြီး ဖြေဆိုပြီးနောက် အလှည့်ကျသူ ဒုတိယ မဟာသာဝက ကြီးကလည်း—

"အရှင်ဘုရား၊ ရဟန်းနှစ်ပါးတို့သည် အဘိဓမ္မာ တရားတို့ကို ဆွေးနွေးကြပါသည်။ တပါးနှင့်တပါး အပြန်အလှန်

မေးမြန်း၍၊ အပြန်အလှန် ဖြေကြားကြပါသည်။ ဤသို့ မေးမြန်းကြသဖြင့် နှစ်ပါးလုံးပင် တွန့်တို ဆုတ်နစ်ခြင်း မရှိကြပါ။ ထို ရဟန်းတို့၏ တရားဆွေးနွေးသံမှာ စမ်းရေလျှဉ် တသွင်သွင် စီးသကဲ့သို့ အစဉ်မပြတ် ဆက်စပ်လျက်ရှိ၏။ ထိုသို့ အဘိဓမ္မာတရား ဟောကြားနိုင်သော ရဟန်းသည် ဂေါသိင် အင်ကြင်းတောကို ကျက်သရေတိုးအောင် တွမ်းဆောင်နိုင်ပါသည်ဘုရား"

ဤ အရှင်မြတ်ကြီးသည် သမာဓိပါရမီတွင် အထွတ်အထိပ်ရောက်ပြီးသူ ဖြစ်၏။ ထို သမာဓိ အထောက်အကူဖြင့် အဘိဓမ္မာဉာဏ် ထက်သန်လှသည် ဖြစ်ရာ ခန္ဓာ၊ အာယတန၊ ဓာတ်စသော အဘိဓမ္မာ တရားများကို အနုစိတ်၍ ဟောကြားနိုင်ပေသည်။ တရားတမျိုးနှင့်တမျိုး မရောမထွေးစေပဲ နာကြားရသူတို့အား ဉာဏ်အမြင်ရှင်းအောင် ဟောကြားနိုင်ပေသည်။ ထို့ကြောင့် သူ့နည်းတူ ထက်သန်လှသောအဘိဓမ္မာဉာဏ်ဖြင့် သိမ်မွေ့လှသော တရားသဘောတို့တွင် သက်ဝင် ကျက်စားစေနိုင်ရန် ရည်သန်လိမ့်မည် ထင်ပါသည်။

တန်ခိုးအရာ ဧတဒဂ် ဂုဏ်ထူးဆောင် အရှင်မြတ်ကြီးသည် မိမိအမြင်ကို ဤသို့ တင်ပြပြီးနောက်—

"အရှင် သာရိပုတ္တရာ ဘုရား၊ တပည့်တော်တို့ အားလုံး၏ အမြင်များကို အသီးသီး လျှောက်ထား၍ ပြီးကြပါပြီ။ ထို့ကြောင့် တပည့်တော်တို့က တဖန် အရှင်ဘုရားကို မေးပါရစေ။ အဘယ်သို့သော ရဟန်းသည် ဂေါသိင် အင်ကြင်းတောကို ကျက်သရေတိုးအောင် တွမ်းဆောင်နိုင်ပါမည်နည်း"

တရားစစ်သူကြီး၏ အလှည့် ရောက်လာပြီမို့ တဆက်တည်း လျှောက်ထားလိုက်ရပေသည်။

သမာပတ်အမျိုးမျိုးဝင်စားနိုင်ရမည်

ဤတွင် တရားစစ်သူကြီး အရှင်မဟာသာရိပုတ္တရာက—

'အို—အရှင်တို့၊ ဂေါသိင် အင်ကြင်းတောကို ကျက်သရေ တိုးအောင် စွမ်းဆောင်နိုင်သော ရဟန်းမှာ မိမိစိတ်ကို မိမိ အလိုသို့ပါအောင် စွမ်းဆောင်နိုင်သူ ဖြစ်၏။ ထိုရဟန်းသည် စိတ်သွားရာသို့ မလိုက်ပါပေ။ ဥပမာအားဖြင့် ပြည့်ရှင်မင်း မှာသော်လည်းကောင်း၊ အမတ်ကြီးမှာသော် လည်းကောင်း အရောင်အသွေး အမျိုးမျိုးသော အဝတ် အထည် များသည် သေတ္တာကြီးနှင့် အပြည့် ရှိကုန် ရာ၏။ ထို မင်းသည် လည်း ကောင်း၊ အမတ်ကြီးသည် လည်းကောင်း နံနက် တခါ၊ နေ့လယ်တခါ၊ ညနေတခါ အဝတ်လဲရာတွင် မိမိနှစ်သက်ရာ အဝတ်ကို လဲလှယ် ဝတ်ဆင်ဘိ သကဲ့သို့ တရားပြည့်ပြီးသော ရဟန်းသည်လည်း နံနက်မှာ ဖြစ်စေ၊ နေ့လယ်မှာ ဖြစ်စေ၊ ညနေမှာ ဖြစ်စေ မိမိနေလိုသော သမာပတ်ဖြင့် နေထိုင်၏။ လောကီ လောကုတ္တရာ သမာပတ်များကို အလဲအလှယ် ဝင် စားနေ၏။ ထိုသို့သော ရဟန်းသည် ဂေါသိင် အင်ကြင်း တောကို ကျက်သရေတိုးအောင် စွမ်းဆောင်နိုင်ပေသည်''

ပညာပါရမီတွင် အထွတ်အထိပ်ရောက်ပြီးသူ ဖြစ်၍ ဤသို့ မိန့်တော်မူခြင်း ဖြစ်ပေသည်။ မှန်ပါသည်။ လောကုတ္တရာ

ပညာရှိသူများသည်သာလျှင် မိမိစိတ်ကို မိမိ လိုရာထားနိုင်ကြပါသည်။

ဤအရှင်မြတ်ကြီး၏ ရည်ရွယ်ချက်မှာလည်း ယခင်အရှင်မြတ်ကြီးများ အတိုင်းသာ ဖြစ်ပါလိမ့်မည်။ သီဘင်းသုံးဖော် သံဃာတော်များလည်း သူ့နည်းတူ ဉာဏ်ပညာ ထက်မြက်ကြစေရန် ရည်သန်ပါလိမ့်မည်။ ထက်မြက်သော ဉာဏ်ပညာဖြင့် မိမိတို့ စိတ်ကို အပြင်အပ အာရုံများဆီသို့ အနည်း ငယ်မျှ မရောက်စေပဲ မိမိတို့ ခန္ဓာမှာ မှန်စွာ ပြနေသော တရားကို ထိုးထွင်းသိစေရန် ဖြစ်ပါလိမ့်မည်။

ဘယ်အဖြေကမှန်သနည်း

ယခု ဤတရားဝိုင်းမှာရှိနေကြသောပုဂ္ဂိုလ်အားလုံး လျှောက်ထား၍ ပြီးကြပါပြီ။ တပါးနှင့် တပါး ရှုမြင်ပုံချင်း မတူသဖြင့် တင်ပြပုံချင်း လုံးဝ မတူကြပါ။ မိမိတို့ အလေ့အလာများရာ၊ မိမိတို့ စိတ်ဓာတ်နှင့် ဆီလျော်ရာကိုသာ ဖြေခဲ့ကြပေသည်။ ဤအဖြေများမှ အမှား အမှန်ကို မည်သို့ ဝေဖန်ရပါမည်နည်း။ မည်သူက ဝေဖန် ပါမည်နည်း။ သည်ဝိုင်းမှာ ဂုဏ်သိက္ခာ အကြီးဆုံးသည် အရှင်မဟာသာရိပုတ္တရာ ဖြစ်၏။ သူ၏ တရားကို ကြားချင် နာချင်ကြ၍ပင် ကျွန်ုပ်တို့အားလုံး စုဝေးလာခဲ့ကြ၏။ ထို့ကြောင့် အရှင်မဟာ သာရိပုတ္တရာက သာ ရွေးချယ်ပေးလျှင် အားလုံးက ကျေနပ်စွာ လက်ခံကြပါလိမ့်မည်။ သို့သော် ဤအရှင်မြတ်ကြီးကား တင်ပြချက်

အားလုံးအပေါ် အမှား၊ အမှန် မဝေဖန်ပါ။ သည်တရားဝိုင်းထဲတွင် သူ့ကိုယ်ပိုင် အမြင်ကိုလည်း တင်ပြထား၍ ဝေဖန်ရခက်နေသလားမသိပါ။ ထို့ကြောင့် တရားဝိုင်းခေါင်းဆောင်ကြီးက တရားဝိုင်းတခုလုံးကို ဘုရားရှင် ရှေ့တော် မှောက် သို့ သယ်ဆောင်ကာ—

"အရှင်ဘုရား၊ မည်သူ၏ တင်ပြ ချက်သည် မှန်ကန်ပါသနည်း" ဟု မေးလျှောက်ရ၏။

တထိုင်တည်းဖြင့် ရဟန္တာဖြစ်ရမည်

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "သာရိပုတ္တရာ၊ သင် တို့အားလုံး၏ တင်ပြချက်များသည် ကိုယ့် အကြောင်းနှင့် ကိုယ်မှန်ကန်သည်ချည့် ဖြစ်ကြ၏။ မမှန်ကန်သော တင်ပြချက်ဟူ၍ မပါရှိပေ။ သို့ရာတွင် ငါဘုရား၏ တင်ပြချက်ကိုလည်း ကြားနာကြကုန်"

"သာရိပုတ္တရာ၊ ရဟန်းသည် ဆွမ်းစားပြီးနောက် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။ ကိုယ်ကိုဖြောင့်မတ်စွာ ထား၏။ သတိလက်ကိုင် ခိုင်မြဲစေလျက် ဤသို့အဓိဋ္ဌာန်ပြု၏။ "ငါ၏ စိတ်သည် ဘာအာရုံတခုကိုမျှ မယူမစွဲမူ၍ လွတ်ရာကျွတ်ရာ မရောက်သေးသမျှ ငါသည် ဤပလ္လင်ယာပုထ်ကို မဖျက်ပဲနေအံ့" ဤသို့ အဓိဋ္ဌာန်ပြုကာ ဆက်လက်၍ထိုင်နေ၏။ ဤသို့သော ရဟန်းသည် ဂေါသိင်္ဂ အင်ကြင်းတောကို ကျက်သရေတိုးအောင် စွမ်းဆောင်နိုင်ပေသည်"။

ဤတင်ပြချက်ကား ကိုယ့်အကြောင်းနှင့်ကိုယ်ထောက်ဆ၍ မှန်ကန်ရသော တင်ပြချက် မဟုတ်ပေ။ သာသနာ့ ဝန်ထမ်း ရဟန်းအားလုံးနှင့် တိုက်ရိုက် သက်ဆိုင် နေသော တင်ပြချက် ဖြစ်၏။ ဤတင်ပြချက်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ကိုယ်တော်တိုင် အဓိဋ္ဌာန်ဝင်ခဲ့ပုံပင် ဖြစ်၍ တပည့်သားရဟန်းများလည်း သူ့နည်းတူ အဓိဋ္ဌာန်ဝင်ကြရန် ဘုရားရှင် ရည်ရွယ်တော်မူပါလိမ့်မည်။ အရဟတ္တဖိုလ် ရောက်သည်အထိ မဆုတ်မနစ် ကြိုးစားကြရန် ရည်ရွယ်တော်မူပါလိမ့်မည်။

ဤသို့သော ရည်ရွယ်ချက်ကို ရိပ်စားမိကြသဖြင့် ဤ မိန့်ခွန်းတော်ကို ကျွန်ုပ်တို့ အားလုံးက သဘောပေါက်ကြပါသည်။

သာသနာတော်ကြီး တခုလုံး အတွက် လိုရင်း အကျဆုံး ဤမိန့်ခွန်းတော်သည် ဂေါသိင်္ဂအင်ကြင်းတောကို ကျော်လွန် မွှေးပျံ့လျက်ရှိပေသည်တကား။

[မူလပဏ္ဏာသ၊ မဟာဂေါသိင်္ဂသုတ် ပါဠိတော်နှင့် အဋ္ဌကထာ။ နိဿဂ္ဂိယပါစိတ်၊ ပထမကထိနသိက္ခာပုဒ်ပါဠိတော်နှင့် အဋ္ဌကထာ]

အမြတ်ဆုံးချမ်းသာ

ဖဝါးခြေထပ် လိုက်ပါလာသူများ

ဂေါသိင်္ဂ အင်ကြင်းတောမှာတုန်းက တထိုင်တည်း ရဟန္တာ ဖြစ်သည်ထိ စွမ်းဆောင်နိုင်သောရဟန်းကို ချီးမွမ်းတော်မူခဲ့၏။ ထိုသို့သော ရဟန်းသည်သာ ဂေါသိင်္ဂအင်ကြင်းတောကို ကျက်သရေတိုးအောင်စွမ်းဆောင်နိုင်သည်ဟုဟောကြားတော်မူခဲ့၏။ ဤသို့ ဟောကြားတော်မူသည်မှာ အရှင်မြတ်ကြီးတို့ ဆွေးနွေးခဲ့သော စကားစဉ်အရ ဖြစ်၏။ တိုက်ရိုက် ဟောကြားထားသော ဒေသနာမှ ရနိုင်သမျှ အနက်အဓိပ္ပာယ်များကို ဆောင်ယူရပါ

လျှင် ထိုသို့သော အာဇာနည်အရှင်မြတ်သည် သာသနာ တခုလုံး၏ ကျက်သရေဆောင် ဖြစ်ပေသည်။

ပေါမိပင်နှင့် ရွှေပလ္လင်မှာတုန်းက ကိုယ်တော်တိုင် နမူနာပြခဲ့သော ဤ လမ်းစဉ်အတိုင်း အမီလိုက်နိုင်ရန် ကျွန်ုပ်တို့ သီတင်းသုံးဖော်များ ကြိုးစားကြပါ၏။ ကြိုးစားသလောက် ခရီးရောက်သူများ ထွက်ပေါ်လာပါ၏။ ထိုအထဲမှာ ရဟန်းငယ်လေးတွေလည်း အပါအဝင် ဖြစ်ပေသည်။

သူတို့၏ မျက်နှာလေးတွေက နုပျိုကြ၏။ နုပျိုသူတို့မှာ တွေ့ရတတ်သော မာန်မာန အမူအရာ မရှိ။ ပကတိ သန့်ရှင်းကြည်လင်ကြ၏။ သန့်ရှင်း ကြည်လင်သော စိတ် အစဉ်က သူတို့၏ မျက်နှာပေါ်သို့ အရိပ်ထင်နေခြင်း ဖြစ်ပေသည်။

လောကီရေးရာဘက်ကကြည့်လျှင် သူတို့၏တသက်တာဝယ် မျှော်လင့်ချက်တွေ တသီကြီး ရှိနေကြ၏။ကျမ်းမာသန်စွမ်းသော ကိုယ်ခန္ဓာ၊ ရဲရင့်ခိုင်မာသော စိတ်ဓာတ်တို့ဖြင့် စစ်သူရဲကောင်းကြီးများ ဖြစ်လာနိုင်ကြ၏။ နိုင်ငံရေးရာ လေ့လာတတ်ကျွမ်းမှုဖြင့် မင်းတိုင်ပင်အမတ်ကြီးများဖြစ်လာနိုင်ကြ၏။ မိဘများ၏ အရောင်းအဝယ် လုပ်ငန်းများကို ဆက်ခံခြင်းဖြင့် သဌေးသူကြွယ်ကြီးများ ဖြစ်လာနိုင်ကြ၏။ အများနည်းတူ သားနှင့်မယားနှင့် သိုက်သိုက်ဝန်းဝန်း နေမည်ဆိုလျှင် နေနိုင်သူများ ချည့် ဖြစ်၏။ သို့ပါလျက် လောကီဘက်က မျှော်လင့်ချက် တသီကြီးကို စွန့်လွှတ်ကာ သာသနာတော် အတွင်းသို့ ဝင်လာကြ၏။ ရှင်တော်မြတ်၏အပြုအမူကို အတုယူကာ မဆုတ်

မနစ် အားသစ်သောအားဖြင့် အထွတ်အထိပ်သို့ ရောက်လာကြ၏။ ရောက်လေရာအရပ်ဝယ် အမြော်လွှတ်ရာ တရားနှင့် စိတ်နှလုံး ချမ်းမြေ့စွာ နေလာကြ၏။

ထူးမြတ်သောဆု

ဤသို့ အမြော်လွှတ်ရာ တရားနှင့် ထာဝစဉ် နေနိုင်ရေးသည် ကျွန်ုပ်တို့ သာသနာတော်ကြီး၏ ပန်းတိုင်ဖြစ်၏။ အမြော်လွှတ်ရာတရားကို မျက်မှောက်ပြုကာ အမြော်လွှတ်စွာ နေနိုင်ခြင်း သည် ကျွန်ုပ်တို့ သာသနာတော်ကြီးက ထိုက်ထိုက်တန်တန် ပေးအပ်လိုက်သော ဆုဘူးဆုမြတ် ဖြစ်ပေသည်။

ထူးမြတ်သော ဤဆုလဒ်သည် လောကီစည်းစိမ် ဟူသမျှထက် အဆတရာမက သာပေသည်။ ဤသို့ သာလွန်ခြင်းမှာ လောကီစည်းစိမ်များထက် ခံစားမှု၊ စံစားမှု အရာမှာ သာလွန်ခြင်း မဟုတ်ပေ။ လောကီစည်းစိမ်များကဲ့သို့ ခံစားဖွယ်၊ စံစားဖွယ်ဟူ၍ လုံးဝ မရှိသောကြောင့် ဖြစ်ပေသည်။

ဤဆုလဒ်သည် ထူးမြတ်သော ဆုလဒ် ဖြစ်၍ ထူးမြတ်သော ပညာရှင်တို့သာလျှင် ဆွတ်ခူးနိုင်ကြ၏။ ဆွတ်ခူးထားသော ဆုလဒ်ဖြင့် ဘဝတသက်တာတွင် စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်သွားနိုင်ကြ၏။ ဤအဆင့်ထိ လက်လှမ်းမမီနိုင်သူတို့မှာကား ဤဆုလဒ်နှင့်ပတ်သက်၍ ငြင်းချက်ထုတ်စရာကိုသာ ရှာကြံ၍ နေကြပေသည်၊

ဤသို့ ရှာကြံနေသူများသည် အပြင်အပက အဖွဲ့အစည်းများမှာသာ ရှိသည်မဟုတ်။ ကျွန်ုပ်တို့ သာသနာတော်တွင်း

မှာလည်း ရှိနေပေသည်။ ကျွန်ုပ်တို့နှင့် အတူနေ, အတူစား, အတူသွားလာနေကြသောပုဂ္ဂိုလ်များထဲမှာပင် ရှိနေပေသည်။ သူကား အခြားမဟုတ်။ နာမည်ကြီးလှသော အရှင်ဥဒါယီ ဖြစ်ပေသည်။

လော်လီသော ဥဒါယီ

ကျွန်ုပ်တို့ သာသနာတော်ထဲဝယ် 'ဥဒါယီ' ဟူ၍ ဘွဲ့မည်တူ သုံးပါး ရှိကြ၏။ ဘုရားရှင်အား ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်လာစေရန် ကဗျာ လင်္ကာဖြင့် ပင့်ဆောင်ခဲ့သော အရှင် ဥဒါယီကား အတန်ငယ်အသားညိုသောကြောင့် 'ကာဠုဒါယီ' ဟု ခေါ်တွင်၏။ အရှင်ကာဠုဒါယီနှင့်အတူ လင်္ကာဝံရှိ မဟာ သာဝက လေးဆယ် စာရင်းဝင် အရှင်ဥဒါယီကိုကား ကြီး မြတ်သော ဂုဏ်ကျေးဇူးများကြောင့် မဟာဥဒါယီဟု ခွဲခြား၍ ခေါ်ဝေါ်ကြရ၏။ ယခု တင်ပြရမည့် ပုဂ္ဂိုလ်ကား ဟိုစပ်စပ် သည်စပ်စပ် ပါတတ်သောကြောင့်၊ လျှပ်ပေါ်လော်လီတတ် သောကြောင့် 'လာဠုဒါယီ'ဟု အမည်ပေးထားကြရပေသည်။

သည်အရှင် ဥဒါယီ၏ လျှပ်ပေါ်လော်လီပုံကား ဝိနည်း ပိဋကတ်မှာ မှတ်တမ်းဝင်လျက် ရှိပါ၏။ သူသည် ပထမ ပါရာဇိက ကျသည်အထိကား ကျူးကျူးလွန်လွန် မရှိခဲ့ပါ။ သို့သော် ရောက်လေရာရာတွင် အမျိုးသမီးများနှင့် ထိကပါး ရိကပါး နေခဲ့၏။ ကိုယ်ထိလက်ရောက် မထိရသော အခါ စကားအားဖြင့် ထိတတ်၊ ရိတတ် ပါသေး၏။ မိမိကိုယ်တိုင်

မတော်မလျော် ပြုရိုမက သူနှင့်ပတ်သက်သော ရဟန်းများကို လည်း နည်းပေးလမ်းပြ လုပ်တတ်ပါသေး၏။ သူ့အမူအကျင့် များကို တားဆီးနိုင်ရန် သံဃာဒိသိသ် သိက္ခာပုဒ် ပညတ်ခဲ့ရ ပေသည်။

ဤသိက္ခာပုဒ်များ ပညတ်ခဲ့စဉ်က ပြစ်မှုကျူးလွန်ခဲ့သော အရှင်ဥဒါယီအား ဘုရားရှင်က အမျိုးမျိုး ကဲ့ရဲ့တော်မူခဲ့၏။ သံဃာ့ပရိသတ် အလယ်တွင် ခေါင်းမဖော်ရဲလောက်အောင် ရှုတ်ချတော်မူခဲ့၏။ ဘုရားရှင် ကြိမ်းမောင်းစဉ်တွင် သူ့ခမျာ မျက်နှာညှိုးငယ်စွာ ကျုံ့ကျုံ့ကလေး ထိုင်နေရ၏။ ဘယ်သူ နှင့်မျှ မျက်နှာချင်း မဆိုင်ရဲသဖြင့် ခေါင်းငိုက်စိုက် ချထား ရ၏။ သည်လိုပုံကို မြင်ရပြန်တော့လည်း သူ့စရိုက်ဆိုးများကို သည်နေရာမှာပင် အဆုံးသတ်တော့မှာလိုလို။ သို့သော် သူ့ကို ကျွန်ုပ်တို့ အားလုံးက မယုံပါ။ ထိမိ ခိုက်မိသည့် တခဏ ညှိုးခွေသွားသော ထိကရုံးပင်ပမာ မကြာမီ ခေါင်းထောင် လာဦးမည့်သူ ဖြစ်ပါသည်။ ယခင် သိက္ခာပုဒ်များ ပညတ် စဉ်ကလည်း ဤသို့ပင်ခေါင်းလျှိုခဲ့ဘူးသည် မဟုတ်ပါလော။

[သံဃာဒိသိသ်။ ပထမ၊ဒုတိယ၊တတိယ သိက္ခာပုဒ်]

နိဗ္ဗာန်ချမ်းသာ

ကျွန်ုပ်တို့ ထင်ကြေးပေးခဲ့သည့် အတိုင်းပင် ညှိုးခွေခဲ့သော ထိကရုံးပင်သည် မကြာမီ ခေါင်းထောင် လာပေသည်။ သည်တခါတော့ အမျိုးသမီးများနှင့် မပတ်သက်ပါ။ တရား

သဘောနှင့်သာ ပတ်သက်ပါသည်။ သာသနာ တော်ကြီး အတွက် အချက်အချာ အကျဆုံး နိဗ္ဗာန်တရားတော်နှင့်သာ ပတ်သက်နေပါသည်။

သည်တုန်းက ကျွန်ုပ်တို့အားလုံး ရာဇဂြိုဟ်မြို့တော် ရောက်နေခိုက် ဖြစ်၏။ ဘုရားရှင်နှင့် အတူတကွ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနိုက် ဖြစ်၏။ ရဟန်းပရိသတ်များတွင် အရှင်မဟာ သာရိပုတ္တရာ လည်း ပါလာသဖြင့် ဝေဠုဝန်ကျောင်းတော်တွင် တရားပွဲကြီးများ နေ့စဉ်နေ့တိုင်း ကျင်းပကြရ၏။

ထိုညနေကတရားပွဲတွင်အရှင်မြတ်ကြီးသည် နိဗ္ဗာန်တရားကို အသားချ၍ ဟောကြား၏။ ဟောကြားယင်းက နိဗ္ဗာန်တရားတော်၏ အေးမြချမ်းသာသော ဂုဏ်ကျေးဇူးကို ချီးကျူးသော အားဖြင့် "အို—ငါ့ရှင်တို့၊ ဤနိဗ္ဗာန်သည် ချမ်းသာလေစွတကား။ ငါ့ရှင်တို့၊ဤနိဗ္ဗာန်သည် ချမ်းသာလေစွတကား"ဟု ကြိမ်ဖန်များစွာ မြွက်ဆိုပေသည်။ ဤတွင် ပွဲတိုင်းကျော် အရှင်ဥဒါယီက သံဃာ့ပရိသတ်ထဲမှ ထ၍ လျှောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဟန်သာရှိ၍ အဆံမရှိ

တကယ်တော့ဖြင့် ဤသို့သော တရားသဘောသည် သူ့အရာ မဟုတ်ပါ။ သူ လက်လှမ်းမီနိုင်သော တရားမျိုးလည်း မဟုတ်ပါ။ နိဗ္ဗာန်နှင့်ပတ်သက်၍ ပဋိပတ်, ပဋိဝေဓ စခန်းများကို

အသာထားပါဦး။ ပရိယတ်သဘောဖြင့် ပြောဟောနိုင်ရန်ပင် သူ မစွမ်းနိုင်သေးပါ။ သို့ပါလျက် သံဃာ့ပရိသတ်အလယ်မှ သူ ရဲ့ရဲ့စွာ ထလာခဲ့ပေပြီ။ ပညာဂုဏ်ထူးဆောင် အရှင်မြတ်ကြီးနှင့် အလေးနက်ဆုံးသော တရားသဘောကို အပြန်အလှန် ဆွေးနွေးရန် ချဉ်းကပ်လာပေပြီ။

ဟန်ပါပါလှမ်းလာသောသူ့အမူအရာနှင့် ရှင်လန်းတက်ကြွသော သူ့မျက်နှာများက တကယ့် သာသနာ့အာဇာနည်ကြီး ပမာ ဖြစ်ပါ၏။ အကြောင်းမသိရှာသေးသော ရဟန်းငယ်ကလေးများ ကြည်ညိုစရာ ဖြစ်ပါ၏။ အားကျမည်ဆိုကလည်း ကျလောက်ပါ၏။ သို့သော် ကျွန်ုပ်တို့ကတော့ သူ့သဘော, သူ့မနေ့ကို အထင်းသား, အရှင်းသား သိထားပြီး ဖြစ်ပါသည်။

မခံစားရပဲ ချမ်းသာနိုင်မည်လော

မတော်မလျော် ပြုကျင့်ခဲ့သဖြင့် အမူနှင့်လျော်အောင် သူ့ကို ဘုရားရှင်က ကြိမ်းမောင်းတော်မူရ၏။ သံဃာ့ပရိသတ် အလယ်မှာ ကဲ့ရဲ့ရှုတ်ချတော်မူရ၏။ သည့်အတွက် သာသနာ့အသိုက်အဝန်းထဲဝယ် သူ့နာမည် ညှိုးမှိန်ခဲ့ရ၏။ သူ့ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရ၏။ ထို့ကြောင့် သူ့နာမည် ပြန်လည်ရှိတက်လာအောင်၊ သူ့ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်အောင် သူ ကြိုးစားရပါလိမ့်မည်။ ဤသို့ ကြိုးစားနိုင်ရန် ဤ တရားပွဲကပင် အခွင့်အရေး ပေးလာခဲ့ပေပြီ။ ပေးလာသော အခွင့်အရေးကို အရှင်ဥဒါယီက လက်လွှတ်မခံနိုင်ပါ။ ထို့ကြောင့်—

"အရှင်သာရိပုတ္တရာ၊ နိဗ္ဗာန်မှာ ဝေဒနာ သဘောဖြင့် ခံစားရန် လုံးဝ မရှိပါ။ ဝေဒနာသဘောဖြင့်ခံစားရန် လုံးဝ မရှိသော နိဗ္ဗာန်တွင် ချမ်းသာခြင်း ဟူ၍ ရှိနိုင်ပါဦးမည် လော"

အရှင်မြတ်ကြီးထံ လက်အုပ်ချီလျက် ပိုင်ပိုင် နိုင်နိုင်ကြီး မေးခွန်းထုတ်လိုက်ပါ၏။ ချီထားသော လက်အုပ်သည် ရိုသေ ဂါရဝရှိပုံကို သရုပ်ပြရုံမျှ ဖြစ်၏။ သူ့အတွင်းသဘောကတော့ ဤမေးခွန်းဖြင့် အရှင်မြတ်ကြီးကို သိက္ခာချလိုက်ရန်ပင်ဖြစ်၏။ 'ဝေဒနာ' ဟူသည် အချုပ်အားဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဟူ၍ သုံးမျိုးရှိ၏။ နိဗ္ဗာန်တရားတွင် သုံးမျိုးသော ဤဝေဒနာများ ဖြင့် တစုံတရာ ခံစားရန် မရှိဟု ကြားဘူးနားဝ ရှိထား၏။ သို့ပါလျက် အရှင်မဟာသာရိပုတ္တရာက သံဃာ့ပရိသတ်အလယ် တွင် 'ဤနိဗ္ဗာန်သည် ချမ်းသာလေစွ' ဟု မြွက်ကြားလိုက်ပေပြီ။ ပညာ ဂုဏ်ထူးဆောင် အရှင်မြတ်ကြီးသည် သည်တခါတော့ တက်တက်စင်အောင် မှားသွားလေပြီတကား။

သံဃာ့ပရိသတ် အလယ်တွင် အရှင်မဟာ သာရိပုတ္တရာကို သိက္ခာချလိုက်ရသည့် အတွက် အရှင်ဥဒါယီသည် မိန့်မိန့်ကြီး ပြုံးလျက်ရှိ၏။ ဘုရားရှင်၏ကိုယ်တော်စားဖြစ်၍ မည်သူတဦး တယောက်ကမျှ အံ့တုဖက်ပြိုင်မှု မပြုရဲသော အရှင်မြတ်ကြီးကို ယခု သူက အံ့တုဖက်ပြိုင် အနိုင်ရခဲ့ပြီ မဟုတ်ပါလော။ ဤသို့ အနိုင်ရခဲ့သည့်အတွက် ကျဆင်းခဲ့ရလေသမျှသော သူ့သိက္ခာ များကို ပြန်၍ ဆည်နိုင်ပေတော့မည်။ အပျက် သဘောဖြင့်

ကျော်ကြားခဲ့သော သူ့နာမည်သည် သည်က ရှေ့မှာတော့ ရဲရဲတောက် သာသနာ့အာဇာနည်ကြီးအဖြစ် နာမည်ကြီးလာပေတော့မည်။

ခံစားမှု မပါသော ချမ်းသာ

သို့ရာတွင် သူ့ရည်မှန်းချက်များ တခုမျှ အကောင်အထည်ပေါ်မလာပါ။ အရေးပါ အရာရောက်လှပြီဟု ထင်မှတ်ထားသော သူ့မေးခွန်းသည် အရှင်မြတ်ကြီး အပေါ် မည်သို့မျှ အရာမရောက်ပါ။ လက်ပံပင်မှာ ပေါက်စခဲ့သော သစ်တောက်ငှက်က ရှားပင်ကို လာစမ်းသကဲ့သို့သာ ဖြစ်ပေသည်။ မတန်မရာ လာစမ်းသဖြင့် ရှားပင်မှာ ဘာမျှမဖြစ်ပဲ သစ်တောက်ငှက်မှာသာ နှုတ်သီးကျိုးသွားရပေသည်။

"ငါ့ရှင် ဥဒါယီ၊ ဤနိဗ္ဗာန်မှာ ဝေဒနာသဘောဖြင့် ခံစားရန် လုံးဝ မရှိခြင်းသည်ပင် ချမ်းသာခြင်း ဖြစ်ပေသည်"

မဆင်မခြင် တောက်လာသော သစ်တောက်ငှက်ကို ရှားပင်က မည်သို့မျှမပြုပဲ မိမိ၏ ခိုင်မာသောသဘောကိုသာ ပြလိုက်ရပေသည်။

[အင်္ဂုတ္တရပါဠိတော်၊ နဝကနိပါတ်၊ နိဗ္ဗာနသုခသုတ်]

ဝေဒနာ ဟူသမျှ ဒုက္ခ

အရှင်ဥဒါယီ့နားလည်ထားသော ချမ်းသာခြင်းမှာ ဝေဒနာသဘောဖြင့် တစုံတရာ ခံစားရသော လောကီ ချမ်းသာခြင်း

ဖြစ်၏။ သရုပ်တရားကိုယ်ကောက်လျှင် သုခဝေဒနာကို ရမည် ဖြစ်၏။ ခံစားပုံ အခြေအနေအရ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားရသော်လည်း ဝေဒနာ ဟူသမျှ၏ အရင်းအမြစ်ကို စိစစ်ကြည့်လျှင် ဆင်းရဲခြင်းကိုသာ တွေ့ရပေမည်။ ထို့ကြောင့် ဘုရားရှင်ကလည်း 'ဝေဒနာခံစားမှုမှန်သမျှ ဒုက္ခသာတည်း' ဟု ဟောတော်မူပေသည်။

မှန်ပါသည်။ ဒုက္ခ ဝေဒနာသည် ခံစားနေရစဉ်မှာပင် ဆင်းရဲကြောင်း ထင်ရှားပါ၏။ အများတကာ တောင်းတကြသော ချမ်းသာခြင်း သုခဝေဒနာ ဆိုသည်မှာလည်း တကယ်တော့ သူချည်းသက်သက် ခံစားရသည် မဟုတ်ပါ။ ကံအားလျော်စွာ ခံစားနေရဆဲမှာပင် သာယာလှသော ဤဝေဒနာလေး ချုပ်ပျောက်သွားမှာ စိုးရိမ်ရသော ဒုက္ခ ဝေဒနာက မကွဲမကွာ လိုက်ပါလာပေသည်။ ဥပေက္ခာ ဝေဒနာကိုတော့ သာမန် ပုဂ္ဂိုလ်တို့ သိနိုင်ခဲပါသည်။ သို့သော် သိနိုင်စွမ်း ရှိသူတို့ကတော့ ဒုက္ခဟူ၍သာ နားလည်ကြပေသည်။

ဤသို့ဆိုသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့တွင် ဝေဒနာစေတသိက် မယှဉ်ရတော့ပြီလောဟု စောဒနာရန် ရှိ၏။ သို့သော် ကျွန်ုပ် ဆိုလိုသည်မှာ ဤသဘော မဟုတ်ပေ။ ဒုက္ခနိရောဓသစ္စာထိုက်သောနိဗ္ဗာန်တွင် ခံချင်စရာ၊ စံချင်စရာ၊ ယူချင်စရာ၊ ရချင်စရာ တစုံတရာ ဘာမျှ မရှိသော သုညတ သဘောကို တင်ပြလိုရင်းသာ ဖြစ်ပေသည်။

လက်တော်ပေါ် ရောက်ခဲ့ဘူးသူ

ဤသို့သော သုညတ သဘောကို အတွင်းမနေ့ာထိ သက်ဝင်ထားသူတို့သာ နိဗ္ဗာန်ချမ်းသာပုံကို နားလည်ကြမည် ဖြစ်၏။ ဝေဒနာမပါသော သန္တိသုခကို ကိုယ်တိုင် ကိုယ်ပိုင် မခံစားရသေးပါလျှင်ကား တော်ရုံတန်ရုံနှင့် နားလည်ဖို့ မလွယ်ပေ။ ထို့ကြောင့်ပင် ဟတ္ထက မင်းသားအား ဘုရားရှင်က ဥပမာပြု၍ မေးခွန်းထုတ်ကာ ဟောကြားတော်မူခဲ့ရပေသည်။

ထိုနေ့တုန်းက ဟတ္ထက မင်းသားသည် အပေါင်းအဖော်များနှင့်တကွ ကျွန်ုပ်တို့ရှိရာ ယင်းတိုက်တောသို့ ရောက်လာ၏။ သူသည် မွေးခါစ အချိန်တုန်းက ဘုရားရှင် လက်တော်ပေါ် ရောက်ခဲ့ဖူးခဲ့၏။ အာဠဝီတိုင်း၏အရှင် သူ့ခမည်းတော်မယ်တော်များလည်း သာသနာ့ အလုပ်အကျွေးများသာ ဖြစ်၏။ ထို့ကြောင့် ဟတ္ထကသည် လူမှန်းသိတတ်လာကတည်းက ဘုရားရှင်ထံ ဆည်းကပ်ခဲ့ရ၏။ ကျွန်ုပ်တို့ သီတင်းသုံးဖော်များထံ မကြာခဏ ရောက်လာတတ်၏။ ဤသို့ ရတနာ သုံးပါးနှင့် ရင်းနှီးစွာ ဆည်းကပ်လာခဲ့သော ဟတ္ထကသည် တရားရတနာနှင့် ပတ်သက်၍ကား ခပ်စိမ်းစိမ်းသာ ဖြစ်နေ၏။ ထို့ကြောင့် သူ မမျှော်လင့်ခဲ့သော နေရာတွင် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသော အခါ တအံ့တသြ ဖြစ်သွားရပေသည်။

"အရှင်ဘုရား၊ ညတုန်းက ချမ်းသာစွာ ကျိန်းခဲ့ရပါ၏လော"

ရှိသေစွာ ဦးချရှိခိုး၍ နှုတ်ဆက်စကား လျှောက်ထားလိုက်၏။ နှုတ်ဆက်စကားထဲမှာပင် အံ့ဩသောစိတ်ဖြင့် မေးမြန်းလိုသော အရိပ်နိမိတ်များ ပါလာပေပြီ။

နှင်းတောထဲက ချမ်းသာခြင်း

"မင်းသား၊ ညတုန်းက ချမ်းသာစွာကျိန်းခဲ့ရပါ၏။ဤကမ္ဘာပေါ်ဝယ် ချမ်းသာစွာအိပ်ရသော ပုဂ္ဂိုလ်များတွင် ငါဘုရားအပါအဝင် ဖြစ်ပေသည်"

မေးလိုရိပ်ကိုသိပြီးသော ဘုရားရှင်က အလိုက်သင့်ဖြေကြားတော်မူလိုက်ရာ—

"အရှင်ဘုရား၊ဆောင်းတွင်းညသည် အေးလွန်းလှပါသည်။ တပို့တွဲအကုန် တပေါင်းလ အကူး ယခုလိုအချိန်မျိုးမှာ နှင်းတွေက ထူးထူးကဲကဲ ကျတတ်ပါသည်။ မိုးတွင်းတုန်းက ပေါက်ခဲ့သောနွားခွာရာများသည် ယခုတော့ခြေမချရဲလောက်အောင် ခက်ထရော် ကြမ်းတမ်းနေကြပါသည်။ အရှင်ဘုရားထိုင်နေသော မြက်အခင်းကလည်း ပါးလွန်းလှပါသည်။ ဤယင်းတိုက်ပင်၏ အရွက်များကလည်း ကျဲလှပါသည်။ ဝတ်ရုံထားသော သင်္ကန်းများကလည်း ပါးပါးလွှာလွှာ ဖြစ်၍ အေးစက်နေကြပါလိမ့်မည်။ အေးစက်လှသော ဆောင်းတွင်းလေများကလည်း အရပ်လေးမျက်နှာမှ ဝှေ့ရမ်း တိုက်ခတ်နေကြပါသည်။ သို့ပါလျက် ဘုရားရှင်သည် ချမ်းသာစွာ ကျိန်း

ခဲ့ရပါ၏ဟုမိန့်တော်မူဘိ၏။ ဤစကားသည်တပည့်တော်အတွက် အသိခက်လှပါသည် ဘုရား”

စည်းစိမ်ရှင်ကြီးတို့ တိုက်ခန်းဝယ်

စည်းစိမ်ခံစားမှု မဖက်၊ ငြိမ်းအေးမှုသက်သက်ဖြစ်သော ချမ်းသာခြင်းကို နားမလည်သေးသည့်အတွက် ဤသို့ပင် ဝန်ခံလျှောက်ထားလိုက်၏။ ဤတွင် ဘုရားရှင်က–

“မင်းသား၊ အသိရ ခက်နေလျှင် သင့်ကို ပြန်၍မေးပါဦးမည်။ ဤမေးခွန်းကို သင် ကြိုက်သလို ဖြေနိုင်ပေသည်။ လူ့ဘောင် လောကဝယ် သဌေးသူကြွယ်တို့ နေထိုင်ရာ တိုက်အိမ်များ ရှိကြ၏။ ယခုလို ဆောင်းတွင်းမှာဆိုလျှင် ပြင်ပလေစိမ်း မဝင်နိုင်အောင် တံခါးပေါက် ရှိသမျှ ပိတ်ထားကြ၏။ ထိုတိုက်အိမ်ကြီးများထဲတွင် ခမ်းနားထည်ဝါလှသောခုတင်များ အစီအရီ ရှိနေကြ၏။

“လက်လေးသစ်မျှ အမွေးရှည်သော ကော်ဇောကြီးများ၊ အဖြူရောင်သက်သက် ကော်ဇောများ၊ ရတနာမျိုးစုံ စီခြယ်ထားသော ကော်ဇောများ၊ မင်္ဂလာ ကျက်သရေ ရှိလှသော ဝံပိုင့်ရေကော်ဇောများ အစီအရီခင်းထားကြ၏။ ခုတင်များထက်မှာ ဖိတ်ဖိတ်တောက်သော မျက်နှာကျက်များ ရှိနေကြ၏။ ခုတင်ပေါ်ဝယ် အနီခြယ်ထားသော ခေါင်းအုံးနှင့် ခြေတင်စရာများ ရှိနေကြ၏။ ပြင်ပတာ အလင်းရောင်အစား နှံ့သာဆီမီးများ ထွန်းညှိထားကြ၏။ ထိုစည်းစိမ်ရှင်ကို မယား

လေးယောက်တို့က စိတ်တိုင်းကျ ပြုစုလုပ်ကျွေးလျက်ရှိကြ၏။ ဤနေရာတွင် သင်မင်းသားကို မေးရန် ဖြစ်၏။ ထိုစည်းစိမ်ရှင်သည် ချမ်းသာစွာ အိပ်ရပါမည်လော။ မအိပ်ရပဲ ရှိပါမည်လော"

"အရှင်ဘုရား၊ ထိုစည်းစိမ်ရှင်သည် ချမ်းသာစွာ အိပ်ရပါသည်ဘုရား။ ဤကမ္ဘာပေါ်ဝယ် ချမ်းသာစွာ အိပ်ရသောသူတို့တွင် တယောက်အပါအဝင် ဖြစ်ပါသည်ဘုရား"

ကိလေသာကင်းမှ ချမ်းသာသည်

သူနှင့် အကျွမ်းတဝင်ရှိပြီးသော အကြောင်းရပ်မျိုး ဖြစ်နေ၍ ဟတ္ထကက မတွေ့မဆိုင်း ဖြေဆိုလိုက်လေရာ—

"မင်းသား၊ သင့်ကို နောက်တခု မေးပါဦးမည်။ ထိုစည်းစိမ်ရှင်အား ရာဂကြောင့်သော်လည်းကောင်း၊ ဒေါသကြောင့်သော် လည်းကောင်း၊ မောဟကြောင့်သော် လည်းကောင်း ကိုယ်ရောစိတ်ပါ အပူမီးတွေ လောင်မြိုက်နေငြားအံ့၊ ထိုစည်းစိမ်ရှင်သည် ချမ်းသာစွာ အိပ်ရပါဦးမည်လော"

"ချမ်းသာစွာ မအိပ်နိုင်တော့ပါဘုရား"

"မင်းသား၊ ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့ကို ငါဘုရား၏စိတ်သန္တာန်မှ အပြီးတိုင်ပယ်ခဲ့ပြီးပြီ။ အရင်းအမြစ်ကို ဖြတ်ပြီးပြီ။ အစ,အနမျှ ရှာမရတော့ပြီ။ ထို့ကြောင့် ငါဘုရားသည် ချမ်းသာစွာ အိပ်ရပေသည်"။

လောကီ စည်းစိမ်များထက် အဆ တရာမက သာသော လောကုတ္တရာ စည်းစိမ်ကြီးကို ညွှန်ပြတော်မူလိုက်ပေသည်။

[အင်္ဂုတ္တရ ပါဠိတော်၊ တိကနိပါတ်၊ ဟတ္ထကသုတ်]

ပရိသတ်ကို ချီးမြှောက်တတ်သူ

ဤ ဒေသနာတော်ကို ကြားနာပြီးချိန်မှစ၍ ဟတ္ထက၏ စိတ်ဓာတ်များပြောင်းလဲ၍ သွားပေကြသည်။ မင်းပျိုမင်းလှ ပီပီ သူသည် လောကီစည်းစိမ်များကို မက်မောခဲ့၏။ စည်းစိမ်ရှင်ကြီးများကို အားကျခဲ့၏။ ယခု ဤဒေသနာတော်ကို ကြားနာပြီးသည်တွင်ကား သူ့ဦးတည်ချက်များ ပြောင်းသွား ကြပေပြီ။ ပူလောင်မှုမကင်းသော လောကီစည်းစိမ်များ အပေါ်မှာ တွယ်တာကပ်ငြိမှုမရှိတော့ပဲ လောကုတ္တရာ စည်းစိမ်ကြီးသို့ သုံးမဂ်၊သုံးဖိုလ်ဖြင့် ချဉ်းကပ်သွားပေသည်။

သာမန်မင်းသားဘဝကပင် အခြွေအရံများခဲ့သော ဟတ္ထက သည် အရိယာသာဝက ဖြစ်လာသောအခါ သာ၍ပင် များ ပေသည်။ ရတနာသုံးပါးနှင့် စပ်၍ ဆောင်ရွက်ဖွယ် ရှိလေ တိုင်း သူ့နောက်ပါးဝယ် ငါးရာမျှသော သာဝကတို့ လိုက်ပါ လာမြဲ ဖြစ်ပေသည်။

ဤသို့ လိုက်ပါလာကြစေရန် သူ့ဘက်ကလည်း တာဝန် ကျေပွန်လှ၏။ ပစ္စည်းဥစ္စာ ချို့တဲ့သူကို ရက်ရက်ရောရော ပေး ကမ်း၏။ စိတ်ဓာတ် စရိုက် ကြမ်းတမ်း သူများကို သာယာ ညင်းပျောင်းစွာ ပြောဆို၍ သိမ်းသွင်း၏။ အလုပ်ကိစ္စ မနိုင်

မနှင်းဖြစ်နေသူများကို ကိုယ်ရော စိတ်ပါ ကူညီ ဆောင်ရွက် ပေး၏။ မိမိက ဘုရင်မွေးသည့် မင်းသွေးဖြစ်နေသော်လည်း သာမန်လူများကို တန်းတူထား၍ ဆက်ဆံ၏။ ဤသို့သော သင်္ဂဟဝတ္ထုလေးပါးဖြင့် ချီးမြှောက်တတ်သည့်အတွက် ဟတ္ထက မင်းသားမှာလည်း ကျွန်ုပ်တို့ သာသနာတော်ဝယ် 'တေဒဂ်' ဂုဏ်ထူးဆောင် တယောက်အဖြစ် ထင်ရှားလာပေသည်။

[အင်္ဂုတ္တရ၊ ဧကကနိပါတ် အဋ္ဌကထာ၊ ဟတ္ထကအာဠဝကဝတ္ထု]

ကျွန်ုပ်တို့၏ ယာယီတည်းကျောင်း

အာဠဝီတိုင်းက တေဒဂ် ဂုဏ်ထူးဆောင် တယောက် ပေါ် ပေါက် လာချိန်တွင် မလ္လတိုင်းမှ တကာ တယောက်ကား ဤဆုမြတ်ကြီးကို ချောက်ကမ်းပါးကြီးကဲ့သို့ ကြောက် အား ပိုသည်ဟု ဆိုပါ၏။

ဤစကားကို တဆင့်ကြားနှင့် တင်ပြခြင်း မဟုတ်ပါ။ ကျွန်ုပ်နားနှင့် ဆတ်ဆတ်ကြားရသည့်အတိုင်း တင်ပြခြင်း ဖြစ် ပါသည်။

ကြောက်အား ပိုသူနှင့် တွေ့ဆုံ ခဲ့ရသည်ကား မလ္လတိုင်း အတွင်းမှ ဥရုဝေလကပ္ပရွာကြီး ဖြစ်ပေသည်။

ဤရွာမှာ အတည်တကျ ဝါဆို၍ နေထိုင်သော ရဟန်း မရှိသေးသဖြင့် အခိုင်အမာ ဆောက်လုပ်ထားသော ကျောင်း တိုက်တစုဟူ၍ မရှိသေးပေ။ ရောက်လာသည့်အခိုက် နေထိုင် ဖြစ်ရုံမျှ မဏ္ဍပ်ကန္နားး ထိုးပေး ထားကြရ၏။ ဤနေရာသည်

မဟာဝုန်တောကြီး၏ အစွန်အဖျားဖြစ်သဖြင့် သစ်ရိပ်ဝါးရိပ် ကောင်းလှ၏။ ရာသီဥတု မျှတသော အချိန်အခါဖြစ်၍ ကျွန်ုပ်တို့ နေရာထိုင်ခင်း ကျယ်ကျယ် ပြန့်ပြန့် ရှိပါ၏။ သို့သော် ယာယီနေရာဖြစ်၍ ဘုရားရှင်အတွက် သီးသန့်နေရာ မရှိနိုင်ပါ။ ဇေတဝန်ကျောင်းတော်မှာလို ဂန္ဓကုဋီ မရှိနိုင်ပါ။ ကျွန်ုပ်တို့နှင့် တပြေးတည်း နေရာမှာပင် အထွတ် အမြတ်ဆုံး နေရာကို ဘုရားရှင်အတွက် သတ်မှတ်ထားရပေသည်။ ထို့ကြောင့်ပင် တပါးတည်း လွတ်လွတ်လပ်လပ်နေနိုင်ရန် မဟာဝုန်တောကြီးထဲသို့ ဘုရားရှင် ကြွချီတော်မူရပေသည်။ ကျွန်ုပ်ကိုကား ပြန်လာချိန်ထိ ဤနေရာမှာနေရစ်ရန် မိန့်ကြားတော်မူခဲ့ပေသည်။

ဘာ့ကြောင့်ပါလိမ့်

အမြဲတမ်းအလုပ်အကျွေးဘဝရောက်လာချိန်မှစ၍ ကျွန်ုပ်သည် နောက်တော်ပါးမှ ဖဝါးခြေထပ် လိုက်ပါခဲ့ရ၏။ ရေပူ ရေချမ်း ကမ်းလှမ်းခဲ့ရ၏။ ခြေဆုပ်လက်နယ်ပြုစုခဲ့ရ၏။ ယခုတော့ ကျွန်ုပ်ကို 'ဤနေရာမှာသာ နေရစ်တော့' ဟု မိန့်တော်မူခဲ့ပေပြီ။ ပြုစုသူမပါပဲ တပါးတည်း ခွဲ၍ ကြွတော်မူပေပြီ။ ကျွန်ုပ်ပြုစုခဲ့သမျှကို ပြန်လှန်စစ်ဆေးကြည့်တော့လည်း မနှစ်သက်ဖွယ်ရာဟူ၍ မတွေ့မိပါ။ သို့ပါလျက် ကျွန်ုပ်ကိုဘာ့ကြောင့် များ တပါးတည်း ခွဲထားတော်မူခဲ့ပါသနည်း။ ဘုရားရှင် ပြုတော်မူလေသမျှ အမှုကိစ္စများမှာ အကြောင်းမဲ့ဟူ၍ မရှိနိုင်ပါ။ ကျွန်ုပ်ဉာဏ်စွမ်းဖြင့် ကိုတင်မသိနိုင်၊ မမြင်နိုင်သော အကြောင်းတခုခု ရှိရပါလိမ့်မည်။

နိဗ္ဗာန်ကိုကြောက်သူ

ကျွန်ုပ်အစဉ်းစားရ ကျပ်နေဆဲတွင် တပုဿမည်သော တကာ တယောက် ရောက်လာပေသည်။ တပုဿသည် ဥရုဝေဠ ကပ္ပရွာကြီးမှ ထင်ရှားသော သဌေးကြီး တယောက် ဖြစ်၏။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသည်နှင့်အမျှ ရတနာ သုံးပါးကို လည်း ကြည်ညိုလှ၏။ အလှူရေစက် လက်နှင့်မကွာသူဖြစ်၏။ သို့သော်သူ့သဒ္ဓါကား ရဟန်းတော်တို့၏ တည်ငြိမ်သောဣန္ဒြေ ကို ဖူးမြင်ရ၍သာဖြစ်၏။ ကိုယ်တွင်းသန္တာန်က အမှန်တရားကို ထိုးဖောက်မြင်နိုင်စွမ်းမရှိသေးပေ။ ထို့ကြောင့်—

"အရှင်အာနန္ဒာဘုရား၊ တပည့်တော်တို့ကာမဘုံသားများ သည် ကာမဂုဏ်တို့မှာ မွေ့လျော် ပျော်ပါး ကြပါသည်။ ဝမ်းသာအားရ ခံစားကြပါသည်။ တပည့်တော်တို့လို တကာ များအဖို့ ကာမဂုဏ်မှထွက်မြောက်ရာ နိဗ္ဗာန်ဟူသော တရားကြီး ချောက်ကမ်းပါးကြီးကဲ့သို့ ကြောက်ဖွယ် လိလိ ရှိလှပါသည်။ ဤသာသနာတော်ကြီးဝယ် ငယ်ရွယ်သော ရဟန်းတို့သည် ကာမဂုဏ်မဖက် ငြိမ်သက်သောတရားတော်၌ သက်ဝင်တည်နေ ကြပါသည်။ ကာမဘုံသားလူအများနှင့် ရဟန်းတို့ကြားဝယ် ဤနိဗ္ဗာန်နှင့်ပတ်သက်၍ သဘောထားခြင်း ကွာခြားလှပါ သည် ဘုရား"

သူ့သဘောထားကို ရိုးသားစွာ လျှောက်ထားပေသည်။ ဒုက္ခကိုကြောက်ရမည့်အစား ဒုက္ခလွတ်ရာ မြတ်ချမ်းသာတရား ကိုမှ ကြောက်ရှာပေသည်။ ကာမဂုဏ်ချမ်းသာကိုသိ၍ ကာမ

ဂုဏ် မပျက် ငြိမ်းသက်စွာခံစားရသော ဝိမုတ္တိအရသာကို မခံစားရဘူးသေးသမျှ ဤသို့ပင် ကြောက်နေကြရ ပါလိမ့်မည်။

ချဉ်းကပ်ခွင့်ရလာပါပြီ

မကြောက်သင့်သည်ကို ကြောက်နေသည့်အတွက် တပုဿကို ကျွန်ုပ်သနားလိုက်မိပါ၏။ သို့သော်သေသေချာချာတွက်ကြည့် လိုက်သော် သူ့အတွက် သနားစရာဖြစ်နေသော ဤစကား သည် ကျွန်ုပ်အတွက် ဝမ်းသာစရာဖြစ်နေပေသည်။

"ဤနေရာမှာ နေရစ်ခဲ့"ဟူသော အမိန့်တော်ကြီးကြောင့် သာ ကျွန်ုပ်သည် နောင်တော်မြတ်နှင့် ခွဲခွာ၍ နေခဲ့ရ၏။ ဤအမိန့်တော်ကြီးသာ မထွက်လာလျှင် မဟာ ဝုန်တောကြီး ထဲဝယ် နောင်တော်မြတ်နှင့် အတူတကွ ရှိနေရပေလိမ့်မည်။ တစုံတရာသောစကားဖြင့် သုတ္တန် ဒေသနာကြီး တခုခုကို ကြားနာနေရတော့မည်ဖြစ်၏။ ယခုလည်း တပုဿ လျှောက် ထားလိုက်သော စကားများက ဤအခွင့်အရေးကို ပေးကြပါ တော့မည်။ ထို့ကြောင့်ဤစကားလက်ဆောင်ဖြင့် တပုဿ နှင့် အတူ မဟာဝုန်တောကြီးထဲသို့ လိုက်သွားခဲ့ပါသည်။

ဤသို့သွားယင်းက ဘုရားရှင်၏အမိန့်တော်ကိုဖီဆန်ရာများ ကျသွားမည်လား ဟု ကျွန်ုပ် တွန့်ဆုတ်ဆုတ် ဖြစ်မိ သေး၏။ သို့သော် ကျွန်ုပ်၏ ပြဿနာကို ကျွန်ုပ်ဘာသာ အဖြေထုတ်နိုင် လာပါသည်။ ရှင်တော်မြတ် ထံတော်မှ ပန်ဆင်ခဲ့သောဆုများ

တွင် တစုံတရာ သံသယရှိ၍ လျှောက်ထားလိုလျှင်အချိန်မရွေး ချဉ်းကပ်နိုင်ခွင့် ရရှိထားသည်မဟုတ်ပါလော။

ရရှိထားသောဆုလဒ်ကို ထိုနေ့က ကျွန်ုပ်ကောင်းကောင်း ကြီး အသုံးချလိုက်ရပေသည်။ ဤသို့ အသုံး ချလိုက်ရသည့် အတွက် သာသနာတော်အတွက် ကျေးဇူးများလှသော သုတ္တန် ဒေသနာတော်တပုဒ် ပေါ်ထွက်လာပေသည်။

ကာမဂုဏ်အပြစ်ကို မမြင်သေးသမျှ

တပုဿ၏စကားလက်ဆောင်ကို ရွှေနားတော်မှောက်သို့ တင်ပြလိုက် သောအခါ ဘုရားရှင်မိန့်ကြားတော်မူသည်မှာ—

"အာနန္ဒာ၊ ဤစကားမှန်ပေစွ။ အာနန္ဒာ၊ ဤစကားမှန် ပေစွ။ ငါဘုရားကိုယ်တော်တိုင်လည်း သမ္မာသမ္ဗောဓိဉာဏ် မရခင်က ဤသို့ပင် ဖြစ်ခဲ့ဘူးပေသည်။ 'ကာမဂုဏ်မှ ထွက် မြောက်ရာ ဤနိဗ္ဗာန်သည်ငြိမ်သက်စွတကား' ဟု အခါခါနှလုံး သွင်းကြည့်သော်လည်း ငါ၏ စိတ်သည် ထွက်မြောက်ရာသို့ လွတ်လွတ်ကျွတ်ကျွတ် ရောက်မသွားပေ။ တည်ကြည် ခိုင်မာ ခြင်းမရှိပေ။ ဤတွင်အကြောင်းကို ရှာကြည့်လိုက်သောအခါ 'ငါသည် ကာမဂုဏ်တို့၏ အပြစ်ကို မမြင်ရသေး။ ကာမဂုဏ် တို့၏ အပြစ်ကို ရှုဆင်ခြင်၍ ကြိမ်ဖန်များစွာ မပွားရသေး။ ထွက်မြောက်ကြောင်းအကျင့်၏ အကျိုးကျေးဇူးကို မခံစား ရသေး။ ထိုအကျိုးကျေးဇူးကို ထပ်ခါထပ်ခါ မမှီဝဲရသေး

ထို့ကြောင့်ငါ၏ စိတ်သည် ထွက်မြောက်ရာသို့ လွတ်လွတ်ကျွတ်ကျွတ်ရောက်မသွားပေ။ တည်ကြည် ခိုင်မာခြင်း မရှိပေ။

"အာနန္ဒာ၊ ထိုသို့အကြောင်းကိုရှာတွေ့ပြီးလျှင်ထွက်မြောက်ရာသို့ လွတ်လွတ်ကျွတ်ကျွတ် ရောက်နိုင်စေရန်၊ တည်ကြည် ခိုင်မာခြင်းရှိစေရန် ငါဘုရားသည် ကာမဂုဏ်တို့၏ အပြစ်ကို မြင်အောင်ရှု၏။ ကာမဂုဏ်တို့၏ အပြစ်ကိုရှု၍ ကြိမ်ဖန်များစွာ ပွားများ၏။ ထွက်မြောက်ကြောင်းအကျင့်၏ အကျိုးကျေးဇူးကို အရယူခဲ့၏။ ထိုအကျိုးကျေးဇူးကို ထပ်ခါထပ်ခါ မှီဝဲ၏"။

ဤဒေသနာကြားနာရရုံနှင့် တပုဿတယောက် အကြောက် ပြေသွားရန် ရှိပေသည်။

မှန်ပါသည်။ ကာမဂုဏ်မှ ထွက်မြောက်ရာ နိဗ္ဗာန်တရားကြီးကို ချောက်ကမ်းပါးကြီးကဲ့သို့ ကြောက်အား မပိုနိုင်ရန် ကျွန်ုပ်တို့သည် ဦးစွာပထမ ကာမဂုဏ်တို့၏ အပြစ်ကို မြင်အောင် ရှုကြရမည်ဖြစ်၏။ သန်လျက်သွားမှ ပျားရည်စက်ကို လျက်မှားမိ၍ လျှာပြတ်ရသော ဒုက္ခ သစ္စာ ဦးစွာ ပထမ နားလည်ကြရမည်ဖြစ်၏။ သစ္စာလေးပါး တရားတော်မှာပင် ဘုရားရှင်က ဒုက္ခသစ္စာကို ဦးစွာပထမ ဟောတော်မူထားသည်ဖြစ်ရာ၊ ဒုက္ခကို ဒုက္ခဟူ၍ ပိုင်ပိုင်နိုင်နိုင် သိမြင်သွားပါမှ ဒုက္ခလွတ်ရာ ရောက်သာကြမည် မဟုတ်ပါလော။

[အင်္ဂုတ္တရပါဠိတော်၊ နဝကနိပါတ် တပုဿသုတ်]

လူမှုရေးတရားတော်များ

မျက်နှာမလိုက်သောတရား

ကျွန်ုပ်တို့ ရရှိထားသော လူ့ဘဝကို ဒုလ္လဘတရား ငါးပါးထဲမှာ ထည့်သွင်းထားရ၏။ အကောင်ရေကို အသာထား၊ အမျိုးအစားကိုပင် မရေတွက်နိုင်သော ပိုးမွှား တိရစ္ဆာန်များနှင့် နှိုင်းစာကာ ရနိုင်ခဲသော လူ့ဘဝဟု တန်ဖိုးကြီးစွာ ထားကြရ၏။ သို့သော် တန်ဖိုးကြီးလှသော လူ့ဘဝကို စေ့စေ့စပ်စပ် သုံးသပ် ကြည့်လျှင်ကား ဒုက္ခသစ္စာတုံးကြီး ဖြစ်နေသည်ကို တွေ့ကြရပါလိမ့်မည်။

ဤလူ့ဘဝကြီးကို စလိုက်သည်နှင့် ကျွန်ုပ်တို့သည် ငိုခန်းနှင့် ကြုံခဲ့ရ၏။ အချိန်တန်၍ လာမြဲလမ်းသို့ ပြန်ကြရတော့လည်း ငိုခန်းကို ရှောင်လွှဲ၍ မရနိုင်ပါ။ ပုခက်နှင့် သင်္ချိုင်းကုန်းတို့စပ်ကြားမှာလည်း ငိုခန်းတွေက မရေမတွက်နိုင်အောင် ပေါလှပါ၏။ ဤသို့ ငိုရ,ကြွေးရလေသမျှ အခံရခက်လှသောသဘောကြောင့် ဒုက္ခဟု ခေါ်ဆိုရ၏။ ထိုဒုက္ခသည် မည်သူ့ကိုမျှ မျက်နှာ မလိုက်ပေ။ သမုဒယသစ္စာ တည်းဟူသော အကြောင်း ရှိလေသမျှ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး၊ အသက်အရွယ်မရွေး၊ ဒုက္ခနှင့်တွေ့ကြရသည်ချည့်ဖြစ်၏။ သည်ဒုက္ခဖြစ်လာပြီ ဆိုလျှင်လည်း မည်သူမဆို ပူဆာ လောင်ပြင်းဆင်းရဲကြရသည်ချည့် ဖြစ်၏။ ဤသို့ မျက်နှာ မလိုက်သောသဘောကြောင့် သစ္စာထိုက်သည်ဟု ဆိုရပေမည်။

သစ္စာထိုက်သော ဒုက္ခတရားကို တဖန်ထပ်၍ ခွဲခြမ်းလိုက်သောအခါ—

၁။ သိလျှင် လွှတ်နိုင်သော ဒုက္ခနှင့်

၂။ သိသော်လည်း မလွှတ်နိုင်သော ဒုက္ခ ဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်။

ကိလေသာဝဋ်

သိလျှင် လွှတ်နိုင်သော ဒုက္ခကား စိတ်ဒုက္ခ ဖြစ်၏။ ကျွန်ုပ်တို့စိတ်သန္တာန်မှာ မကြာ မကြာ ပေါ်လာတတ်သော စိတ်ပူ

စိတ်ယုတ်၊ စိတ်အရှုပ်များ ဖြစ်ကြ၏။ ထိုစိတ်ဒုက္ခတို့သည် သူ့အလျောက်ဘာသာ ဖြစ်လာကြသည် မဟုတ်ပေ။ ဘယ်တန်ခိုးရှင်၊ အာဏာရှင်ကမှ စေတလုံးနှင့် မန်းမှုတ်လွှတ်လိုက်သည် မဟုတ်ပေ။ အလို တခုခုနှင့် ပြုမိကြသော သမုဒယသစ္စာကြောင့်သာ ဖြစ်ပေါ်လာရ၏။ ယခုပြုသော အကြောင်းကြောင့် ယခုပေါ်လာသော အကျိုးတရားသာ ဖြစ်၏။ အလိုတခုခုနှင့် ပြုလေသမျှ ဒုက္ခမှ လွဲ၍ ဘာကိုမျှ မရနိုင်ပါ။ ထို့ကြောင့် ကိလေသာဝဋ် ဒုက္ခအပေါင်းမှ လွတ်လိုလျှင် လွတ်ရာကို သိကြရ ပါလိမ့်မည်။ လွတ်ရာကို သိ၍ သိသလို ကျင့်သုံးနိုင်သည်နှင့်အမျှ စိတ်ဒုက္ခအပေါင်းမှ လွတ်ငြိမ်းချမ်းသာခွင့် ရနိုင်ကြပါလိမ့်မည်။

ဝိပါကဝဋ်

ယခုပြု၍ ဖြစ်ရသည် မဟုတ်။ လွန်လေပြီးသော ပုရိမတဏှာကြောင့် ရရှိထားသော ရုပ်, နာမ်, ခန္ဓာကြီးကား ဝိပါကဝဋ်တရားသာဖြစ်၍ တရားသိသော်လည်း လွတ်ငြိမ်းခွင့် မရနိုင်ပါ။ ပူချိန်တန် ပူမည်သာ။ အေးချိန်တန် အေးမည်သာဖြစ်၏။ ညောင်းညာကိုက်ခဲခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း တို့ကလည်း နေ့စဉ်နှင့်အမျှ ဒုက္ခပေးနေကြမည်သာ ဖြစ်၏။ သည်ဒုက္ခများ ခံစားရာတွင် စိတ်နှင့် မကင်းသော်လည်း အရင်း မှာကား ကိုယ်ခန္ဓာကြီးနှင့် ပတ်သက်သော ဒုက္ခသာဖြစ်၏။ ထို့ကြောင့် ဘုရား, ရဟန္တာ အရှင်မြတ်ကြီးတို့မှာ ပင်ကာယိကဒုက္ခကို ပယ်

သတ်၍ မရနိုင်ကြသဖြင့် ဖလှယ်၍ ပေးတော်မူကြရ၏။ ဆာလောင်မှုကို ဖြေဖျောက်ရန် ဆွမ်းခံကြွတော်မူကြရ၏။ ရောဂါတစုံတရာ ဖြစ်လာသောအခါ သင့်လျော်သော ဆေးဝါးခတ်စာတို့ဖြင့် ကုစားကြရ၏။ ဘုရားရှင် လေနာရောဂါရစဉ်က အရှင်ဥပဝါဏ ရေနွေးနှင့် တင်လဲ ရှာ၍ ဆက်ကပ်ခဲ့ရပုံကို ကျွန်ုပ်ပရိသတ်များ မှတ်မိကြဦးမည် ထင်ပါသည်။

ဒုက္ခလွတ်ကြောင်း နည်းလမ်းကောင်းများ

ဤသို့အားဖြင့် ဝိပါကဝဋ်ဒုက္ခကြီးမှ ရာနှုန်းပြည့် မလွတ်နိုင်ကြသော်လည်း လွတ်နိုင်သမျှ လွတ်အောင် ပြုပြင်ခွင့်ကား ရှိနေပေသည်။ ထို့ကြောင့်ပင် ဝိနည်းပိဋကတ်၊ ဘေသဇ္ဇခန္ဓကတွင် ရောဂါအမျိုးမျိုးကိုကုစားရန် ဆေးဝါးပစ္စည်းမျိုးစုံကို ဘုရားရှင် ညွှန်ကြားဘော်မူခဲ့၏။ သာသနာ့ဝန်ထမ်း ရဟန်းများအတွက် ညွှန်ပြခဲ့သော်လည်း လူ တကာ, တကာမများလည်း ဤဆေးများကို သုံးနိုင်သည်သာ ဖြစ်၏။ ထို့အတူပင် အခြား အခြားသော လူမှုဒုက္ခများမှလွတ်မြောက်စေကြောင်း နည်းလမ်းကောင်းများကိုလည်း ဘုရားရှင် ညွှန်ပြတော်မူခဲ့ပေသည်။

လူမှုဆက်ဆံရေး

သတ္တလောကကြီးတခုလုံးတွင် လူသည်အသိဉာဏ်အဆင့်အတန်း အမြင့်ဆုံးဖြစ်၏။ သို့သော် ထိုလူသားတို့သည် မိမိ တယောက်

တည်း ရပ်၍ မရနိုင်ပါ။ ရရှိထားသော မနုဿတ္တ လူ့ဘဝ တည်တံ့ခိုင်မြဲရေးအတွက် တယောက်နှင့်တယောက် အမှီသဟဲ ပြု၍သာ နေခဲ့ကြရ၏။ ဤတွင် လူမှုဆက်ဆံရေးသဘော ဖြစ်ပေါ်လာကာ 'မိသားစု' ဟူ၍ ရှိလာရ၏။ 'သားချင်းဆွေမျိုး' ဟူ၍ ရှိလာရ၏။ 'မိတ်ဆွေ သူငယ်ချင်း' ဟူ၍ ရှိလာရ၏။

မိသားစုအတွင်းမှာ ဖြစ်စေ၊ သားချင်း ဆွေမျိုးများနှင့် ဖြစ်စေ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် ဖြစ်စေ သင့်တင့်ညီညွတ်စွာ နေနိုင်စေရန် စုစည်းပေးသော တရားကား ချစ်ခြင်းမေတ္တာ ဖြစ်၏။ ချစ်ခြင်းမေတ္တာ၏ စေ့ဆော်မှုကြောင့် လူတို့သည် တယောက်အပေါ်တယောက် ကူညီကြ၏။ စောင့်ရှောက်ကြ၏။ ပြုစုလုပ်ကျွေး မွေးမြူကြ၏။ ဤသို့ မေတ္တာတုံ့ပြန်ဆက်ဆံကြခြင်းကို ဘုရားကလည်း ချီးမြှောက် အားပေးခဲ့ပေသည်။ ရာဇဂြိုဟ်မြို့သား သိင်္ဂါလ သတို့သားအား ထောင့်ပေါင်းစုံမှ လူမှုရေးတာဝန်အသီးသီးကို ဟောကြားတော်မူခဲ့ပေသည်။

မိဘနှင့် သားသမီး

ထိုအထဲမှ မိဘနှင့် သားသမီးများ ဆက်ဆံရာတွင် မိဘများဘက်က ထားရှိရမည့် တာဝန်များမှာ—

မကောင်းမှုကို တားမြစ်ခြင်း၊
ကောင်းမှုကို အားပေး ချီးမြှောက်ခြင်း၊
ငယ်ရွယ်စဉ်မှာ ပညာသင်ပေးခြင်း၊
သင့်လျော်သော အိမ်ထောင် ချပေးခြင်း၊

သင့်လျော်သော အချိန်မှာ အမွေပစ္စည်း လွှဲအပ်ပေးခြင်း—

တို့ ဖြစ်၏။

ထို့အတူ သားသမီးများဘက်ကလည်း—

ကျေးမွေး ပြုစုခြင်း၊
လုပ်ငန်းဆောင်တာများ ဆက်ခံဆောင်ရွက်ခြင်း၊
မျိုးနွယ် စည်းကမ်းကို စောင့်စည်းခြင်း၊
အမွေပစ္စည်း ဆက်ခံစောင့်ရှောက်ခြင်း၊
ကွယ်လွန်လေပြီးသောမိဘများအတွက် ကောင်းမှုပြု၍ အမျှဝေခြင်း—

ဟူ၍ တာဝန်ငါးရပ် ရှိပေသည်။

စုန်ရေနှင့် ဆန်ရေ

မိဘနှင့်သားသမီးများ၏ တာဝန်များမှာ ငါးပါးစီ အညီအမျှ ဖြစ်၏။ ဤတာဝန်များကို သူ့ဘက်ကိုယ့်ဘက် ကျေပွန်စွာ ထမ်းဆောင်သွားကြလျှင် ချမ်းမြေ့သာယာသော မိသားစု အဖြစ် စာရင်းဝင်နိုင်မည် ဖြစ်၏။ နှစ်ဘက်သော တာဝန်များတွင် မိဘများ၏ တာဝန်ငါးရပ်ကိုကား ဘုရားရှင်က အထူး တိုက်တွန်းနေရန် မလိုပါ။ သားသမီးများအပေါ် ချစ်အား ပိုကြသဖြင့် ကျေပွန်သည်ထက် ပိုချင်ကြသေး၏။ ဤသို့ မိဘ များဘက်က တာဝန် ကျေကြသော်လည်း သားသမီးများ

အလှည့်မှာတော့ တာဝန် မကျေချင်ကြပေ။ ထို့ကြောင့် ဘုရားရှင်က မိဘများအကြောင်းကို မိန့်တော်မူသည်။

"ရဟန်းတို့၊ ပြဟ္မာ ဟူသည်မှာ မိခင်ဖခင်တို့၏ အမည် ဖြစ်၏။ လက်ဦးဆရာ ဟူသည်မှာလည်း မိဘတို့သာ ဖြစ်၏။ မိဘတို့သည် ရှေးဦးစွာ ပူဇော်ထိုက်သော နတ်ကောင်း နတ်မြတ်များလည်း ဖြစ်၏။ စားဦးစားဖျား ကျွေးမွေးထိုက်သော အလှူခံ ပုဂ္ဂိုလ်များလည်း ဖြစ်ကြ၏။ အကြောင်းကား မိဘ များသည် သားသမီးတို့အတွက် ကျေးဇူးဂုဏ်အနန္တ ကြီးမား ကြ၏။ သားသမီးတို့ကို ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှ လူဖြစ်အောင် ကျွေးမွေးပြုစုခဲ့ကြ၏။ ထူးထွေဆန်းပြားလှသော ဤကမ္ဘာလောကကြီးကို ပြသကြကုန်၏။ ထို့ကြောင့် ဤသို့ ဆိုရခြင်း ဖြစ်ပေသည်"

မိဘများအကြောင်းက ပံ့ပိုးပေးလိုက်သော ဒေသနာတော်တပုဒ် ပင် ဖြစ်ပေသည်။

အိမ်ဦးခန်းမှ ပြဟ္မာကြီးများ

အများတကာက ပြဟ္မာကြီးများကို ဟိုအထက်ကောင်းကင်သို့ မျှော်ကြည့်နေကြရ၏။ ပြိုးပြိုးပြက်ပြက် အရောင်တွေလက်နေ မည့် ရုပ်ပုံများကို မှန်းဆကြည့်နေကြရ၏။ သို့သော် ဤ ဒေသနာတော်အရ ကြည့်ဘတ်ကြလျှင် မိမိတို့အိမ်ဦးခန်းမှာပင် ပြဟ္မာကြီးများကို မြင်ကြရမည် ဖြစ်၏။ ထက်ကောင်းကင်က ပြဟ္မာကြီးများသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူ

သော ပြဟ္မစိုရ်တရား လေးပါးနှင့် နေကြသည်ဟု ပညာရှိများ ဆိုခဲ့ကြ၏။ ယခု အိမ်ဦးခန်းမှ ပြဟ္မာကြီးများကလည်း သား သမီးတို့အပေါ် ပြဟ္မစိုရ်တရား ပွားများကြသည်သာ ဖြစ်ပေ သည်။

လက်ဦးဆရာများ

ပညာသင်ပေးသော ဆရာများသည် စကားပီသ၍ လူမှန်း, သူမှန်း သိမှပင် သင်ပေးနိုင်ကြ၏။ မိဘများကား သားသမီး များ ဝူးဝူးဝါးဝါး ဆိုကတည်းက စကားတလုံးစ,နှစ်လုံးစ သင်ပေးကြ၏။ လက်ကလေးများ လှုပ်ရမ်းနိုင်ကတည်းက–က တတ်အောင် သင်ပေးကြ၏။ ဝမ်းလျားမှောက်ရာမှ ထိုင်နိုင် အောင်၊ ထိုင်ရာမှ မတ်တတ်ရပ်၍ သွားနိုင်အောင် စိတ်ရှည် လက်ရှည် သင်ပေးကြ၏။ ထို့ကြောင့် မိဘများသည် သား သမီးများ၏ လက်ဦးဆရာများ ဖြစ်ပေသည်။

အလှူခံ ပုဂ္ဂိုလ်

ကျွန်ုပ်တို့ရောက်လေရာ မြို့ရွာများတွင် ဥယျာဉ်,ရေကန်များ အနီးအနားမှာ နတ်ကွန်းများ ရှိနေကြ၏။ ကျောင်းကန် မရှိ သေးသော အခိုက်မှာ ကျွန်ုပ်တို့သည် ထိုနတ်ကွန်းများမှာ တည်းခိုခဲ့ကြရ၏။ နတ်ကွန်း တည်ကာ ပူဇော်ထားကြသော နတ်များက လူတို့အား မည်သို့ ကျေးဇူးပြုမည်၊ မပြုမည် ကျွန်ုပ် မသိပါ။ သို့သော် အိမ်ဦးခန်းက နတ်ဒေဝါများကား

ငါးပါးသော အကျိုးတရားတို့ကို လက်ငင်း လက်တွေ့ ပေး နိုင်သဖြင့် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။

[အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ပတ္တကမ္မဝဂ်၊ မြဟ္မသုတ်ပါဠိတော်နှင့် အဋ္ဌကထာ]

ဤသို့ မိဘများ၏ဂုဏ်ကျေးဇူးကို ထုတ်ဖော်ယင်း တဘက် မှလည်း တပန်ပျက်ကွက်သူများ သတိသံဝေဂရကြရန် စိမ် တော်မူရ ပါသေးသည်။

သားမိုက်များအတွက် ကဗျာ လေးပုဒ်

"သူတို့ လေးယောက် ဖွားမြောက် လာကတည်းက ငါ ဝမ်း မြောက်ခဲ့၏။ သူတို့ တစတစ လူလားမြောက်လာသည်ကို ငါ နှစ်လို၏။သို့ပါလျက် သူတို့က မယားများနှင့် အလိုတူအလိုပါ ပြုကာ အိမ်မှ နှင်ထုတ်ကြကုန်၏။ ဝက်ကို ခွေးတွေ ဟောင် သကဲ့သို့ပင် ဖြစ်၏။

"မိုက်ရိုင်းယုတ်မာလှသော မြေဘုတ်ဘီလူးတို့သည် သား ယောင် ဆောင်၍ ငါ့နား ကပ်လာကြ၏။ ဖေဖေ့ ဖေဖေဟု ပလီပလာ ဆိုလာကြ၏။ ထိုသို့ ပလီခဲ့သူတို့ကပင် သေခါနီး သော ဖခင်ကြီးကို ရက်ရက်စက်စက် စွန့်ပစ်ကြကုန်၏။

"ခိုင်းစေ၍ မနိုင်တော့သော မြင်းအိုကြီးကို စားခွက်မှ ဆွဲထုတ်ကြသကဲ့သို့ သားဆိုးသားမိုက်တို့ ဖခင်အိုကြီးမှာလည်း အိမ်မှ နှင်ထုတ်ခံထားရသဖြင့် အိမ်တကာလည်၍ တောင်းစား နေရ၏။

"ငါ့လက်ထဲကတောင်ဝှေးသည် အဘစကား နားမထောင်သော သားလေးယောက်ထက် မြတ်ပါသေး၏။ ဤတောင်ဝှေးသည် နွားဆိုးတို့ကိုလည်း ကာကွယ်ပေး၏။ ခွေးဆိုးတို့ကိုလည်း တားဆီးပေး၏။ ညအခါ မှောင်မိုက်ထဲဝယ် သူ့ကိုရှေ့က ထား၍ သွားရ၏။ ကျင်းတွေ၊ချိုင့်တွေ ရှိသောအခါ ထောက်ရာ တည်ရာရ၏။ မတော်တဆလဲကျ သွားရာမှလည်း သည် တောင်ဝှေးကိုပင် ထောက်၍ ပြန်ထ,ခဲ့ရပေသည်"။

ဤသို့ အနက်အဓိပ္ပာယ်ရှိသော ကဗျာလေးပုဒ်ကို ဘုရားရှင်ကိုယ်တော်တိုင် စီကုံးတော်မူကာ ပုဏ္ဏားအိုကြီး တယောက်အား နှုတ်တိုက် ချ,ပေးတော်မူရ၏။ အသက်အရွယ်အိုရသည့်အထဲတွင် စားရမဲ့၊သောက်ရမဲ့ ဖြစ်နေသဖြင့် ပုဏ္ဏားအိုကြီးမှာ အသိဉာဏ် ထိုင်းမှိုင်းနေရှာ၏။ သည် ကဗျာ လေးပုဒ်ကိုပင် ရက်ပေါင်းများစွာ သင်ယူရရှာ၏။ ပုဏ္ဏားအိုကြီး နှုတ်တိုက်ရသည်အထိ ဘုရားရှင်ကလည်း အခေါက်ခေါက်အခါခါချပေးတော်မူရပေသည်။

ကဗျာ့ကျေးဇူး

အမှန်တော့ဖြင့် ပုဏ္ဏားကြီးသည် သဌေးကြီးတဦး ဖြစ်ခဲ့၏။ ရှိရှိသမျှ ငွေနှင့်ပစ္စည်းများကို သားလေးယောက်ကို မသေခင် အမွေ ပေးမိသဖြင့် အတိဒုက္ခ ရောက်ခဲ့ရ၏။ မယားစကား နားထောင်၍ သားလေးယောက်လုံးက သူ့ကို တယောက်ပြီး တယောက် နှင်ထုတ်လိုက်၍ အိမ်တကာလည်၍ တောင်းစား

နေရ၏။ ဤတွင် ကြံရာမသိရှာသော ပုဏ္ဏားကြီး ဘုရားရှင်ထံ ရောက်လာ၍ ကံကောင်းသွားပေသည်။

ဘုရားရှင် သင်ပေးလိုက်သော ကဗျာလင်္ကာများကို နှုတ်တိုက်ရအောင် သင်ယူကာ ပုဏ္ဏားအိုကြီးသည် ကောင်းကောင်းကြီး အသုံးချနိုင်ခဲ့၏။ သားလေးယောက်လုံး တက်ရောက်သော အစည်းအဝေးကြီးသို့ ဝင်ကာ ဤ ကဗျာလင်္ကာများ ရွတ်ဆိုပြလိုက်ခြင်းဖြင့် သား လေးယောက်လုံး အထိတ်တလန့်ဖြစ်ကာ ဖခင်ကြီးကို ပြုစုလုပ်ကျွေး ကြရပေတော့သည်။

[ဓမ္မပဒ အဋ္ဌကထာ၊ နာဂဝဂ်၊ ပုဏ္ဏားအိုကြီးနှင့်သားများ ဝတ္ထု]

အကြင်လင်မယား

မိသားစုအသိုက်အဝန်းဖြင့် နေကြရာတွင် မိဘနှင့်သားသမီးတို့မှာ တာဝန်အသီးသီးရှိသကဲ့သို့ လင်နှင့်မယားတို့၏ တာဝန်များကိုလည်း ဘုရားရှင် ဟောကြားထားပေသည်။ ထိုတွင် လင့်ဘက်က ထားရှိရမည့် တာဝန်များမှာ—

ချစ်ခင် မြတ်နိုးခြင်း၊
မခန့်လေးစား မပြုခြင်း၊
အငယ်အနှောင်း မထားခြင်း၊
စည်းစိမ်ဥစ္စာ အပ်နှံခြင်း၊
ဝတ်စားတန်ဆာ ဆင်ယင်ခြင်း—

တို့ ဖြစ်၏။

ထို့အတူမယားဘက်မှလည်း—

အိမ်တွင်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊

မိခိုသူများကို ထောက်ပံ့ကျွေးမွေးခြင်း၊

အငယ်အနှောင်း မထားခြင်း၊

ရှိပြီးဥစ္စာကို စနစ်တကျ ထိန်းသိမ်းခြင်း၊

လုပ်ငန်းကိစ္စ ဟူသမျှ၌ ကျွမ်းကျင်ခြင်း—

ဟူ၍ တာဝန်ငါးရပ် ရှိပေသည်။

ဤတာဝန်များကို သေသေချာချာ ပြန့်ကြည့်လျှင် အမျိုးသမီးများကို တမင်သက်သက်နှိမ့်ချထားခြင်း လုံးဝမရှိသည်ကို တွေ့ရပါလိမ့်မည်။ ထို့အတူပင် အမျိုးသားကိုလည်း အထူးတလည် အခွင့်အရေးပေးထားခြင်းမရှိပါ။ ကျွန်ုပ်တို့ ခေတ်ကာလ အခြေအနေအရ စီးပွားရှာဖွေကြရာတွင် အမျိုးသားများက အိမ်အပြင်ထွက်၍ ရှာဖွေကြရ၏။ အမျိုးသမီးများမှာမူ စီးသောရေကို ကန်သင်းဆည်သကဲ့သို့ ရရှိလာသောပစ္စည်းများကို အဖိတ်အစဥ် မရှိအောင် ထိန်းသိမ်းကြရပေသည်။ ဤသို့ အိမ်တွင်းနှင့်အိမ်ပြင် လုပ်ငန်းချင်း ကွဲပြားရုံမျှရှိကြ၏။ အခြားသော လူမှုအခွင့်အရေးကား တန်းတူညီမျှ ရရှိကြပေသည်။

ဆရာနှင့်တပည့်

တာဝန်ကိုယ်စီဖြင့် ကြည်ဖြူစွာ နေထိုင်ကြသော မိသားစုအသိုက်အဝန်းမှ တဆင့် လူမှုဆက်ဆံရေး နယ်ပယ်ကို ဖြန့်၍ကြည့်လိုက်သော အခါ ဆရာသမားများကို တွေ့ရပေသည်။

အချို့ဖခင်များသည် မိမိကိုယ်တိုင် ပညာတတ်ထားသဖြင့် သားသမီးများကို ကိုယ်ကိုယ်တိုင် ပညာသင်ပေးနိုင်ကြ၏။ သို့သော် ဖခင်အများစုကား ဆင့်ပွားသင်ပေးနိုင်သည်ထိမစွမ်းနိုင်။ စွမ်းနိုင်သူများကျတော့လည်း စီးပွားရေး တဘက်နှင့်မို့ အချိန်မရ။ ဤတွင် မိဘများနှင့် တန်းတူသား၍ လေးစားရသော ဆရာသမားများ ပေါ်ပေါက်လာကြရ၏။

ဆရာနှင့်တပည့် ဆက်ဆံရေးမှာလည်း တာဝန်အသီးသီး ရှိကြရာ ဆရာသမားတို့၏ တာဝန်များမှာ—

အနေအထိုင် တတ်အောင် ဆုံးမခြင်း၊
ပညာ တတ်အောင် သင်ကြားပေးခြင်း၊
မိမိ တတ်သမျှ မခြွင်းမချန် သင်ပေးခြင်း၊
မိတ်ဆွေ အလုပ်ရှင်များထံ အပ်နှံပေးခြင်း၊
ဘေးအန္တရာယ်ကြုံသောအခါ ကာကွယ်ပေးခြင်း—

တို့ ဖြစ်၏။

ထို့အတူ တပည့်များဘက်မှလည်း—

ထကြွလို့လ ရှိခြင်း၊
ခရီးဦး ကြိုဆိုခြင်း၊
ဆုံးမစကား နာခံထောင်ခြင်း၊
ခြေဆုပ်လက်နယ် ပြုစုလုပ်ကျွေးခြင်း၊
ပညာကို လေးစားစွာ သင်ယူခြင်း—

ဟူ၍ တာဝန်ငါးရပ် ရှိပေသည်။

ဆရာတပည့် ဆက်ဆံရေးမှာလည်း တဘက်စီးနင်း သဘော မျိုး မပါရှိပေ။ နှစ်ဘက်လုံးအတွက် ဘုရားရှင် ဟောကြား ထားသော တာဝန်များသည် နှစ်ဘက်စလုံးအတွက် အကျိုး ကျေးဇူး များစေရန်သာ ဖြစ်၏။ ပညာပေးသူနှင့် ပညာယူသူ နှစ်ဦးလုံးအတွက် မေတ္တာ၊ စေတနာနှင့် အသိပညာ ပွားများ ရေး အတွက်သာ ဖြစ်ပေသည်။

[ပါထိကဝဂ်ပါဠိတော်၊ သိင်္ဂါလသုတ်]

ကိုယ့်ကိုယ်ကို မပိုင်သူများ

ကျွန်ုပ်တို့ သာသနာတော်တွင်းသို့ ရဟန်းပြုကာ ဝင်လာလိုသူ များအတွက် ဝိနည်းတော်၌ ကန့်သတ်ချက်များရှိနေပေသည်။ ကန့်သန့်ချက်များတွင် 'သူ့ဘပါး၏ ကျွန်ဖြစ်သူများအား ရဟန်းခံမပေးရ'ဟူသော အချက်တချက်ပါဝင်၏။ ကျွန်ဟူရာ၌ အိမ်ပေါက်ကျွန်ဖြစ်စေ၊ ငွေဝယ်ကျွန်ဖြစ်စေ၊ စစ်ပွဲမှ လက်ရ ဖမ်းဆီးလာသောကျွန်ဖြစ်စေ၊ မိမိအလိုအလျောက် ကျွန်ခံလာ သူ ဖြစ်စေ၊ ကိုယ့်စိတ်နှင့်ကိုယ့်ကို လွတ်လွတ်လပ်လပ် လုပ်ပိုင် ခွင့် မရှိသူမှန်က ရဟန်းပြုခွင့် မရနိုင်ပေ။

ဤသို့ပညတ်ထားသည်မှာ ကျွန်ုပ်တို့သာသနာတော်ကြီးစာ လူနှင့် လူချင်း စာနာထောက်ထားမှု ကင်းလှသော စနစ်ဆိုး ကြီးကို ထောက်ခံထား၍ မဟုတ်ပေ။ သာသနာတော်ကြီး အရှိန် အဟုန်နှင့် တိုးတက် စည်ပင်လာသဲတွင် မလိုလားအပ်

သော လူမှုရေး ပဋိပက္ခများကို ရှောင်ကွင်းရန်မျှသာ ဖြစ်ပေသည်။

[ဝိနည်းမဟာဝဂ်၊ မဟာခန္ဓကအဋ္ဌကထာ၊ ဒါသဝဏ္ဏကထာ]

အလုပ်ရှင်နှင့် အလုပ်သမား

ထို့ကြောင့် ဘုရားရှင်က ထိုလူတန်းစား နှစ်ရပ်၏ တာဝန်များကို သတ်မှတ်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမား သဘောလောက်သာထား၍ ဟောကြားတော်မူခဲ့ပေသည်။

သိင်္ဂါလ သုတ္တန် ဒေသနာတော်အရ အလုပ်ရှင်၏ တာဝန်ငါးရပ်မှာ-

လုပ်သားကို ခွန်အားနှင့် တန်ရုံသာ ခိုင်းစေခြင်း၊
လုပ်ခရိက္ခာ ပေးခြင်း၊
ထိခိုက်ဖျားနာသော် ဆေးကုပေးခြင်း၊
စားကောင်းသောက်ဖွယ် ဝေငှခြင်း၊
အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း-

တို့ ဖြစ်၏။

ထို့အတူ အလုပ်သမားတို့ဘက်မှလည်း—

အိပ်ရာမှ စောစောထခြင်း၊
နောက်ကျမှ အိပ်ရာဝင်ခြင်း၊
ခိုးဝှက်မှု မပြုခြင်း၊
အလုပ်ကောင်းကောင်း လုပ်ခြင်း၊

အလုပ်ရှင်၏ဂုဏ်သတင်းကို ဖြန့်ဝေခြင်း—

ဟူ၍ တာဝန်ငါးရပ် ရှိပေသည်။

ဤဒေသနာတော်ကို ဟောကြားသည်မှာ ရာဇဂြိုဟ်မြို့မှာ ဖြစ်၏။ သို့သော် မည်သည့်မြို့ရွာ၊ မည်သည့်နိုင်ငံမှာ ဖြစ်စေ ဤတာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်သွားကြလျှင် အလုပ်သမားရော၊ အလုပ်ရှင်ပါ နှစ်ဦးနှစ်ဘက် အကျိုးများ ကြမည်သာဖြစ်၏။ ကျွန်ုပ်တို့ခေတ်တွင်မက နောင်လာမည့်ခေတ် အဆက်ဆက်မှာလည်း ဤဒေသနာတော်များက လောကလူ့ ဘောင်၏ အကျိုးစီးပွားကို ဆောင်နေကြပါလိမ့်မည်။

မိတ်ဆွေမှ မိတ်ဆွေသို့

ထို့အတူပင် မိတ်ဆွေချင်းချင်း ဆက်ဆံရေး တာဝန်များမှာ လည်း နေရာ မရွေး၊ ခေတ်ကာလ မရွေး စံနမူနာယူထိုက်လှ ပါ၏။

မိတ်ဆွေချင်းချင်း ဆောင်ရွက်ရန် တာဝန်ငါးရပ်မှာ—

ထောက်ပံ့ ပေးကမ်းခြင်း၊
ချိုချိုသာသာ ပြောဆိုခြင်း၊
အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊
မိမိနှင့် တန်းတူ ထားခြင်း၊
စကားသစ္စာ တည်ကြည်ခြင်း—

တို့ ဖြစ်၏။

မိတ်ဆွေတုနှင့် မိတ်ဆွေစစ်

မိတ်ဆွေချင်းချင်း မေတ္တာဖြင့် ဆက်ဆံကြရသော်လည်း တွေ့သမျှ လူတိုင်းကိုကား မိတ်ကောင်း ဆွေကောင်းဟု ယုံမှတ်၍ မရနိုင်ပေ။ မိတ်ဆွေတုကို ရှောင်၍ မိတ်ဆွေစစ်များနှင့် ပေါင်းမိဖို့ အလွန်အရေးကြီးပေသည်။ ထိုတွင်—

ယူရုံယူ၍ မပေးလိုသောသူ၊
နှုတ်နှင့်သာ မြှောက်၍ စားတတ်သူ၊
အလိုက်အထိုက်သာ ပြောတတ်သူ၊
မကောင်းမှုများသို့ သွေးဆောင်သူ၊

ဤသူ လေးယောက်ကား ဝေးဝေးက ရှောင်သင့်သော မိတ်ဆွေတုများ ဖြစ်ကြ၏။ ရသက်ပန် ပေါင်းသင်း ထိုက်သော မိတ်ဆွေစစ်များကား—

အကျိုးကျေးဇူး ပြုတတ်သူ၊
အေးအတူ ပူအမျှ သဘောထားသူ၊
အကျိုးရှိရာကိုသာ ညွှန်ကြားသူ၊
သနား ကြင်နာတတ်သောသူ—

တို့ ဖြစ်၏။

လောက လူ့ဘောင်မှာ ကဲ့သို့ပင် ကျွန်ုပ်တို့ သာသနာ့ဘောင်မှာလည်း ဤသို့သော မိတ်ဆွေစစ်များ လိုအပ်လှပေသည်။

မိတ်ဆွေတုကို ဝေးဝေးက ရှောင်၍ မိတ်ဆွေစစ်များအပေါ် တာဝန် ငါးရပ်ဖြင့် အပြည့်အဝ ဆက်ဆံသည့်အတွက် မိတ်ဆွေများဘက်မှလည်း—

မိမိမေ့လျော့ခိုက် အသက်အန္တရာယ်ကာကွယ်ပေးခြင်း၊
မိမိမေ့လျော့ခိုက် ပစ္စည်းဥစ္စာ စောင့်ရှောက်ပေးခြင်း၊
ကြောက်လန့်နေခိုက် အားပေးနှစ်သိမ့်ခြင်း၊
အန္တရာယ်ကြုံသော် စွန့်ပစ်မသွားခြင်း၊
သားစဉ်မြေးဆက် မေတ္တာသက်ဝင်ကြခြင်း—

ဟူ၍ ငါးမျိုးသော တုံ့ပြန်မှုများ ရရှိနိုင်ပေသည်။ မေတ္တာကို မေတ္တာနှင့် တုံ့ပြန်ခြင်းသာ ဖြစ်ပေသည်။

ရှောင်ကြဉ်နိုင်ပါစေ

ဤသို့ မိတ်ကောင်း ဆွေကောင်းများ၏ ကူညီ စောင့်ရှောက်မှုဖြင့် စီးပွားဥစ္စာ ဖြစ်ထွန်းလာချိန်တွင် မိမိကိုယ်တိုင်ကလည်း ဥစ္စာ ပျက်စီးကြောင်းများကို ရှောင်ကြဉ်နိုင်မှသာ တည်တံ့ပါလိမ့်မည်။

ဥစ္စာပျက်စီးကြောင်း ခြောက်မျိုးမှာ—

အရက်သေစာ သောက်စားခြင်း၊
အချိန်မတော် လမ်းသလားခြင်း၊
ပွဲလမ်းသဘင် အသွားများလွန်းခြင်း၊

လောင်းကစား ဝါသနာထုံခြင်း၊
လူပေါင်း မှားခြင်း၊
အပျင်း ထူခြင်း—
တို့ ဖြစ်ကြ၏။

ဆောင်သင့်သည်ကို ဆောင်၍၊ ရှောင်သင့်သည်ကို ရှောင်နိုင်ရန် ဘုရားရှင်က ပြည့်ပြည့် စုံစုံ ဟောကြားတော်မူခဲ့ပေသည်။

[ပါထိကဝဂ်ပါဠိတော်၊ သိင်္ဂါလသုတ်]

လောကီဆုလဒ် လေးမျိုး

ဤ ဟောကြားချက်များနှင့် အညီ ကျင့် သုံး နေ ခြင်း ဖြင့် ရရှိလာသော ပစ္စည်းများသည် ပစ္စည်းရှင်တို့အား လေးမျိုးသော အခြင်းအရာအားဖြင့် ချမ်းသာသုခပေးနိုင်ကြ၏။

"ငါ့မှာ တရားသဖြင့် ကြိုးစားရှာဖွေထား၍ ပစ္စည်းများစွာ ရရှိထားပေပြီ" ဟု တွေးတော၍ ကြည် နူး ရ သော 'အတ္ထိသုခ'

"တရားသဖြင့် ကြိုးစား ရှာဖွေထားသော ပစ္စည်းများကို ငါသည် သုံး လည်း သုံးရပေပြီ၊ လှူ လည်း လှူရပေပြီ" ဟု တွေးတော၍ ကြည်နူးရသော 'ဘောဂသုခ'

"ငါ့မှာ သူများထံမှ ကြွေးမြီ ဟူ၍ တတိုတစမျှ မယူခဲ့ရ တကား" ဟု တွေးတော၍ကြည်နူးရသော 'အာနဏျသုခ'

"တရားသဖြင့် ကြိုးစား ရှာဖွေ ထားသော ပစ္စည်းများ ရှိနေသဖြင့် အပြစ်မကင်းသော အမှုများမှ လွတ်ရပေစွ"ဟု တွေးတော၍ ကြည်နူးရသော 'အနဝဇ္ဇသုခ'။

ဤသို့လျှင် တရားသဖြင့် စီးပွား ရှာသူများအဖို့ တရားသဖြင့် ရရှိနိုင်သော ဆုလဒ် လေးမျိုး ရှိကြပေသည်။ လောကုတ္တရာ ချမ်းသာကဲ့သို့ တည်တံ့ခိုင်မြဲသော သဘော မရှိစေကာမူ ဘဝခရီးကြမ်းကို ပင်ပန်းကြီးစွာ လှမ်းလာရသူများအဖို့ ခေတ္တခဏ နားခိုစရာ ကွန်းရိပ်သာ ဖြစ်ကြပါပေသည်။ ကွန်းရိပ်သာမှာ ခေတ္တခဏ နားခိုကာ အားဖြည့်ပြီးနောက် တည်တံ့ခိုင်မြဲသော လောကုတ္တရာ ချမ်းသာခြင်းသို့ အရောက်ချီတက်ကြရမည် ဖြစ်ပေသည်။

[အင်္ဂုတ္တရပါဠိတော်၊စတုက္ကနိပါတ်၊ ပတ္တကမ္မဝဂ်၊ အာနဏျသုတ်]

အမိက ဦးတည်ချက်

ဤသဘောကို သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များ စီစဥ်ထားပုံဖြင့်လည်း သိသာလှပါ၏၊ ရှေ့ပိုင်းတွင် လူမိုက်နှင့် မပေါင်းသင်းရ။ပညာရှိထံဆည်းကပ်ရမည် စသည်ဖြင့်လူတော်လူကောင်းတယောက် ဖြစ်မြောက်ရေးအတွက် စည်းကမ်းချက်များချမှတ်ထား၏။ လူမှုရေးစည်းကမ်းများမှ တဆင့်တက်၍ တရားနာရေး၊ ကျင့်သုံးရေးများဆီသို့ တစချင်း ဦးတည်လာခဲ့၏။ နောက်ဆုံးမှာကား နိဗ္ဗာန်ကို မျက်မှောက်ပြုရေး၊

ကောင်းဆိုးနှစ်တန်လောကဓံကို ခံနိုင်ရည်ရှိသော အရဟတ္တဖိုလ်ထိ ဆိုက်ရောက်အောင် ပို့ဆောင်ထားပေသည်။

ထို့ကြောင့်ပင် သာသနာ့ဝန်ဆောင်အရှင်မြတ်ကြီးများက ဘုရားရှင် ဟောတော်မူသော ဒေသနာတော်များ အမျိုးအစားကွဲပြားစေကာမူ နိဗ္ဗာန်မျက်မှောက်ပြုရေးဟူ၍ ဦးတည်ချက်တခုတည်းသာ ရှိကြ၏’ဟု မိန့်ဆိုကြခြင်း ဖြစ်ပေသည်။

[ခုဒ္ဒကပါဠိ၊ မင်္ဂလသုတ်အဋ္ဌကထာ]

ခမည်းတော်သစ် မယ်တော်သစ်

အဟောင်းမှ အသစ်သို့

လူမှုရေးတရားတော်များ တင်ပြစဉ်က ဇနီးမောင်နှံရာသက်ပန် ပေါင်းနိုင်ရေးကိုပါ တင်ပြရန် အစီအစဉ်ရှိပါ၏။ သို့သော် ဤဒေသနာတော်မှာ ခမည်းတော်၊ မယ်တော်ကြီးများအား ဟောကြားထားသဖြင့် ဤအခန်းမှာမှ တပေါင်းတည်းတင်ပြ လိုက်ရပေသည်။

ဘုရားရှင်၏ခမည်းတော်ကြီး သုဒ္ဓေါဒနသည် ထီးဖြူတော် အောက်ဝယ် အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန် ပြုသွားခဲ့၏။ မယ်တော်မဟာမာယာဒေဝီမှာလည်း လုမ္ဗိနီသာမောအင်ကြင်း

တောတွင်ကွယ်လွန်ခဲ့၏။ ကျေး မယ်တော်ဖြစ်သော မဟာပဇာပတိ ဂေါတမီတော့ရှိပါသေး၏။ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော အရှင်မကြီးသည် ယခုအခါ မယ်တော်ကြီး ဘဝထက် သမီးတော်ဘဝကို ပိုမို၍နှစ်ခြိုက်နေပေပြီ။ ယိုယွင်းလာသောခန္ဓာဒုက္ခကြီးနှင့် တွေ့ရလေ သူ့ခမည်းတော်ဘုရားကို ကျေးဇူးတင်လေ။ ခမည်းတော်ဘုရားထံမှ အမွေခံရသော အမြိုက် တရားတော်ကြီးကြောင့် သာ လျှင် သက်ကြီးရွယ်အိုဘဝတွင် စိတ်နှလုံးအေးချမ်းစွာနေထိုင်ရပေသည်။ ဤကျေးဇူးများကို ကိုယ်တိုင် ပေးဆပ်သောအားဖြင့် ခမည်းတော်ဘုရားကို ခြေဆုပ်လက်နယ်ပြုစု၍ မဖြစ်နိုင်ပါ။ ဓမ္မအားဖြင့် သူမပါ ငါမနေ့သောသည့်ဓာတ်သဘောများချည့် ဖြစ်သော်လည်း လောကအားဖြင့် နယ်နိမိတ် ခွဲခြား၍ ထားရ ပေ သည်။ ထို့ကြောင့် မဟာပဇာပတိ ဂေါတမီအရှင်မကြီးသည် ခမည်းတော်ဘုရားကိုပြုစုရမည့်တာဝန်များကို သူ့သမီးတော်ရဟန်းမများကို ဆုံးမ ဩဝါဒပေးခြင်းဖြင့် လဲလှယ်၍ပြုစုနေပေသည်။

ဤသို့ ခမည်းတော်ကြီး သုဒ္ဒေါဒနနှင့် မယ်တော်မဟာမာယာဒေဝီတို့သည် သက်မဲ့အဖြစ်ဖြင့် သားတော် ဘုရားကို မျက်ကွယ်ပြုခဲ့ကြပြီဖြစ်၏။ သက်ရှိမယ်တော်ကြီး မဟာပဇာပတိ ဂေါတမီမှာလည်း မယ်တော်ဘဝထက် သမီးတော်ဘဝတွင် ပိုမို၍မွေ့လျော်နေပြီဖြစ်၏။ ဤတွင် ကျွန်ုပ်တို့နောင်တော်မြတ်အဖို့ ခမည်းတော်သစ်၊ မယ်တော်သစ်များ ပေါ်ပေါက်ကြရပြန်ပေသည်။

နကုလ မိသားစု

ခမည်းတော်ကြီး၏အမည်မှာ နကုလပိတာ၊ မယ်တော်ကြီး၏ အမည်မှာ နကုလမာတာတို့ဖြစ်ကြ၏။ နာမည်ရင်းများမဟုတ်ပါ။ သူတို့ အိမ်ထောင်ဦးတွင် သားကလေး တယောက် ဖွားမြောက်ခဲ့ရာ နကုလဟု အမည်မှည့်ထားခဲ့ကြ၏။ မောင်မြွေပါဟု အဓိပ္ပာယ်ရ၏။မြွေပါ သတ္တဝါလေးသည် လျင်မြန်သည်၊ ဖျတ်လတ်သည်၊လိမ္မာပါးနပ်သည်၊ ရဲစွမ်းသတ္တိရှိသည်။ သူတို့၏ သားဦးကလေးကိုလည်း ထိုကဲ့သို့သော ဂုဏ်သတ္တိများ ရှိစေလိုသဖြင့် နကုလဟု မှည့်ထားကြခြင်းဖြစ်ပေသည်။

ကင်ပွန်းတပ်မင်္ဂလာသဘင် ကျင်းပသည်မှာ သားကလေး နကုလ အတွက်သာဖြစ်၏။ သို့သော် ဤမင်္ဂလာပွဲ ပြီးသည့်နောက်တွင်ကားသားနှင့်အတူ သူ့မိသူ့ဖများပါကင်ပွန်းတပ်ပြီးဖြစ်ကြတော့၏။ မိခင်သည် ကလေးအဖေကို နာမည်ရင်းဖြင့် မခေါ်တော့ပဲ နကုလအဖေဟု ခေါ်၏။ သူ ချစ်မြတ်နိုးလှသော သားအဖနှစ်ယောက်လုံးကို တပေါင်းတည်းခေါ်လိုက်ခြင်းဖြစ်၏။ ထို့အတူ ဖခင်ကလည်း ကလေးအမေကို သူ ချစ်မြတ်နိုးလှသော သားနှင့်တပေါင်းတည်းပြုကာ နကုလမာတာဟု ခေါ်ပေသည်။ သူတို့လင်မယားချင်း ချစ်စနိုးခေါ်ကြရာမှတဆင့် ဘေး ပတ်ဝန်းကျင်ကပါ ဤနာမည်များကို အသုံးပြုလာကြရပေသည်။

သူတို့နေရပ်မှာဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့ဖြစ်၏။ ထိုမြို့ကို တည်ထောင်စဉ်က မိကျောင်းတကောင် အသံမြည်ခဲ့သည်ကို

အကြောင်းပြု၍ သုသုမာရဂိရိမြို့ဟု အမည်တွင်လာကြောင်း မြို့သမိုင်းအဆိုရှိ၏။ ဗာရာဏသီမြို့အနီးရှိ ဣသိပတနမိဂဒါဝုန်ကဲ့သို့ပင်ဤမြို့အနီးရှိ ဘေသကဠာ တောအုပ်ကိုလည်း ဘေးမဲ့ ကြေငြာထားပေသည်။ အရိပ်အာဝါသ ကောင်းလှသော ထိုတောအုပ်တွင် ကျွန်ုပ်တို့အတွက် ကျောင်းသင်္ခမ်းများ ရှိနေပေသည်။

မေတ္တာစိမ့်စမ်း မခန်းနိုင်

ထိုမြို့သို့ ဘုရားရှင်နှင့်အတူ ကျွန်ုပ်တို့ ရောက်သွားချိန်တွင် တကာကြီးရော တကာမကြီးပါ အသက်အရွယ်ကြီးကြပါပြီ။ နှစ်ယောက်စလုံး အသက်ခုနစ်ဆယ်ပတ်ဝန်းကျင်ရောက်နေကြပါပြီ။ အသက်အရွယ်အိုမင်းလာ၍ သူတို့၏အသားအရေများ ခြောက်ခန်းလှပါပြီ။ သို့သော် သူတို့၏နှလုံးသားမှ ချစ်ခြင်းမေတ္တာကား မခြောက်သေး၊ မခန်းသေးပါ။ လူငယ် လူရွယ်များကဲ့သို့ အရှိန်နှင့်အဟုန်နှင့် မဟုတ်တော့ သော်လည်း စိမ့်စမ်းရေပမာ တသွင်သွင်စီးဆင်းလျက်ကား ရှိနေပေသည်။ မြစ်ရေ၊ချောင်းရေများကမူ နွေခေါင်ခေါင်တွင် သဲသောင်အတိ ဖြစ်နေတတ်သေး၏။ သွင်သွင်စီးသော စိမ့်စမ်းရေကား ဘယ်အခါမဆို စီးမြဲစီးလျက်ရှိပေသည်။ ကြည်မြဲ ကြည်လျက်၊ အေးမြဲ အေးလျက် ရှိပေသည်။

သူတို့၏ချစ်ခြင်းမေတ္တာမှာ ကျွန်ုပ်တို့ သီတင်းသုံးဖော်များ ပွားများနေကြသည့် ဗြဟ္မစိုရ် မေတ္တာကဲ့သို့ကား မဟုတ်ပါ။

အရှိန်ပြင်းလှသော ကာမဂုဏ်အချစ်မျိုးလည်း မဟုတ်ပါ။ ထို နှစ်မျိုး၏စပ်ကြားက မိသားစု အချစ်မျိုးသာ ဖြစ်ပါသည်။ စာပေ ပရိယတ် အသုံးအနှုန်းအားဖြင့် 'ဂေဟာဿိတပေမ' ဟု ခေါ်နိုင်မည်ထင်ပါသည်။

ဘုရားသွားအတူတူ ကျောင်းသွားအတူတူ

သူတို့နှစ်ယောက် ဆက်ဆံပုံကိုကြည့်ကာ ကျွန်ုပ်တို့သည် တခါ တရံ ပြုံးချင်သလိုလိုဖြစ်ကြရ၏။ သူတို့နှစ်ယောက်ကဖြင့် လွန်း ကြင်ငှက်ကိုများ အားကျနေသလားမသိပါ။ တကယ်ဆိုလျှင် ကျွန်ုပ်တို့ တောကျောင်းသည် သူတို့ မြို့နှင့် ခရီး တော်တော် လှမ်း၏။ ကျွန်ုပ်တို့လို ခရီးသွားနေကျ ရဟန်း သံဃာများ အတွက် ဆွမ်းစား၍ မြန်ရုံမျှဖြစ်သော်လည်း သူတို့လို အဘိုးအို အဘွားအိုများ အတွက်ကား တော်တော်ကြီး အားစိုက်လာ ရ၏။ သို့ပါလျက် တကာကြီးသည် နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ တောကျောင်းသို့ လာနေကျဖြစ်၏။သူလာလျှင် တကာမကြီး ကလည်း တပူးတွဲတွဲ ပါလာသည်သာ ဖြစ်၏။ နကုလနှင့်တကွ သားသမီးများအားလုံး အိမ်ထောင်ခွဲသွားကြပြီမို့ သူတို့ချင်း ပိုမို၍ တွယ်တာလာသလား မသိပါ။

ကျောင်းသို့ရောက်လျှင် သူတို့သည် သူတို့၏သားဘုရားရှင် ရှေ့တော်မှောက် ဝင်ရောက်ကြ၏။ ပထမဦးစွာ ဖူးတွေ့ရစဉ် ကပင် ဘုရားရှင်အပေါ် သားတည်းဟူသော ချစ်ခြင်းမေတ္တာ ဖြင့် ဖြန့်ကျက်ခဲ့ကြ၏။ စားကောင်းသောက်ဖွယ် ထူးထူးခြား

ခြားလေးများ ရလာလျှင် ဘုရားရှင်ကို ပထမဦးစွာဆက်ကပ်ပြီးမှ ကျန်သမျှကို နှစ်ယောက်သားဝေငှ၍စားကြ၏။ အဘိုးအိုအဘွားအိုတို့၏ နူးညံ့သောမေတ္တာစေတနာကို အသိအမှတ်ပြုသောအားဖြင့် ဘုရားရှင်က လည်း သားတည်း ဟူသော အသုံးအနှုန်းကို ခေါ်ပြု၍ ထားတော်မူပေသည်။

ဂုဏ်ထူးရတော့လည်းအတူတူ

အသစ် ပေါ်လာကြသော ခမည်းတော်၊ မယ်တော်တို့သည် သူတို့သားတော်ထံမှ တရား စကားများ ကြားနာကြပြီးလျှင် ကျောင်းဝင်း တခွင် လှည့်လည်ကြရပြန်၏။ အမှိုက်တလင်း လှည်းကျင်းစရာ ရှိလျှင် တယောက်က တံမြက် လှည်း၏။ တယောက်က အမှိုက်ကျုံး၏။ ပေါင်းမြက် သစ်ပင်များ ရှုပ်ထွေးနေလျှင် တူရွင်းတို့နှင့် ထိုး၍ ရှင်းကြ၏။ သံဃာတော်များ၏ သောက်ရေအိုးများ၌ ရေနည်းနေလျှင် ရေတအိုးကို နှစ်ယောက်သား လက်ဆွဲ၍ ခပ်ထည့်ကြ၏။ သားတော်ဘုရားသည် သူတို့၏ နှလုံး သည်းပွတ် ဖြစ်သကဲ့သို့ပင် သားတော်ဘုရား၏ တပည့်များကြောင့်လည်း သူတို့၏ နှလုံးခွန်အားတိုးပွားရသည်ဟု ဆိုကြပေသည်။

ကျောင်း တ ကာ ကြီး အနာထပိဏ်၊ ကျောင်း အ မ ကြီး ဝိသာခါတို့ တေဒဂ်ဂုဏ်ထူး ဆွတ်ခူးရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ်များသာ တယောက်တည်း ရရှိကြ၏။ ကျောင်းတကာကြီး အနာထပိဏ်၏ဇနီးနှင့် ကျောင်းအမကြီး ဝိသာခါတို့၏ခင်ပွန်း

သည်တို့ မပါဝင်ကြပေ။ ယခု ခမည်းတော်၊ မယ်တော်များ ကား သူတို့ထက် ကုသိုလ်ထူးသည်ဟု ဆိုနိုင်ပေသည်။ ဘုရား သွား၊ ကျောင်းတက် လက်တွဲ မပျက်ခဲ့သော သူတို့ဇနီးမောင်နှံ သည် ဝေဒဂ်ဂုဏ်ထူး ဆွတ်ခူးရာတွင်လည်း ထပ်တူညီမျှ ရရှိ ကြပေသည်။

ချစ်၍ ရသောဆု

ကျောင်းတကာကြီး အနာထပိဏ်နှင့် ကျောင်းအမ ဝိသာခါတို့ ဝေဒဂ်ဂုဏ်ထူး ဆွတ်ခူးနိုင်သည်မှာ ဆွမ်း၊သင်္ကန်း၊ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့ကို သူတကာတို့ထက် ရက်ရက် ရောရော လှူဒါန်းခဲ့ကြသောကြောင့် ဖြစ်၏။ယခု ခမည်းတော်၊ မယ်တော်များတေဒဂ်ဂုဏ်ထူးဆွတ်ခူးသည်မှာကား ဆွမ်းတွေ၊ သင်္ကန်းတွေနှင့် ဘာမျှမဆိုင်ပါ။အဘိုးအို၊အဘွားအိုတို့၏ နူးညံ့ လန်းဆန်းသော ချစ်ခြင်းမေတ္တာနှင့်သာသက်ဆိုင်နေပေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ နှစ်ယောက်လုံး နုပျို ငယ် ရွယ်စဉ်ကပင် လက်ထပ်ပေါင်းသင်းခဲ့ကြပါသည်။ ထိုအချိန်မှ စ၍ တယောက်အပေါ် တယောက် သစ္စာစောင့်ခဲ့ကြပါသည်။ အခြားသူတယောက်ယောက်နှင့် ဖောက်ပြားရန်မှာ ကာယကံ မြောက်ဖို့ မဆိုထားနှင့် စိတ်အားဖြင့်ပင် မဖြစ်မှားခဲ့ကြပါ။ သို့ပါ၍ ယခုဘဝမှာလည်း တပည့်တော်တို့ နှစ်ယောက် သေ တပန် သက်တဆုံး ရှင်ပြုံးစွာပေါင်းသင်းလိုပါသည်။ နောက် နောင် ဘဝသံသရာမှာလည်း အစဉ်အမြဲလက်တွဲ၍ သွားလိုကြ ပါသည် ဘုရား"

ငြိမ့်ငြိမ့်သွင်သွင် စီးဆင်းနေသော စိမ့်စမ်းရေမှ ထွက်ပေါ်လာသော အသံများပါတည်း။ ခမည်းတော်ကြီးက ပထမဦးစွာ လျှောက်ထားကာ မယ်တော်ကြီးကလည်း သူ့နောက်ပါးမှ ဖဝါးခြေထပ် လိုက်ပါလာပေသည်။ တဏှာယဉ် မေတ္တာရှင်၊ သစ္စာရှင်များပါတကား။

ဘဝသည် ဒုက္ခ

သစ္စာရှင်၊ မေတ္တာရှင်တို့၏ စမ်းရေသံများကို နာခံရာမှ ကျွန်ုပ်သည် ဘုရားရှင်၏ဒေသနာတော်တပုဒ်ကို ပြေး၍ သတိရလိုက်မိ၏။

"ရဟန်းတို့၊ ယုတ်စွအဆုံးအားဖြင့် လက်ဖြစ် တတွက်မျှလည်း ဖြစ်သောဘဝကိုလည်း ငါဘုရား ချီးမွမ်းတော် မမူ။ ဥပမာအားဖြင့် အနည်းငယ်မျှသော မစင်သည် အနံ့ဆိုးသကဲ့သို့ပင် လက်ဖြစ်တတွက်စာမျှသော ဘဝသည်လည်း ဆင်းရဲသည်သာ ဖြစ်ပေသည်"

သူတို့ချစ်လှစွာသော သားတော်ဘုရားကဲတော့ ဘဝဆိုလျှင် လက်ဖြစ်တတွက်ကလေးကိုမျှ မချီးမွမ်းပါတဲ့။ ဘဝဟူ၍ ရရှိလာလျှင် ဘယ့်လောက်ပင် တိုတောင်းသော်လည်း ဆင်းရဲဒုက္ခချည်းဟု ပြတ်ပြတ်သားသား မိန့်ကြားတော်မူခဲ့၏။ ခေတ္တခဏလေးပင် ဖြစ်စေကာမူ ဘဝဟူသည် ဆင်းရဲသည်သာ ဖြစ်ကြောင်း မစင်နှင့် ဥပမာ ပြုတော်မူခဲ့၏။ ယခု သူ့ ခမည်းတော်၊ မယ်တော်ကြီးများက ဤသို့သောဘဝကိုမှ တောင်းတ

ကြခဲ့ပြီ။ ယခုဘဝတွင်မက နောက်နောင် ဘဝများမှာပင် အစဉ်အမြဲ လက်တွဲ၍ သွားချင်ကြပါသေးသည်တဲ့။ သူတို့ တောင်းတသော ဆုသည် သူတို့ သားတော်ဘုရား၏ စကားဘော်နှင့် ဆန့်ကျင်ဘက် ဖြစ်မနေပြီလော။

သစ္စာနှစ်ပါး နယ်ခြားထားပါ

"အို...ဘကာကြီး–တကာမကြီးတို့။ ဇနီးမောင်နှံ နှစ်ယောက်တို့သည် ယခုဘဝမှာလည်း သေတပန်သက်ဆုံး ရှင်ပြုံးစွာ ပေါင်းသင်းလိုကြပါလျှင်၊ နောက်နောင်ဘဝသံသရာမှာလည်း အစဉ်အမြဲ လက်တွဲ၍ သွားလိုကြပါလျှင် နှစ်ယောက်စလုံး သဒ္ဓါတရားအားဖြင့် တူညီကုန်ရာ၏။ ကိုယ်ကျင့်သီလအားဖြင့် တူညီကြကုန်ရာ၏။ ပေးကမ်းစွန့်ကြဲမှုဖြင့် တူညီကြကုန်ရာ၏။ အသိပညာအားဖြင့် တူညီကြကုန်ရာ၏။ ထိုသို့သော ဇနီးမောင်နှံတို့သည် တောင်းတအပ်သော ဆုလဒ်နှင့် ပြည့်စုံနိုင်ကြပေသည်"

ဤနေရာ ဤဘခဏတွင် ပေါ်လာသော ပြဿနာသည် ဤနေရာ ဤတခဏမှာပင် ပြေပျောက်၍ သွားပေပြီ။ ခမည်းတော်ကြီး၊မယ်တော်ကြီးတို့အားဟောကြားသော ဤဒေသနာတော်သည် ပရမတ္ထသစ္စာနှင့် သမုတိသစ္စာနှစ်ပါးကို နယ်ခြား၍ ပေးလိုက်ပေသည်။

ပရမတ္ထသစ္စာအားဖြင့် ကျွန်ုပ်တို့ ရရှိထားသော ဘဝသည် ဒုက္ခသစ္စာ ဖြစ်၏။ ဘယ့်လောက်ပင် တို့တောင်းသော်လည်း

အကောင်းမရှိ။ မကောင်းခြင်းအတိသာ ဖြစ်၏။ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် ဒုက္ခသစ္စာကို ဒုက္ခသစ္စာ အတိုင်း သိကြ၊ မြင်ကြပါ၏။ သို့သော် ဒုက္ခသစ္စာကို ကျွန်ုပ်တို့ ပယ်စွန့်၍ မရနိုင်ပါ။ ပယ်စွန့်၍ မရနိုင်သဖြင့် ဉာဏ်ပညာဖြင့် ပိုင်းခြားကာ သိရုံ သိရမည့်တရား ဖြစ်ပါသည်။

သမုတိအချိုး ကိုက်ပါစေ

ဒုက္ခသစ္စာကို ဒုက္ခသစ္စာအတိုင်း သိမြင်ပြီးသည့်နောက်မှာလည်း ကျွန်ုပ်တို့သည် ဤသစ္စာ၏နယ်ပယ်အတွင်းမှာပင် သမုတိသစ္စာ အချိုးမပျက် ဆက်လက်၍ နေကြရပါဦးမည်။ လောကထွတ် ထား မြတ်ဘုရား ဟူသည်မှာ တကယ်တော့ဖြင့် သမုတိသစ္စာ သာ ဖြစ်၏။ ကျွန်ုပ်တို့ သာသနာ့ဘောင်သို့ ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဝင်ရောက်လာသော ရဟန်းများသည် သမုတိ သံဃာများ ဖြစ်ကြ၏။ ဘုရားရှင်၏ အမိန့်တော်အာဏာစက်ဖြင့် သမုတ်ထားသော ရဟန်းများ ဖြစ်ကြ၏။ ဘုရားရှင်၏အာဏာ စက်မှ ပေါက်ဖွားလာကြရသဖြင့် ဘုရားရှင်၏ ဝိနည်း, စည်း ကမ်းများကို ရိုသေစွာ လိုက်နာကြရ၏။ ဝိနည်းတော်လာ တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရ၏။

ထို့အတူပင် တကာ-တကာမများဘက်မှာလည်း သမုတိ သစ္စာအရ သတ်မှတ်မှုများ ရှိနေပေသည်။ မိသားစု အသိုက် အဝန်းနှင့် နေကြရသဖြင့် ထမ်းဆောင်စရာ ရှိနေပေသည်။

ဤတာဝန်များကို မပျက်မကွက်ဆမ်းဆောင်ယင်း ဇနီးမောင်နှံ ရာသက်ပန် ခိုင်မြဲစေကြောင်း နည်းလမ်းကောင်းများကိုလည်း လက်တွေ့ ကျင့်သုံးကြရပါလိမ့်မည်။

မိတ်ဘက်သစ္စာနှစ်ပါး

ဘုရားရှင်၏ ဤဒေသနာတော်သည် အိမ်ထောင်ရှင် အားလုံး အတွက် ဖြစ်၏။ ဘုရားရှင်၏တပည့်သာဝကအဖြစ် မခံယူစေကာမူ ဤ အင်္ဂါလေးပါးနှင့်သာ ပြည့်စုံပါလျှင် ရာသက်ပန် ပျော်ရွှင်စွာ ပေါင်းသင်းနိုင်သော အိမ်ထောင်ရှင်များ ဖြစ်နိုင်ကြ၏။ ဤသို့အားဖြင့် ဤဒေသနာတော်သည် သမုတိသစ္စာ နယ်အတွင်းမှာ အချိုးကိုက်စွာ နေနိုင်ရေးကိုသာ ညွှန်ကြား ထား၏။ ဤ ဒေသနာတော်ကြောင့် ပရမတ္ထသစ္စာနယ်ကြီး တိမ်ကောမသွားနိုင်ပါ။ သစ္စာနှစ်မျိုး၏နယ်ပယ်ကို ပိုင်းပိုင်း ခြားခြား နားလည်ထားပါလျှင် သစ္စာနှစ်မျိုးစလုံးကို ဆန့် ကျင်ဘက်မဟုတ်ပဲ မိတ်ဘက်အဖြစ်ဖြင့်ရှုမြင်နိုင်ကြပါလိမ့်မည်။

ဤသို့အားဖြင့် အသစ်ပေါ်လာကြသော ခမည်းတော်နှင့် မယ်တော်တို့သည် သူတို့၏သားတော် ဘုရားထံမှ တေဒဂ် ဂုဏ်ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့ကြ၏။ ဆွတ်ခူးနိုင်ခြင်း အကြောင်း တား အခြားမဟုတ်ပါ။ သူတို့ဇနီးမောင်နှံ ဘဝအဆက်ဆက် လက်တွဲလိုပါကြောင်း ရင်းနှီး ကျွမ်းဝင်စွာ လျှောက်ထားခဲ့ ခြင်းကြောင့်သာ ဖြစ်ပေသည်။

ဤနမူနာကို ထောက်သဖြင့် သမုတိသစ္စာကို ပရမတ္ထသစ္စာနှင့် ထပ်တူထပ်မျှ ဘုရားရှင် အလေးထားတော်မူကြောင်း ကျွန်ုပ်တို့ သိရှိရပေသည်။

[အင်္ဂုတ္တရပါဠိတော်၊ တေကနိပါတ်၊ ပထမသမ္ဗောဓိဝဂ်၊ အင်္ဂုတ္တရအဋ္ဌကထာ၊ ဧကကနိပါတ်၊ နကုလပိတု ဂဟပတိ ဝတ္ထု၊ နကုလမာတာ ဝတ္ထု]

မရောင့်ရဲနိုင်သူ

ဘုရားရှင်ထံ အကျွမ်းတဝင် လျှောက်ထားခဲ့သဖြင့် တေဒဂ်ဂုဏ်ထူးဆုတ်ခူးနိုင်ခဲ့သော ခမည်းတော်ကြီးသည် အကျွမ်းဝင်သောကြောင့်ပင် 'သူ့ခန္ဓာ ငါ့မစွက်ရေး' တရားတော်ကို ကြားနာခွင့် ရခဲ့ပေသည်။

ကျွန်ုပ်တို့ ဘေသကဠာတောကျောင်းသို့ နေ့စဉ်လာနေကျဖြစ်သော ခမည်းတော်ကြီးသည် ရက် အတန်ကြာ ပြတ်လပ်နေခဲ့၏။ ကျွန်ုပ်တို့ကလည်း သုသုမာရဂီရိမြို့သို့ ဆွမ်းခံမရောက်ဖြစ်ပဲ ပတ်ဝန်းကျင်ကျေးရွာများမှရသမျှဖြင့် ရောင့်ရဲခဲ့ကြ၏။ ကျွန်ုပ်တို့က ရသမျှဖြင့် ရောင့်ရဲနိုင်သော်လည်း ခမည်းတော်ကြီးတစေ့ မရောင့်ရဲနိုင်ပေ။ယိုင်နဲ့နဲ့ကိုယ်ခန္ဓာကို တောင်ဝှေးတချောင်းဖြင့် ထောက်ကူကာ ကျွန်ုပ်တို့ တောကျောင်းသို့ တရွေ့ရွေ့ လျှောက်လာခဲ့ပေသည်။

ခမည်းတော်ကြီး မရောင့်ရဲနိုင်သည်မှာ စီးပွားရေးအတွက် မဟုတ်ပေ။ ကာမဂုဏ်ခံစားမှုအတွက်လည်းမဟုတ်ပေ။ နေ့စဉ်

ရက်ဆက် ဖူးမြော်လာခဲ့သော သားတော်ဘုရား၏ မျက်နှာ တော်ကို ဖူးမြော်ရေးအတွက်သာ ဖြစ်၏။

စိတ်သွားရာ ကိုယ်မပါပြီ

စောစောပိုင်း ရက်များမှာတုန်းက သူ၏ စိတ်အလိုနှင့် ကိုယ်ခန္ဓာသည် တသားတည်း ဖြစ်ခဲ့၏။ သားတော်ဘုရားကို နေ့စဉ်ရက်ဆက် ဖူးမြော်လိုသော သူ့စိတ်နောက်သို့ သူ့ကိုယ်ခန္ဓာက တပါတည်း လိုက်နိုင်ခဲ့၏။ စိတ်သွားရာ ကိုယ်ပါသည်ဟု ဆိုနိုင်ပါ၏။ သို့သော် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းမှာကား စိတ်သွားရာ ကိုယ်မပါနိုင်တော့ပေ။ အရွယ်ကလည်း ရှစ်ဆယ်ဝန်းကျင်၊ ဥတုရာသီကလည်း ရွတ်တရက် ပြောင်းလဲ လိုက်သဖြင့် သူ့ခမျာ အိပ်ရာပေါ် လဲခဲ့ရ၏။ သေကံမရောက်သေး၍သာ သူ့ခမျာ ဖျားရာမှ ထလာနိုင်ခဲ့၏။ နာလန်ထလာသည်ဆိုသော်လည်း ရှင်းရှင်းကြီး ပျောက်သေးသည် မဟုတ်ပါ။ ရေချိုးခွင့် မရသေးပါ။ သားတော်ဘုရားကို ဖူးတွေ့လိုသော စိတ်ဇောများ ဆောင်သဖြင့်သာ တုန်တုန်ယင်ယင်နှင့် လှမ်းလာရခြင်း ဖြစ်ပေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် သက်ကြီး ရွယ်အိုဖြစ်သဖြင့် မကျန်းမမာ ဖြစ်ခဲ့ရပါသည်။ မကြာခဏ ဖျားခဲ့ရပါသည်။အဖျားရောဂါဒဏ်ကြောင့် တပည့်တော်သည် နေ့စဉ်ရက်ဆက် ဘုရားဖူး မရောက်နိုင်ခဲ့ပါ။ စိတ်နှလုံးကို ပွားစေတတ်သော သံဃာတော် အရှင်မြတ် များကိုလည်း နေ့စဉ်

ရက်ဆက် မဆည်းကပ် နိုင်ခဲ့ပါ။ သို့ဖြစ်ပါ၍ တပည့်တော်၏ အကျိုး စီးပွား များစေကြောင်း တရားကောင်းများ ဟော ကြားတော်မူပါဘုရား”

အားနည်းသော ကိုယ်ခန္ဓာနှင့်အတူ သူ့စကားသံများက လည်း တုန်တုန်ယင်ယင် ရှိပါဘိ၏။ အကျိုးစီးပွား များစေ ကြောင်းဟု သူရည်ညွှန်းခဲ့သည်မှာ သူ့ကိုယ်ခန္ဓာ အဖျားအနာ ကင်းရေးပင်ဖြစ်ပါလိမ့်မည်။ ကျန်းမာချမ်းသာစွာဖြင့် နေ့စဉ် ရက်ဆက် ကျွန်ုပ်တို့ တောကျောင်းသို့ အရောက်လာနိုင်ရေးသာ ဖြစ်ပါလိမ့်မည်။

ငှက်ဥနှင့်တူသော ဤခန္ဓာ

သားအရင်းတမျှ ချစ်ခင်၍ အားကိုးတကြီး လျှောက်ထား လာသော ခမည်းတော်ကြီးအား သူ့သားတော် ဘုရားက တော့ ဟုတ်ပေသည် တကာကြီး၊ ဟုတ်ပေသည်တကာကြီး” ဟူ၍သာ အလိုက်သင့် မိန့်ကြားတော်မူ၏။ ထိုမှဆက်လက်၍-

“တကာကြီး၊ ဤကိုယ်ခန္ဓာကြီးသည် အမြဲတစေ နာလျက် ရှိ၏။ ထိမိ ခိုက်မိရုံနှင့် ကွဲအက် တတ်သော ငှက်ဥများ ကဲ့သို့ ဖြစ်နေ၏။ အပြင်က ထိခိုက်မှုကို မခံနိုင်လောက်အောင် အရေ ပြား ပါးလွှာလွန်းလှ၏။ ဤသို့သော ကိုယ်ခန္ဓာကြီးရရှိထား ပါလျက် “ငါ ကျန်းမာသည်၊ အနာကင်းသည်” ဟု တစုံ တယောက်က ဝန်ခံလာငြားအံ့။ တခဏလေးအတွက်ပင် ဖြစ် ပါစေ။ ထိုဝန်ခံမှုကို သူရူးတို့၏ အပြုအမူဟူ၍ သတ်မှတ်ရန်မှ တပါး အခြားလမ်းမရှိပေ”

ကိုယ်သာနာစေ စိတ်မနာစေနှင့်

ဤသို့ မိန့်ကြားခဲ့သော စကားစုတွင် အားတက်စရာ ဟူ၍ တချက်မျှ မပါပေ။ ခမည်းတော်ကြီးကတော့ သူ့သားတော် ဘုရား၏တန်ခိုးတော်ကို မျှော်ကိုးဟန်တူပါသည်။ သူမျှော်ကိုး မည် ဆိုကလည်း မျှော်ကိုးထိုက်ပါ၏။ အထွတ်အထိပ်သို့ရောက် လေပြီးသော စိတ်တန်ခိုးတော်သည် သူ၏ ရောဂါ ဝေဒနာ အပေါင်းကို ကုစား၍ ပေးလိုက ပေးနိုင်ပါလိမ့်မည်။ ခမည်း တော်ကြီးအား ကျန်းမာပကတိ ချမ်းသာစွာ ရှိစေလိုလျှင် အစွမ်းထက်လှသော စိတ်တန်ခိုးကို အသုံးပြုတော် မူရပါလိမ့် မည်။ သို့ပါလျက် စိတ်တန်ခိုးတော်ကို ဘုရားရှင် အသုံးပြုတော် မမူပါ။ ကိုယ်ခန္ဓာကြီး၏ ချို့တဲ့မှုများကိုသာ ထင်ရှားအောင် မိန့်ကြားတော် မူလိုက်ပေသည်။ ခမည်းတော်ကြီး၏ ချစ်ခြင်း မေတ္တာကို လျစ်လျူရှုတော် မူလိုက်ချေပြီလော။

ဤသို့ မဟုတ်ကြောင်းကို ကျွန်ုပ်တို့ ကောင်းကောင်းသိပါ သည်။ တဆက်တည်း မိန့်ကြားတော်မူခဲ့သော ဒေသနာတော် မှာပင် ခမည်းတော်ကြီးအပေါ် ထားရှိသော ဗြဟ္မစိုရ်မေတ္တာ ဓာတ်ကို ကျွန်ုပ်တို့ သုံးသပ်မိကြပါသည်။

"ထို့ကြောင့် တကာကြီးသည် ဤသို့ ကျင့်သုံးသင့်၏။ 'ကိုယ်ခန္ဓာကြီးနာလျက်ရှိနေသော်လည်း ငါ၏ စိတ်သည်ကား မနာစေနှင့်' ဟူ၍ပင် ဖြစ်ပေသည်"

ဆေးတလက် ရောဂါ ၁၅၀၀

သားတော် ဘုရား၏ အနန္တ မေတ္တာစေတ်ဖြင့် မှမ်းထုံထား သော စကားတော်များ ဖြစ်ပေသည်။ အကယ်၍ ခမည်း တော်ကြီး ရောဂါကို တန်ခိုးတော်ဖြင့် ကုစားပေးလျှင် ဓေတ္တ ခဏသာ ကျန်းမာနိုင်ပါလိမ့်မည်။ အသွေးအသားခြောက်ခန်း နေသော ကိုယ်ခန္ဓာသည် ဤရောဂါမှ လွတ်လျှင် ဟိုရောဂါ နှင့် တွေ့ရဦးမည်သာ ဖြစ်၏။ အကယ်၍ ရောဂါ ဝေဒနာ ဟူသမျှ ဘဝတလျှောက်လုံး-မကျရောက်အောင် စွမ်းဆောင် နိုင်သည်ဆိုစေဦး၊ ခမည်းတော် တယောက်တည်းသာ ခံစား ရပါလိမ့်မည်။ အခြားသူများအဖို့ အကျိုးသက်မည်မဟုတ်ပါ။

ယခု ဟောကြားသော ဒေသနာတော်သည်ကား သာဝက အားလုံး အကျိုးကျေးဇူးများလှပါသည်။ ခေတ္တခဏ ရောဂါ ကင်းရေးမဟုတ်ပဲ၊ ရာသက်ပန် ချမ်းသာရေး ဖြစ်ပေသည်။ ဤဒေသနာတော် တန်ခိုးဖြင့် ကင်းနိုင်၊ ပျောက် နိုင် သော အနာရောဂါများကို အကျယ်ပွား၍ကြည့်လျှင် ၁၅၀၀မျှပင် ရှိပါပေသည်။

မိုးရေဖြန်း၍ လန်းခဲ့ပြီ

ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာ အနာပေါင်းကို ကောင်းကောင်းကြီးကုစားနိုင်သော ဒေသနာတော်ကို ကြား နာပြီးနောက် ခမည်းတော်ကြီးသည် ရှေတော်မှောက်မှ ထွက်

ခွာလာခဲ့၏။ ထိုးစံအတိုင်း သူကြည်ညိုလေးစားသော သံဃာတော်များထံ ဆည်းကပ်ရန် ဖြစ်ပေသည်။

လာစဉ်တုန်းကတော့ တကာကြီး၏ မျက်နှာသည် နေထွက်ပန်းသို့ သွီးနွမ်းလျက်ရှိ၏။ သူ့ခြေလှမ်းများသည် ဇယိမ်းဇယိုင် ရှိလေ၏။ ယခု ရွှေတော်မှောက်မှ ပြန်ထွက်ချိန်မှာတော့ နေထိပန်းကိုမိုးရေဖြန်းခဲ့ပြီဖြစ်၏။ ဖြည်းဖြည်းမှန်မှန် လှမ်းလာပုံကလည်း ဣနြေ္ဒရလှ၏။ လာစဉ်တုန်းကနှင့် လုံးဝ ခြားနားနေသောအခြေအနေများကို အကဲတော်မိသူများတွင် အရှင်မဟာသာရိပုတ္တရာလည်း တပါးအပါအဝင် ဖြစ်နေ၍....

“တကာကြီး၊ တကာကြီး၏ ဣနြေ္ဒများ ကြည်လင်ကြပါပေသည်။ မျက်နှာအဆင်းသည် ရွှေလမင်းကဲ့သို့ပါပေတည်း၊ ယနေ့ဘုရားရှင်ရွှေတော်မှ တရားတော်များ နာကြားခဲ့ရပါသလော”

“အရှင်ဘုရား၊ တပည့်တော်ကဲ့သို့ အကျွမ်းတဝင်ရှိသူ့အဖို့ အဘယ်မှာ တရားမနာရပဲ ရှိပါမည်နည်း”

အရှင်မဟာသာရိပုတ္တရာ၏မေးခွန်းကို တကာကြီးက ဤသို့ တုံ့ပြန်တာသူ့သားတော်ဘုရားကတိုက်ကျွေးလိုက်သောအမြိုက်ရသာ ဒေသနာတော်ကို တကျော့ပြန် လျှောက်လိုက်ပါ၏။ သူ့အသံနှင့် သူ့ဟန်သည် ရှင်းလန်းတက်ကြွလှပါ၏။ ပြုံးမြမြ သူ့မျက်နှာကြီးသည် ပါးရေ နားရေတော့ တွန့်နေပါလျက် နှစ်သက်ဖွယ်ဖြစ်နေပါ၏။ သူ့စကားသံထဲဝယ် တရားနာခဲ့ရသည့်အတွက်သာမက ဘုရားရှင်နှင့် အကျွမ်းတဝင် ဖြစ်နေသည်ကိုပါ ဂုဏ်ယူနေပုံကို ကျွန်ုပ်အကဲခတ်လိုက်မိပါသည်။

အေးမြသောရှုခင်းတကွက်

"တကာကြီး၊ သို့ဖြစ်လျှင်ဘုရားရှင်ကို ကိုယ်ရောစိတ်ပါနာပုံနှင့် ကိုယ်သာနာ၍ စိတ်မနာပုံများကို ဆက်လက်၍မေးလျှောက်ခဲ့ပါသေးသလော"

"အရှင်ဘုရား၊ ဤသို့သော အနက်အဓိပ္ပာယ်ကို သိရှိရန် အရှင်ဘုရားထံ တမင်တကာ လာခဲ့ရပါသည်။ ဤအနက်အဓိပ္ပာယ်ကို အရှင်ဘုရားဟောကြားတော်မူပါဘုရား"

အမေးရောအဖြေပါ အကျွမ်းတဝင်ရှိကြပါဘိ၏။ အကျွမ်းတဝင်ခင်မင်စွာမေးမြန်းသည်ကို ဖြေကြားယင်း တကာကြီးက တရားတောင်းလိုက်၏။ အရှင်မြတ်ကြီးထံမှ ဤသို့ စကားရိပ်သန်းလာလျှင် တရားတပွဲတော့ဖြစ်လာတော့မည်။ ဘုရားရှင်ဟောကြားခဲ့သည့် ဒေသနာတော်ကိုအခြေပြုကာ အကျယ်အားဖြင့်ဝေဖန်၍ ဟောကြားပေးတော့မည်။ ဤသဘောကို အတတ်သိပြီးဖြစ်၍ တကာကြီးက အရိပ်ကို အကောင်အထည်ဖော်လိုက်ရပေသည်။ ဤကဲ့သို့ ရင်းနှီးကျွမ်းဝင်သူချင်း မေတ္တာဘို့ပြန် ဆက်ဆံနေကြခြင်းကို ရှုမြင်ရသည့်အတွက် ကျွန်ုပ်၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရပါသည်။

ကိုယ်ရောစိတ်ပါနာသူများ

နကုလပိတာဘကာကြီး မေးလျှောက်ချက်အရ အရှင်မဟာသာရိပုတ္တရာ အကျယ်အားဖြင့် ဝေဖန် ဟောကြားသည်မှာ ခန္ဓာငါးပါးကိုအခြေပြု၍ ထားပေသည်။

"တကာကြီး၊ ဤသို့ဖြစ်လျှင် ရှိသေစွာနားကြားလော့။ ဤကမ္ဘာမြေပေါ်မှာ သာသနာတော်ကြီး ထွန်းလင်းနေသော်လည်း အချို့သူတို့မှာကား မှောင်မိုက်နေဆဲသာဖြစ်၏။ သူတို့သည် ဘုရားရှင်နှင့်တကွ အရိယာ သူတော်ကောင်းများကို မျက်ဝါးထင်ထင် ဖူးမြင်ကြရပါ၏။ သို့သော် အရိယာတို့ရရှိထားသောတရားကိုမမြင်၊ အရိယာတို့၏တရားမှာ မကျွမ်းကျင်၊ အရိယာတို့၏အဆုံးအမကို မခံယူမကျင့်သုံးနိုင်ကြပေ။ သို့ဖြင့်၍ ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားသောဤကိုယ်ခန္ဓာကြီးကို ငါ ဟူ၍လည်းကောင်း၊ ငါ့ဟာ ဟူ၍လည်းကောင်း စွဲယူထားကြ၏။ ဤသို့စွဲယူထားကြသဖြင့် ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားသော ဤကိုယ်ခန္ဓာကြီး ဖောက်ပြန်ချွတ်ယွင်းလာသောအခါ စိုးရိမ်ပူဆွေး ငိုကြွေးကြရ၏။ ဝမ်းနည်းကြေကွဲ စိတ်ဆင်းရဲကြရ၏။ ဤကား ကိုယ်ရောစိတ်ပါ နာရပုံဖြစ်ပေသည်"

ကိုယ်သာနာ၍ စိတ်မနာသူများ

"တကာကြီး၊ ဤကမ္ဘာမြေပေါ်မှာ သာသနာတော်ကြီး ထွန်းလင်းနေသဖြင့် ဘုရားရှင်၏တပည့် သာဝကသည် ဘုရားရှင်နှင့်တကွ အရိယာသူတော်ကောင်းများကို အသားမျက်စိ၊ ဉာဏ်မျက်စိနှစ်ပါးစုံဖြင့် ဖူးမြင်ရ၏။ အရိယာတို့၏တရားကို ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျင်ထား၏။ အရိယာတို့၏ အဆုံးအမကို ခံယူကျင့်သုံး၏။ သို့ဖြင့်၍ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားသော ဤကိုယ်ခန္ဓာကြီးကို ငါဟူ၍လည်းကောင်း၊ ငါ့ဟာ ဟူ၍လည်း

ကောင်း မစွဲမှယူတော့ပေ။ ဤသို့ မစွဲမယူကြသဖြင့် ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားသော ဤကိုယ်ခန္ဓာကြီးဖောက်ပြန်ချွတ်ယွင်းလာသော်လည်း စိုးရိမ်ပူဆွေး ငိုကြွေးရန် မရှိတော့ပေ၊ ဝမ်းနည်းကြေကွဲ စိတ်ဆင်းရဲရန်မလိုတော့ပေ။ ဤကားကိုယ်သာနာ၍ စိတ်မနာပုံဖြစ်ပေသည်”။

အရှင်မဟာသာရိပုတ္တရာ ဟောကြားသော ဤဒေသနာကို ကျွန်ုပ်ဉာဏ်ဖြင့်တဆင့် ရှင်းပြရသော်—

သူ့သဘော သူ့ဘာသာ

ကျွန်ုပ်တို့ ကိုယ်ခန္ဓာမှာ ပေါ်ပေါက်လာသော အနာရောဂါတို့ကို သင့်လျော်သောဆေးဝါး ဓာတ်စာတို့ဖြင့် ကုစားနိုင်ကြပါ၏။ ကုစားသဖြင့် ချမ်းသာရခဲ့ကြပါ၏။ သို့သော် ထိုချမ်းသာခြင်းကား ခေတ္တ, ခဏ အနားယူရန်မျှသာဖြစ်၏။ ဘယ်လောက်ပြုပြင်ပြုပြင်၊ ဘယ်လိုပင်ကုစားကုစား တခုခုမှားသည်နှင့်အနာရောဂါရကြမည်သာဖြစ်၏။ဘဝအကြောင်းကောင်းလွန်းလှသော အရှင်ဗာကုလတို့လို ပုဂ္ဂိုလ်မျိုးမှာပင် အမည်တပ်နိုင်သော အနာရောဂါမရှိရုံသာဖြစ်၏။ အိုနာ, အိုရောဂါကိုကား မကင်းနိုင်ကြပါချေ။

ကျွန်ုပ်တို့ တသက်တာတွင် ဘယ်အချိန်မှာ ဘာ အစားအစာကြောင့် ဘာရောဂါဖြစ်သည်ဟု မကြာခဏ ပြောခဲ့ကြရ၏။ သို့သော် အရင်း အမြစ်ကို စိစစ်ကြည့်လျှင်ကား ထိုအချိန်မတိုင်မီ၊ထိုအစားအစာနှင့် မတွေ့မီကတည်းကပင် အနာ

ရောဂါတို့၏ အခြေခံက ရှိနေပါပြီ။ ၃၂ ကောဋ္ဌာသတို့ဖြင့် တည်ဆောက်ထားသော ဤခန္ဓာသည်ပင် အနာ ရောဂါ ဟူ သမျှ၏ ဘုမိနက်သန် မဟုတ်ပါလော။

ထို့ကြောင့် ဤကိုယ်ခန္ဓာကြီး၌ အနာရောဂါ ပေါ်လာခြင်းသည် ဖြစ်လာသမျှပျက်စီးရသော ဓမ္မတာလမ်းရိုးဟောင်းကြီးအတိုင်းသာ ဖြစ်၏။ ဤလမ်းရိုးဟောင်းကြီးကို လျှောက်သွားရာတွင် မည်သူ့ကို ဝမ်းသာစေ၊မည်သူ့ကို ဝမ်းနည်းစေ ဟူသော သဘောမရှိပေ။ မည်သူ မည်ဝါ ခွဲခြားခြင်းမရှိပေ။ မည်သူ့မျက်နှာကိုမှ ထောက်ထားခြင်း မရှိပေ။ မိမိတို့ အတ္တအယူအစွဲဖြင့် 'ငါမနာချင်၊ ငါ့လင် ငါ့မယား မနာစေချင်၊ ငါ့သား ငါ့သမီး မနာစေချင်' ဟု တောင်းတကြသော်လည်း အနတ္တတရားသည် အတ္တအလိုသို့ တရွေးသားမျှ လိုက်ပါလာမည် မဟုတ်ပေ။ အနတ္တ တရားသည် အနတ္တ ဟူသော သူ့သဘောကိုသာ ဆောင်လိမ့်မည် ဖြစ်ပေသည်။

အနာလွတ်သော ခန္ဓာ

ဤသို့ အနတ္တဉာဏ် အမြင်သန်လာလျှင် ခန္ဓာကို နှစ်လွှာခွဲနိုင်မည် ဖြစ်၏။အနာလွတ်နိုင်သောခန္ဓာနှင့် အနာမလွတ်နိုင်သော ခန္ဓာတို့ကို ပိုင်းခြားတတ်လာမည် ဖြစ်၏။နကုလပိတာ တကာကြီးအား ဘုရားရှင် ဟောကြားခဲ့သည့် အဘိုင်း အသွေးအသားတို့ဖြင့် ဖွဲ့စည်းထားသော ခန္ဓာကြီး ရထားလေသမျှ မည်သူမျှ အနာကင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဤ

ကိုယ်ခန္ဓာသည် အနာ မလွတ်နိုင်သော ခန္ဓာ ဖြစ်၏။ တရားသိလည်း မလွတ်နိုင်ပေ။ တရားမသိလည်း မလွတ်နိုင်ပေ။ ဝိပါက ဝဋ္ဋဒုက္ခကို ထပ်တူထပ်မျှ ခံကြရမည်သာ ဖြစ်ပေသည်။

အနာလွတ်နိုင်သော ခန္ဓာကား ဤရုပ်ခန္ဓာနှင့် တွဲ၍ဖြစ်ပေါ်သော စိတ်ခန္ဓာ ဖြစ်၏။စောစောကတင်ပြခဲ့သည့်အတိုင်း အတ္တအစွဲဖြင့် 'ငါ့မနာချင်၊ ငါ့လင်၊ ငါ့မယား မနာစေချင်' စသည်ဖြင့် တောင်းတကြသော်လည်း ငါ့အလို မလိုက်၊ ငါ့အကြိုက်မပါနိုင်ချေ။ထိုအခါ 'ငါ့မှ နာရလေခြင်း၊ငါ့လင်၊ငါ့မယားမှ နာရလေခြင်း' စသည်ဖြင့် စိတ်ပူစိတ်ဆွေးတို့ ပေါ်ပေါက်လာရ၏။ ဤသို့ ပေါ်ပေါက်လာသော အနာတို့သည် စိတ်ခန္ဓာမှာ ပေါ်ပေါက်လာကြသဖြင့် စိတ်နာဟု ဆိုရပေမည်။

အတ္တအယူအစွဲ တည်းဟူသော အကြောင်းကြောင့် ပေါ်ပေါက်လာရသော စိတ်နာတို့သည် အကြောင်း ချုပ်သဖြင့် ချုပ်ပျောက်ကြရ၏။ ဤသို့ ချုပ်ပျောက်သော စိတ်နာတို့မှာ ပေါက်ပြီးမှ ပျောက်သွားသော အနာတို့ မဟုတ်ပါ။ ပေါက်စေတတ်သော အကြောင်းမှစ၍ ပျောက်ပြီးဖြစ်၍ မပေါက်ရပဲ သူ့အလိုလို ပျောက်နေသောအနာတို့ ဖြစ်ပေသည်။ထို့ကြောင့် စိတ်နာတို့သည် စိတ်ကိုမှီ၍ ပေါက်ကြရသကဲ့သို့ ပျောက်တော့လည်း စိတ်မှာပင် ပျောက်ကြရပေသည်။ ဤသို့ အနာကင်းစင်၍ ပကတိအတိုင်းကြည်လင်နေသော စိတ်အစဉ်ကား အနာလွတ်သော ခန္ဓာပေတည်း။

ခန္ဓာကို နှစ်လှာခွဲကြည့်ပါ

အနာမလွှတ်နိုင်သော ခန္ဓာနှင့် အနာလွှတ်နိုင်သော ခန္ဓာတို့ကို ခွဲခြားရန်ကား ဉာဏ်ပညာ၏ အရာ ဖြစ်၏။ ဉာဏ်ပညာဖြင့် ခန္ဓာကို နှစ်လှာခွဲကာ ကျွန်ုပ်တို့သည် တရား သိသော်လည်း မလွှတ်နိုင်သော ဝိပါက ဝဋ္ဋဒုက္ခကြီးကို သတိ သမ္ပဇဉ်ဖြင့် သည်းခံကြရပါလိမ့်မည်။ 'ငါ့မှ နာရသလား၊ ငါ့သား၊ ငါ့ သမီးမှ နာရသလား' စသည်ဖြင့် စိတ်နာတွေ မမွေးမိအောင် သတိ ဆောင်ကြရပါလိမ့်မည်။ စိတ်အနာမရှိ၊ ပကတိ လွှတ်မြောက်နေသော စိတ်အစဉ်ဖြင့် နေတတ်အောင် လေ့ကျင့်ကြရပါလိမ့်မည်။ အလေ့အကျင့် ရင့်သန်ခိုင်မာလာသည်နှင့်အမျှ စိတ်အနာသက်သာကြပါလိမ့်မည်။ ကိုယ်ခန္ဓာကြီးက နာမျိုးမို့ နာနေပါသော်လည်း စိတ်ခန္ဓာကား အနာမရှိ ပကတိအတိုင်း ချမ်းသာနေပါလိမ့်မည်။

ဤသို့ အလေ့အကျင့်မရှိပဲ ပေါက်လွှတ်ပဲစား နေကြလျှင်ကား စိတ်အနာတွေ တင်းကြမ်း ပေါက်လာကြပါလိမ့်မည်။ စိတ်အနာတွေ ပေါက်လာသဖြင့် ကိုယ်ခန္ဓာ အနာ များက လျော့သွားမည် မဟုတ်ပါ။ ကိုယ်နာမှာ စိတ်နာ ဆင့်သဖြင့် နှစ်ဆပို၍ ဆင်းရဲကြရပါတော့သည်။

ထို့ကြောင့် ဒုက္ခဘုံမှာ ကြုံလာရသည့်အခိုက် မည်သူမျှ မလွှတ်မြောက်နိုင်သော ကိုယ်အနာပေါ်မှာ စိတ်နာတွေ မဆင့်လာစေပဲ သက်တောင့်သက်သာ နေတတ်ကြရန် ဤ ဒေသနာတော်က ညွှန်ပြထားပေသည်။

[ခန္ဓသံယုတ်၊ နကုလပိတုသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

ပွဲတွေ့ နာလန်ထ ဆေးကြီးများ

တရားရှင်တို့၏ ချစ်ခြင်းမေတ္တာ

သားတည်းဟူသော ချစ်ခြင်းဖြင့် ချဉ်းကပ်လာသော ခမည်းတော်ကြီးအား သူ့သားတော် ဘုရားက ဗြဟ္မစိုရ် မေတ္တာဖြင့် တုံ့ပြန်တော်မူခဲ့ပုံတို့ကို ကျွန်ုပ်၏ ပရိသတ်များ ကြားနာခဲ့ကြရပါပြီ။ ထို မေတ္တာရှင်တို့၏ ဇာတ်လမ်းကိုပင် ဤ အခန်းမှာ ဆက်လက်၍ တင်ပြရပါဦးမည်။ သည်တခါတော့ တကာမကြီး၏မေတ္တာကို ဖော်ကျူးရပါလိမ့်မည်။

သူတို့မြို့သို့ ရောက်ခါစတုန်းက သူတို့၏သစ္စာနှင့် သူတို့၏မေတ္တာကို ဘုရားရှင် ရှေ့တော်မှောက်မှာ ထုတ်ဖော်ခဲ့ကြ၏။

သူတို့၏ မေတ္တာမှာ ကာမဂုဏ် အချစ်ထက် ပို၍ သိမ်မွေ့သော 'ဂေဟဿိတပေမ' ဖြစ်နိုင်ကြောင်း ကျွန်ုပ် ခန့်မှန်းချက်ပေးခဲ့၏။ ထို့နောက်တွင်ကား ဘုရားရှင်ထံမှ တရားတော်များ နေ့စဉ်လိုလို ကြားနာရသဖြင့် သူတို့နှစ်ယောက်လုံး အရိယာဉာဏ် အမြင်မှန်ကို ရကြပေသည်။ အမြင်မှန်နှင့်ယှဉ်လာသဖြင့် သူတို့၏ ချစ်ခြင်းမေတ္တာသည် ခြောက်ခန်း၍မသွားပါ။ ယုတ်လျော့၍ မသွားပါ။ ကိုယ်ကျိုးကိုယ့်တွက်တာငဲ့ကွက်မှုများ ကင်းစင်သွားသဖြင့် ပို၍ပင် ချစ်ခင်ကြပါသေးသည်။ ကာမဂုဏ်ခံစားမှု ကင်းသော ချစ်ခြင်း မေတ္တာဖြင့်ကြင်နာစွာ ဆက်ဆံလာခဲ့ကြသည်မှာ ၁၆ နှစ်တိုင်တိုင် ကြာခဲ့ပါပြီ။

ပြဟ္မစိုရ်မေတ္တာဖြင့် ချစ်ခင်ကြသော မေတ္တာရှင် နှစ်ဦးတို့အနက် တကာမကြီး၏ မေတ္တာကို ဖော်ကျူးခွင့် ရသည်မှာတကာကြီး အဖျားရောဂါရသောကြောင့် ဖြစ်ပါသည်။

ဆေးဆရာများ၏ လက်လျှော့စကား

ယခင်တခါ ဖျားတုန်းကတော့ သူ့ဘာသာနာလန်ထ၍ ဘုရားရှင့်ထံ မရောက်ရောက်အောင် သွားခဲ့၏။ ကိုယ်သာနာ၍ စိတ်မနာရေး တရားတော်ကို ကြားနာခဲ့ရ၏။ ယခုတခါမှာတော့ယခင်ကလို ရက်ပိုင်းမျှဖြင့် နာလန် မထနိုင်တော့ပေ။ ရက်မှလသို့ပင် ကူးလာခဲ့၏။ တကာမကြီးက ဆရာကောင်း၊သမားများ ပင့်ကာ ဆေးဝါး ကုသ ပါသော်လည်း တကာကြီး၏

အဖျားရောဂါက လျော့သွားသည် မရှိပေ။ ဆေးစွမ်းထက်ရောဂါက အားကောင်းနေပေသည်။ ဆေးဝါးခါတ်စာများမှီဝဲနေသည့်ကြားကပင် သူ့ကိုယ်ခန္ဓာသည် ညှိုးနွမ်းသည်ထက်ညှိုးနွမ်းလာတော့သည်။ တနေ့တခြား အားအင် ဆုတ်ယုတ်၍လာတော့သည်။ သည်တခါတော့ သည်တောင်တာ တက်နိုင်လိမ့်မည် မထင်ဟု ဆေးဆရာများက လက်လျှော့စကား ဆိုကြ၏။ ဤစကားကြားသည်နှင့် သားသမီးများ မျက်ရည်နှင့်မျက်ခွက် ဖြစ်ကုန်ကြရသည်ဟု ဆိုပေသည်။

မေတ္တာနောက်ကွယ်မှ သမုဒယ

သားတွေ၊ သမီးတွေ တရှုပ်ရှုပ် ငိုနေကြစဉ် သူ့ကိုယ်တိုင်ကတော့ မျက်ရည် တစက်မျှ မကျခဲ့ပါဟု တကာမကြီးကကျွန်ုပ်ကို လျှောက်ထားခဲ့၏။ "ဤသို့ မျက်ရည်မကျခြင်းမှာတကာကြီးကို မချစ်ခင်၍လော" ဟု ကျွန်ုပ်က ရင်းနှီးစွာမေးလိုက်ရာ "မချစ်ခင်၍ မဟုတ်ပါဘုရား"ဟု ပြန်လျှောက်ခဲ့ပေသည်။

တကာမကြီးစကား မှန်ပါသည်။ တကာကြီး အပေါ်ချစ်ခင်၍ပင် အငွမ်းထက်သော ဆေးဝါးများ တိုက်ကျွေးခဲ့၏။ လူမမာ ခံတွင်းတွေ့မည့် အစားအသောက် လေးများကိုယ်တိုင်ချက်ပြုတ်၍ ကျွေးမွေးခဲ့၏။ ဝေဒနာ သက်သာနိုင်သမျှ သက်သာစေရန် ကိုယ်ဖိ ရင်ဖိ ပြုစုခဲ့၏။ သူဘယ်လိုပင်ပြုစုသော်လည်း အပျက်သဘောကို တားဆီး၍မရနိုင်တော့ပါ။

သူ့ကို ထား၍ သမ္မာရင့်ပြီးသော သမားတော်ကြီး ပင် မတတ်နိုင်တော့ပါ။ လူ့ဓမ္မတကာကြီးအတွက် အစွမ်းထက် သော ဆေးဝါးဓာတ်စာဟူ၍ ရှာမတွေ့နိုင်တော့ပါ။ ရာသက် ပန် လက်တွဲလာခဲ့ရသော ဘဝခရီးဖော်သည် မကြာမီ လက်တွဲ ဖြုတ်၍ သွားတော့မည်ပါတကား။

ဤသို့သော အခြေအနေသည် တကာမကြီး၏ အသည်း နှလုံးများကို ဆွဲနုတ်ပစ်လိုက်ခြင်းပင် ဖြစ်၏။ ယူကျုံးမရ စိတ် သောကများ ရင်နှင့်အပြည့် ဆို့တက်လာကြသဖြင့် စကား တခွန်းမျှ မပြောနိုင်။ ဆေးအိတ်လွယ်ကာ ထွက်ခွာသွားသော သမားတော်ကြီးကိုမှ နှုတ်မဆက်နိုင်ပါ။ တကာကြီးဆီမှ လွဲ ဖယ်ထားခဲ့သော သူ့မျက်လုံးအစုံဝယ် မျက်ရည်ဝဲ၍လာချေပြီ။ ဤမျက်ရည်သည် ဗြဟ္မစိုရ် မေတ္တာကြောင့်တော့ မဟုတ်နိုင်။ ဗြဟ္မစိုရ်မေတ္တာ၏ နောက်ပါးက မသိမသာ ခိုဝင်လာခဲ့သော တဏှာပေမ သမုဒယကြောင့်သာ ဖြစ်ပါသည်။

ဤသဘောကို ရိပ်မိသဖြင့် ကျအံ့ဆဲဆဲ မျက်ရည်များကို တကာမကြီးက အချိန်မီ တားဆီးလိုက်ရ၏။ ရင်ထဲက ဝေဒနာ များကို အားတင်းကာ သိမ်းဆည်းလိုက်ရ၏။ သေ သဘောကို ပင် မသေစေချင်သော အာသာတို့ကြောင့် ရင်ထဲမှာ ပေါ် လာရသော ဝေဒနာတို့သည် ဖြစ်ဆဲမှာလည်း အခံရ ခက်၏။ ဖြစ်၍ ချုပ်သွားပြန်တော့လည်း သူတို့ဒဏ်ချက်က ရင်ထဲမှာ ကျန်ခဲ့သေး၏။ မည်မျှပင် တရားနှင့် သိမ်းဆည်းနိုင်ပါသော်

လည်း လက်လွန်ထားမိသော ဝေဒနာဒဏ်ကိုကား ခံစားရ သေးသည်သာ။ သည်ဝေဒနာတို့ နောက်မှာ အသစ်အသစ် ဖြစ်ပေါ်လာအောင် မထူထောင်ပဲ နေပါမှ သည်ဒဏ်ချက် များက ပြေပျောက်၍ သွားကြပေသည်။

သစ္စာ မေတ္တာ ဆေးတော်ကြီး

ယခုတော့ တကာမကြီး ရင်ထဲမှာ ဝေဒနာဒဏ်ရာတို့ မရှိတော့ ပါ။ မျက်လုံးအစုံဝယ် သောကမျက်ရည်တို့ မခိုလာတော့ပါ။ တရားတော်ကြီး ကျေးဇူးဖြင့် သူ့ကိုယ်သူတည်ငြိမ်စွာ ဆောက် တည်၍ ရလာပါပြီ။ အိပ်ရာထက်ရှိ ကျေးဇူးရှင်ကြီး ထံသို့ စိတ်နှလုံး အေးချမ်းစွာ ချဉ်းကပ်လာနိုင်ပါပြီ။ သမားတော် ကြီးတို့၏ အစွမ်းအထက်ဆုံးသော ဆေးများဖြင့် ကုစား၍ မရနိုင်သော လူမမာအား ပြုစုရန် ကျန်တော့သည်မှာ သစ္စာ မေတ္တာ ဆေးတော်ကြီးများသာ ရှိပါတော့သည်။ ထို့ ကြောင့်—

"အို....နကုလတို့ အဖေ၊ သေချိန်ကျ၍ သေရမည်ဆိုလျှင် အစွဲတန်းလန်းနှင့် မသေပါနှင့်။ အစွဲတန်းလန်းနှင့် သေရခြင်း သည် ဆင်းရဲလှပါသည်။ အစွဲတန်းလန်းနှင့် သေရခြင်းကို သားတော် ဘုရားကလည်း ကဲ့ရဲ့တော်မူပါသည်။ သို့ဖြစ်၍ အစွဲကင်းကွာ စိတ်သက်သာစေရန် ဤသို့ နှလုံးသွင်းစေလိုပါ သည်။

နောက်ဆံတင်းစရာ ဘာမျှမရှိပါ

"နကုလတို့ အမေသည် 'ငါ ကွယ်လွန်လျှင် သားသမီးတို့ကို ကျွေးမွေးနိုင်တော့မည်မဟုတ်၊အိမ်ထောင်တခုလုံးကို ဟာကွက်မရှိအောင် ထိန်းသိမ်းနိုင်တော့မည်မဟုတ်'ဟု အကယ်၍ တွေးပူမိပါလျှင် ထိုအတွေး၊ထိုအပူကို ချက်ချင်းပင် စွန့်လွှတ်လိုက်ပါ။ ကျွန်မသည် ဗိုင်းငင်ဝါဖတ် ကျွမ်းကျင်ပါသည်။သားမွေးထည်များ လုပ်တတ်ပါသည်။ ထို့ကြောင့် သင် ကွယ်လွန်သော်လည်း သားသမီးများကို ကျွန်မ ကျွေးမွေးနိုင်ပါသည်။ အိမ်ထောင်ကို ဟာကွက်မရှိအောင် ထိန်းသိမ်းနိုင်ပါသည်။

"နကုလတို့ အမေသည် 'ငါ ကွယ်လွန်လျှင် နောက် အိမ်ထောင်ပြုလိမ့်မည်'ဟု အကယ်၍ တွေးပူမိပါလျှင် ထိုအတွေး ထိုအပူကို ချက်ချင်းပင် စွန့်လွှတ်လိုက်ပါ။ သင် ကွယ်လွန်သော်လည်း ကျွန်မသည် နောက်အိမ်ထောင်ပြုမည်မဟုတ်ပါ။ကျွန်မတို့ နှစ်ယောက်လုံး တဆယ့်ခြောက်နှစ်တိုင်တိုင် မောင်လို့နှမလို နေလာခဲ့ကြပြီ ဖြစ်ပါသည်။

"နကုလတို့ အမေသည် ငါ ကွယ်လွန်လျှင် 'ဘုရားရှင်နှင့် သံဃာတော်များထံ ဆည်းကပ်တော့မည်မဟုတ်' ဟုအကယ်၍ တွေးပူမိပါလျှင် ထိုအတွေး၊ထိုအပူကို ချက်ချင်းပင် စွန့်လွှတ်လိုက်ပါ။သင် ကွယ်လွန်သောအခါ ကျွန်မသည် ဘုရားရှင်နှင့် သံဃာတော်များထံ ပို၍ပင် ဆည်းကပ်ရပါဦးမည်။

"ထို့ပြင် ကျွန်မသည် အခြား,အခြားသောဘုရားတပည့်မများကဲ့သို့ မြင့်မြတ် စင်ကြယ်သော သီလ,သမာဓိနှင့် ပြည့်စုံ

ပါသည်။ ဤသာသနာတော်ဝယ် မဂ်ပညာ၊ ဖိုလ်ပညာဖြင့် ထောက်ရှုတည်ရာ ရပြီးဖြစ်ပါသည်။ ထို့ကြောင့် နကုလတို့ အပေ သေချိန်ကျ၍ သေရမည် ဆိုလျှင် အစွဲတန်းလန်းနှင့် မသေပါနှင့်။ အစွဲတန်းလန်းနှင့် သေရခြင်းသည် ဆင်းရဲလှပါသည်။ အစွဲတန်းလန်းနှင့် သေခြင်းကို သားတော်ဘုရားက လည်း ကဲ့ရဲ့တော်မူပါသည်”

တကာကြီးနံဘေးမှာ ထိုင်လျက် ပြည့်ပြည့်စုံစုံ ပြောပြထားသော စကားစု ဖြစ်ပါသည်။

မေတ္တာရှေ့ထား၍ ပြောကြားသည် ဆိုသော်လည်း ဤစကားစုတွင် တကာကြီးဘက်က အားတက်စရာ ဟူ၍ လုံးဝမပါပါ။ တကာကြီး ကွယ်လွန်သွားသော်လည်း တကာမကြီးဘက်က အခြေအနေ မပျက်နိုင်ပုံများသာ ပါရှိပေသည်။ နေရေးအတွက် မျှော်လင့်ချက် လုံးဝမပေးပဲ စိတ်လွတ်၊ကိုယ်လွတ် သေနိုင်ရေးကိုသာ ဦးတည်ထားပေသည်။

ထူးဆန်းသည်ဟု ဆိုရမည်လား မသိပါ။ သေရေးကိုသာ ဦးတည်ထားသော ဤစကားစုသည် နကုလပိဘာ တကာကြီးအား သေမင်းခံတွင်းမှ ကယ်ထုတ်ခဲ့ပေသည်။

မယားကောင်း သို့မဟုတ် အဖော်ကောင်း

ဟိုတခါက တကာကြီးသည် 'ကိုယ်သာနာ၍ စိတ်မနာရေး' တရားတော်ကို ကြားနာခဲ့ရ၏။ ထို တရားတော်၏ ကျေးဇူး

ကြောင့် ပြင်းထန်လှသော အဖျားရောဂါကို သူ သည်းခံနိုင်ပါ၏။ ငါမဟုတ်သောကိုယ်ခန္ဓာကြီး၏အလုပ်ထဲမှာ ငါဝင်၍ မရှုပ်ပဲ နေနိုင်ခဲ့ပါ၏။ ဤသို့ မိမိအတွက် မပူပဲ နေနိုင်ခဲ့သော တကာကြီးသည် တကာမကြီး အတွက်ကား နောက်ဆံတင်းမိ၏။ တယောက်တည်းကျန်ခဲ့မည့်အရေးများကို တွေးပူမိ၏။ မည်သူက တွေးတွေး၊ မည်သည့်အတွက် တွေးတွေး၊ တွေး၍ ပူလေသမျှ လူကို ဒုက္ခပေးတတ်သည်ချည့် ဖြစ်၏။ ထို့ကြောင့် ကိုယ်နာပေါ်မှာ စိတ်နာဆင့်ကာ ဆေးမတိုးနိုင်အောင် ဖြစ်ခဲ့ရ၏။ ယခုတော့ တကာမကြီး သတိပေးသဖြင့် စိတ်အနာတွေ ကင်းသွားပါပြီ။ မည်သူ့အတွက်မျှ မတွေးတော့၊ မပူတော့ပဲ လွတ်ငြိမ်းရာတရားနှင့် နေနိုင်လာပါပြီ။ ဤသို့ စိတ်ဝန်တာ မပိစီးတော့သဖြင့် ကိုယ်ခန္ဓာကလည်း နာလန်ထလာခြင်း ဖြစ်ပါသည်။

အစာရေစာဝင်၍ထူထူထောင်ထောင်ဖြစ်လာလျှင်ပင်တကာကြီးသည် တောင်ဝှေး တချောင်းဖြင့် ကျောင်းတော်သို့ လျှောက်လာခဲ့၏။ သူ့တကာမကြီးပြောခဲ့လေသမျှကို ဘုရားရှင်ထံ လျှောက်ထား၏။ ဤတွင် ဘုရားရှင်က ကြင်နာတတ်သော၊ အကျိုးပြုတတ်သော၊ တရားပြ၍ ဆုံးမတတ်သော မယားကောင်းကိုရသဖြင့် ခမည်းတော်ကြီးအဖို့ ကုသိုလ်ကံကောင်းလှကြောင်း မိန့်ကြားတော်မူပေသည်။

[အင်္ဂုတ္တရ၊ သုတ္တန်ပါတ်၊ နကုလပိတုသုတ်ပါဠိတော်နှင့် အဋ္ဌကထာ]

ကဿပါရုံကျောင်းက ဂိလာန

နကုလပိတာ တကာကြီးကဲ့သို့ ကိုယ်နာပေမဲ့ စိတ်နာမခံခဲ့သူ များသည် ကျွန်ုပ်တို့ သီတင်းသုံးဖော်များထဲမှာလည်း ရှိခဲ့ဘူး ပါ၏။ သူကားပဉ္စဝဂ္ဂီငါးပါးထဲက အရှင်အဿဇိနှင့် ဘွဲ့တူ ရဟန်းတပါးဖြစ်၏။ အရှင်အဿဇိ၏ စိတ်အနာမှာ နကုလ ပိတာ တကာကြီး၏ စိတ်အနာနှင့်ကားမတူပါ။ နကုလပိတာ တကာကြီးကဲ့သို့ တကာမကြီး၏ရှေ့ရေးကို တွေးပူရန်မရှိပါ။ ခါတိုင်းအလွယ်တကူဝင်စား၍ ရနေကျ လောကီချမ်း သမာ ပတ်ကို ယခုဝေဒနာသည်းချိန်မှာ ဝင်စား၍ မရတော့သော ကြောင့် ဖြစ်ပေသည်။

ထိုစဉ်တုန်းက ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော်ကဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူလိုက်ဖြစ်၏။ အရှင်အဿဇိ ကား ကဿပ သင်္ဘေးကြီးဆောက်လှူထားသော ကဿပါရုံ ကျောင်းမှာနေ၏။ အရှင်အဿဇိက အလုပ်အကျွေး ရဟန်း တပါးလွှတ်၍ ပင့်သောကြောင့် ထိုကျောင်းသို့ ဘုရားရှင် ကြွတော်မူခဲ့ရပေသည်။ အရုပ်နောက်မှာ အရိပ်ပါလာမည့် အကြောင်းကိုကားအထူးတင်ပြဖွယ် လိုမည်မထင်ပါ။

ချမ်းအတွက် စိတ်ပူပန်သည်

သူ့ကျောင်းထဲသို့ ဘုရားရှင်ဝင်တော်မူလိုက်လျှင် အရှင်အဿဇိ သည် ညောင်စောင်းထက်မှာပင်ရှိနေ၏။ အိပ်ရာက လုံးဝ

မထနိုင်သဖြင့် ပက်လက်အိပ်နေယင်းကပင် အရိုအသေပြုရ၏။ ဤတွင်ဘုရားရှင်က–

"အသဘိ၊ ညောင်စောင်းပေါ်မှာ သက်သာစွာနေပါဘိ။ သည်မှာရှိသောနေရာများ၌ ငါဘုရား ထိုင်၍ရပါသည်"

ဤသို့ကရုဏာဖြင့် မိန့်တော်မူ၍ ခင်းထားသော နေရာမှာ ထိုင်တော်မူပြီးမှ–

"အသို့နည်း အသဘိ၊ ရောဂါဝေဒနာ သက်သာပါ၏လော"

"မသက်သာပါ အရှင်ဘုရား၊ ရောဂါ ဝေဒနာများက အလျော့မရှိ၊ အတိုးချည့် ရှိနေကြပါသည်ဘုရား"

ဘုရားရှင်၏အမေးကို အရှင်အသဘိက ဟုတ်တိုင်း မှန်စွာ လျှောက်ထားလိုက်ရာ–

"အသို့နည်း အသဘိ၊ သင့်မှာနောင်တ တဖန်ပူပန်ခြင်း၊ နှလုံးမသာခြင်း ကင်းပါ၏လော"

"မကင်းပါအရှင်ဘုရား။ နောင်တ တဖန်ပူပန်ခြင်း၊ နှလုံးမသာခြင်းတို့ မြောက်မြားစွာ ရှိနေကြပါသည်ဘုရား"

"သို့ဖြစ်လျှင် မိမိ၏အကျင့်သီလကို မိမိကိုယ်တိုင် စိတ်ချနိုင်ပါ၏လော"

"စိတ်ချနိုင်ပါသည် အရှင်ဘုရား"

"သို့ပါလျက် အဘယ့်ကြောင့်နောင်တ တဖန် ပူပန်နေရပါသနည်း။ နှလုံးမသာဖြစ်နေရပါသနည်း"

"အရှင်ဘုရား။ ယခင်ရှေးအခါဖျားနာစဉ်တုန်းက တပည့်တော်သည် တော္ထစျာန် သမာပတ်ဖြင့် ထွက်သက်ဝင်သက်

များကို ချုပ်ငြိမ်းစေလျက် ငြိမ်သက်စွာနေနိုင်ပါသည်။ ယခု တခါဖျားနာသည်တွင်ကား သည်သမာပတ်ကိုဝင်စား၍ မရနိုင်တော့ပါ။ ဤတွင် 'ငါသည် ဤဒေသနာတော်မှ ရှုံးနိမ့်ခဲ့သူများဖြစ်လေမလား'ဟု တွေးမိပါသည်။ ထိုသို့ တွေးရာမှ နောင်တ တဖန်ပူပန်ခြင်း၊ နှလုံးမသာခြင်းတို့ ဖြစ်ပေါ်လာရပါသည်ဘုရား"

ဈာန်သမာပတ်သည် အမြတ်ဆုံးမဟုတ်

"အဿဇိ၊ ဤသို့ တွေးတော၍ပူပန်ခြင်းမှာ လောကီဈာန်သမာပတ်ကိုအနှစ်သာရဟူ၍လည်းကောင်း၊ ရဟန်းတို့ကျင့်ထုံးအထွတ် အမြတ်ဆုံးဟူ၍လည်းကောင်း မှတ်ထင်သောရဟန်းပုဏ္ဏားတို့အတွက်သာဖြစ်၏။ ငါဘုရား၏ သာသနာတော်တွင်ကား ဤလောကီဈာန်သမာပတ်သည် အနှစ်သာရမဟုတ်ပေ။ ရဟန်းတို့ကျင့်ထုံး အထွတ်မြတ်ဆုံးမဟုတ်ပေ။ ဝိပဿနာနှင့် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တို့သာလျှင် အနှစ်သာရဖြစ်ကြ၏။ ရဟန်းတို့ကျင့်ထုံး အထွတ်အမြတ်ဆုံးဖြစ်ကြ၏။ သို့ပါလျက် သင်သည် လောကီဈာန် သမာပတ် ဆုံးရှုံးခါမျှဖြင့် အဘယ့်ကြောင့် နောင်တ တဖန်ပူပန်ရမည်နည်း၊ အဘယ့်ကြောင့် နှလုံးမသာဖြစ်ရပါမည်နည်း။"

ဤသို့ဘုရားရှင်က အရှင်အဿဇိကို အားပေးနှစ်သိမ့်တော်မူပြီးမှ ခန္ဓာငါးပါးတို့အပေါ်မှာ လက္ခဏာ သုံးတန်တင်၍ ထင်ရှားအောင် ဟောပြောတော်မူလေရာ ထိုနေရာမှာ ရဟန္တာ

အရှင်တပါးတိုးပွားလာပေသည်။ စိတ်နာတွေ ကင်းစင်သွားပြီမို့ ကြောမိ နာလန်ထဖို့သာ ရှိပါတော့သည်။
[ခန္ဓသံယုတ်၊ ထေရဝဂ်၊ အသဃဇိသုတ် ပါဠိတော်နှင့်အဋ္ဌကထာ]

ကျွန်ုပ်က တဆင့်

ဤသို့အားဖြင့် နာလန်ထဆေးတော်ကြီးများ ပွဲတွေ့ခဲ့ပေါင်းများလှပြီမို့ အရှင်ဂိရိမာနန္ဒ နေမကောင်းရာသို့လည်းကြွရောက်၍ ကယ်တင်တော်မူပါရန် ဘုရားရှင်အား ကျွန်ုပ်လျှောက်ထားခဲ့၏။ သည်တခါတော့ ဘုရားရှင်တ ကိုယ်တော်တိုင် ကြွတော်မမူပဲ ကျွန်ုပ်အား ကိုယ်စားစေလွှတ်တော်မူပေသည်။

"အာနန္ဒာ၊ ဂိရိမာနန္ဒအား ဆယ်ပါးသော သညာတို့ကို သင်သွား၍ဟောကြားပါလျှင် ဂိရိမာနန္ဒ ချက်ချင်းပင် နာလန်ထလာပါလိမ့်မည်"

ဤသို့ မိန့်ကြားတော်မူပြီးနောက် သညာဆယ်ပါး၏အနက်အဓိပ္ပာယ်ကို ကိုယ်တော်တိုင်ဖွင့်ပြတော်မူပေသည်။ ဤဒေသနာတော်မှ သညာဟူသည်မှာ ဉာဏ်ပညာဖြင့် သိသိမှတ်မှတ်ပြုခြင်းကို ဆိုလိုပါသည်။

ရောဂါကင်းရေး ၁၀-ပါးဆေး

၁။ အနိစ္စသညာ-ဟူသည်မှာ ခန္ဓာငါးပါး၏ မမြဲသောသဘောကို သိသိမှတ်မှတ်ပြုခြင်းဖြစ်၏။

၂။ အနတ္တသညာ-ဟူသည်မှာခန္ဓာငါး၏ အတ္တမဟုတ်ပုံကို သိသိမှတ်မှတ် ပြုခြင်းဖြစ်၏။

၃။ အသုဘသညာ-ဟူသည်မှာ ခန္ဓာကိုယ်ကြီးကို သုံးဆယ့်နှစ်ကောဋ္ဌာသ ခွဲစိတ်၍ သာယာတပ်မက်ဖွယ် မရှိပုံကို သိသိမှတ်မှတ် ပြုခြင်းဖြစ်၏။

၄။ အာဒီနဝသညာ—ဟူသည်မှာ ခန္ဓာကိုယ်ကြီးပေါ်မှာ ရောဂါမျိုးစုံပေါ်ပေါက်လာကြ၍ ကြောက်မက်ဖွယ်ကောင်းပုံကို သိသိမှတ်မှတ်ပြုခြင်းဖြစ်၏။

၅။ ပဟာနသညာ-ဟူသည်မှာ ကာမဂုဏ် ခံစားလိုသော အကြံ၊ ဖျက်လိုဖျက်ဆီး ပြုလိုသော အကြံနှင့် အနိုင့်အထက် နှိပ်စက်လိုသော အကြံများ ပေါ်ပေါက် လာသော အခါ ထိုအကြံများရှေ့ဆက်၍မပွားစေပဲ ရပ်တန့်က ရပ်သွားစေရန် ကျင့်သုံးသောအားဖြင့် သိသိမှတ်မှတ် ပြုခြင်းဖြစ်၏။

၆။ ဝိရာဂသညာ-ဟူသည်မှာ ရာဂကုန်ရာနိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် သိသိမှတ်မှတ် ပြုခြင်းဖြစ်၏။

၇။ နိရောဓသညာ—မှာလည်းဝိရာဂ သညာအတိုင်းဖြစ်၏။

၈။ သဗ္ဗလောကေအနဘိရတ သညာ—ဟူသည်မှာ လောက တခုလုံးကို စွဲလမ်းတွယ်တာမှု မပြုတော့ပဲ လွတ်လွတ်ကြီး နေလိုသောအားဖြင့် သိသိမှတ်မှတ် ပြုခြင်းဖြစ်၏။

၉။ သဗ္ဗသင်္ခါရေသု အနိစ္စာသညာ—ဟူသည်မှာ သင်္ခါရ တရား ဟူသမျှကို စက်ဆုပ်ရွံရှာဖွယ်အဖြစ်ဖြင့် သိသိမှတ်မှတ် ပြုခြင်းဖြစ်၏။

၁၀။ အာနာပါနသတိကိုကား ထွက်လေဝင်လေကို သတိ ကပ်၍ သုံးသပ်ခြင်းဖြစ်ကြောင်း သိကြပြီးဖြစ်ပါသည်။

ဤသည်ာ ဆယ်ပါးကို ဘုရားရှင်ထံမှကျေညက်စွာ သင်ယူ ပြီးလျှင် ကျွန်ုပ်သည် အရှင်ဂိရိမာနန္ဒရှိရာသို့ လာခဲ့၏။ အိပ်ရာ ပေါ်မှာ ပက်လက်ကလေးရှိနေသော အရှင်ဂိရိမာနန္ဒအား ဘုရားရှင်ထံမှ သင်ကြားခဲ့လေသမျှကို တသွေမတိမ်း ဟောပြ လိုက်၏။ ဤဘွင်စောစောက ညှိုးနွမ်းနေခဲ့သောမျက်နှာသည် မိုးဆမ်းပန်းသို့ လန်းလာခဲ့၏။ ကိုယ်အနာပေါ်မှာထပ်ဆင့် လာသောစိတ်နာများ သက်သာ သွားသောကြောင့် ဖြစ်ပါ လိမ့်မည်။ စိတ်နာများပျောက်ခြင်းသည်ပင် ဤကိုယ်ခန္ဓာကြီး၏ အသက်ရှည်ရာ အနာမဲ့ကြောင်း ဖြစ်ပုံကို နာလန်ထလာသော အရှင်ဂိရိမာနန္ဒက သက်သေခံလျက် ရှိပေသည်။

[အင်္ဂုတ္တရပါဠိတော်၊ ဒသကနိပါတ်၊ သစိတ္တဝဂ်၊ ဂိရိမာနန္ဒသုတ်]

ကျောင်းတကာကြီး အနာထပိဏ်

စိတ်ထဲကရောဂါ

ဘုရားရှင်၏ ဓမ္မဒေသနာ ဆေးတော်ကြီးများကို စားသုံးရသဖြင့် နာလန် ထလာသူ များတွင် ကျောင်း တကာကြီး အနာထပိဏ်လည်း အပါအဝင် ဖြစ်ပေသည်။

ဘုရားရှင်နှင့်တကွ ကျွန်ုပ်ရှိနေခိုက်မှာ ဆိုလျှင် ကျောင်း တကာကြီးသည် ကျောင်းတော်သို့ နေ့စဉ်နေ့တိုင်း လာခဲ့၏။ ဘုရားဖူးခြင်း၊ တရားနာခြင်း၊ သံဃာတော်များ အတွက် လိုအပ်ရာရာ လှူဒါန်းခြင်းသည် သူ၏ နေ့စဉ် ဝတ္တရားများ ဖြစ်၏။ ယခုနောက်ပိုင်းမှာတော့ ဤဝတ္တရားများကို နေ့စဉ်

ရက်ဆက် မပြုနိုင်တော့ပါ။ အသက်အရွယ်က စကားပြောလာပြီမို့ ရက်ပျက်များရှိလာခဲ့ပါပြီ။

သည်တခါ ဖျားရာမှာကား တော်တော်ပြင်းထန်ဟန် တူပါသည်။ ကျွန်ုပ်တို့ ဒေသစာရီ လှည့်လည်ရာမှ ပြန်ရောက်လာလျှင်လာခြင်း သူ့အလုပ်သမားတယောက်က အရှင်မဟာသာရိပုတ္တရာထံလာ၍ လျှောက်၏။ ကျောင်းတော်သို့ မလာနိုင်တော့သော တကာကြီးထံသို့ ကိုယ်တော်တိုင် ကြွရောက်၍ တရားဟောရန် ဖြစ်၏။ အရှင်မဟာသာရိပုတ္တရာက ခေါ်ယူသဖြင့် ကျွန်ုပ်လည်း နောက်ပါ ရဟန်းအဖြစ် ကျောင်းတကာကြီး အိမ်သို့ လိုက်လာခဲ့၏။

ပစ္စည်း ဥစ္စာ ကြွယ်ဝလှသော ကျောင်းတကာကြီး အဖို့ ဆေးဝါး ဓာတ်စာများ လိုလေသေး မရှိပါ။ သာဝတ္ထိမြို့တော်မှ ကျော်ပေ့ဆိုသော သမားတော်ကြီးများလည်း သူ့ထံပါးမှာ ရှိနေကြ၏။ ထိုဆေးဝါးနှင့် ထိုသမားတော်ကြီးများသည် ကျောင်းတကာကြီး၏ ကိုယ်ခန္ဓာကိုသာ ကုစားနိုင်ကြ၏။ ဓာတ်ကြီးလေးပါးတို့ မညီ မမျှ ဖြစ်နေသည် ကိုသာ ညီမျှအောင် ပြုပြင်ပေးနိုင်ကြ၏။ စိတ်ထဲမှာ ခံစားနေရသော ရောဂါကိုကား မည်သို့မျှ မတတ်နိုင်ကြပါ။

အလိုဟူသမျှ ဆင်းရဲစွ

စိတ်ထဲမှာ အခံရ ခက်နေသဖြင့် စိတ်ရောဂါဟု ဆိုလိုက်ရသော်လည်း ကျောင်းတကာကြီး၏ စိတ်ထဲမှာ အလိုဆိုးများ

ကား မရှိနိုင်ပါ။ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးချိန်မှစ၍ ရတနာသုံးပါး အတွက်သာ လုံးပန်းနေခဲ့သော ကျောင်းတကာကြီးသည် ယခုလို နေမကောင်း ထိုင်မသာ ဖြစ်လာချိန်တွင် ဘုရားရှင်ကို ပို၍ တမ်းတပေလိမ့်မည်။ သံဃာတော်များကို ပို၍ အားကိုးပေလိမ့်မည်။ ရှင်လန်းနှစ်သိမ့်ဖွယ်ရာ တရားဒေသနာတော်များကို နေ့စဉ်နေ့တိုင်း နာကြားလိုပေလိမ့်မည်။ သူတမ်းတသော၊ သူအားကိုးသော ပုဂ္ဂိုလ်များက သည်ကျောင်းတော်မှာချည့် ကျောက်ချ၍ မနေနိုင်ကြပေ။ အခြား အခြားသော တိုင်းပြည် မြို့ရွာများသို့လည်း အလှည့်ပေးကြရသေး၏။ ထို့ကြောင့် ပစ္စည်းဥစ္စာ လိုရာရနိုင်သော ကျောင်းတကာကြီးအဖို့ ဤမှာဘက် တွင်ကား အလိုမပြည့်နိုင်အောင် ဖြစ်ခဲ့ပေလိမ့်မည်။ အလို ဟူသည် ရုန့်ရင်းကြမ်းတမ်းသော အလိုကြောင့်သာ ဆင်းရဲသည် မဟုတ်ပါ။ ရတနာသုံးပါးနှင့် ပတ်သက်၍ သိမ်မွေ့သော အလိုသည်လည်း အထိုက်အလျောက်တော့ ဆင်းရဲသေးသည်သာ ဖြစ်၏။ အလိုမပြည့်နိုင်သော စိတ်ရောဂါက ဖိစီးနေသဖြင့် သမားတော်ကြီးများ၏ ဆေးချက်က အစွမ်းမထက် ဖြစ်နေဟန် တူပါသည်။

ကျောင်းတကာကြီး၏ ဂုဏ်အင်္ဂါများ

ကျောင်း တကာကြီး၏ စိတ် ရောဂါကို အရှင်မဟာ သာရိပုတ္တရာက ဘုရားရှင်၏ ဆေးတော်ကြီးဖြင့် ကုစားပေး၏။ ဓမ္မဒေသနာတော် ဆေးကြီး ဖြစ်သဖြင့် ကျောင်း တကာကြီး၏

ကိုယ်တွင်းသို့ ခံတွင်းမှ သွင်းပေး၍ မဖြစ်ပါ။ ကျောင်းတကာကြီး၏ စိတ်နှလုံးအတွင်းသို့ နားဝမှ သွတ်သွင်းပေးရပါသည်။

"ကျောင်းတကာကြီး၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့စွာ ရှိပါလော့၊ သေလွန်ပြီးနောက် အပါယ်လေးပါး ကျရောက်မည့်အရေး တွေးတော၍ ပူပန်ရသူများမှာ ရတနာသုံးပါး မကြည်ညိုသူ၊ ကိုယ်ကျင့်သီလ ကျိုးပေါက်သူ၊ မိစ္ဆာအမြင်ရှိသူများသာ ဖြစ်ကြ၏။ ကျောင်းတကာကြီးမှာကား ရတနာသုံးပါးကို မတုန်မလှုပ် ယုံကြည်မြတ်နိုး၏။ မကျိုးမပေါက် မပြောက်မကျားသော ကိုယ်ကျင့်သီလရှိ၏။ မှန်ကန်သောအမြင် ရှိ၏။ မှန်ကန်သောအကြံ ရှိ၏။ မှန်ကန်သော စကား ဆို၏။ မှန်ကန်သော အလုပ်ကို လုပ်၏။ မှန်ကန်သော အသက်မွေးမှု ရှိ၏။ မှန်ကန်သော လုံ့လ ဝီရိယ ရှိ၏၊ မှန်ကန်သော သတိ ရှိ၏။ မှန်ကန်သော သမာဓိ ရှိ၏။ ထို့ကြောင့် သင်ကျောင်းတကာကြီးအား သေလွန်ပြီးနောက် အပါယ်လေးပါး ကျရောက်ရမည့် အရေးကို တွေးတောပူပန်နေစရာ မလိုတော့ပါ"

ဤဆေးများကို အရှင်မဟာသာရိပုတ္တရာ တိုက်ကျွေးသည်မှာ မှန်ပါ၏။ သို့သော် အရှင်မြတ်ကြီးက သတိပေးရုံမျှသာ ဖြစ်ပါသည်။ ကျောင်းတကာကြီး၏ စိတ်သန္တာန်မှာ ခိုင်မာစွာ တည်ရှိနေသော ဂုဏ်ကျေးဇူးများကို ထုတ်ဖော် ချီးကျူးခြင်းသာ ဖြစ်ပါသည်။

ဤ ဆေးတော်ကြီးများကို နား ဖြင့် သောက်ပြီးနောက် ကျောင်းတကာကြီးသည် ပက်လက် နေရာမှ ထထိုင် တော့၏။ ကျွန်ုပ်တို့ ရောက်လာစဉ်တည်းက သူ့ရောဂါ တဝက်သက်သာ သွားဟန် တူပါသည်။ ယခု မမ္မဒေသနာ ဆေးတော်ကြီးကို မှီဝဲရသည်တွင်ကား သူ့ရောဂါများ သဲလဲစင်သွားကြပေပြီ။ သောတာပန်၏ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံနေသူမှာ ဘယ်အချိန်မှ ရတနာသုံးပါးနှင့် မကင်းကွာကြောင်း သဘောပေါက်သွား သောကြောင့် ဖြစ်ပါလိမ့်မည်။

တထိုင်တည်းနှင် နာလန်ထလာသော ကျောင်းတကာကြီး သည် သူစားနေကျ ပန်းကန်များဖြင့် ကျွန်ုပ်တို့ နှစ်ပါးအား ဆွမ်း ဆက်ကပ်ပါ၏။ ဆွမ်းစားပြီးနောက် အရှင်မဟာ သာရိ ပုတ္တရာထံ ဆွမ်း အနုမောဒနာ ပြုတော်မူပါ၏။ ကျောင်း တကာကြီးအိမ်မှ ပြန်လာပြီးနောက် ကျွန်ုပ်သည် ဘုရားရှင်ထံ တော်မှောက် ဝင်ရောက်ကာ အရှင်မဟာသာရိပုတ္တရာ၏ ဟော ကြားချက်များကို တဆင့်လျှောက်ထားရာ—

“အာနန္ဒာ၊ သာရိပုတ္တရာသည် ပညာရှိပေစွ။ အာနန္ဒာ၊ သာရိပုတ္တရာသည် ပညာကြီးပေစွ။ သောတာပတ္တိမဂ်ဖိုလ်တို့၏ အင်္ဂါတို့ကို ဆယ်မျိုး ဆယ်ဖုံ ဝေဖန်၍ ဟောကြားနိုင်သည်မှာ ချီးကျူးဖွယ် ကောင်းပေစွ” ဟူသော အသံတော်ကို ကျွန်ုပ် ဝမ်းမြောက်စွာ ကြားနာလိုက်ရပေသည်။

[မဟာဝဂ်၊ သောတာပတ္တိသံယုတ်၊ ပထမအနာထပိဏ္ဍိကသုတ်]

တိတ္ထိများနှင့် တွေ့ဆုံခြင်း

ဆေးချက်တွေ့ကာ ကျန်းမာလာပြီးနောက် ကျောင်းတကာကြီးသည် ကျွန်ုပ်တို့ကျောင်းတော်သို့ နေ့စဉ်မှန်မှန် လာနိုင်ပြန်၏။ ကျောင်းတော်သို့လာယင်းက တခါတရံ တိတ္ထိများ၏ ကျောင်းများသို့လည်း ခြေဦးလှည့်တတ်၏။ သာသနာ့ပြင်ပက ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသည့် အခိုက် တရား သဘောများကို နှီးနှောခဲ့ကြသည်ဟု ဆိုပါ၏။

ကျောင်းတကာကြီးရောက်သွား၍ အပြန်အလှန် နှုတ်ဆက်စကားများပြောဆိုကြပြီးလျှင် တိတ္ထိများက—

"ကျောင်းတကာကြီး ဖြေကြားပါလော့။ ရဟန်းဂေါတမသည် မည်သို့သောအမြင် ရှိပါသနည်း"

"အရှင်တို့၊ ဘုရားရှင် သိမြင်ထားသော တရားများကို တပည့်တော် ပြည့်ပြည့်စုံစုံ မသိရသေးပါဘုရား"

တိတ္ထိများ၏ မေးခွန်းကို ကျောင်းတကာကြီးက လေးစားစွာ ဖြေကြား၏။ အမြင်မတူ အယူခြားနေကြသော်လည်း လူ့စည်းစိမ်ဟူသမျှ စွန့်လွှတ်ထားနိုင်ကြသည်ကို ထောက်ထား၍ပင် ဖြစ်ပါလိမ့်မည်။

"ကျောင်းတကာကြီး၊ ရဟန်းဂေါတမ၏ တရားအားလုံးကို ပြည့်ပြည့်စုံစုံမသိရသေးလျှင် ရှိစေတော့။ ရဟန်းများ၏ အမြင်ကိုသာ ဖြေကြားပါလော့"

"ရဟန်းတော်များ သိမြင်ထားသော တရားများကိုလည်း တပည့်တော် ပြည့်ပြည့်စုံစုံ မသိရသေးပါဘုရား"

တိတ္ထိများ မေးလေသမျှကို ကျောင်းတကာကြီးကတော့ ငြင်းဆိုလျက်သာ ရှိနေ၏။ သို့သော် တိတ္ထိများကတော့ လက်မလျှော့ကြသေးပါ။

"ရှိစေတော့ ကျောင်းတကာကြီး၊ ရဟန်းများ၏ တရားအားလုံးကို ပြည့်ပြည့်စုံစုံ မသိရသေးလျှင် သင့် အမြင်ကိုသာ ဖြေကြားပါလော့"

"အရှင်တို့၊ တပည့်တော်၏ အမြင်ကို ဖြေကြားဖို့ကား မခက်ခဲပါ။ သို့သော် တပည့်တော် မဖြေကြားမီ အရှင်တို့၏ တရားများကို ကြားနာလိုပါသေးသည်။ ကြားနာပြီးလျှင် တပည့်တော်ဘက်က ဆက်ဆက် ဖြေကြားမည် ဖြစ်ပါသည် ဘုရား"

မညီညွတ်သော အတိုက်အခံများ

ဤသို့ပြောကြားလိုက်သည့်နောက်ဝယ် တိတ္ထိရဟန်းများ၏ တရားမျိုးစုံထွက်အန်လာကြ၏။သူတို့သည် ကျွန်ုပ်တို့သာသနာတော်ကြီးကို အတိုက်အခံ ပြုနိုင်ကြ၏။ သို့သော် သူတို့ အချင်းချင်းကား မညီညွတ်ကြပါ။ တချို့က ဤလောကကြီးကို မြဲသည်ဟု ယူဆကြ၏။တချို့ကတော့ သူတို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ ဤလောကကြီးကို မမြဲဟု ယူဆကြပြန်သည်။

ဤပြဿနာနှင့် ထပ်တူထပ်မျှ သူတို့တတွေ အလေးထား၍ အငြင်းပွားနေကြရသည်မှာ ဤလောကကြီး အဆုံး ရှိ,မရှိ၊ ဇီဝနှင့် ခန္ဓာကိုယ်သည် အတူတူလော၊ခြားစီလော၊သတ္တဝါများ သေဆုံးပြီးနောက် ဘဝဆက်သေးသလော၊ ဘဝ ပြတ်

သွားသလော စသည်တို့ဖြစ်၏။ ဤပြဿနာများထဲမှ တခုခုကို စွဲယူထားမိသူသည် မိမိစွဲယူထားသည်ကိုသာ အမှန်ဟု တထစ်ချ သတ်မှတ်ထား၏။ အခြား အယူအဆများကိုကား အားလုံး အမှားချည့်ဟု ကြွေးကြော်ကြ၏။

သူတို့နယ်ပယ်မှာ ယခုထက်တိုင် ရေးကြီးခွင့်ကျယ်လုပ်နေရသော အယူအဆများကို အသီးသီး တင်ပြကြပြီးနောက် ကျောင်းတကာကြီးက ကတိထားခဲ့သည့်အတိုင်း မိမိအမြင်ကို တင်ပြပေသည်။

အယူအစွဲသည် ဒုက္ခ

“အရှင်တို့၊ အရှင်တို့အထဲမှ တပါးသော ပုဂ္ဂိုလ်သည် ဤလောကကြီးသည် မြဲ၏ဟု ဆိုခဲ့၏။ ထိုအဆိုကို တပည့်တော်က အမှား၊ အမှန် မဝေဖန်လိုပါ။ သူ့ဘာသာရှိနေသော လောကကြီးကို တပည့်တော်က မြဲသည်၊ မမြဲသည် လုပ်၍ ခေါင်းရှုပ်ခံမနေချင်ပါ။ တပည့်တော် နားလည်ထားသည်မှာ ဤသို့ တထစ်ချ ယူစွဲထားခြင်းသည်ပင် အမြင် မှားခြင်း ဖြစ်နေပါသည်။ တရားကိုယ်ကောက်လျှင် ဒိဋ္ဌိစေတသိက်ကို ရပါသည်။ ထိုဒိဋ္ဌိသည် မိမိကိုယ်တိုင်က မသင့်မတင့် နှလုံးသွင်းမိ၍သော်လည်းကောင်း၊ သူတပါး၏ ပြောကြားချက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မဝေဖန်ပဲ လက်ခံစွဲယူလိုက်မိ၍သော်လည်းကောင်း ဖြစ်ပေါ်လာရပါသည်။ ထို ဒိဋ္ဌိစေတသိက်သည် အစဉ် ထာဝရ တည်နေနိုင်သော တရားမဟုတ်ပါ။ သူ့အလိုအလျောက် ပေါ်

ပေါက်လာရိုး မရှိပါ။ အထက်ပါအကြောင်းနှစ်ခုဖြင့် စေ့ဆော်ပြု လုပ် ပေး ပါ မှ ဖြစ် လာ ရ သော တ ရား ဖြစ် ပါ သည်။ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော အကျိုးတရား ဖြစ်ပါသည်။ အကြောင်း ရှိမှ ပေါ်လာရသော တရားဖြစ်၍ ထို ဒိဋ္ဌိ စေတသိက်သည် အမြဲမရှိပါ။ မမြဲသောသဘောသည်ပင် ဆင်းရဲဒုက္ခ ဖြစ်နေပါသည်။ ထို့ကြောင့် ထိုအယူဝါဒရှင်သည် ကိုယ့်အယူနှင့်ကိုယ် ဆင်းရဲတွင်း သက်ဆင်းနေရပါသည်တရား"

လောကကြီးမြဲပါသည်ဟု ယူစွဲထားသောပုဂ္ဂိုလ်ကို ဤသို့ လျှောက်ထားပြီးနောက် ဆက်လက်၍လောကကြီး မမြဲပါဟု ယူစွဲသောပုဂ္ဂိုလ်ကိုလည်း ဤနည်းအတိုင်းပင် ကျောင်းတကာကြီးက လျှောက်ထားခဲ့၏။

ယူစွဲမှုဟူသမျှ အမှားချည့်

ဤနေရာတွင် ကျွန်ုပ်တို့စဉ်းစားရန်ရှိနေပါသည်။ လောကကြီး မြဲပါသည်ဟု ယူစွဲထားခြင်းသည် အမြင်မှား သက်သက်သာ ဖြစ်၍ ဒိဋ္ဌိဟုဆိုရပါသည်။ ဤအဆိုကို အလွယ်တကူ လက်ခံနိုင်ကြမည်ဖြစ်သော်လည်း နောက်တမျိုးအတွက်ကား အခတ်ရခက်စရာရှိလာပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်က သင်္ခါရ တရားမှန်သမျှ မမြဲကြောင်း ဟောကြားတော်မူခဲ့၏။ ယခု ပုဂ္ဂိုလ်ကလည်း သင်္ခါရလောကကြီး၏မမြဲပုံကိုပင် တင်ပြထားပါ၏။ သို့ပါလျက်သူ့အယူကိုမှ အဘယ့်ကြောင့် ဒိဋ္ဌိစာရင်းထဲ ထည့်လိုက်ရပါသနည်း။

ဤသို့စဉ်းစားရခက်နေပါက ကျောင်းတကာကြီး၏စကား ထဲမှာပင် အဖြေရှာကြ စေလိုပါသည်။ ဤလောကကြီးကို မြဲ၏ဟု ဆိုချင်ဆို၊ မမြဲပါဘူးဟု ဆိုချင်ဆို ဤအဆိုများကို ကျောင်းတကာကြီးက အမှားအမှန်မဝေဖန်ပါ။ သူ့ဘာသာ ရှိနေသောလောကကြီးကို မြဲသည့်မမြဲသည့်သုပ်၍ ခေါင်းရှုပ် ခံမနေပါ။ မိမိနှစ်သက်သော အချက်တခုခုအပေါ်မှာလှေနံ ခါးထစ်စွဲယူထားခြင်းကိုသာ ဒိဋ္ဌိဟု ကောက်ယူခြင်း ဖြစ်ပါ သည်။ မိမိ၏အယူသာမှန်သည်၊ အခြားအယူများ လုံးဝမမှန် ဟူသော စကားရပ်များကလည်း ဤသို့ကောက်ယူရန်လမ်းညွှန် လျက် ရှိကြပေသည်။

ဤသို့အားဖြင့် မမြဲသောလောကကို မမြဲဟု ယူစွဲထားခြင်း သည်ပင် ဒိဋ္ဌိဖြစ်နေ၏။ ငါ့အယူ၊ ငါ့အမြင်၊ ငါ့တရားစသည် ဖြင့် ငါတလုံးကို ရှေ့တန်းတင်လိုက်သည်နှင့် တပြိုင်နက် ဒိဋ္ဌိ စာရင်းဝင်သွားရတော့၏။ သူဆိုသည့်အတိုင်း လောကကြီး မမြဲသည်မှာကား အမှန်ဖြစ်၏။ သို့သော်အမှန်ပေါ်တွင် ဉာဏ် မကပ်လာသရွေ့ကား အမှန်တရားကမကယ်နိုင်ပါ။ အမှန်ကို လက်ကိုင်ထားကာငြင်းခုံနေယင်းကပင်ဒိဋ္ဌိလက်တွင်းသက်ဆင်း ရပေပေသည်။

ဒိဋ္ဌာနုသယ

ထို့ကြောင့် ကျောင်းတကာအရိယာ သာဝကကြီးသည် ဒိဋ္ဌိ၏ လက်ညှိုးညွှန်ပြရာ နောက်သို့ လိုက်ပါ၍ ကြည့်မနေတော့ပဲ လက်ညှိုး ညွှန်ပြနေသော ဒိဋ္ဌိကိုသာ တိုက်ရိုက် ကြည့်ခဲ့၏။

လက်ညှိုးညွှန်ပြထားသောလောကကြီး မြဲ့မမြဲကို ခေါင်းရှုပ်ခံ စဉ်းစားမနေတော့ပဲညွှန်ပြနေသောလက်ညှိုးကိုသာ တိုက်ရိုက် ကြည့်၍ လျှောက်ထားလိုက်ပေသည်။

ဤသို့လျှောက်ထားရာတွင် ကျောင်းတကာကြီးသည် ဒိဋ္ဌိကို ရှိပါသည်ဟုလည်း မဆိုပေ။ မရှိပါဟူ၍လည်း ငြင်းဆိုမှု မပြု ပေ။ ရှိ့မရှိဟူသောအစွန်းနှစ်ဘက်ကိုရှောင်ရှားကာအကြောင်း ပြုပေးလျှင် ဖြစ်ပေါ်တတ်သော ပဋိစ္စသမုပ္ပါဒ် တရားဖြစ် ကြောင်းသာ ပြဆိုခဲ့ပေသည်။

ကိလေသာဟူသည် မဂ်နှင့်မပယ်သတ်ရသေးသမျှ အနုသယ သဘောဖြင့် ကိန်းသည်ဟု ကျွန်ုပ်တို့သင်အံပို့ချကြရ၏။ ပယ် တတ်သောမဂ်ဉာဏ်ကို မရသေးသဖြင့် မပယ်ရသေးဟု ဆိုရ သော်လည်း ထိုကိလေသာတို့ကို လက်ဆုပ်လက်ကိုင်ကောက်ယူ နိုင်သည်မဟုတ်ပါ။ ဘယ်နေရာဘယ်ဌာန၊ ဘယ်အချိန် ဘယ် ကာလမှာဖြစ်သည်ဟူ၍ အတိအကျညွှန်ပြ၍ မရနိုင်ပါ။ မသင့် တင့်သော နှလုံးထားဖြင့်ပြုပေးလျှင် ဖြစ်လာနိုင်ခွင့် ရှိနေသေး ခြင်းကိုပင် ကိန်းသည်ဟု ဆိုရပါသည်။

သဿတ တဘက်စွန်း

တချို့က မိမိတို့စိတ်သန္တာန်မှာ ဤသို့ ဖြစ်ခွင့်ရှိနေသေးသော သဘောကိုပင် အမြဲတစေ တည်နေကိန်းဝပ်နေသည်ဟု စွဲယူ ထားကြ၏။ ဘုရားရှင်ကသုတ်ပဋ္ဌာန်တရားတော်များတွင် ရာဂ ယှဉ်သောစိတ်ကို ရာဂယှဉ်သောစိတ်ဟူ၍သိရမည်။ရာဂ ကင်း

သောစိတ်ကို ရာဂကင်းသောစိတ်ဟု သိရမည်ဟူ၍ ဟောကြားတော်မူခဲ့၏။ သို့ပါလျက် စိတ်သန္တာန်မှာအမြဲတစေ ကိလေသာကိန်းဝပ်နေပါသည်ဟု စွဲယူထားလျှင်ကား ဤသို့ ပိုင်းပိုင်းခြားခြားသိနိုင်တော့မည်မဟုတ်ပါ။ ကိလေသာလွတ်နေသောစိတ်ကို သိလျက် လွတ်သည့်အတိုင်း ဆက်လက် ကျင့်သုံးရန်မဖြစ်နိုင်တော့ပါ။ လွတ်ရာ ကျွတ်ရာ ရောက်နိုင်ခွင့်မရှိတော့ပါ။ ထို့ကြောင့် အမြဲရှိပါသည်ဟူသော သဿတ အယူကို တဘက်စွန်းဟု သတ်မှတ်ရပေသည်။

ဥစ္ဆေဒ တဘက်စွန်းသို့

တချို့ကတော့ သူတို့နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ကိလေသာဟူ၍ ဘွားကနဲဖြစ် လစ်ကနဲချုပ်ပျောက်သွားကြ၏။ ဤသို့ ချုပ်ပျောက်သွားကြသဖြင့် ကိလေသာတွေ ဘယ်လောက်ဖြစ်နေနေ ဂရုစိုက်စရာမလို။ ဖြစ်ပြီးလျှင် ချုပ်သွားမည်သာဟု ဆိုကြ၏။ သူတို့ဆိုသည့်အတိုင်း ဖြစ်ပြီးလျှင် ချုပ်သွားသည်ကား မှန်ပါ၏။ အသစ် အသစ်ဖြစ်ပေါ်လာသော တရားတို့သည် ချုပ်လေပြီးသော အဟောင်းတရားတို့နှင့် တခြားစီဖြစ်သည်လည်း မှန်ပါ၏။ သို့သော်ကျွန်ုပ်တို့သည် ရှေ့တရားနှင့် နောက်တရား တခြားစီဖြစ်သော နာနတ္တနည်းတနည်းတည်းကို လှေနံဓားထစ်ပိုက်ထား၍မဖြစ်နိုင်ပါ။ နာနတ္တနည်း ရှိသလိုပင် တဘက်က လည်း ဧကတ္တနည်းဟူ၍ ရှိနေသေးသည်ကို သတိမူကြရပေလိမ့်မည်။

နာနတ္တနည်းအရ ရှေးရှေးက ချုပ်ပျောက် သွားသော ကိလေသာတို့သည် နောက်နောက်ဖြစ်ပေါ်လာသော ကိလေသာတို့နှင့်တခြားစီဖြစ်၏။ အမြဲတစေတည်နေသောတရားဟူ၍ မရှိ။ ဖြစ်ပြီးလျှင် ပျက်သွားကြရသော တရားတို့သာရှိ၏ဟု သိစေရန်၊ တနည်းအားဖြင့်လည်း အမြဲတစေ တည်နေပါသည် ဟူသော သဿတ တဘက်စွန်းမှ လွတ်မြောက်စေရန် နာနတ္တနည်းကို ကျွန်ုပ်တို့အသုံးပြုကြရ၏။ သို့သော် နာနတ္တနည်းကို ဧကတ္တနည်းဖြင့် ထိန်းကုပ်မထားပါလျှင်ကား ဥစ္ဆေဒ တဘက်စွန်းသို့ ရောက်သွားကြမည်ဖြစ်ပေသည်။

အာသေဝနသတ္တိ

ထို့ကြောင့် ရှေးရှေးက ချုပ်ပျောက်သွားသော ကိလေသာတို့သည် ထိုနေရာ ထိုခဏမှာပင် တရား ကိုယ် အား ဖြင့် လက်စသတ် ချုပ်ပျောက်သွားကြသည် မှန်ပါ၏။ နောက်ထပ် တဖန် တကျော့ ပြန်မလာကြတော့ သည်လည်း မှန်ပါ၏။ သို့သော် ထိုကိလေသာတို့သည် တရားကိုယ်အားဖြင့်သာ ချုပ်ပျောက် သွားကြခြင်း ဖြစ်၏။ သူတို့၏ အစွမ်း သတ္တိကား နောက်နောက်ကိလေသာများအပေါ်မှာကျရောက်လာကြ၏။ ဤသို့ အလေ့အလာများ အထုံပါလာခြင်းကို အာသေဝန သတ္တိ ဟု ကျွန်ုပ်တို့ နာမည်ပေးကြပေသည်။

ကိလေသာဟူသည် အလေ့အထုံများလျှင် များသလောက် အငွေ့သတ္တိ ထက်မျက်၏။ အစွမ်းသတ္တိ ထက်မျက်သလောက်

ပယ်သတ်နိုင်ရန် ကော်ခဲလာ၏။ ထို့ကြောင့် ကိလေသာဟူသည် ဖြစ်ပြီးလျှင် ချုပ်သွားသည်ဆိုတာ ကျွန်ုပ်တို့ မထိမဲ့မြင် မပြုသင့်ပါ။ ရှေးရှေးက တရားများသည် နောက်နောက်က တရားနှင့် ကေတ္တနည်းအရ အကြောင်း အကျိုး ဆက်သွယ်လျက် ရှိပုံကို သတိမူကြရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မဖြစ်ပေါ်လာ သေးသော ကိလေသာတွေကို ဖြစ်ပေါ်လာအောင် ထူထောင်မပေးပဲ မဖြစ်ပေါ် သေးသည့် အတိုင်း နေနိုင်ရန်၊ အကယ်၍ မသင့်မတင့် နှလုံးသွင်းမိ၍ ပေါ်လာပါလျှင်လည်း ဆက်ကာ ဆက်ကာ ဖြစ်ပေါ် လာအောင် အာသေဝနသတ္တိမွေးမပေးပဲ ရပ်တန်းကရပ်နိုင်ကြရန် အလေ့အလာ ပြုကြရပါလိမ့်မည်။

ဆရာကောင်းတပည့် ပန်းကောင်းပန်

ကျောင်းတကာ အရိယာသာဝကကြီးတင်ပြသော ပဋိစ္စသမုပ္ပန္နတရားထဲတွင် ဤနည်းနှစ်ပါးလုံးအကျုံးဝင်လျက် ရှိပေသည်။ ပြုပေးလျှင် ဖြစ်မည့် သဘောကို၊ အပြုမရပ်လေသမျှ အဖြစ်မရပ်နိုင်သော သဘောကို ဟုတ်တိုင်းမှန်စွာ သိရှိထားခြင်းသည်ပင်လျှင် အစွန်းနှစ်ဘက်လုံးက လွတ်မြောက်သော မဇ္ဈိမလမ်းစဉ် ဖြစ်ပေသည်။

ဤလမ်းစဉ်အရ မိမိကိုယ်တိုင် ဒုက္ခချုပ်ရာ စခန်းသို့ တက်လှမ်းခဲ့ပုံကို တိတ္ထိရဟန်းတို့အား ကျောင်းတကာကြီး က လျှောက်ထားခဲ့ပေသည်။

အယူဝါဒ ကွဲပြားသူတို့ အလယ်တွင် မဇ္ဈိမ လမ်းစဉ်ကို အချက်ကျကျ ရှင်းပြနိုင်သည့်အတွက် ဇေတဝန်ကျောင်းတကာ ကြီးအား သိက္ခာဝါတရာရပြီးသော မထေရ်ကြီးနှင့်နှိုင်းကာ ဘုရားရှင် ချီးမွမ်းတော်မူရပါပေသည်။

[အင်္ဂုတ္တရပါဠိတော်၊ ဒသကနိပါတ်၊ ဒုတိယပဏ္ဏာသက၊
ဥပါလိဝဂ်၊ ကိံဒိဋ္ဌိကသုတ်]

လူယုတ်မာ တယောက်အတွက်

ဘုရားသဘောနှင့် ပတ်သက်၍ အမြင်ရှင်းခဲ့သော ကျောင်း တကာကြီး၏ လူမှုရေးမှာလည်း အမြင်ရှင်းရှင်း ထားတတ်ပုံကို တင်ပြရပါဦးမည်။

ကျောင်းတကာကြီး၏အိမ်သည် သာယာသော ဆိပ်ကမ်း သဖွယ်ဖြစ်၍ လူဝင်လူထွက် စဲသည်မရှိ။ စီးပွားရေးဆက်စပ်၍ ရောက်လာကြသည်လည်း ရှိ၏။ ဆွေမျိုးဆက်စပ်၍ ရောက်လာ ကြသည်လည်း ရှိ၏။ လူမှုဝတ္တရား ကျေပွန်လှသဖြင့် လာလာ သမျှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းသည် အိမ်ရှင်များအပေါ် ကျေနပ်ကြပါ၏။ သို့သော် သည်အိမ်မှာ အတွင်းလူ လုပ်နေ သော လူတယောက်ကိုကား သူတို့ မကျေနပ်နိုင်အောင် ဖြစ် နေကြ၏။ မကျေနပ်ရခြင်း အကြောင်းကလည်း မည်မည်ရရ ရှိသည်တော့ မဟုတ်ပါ။ မိဘများက ချစ်စနိုး ကျီစယ်သော သဘောဖြင့် အမှတ်မထင် ခေါ်ခေါ် ခဲ့ကြသော နာမည် ကြောင့်သာဖြစ်ပါ၏။ သူ့နာမည်းကား 'ကာဠကဏ္ဏိ' ဟူပါ၏။

ယုံကြည်ရသော လူယုတ်မာ

ကာဠကဏ္ဏိ ဟူသည်မှာ လူယုတ်မာဟု အဓိပ္ပာယ်ရ၏။ သို့သော် ကာဠကဏ္ဏိကား စိတ်ဓာတ်အားဖြင့် ယုတ်ညံ့မှု မရှိပါ။ စိတ်ဓာတ်အားဖြင့် မယုတ်ညံ့ရုံပင် ငယ်သူငယ်ချင်းချင်း ယခုထက်တိုင် ခိုင်မြဲနေကြခြင်းဖြစ်၏။

စိတ်ဓာတ်အရာ မယုတ်မာသော ကာဠကဏ္ဏိသည် ကံမကောင်း အကြောင်းမလှခိုက်မှာကား စီးပွား ပျက်ကိန်းနှင့် ကြုံရရှာ၏။ မိမိဘာသာ နာလန်ထူရန် မစွမ်းနိုင်တော့သဖြင့် ငယ်သူငယ်ချင်းထံ ခိုဝင်လာရ၏။ ကျောင်းတကာကြီးကလည်း မြေမှုန့်ကစားဖက် သူငယ်ချင်းကို အခိုင်းအစေအရာမှာ မထားပါ။ မိသားစုနှင့် အတူနေ အတူစား ထားခဲ့၏။ မကြာမီပင် ကာဠကဏ္ဏိသည် ယုံကြည်အားကိုးရသောအတွင်းလူတယောက် ဖြစ်လာတော့၏။

ခေတ္တခဏသာ ရောက်လာကြသူများသည် ကာဠကဏ္ဏိ၏ အရည်အချင်းကို မသိကြ။ သူတို့ သိသည်မှာ နားကလောလှသော အမည်ဆိုးကြီးသာ ဖြစ်၏။ ထို့ကြောင့် ကျက်သရေမင်္ဂလာ မရှိသော ဤသူကို အိမ်မှ နှင်ထုတ်ရန် တိုက်တွန်းကြ၏။ သို့သော် ကျောင်းတကာကြီးကား သူတို့စကား နားမထောင်နိုင်ပါ။ နာမည်ဟူသည် အလွယ်တကူ ခေါ်နိုင်ရုံမျှသာ ပညတ်ထားရပုံ၊ နာမည်အပေါ်မှာ ပညာရှိတို့ အလေးတမူ မရှိကြပုံများကိုသာ ပြောပြရ၏။

လူယုတ်မာ၏ စွမ်းရည်သတ္တိ

သို့နှင့် ကျောင်းတကာကြီးသည် မိမိ၏ လယ်လုပ်သားရွာကြီးသို့ ခရီးထွက်လာခဲ့ရာ၊ အိမ်တွင် ကာဠကဏ္ဏိက ဇကြီးအမှူးလုပ်နေရစ်၏။ အိမ့်ရှင် သဌေး မရှိတော့ ဟူသော သတင်းစကားဖြင့် တည်သောအခါ ဒမြတို့ ချဉ်းကပ် လာကြ၏။ ကာဠကဏ္ဏိကလည်း ကျောင်းတကာကြီး မရှိချိန်တွင် သူ့တာဝန်လုံးလုံးဖြစ်နေ၍ တည်လုံး နိုးနိုးကြားကြားနေခဲ့သဖြင့် ဒမြများ လက်ရမဦးခင် အသင့်ပြင်ဆင်ပြီး ဖြစ်နေ၏။ အိမ်နေသူအပေါင်းကို ဦးဆောင်ကာ ဒမြများကို အိမ်ထဲမှ ခုခံကာကွယ်၏။ အိမ့်ရှင်သဌေးမရှိခိုက် အလွယ်တကူပင် ဝင်နိုင်လိမ့်မည် အထင်နှင့် လာခဲ့သော ဒမြများသည် ပါလာသမျှ လက်နက်များ ပစ်စွန့်ကာ အသက်လု၍ ပြေးခဲ့ကြရပေသည်။ ဤသို့အားဖြင့် လူတယောက်အတွက် နာမည်သည် အဓိက မဟုတ်၊ စိတ်ဓာတ် အရည်အချင်းသာ အဓိကဖြစ်ပုံကို ကျောင်းတကာကြီးကိုယ်တိုင် သက်သေထူနိုင်လာပေပြီ။

[ဧကနိပါတ်ဇာတ် အဋ္ဌကထာ၊ ကာဠကဏ္ဏိဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

မိဘခြေရာ မနင်းသူ

ကာဠကဏ္ဏိအပေါ် သူငယ်ချင်းကောင်းပီသစွာ ဆက်ဆံခဲ့သော ကျောင်းတကာကြီးသည် သားသမီးများအတွက်လည်း တာဝန်ဝတ္တရားကျေပွန်ခဲ့ပါ၏။ ကျောင်းတကာကြီးတွင် သား

တယောက်၊ သမီးနှစ်ယောက်ရှိရာ သမီးနှစ်ယောက်ကား မိဘ ခြေရာ နင်းနိုင်ကြပါ၏။ သဒ္ဓါရော ပညာပါ ပြည့်စုံကြပါ၏။ သားဖြစ်သူ မောင်ကာလမှာကား မိဘခြေရာ အသာထား၍ နှမများနှင့်ပင် မယှဉ်နိုင်ပေ။

နေ့စဉ်နှင့်အမျှ သူတို့အိမ်တွင် သင်္ကန်းရောင်တွေ ထိန်ထိန် ဝင်းနေ၏။ နေ့စဉ်လိုလို တရားသံတွေ ကြားနေရ၏။ သို့ပါလျက် မောင်ကာလသည် မည်သည့် ရဟန်း သံဃာနှင့်မျှ အကျွမ်းတဝင်မရှိပေ။ သည်တံခါးက ရဟန်းများ ဆွမ်းခံကြွလာလျှင် ဟိုတံခါးက ခပ်သုတ်သုတ် ထွက်သွား၏။ တရားသံဆိုသည်မှာလည်း သူ့အတွက် နားငြီးစရာချည့် ဖြစ်ခဲ့၏။ သူ့နားမှာ ထာဝစဉ်ကြားချင်နေသည်ကား ကြွေအံဝိုင်းမှ ကြွေစေ့များ ပစ်ချသံဖြစ်၏။ သူငယ်ချင်း အပေါင်းအသင်းများ၏ ဟေးလားဝါးလား အော်ဟစ်သံများ ဖြစ်ကြ၏။

အလိုလိုက်၍ မိုက်ဘက်ပါသည်

ကျောင်းတကာ အရိယာ သာဝကကြီး သားတယောက်က အပျော်အပါး အကစားဘက်လိုက်ရန် ခွင့်ပြုထားပါသလော ဟု ဆိုလျှင် တမင်တကာ ခွင့်ပြုထားသည်ကား မဟုတ်ပါ။ တားမနိုင် ဆီးမရသဖြင့် လက်လျှော့ထားကြရခြင်းသာဖြစ်၏။ စီးပွားရေး၊ လူမှုရေးများ၌ အကွက်စေ့စေ့ ဆောင်ရွက်နိုင်ခဲ့သော ကျောင်း တကာကြီးသည် သည်သား အရေးမှာကား ဟာကွက် ပေါ်နေခဲ့၏။ ဤသို့ ပေါ်ရခြင်းမှာလည်း အရည်

အချင်း မရှိ၍တော့မဟုတ်ပါ။ အရည်အချင်းအပေါ်မှာ သားတည်းဟူသော ချစ်ခြင်းမေတ္တာက ဖုံးလွှမ်းထား၍သာ ဖြစ်ပါလိမ့်မည်။

အထွေးဆုံးသော သားကလေးဟူ၍ အစစ အလို လိုက်ခဲ့လေသမျှ အမိုက်အားပေး ဖြစ်ခဲ့ရ၏။ မိဘများက မပြောရက်၊ မဆိုရက် ဖြစ်ခဲ့လေသမျှ မောင်ကာလ ရှောင့်တက်ဖို့ချည့် ဖြစ်နေ၏။ ဤအခြေအနေကို စောစောက ကြိုတင်၍မြင်ထားလျှင် ကောင်းလေစွ။ သို့သော် ယခုတော့ မောင်ကာလ အရိုးရင့်လာချေပြီ။ အရိုးရင့်လာသည်နှင့်အမျှ သူ့အလေ့အကျင့်များကလည်း စွန့်နိုင် ပယ်နိုင်ဖို့ ခက်ခဲလာချေပြီ။

လိုလျှင်ကြံဆ နည်းလမ်းရ

သည်အချိန်ကျမှ သည်သားကို အတင်းအကျပ် ဆုံးမ၍ ရပါဦးမည်လော။ ရနိုင်သည်ဆိုစေဦးတော့၊ ကျောင်းတကာကြီးမှာ အကျပ်မကိုင်ရက်ပါ။ နဂိုက စိတ်နှလုံး နူးညံ့ရသည့်အထဲတွင် ကျောင်းအမကြီးမျက်နှာကိုလည်း ကြည့်ရသေး၏။ သားနှင့် ပတ်သက်လာလျှင် သူက အဖြစ်သည်းလှ၏။ သား မျက်နှာ ကွက်ကနဲ ပျက်သွားလျှင်ပင် သူ့မှာ အစားခက်၊ အနေခက် ဖြစ်ရတော့၏။ ကျောင်းတကာကြီးကဲ့သို့ တရားလက်ကိုင် မခိုင်မြဲသေးသဖြင့် ပူစရာရှိလျှင် ဆောက်တည်ရာမရလောက်အောင် ပူတော့၏။ သူ အဖြစ်သည်းလွန်း၍ပင် သည်ကလေး သည်မျှလောက် ပေပေတေတေ ဖြစ်လာရသည်ဟု ဆွေမျိုးများက ဆိုလာရ၏။

ဆွေမျိုးများက အမြင်မတော်၊အကြားမတော်၍ ဆိုကြရသော်လည်း ကျောင်းတကာကြီးကတော့ မဆိုရက်ပါ။ သားဆိုးကို အပြစ် မဆိုရက် သက်ဲ့သို့ မယားအပေါ်မှာလည်း ကရုဏာ သက်ရပေသည်။ သို့ဖြစ်၍ အမေလည်း မျက်ရည် မကျရ၊ သားလည်း စိတ်မညစ်ရသောနည်းလမ်းကိုသာ ရှာကြံရပါမည်။

ကျောင်းတကာကြီး၏အကြံဉာဏ်သည် ဝါတွင်း ဥပုသ်နေ့ တနေ့မှာ အကောင်အထည်ပေါ်လာပါ၏။ ကျွန်ုပ်တို့ ကျောင်းတော်သို့ ရောက်ခဲ့လှသော မောင်ကာလသည် ထို နေ့မှာမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါ၏။ လူကြီးသူမ ဥပုသ်သည်များနှင့် အတူ ဘုရားရှင် ရှေ့တော်မှောက်မှာ ဥပုသ် သီလ ဆောက်တည်ပါ၏။ သို့သော် ဥပုသ်သည် အသစ် စက်စက် မောင်ကာလကို နေ့လယ် တရားပွဲမှာတော့ မတွေ့ရတော့ပါ။ တချောင်ချောင်သွား၍ အိပ်နေဟန်တူပါသည်။

ဥပုသ်သီလ၏ လက်ငင်းအကျိုး

ဥပုသ်စောင့်ခြင်းဟူသည်မှာ ရဟန္တာအရှင်မြတ်ကြီးတို့၏ အပြုအမူကို အတုယူခြင်း ဖြစ်၏။ ရဟန္တာအရှင်မြတ်ကြီးတို့သည်

၁။ သူတပါးအသက်ကို မသတ်ကြကုန်။

၂။ သူတပါးဥစ္စာကို မခိုးကြကုန်။

၃။ မေထုန်အကျင့်ကို မကျင့်ကြကုန်။

၄။ မုသားစကား မပြောကြကုန်။
၅။ ထန်းရည်၊ အရက် မသောက်ကြကုန်။
၆။ နေလွဲညစာ မစားကြကုန်။
၇။ ကခုန်တီးမှုတ်ခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ နံ့သာ လိမ်းကျံပန်ဆင်ခြင်း မပြုကြကုန်။
၈။ မြင့်သောနေရာ၊ အဖိုးတန် ဇိမ်ခံသောနေရာတို့၌ မနေကြကုန်။

ဤ ကျင့်ဝတ်များကို ရာသက်ပန် ကျင့်သုံး နေကြသော ရဟန္တာ အရှင်မြတ်ကြီးတို့၏ အပြု အမူကို အတု ယူသော အားဖြင့် တတ်စွမ်းနိုင်သမျှ အချိန်ပိုင်းဖြင့် တကာ၊ တကာမ-များက ကျင့်သုံး ဆောက်တည်ခြင်းကို ဥပုသ် စောင့်သည်ဟု ဆိုရပေသည်။ ကြောင့်ကြဗျာပါ ရ မရှိ၊ ပကတိ အေးချမ်းစွာ နေထိုင်တော်မူကြရသော ရဟန္တာအရှင်မြတ်ကြီးတို့၏ချမ်းသာ သုခကို ခံစားနိုင်သမျှ ခံစားကြရန် ဖြစ်ပေသည်။

သိလာတော့ ရှက်တတ်လာပြီ

မောင်ကာလ ဥပုသ်စောင့်လာသည်မှာကား ဤသို့သော ချမ်းသာသုခ အတွက် မဟုတ်ပါ။ ဖခင်ကြီးထံမှ ငွေတရာရရေး အတွက်သာ ဖြစ်ပါ၏။

ဖခင်ပေးသော ငွေတရာကို အပေါင်းအသင်းများနှင့် သုံးဖြုန်းပစ်လိုက်ပြီးလျှင် နောက်တဥပုသ်ကျတော့လည်း မောင်ကာလ ရောက်လာပြန်၏။ သည်တခါတော့ ဥပုသ်ယူရုံမဟုတ်တော့ပါ။ တရားနာသည့် ပရိတ်သတ်များမှာလည်း သူ့ကိုတွေ့လာရပေသည်။

ဥပုသ်သည် မောင်ကာလသည် ထိုညက ကျောင်းမှာပင်နေခဲ့၏။ နံနက်လင်းခါမှ ကျွန်ုပ်တို့နှင့်အတူ မြို့တွင်းသို့ လိုက်ပါလာခဲ့၏။ မောင်ကာလ၏ အမူအရာသည် လာစဉ်တုန်းကနှင့်လုံးဝ မတူအောင် ခြားနားလှ၏။ ဘုရားရှင်နှင့်တကွ ရဟန်းတော်များကို စိတ်ပါလက်ပါ အရိုအသေပြု၏။ ကျွန်ုပ်တို့နှင့်အတူလိုက်ပါရန်ချဉ်းကပ်လာရာတွင် တစုံတခုသောကိစ္စအတွက်ရှက်စနိုး ဖြစ်နေသည်ကို ကျွန်ုပ်အကဲခတ်မိ၏။ သူ့ရှက်နေသောကိစ္စကို သူ့အိမ်ရောက်ခါမှ အတိအကျသိကြရ၏။ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့အားလုံး ဆွမ်းစားပြီးကြသောအခါ ကျောင်းတကာကြီးက ငွေတထောင်ထုပ်ကို သားရှေ့မှာ ချလိုက်ကာ-

"ငါ့သား၊ ကျောင်းတော်သွား၍ ဥပုသ်စောင့်လျှင်၊ ဥပုသ်စောင့်ပြီး တရားနာခဲ့လျှင် ငွေတထောင်ပေးမည်ဟု ဖခင်ပြောခဲ့ပေသည်။ ယခု ငါ့သား တာဝန်ကျေပွန်ခဲ့ပြီမို့ ငွေတထောင်ပေးပါတော့မည်။ ငါ့သားလိုရာ အသုံးပြုပါလော့"

တကယ့်အချိန်ကောင်းမှာမှ ကျောင်းတကာကြီးက အကဲစမ်းလိုက်ခြင်းဖြစ်ပေသည်။ ဘုရားရှင် ဟောကြားသော တရားတော်က သူ့သားအပေါ် မည်မျှလောက် ဩဇာသက်ရောက်သည်ကို သိလို၍ပင် ဖြစ်ပါလိမ့်မည်။

ယခင် ဥပုသ်ထွက်တုန်းက သူ ရထိုက်သည့် ငွေတရာတိတိကို သူ့လက်ထဲထည့်ပါမှ အစားအစာ လက်ခံခဲ့သည်ဟု ဆိုပါ၏။ သည်ကနေ့မှာတော့ ဘာမျှမရခင်ကပင် စားသောက်ခြင်းကိစ္စ ပြီးခဲ့ပေသည်။ လမ်းတုန်းကပင် ဤအရေးကြောင့် ရှက်အား ပိုခဲ့သော မောင်ကာလသည် သူလေးစားသော ဘုရားရှင် ရှေ့တော်မှောက်တွင် ဤငွေကို မည်သို့ ယူရပါမည်နည်း။

"အိမ့်ရှင်သင့်ေး၊ စည်းစိမ်ဥစ္စာဟူသမျှတို့ထက် အဆတရာ မကသော သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ညာဏ်ကို သင့်သား ကာလ ရရှိပြီးပေပြီ"

မောင်ကာလ အပြေခက်နေဆဲတွင် ဘုရားရှင်က မိန့်မြွက်တော်မူလိုက်၏။

ပူဆာမရှိ ပကတိအေးမြလှသော တရားတော်သည် လူပေလူတေ မောင်ကာလ၏ စိတ်နှလုံးကိုပင် ဖုံးလွှမ်းနိုင်စွမ်း ရှိပါပေသည် တကား။

[ဓမ္မပဒ အဋ္ဌကထာ၊ လောကဝဂ်၊ အနာထပိဏ်သင့်ေးသား ကာလ သတို့သား ဝတ္ထု။ အင်္ဂုတ္တရ ပါဠိတော်၊ တိက နိပါတ်၊ မဟာဝဂ်၊ ဥပေါသထသုတ်]

ကျောင်းတကာကြီးအား နှုတ်ဆက်ခြင်း

စကားစပ်မိလာသည့်အခိုက် ကျောင်းတကာကြီး၏ ကျေးဇူးဂုဏ်များကို တော်တော်စုံအောင်တင်ပြခဲ့ပါပြီ။ ရတနာသုံးပါးနှင့် တရင်းတနှီးဆက်ဆံခဲ့သော သာသနာ့ဖခင်ကြီးဖြစ်၍ သူ၏ ဂုဏ်ကျေးဇူးများမှာပြောပြင်၍ ကုန်နိုင်၊ ခန်းနိုင်မရှိပါ။ သို့သော်

အခြား အခြားသော ကြောင်း ခြင်းရာများကို တင်ပြရန် ရှိသေးသဖြင့် ကျောင်းတကာကြီး၏ အတ္ထုပ္ပတ္တိကို အဆုံးသတ် ရပါတော့မည်။ အဆုံးသတ်နိုင်ရေး အတွက် အစကို ပြန် ကောက်ရပါဦးမည်။

ဤအခန်းကို စတင်ပြောပြစဉ်က အရှင်မဟာသာရိပုတ္တရာ ၏ တရားတော်ကို ကြားနာရ၍ နာလန် ထလာပုံကို ကျွန်ုပ် ပရိသတ်များ ကြားနာခဲ့ကြရ၏။ ဤတွင် ကျွန်ုပ်၏ ပရိသတ် များ လှေနံဓားထစ် စွဲယူမထားရန် ရှင်းပြရပါဦးမည်။ တရား တော်၏ ကျေးဇူးကြောင့် ကျောင်းတကာကြီး နာလန်ထခဲ့ သည်မှာ အမှန် ဖြစ်၏။ သို့သော် ထိုအမှန်တွင် အတိုင်းအတာ ရှိနေသည်ကို သတိပြုကြရန် ရှိပါသည်။ ဟိုယခင် ဖျားနာခဲ့ စဉ်က ကျောင်းတကာကြီးမှာ ဇီဝဓာတ်အားကောင်းသေး၏။ ထို့ကြောင့် စိတ်ကို ကုပေးလိုက်ရုံနှင့် ကိုယ်ပါ နာလန်ထလာ နိုင်ခဲ့၏။ ယခုတခါ ဖျားနာရာမှာတော့ အသက်က စကား ပြောလာပြီ ဖြစ်၏။ မီးစာကုန်ခါနီး၍ ဆီကလည်းခန်းလုဆဲဆဲ ဖြစ်နေ၏။ ထို့ကြောင့် သည်တခါကြွလာရာတွင် အရှင်မဟာ သာရိပုတ္တရာက နှုတ်ဆက်သော သဘောဖြင့် မဟောဘူးသေး သော တရားတော်ကို ဟောလိုက်ပေတော့သည်။

မျက်ရည်ကျရသော တရားတပုဒ်

အရှိန်အဟုန် ကောင်းကောင်းနှင့် ဟောကြားခဲ့သော တရား တော်ကို အကျဉ်းချုံးလိုက်လျှင် အတွင်းအာယတန ခြောက်

ပါး၊အပြင်အာယတန ခြောက်ပါး၊ ဝိညာဉ်ခြောက်ပါး၊ ဖဿ ခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ ဓာတ်ခြောက်ပါး၊ ခန္ဓာ ငါးပါး၊ အရူပသမာပတ် လေးပါးတို့နှင့်တကွ မျက်မှောက် လောက၊ တမလွန်လောကများ ပါဝင်ကြ၏။ အချုပ်အား ဖြင့် မြင်သမျှ၊ ကြားသမျှ၊ တွေ့ထိထားသမျှအပေါ်ဝယ် အစွဲ အလမ်း မထားပဲ လွတ်လွတ်ကြီး နေနိုင်စေရန် အရှင်မဟာ သာရိပုတ္တရာက တရားပြ၍ ဆုံးမပေသည်။

ယခင်တခါ တရားနိဂုံးချုပ်စဉ်တုန်းက ပျော်စရာ ရွှင်စရာ ကောင်းခဲ့သလောက် ယခုတရားပွဲမှာတော့ ဝမ်းနည်းစရာများ ဖြင့် နိဂုံး ချုပ်လိုက်ရ၏။ တရားခတော် ဆုံးသွား သည်နှင့် ကျောင်းတကာကြီး မျက်ရည် ဖြိုင်ဖြိုင် ကျလာသောကြောင့် ဖြစ်ပါသည်။

"ကျောင်းတကာကြီး၊ စည်းစိမ် ဥစ္စာများကို အစွန့်ရ၊ အခွာရ ခက်နေပါသလား"

ကျောင်းတကာကြီးအား နှစ်သိမ့်ပေးနိုင်ရန် စကား တစ ရလိုရငြား ကျွန်ုပ်က ဤသို့မေးလိုက်ရာ—

"စည်းစိမ်ဥစ္စာများကို အစွန့်ရ၊ အခွာရခက်နေ၍ မဟုတ်ပါဘုရား။ ဘုရားရှင်နှင့် တကွ အရှင်ဘုရားတို့ထံမှာ ဆည်းကပ်သောအားဖြင့် လေးနက် လှသော တရားဒေသနာများ ကြားနာခဲ့ရပေါင်း များလှပါပြီ။ သို့သော် ဤမျှလောက် တရားအမျိုးမျိုးတွေကိုဝေဖန်၍ ခမ်းခမ်းနားနား ဟောကြားသောတရားကို မနာခဲ့ရဘူး၍ ငိုကြွေးမိခြင်း ဖြစ်ပါသည် ဘုရား"

ကျောင်းတကာကြီးက အဖြစ်မှန်ကို လျှောက်ထားလိုက်၏။ ဤတွင် အရှင်မဟာသာရိပုတ္တရာက—

"တကာကြီး၊ ဤသို့ တရား အမျိုးမျိုးကို အကျယ်တဝင့် ဝေဖန်၍ ဟောကြားသော တရားကို တကာ, တကာမများ မနှစ်သက်နိုင်ကြပါ။ သာသနာ့ဝန်ထမ်း ရဟန်းများသာ နှစ်သက်ကြပါသည်။ ထို့ကြောင့် ယခုမှ ဟောရခြင်း ဖြစ်ပါသည်"

"ထိုသို့ဖြစ်လျှင် တကာ,တကာမများကိုလည်း ဤသို့သော တရား ဟောကြားတော်မူပါ ဘုရား။ လူတွေ ထဲမှာလည်း ပညာဉာဏ် ထက်မြက်သူများရှိကြပါသည်။ ကြားရ,နာရလျှင် နားလည် သဘောပေါက်ကြပါလိမ့်မည်ဘုရား"

ကျောင်းတကာကြီး၏ စကားကို ဝေဖန် စဉ်းစားယင်း ကျွန်ုပ်တို့သည် ကျောင်းတော်သို့ ပြန်လာခဲ့ကြ၏။ ထိုနေ့ ညနေချမ်းမှာပင် ကျောင်းတကာကြီး ကွယ်လွန် ကြောင်း ကျွန်ုပ်တို့ ကြားသိရပေသည်။

[ဥပရိပဏ္ဏာသ၊ အနာထပိဏ္ဍိကောဝါဒသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

အလှမ်းဖြေ ဒေသနာတော်

ကျောင်းတကာကြီး ကွယ်လွန်ခြင်းသည် ကျွန်ုပ်၏ တသက် တာ မှတ်တမ်းတွင် အကျခန်းကို နိဒါန်းပျိုးလိုက်ခြင်း ဖြစ်၏။ ရှေ့ပိုင်းမှာတုန်းက ဝမ်းမြောက်စရာ အတက်ခန်းများကို အား

ပါးတရ ကြားနာခဲ့ကြရပြီမို့ ယခု အကျခန်းကိုလည်း မလွဲသာ မရှောင်သာ ကြားနာကြရပါလိမ့်ဦးမည်။ သည်ကရှေ့မှာတော့ ငမ်းနည်းစရာ အခန်းများကို မကြာခဏ ကြားနာကြရပါတော့မည်။

ကျောင်းတကာကြီး ကွယ်လွန်သွားသော်လည်း ကျန်ရစ်သော မိသားစုတို့က သာသနာတော်ကို ယခင်အတိုင်း ပြုစုလုပ်ကျွေးကြပါ၏။ သို့သော် အိမ်ရောက်သွား၍မှ မြင်နေကျမျက်နှာ မမြင်ရသဖြင့် ကျွန်ုပ်စိတ်ထဲမှာ ဟာတာတာ ဖြစ်ခဲ့ရ၏။ တချို့ ရပ်ဟန်းများမှာဆိုလျှင် မျက်ရည်တဝဲဝဲ ဖြစ်ကြရ၏။ မိမိတို့အားလုံးအပေါ် ဖခင်ကြီးသဖွယ် စောင့်ရှောက်လာခဲ့သော ဂုဏ်ကျေးဇူးများကို ယခု သူမရှိတော့ကာမှ ပို၍ သိလာကြသည် မဟုတ်ပါလော။

ကျောင်းတကာကြီး အတွက် မျက်ရည် ဝဲခဲ့သူ များတွင် ကျွန်ုပ်အပါအဝင် ဖြစ်ကြောင်း ဟုတ်တိုင်း မှန်စွာ ဝန်ခံရပါလိမ့်မည်။ အပြန်အလှန် သံယောဇဉ်ကြီးခဲ့သူများဖြစ်၍ ကျွန်ုပ်စိတ်မှာ ထိခိုက်လှပါသည်။ သို့သော် သူ့အတွက် ဖြစ်ပေါ်ရသော ဒေါမနဿ ဝေဒနာကို သူ့အတွက် ဟောကြားခဲ့သော ဒေသနာဖြင့်ပင် ကျွန်ုပ် ဘာသာ ကုစားရပေသည်။

“အိမ့်ရှင်သခင်၊ ကောင်းမွန်စွာ မိုးထားသော အိမ်၌ ခေါင်အုပ်သည်လည်းမိုးလုံ၏။ အခြင်,ရနယ်နှင့် နံရံများလည်း မိုးလုံ၏။ မိုးလုံသဖြင့်မပုပ်မဆွေးပဲ ကောင်းစွာ တည်တံ့နိုင်ကြ၏။

"ထို့အတူပင် စိတ်တခုကို စောင့်ရှောက်သည် ရှိသော် ကာယကံလည်း လုံခြုံပြီးဖြစ်၏။ ဝစီကံလည်း လုံခြုံပြီးဖြစ်၏။ ဒုစရိုက်အပေါင်းမှ လုံခြုံပြီးဖြစ်၍ ကံသုံးပါးလုံး ကောင်းမွန်စွာ တည်တံ့နိုင်ကြ၏။ ထိုသို့ ကံသုံးပါးလုံး ကောင်းမွန်သောသူ၏ သေခြင်းသည် ကောင်းသောသေခြင်းပင် ဖြစ်ပေသည်။"

ကျွန်ုပ် အကဲခတ်မိလေသမျှတွင် ကျောင်းတကာကြီး၏ ကံသုံးပါး လုံးမှာ အပြစ်တင်လောက်စရာဟူ၍ မမြင်မိပါ။ သို့ဖြစ်၍ သူ၏ သေဆုံးခြင်းသည် ကောင်းသော သေဆုံးခြင်းသာ ဖြစ်ပါသည်။ ဤဒေသနာတော်သည်ပင် ကျွန်ုပ်အတွက် ဖြေဆေးတခွက် ဖြစ်ပါတော့သည်။

[အင်္ဂုတ္တရပါဠိတော်၊ တိကနိပါတ်၊ သမ္ဗောဓဝဂ်၊ အရက္ခိတသုတ်]

ကျောင်းအမကြီး ဝိသာခါ

မျက်ရည်ချင်းတော့ မဆိုပါ

ကျွန်ုပ်တို့သာသနာတော်ဝယ် ဇေတဝန် ကျောင်းတကာကြီးသည် ဖခင်ကြီးသဖွယ်ဖြစ်ခဲ့၏။ ထို့အတူ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါသည်သည်း ကျွန်ုပ်တို့အားလုံး၏ မိခင်ကြီးသဖွယ်ဖြစ်၏။ လှူဒါန်းပေးကမ်းခြင်း၌ မွေ့လျော်သူများဖြစ်၍ သူတို့နှစ်ဦးလုံးပင် တေဒဂ်ဂုဏ်ထူးဆွတ်ခူးနိုင်ခဲ့ကြ၏။ ထင်ရှားကျော်ကြားသော သူတို့အမည်များနောက်ဝယ် အိမ်ထောင်ဖက်တို့၏ အမည်များမှာ မှိန်ရှိနေကြရ၏။ ယောကျ်ား,မိန်းမ

မဟုတ်၊ ခေါင်းဆောင်နိုင်သောအစွမ်းသတ္တိရှိလျှင်ရှိသလို နာမည်ကျော်ကြားလူသိများစေမြဲ ဖြစ်ပေသည်။

ဇေတဝန် ကျောင်းတကာကြီးနှင့် ပုဗ္ဗာရုံ ကျောင်းအမကြီးတို့၏ အခြားတူညီချက်တခုလည်း ရှိခဲ့ပါသည်။ ကျောင်းတကာကြီး အနာထပိဏ်သည် ကျွန်ုပ်တို့ ရွှေမှောက်မှာပင် မျက်ရည်ကျလက်ဖြစ်ခဲ့ရဘူး၏။ ထို့အတူ ကျောင်းအမကြီးဝိသာခါသည်လည်း ကျွန်ုပ်တို့ရှေ့မှာပင် ငိုကြွေးခဲ့ဘူးပေသည်။ သို့သော် ငိုကြွေးသည်မှာ တရားကြောင့်တော့ မဟုတ်ပါ။ သူမြေးမကလေး သေဆုံးသောကြောင့် ဖြစ်ပေသည်။

ကျောင်းအမကြီး၏ အသည်းစွဲ

ကျောင်းအမကြီးသည် ပစ္စည်းဥစ္စာကြွယ်ဝသကဲ့သို့ သားသမီးအကျိုးပေးလည်းကောင်းလှ၏။ မွေးဖွားသမျှ သားသမီးအားလုံးအဖတ်တင်ကာ ကျန်းမာချမ်းသာစွာ ကြီးပြင်းလာကြ၏။ သား ၁၀-ယောက်၊ သမီး ၁၀-ယောက်၊ အားလုံးနှစ်ကျိပ်တိတိရှိ၏။ အရွယ်ရောက်ပြီးသော သားသမီးများမှပေါက်ဖွားလာသောမြေးများလည်း အပြိုင်းအရိုင်း ရှိလာကြပြီဖြစ်၏။ ဤသို့ သားသမီးတွေ၊ မြေးတွေ ပေါသည့်ကြားမှာ သားတယောက်မှ ပေါက်ဖွားသော သည်မြေးမကလေးသည် သူ့အသည်းစွဲဖြစ်နေ၏။

သူတို့အိမ်သည် ကျွန်ုပ်တို့အားလုံး၏မိဘအိမ်သဖွယ်ဖြစ်၏။ တခြား အိမ်များက ဆွမ်းခံဖွယ် ပြည့်စုံစွာ ရခဲ့ပြီးသော်လည်း

သူတို့အိမ်တော့ ရောက်ဖြစ်သေးသည်သာ ဖြစ်၏။ တခါတခါတွင်ကား တခြားသို့ ဆွမ်းခံမထွက်ရတော့ပဲ သူတို့အိမ်မှာပင် ဆွမ်းကိစ္စ ပြီးစီးခဲ့ကြရ၏။ ဆွမ်းစားပြီးချိန်မှာလည်း မုန့်ခဲဖွယ် ရသာမျိုးစုံကို သုံးဆောင်ရပြန်၏။ ကျောင်းအမကြီး၏ သံဃဝေယျာဝစ္စ ကိစ္စများတွင် အခြား မြေးများ၊ သားသမီးများ အကူအညီရကြသည် မှန်ပါ၏။ သို့သော် သူတို့ အားလုံးကို ကျောင်းအမကြီးက အားရလှသည် မရှိပေ။ သူတို့တတွေမှာ ထထကြွကြွ ရှိကြသော်လည်း၊ သဒ္ဓါတရား ထက်သန်ကြသော်လည်း ကျောင်းအမကြီး အားရလောက်အောင် ရွှေလာဘ်ကို မမြင်တတ်ကြပေ။ နေ့စဉ် ပြုနေကျ ကိစ္စများကိုပင် ကျောင်းအမကြီး ခိုင်းမှ လုပ်တတ်ကြ၏။ သားတယောက်မှ ပေါက်ဖွားလာသော သည်မြေးမကလေးကား သူတို့ကြားမှာ တမူ ထူးခြားသူကလေးဖြစ်၏။ လုံ့လဝီရိယအရာ၊ စေတနာသဒ္ဓါတရားအရာတွင် သူများထက် သာသည်ဟု မဆိုနိုင်သော်သည်း ရွှေလာဘ်မြင်သော နေရာတွင်ကား သူ့ဘွားအေကြီးကပင် ချီးကျူးရပေသည်။

သည်အဘွားနှင့် သည်မြေး

ရွှေလာဘ်မြင်သော သည် မြေးမကလေးသည် ဘွားအေကြီး အပေါ် ချစ်အား ပိုသလောက် ဘွားအေကြီး၏ အလိုကို သိတတ်၏။ ဘွားအေကြီးစိတ်ကျေနပ်အောင် ပြောဆိုဘတ်၏။ သူ့ရုပ်ရည်ကလေးကလည်း လူကြီးသူမများ မေတ္တာသက်ဝင်

စရာ ဖြစ်၏။ ထို့ကြောင့် သည်ကလေးမအား ဘွားအေကြီး အသည်းစွဲ ဖြစ်နေခြင်းမှာ စွဲထိုက်၍စွဲသည်ဟု ဆိုစရာဖြစ်ပါပေသည်။ အိမ်တွင်း ကိစ္စများတွင် သူ့ကို အခုးကိုးရသကဲ့သို့ အပြင်အပ ထွက်စရာရှိတော့လည်း သည်မြေးမကလေး ပါမှ သွားတတ်သလို ဖြစ်လာရ၏။

ပုဗ္ဗာရုံကျောင်းတော်သို့ သူ ရောက်လာပြီဆိုလျှင် အခြားအခြားသောမြေးများ၊ သားသမီးများသာ လူလဲနှင့် လိုက်ပါကြ၏။ သည်မြေးမကလေးကား ဘယ်တော့မှ ကျန်ရစ်သည် မရှိပေ။ နံနက်ခင်းမှာဆိုလျှင် စားဖွယ်ဘောဇဉ်သောက်ဖွယ်ပစ္စည်းများ ပါလာကြ၏။ ညနေခင်းမှာဆိုလျှင် အဖျော်ရှစ်မျိုးတွင် တမျိုးမျိုးသော်လည်းကောင်း၊ ပန်းနံ့သာများသော် လည်းကောင်း ပါလာကြ၏။ ပါလာလေသမျှမှာ သည်ကလေးမ ခေါင်းပေါ်ကချည့် ဖြစ်၏။ ဤသို့ ဘွားအေကြီး၏လက်ကသုံးတောင်ဝှေး ဖြစ်နေသူကလေးကိုမှ မရဏာရှင်သေမင်းက ရုတ်တရက် ခေါ်သွားပေတော့သည်။

ဘယ်သူမပြု မိမိမှု

နေ့စဉ်လိုလိုလှူဒါန်းနေသော၊ နေ့စဉ်လိုလို ဆည်းကပ်နေသော ဘုရားရှင်ထံတော်ပါးမှ ဤသို့သော တရားများကို ကျောင်းအမအကြီး ကြားနာရပေါင်းများလှပါပြီ။ ကွေးသော လက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင် သေဆုံးကြသော ဖြစ်ရပ်

များကိုလည်း တွေ့ကြုံဘူးပေါင်းများလှပါပြီ။ သို့ပါလျက် ဒီလိုဖြစ်ပျက်မည့်သူများထဲတွင် သူချစ်သောမြေး မ,ကလေး ပါဝင်သည်ဟုကား သူတခါမျှ မတွေးခဲ့မိ။ မြေးမကလေး အပေါ် ရစ်သိုင်းထားသော သံယောဇဉ် ကြိုးများက သူ့ အသိဉာဏ်ကိုပါ မလှုပ်သာအောင်တုပ်နှောင်ထားကြပေသည်။

ဖြစ်လာသော တရားမှန်သမျှ ပျက်ရသည် ဟူ၍လည်း ကောင်း၊ မွေးလာသူမှန်သမျှ သေရမည် ဟူ၍လည်းကောင်း ဤတရားများကို ဟိုယခင် ခုနစ်နှစ်သမီးအရွယ်ကပင် သူကြား နာလာခဲ့ရ၏။ တကယ်တော့ဖြင့် မိသားစု အသိုက်အအုံဟူ၍ ဖြစ်လာခြင်းမှာ ဇရပ်ထဲမှာနားခိုလာကြသော ခရီးသည်များ နှင့် ဘာမျှမခြားလှပေ။ ခရီးသည်များပီပီ အချိန်တန်လျှင် လူချင်းခွဲ၍ ခရီးဆက်ကြရမည့်သူချည်း ဖြစ်၏။ ပေါင်းလာ ဆုံလာကတည်းကပင် ခွဲခွာရမည့်သဘောက ထက်ကြပ်မကွာ ပါလာပြီးသားဖြစ်၏။ ထို့ကြောင့်အချိန်တန်၍ မိမိရှေ့က ထွက်ခွာ သွားသူများကို မသွားစေလိုသော သဘောဖြင့် မည်သို့ပင်တားဆီးသော်လည်း ရနိုင်မည်မဟုတ်ပါ။ တားဆီး ၍ မရနိုင်သောသဘာဝကို တားလိုဆီးလိုသော အလိုအာသဝ တွေ ပြင်းတန်သလောက် ဒုက္ခရောက်ကြရမည်သာ။ ထိုဒုက္ခ များ ဖြစ်ပေါ်လာရခြင်းမှာ သွားလေသူ များကြောင့် ဟု ဆိုရသော်လည်း သွားလေသူများမှာ သဘာဝ သက်သက်မျှ ဖြစ်၍ အဓိကအကြောင်းမဟုတ်ပါ။ တားဆီး၍မရနိုင်သော သဘာဝကို တားဆီးလိုသော အာသဝများသာ အဓိက အကြောင်း ဖြစ်ပါသည်။

သိရုံနှင့် မပြီးနိုင်

ဤအကြောင်းများကို ပုဗ္ဗာရုံကျောင်းအမကြီးကောင်းကောင်း သိပြီးဖြစ်ပါသည်။ အလို အာသဝတွေကြောင့် ဒုက္ခရောက်ရ ပုံသာမက အလိုအာသဝတွေ မစွက်ဖက်သဖြင့် ငြိမ်သက်သော သုခကိုလည်း သူကိုယ်တိုင် မျက်မှောက်ပြုခဲ့ဘူးပြီ ဖြစ်ပါ၏။ တကြိမ်တခါ မျက်မှောက်ပြုပြီးသည်နောက် ဘာဝနာအား ကောင်းကောင်းနှင့် ဆက်ကာဆက်ကာ ပွားများပါ လျှင် ဤဒုက္ခများမှ ရာနှုန်းပြည့်လွတ်မြောက်မည်ဖြစ်၏။ သို့ပါလျက် သူက ဘာဝနာအမှုကို လျစ်လျူရှုခဲ့၏။ ဘာဝနာအမှု ပြုမည့် အစား လူရေး,တန်းရေးများသာ လုံ့လစိုက်ခဲ့၏။ထို့ကြောင့် သူသိထားသောတရားကြီးက သူ့ကိုမကယ်နိုင်တော့ပဲ သောက ပရိဒေဝတို့ နှိပ်စက်တိုင်းခံနေရခြင်း ဖြစ်ပေသည်။

ရင်ထဲကအပူဒဏ်ကို ခံနိုင်ရည်ရှိလေမည်လောဟု ကျောင်း အမကြီးတကိုယ်လုံးမှာ ရေလောင်း၍ ပေးကြရ၏။ ဆံပင် များရော အဝတ်များပါ ရွှဲရွှဲစို၍နေကြ၏။ ဤသို့သော ပူပုံ ပန်းဖြင့် ချစ်လှသောမြေးမကလေးကို သုသာန်ထိလိုက်ပို့ခဲ့ရ၏။ သုသာန်ကပြန်လာလျှင်ကား သူ့အိမ်သို့ မလိုက်သေးပေ။ အိမ်ရောက်၍ မြေးမကလေး၏ ခြေရာ လက်ရာကလေးများ မြင်လိုက်ရလျှင် သူ ဆောက်တည်နိုင်တော့မည် မဟုတ်ပေ။ သူ့ဒုက္ခကိုကယ်တင်နိုင်သည်မှာ ဘုရားရှင်သာ ရှိတော့သည်။ တောက်လျှောက် မေ့လျော့လာသည့်ကြားမှ ယခုလိုသတိရလာ သည်မှာ သူ့အတွက် ကံကောင်း ထောက်မ,ခြင်းသာ ဖြစ်၏။

ကျောင်းအမကြီး ကံကောင်းသဖြင့် သောတာပန်ဖြစ်ကြောင်း တရားကောင်းတပုဒ် ရလိုက်သဖြင့် ကျွန်ုပ်တို့ တတွေလည်း ကံကောင်းသူများ ဖြစ်ကြပါသည်။

အချစ်များလေ ဒုက္ခများလေ

"ဝိသာခါ၊ ခေါင်းရော ကိုယ်ပါ ရေစွတ်စိုလျက် အဘယ့်ကြောင့် ရောက်လာရပါသနည်း"

ရှေ့တော်မှောက်ရောက်လာသည်နှင့် ဘုရားရှင်ကမေးတော်မူလိုက်ရ၏။ အကြောင်းမှန်သိပြီး ဖြစ်သော်လည်း စကားစထွက်ရန် လမ်းခင်းပေးရခြင်းဖြစ်ပေသည်။ ဘုရားရှင်ခင်းပေးသော လမ်းပေါ်သို့ ကျောင်းအမကြီးက မျက်ရည်စက်လက်နှင့် လျှောက်လာခဲ့သဖြင့်—

"ဝိသာခါ၊ သင့်မှာ သား ၁၀-ယောက် သမီး ၁၀-ယောက်ရှိပြီးဖြစ်၏။ မြေးတွေကလည်းများလှစွာ၏။အကယ်၍ သာဝတ္ထိမြို့တော်ရှိ လူဦးရေနှင့်အမျှ သားတွေ့,မြေးတွေ ရဦးမည် ဆိုလျှင်ကော သင်လိုချင်ပါဦးမည်လော"

မေ့လျော့ထားသော တရားများ ပြန် ပေါ်လာ စေရန် ဘုရားရှင်က မေးခွန်းထုတ်တော်မူလိုက်ရ၏။ ဤမေးခွန်းကို သားသမီးတွေတလျှောက်ကြီးဖြင့် သိုက်သိုက်ဝန်းဝန်း နေလာခဲ့သော ကျောင်းအမကြီးက 'လိုချင် ပါသေးသည်ဘုရား' ဟု လျှောက်၏။

"ဝိသာခါ၊ ဤသို့ဆိုလျှင် တဆင့်မေးပါဦးမည်။ သာဝတ္ထိမြို့တော်ကြီးမှာ ဟရက်တရက်တွင် လူမည်မျှလောက် သေဆုံးကြပါသနည်း"

"တရက်တရက်သေဆုံးသူများမှာ တခါဘရံ ၁၀·ယောက်တိဘိပင် ရှိပါသည်။ ထို့ထက်နည်းသောရက်များလည်း ရှိပါသည်။ သာဝတ္ထိမြို့တော်ကြီးဝယ် လူမသေသော နေ့ရက်ဟူ၍ကား မရှိပါဘုရား'

"ကောင်းပြီ ဝိသာခါ၊သတိထား၍ဖြေပါဘိ။ ဤသို့သာဆိုလျှင် ဘင့်အတွက်ဆံပင်ရေမစိုရသောရက်၊ အဝတ် ရေမစိုရသော ရက်ဟူ၍ရှိပါဦးမည်လော"

"မရှိနိုင်တော့ပါဘုရား။ ထိုမျှလောက်များလှသော သားသမီးတွေ၊ မြေးတွေကို မလိုချင်တော့ပါဘုရား"

"ဟုတ်ပေသည် ဝိသာခါ၊ချစ်ရ,ခင်ရမည့်သူများသလောက် ဒုက္ခများစွာ ရောက်ကြရပေသည်။ ချစ်ခင်တွယ်တာမှု လုံးဝမရှိ၊ ပကတိလွတ်လပ်သူများကား ဤမျက်မှောက် ကာလမှာပင် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်လပ်ပြီး ဖြစ်ကြ၏။ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းမရှိ၊ ချမ်းသာခြင်းအဘိ ပြီးသူများဟူ၍ ငါဘုရား ဟောကြားတော်မူ၏"

"သဘောပေါက်ပါပြီ အရှင်ဘုရား"

ဟိုယခင်က မျက်မှောက်ပြုထားခဲ့သော လွတ်မြောက်ရာ တရားကြီး သူပြန်၍ သတိရလာပေပြီ။ ကျောင်းအမကြီး

ဝိသာခါ သတိရ၍ ချမ်းသာသကဲ့သို့ ကျွန်ုပ်၏ ပရိသတ်များလည်း ချမ်းသာကြစေချင်ပါ၏။

[ဥဒါန်းပါဠိတော်၊ ပါဠိလိဂါမိယဝဂ်၊ ဝိသာခါသုတ်]

မိဘတို့၏ ဝတ္တရား

ပူဆွေးရသော ဘေးဒုက္ခများမှ လွတ်မြောက်ရေးအတွက် ပယ်စွန့်ရမည့်တရားကို ကျောင်းအမကြီး သဘောပေါက်သွားခဲ့၏။ ဤသို့ သဘောပေါက်သွားသဖြင့် မွေးဖွားထားသော သားသမီးများကို တော်ရာ လျော်ရာ သွား၍ စွန့်ပစ်တော့မည်ဟု မထင်မှတ်ကြစေချင်ပါ။ သားသမီးကြောင့်၊မြေးများကြောင့် ပူရ, ဆွေးရသည်ဟု ပြောကြသော်လည်း သားသမီးများ၊ မြေးများက အဓိက အကြောင်းရင်း မဟုတ်ပါ။ သူတို့ချည်း သက်သက် ဆိုလျှင် ပူအောင်, ဆွေးအောင် မည်သူမျှ မလုပ်တတ်ကြပါ။ သူတို့အပေါ်မှာ တွယ်တာကပ်ငြိသော တဏှာပေမကြောင့်သာ ပူဆွေးဒုက္ခ ရောက်ကြရပေသည်။

ထို့ကြောင့် ကျောင်းအမကြီးသည် ပယ်သင့်, ပယ်ထိုက်သော တဏှာပေမကို တတ်နိုင်သမျှ ပယ်စွန့်၍၊ မပယ်သင့်သော သားသမီးများ၊မြေးများကိုကား ရင်အုပ်မကွာ ပြုစုကျွေးမွေးရ၏။ ဝတ်စားဆင်ယင်၍ သန့်သင်ဆုံးမရ၏။ မိဘဝတ္တရားနှင့် ညီစွာ စောင့်ရှောက်ထားသဖြင့် ပေါက်ဖွားပြီးသော သားသမီးများ၊ မြေးများလည်း ကိုယ်ရော စိတ်ပါ

ကျန်းမာကြ၏။ အသစ်စက်စက် မွေးဖွားလာသော မြေးများ လည်း ရောဂါကင်းကင်းနှင့် ကြီးပြင်းလာကြ၏။ ကျန်းမာ သန့်ရှင်း ရောဂါကင်းသော သားသမီးများ၊ မြေးများသည် သူတို့ ဖွားအေကြီး၏ ဂုဏ်ကျက်သရေကို ဆောင်ပေးကြ၏။ ကျန်းမာသန့်ရှင်း ရောဂါကင်းသော သားသမီး၊ မြေးများ ကြောင့် ကျောင်းအမကြီးကို မြင်သူတိုင်းက အားကျကြ၏။ ပွဲလမ်းသဘင်၊မင်္ဂလာ အခမ်းအနားများ ရှိလေတိုင်း ကျောင်း အမကြီးကို ဦးဦးဖျားဖျား ဖိတ်ကြား၍ ကျွေးမွေးကြရ၏။ မင်္ဂလာအပေါ်မှာ မင်္ဂလာဆင့်ရန်လည်း ဖြစ်၏။ သူတို့၏ သား သမီး များလည်း ကျောင်းအမကြီး၏ ကလေးများ ကဲ့သို့ ကျန်းမာ သန့်ရှင်း ရောဂါကင်းပါစေဟု ဆုတောင်းပတ္ထနာ ပြုကြရန်လည်း ဖြစ်ပေသည်။

မင်္ဂလာအိမ်ထဲက အမင်္ဂလာ

သူများတွေအတွက် ကျက်သရေမင်္ဂလာ ဆောင်ပေးနေရသော ကျောင်းအမကြီးသည် မင်္ဂလာပွဲတခုတွင်ကား စိတ်မချမ်းသာ စရာနှင့် တွေ့ရ၏။ စိတ်မချမ်းသာစရာမှာ အိမ့်ရှင်များအတွက် တော့ မဟုတ်ပါ။ သူတို့အိမ်သို့ရောက်နေသော အရှင်ဥဒါယီ အတွက်သာ ဖြစ်ပါသည်။

ဥဒါယီ ဆိုရာတွင် ဤလို နေရာမျိုး၌ အရှင် လာဠုဒါယီ သာ ဖြစ်ကြောင်း သဘောပေါက်ကြစေလိုပါသည်။ လျှပ်ပေါ်

လော်လီသော အရှင်ဥဒါယီသည် ယခု မင်္ဂလာပွဲရမည့်အမျိုး သမီးနှင့် မိဘ အိမ်မှာကား တည်းက ရင်းနှီး ကျွမ်းဝင်ထားဟန် တူပေါသည်။ မိဘအိမ်မှ လင်ယောကျ်ားအိမ်သို့ ရောက်နေရာသို့ လည်း ဆိုက်ဆိုက် မြိုက်မြိုက် လိုက်လာခဲ့ပေသည်။

မိန်းကလေးမိဘများ နည်းတူပင် ဤအိမ်ကလည်း အရှင် ဥဒါယီ၏ ဆွမ်းတကာများဖြင်၏။ ဆွမ်းတကာဖြစ်၍ ရဟန်း တပါး ဆွမ်းခံလာသည်ကို အပြစ်ဆိုရန် မရှိပါ။ သို့သော် အရှင်ဥဒါယီကတော့ တော်တော့်ကို လွန်လွန်းလှ၏။ သူများ နည်းတူ အိမ်ရှေ့ဥပစာမှသာ ဆွမ်းမရပ်ပဲ အိမ်ထဲထိ ဝင်လာ ခဲ့၏။ အိမ်ထဲရောက်ပြန်တော့လည်း အများတကာ မြင်သာ ထင်သာသော နေရာမှာ မထိုင်ပေ။ မင်္ဂလာ သတို့သမီး၏ အနားကိုမှ သွား၍ထိုင်ခဲ့၏။ နောက်ပြီး သူတို့နေရာကလည်း မျက်စိကွယ်ရာ၊နားကွယ်ရာ ဖြစ်နေ၏။ ပြုလိုသောအမှုကို ပြု၍ ရနိုင်သော နေရာမျိုး ဖြစ်၏။

ကျောင်းအမကြီး၏ စေတနာ

မသင့်လျော်သည်ကို မြင်လျှင် ပြုပြင်ပေးနေကျဖြစ်၍ ကျောင်း အမကြီးက အရှင်ဥဒါယီကို လျှောက်ထားပါ၏။

"အရှင်ဘုရား၊ဤအပြုအမူသည်မသင့်လျော်ပါ။မလျောက် ပတ်ပါ။ အရှင်ဘုရားသည် မေထုန်အမှုကိုကား လိုလားမည် မဟုတ်ပါ။ သို့သော် မကြည်ညိုသေးသူတို့ကို ယုံကြည်စေရန် ခဲယဥ်းလှပါသည် ဘုရား"

ကောင်းစေလိုသောသဘောဖြင့် လျှောက်ထားသော်လည်း အရှင်ဥဒါယီကတော့ လိုက်နာခြင်း မရှိပါ။ နောက်တကြိမ် သူတို့အိမ် ရောက်ရပြန်တော့လည်း ကျောင်းအမကြီးနှင့် ပက်ပင်းပါ တွေ့ရပြန်၏။ သည်တခါတော့ မတော်မလျော်ပြုနိုင်သော နေရာမျိုး မဟုတ်ပါ။ သို့သော် သူတကာတွေ အထင်လွဲနိုင်သော နေရာမျိုးကား ဖြစ်နေ၏။ ကျောင်းအမကြီး လျှောက်ထားရာတွင် ယခင်နည်းအတိုင်း ပေတိပေကတ် လုပ်နေပြန်၏။ ထို့ကြောင့် ကျောင်းအမကြီးက ရဟန်းများထံ လျှောက်ရ၏။ ရဟန်းများက တဆင့် ရွှေနားတော်ကြား လျှောက်ထားကြသဖြင့် အနိယတ သိက္ခာပုဒ်နှစ်ပါးကို ဘုရားရှင် ပညတ်တော်မူရပေသည်။

သာသနာ့ မိခင်ကြီး

'အနိယတ သိက္ခာပုဒ်' ဟူသည်မှာ အထင်မှားလောက်သော နေရာတွင် အမျိုးသမီးတို့နှင့် အတူရှိနေသော ရဟန်းအား ကျောင်းအမကြီးကဲ့သို့ အရိယာတကာမကြီးမြင်၍ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်အာပတ် တို့တွင် တမျိုးမျိုးဖြင့် စွပ်စွဲပြောဆိုသော အခါ ပြောဆိုသည့် အတိုင်း ရဟန်းကလည်း ဝန်ခံလျှင် ဝန်ခံသောအာပတ်ဖြင့် ဆုံးဖြတ်ရသော သိက္ခာပုဒ်ဖြစ်၏။ မည်သည့်အာပတ်ဟူ၍ အတိအကျ သတ်မှတ်ထား၍ မရသဖြင့် 'အနိယတ သိက္ခာပုဒ်'ဟု ခေါ်ရပေသည်။

ဤသို့အားဖြင့် ကျောင်းအမကြီးသည် သာသနာတော်ကို ပြုစုကျေးမွေးရုံ မဟုတ်။ ကျရောက်လာသည့် အန္တရာယ်များကိုလည်း ကျွမ်းကျင်လိမ္မာစွာ ကာကွယ်ပေးခဲ့သဖြင့် သာသနာ့ မိခင်ကြီး ဟု ကျွန်ုပ်တို့က ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်း ဖြစ်ပေသည်။

[ပါရာဇိက ကဏ္ဍပါဠိတော်၊ အနိယတသိက္ခာပုဒ်များ]

လူဝတ်ကြောင် ဓမ္မကထိကဟာ

ဓမ္မကထိက တေဒဂ်ဆုရ

ကောသလတိုင်း သာဝတ္ထိမြို့တော်တွင် သာသနာတော်ကို ပြုစုစောင့်ရှောက်သော ကျောင်းအမကြီးရှိနေသကဲ့သို့၊ မဂဓတိုင်း မစ္ဆိကာသဏ္ဍာရွာကြီးမှာလည်း ရှိခဲ့၏။ သူသည်လည်း ကျောင်းတကာကြီး တယောက်သာ ဖြစ်၏။ သူကား စိတ္တသူကြွယ်ပါတည်း။

ကျောင်းထိုင် ပုဂ္ဂိုလ် အရှင်သုဓမ္မနှင့် ကျောင်းတကာ စိတ္တသူကြွယ်တို့အကြား ဖြစ်ပွားခဲ့သောအမှုတွင် စိတ္တသူကြွယ် အကြောင်း တစွန်းတစ တင်ပြခဲ့ပါပြီ။ ယခု အကြောင်းဆိုက်

လာသည့်အခိုက် သူ့အကြောင်းကို တော်တော် စုံအောင် တင်ပြရပါဦးမည်။

စိတ္တသူကြွယ်သည် အရှင်မဟာနာမ်ကျေးဇူးဖြင့် အနာဂါမ် အဆင့် ရောက်ပြီးသူ ဖြစ်၏။ မိမိကိုယ်တိုင် ရဟန်းဘောင်သို့ မတက်လှမ်းနိုင်သော်လည်း သာသနာ့ဝန်ထမ်း ရဟန်းများကို ရိုသေစွာ ဆည်းကပ်၏။ ရွာနှင့် မနီးမဝေးရှိ အမ္ဘာဋက တော အုပ်တွင် ကျောင်းဆောက်၍ လှူထား၏။ ကျောင်းနေရဟန်း များအတွက် ပစ္စည်းလေးပါး ထောက်ပံ့ရုံမက သူကိုယ်တိုင် ကလည်း ဓမ္မကထိက တယောက်အဖြစ်ဖြင့် တဘက်တလမ်းက သာသနာပြုနေပေသည်။

ကျောင်းတကာ စိတ္တ သူကြွယ်သည် အရှင် မဟာနာမ်၏ ကျေးဇူးဖြင့် အနာဂါမ်အဆင့်အထိ ခရီးပေါက်ပြီးသူ ဖြစ်၏။ ဆရာကောင်းများထံ နည်းခံ မှတ်သားထားသဖြင့် ဒေသနာ ဗဟုသုတ ကြွယ်ဝ၏။ မိမိသိထားသမျှကိုလည်း တဘက်သား နားရှင်းသွားအောင် ပြောတတ် ဟောတတ်၏။

အဟော အပြော ကောင်းသော ဓမ္မကထိကကြီးသည် သူ ရောက်လေရာ အရပ်များသို့ သာသနာ့ မျိုးစေ့များ ချပေး ခဲ့၏။ မျိုးစေ့များမှ အညွန့် အညှောက် ပေါက်လာစေရန် ဆက်ကာ ဆက်ကာ ဟောကြား၏။ ပေါက်ဖွား လာသော အပင်ကလေးများကိုလည်း ရှင်သန်ကြီးထွားလာစေရန် တရား ဒေသနာ ရေစင်ရေကောင်းများ သွန်းလောင်း ပေးပေသည်။ ဤသို့သော ကျေးဇူးများကြောင့် ဘုရားရှင်က ဓမ္မကထိက အရာတွင် ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူရပေသည်။

သံယောဇဉ်နှင့် သံယောဇနိယ

ကျောင်းတကာ ဓမ္မကထိကကြီးသည် ရွာထဲ ရပ်ထဲမှာသာ တရားဟောသည် မဟုတ်ပါ။ အကြောင်း တိုက်ဆိုင်လာလျှင် ရဟန်းများကိုလည်း တရားဟောတတ် ပါသေး၏။ တရားဟောရန် အကြောင်း ဖန်လာပုံမှာ ဤသို့ ဖြစ်၏၊ စိတ္တ သူကြွယ်၏ လယ်မြေများသည် အမ္ဗာဋက တောအုပ်၏ ဟိုမှာဘက်တွင် တမျှော် တခေါ်ကြီး ရှိနေကြ၏။ ထိုလယ်များမှ လုပ်သားများသည် အမ္ဗာဋက တောအုပ်အနီးတွင် မိဂပထက ဟူသော အမည်ဖြင့် ရွာတည် နေကြ၏။ စိတ္တ သူကြွယ်သည် တခုသော နေ့လယ်ခင်း၌ ထိုရွာသို့ သွားရာတွင် အမ္ဗာဋက တောကျောင်းသို့ ဝင်ဖြစ်ခဲ့၏။ ထို အချိန်တွင် ကျောင်းနေ ရဟန်းများ တရားဆွေးနွေးလျက် ရှိကြပေသည်။

သူတို့ ဆွေးနွေးနေကြသည်မှာ သံယောဇဉ်နှင့် သံယောဇနိယ တရားနှစ်ပါး ဖြစ်၏။ နှောင်ဖွဲ့ တတ်သော တရားနှင့် နှောင်ဖွဲ့အပ်သော တရားဟု အဓိပ္ပာယ် ရ၏။ ဤတရားနှစ်ပါးကို တချို့ပုဂ္ဂိုလ်များက သဒ္ဒါလည်း ကွဲပြား၍ အနက်လည်း ကွဲပြားသည်ဟု ဆိုကြ၏။ တချို့ပုဂ္ဂိုလ်များကတော့ ဤတရားနှစ်ပါးသည် သဒ္ဒါသာ ကွဲပြား၍ အနက်အဓိပ္ပာယ် မကွဲပြားဟု ဆိုကြ၏။ နှစ်ဘက် ပုဂ္ဂိုလ်များတွင် မည်သည့် ဘက်က မျှ မလွှမ်းမိုးနိုင်ပဲ တဝဲလည်လည်ဖြစ်နေကြ၏။ ထိုငြင်း ခိုက်မှာပင် သူတို့ ကျောင်းတကာ ရောက်လာသည် ဟူပါ၏။

နွားဖြူနှင့် နွားမည်း

ရဟန်းများကြားမှာ လိပ်ခဲတည်းလည်း ဖြစ်နေသော ပြဿနာကို စိတ္တသူကြွယ်က ဥပမာဆောင်ကာ ရှင်းပြရပေသည်။

"အရှင်ဘုရားတို့၊ ဥပမာအားဖြင့် နွားဖြူ တကောင်နှင့် နွားမည်း တကောင်ကို ကြိုးနှင့် ချည်ထားသည် ဆိုကြပါစို့။ ဤတွင် တစုံတယောက်သော သူက နွားဖြူသည် နွားမည်း အတွက် အနှောင်အဖွဲ့ ဖြစ်၏ ဟူ၍လည်းကောင်း၊ နွားမည်းသည် နွားဖြူအတွက် အနှောင်အဖွဲ့ဖြစ်၏ ဟူ၍လည်းကောင်း ပြောဆိုငြားအံ့။ ထိုစကားကို မှန်သည် ဟူ၍ အရှင်ဘုရားတို့ လက်ခံနိုင်ပါမည်လော"

"လက်မခံနိုင်ပါကျောင်းတကာ၊ နွားဖြူသည် နွားမည်း အတွက်အနှောင်အဖွဲ့မဟုတ်ပါ။ နွားမည်းသည်လည်း နွားဖြူ အတွက် အနှောင်အဖွဲ့ မဟုတ်ပါ"

"အရှင်ဘုရား၊ ဤဥပမာအားဖြင့် ဤသို့ သဘောပေါက်ကြရန် ဖြစ်ပါသည်။ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန, ဟူသော အခံဓာတ် ခြောက်ပါးတို့ ရှိကြပါသည်။ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ, ဟူ၍ အတိုက်ဓာတ်ခြောက်ပါး တို့ ရှိကြပါသည်။ ဤဓာတ် ၁၂ ပါးတို့တွင် အခံဓာတ်များ သည် အတိုက်ဓာတ်များ အတွက် အနှောင် အဖွဲ့ မဟုတ်ပါ။ အတိုက်ဓာတ်များသည်လည်း အခံဓာတ်များအတွက် အနှောင် အဖွဲ့ မဟုတ်ပါ။ ထိုအခံဓာတ် အတိုက်ဓာတ်တို့ ဆုံဆည်းကြ ခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သာယာတပ်မက်

ခြင်းသည်သာ အနှောင်အဖွဲ့ဖြစ်၍ သံယောဇဉ် မည်ပါသည်။ အတိုက်ခေတ် အခံခေတ် ၁၂ ပါးတို့ကား နှောင်ဖွဲ့တတ်သော တပ်မက်မှုများ၏ ကျက်စားရာ အာရုံဖြစ်၍ သံယောဇနိယသာ မည်ကြပါသည်ဘုရား”

“ကျောင်းတကာ၊ သင်သည် နက်နဲလှစွာသော ဘုရား တရားတော်များ၌ ဉာဏ်သက်ဝင်နိုင်စွမ်း ရှိပါတိ။ ကျောင်း တကာ၊ သင့်မှာ လူဖြစ်ကျိုး နပ်လေစွ တကား။ သာသနာ တော်ကြီးနှင့် တွေ့ရကျိုး နပ်လေစွတကား”

မိမိတို့ မဖြေရှင်း နိုင်သော ပြဿနာကို ကျောင်းတကာ ကြီးက အရိယာဉာဏ်ဖြင့် ဝေဖန်ရှင်းလင်းပေးသဖြင့် ရဟန်း များက သာဓု ခေါ်ကြပါ၏။

[သဠာယတနဝဂ်၊ စိတ္တသံယုတ်၊ သံယောဇနသုတ်ပါဠိတော်နှင့် အဋ္ဌကထာ]

အခက်ကြုံမည့် ဆွမ်းကျွေးပွဲ

အမ္ဗာဋက တောကျောင်းနေ ရဟန်းများမှာ သဒ္ဓါထက်သန် သော ကျောင်းတကာကြီးကြောင့် ပစ္စည်းလေးပါး ပေါများ ကြပါ၏။ ပညာဉာဏ် ထက်သန်သော ဓမ္မတာထိကကြီးကြောင့် တရားရေးရာအထောက်အကူရကြပါ၏။ ဤသို့ အဘက်ဘက်က အားကိုးရသော ကျောင်းတကာကြီးကြောင့်ပင် တခါတခါ မှာတော့ ကျောင်းနေပုဂ္ဂိုလ်များ အခက်ကြုံကြရရှာ၏။

သူတပါးကိုဟောရန် ပြောရန် ဝန်မလေးသောခမ္မကထိက ကြီးသည် သူသိလိုရာ ရှိလာလျှင်လည်း အမေးအမြန်းက ထူ လှ၏။ တနေရာရာမှာ မရှင်းမလင်းရှိနေလျှင် အားမနာ ပါး မနာ စိစစ်တတ်၏။ မေးကြ၊ မြန်းကြစို့ ဆိုတော့လည်း နေရာ ဌာနမရွေးတတ်ပေ။ အချိန်ရွေးဆိုင်းလေ့ မရှိပေ။ သိလိုသော အချက်အလက်တခု စိတ်ထဲမှာပေါ်လာလျှင် ပေါ်လာသော နေရာမှာပင် မေးလိုက်တော့၏။

ထိုနေ့က ဆွမ်းကျွေးပွဲမှာ လစဉ် လတိုင်း ကျွေးနေကျ ရက်မှာ အိမ်သို့ပင့်ဖိတ်၍ ကျွေးခြင်းဖြစ်၏။ တောကျောင်းနေ ရဟန်းများမှာလည်း အခါတိုင်းလိုပင် ကြောင့်ကြမဲ့စွာ ကြွ လာကြ၏။ ကျောင်းတကာကြီးက တခုခုမေးလျှင် အသင့် ဖြေ ချအောင် ဟူ၍ တမင်တကာ လေ့လာထားခြင်း မရှိပေ။ စိတ် လွတ် ကိုယ်လွတ် ကြွလာသောရဟန်းများကိုမှ အမေးပုစ္ဆာက စောင့်ကြို၍နေပေသည်။

ကိုယ်တိုင်သိလျက် အဖြေခက်

ယခင်က ဤ တောကျောင်းတွင် အရှင် သုဓမ္မ ကျောင်းထိုင် ခဲ့၏။ ကျောင်းတကာကြီးနှင့် အချင်းများရာတွင် ဘုရားရှင် ကိုယ်တော်တိုင်က ကျောင်း တကာကြီး ဘက်က ရှိနေသဖြင့် သူ့ခမျာ အရှက်ကြီးစွာရခဲ့၏။ ရှက်ရာမှ သတိသံဝေဂ ရကာ တရားကျင့်သုံးသဖြင့် ရဟန်းကိစ္စပြီးသွားပေပြီ။ ဤကျောင်းမှာ နေယင်းကပင် ရောဂါဒဏ်ကြောင့် စောစောစီးစီး ပရိနိဗ္ဗာန်

ပြုသွားရပေပြီ။ ယခု သူ့နေရာမှာ နေရသော ကျောင်းထိုင်ပုဂ္ဂိုလ်မှာ အရှင်သုဓမ္မတုန်းကလိုမဟုတ်ပဲ ခပ်အေးအေး နေတတ်သူ ဖြစ်ပေသည်။

ကြွလာသော ရဟန်းများကို နေရာချပေးပြီးနောက် ဓမ္မကထိက ကျောင်းတကာကြီးသည် ကျောင်းထိုင်မထေရ်ကြီးထံ ရှိသေစွာ ချဉ်းကပ်ဝတ်ပြုပြီးလျှင် ဤသို့ မေးလျှောက်၏။

"အရှင်ဘုရား၊ လောကကြီး မြဲသည့်မမြဲသည် ဟူ၍လည်းကောင်း၊ လောကကြီး အဆုံး ရှိသည့်မရှိသည် ဟူ၍လည်းကောင်း၊ ဇီဝနှင့် ခန္ဓာကိုယ် အတူတူ ဟုတ်မဟုတ်ဟူ၍လည်းကောင်း၊သတ္တဝါတဦးဦး သေဆုံးပြီး နောက်ဘဝ ဆက်သည် မဆက်သည် ဟူ၍လည်းကောင်း ဒိဋ္ဌိ အယူအစွဲတွေ မျိုးစုံစွာ ရှိနေကြပါသည်။ ဗြဟ္မဇာလသုတ်မှာ ဘုရားရှင် ဟောကြားတော်မူခဲ့သော ၆၂ ပါးသော ဒိဋ္ဌိအယူအစွဲတို့ ရှိကြပါသည်။ ဤသို့သော ဒိဋ္ဌိအယူအစွဲများသည် အဘယ့်ကြောင့် ဖြစ်ပေါ်လာရသည်ကို မိန့်ကြားတော်မူပါအရှင်ဘုရား"

ဆွမ်းစား လာကာမှ ပြဿနာနှင့် တိုး နေ ကြ ရချေပြီ။ ကျောင်းထိုင်မထေရ်ကြီးသည် ဤ ပုစ္ဆာများ၏ အဖြေကို သိပါ၏။သို့သော် သူ့ခမျာ အာစ လျှာစ မရှိရှာပါ။ သူ့ စိတ်ထဲမှာ သိထားသည်ကို တဘက်သား နားရှင်းအောင် မပြောတတ်ပါ။အထူးသဖြင့် ကျောင်းတကာကြီးကဲ့သို့ ကျော်ကြားသော ဓမ္မကထိကကြီးကျေနပ်သွားလောက်အောင် သူ ဖြေနိုင်စွမ်းမရှိပါ။ ထို့ကြောင့် သူ့ခမျာ ပရိသတ်အလယ်မှာ နှုတ်ဆိတ်၍ နေရပေသည်။

ဖြေနိုင်သူ ပေါ်လာပြီ

ရဟန်းတို့ ဝိနည်းတော်အရ ဤလို ကိစ္စများ ပေါ်လာလျှင် သိက္ခာအကြီးဆုံး မထေရ်ကြီးက ဖြေဆိုရမည်ဖြစ်၏။ မထေရ်ကြီးက မဖြေနိုင်သော်လည်းကောင်း၊ မ ဖြေ လို သော် လည်းကောင်း သီတင်းငယ်များထံ လွှဲအပ်ရ၏။ ယခု မထေရ်ကြီးမှာ ဖြေလည်း မဖြေ၊ လွှဲလည်း မလွှဲသဖြင့် လိပ်ခဲတည်းလည်း ဖြစ်နေရပေသည်။ ကျောင်းတကာကြီးကလည်း အလျှော့မပေးပဲ နှစ်ကြိမ်က သုံးကြိမ်ထိ ဆင့်၍ မေးနေပေသည်။

ဤအခြေအနေကို ကျောင်းနေ ပုဂ္ဂိုလ်များက ခေါင်းငုံ့ခံနေကြသော်လည်း အာဂန္တု ကိုယ်တော်လေးက ခေါင်းမော့လာပေသည်။ သို့သော် သူ့မှာ ဤအထဲတွင် သိက္ခာအငယ်ဆုံး ဖြစ်နေ၍ ပြဿနာကို ဖြေလိုပါကြောင်း ခွင့်ပန်ရသေး၏။ မထေရ်ကြီးက ခွင့်ပြုခါမှ သူ့နေရာသို့ ပြန်ထိုင်လျက် ကျောင်းတကာကြီးအား သူ့ရှေ့သို့ခေါ်ယူလိုက်တာ —

"တကာကြီး၊ ရှိရှိသမျှသော ဒိဋ္ဌိအယူအစွဲတို့သည် သက္ကာယဒိဋ္ဌိကြောင့်သာ ဖြစ်ပေါ်လာကြရ၏။ သက္ကာယဒိဋ္ဌိ မရှိသော် ထိုဒိဋ္ဌိတို့လည်း လုံးဝမရှိနိုင်ကုန်"

အာဂန္တုကိုယ်တော်ကလေးကြောင့် ပထမတရစ် ပြေလည်သွားပေပြီ။ သက္ကာယဒိဋ္ဌိဟူသည်မှာ သက္ကာယဟူသော ပုဒ်နှင့် ဒိဋ္ဌိဟူသောပုဒ်တို့ကို တွဲစပ်ထားခြင်းဖြစ်၏။ သက္ကာယဟူသည်မှာ ထင်ရှားရှိသော ခန္ဓာငါးပါးဖြစ်၏။ ထို ခန္ဓာငါးပါးကို ငါ ဟူ၍လည်းကောင်း၊ ငါ့ဟာ ဟူ၍လည်းကောင်း ယူစွဲတတ်

သော ဒိဋ္ဌိကို သက္ကာယဒိဋ္ဌိဟု ခေါ်ရပေသည်။ ရှိရှိသမျှ ဒိဋ္ဌိ အယူအစွဲများသည် ဤသက္ကာယဒိဋ္ဌိအပေါ်မှာချည့် အခြေခံနေကြသဖြင့် ဤဖြေဆိုချက်ကို ကျောင်းတကာကြီးက ကျေနပ်သွား၏။ သို့သော် သူ့မေးခွန်းများက မကုန်သေးပါ။

သက္ကာယဒိဋ္ဌိ ဖြစ်ပုံ လွတ်ပုံ

"အရှင်ဘုရား၊ သက္ကာယဒိဋ္ဌိဖြစ်ပေါ်လာရပုံကို အမိန့်ရှိပါဦးဘုရား"

"တကာကြီး၊ ဤလောက၌ အရိယာ သူတော်ကောင်းများကို မဆည်းကပ်ရ၊ အရိယာ သူတော်ကောင်းများ၏ တရားကို မနာကြားရသူများသည် ငါ မဟုတ်သော ခန္ဓာငါးပါးကို ငါဟူ၍လည်းကောင်း၊ မရှိသော ငါကိုပင် ခန္ဓာငါးပါးဟူ၍ လည်းကောင်း၊ ငါ့မှာခန္ဓာငါးပါး ရှိသည်ဟူ၍ လည်းကောင်း၊ ခန္ဓာငါးပါးမှာ ငါရှိသည်ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ တွေးတောတတ်ကြ၏။ ဤသို့တွေးတောရာမှ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာပေသည်"

"သက္ကာယဒိဋ္ဌိဖြစ်ပုံကို ကျေနပ်ပါပြီဘုရား။ သက္ကာယဒိဋ္ဌိကင်းလွတ်ပုံကိုလည်း ဆက်လက်၍ မိန့်ကြားပါဦးဘုရား"

"တကာကြီး၊ ဤလောက၌ အရိယာ သူတော်ကောင်းများကို ဆည်းကပ်ရ၍ အရိယာ သူတော်ကောင်း များ၏ တရားကို နာခွင့်ရသော သူများသည် ငါမဟုတ်သော ခန္ဓာငါးပါးတရားကို ငါနှင့် စပ်၍ ဟိုဟို သည်သည် မတွေးတော

ကြကုန်။ ဤသို့အခွေးလွတ်လွတ်နေတတ်ကြသဖြင့် သက္ကာယ
ဒိဋ္ဌိ လွတ်ကင်းနိုင်ပေသည်။”

မိတ်ဆွေချင်းဆုံမိပြီ

ပြဿနာဟူသမျှ ပြေလည်သွားပေပြီ။ ဤတွင်မှ ခေါင်းငုံ့နေ
ကြရသော ရဟန်းများ ပြုံးရွှင်နိုင် ဖြစ်လာကြရတော့သည်။
သို့သော် ကျောင်းတကာကြီးမှာ မေးခွန်းများက မကုန်သေး
ပါ။ တရားရေးဘက်က ပြေလည် သွားသော်လည်း ပုဂ္ဂိုလ်
ရေးက ကျန်နေပါသေးသည်။ သို့ဖြစ်၍—

“အရှင်ဘုရားကို ယခုမှ ဖူးရပါသဖြင့် ဘွဲ့မည်ကို သိလိုပါ
သည် ဘုရား”

“ဣသိဒတ္တ ဟု ခေါ်သည် တကာကြီး”

“အရှင်ဘုရား ဘယ်တိုင်းက ကြွလာပါသလဲဘုရား”

“အဝန္တိတိုင်းက ကြွလာသည် တကာကြီး”

“ဤသို့ဆိုလျှင် တပည့်တော် လျှောက်ထား ပါရစေဦး
ဘုရား။ အဝန္တိတိုင်းတွင် တပည့်တော် မိတ်ဆွေ တဦး ရှိပါ
သည်။ သူ့နာမည် မှာလည်း ဣသိဒတ္တ ဟူ၍ ဖြစ်ပါသည်။
အချင်းချင်း စာနှင့် ဆက်သွယ်၍သာ ချစ်ခင်ရင်းနှီး ခဲ့ကြရ
ပါသည်။ လူချင်းကား မတွေ့ရဘူးပါ။ ထိုမိတ်ဆွေကို အရှင်
ဘုရား တွေ့ဘူး၊ မြင်ဘူးပါသလား ဘုရား”

"မြင်ဘူးပါသည် တကာကြီး"

"ယခု ထိုမိတ်ဆွေ အဘယ်အရပ်မှာ ရှိနေပါသလဲဘုရား"

မေးသမျှကို ချက်ကျလက်ကျ ဖြေကြားလာခဲ့သော အရှင်ဣသိဒတ္တသည် ဤမေးခွန်းကိုတော့ အဖြေမပေးပဲ ခပ်မဆိတ်နေလိုက်ပေသည်။ ဤသို့ ခပ်မဆိတ် နေလိုက်ခြင်း သည်ပင်ကျောင်းတကာကြီးအဖို့ အကောင်းဆုံး ဖြေကြားချက် ဖြစ်သွားသဖြင့်—

"သို့ဖြစ်လျှင် တပည့်တော်၏ မိတ်ဆွေရင်းချာ ဣသိဒတ္တသည် အရှင်ဘုရား မဟုတ်ပါလား ဘုရား"

"ဟုတ်ပါသည် တကာကြီး"

"တပည့်တော် တွေ့လို၊မြင်လိုနေသော မိတ်ဆွေရင်းချာကိုကြည်ညိုဖွယ်ရာ ဖူးမြင်ရ၍ တပည့်တော် ဝမ်းမြောက် လှပါသည် ဘုရား။ တပည့်တော်တို့ မစ္ဆိကာသဏ္ဍာန်ရွာကြီးတွင် အရှင်ဘုရား မွေ့လျော်စွာ သီတင်းသုံးတော်မူပါ။ အမ္ဗာဋကတောကျောင်းကလည်း မွေ့လျော်ဖွယ် ကောင်းလှပါသည်။ တပည့်တော်သည် အရှင်ဘုရားအတွက် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့မည် ဖြစ်ပါသည်ဘုရား"

"ကောင်းသောစကား ဖြစ်ပေသည် တကာကြီး"

ကျောင်းတကာ စိတ္တသူကြွယ်က ဝမ်းသာအားရ လျှောက်ထားသည်ကို အရှင်ဣသိဒတ္တက ဖြည်း ဖြည်း နှင့် နှေး နှေး တုံ့ပြန်လိုက်၏။ ဤသို့ ဖြေကြားရာတွင် စကားအသုံးအနှုန်းကို အထူးဂရုစိုက်ထားပေသည်။

သံယောဇဉ်ကင်းပြတ်သူ

ထိုနေ့က ဆွမ်းစားအပြီးတွင် တောကျောင်းနေ ရဟန်းများ က နောက်နောင် ဤသို့သော မေးခွန်းများ ပေါ်လာလျှင် အရှင်ဣသိဒတ္တချည့် ဖြေကြားပေးပါရန် လွှဲအပ်ကြ၏။ အရှင် ဣသိဒတ္တကား မည်သို့မျှ အဖြေမပေးပဲ ထိုနေ့မှာပင် ထွက်ခွာ သွားသည်ဟူပါ၏။

“အရှင်ဘုရား၊ အရှင်ဣသိဒတ္တနှင့် ဤတကြိမ် တွေ့ပြီး နောက် တခါမှ မတွေ့ရတော့ပါ။ ဤအရပ်ဒေသမှ အပြီးတိုင် ထွက်ခွာသွားဟန် တူပါသည်။ သူနှင့် ပတ်သက်၍ တပည့် တော်မှာ အမှားအယွင်း ပြုခဲ့မိသည်လည်း မရှိပါ။ လျှောက် ခဲ့မိသည်လည်း မရှိပါ။ သို့ပါလျက် တခါထဲ ထွက်ခွာသွား သည်ကို တပည့်တော် အတွေးရခက်လှပါသည် ဘုရား”

မစ္ဆိကာသဏ္ဍသို့ ယခုတကြိမ်အရောက်တွင် ကျောင်းတကာ ကြီးက ဤသို့ လျှောက်ထားပါ၏။ သို့သော် ကျွန်ုပ် တိတိ ကျကျ မဖြေကြားနိုင်ပါ။ သံယောဇဉ် ကင်းကွာ ပြီးသော ပုဂ္ဂိုလ်များ၏ စိတ်သဘောကို ခန့်မှန်းခြေမျှသာ ဖြေကြား ခဲ့ပါသည်။

[သဠာယတနဝဂ်၊ စိတ္တသံယုတ်၊ ဒုတိယဣသိဒတ္တသုတ်
ပါဠိတော်နှင့် အဋ္ဌကထာ]

အခြားမိတ်ဆွေတဦး

အသက်အရွယ်ထေ ကဲလာချိန်တွင် မိတ်ဟောင်း၊ ဆွေဟောင်း အရှင်ကောင်းကို အားပါးတရ ဆည်းကပ်မည်ပြုကာမှ အရှင်ကောင်းက အပြတ် အသတ် ထွက်ခွာသွားခဲ့၏။ သို့သော် ဤအတွက် ကိစ္စ မရှိပါ။ မိတ်ဆွေဟောင်း တပါး ထွက်ခွာသွား၍ မကြာမီမှာပင် အခြားမိတ်ဆွေဟောင်းတဦး ရောက်လာခဲ့ပါပြီ။

ယခု ဆိုက်ရောက်လာသူမှာလည်း ရဟန်းတပါးပင် ဖြစ်၍ သူ့ဘွဲ့မှာ အရှင်ကဿပ ဟူပါ၏။ သို့သော် ကျွန်ုပ်တို့ သာသနာတော်တွင်း ရဟန်းကား မဟုတ်ပါ။ အဝတ်မပါ ဗလာကိုယ်ချည့် လှည့်လည်လေ့ရှိသော နိဂဏ္ဌ ရဟန်း တပါးသာ ဖြစ်ပါ၏။ ယုံကြည်ချက်ချင်း တောင်နှင့် မြောက် ကွဲပြားနေပါသော်လည်း စိတ္တသူကြွယ်သည် မိတ်ဆွေဟောင်းကို မျက်နှာမလွှဲပါ။ သူရောက်လာကြောင်း သတင်းကြားသည်နှင့် အရှင်ကဿပရှိရာသို့ သွားရောက်နှုတ်ဆက်ကာ—

“အရှင်ကဿပဘုရား၊ အရှင်ဘုရား ရဟန်းဘဝ ရောက်လာသည်မှာ မည်မျှ ကြာပါပြီလဲ” ဟု တရင်း တနှီး မေးလျှောက်၏။

“တကာကြီး၊ ရဟန်းဘဝမှာ ဝါပေါင်း ၃၀ ရခဲ့ပါပြီ” ရင်းနှီးစွာ မေးမြန်းသည်ကို ပြုံးရွှင်စွာ ဖြေကြားလိုက်၏။

ရဟန်းပြုရကျိုး နပ်ပါ၏လော

"ဤသို့ဆိုလျှင် လူတို့၏ ဒါန, သီလ, ကုသိုလ်မျိုးထက် သာလွန်သော အရိယာဉာဏ် အမြင်မှန်ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုခဲ့ပါပြီလော"

မိတ်ဆွေဟောင်း ကျောင်းတကာထံမှ ထပ်ဆင့်မေးခွန်း ထွက်ပေါ်လာသည်တွင်ကား ပုံးမျက်နှာကြီးမှ အရေတွန့်လိပ်သွားတော့၏။ မေးခွန်းရှင်ကို မျက်မှောင်ကြုတ်ကာ အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ—

"တကာကြီး၊ ကျုပ်ပ် မှန်တာကိုသာ ပြောပါတော့မည်။ ဝါ သုံးဆယ် တိုင်တိုင် ရဟန်းပြုလာရာမှာ ခေါင်းတုံးထားရခြင်း၊ ကိုယ်တုံးလုံး နေရခြင်း၊ မြက်တံမြက်စည်း ဆောင်ထားရခြင်းမှအပ ဘာတရုမျှ လက်ဆုပ်လက်ကိုင် မရရှိခဲ့ပါ"

မိတ်ဆွေရင်းချာ ပီပီ ရိုးသားစွာ ဖြေပါပေသည်။ မြက်တံမြက်စည်း ဆောင်ထားရခြင်းမှာ ထိုင်ရာက အထ တင်ပါးမှာ ကပ်ပါလာသော ဖုန်များ၊အမှိုက်များကို လှည်းချထားနိုင်ရန် ဖြစ်ပေသည်။

"ဩော်.... အံ့ဩဖွယ်ရှိပေစွ တကား"

မိတ်ဆွေဟောင်း၏အဖြစ်ကို ကျောင်းတကာကြီးက သနားကရုဏာဖြင့် ရေရွတ်လိုက်၏။

အကျိုးနပ်ရာ ပြောင်းလာခဲ့ပြီ

ဤတွင် ကိုယ်တုံးလုံး ကိုယ်တော်ကလည်း—

"တကာကြီး၊ ဂေါတမ အရှင်၏ တပည့်သာဝက အဖြစ် ခံယူနေသည်မှာ မည်မျှ ကြာပြီနည်း"

"အနှစ် သုံးဆယ် ရှိပါပြီ ဘုရား"

"ဤသို့ဆိုလျှင် လူတို့၏ ဒါန, သီလ, ကုသိုလ်မျိုးထက် လွန်မြတ်သော အရိယာဉာဏ် အမြင်မှန်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ပါပြီလော"

မိတ်ဆွေဟောင်း၏ တုံ့ပြန်မေးခွန်းအရ ကိုယ်ပိုင်, ကိုယ်တိုင် ရရှိခံစားရသော ဈာန်သမာပတ်များနှင့်တကွ လောကုတ္တရာ မဂ်ဖိုလ်များကိုပါ လျှောက်ထားရာမှ ဆက်လက်၍—

"အကယ်၍ တပည့်တော်သည် ဘုရားရှင်ထက် စော၍ ကွယ်လွန်ရပါလျှင် ဘုရားရှင်က 'စိတ္တ သူကြွယ်တွင် ဤ လူ့ပြည်သို့ နောက်ထပ်တဖန် ပြန်လာစေကြောင်း သံယောဇဉ် အနှောင်အဖွဲ့တို့ မရှိပြီ' ဟု မိန့်တော်မူမည် မလွဲပါဘုရား"

စကတည်းက စိတ္တသူကြွယ်ကို အားကိုးတခုပြုလာခဲ့သဖြင့် ဤအဖြေကို အရှင်ကဿပ အားရသွားပေပြီ။ မိတ်ဆွေ ရင်းချာနှင့် အချိန်မီ တွေ့လိုက်ရသဖြင့် လမ်းမှန်ပေါ်သို့ မကြာမီ ရောက်လာပါတော့သည်။ဟိုယခင်က အစေလကဿပဟု ခေါ်ခဲ့ရသောဤပုဂ္ဂိုလ်သည် ယခုတော့ အမ္ဗာဋကတောကျောင်း၏ ကျက်သရေဆောင် ရဟန္တာအရှင်မြတ်ကြီး ဖြစ်နေပါပြီတည်း။

[သဠာယတနဝဂ်၊ စိတ္တသံယုတ်၊ အစေလကဿပ သုတ်]

ဓမ္မကထိကကြီး၏ နောက်ဆုံးတရား

အရှင်ကဿပနှင့် တွေ့ဆုံစဉ်က စကားဦးသန်းခဲ့သည့်အတိုင်းပင် ဓမ္မကထိကအရာ၌ ဧတဒဂ် ဂုဏ်ထူးရ ကျောင်းတကာကြီးသည် ဘုရားရှင်ထက် စောစီးစွာ ကွယ်လွန်ခဲ့ပါ၏။ သူ ဟောကိန်း ထုတ်ထားခဲ့သည့်အတိုင်းပင် ဘုရားရှင်ကလည်း မိန့်ကြားတော်မူပါ၏။

သတ္တဝါမှန်သမျှ မလွန်ဆန်နိုင်သော လမ်းသို့ သွားခဲ့ရသော်လည်း ကျောင်းတကာကြီး နောက်ဆုံးအချိန်ထိ သာသနာ့ပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့သေးသည် ဟူပါ၏။

''အို-အိမ်သူ အိမ်သားအပေါင်းတို့၊ အို-အဆွေအမျိုးတို့၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ်ရစ်ကြပါလော့။ မိမိအိမ်မှာရှိသော ပစ္စည်းများကို သီလရှိသော သူတော်သူမြတ်များကို မလှူဒါန်းပဲ မစားကြပါနှင့်။ စားဦးစားဖျား လှူဒါန်းပြီးမှ စားသုံးကြပါလော့''

ဤကား အနာဂါမ် ဓမ္မကထိကကြီး၏ နောက်ဆုံးတရားတပုဒ် ဖြစ်ပါ၏။

[သဠာယတနဝဂ်၊ စိတ္တသံယုတ်၊ ဂိလာနဒဿနသုတ်]

စံပြ တကာ၊ တကာမများ

သူတို့ကဲ့သို့ ဖြစ်ပါစေ

"ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းသည် ဆုတောင်း ကောင်းကောင်း တောင်းလိုပါလျှင် 'သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ ကဲ့သို့ ဖြစ်ရပါလို၏' ဟု ဆုတောင်းရာ၏။ ငါဘုရား၏တပည့်သားရဟန်းတို့တွင်သာရိပုတ္တရာ၊မောဂ္ဂလာန်တို့သည် စံပြရဟန်းများဖြစ်ကြကုန်၏။

"ရဟန်းတို့၊သဒ္ဓါတရားနှင့်ပြည့်စုံသော ရဟန်းမသည် ဆုတောင်း ကောင်းကောင်း တောင်းလိုပါလျှင် 'ရဟန်းမခေမာ၊ ဥပ္ပလဝဏ်တို့ ကဲ့သို့ ဖြစ်ရပါလို၏' ဟု ဆုတောင်း ရာ၏။

ငါဘုရား၏ တပည့်မ ရဟန်းမတို့တွင်ခေမာ၊ ဥပ္ပလဝဏ်တို့သည် စံပြရဟန်းမများ ဖြစ်ကြကုန်၏။

"ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော တကာသည် ဆုတောင်း ကောင်းကောင်း တောင်းလိုပါသော် 'စိတ္တသူကြွယ်၊ အာဠဝီတိုင်းက ဟတ္ထကမင်းသားတို့ကဲ့သို့ ဖြစ်ရပါလို၏' ဟု ဆုတောင်းရာ၏။ ငါဘုရား၏တပည့်တကာတို့တွင် စိတ္တသူကြွယ်၊ အာဠဝီတိုင်းက ဟတ္ထက မင်းသားတို့သည် စံပြ တကာများ ဖြစ်ကြကုန်၏။

"ရဟန်းတို့၊ သဒ္ဓါတရားနှင့် ပြည့်စုံသော တကာမသည် ဆုတောင်း ကောင်းကောင်း တောင်းလိုသော် 'ခုဇ္ဇုတ္တရာ၊ နန္ဒမာတာတို့ ကဲ့သို့ ဖြစ်ရပါလို၏' ဟု ဆုတောင်းရာ၏။ ငါဘုရား၏တပည့်မတကာမတို့တွင်ခုဇ္ဇုတ္တရာ၊နန္ဒမာတာတို့သည် စံပြတကာမများ ဖြစ်ကြကုန်၏"။

[အင်္ဂုတ္တရပါဠိတော်၊ စတုက္ကနိပါတ်၊ သဒ္ဓေတနိကဝဂ်၊ အာယာစန သုတ်]

ဟတ္ထကမင်းသား၏ ဂုဏ်အင်္ဂါများ

ရဟန်း၊ ရဟန်းမ၊ တကာ၊ တကာမ ဟူ၍ ပရိသတ် လေးပါး ရှိသည့်အနက် သက်ဆိုင်ရာ သာဝကများ နမူနာယူထိုက်သော စံပြပုဂ္ဂိုလ်များကို ဘုရားရှင်ဟောကြားထားပေသည်။ ဤတွင် အထူးသတိပြုရန် ရှိသည်မှာ စံပြပုဂ္ဂိုလ်ကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်းရုံဖြင့် ဆုတောင်းပြည့်မည် မဟုတ်ကြောင်း ဖြစ်၏။

စံပြပုဂ္ဂိုလ်များကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်းပြီးနောက် ထိုပုဂ္ဂိုလ်ကြီးတို့ ကျင့်သုံးခဲ့သော ကျင့်စဉ်များကို လိုက်နာ ကျင့်သုံးကြမှသာ ဆုတောင်းတိုင်းပြည့်ကြမည် ဖြစ်ပေမည်။

စံပြပုဂ္ဂိုလ်များအနက် ရဟန်းဘက်ဆိုင်ရာ၊ ရဟန်းမဘက် ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများအကြောင်းကို ရှေ့ပိုင်းမှာ တော်တော် စုံအောင် တင်ပြခဲ့ပါပြီ။ နောက်နောင် အကြောင်းဆိုက်လာ တော့လည်း ဤ ပုဂ္ဂိုလ်ကြီးများ၏ ကြောင်းခြင်းရာများကို ဝေဝေဆာဆာ တင်ပြရပါဦးမည်။ တကာများ၏ စံပြဖြစ်သူ စိတ္တသူကြွယ်အကြောင်းကို တော်တော်ပြည့်စုံအောင် တင်ပြခဲ့ ပါပြီ။ ယခုစတားစပ်မိလာသည့်အနိုက်တွင် ဟတ္ထကမင်းသား အကြောင်းကို ထပ်မံ ဖြည့်စွက်ရပါဦးမည်။

အာဠဝီတိုင်း အဂ္ဂါဠဝ နတ်ကွန်းမှာ နေတော်မူစဉ်က ဟတ္ထကမင်းသား၏ ဂုဏ်အင်္ဂါခုနစ်ပါးကို ဘုရားရှင်က ဟော ကြားတော်မူခဲ့၏။

"ရဟန်းတို့၊ ဟတ္ထက မင်းသားသည် သဒ္ဓါတရား ရှိ၏။ ကိုယ်ကျင့်သီလ ရှိ၏။ မကောင်းမှုမှ ရှက်တတ်၏။ မကောင်းမှုကို ကြောက်တတ်၏။ အကြားအမြင် များ၏။ ပေးကမ်းစွန့်ကြဲ သော အလေ့ရှိ၏။ လောကီလောကုတ္တရာ ဉာဏ်ပညာ ပြည့်ဝ၏။ ဤသို့အားဖြင့် ဟတ္ထကမင်းသားသည် အံ့ဩဖွယ်ဖြစ်ကုန်သော၊ မဖြစ်ဘူးမြဲ ထူးကဲကုန်သော ဤဂုဏ်အင်္ဂါ ခုနစ်ပါးနှင့် ပြည့်စုံ သည် ဟူ၍ မှတ်ယူကြကုန်လော့"

ဂုဏ်အင်္ဂါတပါး ထပ်တိုးခြင်း

ကျောင်းမှာ ဟောကြားတော်မူခဲ့သော ဤ ဒေသနာတော်ကို နာကြားရသော ရဟန်းတပါးက ဟတ္ထကမင်းသားထံ ဆွမ်းခံဝင်ယင်း တဆင့်ပြောပြ၏။ ပြောပြသော ရဟန်းက ဝမ်းပန်းတသာ ပြောပြသော်လည်း ဟတ္ထကမင်းသားကတော့ ခပ်အေးအေးသာ ရှိရာက—

"အရှင် ဘုရား၊ ဤ ဒေသနာတော် ဟောကြားစဉ်က ကျောင်းတော်မှာ တကာ၊ တကာမ တယောက်ယောက်များ ရှိနေပါသလား ဘုရား"

"မင်းသား၊ တကာ၊တကာမ တယောက်မျှ မရှိပါ။ ရဟန်းများချည့် ရှိကြပါသည်"

"တကာ၊ တကာမ တယောက်မျှ မရှိသည်မှာ ကောင်းလေစွ ဘုရား"

ထင်ရှားကျော်ကြားလိုသော သဘော မရှိသဖြင့် ဤသို့ လျှောက်ထားရခြင်း ဖြစ်၏။ မိမိမှာ အမှန်တကယ် ရှိသော ကောင်းမှုကုသိုလ်များကို ဤသို့လူသိရှင်ကြားမဖြစ်စေလိုသော ကြောင့်ပင် ဘုရားရှင်က ရှိရင်းဂုဏ်အင်္ဂါခုနစ်ပါးတွင် နောက်ထပ် တပါးတိုး၍ မိန့်ကြားတော်မူရပေသည်။

[အင်္ဂုတ္တရပါဠိတော်၊အဋ္ဌကနိပါတ်.ဂဟပတိဝဂ်၊ပထမဟတ္ထကသုတ်]

ကျေးကျွန်လည်း စံပြဖြစ်နိုင်သည်

တကာလထဲက စံပြပုဂ္ဂိုလ်များတွင် တယောက်က သဌေးဖြစ်၍ ကျွန်တယောက်က မင်းသားဖြစ်ခဲ့၏။ သို့သော် ကျွန်ုပ်တို့ သာသနာတော်ကြီးတွင် သူတို့လို အထက်တန်းစား ပုဂ္ဂိုလ်များမှ စံပြဖြစ်နိုင်သည် မဟုတ်ပါ။ ခုဇ္ဇုတ္တရာတို့လို ကျွန်မ တယောက်က လည်း စံပြဖြစ်ခွင့် ရရှိခဲ့ပါ၏။

ကောသမ္ဗီမြို့တော်မှာစိုးစံသော ဥဒေနမင်းတွင်သာမာဝတီ၊ မာဂဏ္ဍီဟူ၍မိဖုရားကြီးနှစ်ပါးရှိရာ ခုဇ္ဇုတ္တရာသည် သာမာဝတီ မိဖုရား၏ ကျွန်မ ဖြစ်ပေသည်။ အတန်ငယ် ခါးကုန်းနေသဖြင့် သူ့နာမည်ရင်း ဥတ္တရာရှေ့မှာ ခုဇ္ဇသဒ္ဒါတွဲစပ်ကာ ခုဇ္ဇုတ္တရာဟု အမည်တွင်ခဲ့၏။

ကောသမ္ဗီမြို့တော်သို့ ဘုရားရှင်ကို ပင့်ဆောင်ခဲ့သူများမှာ ဃောသက၊ ကုက္ကုဋ္ဋ၊ ပါဝါရိက ဟူသော သဌေးကြီးသုံးဦးတို့ ဖြစ်ကြ၏။ သဌေးကြီး သုံးဦးလုံးကပင် မိမိတို့၏ ဥယျာဉ်မှာ ကျောင်းများ ဆောက်ကြ၏။ ဘုရားရှင်နှင့်တကွ နောက်ပါ ရဟန်းများကို လိုလေသေးမရှိ ပြုစုလုပ်ကျွေးကြ၏။ သူတို့ စိတ်တိုင်းကျ တလတိုင်တိုင် ပြုစု လုပ်ကျွေးပြီးသော် မြို့သူ မြို့သား အများစုလည်း ကုသိုလ်ဖြစ်ရန်ဟု လမ်းအလိုက်၊ အုပ်စု အလိုက် အလှည့်ကျ ဆွမ်းဝတ်ပြုစုကြရန် ခွင့်ပြုကြပေသည်။

သဌေးကြီးများ ပြုစုပြီးနောက် ပထမဆုံး ပြုစုခွင့်ရသည်မှာ ပန်းသည်အုပ်စုဖြစ်၏။ လုပ်ငန်းတူ ကုသိုလ်ရှင် အပေါင်းက

ပန်းသည်ခေါင်းဆောင်ကြီးအိမ်မှာ စုပေါင်း၍ ချက်ပြုတ်နေကြ၏။ တချို့က ဘုရားအမှူးရှိသော သံဃာတော်များအတွက် နေစရာ ထိုင်စရာများ ခင်းနေကြ၏။ တချို့က ပန်းကန်ခွက်ယောက်များဆေးကြောနေကြ၏။ တအိမ်လုံး ပျားပန်းခတ်မျှ အလုပ်ရှုပ်နေဆဲတွင် ခုဇ္ဇုတ္တရာ ရောက်ရှိသွားပေသည်။

ကျွန်ဘဝမှ လွတ်မြောက်ရေး

သူ့သခင်မ သမာဝတီအတွက် ခုဇ္ဇုတ္တရာသည် ဤပန်းသည်ကြီးထံမှ ပန်းဝယ်နေကျ ဖြစ်၏။ ခါတိုင်းနေ့များ၌ သူ့ကို ဂရုတစိုက် ရောင်းချခဲ့သော ပန်းသည်ကြီးသည် ထိုနေ့မှာတော့ ဂရုမစိုက်နိုင်တော့ပဲ—

"ဥတ္တရာ၊ သည်နေ့တော့ သင့်ကို ပန်းမရောင်းအားတော့ပါ။ ငါတို့မှာ ဘုရားအမှူးရှိသောသံဃာတော်များကို ဆွမ်းလုပ်ကျွေးရန် ပြင်ဆင်နေကြရ၏။ သင်လည်း သူများအခိုင်းအစေဘဝက လွတ်လိုလျှင် ငါတို့နှင့်အတူ ကုသိုလ်ယူပါတော့"

အကျွမ်းတဝင်ခင်မင်ပြီးမို့ ပန်းသည်ကြီးကပြောပြလိုက်ရာ ခုဇ္ဇုတ္တရာကလည်း၊ ဝမ်းပန်းတသာ ကူညီလုပ်ကိုင်၏။

အချိန်ရောက်သောအခါ ဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့်တကွ ကြွတော်မူလာ၏။ ကုသိုလ်ရှင်များနှင့် အတူ ခုဇ္ဇုတ္တရာကလည်း လုပ်အားအလှူဖြင့် ကုသိုလ်ယူခဲ့၏။ ဆွမ်းကိစ္စများ ပြီးစီးသောအခါ ဘုရားရှင်က သစ္စာ လေးတန်

တရားမှန်ကို မိမိတို့ခန္ဓာမှာ ဉာဏ်နှင့်ဟပ်၍ ကြည့်တတ်အောင် ဟောကြားတော်မူ၏။ ခုဇ္ဇုတ္တရာ ကလည်း ဟောကြားသော တရားတော်များကို လုံးစေ့ ပါဌ်စေ့ မှတ်သားလိုက်နိုင်၏။ အကြောင်းမသင့်၍ သူများအစေအပါး ဖြစ်နေရသော်လည်း သူ၏ ပင်ကိုဉာဏ် ထက်သန်၍ပင် ဖြစ်ပေသည်။ တရားသိမ်း၍ အနုမောဒနာ ပြုကြသည်တွင်ကား သူ့စိတ်သန္တာန်မှာ သစ္စာဉာဏ်လင်း၍ သွားပေပြီ။ သောတာပန်အဆင့်သို့ ရောက်သွားပေပြီ။

လွတ်မြောက်၍ ဖြူစင်ခြင်း

ယခင်နေ့များတုန်းက ပန်းဝယ်ရာတွင် လေးကျပ်ဖိုးသာ ဝယ်နေကျ ဖြစ်၏။ ပါလာသော ငွေရှစ်ကျပ်အနက် တဝက်ကို တိတ်တဆိတ်ယူထားနေကျ ဖြစ်၏။ယနေ့တော့ အသပြာ လေးကျပ်ထက် သိန်း,သန်း,ကုဋေမက မြင့်မြတ်လှသော ရတနာထုပ်ကို ရခဲ့ပြီမို့ ခိုးလို ဝှက်လိုစိတ် မရှိတော့ပြီ။ ထို့ကြောင့် နန်းတော်ကပါလာသော ငွေရှစ်ကျပ်လုံးဖြင့် ဆွဲခြင်းနှင့်အပြည့် ပန်းများ ဝယ်သွားပေတော့သည်။

ခါတိုင်းထက် ပန်းတွေများလာသဖြင့် သာမာဝတီမိဖုရားက မေးမြန်းရာတွင် ခုဇ္ဇုတ္တရာက အဖြစ်မှန်ကို ဇာတ်ကြောင်းလှန်၍ ပြောပြလိုက်၏။ဤတွင် သာမာဝတီမိဖုရားသည် ကျွန်မအပေါ်အပြစ်မယူပဲ ဘုရားရှင်ထံမှ ကြားနာခဲ့ရသောတရားကို

တဆင့်ဟောပြရန် တောင်းပန်၏။ လူတယောက်၏ စိတ်ဓာတ်ကို တထိုင်တည်းဖြင့် ဖြူစင်သွားအောင် စွမ်းဆောင်နိုင်သော တရားကို သူ စိတ်ဝင်စားသွား၍ ဖြစ်ပေသည်။

တရားတော်၏ ဂုဏ်ကျေးဇူး

မိမိ၏ သခင်မက တရား တောင်း သော်လည်း ခုဇ္ဇုတ္တရာက မဟောသေးပါ။ မိမိ၏ထမင်းရှင်၊ မိမိ၏အသက်သခင်ကို လေးစားသည် မှန်သော်လည်း ထို့ထက် ပို၍ လေးစားသင့်သော ကျေးဇူးရှင်က ရှိနေပေပြီ။ ထို့ကြောင့် –

"အရှင်မတို့ တရားနာလိုကြပါလျှင် နိမ့်ရာကနေ၍ နာယူကြပါ။ ကျွန်မကတော့ ဘုရား တရားတော်ကို လေးစားသောအားဖြင့် မြင့်ရာကနေပြီး ဟောကြားရပါလိမ့်မည်"

သူ့ အဆိုကို မိဖုရားကဲ သဘောတူသဖြင့် မိဖုရားသည် သလွန်ထက်မှ ဆင်းပေးရ၏။ မိဖုရားစံမြန်းရာ သလွန်ထက်သို့ ကျွန်မ ခုဇ္ဇုတ္တရာ တက်လာ၏။ အသက်သခင် ထမင်းရှင်၏ နေရာတွင် ရဲဝံ့စွာထိုင်လိုက်ပြီးနောက် ဘုရားရှင်ထံမှ ကြားနာခဲ့ရသမျှကို ခုဇ္ဇုတ္တရာက တလုံးမကျန် ပြန်လည်ဟောကြား၏။ အခြွေအရံ မြောက်မြားစွာနှင့် တကွ သာမာဝတီမိဖုရားသည် ထိုနေရာမှာပင် သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရသွားပေသည်။ ခုဇ္ဇုတ္တရာသည်လည်း အခိုင်းအစေဘဝမှ လွတ်မြောက်ခွင့်ရကာ ဘုရားရှင်ထံမှ ကြားနာရသမျှ ပြန်လည် ဟောပြရန် တာဝန်ကို ယူရပေတော့သည်။

ဤဝတ္ထုမှာ ကောသမ္ဗီမြို့တော်သို့ ဘုရားရှင်နှင့် ကျွန်ုပ်တို့ ရောက်ခဲ့တုန်းက ပေါ်ပေါက်ခဲ့ပါသည်။ ယခုမှ စကားအလျဉ်း သင့်၍ တင်ပြလိုက်ရပါသည်။

[အင်္ဂုတ္တရ အဋ္ဌကထာ၊ ဧကကနိပါတ်၊ ဧတဒဂ္ဂဝဂ်၊ ခုဇ္ဇုတ္တရာ သာမာဝတီ ဝတ္ထု]

နန္ဒမာတာ၏ စိတ်ခေတ်ခိုင်မာပုံ

ခုဇ္ဇုတ္တရာနှင့် ပူးတွဲ၍ စံပြ သတ်မှတ်ခံရသော နန္ဒမာတာသည်ကား သုတ္တနိပါတ် ပါဠိတော်လာ ပါရာယန သုတ္တန်ကြီးကို အာဂုံရသူ ဖြစ်၏။ ထို့ပြင် မိန်းမသားတယောက်ဖြစ်ပါလျက် စိတ်ခေတ် ခိုင်မာလှခြင်းကြောင့်လည်း သူ့ဂုဏ်သတင်း ပို၍ ကျော်ကြားရပေသည်။

သူတို့ အိမ်ထောင်တွင် ချစ်စရာ ဆို၍ သားလေး နန္ဒ တယောက်သာ ရှိ၏။ သည် သားကလေးကို မင်းညီမင်းသားများက ရက်စက်စွာ သတ်ဖြတ်ခဲ့ကြ၏။ သားကလေးကို ဖမ်းနေဆဲမှာလည်းကောင်း၊ ဖမ်းပြီးချိန်မှာလည်းကောင်း၊ ညှဉ်းပန်း နှိပ်စက်နေဆဲမှာသော်လည်းကောင်း၊ အသေသတ်နေဆဲမှာသော်လည်းကောင်း၊ သတ်ပြီးချိန်မှာသော်လည်းကောင်း သူ့စိတ်ထဲမှာ တုန်လှုပ်ချောက်ချားခြင်း မဖြစ်ခဲ့။ ဖောက်လွဲဖောက်ပြန် မဖြစ်ခဲ့။

လင်ဖြစ်သူ သေဆုံး၍ ဖုတ်ပြိတ္တာဖြစ်ကာ ကိုယ်ထင်ပြလာတော့လည်း သူ့စိတ်ထဲမှာ တုန်လှုပ်ချောက်ချားခြင်းမဖြစ်ခဲ့။ ဖောက်လွဲဖောက်ပြန် မဖြစ်ခဲ့။

လင်ဖြစ်သူနှင့် ဖူးစာဆုံပြီးကတည်းက ကာယကံမြောက် ဖောက်ပြားရန် မဆိုထားနှင့်၊ စိတ်နှင့်ပင် မဖောက်ပြားခဲ့။

ဘုရားရှင့်တပည့်မ ဖြစ်လာချိန်မှ စ၍ လူတို့ကျင့်ဝတ်သိက္ခာပုဒ်များကို တပါးမျှ ချိုးဖောက်ခြင်း မပြုခဲ့။

လူ့ဝတ်ကြောင် အမျိုးသမီး ဖြစ်သော်လည်း စျာန် သမာပတ် လေးဆင့်လုံးကို ဝင်စားနိုင်၏။

အောက်ပိုင်းသံယောဇဉ်ငါးပါးကိုပယ်နိုင်သော အနာဂါမ် အရိယာ သာဝကလည်း ဖြစ်၏။

ဤသို့သော ဂုဏ်ကျေးဇူးများကြောင့် သူတို့နေရာ ဒက္ခိဏာဂိရိ အရပ်မှ သာဝတ္ထိမြို့တော်တိုင်အောင် သူ့ဂုဏ်သတင်းများ ကျော်ကြားလာခြင်း ဖြစ်ပေသည်။

[အင်္ဂုတ္တရပါဠိတော်၊သတ္တကနိပါတ်၊မဟာယညဝဂ်၊နန္ဒမာတာသုတ်]

တရားသိလေ လှချင်လေ

နန္ဒမာတာတို့ကဲ့သို့ ဒေသနာမှတ်တမ်းဝင် မဟုတ်သော်လည်း အမျိုးသမီးများ နမူနာယူထိုက်သူတို့ ရှိပါသေးသည်။ သူတို့ကား ကာဏာ တို့ သားအမိပါတည်း။

ကာဏာဟု အမည်မှည့်ရသည်မှာ မျက်စိကန်းသောကြောင့် မဟုတ်ပါ။ မြင်သူတွေ ငေးလောက်အောင် လှပသောကြောင့်

ဖြစ်ပါသည်။ သက်တူ ရွယ်တူ ယောကျ်ားများသည် သည်မိန်းကလေးကို ကြည့်ကာ ငေးကာ အကန်းပမာ ဖြစ်တတ်ကြလွန်းသဖြင့် ဤနာမည် တွင်နေခြင်းဖြစ်၏။ သမီးကိုအကြောင်းပြု၍ မိခင်ကိုလည်း ကာဏာမာတာဟု ခေါ်ဝေါ်ကြပေသည်။

ကာဏာမာတာ တကာမကြီးသည် အရိယာဉာဏ် ရပြီးသူဖြစ်၍ စေတနာထက်သန်လှ၏။ တနေ့သ၌ သမီးဖြစ်သူကာဏာသည် မိခင်ရှိရာ သာဝတ္ထိမြို့တော်သို့ အလည်လာခဲ့၏။ မိခင်ဖြစ်သူထံ အလွမ်းပြေ လာနေခိုက်မှာ ခင်ပွန်းသည်၏ရွာမှ အမှာစကား ရောက်လာ၏။ 'သာဝတ္ထိမှာ ကြာကြာမနေပဲ အိမ်သို့ပြန်ခဲ့ရန်' ဖြစ်၏။

လူ့သဘာဝကို နားလည်ထားသဖြင့် မိခင်ကြီးက သားမက်ဖြစ်သူကို အပြစ်မဆိုပါ။ သူမှာသည့်အတိုင်းသမီးကိုသူကိုယ်တိုင်ပြန်ပို့ရန် စီစဉ်၏။ သားမက်ထံပြန်ပို့ရာတွင် လက်ချည်းသက်သက်မသွားလိုသဖြင့် လက်ဆောင်ပေးရန် မုန့်များကြော်ရ၏။ မုန့်ကြော်၍အပြီးတွင် ဆွမ်းခံကိုယ်တော်တပါး ရောက်လာသဖြင့် လက်ဆောင်ပေးရန် ကြော်ထားသည့်အထဲမှ ခွဲ၍လှူလိုက်ရ၏။ ထိုရဟန်း ထွက်သွား၍ မကြာမီမှာပင် နောက်တပါး ရောက်လာပြန်၏။ ထို့နောက်မှာလည်း တပါးပြီးတပါး ရောက်လာကြပြန်၏။ တပါးနှင့် တပါး သတင်းပေးလိုက်ကြ၍ ဖြစ်ပေသည်။ ရဟန်းမြင်လျှင် မလှူပဲ မနေနိုင်သဖြင့် ကြော်ထားသမျှမုန့်များ အားလုံး ကုန်သွားတော့၏။

ကာဏာတို့ကို ကယ်တင်ရန်

ထိုနေ့မှာ လက်ဆောင်မရှိတော့၍ သူတို့ သားအမိ မသွားဖြစ်ပေ။ နောက်နှစ်ရက်မှာလည်း မသွားဖြစ်ပေ။ ခင်ပွန်းသည် ထံက ထပ်ကာ ထပ်ကာ အမှာစကားတွေ ရောက်လာသော်လည်း ကာဏာတို့မှာ မုန့်မရှိသေး၍ မသွားဖြစ်ကြ။ ကြော်လေသမျှ မုန့်များလည်း ဆွမ်းခံ ရဟန်းများထံ ပါသွားကြပေသည်။

ဤသို့ဖြင့် ကာဏာ တယောက် ပြန်မလာ နိုင်သည်တွင် ခင်ပွန်းဖြစ်သူက စိတ်မရှည်တော့ပဲ နောက်မယား တယောက် ကောက်ယူလိုက်ပေတော့သည်။

လင်ပစ်မကလေး ကာဏာ ငိုယိုနေဆဲတွင် ဘုရားရှင်သည် သူတို့အိမ်သို့ ဆွမ်းခံ ကြွတော်မူ၏။ ခင်းထားသော နေရာမှာ ထိုင်တော် မူလျက် ကာဏာ ငိုရကြောင်းကို မေးတော်မူရာ တကာမကြီးက အကျိုးအကြောင်း လျှောက်ထားရ၏။ ဤတွင် ဘုရားရှင်က ကာဏာတို့နှင့်တကွ အခြားသူများ မပင်ပန်းစေရန် 'မုန့်အလှူခံရာတွင် နှစ်သပိတ်, သုံးသပိတ်ထက် ပို၍ အလှူခံသော ရဟန်းအား ပါစိတ်အာပတ် သင့်စေ' ဟု သိက္ခာပုဒ် ပညတ်တော်မူရပေသည်။

ကာဏာတို့ အိမ်သို့ ဘုရားရှင် ကြွလာတော်မူကြောင်းကို ကြားသဖြင့် ကာဏာ၏ ခင်ပွန်းသည်ကလည်း ကာဏာကို ပြန်၍ လက်ခံ ချီးမြှောက်ပါပေသည်။

[သုဒ္ဓပါစိတ်၊ ကာဏာမာတာသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ]

ပညာမြားဂူကို ရှုံနှင့်ပွတ်သူများ

ငွေလဝန်းနှင့် ကြယ်တာရာများ

"အို— အရှင်ဂေါတမ၊ ဤနိဗ္ဗာန်တရားကို အရှင်ဂေါတမ တပါးတည်းသာ သိမြင်၍ ရဟန်းများ မသိသေးလျှင် ဤသို့ မသိသူ ရှိနေသေးခြင်းကြောင့် ဤသာသနာတော်ကြီး မပြည့်စုံ သေးသည် ဖြစ်ရာ၏။ ယခုသော်ကား ဤနိဗ္ဗာန်တရားကို အရှင် ဂေါတမ၏ တပည့်ရဟန်းများလည်း သိကြပေပြီ။ ဤသို့ သိကြသဖြင့် ဤသာသနာတော်ကြီး ပြည့်စုံ၍ နေပါပေပြီ"

ကျွန်ုပ်တို့ သိဘင်းသုံးဖော် အရှင်ဝစ္ဆဂေါတ္တ ပရိဗိုဇ်ဘဝ တုန်းက လျှောက်ထားခဲ့သော စကားများ ဖြစ်ပါ၏။ ဤ

စကားများမှ ဆက်လက်၍ ရဟန်းမများ၊ လူတကာ-တကာမ
များပါ တရား သိမြင်ကုန်ကြသဖြင့် သာသနာတော်ကြီး
အတိုင်းထက်အလွန် ပြည့်စုံလာပုံကို လျှောက်ထားခဲ့ပေသည်။
'ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ' အခန်းမှာတုန်းက တင်ပြခဲ့သော ဤ
စကားများကို ကျွန်ုပ်၏ ပရိသတ်များ မှတ်မိကောင်း မှတ်မိ
ကြပါလိမ့်မည်။

အရှင်ဝစ္ဆဂေါတ္တ လျှောက်ထားခဲ့သည့်အတိုင်း ကျွန်ုပ်တို့
သာသနာတော်ကြီးသည်ကြယ်စုံသောညအခါတွင် လဝန်းကြီး
ထိန်ထိန် သာနေသကဲ့သို့ တင့်တယ်လှပါ၏။ ရွှန်းရွှန်း ပပ
သာလွန်းလှသော ငွေလဝန်းကြီး၏ ပတ်ဝန်းကျင်ဝယ် ကြယ်
တာရာများ ခြံရံလျက် ရှိကြ၏။ တချို့ ကြယ်တာရာ များသည်
သင်္ကန်းရောင် ထိန်ထိန်ဝင်းလျက် ရှိကြ၏။ တချို့ ကြယ်တာရာ
တို့ကား ဖြူ, နီ, ပြာ, ဝါ ရောင်စုံဖြာ၍ နေကြပေသည်။

အလင်းရောင်ကို မလိုသူများ

ရဟန်း, ရဟန်းမ၊ တကာ, တကာမ ဟူ၍ ပရိသတ်လေးပါး
ရှိသည်တွင် အကျင့်သိက္ခာ ဉာဏ်ပညာနှင့်ပြည့်စုံသော သာဝက
များ အမြောက်အမြား ရှိကြ၏။ သို့ဖြစ်၍ နောင်တော်မြတ်၏
အရှိန်အဝါသည် မဇ္ဈိမဒေသတွင် ပြိုင်ဘက်ကင်းစွာ တောက်ပ
လျက် ရှိ၏။ ဤမြေပေါ်မှာ ဤသာသနာ ထွန်းပခြင်းသည်
လူသားအားလုံး၏ အကျိုးစီးပွားအလို့ငှာသာ ဖြစ်၏။ လူသား
အားလုံး ချမ်းသာသုခ ခံစားကြရန်သာ ဖြစ်၏။ သို့ဖြစ်၍ ဤ

မဇ္ဈိမ ဒေသရှိ လူသားအားလုံးသည် ကျွန်ုပ်တို့နှင့် လက်ရေ တပြင်တည်း ဖြစ်လာလျှင် ကောင်းလေစွ။ သို့သော် ကျွန်ုပ်၏ ဆုတောင်း မပြည့်ဝပါ။ ကျွန်ုပ်တို့ သာသနာတော်ကြီးကို လိုလားသူများ ရှိသကဲ့သို့ မလိုလားသူများလည်း ရှိပေသည်။

ကျွန်ုပ်တို့ သာသနာတော်သည် ဤမြေပေါ်မှာ ဖြန့်ကျက် နေ၏။ ထို့အတူပင် အခြား အခြားသော ဆရာကြီးများ၏ အယူဝါဒများလည်း ဤမြေနှင့်အနှံ့ ပြန့်ကျဲ၏။ ဤတွင် မတူ သော အယူအဆများသည် မကြာခဏ ထိပ်တိုက် ရင်ဆိုင် တွေ့ကြရ၏။ တခါတရံ ပြေပြေလည်လည် ဆွေးနွေးဖြစ်ခဲ့ ကြ၏။ တခါတရံမှာကား အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ၏။ ဤ အကြောင်းများကို စောစောတုန်းက တော်တော် စုံအောင် တင်ပြခဲ့ပါပြီ။

တရားရေးမှ ပုဂ္ဂိုလ်ရေးသို့

ထိုစဉ်က ယှဉ်ပြိုင်ခဲ့ကြရသည်မှာ တရားသဘောနှင့် ပတ်သက် ခဲ့၏။ တဘက်က လက်ခံထားသော တရားသဘောကို အခြား တဘက်က ချေဖျက်နိုင်ရန် ကြိုးစားကြခြင်း ဖြစ်၏။ အားနှင့် အင်နှင့် ဝိုင်း ဝန်း ၍ ကြိုးစား ကြသော်လည်း ကျွန်ုပ်တို့ သာသနာတော်သည် ကျောက်ဘုတိုင်ပမာ ခိုင်မြဲစွာ ရပ်တည် လျက်သာ ရှိခဲ့၏။ ဤတွင် ဆန့်ကျင်ဘက် အင်အားစုများ သည် တရားသဘော ငြင်းခုံမှုသာမကတော့ပဲ ပုဂ္ဂိုလ်ရေးရာ ထိပါး ပုတ်ခတ်မှုများ ပြုလာကြပါတော့သည်။

"အရှင်ဘုရား၊ တပည့်တော် ဤသို့ တဆင့်စကား ကြားခဲ့ရဘူးပါသည်။ 'ရဟန်းဂေါတမသည် လှည့်ပတ် တတ်သော အတတ် ရှိ၏။ ထို အတတ်ဖြင့် အခြားသော ဆရာများ၏ တပည့်များကို လှည့်ပတ်၍ ဆွဲဆောင်၏' ဤသို့ ဆိုကြသော စကားသည် ကြားရသည့်အတိုင်း ဟုတ်မှန်ပါသလော။ တပည့်တော်တို့ကား အရှင်ဘုရားကို မစွပ်စွဲလိုကြပါဘုရား"

ဘဒ္ဒိယမည်သော လိစ္ဆဝီအမျိုးသားက လျှောက်ထားလာခြင်း ဖြစ်၏။ အယူတပါး ခြားနားနေသော ဆရာကြီးများ၏ စွပ်စွဲချက်များကို တဆင့်သယ်ဆောင်လာခြင်း ဖြစ်၏။ ထိုဆရာကြီးတို့သည် မိမိ၏ တပည့် တကာများ လျော့သွားရာတွင် မိမိ၏ ချို့တဲ့ချက်များကို ပြုပြင်မည့်အစား ဘုရားရှင်ကိုသာ လှမ်း၍ စွပ်စွဲကြပေသည်။ သူတို့ စကားထဲမှာပင် ဘုရားရှင်အပေါ် မနာလိုမှုများ ထင်ရှား၍ နေပေသည်။

ထိုစဉ်က ဘဒ္ဒိယသည် ဘုရားတပည့်သား မဖြစ်သေးချေ။ ဟိုဆရာ ကောင်းနိုးနိုး၊ သည်ဆရာ ဟုတ်နိုးနိုး စူးစမ်းနေဆဲဖြစ်၏။ ဘဒ္ဒိယ စူးစမ်းနေဆဲမှာပင် သူ့ပတ်ဝန်းကျင်လူများက သည်သာသနာ့အရိပ်အောက်သို့ တသုတ်ပြီး တသုတ် ဝင်သွားကြ၏။ ဤတွင် အခြားဆရာကြီးများ၏ စွပ်စွဲချက်များ ဟုတ်များ ဟုတ်နေ လေမည်လားဟု သံသယ ဝင်ခဲ့မိ၏။ သို့သော် ဘဒ္ဒိယက ထိုသံသယကို စိတ်ထဲမှာ မြုံမထားခဲ့ပါ။ ရိုးသားပွင့်လင်းသူပီပီ ရှေ့တော်မှောက် ဝင်ရောက်၍ ဖွင့်ဟ လျှောက်ထားလိုက်ပေသည်။

အကျိုးယုတ်ကြောင်းတရားများ

ဘဒ္ဒိယ၏ သံသယကို ဘုရားရှင်က လက်တွေ့ပြ၍ ဖြေရှင်းတော်မူရပေသည်။

''အို–ဘဒ္ဒိယ၊ သင်တို့ လာကြ,နာကြကုန်လော့။ တဆင့်စကား ကြားကာမျှဖြင့်၊ မိရိုးဖလာ ပြောဆို လာကာမျှဖြင့်၊ ဤသို့ ဖြစ်သတဲ့ဟု ဆိုကာမျှဖြင့်၊ ကျမ်းဂန်နှင့် ကိုက်ညီကာမျှဖြင့်၊ အကြံအစည်တည့်ကာမျှဖြင့်၊ နည်းယူ၍ ရကာမျှဖြင့်၊ ကြောင်းခြင်းရာကို ကြံစည်ကာမျှဖြင့်၊ မိမိအကြိုက်နှင့်ကိုက်ညီကာမျှဖြင့်၊ ယုံကြည်ထိုက်သူ၏စကားဖြစ်ကာမျှဖြင့်၊ လေးစားအပ်သော ဆရာသမား၏ စကား ဖြစ်ကာမျှဖြင့် တထစ်ချစွဲမှတ် မထားကြကုန်လင့်။ ဤတရားတို့သည် အပြစ်ရှိသော အကုသိုလ်တို့ဟူ၍ သင်တို့ကိုယ်တိုင် လက်တွေ့သိလာကြသောအခါတွင် ဤအကုသိုလ်တရားကို ပယ်စွန့်ကြကုန်လော့။

''ဘဒ္ဒိယ၊ ငါဘုရား၏ မေးခွန်းကို သင် သဘောပေါက်သလို ဖြေကြားပါ။ လူတယောက် ယောက်၏ စိတ်သန္တာန်မှာ လောဘ ကပ်ငြိလာသောအခါ အကျိုးစီးပွား များမည်လား၊ မများမည်လား''

''မများနိုင်ပါ အရှင်ဘုရား''

''ဘဒ္ဒိယ၊ မှန်လှ၏။ လောဘဇောတိုက်နေသော သူသည် သူ့အသက်ကိုလည်း သတ်ရာ၏။ သူ့ဥစ္စာကိုလည်း ခိုးရာ၏။ သူ့မယားကိုလည်း ပြစ်မှားရာ၏။ မမှန်သော စကားကိုလည်း

ပြောကြားရာ၏။ သူတပါးကိုလည်း သူ့နည်းတူ ကျူးလွန်အောင် ဆွဲဆောင်ရာ၏။ ဤသို့ပြုခြင်းဖြင့် ထိုသူအား ကာလရှည်စွာ အကျိုးယုတ်ကြောင်း၊ ဆင်းရဲကြောင်း မဖြစ်ပါလော”

“ဖြစ်ပါသည် အရှင်ဘုရား”

ကိုယ်တိုင်သိမှ ပယ်စွန့်ပါ

ဒေါသ, မောဟ စသော ကိလေသာ တို့ကိုလည်း ဤနည်းအတိုင်း အမေး, အဖြေပြုကြပြီးနောက် ဆက်လက်၍—

ဘဒ္ဒိယ၊ ငါဘုရား၏ မေးခွန်းကို သင်သဘောပေါက်သလို ပြောကြားပါ။ ဤလောဘ, ဒေါသ, မောဟ စသော တရားတို့သည် ကုသိုလ်လော၊ အကုသိုလ်လော”

“အကုသိုလ်ပါ အရှင်ဘုရား”

“အပြစ်ရှိသလော၊ အပြစ်ကင်းသလော”

”အပြစ်ရှိပါသည် ဘုရား”

“ပညာရှိတို့ ကဲ့ရဲ့အပ်သလော၊ ချီးမွမ်းအပ်သလော”

“ပညာရှိတို့ ကဲ့ရဲ့အပ်ပါသည်ဘုရား”

“ဤတရားတို့ကို ပွားများသော် အကျိုးမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်သလော၊ မဖြစ်သလော”

“အကျိုးမဲ့ခြင်းငှာ၊ဆင်းရဲခြင်းငှာဖြစ်ပါသည် အရှင်ဘုရား”

"ဘန္ဒိယ၊ ထို့ကြောင့် သင့်ကို ငါဘုရား မိန့်မှာခဲ့၏။ 'ကိုယ်တိုင် လက်တွေ့မလေ့လာရသေးပဲ တထင်ချစွဲမှတ်မထားနှင့်၊ ဤတရားတို့သည် အပြစ်ရှိသော အကုသိုလ်တရားတို့ ဟူ၍ သင်ကိုယ်တိုင် လက်တွေ့သိလာရသောအခါတွင် ဤအကုသိုလ်တရားများကို ပယ်စွန့်ကြပါနှင့်လော့' ဤသို့ မိန့်မှာခဲ့ခြင်းမှာ ဤအကြောင်းကြောင့် ဖြစ်ပေသည်"

ကောင်းမြတ်သောလှည့်ပတ်ခြင်း

ထို့နောက် အလောဘ, အဒေါသ, အမောဟ စသော ကုသိုလ်တရားတို့ကိုလည်း ဆက်လက် မေးခွန်းထုတ်တော်မူ၏။ မေးသမျှကို ဘန္ဒိယကလည်း ဖြောင့်ဖြောင့် တန်းတန်း ဖြေဆိုပြီးနောက် ဘုရားရှင်ထံ တပည့်ခံလေရာ—

"ဘန္ဒိယ၊ 'ငါ့ဆီ လာ၍ တပည့်ခံလှည့်လော၊ ငါသည် သင့်ဆရာလုပ်အံ့' ဟု ငါဘုရား ပြောကြားခဲ့ဘူးပါသလော"

"မပြောကြားခဲ့ဘူးပါဘုရား"

"ဤသို့ မပြောကြားခဲ့ဘူးပါပဲလျက် အချို့သော ရဟန်းပုဏ္ဏားတို့က ငါဘုရားကို မဟုတ်မမှန်သော အကြောင်းဖြင့် လုပ်ကြံစွပ်စွဲကြ၏။ ရဟန်းဂေါတမသည် လှည့်ပတ်တတ်သော အတတ်ရှိ၏။ ထိုအတတ်ဖြင့်အခြားဆရာများ၏ တပည့်များကို လှည့်ပတ်၍ဆွဲဆောင်၏ဟု ဆိုခဲ့ကြဘိ၏။"

"အရှင်ဘုရား၊ အရှင်ဘုရား၏လှည့်ပတ်တတ်သော အတတ်သည် ကောင်းလေစွဘုရား။ မွန်မြတ်ပေစွဘုရား။ တပည့်တော်

ချစ်မြတ်နိုးသော သားချင်းမိတ်ဆွေများကို ဤတတ်ဖြင့် လှည့်ပတ်ရပါလျှင် ကာလရှည်စွာ ချမ်းသာစီးပွား များကြပါ လိမ့်မည်ဘုရား”။

[အင်္ဂုတ္တရပါဠိတော်၊ စတုက္ကနိပါတ်၊ မဟာဝဂ်၊ဘဒ္ဒိယသုတ်]

မနာလိုဝန်တိုမှုကြောင့်

အခြားဆရာတို့၏ တပည့်တကာများ တဖွဲဖွဲ ဝင်လာကြသည့် အတွက် ပြဿနာတက်ရသကဲ့သို့ပင် ဤသာသနာတော်မှာ လှူဒါန်းသူများ ပေါများခြင်းကြောင့်လည်း မဟုတ်မဟပ်ပြော လာကြပေသည်။

“အို–အရှင်ဂေါတမ၊ အရှင်ဂေါတမသည် ဤသို့ ဆိုခဲ့ သည်ဟု တဆင့်စကားကြားခဲ့ရဘူးပါသည်။ ငါနှင့် ငါ့တပည့် များကိုသာလှူရမည်၊ အခြားသူများကိုမလှူရ။ ငါနှင့် ငါ့တပည့် များကိုလှူဒါန်းခြင်းသာ အကျိုးကြီးမားသည်။ အခြားသူ များကို လှူဒါန်းခြင်းသည် အကျိုးမရှိ၊ ဤသို့ ပြောကြားခဲ့ သည်ဆိုသောစကားသည် ကြားရသည့်အတိုင်း ဟုတ်မှန်ပါ သလော။ တပည့်တော်တို့ကား အရှင်ဂေါတမကို မစွပ်စွဲ လိုပါ”

အရှင်ဝစ္ဆဂေါတ္တ ရဟန်းမပြုခင်က လျှောက်ထားခဲ့သော စကားစုဖြစ်၏။ မလိုလားသူတို့၏ စွပ်စွဲချက်ကို တဆင့်လျှောက် ထားခြင်းဖြစ်၏။ တရားရေးမဟုတ်၊ ပုဂ္ဂိုလ်ရေး စွပ်စွဲချက်

ဖြစ်ကြောင်း သိသာလှပါသည်။ အဘယ့်ကြောင့် ဤသို့ စွပ်စွဲလာရသည်ကိုလည်း တွေးကြည့်လျှင် သိနိုင်ပါသည်။

ဒါနမြောက်ခြင်းနှင့်အကျိုးများခြင်း

သို့ရာတွင် ဘုရားရှင်ကတော့ စွပ်စွဲသူနောက်သို့ လိုက်ပါမနေတော့ပါ။ စွပ်စွဲလာသော စကားများကိုသာ သံသယကင်းအောင် ဖြေရှင်းတော်မူလိုက်ပါသည်။

"ဝစ္ဆ၊ သူတို့ပြောကြားသောစကားသည် မဟုတ်မမှန်ပေ။ ငါဘုရားကို မဟုတ်မမှန်သော အကြောင်းများဖြင့် လုပ်ကြံစွပ်စွဲကြခြင်းသာဖြစ်၏။ အလှူပေးနေသူကို ဝင်၍ တားမြစ်သောသူသည် ကောင်းမှုကုသိုလ်ကို အန္တရာယ်ပြုတတ်၏။ အလှူခံပုဂ္ဂိုလ်တို့အား လာဘ်မရအောင် အနှောင့်အယှက်ပြုတတ်၏။ သူတပါးထက်မိမိအကျိုးစီးပွားကို ဦးစွာပထမ တူးဖြိုပြီးဖြစ်နေ၏။ ဤသို့အားဖြင့် သုံးမျိုးသုံးလီ အန္တရာယ်ပြုသည်မည်၏။ အနှောင့်အယှက်ပြုသည်မည်၏။

"ဝစ္ဆ၊ ငါဘုရားဟောကြားသည်မှာ ဤသို့ ဖြစ်၏။ ရေပုပ်ဆွေးထဲမှာ ကျက်စားနေကြသော ပိုးလောက်လန်းများ ရှိကြ၏။ တစုံတယောက်သည် ထိုပိုးလောက်လန်းများ ရှိရာသို့ ဆေးရေ, ကြောရေများကို သွန်လိုက်ပြောအံ့၊ ဤရေဖြင့် ဤသတ္တဝါလေးများချမ်းသာကြပါစေဟု စေတနာထားတတ်လျှင် အလှူဒါနမြောက်သည်သာဖြစ်၏။ လူသားများအား လှူဒါန်းရာတွင်မူ အဘယ်ဆိုဖွယ်ရာရှိမည်နည်း။ ဤသို့ မည်သူ့

ကို လူလူ ဒါနကုသိုလ်ပြောက်သော်လည်း လူခြင်းလူလျှင်ကား သီလရှိသူအား လှူဒါန်းခြင်းကိုသာ အကျိုးများသည် ဟု ဟောကြား၏။ သီလမရှိသူအား လှူဒါန်းခြင်းကိုကား အကျိုးများသည်ဟု ငါဘုရားမဟောကြားပေ”။

[အင်္ဂုတ္တရပါဠိတော်၊ တိကနိပါတ်၊ ဗြာဟ္မဏဝဂ်၊ ဝစ္ဆဂေါတ္တသုတ်]

နောက်တမျိုး ကြံကြပြန်ပြီ

ဤသို့ အကြောင်းယုတ္တိ ခိုင်လုံစွာ ဖြေရှင်းတော်မူလိုက်သဖြင့် ဘဒ္ဒိယနှင့် ဝစ္ဆဂေါတ္တတို့မှာ သံသယရှင်းသွားကြ၏။ သူတို့က တဆင့် ရှင်းပြကြသဖြင့် ကြားကြားသမျှ ပုဂ္ဂိုလ်များလည်း ဇာတ်ရည်လည်၍သွားကြပါ၏။ သို့ရာတွင် အခြားဆရာကြီး များကား ဤမျှဖြင့်လက်မလျှော့ကြသေးပါ။ အလှူဒါနနှင့် ပတ်သက်၍၊ တကာ,တကာမ ပေါ်များခြင်းနှင့် ပတ်သက်၍ စွပ်စွဲချက်မအောင်မြင်မှုန်း သိကြသောအခါ နောက်တမျိုး ကြံကြပြန်ပေသည်။

သူတို့အကြံကိုဘုရားရှင်ကတော့ စကဲတည်းက သိနေပါလိမ့် မည်။ သို့သော် ဤလိုကိစ္စများကို ဘုရားရှင်သည် စကားဦး သန်းလေ့မရှိခဲ့ပါ။ ကျွန်ုပ်တို့ တတွေကလည်း အမှတ်မဲ့သာ နေခဲ့မိကြ၏။ ကျွန်ုပ်၏စိတ်သန္တာန်မှာလည်း သူတပါးအပေါ် မယုံသင်္ကာစိတ် မွေးမြူမထားတတ်ကြောင်း ကျွန်ုပ် ပရိသတ် များ သိကြပြီး ဖြစ်ပါသည်။

ပရဗိုဇ်မကလေး သုန္ဒရီ

ထို့ကြောင့် ကျွန်ုပ်တို့ဇေတဝန်ကျောင်းတော်သို့သုန္ဒရီဟူသော ပရဗိုဇ်မကလေး ရောက်လာသည့်ကိစ္စကို ကျွန်ုပ်တို့အထူးအထွေ မတွေးမိကြပါ။ သံသယစိတ်ဓာတ်မကိန်းလာကြပါ။ သာဝတ္ထိ မြို့တော်က တကာ့တကာမ အများစုနည်းတူ ကျောင်းတော် လာ၍ တရားနာရှာသည်ဟူ၍သာ သဘောပိုက်မိကြပါသည်။ သာသနာပြင်ပက ပရဗိုဇ်မကလေး ဖြစ်ပါလျက် သာသနာ တွင်း တရားကို နာဖော်ရရှာပေသည်ဟုသာ မုဒိတာ ပွားမိကြ ပါသည်။

ညနေပိုင်းမှာ ပရိသတ်များနှင့်အတူ လိုက်ပါလာသော သုန္ဒရီသည် ညနေမိုးချုပ်၍တရားပွဲသိမ်းတော့လည်း ပရိသတ် နှင့် အတူ ပြန်သွားခဲ့ပါသည်။ ရောက်လာခါစ တုန်းကသာ အတန်ငယ်ထူးခြားသလိုလိုရှိနေ၍ သူ့ကို သတိပြုမိကြပါ၏။ ခေါက်ရေ တော်တော်များလာသည်တွင်ကား အများနည်းတူ သဘောထားလိုက်ကြပါတော့သည်။

အမှိုက်ပုံးထဲက သုန္ဒရီ

သို့နှင့်တခုသောနံနက်ခင်းတွင် အုတ်အုတ် ကျက်ကျက် အသံ များကြားလိုက်ရ၏။ အသံများထွက်ပေါ်လာရာမှာ ဇေတဝန် ကျောင်းတော် တံတိုင်းအပြင်ဘက်ကဖြစ်၏။ ဘုရားရှင်မေး တော်မူလျှင် အသင့်ဖြေနိုင်အောင် အုတ်အုတ်ကျက်ကျက် ဖြစ် နေရာသို့ ကျွန်ုပ်သွား၍ကြည့်ခဲ့ရ၏။

ဇေတဝန်ကျောင်းတော် တံတိုင်းပြင်ဘက်၌ ပန်းမှိုက်များ စွန့်ပစ်ရာ ဌာနရှိ၏။ ကျုံးသဖွယ် ဖြစ်နေသော ရေမြောင်း ထဲသို့ အမှိုက်များစွန့်ပစ်ဖန်များ၍ မြောင်းပျောက် နေတော့ ၏။ လူသူအရောက်အပေါက်နည်းလှသော ထိုနေရာတွင် ယခု လူစုလူဝေးကြီး ဖြစ်နေ၏။ သာဝတ္ထိမြို့တော်တွင်းမှ ကျွန်ုပ် တို့ကို ဆွမ်းမလောင်းသောသူများနှင့် သူတို့ဆရာ ပရိဗိုဇ်များ ဖြစ်ကြ၏။ တက်ကြွစွာ လှုပ်ရှား၍ ဆူညံစွာ ပြောဆို နေကြ သည့် ပရိဗိုဇ်များပင်ဖြစ်ကြ၏။ သူတို့၏ညစ်ထေးထေးသင်္ကန်း ကြီးများတွင် အမှိုက်သရိုက်များ ကပ်ငြိနေကြပေပြီ။

ကျွန်ုပ် ရောက် သွား သော အချိန်၌ အမှိုက်ပုံ ကြီးကို မွှေနှောက်၍ ပြီးနေကြပါပြီ။ အသင့်ဆောင်လာသော ခုတင် ဟောင်းထက်မှာလည်း လူသေ အလောင်း တခု တင်ပြီး နေ ပါပြီ။ အနားထိအောင် သွားကြည့်၍ မလျော်သဖြင့် ကျွန်ုပ် ပြန်လှည့်ခဲ့ပါ၏။ သို့သော် သူတို့ ပြောသံ ဆိုသံ ထောက်၍ သုန္ဒရီပရိဗိုဇ်မကလေး၏ အလောင်းဖြစ်ကြောင်း ကျွန်ုပ် သိရ ပါသည်။ ရုပ်ရည်လှပသော ပရိဗိုဇ်မကလေးသည် ဘာ့ကြောင့် များ အမှိုက်ပုံထဲ လာသေရပါလိမ့်။

လုပ်ဇာတ်ကြီးမှ အသံများ

ကံဆိုးရှာသူကလေးအတွက် ကရုဏာ သက်ခဲ့ရသော ကျွန်ုပ် တို့သည် နောက်တနေ့ နံနက်ကျခါမှ သူတို့၏ လုပ်ဇာတ်ကြီး ကို သိကြရပါတော့သည်။

သာဝတ္ထိမြို့တော်ကြီးဝယ် ကျွန်ုပ်တို့သာသနာတော်ကြီးကို မကြည်ညိုသူ များလည်း ရှိနေကြ၏။ ကျွန်ုပ်တို့မှာ ဘုရားတပည့်သားပီပီ အိမ်စဉ်အတိုင်း မခြင်း မချန် ဆွမ်းခံရမည့် ဝတ္တရားရှိသည့် အတိုင်း သူတို့အိမ် များသို့လည်း ရောက်ကြရ၏။ သို့သော် ကျွန်ုပ်တို့၏ အညီအမျှသဘောထားမှုကို သူတို့ လေးစားရကောင်းမှန်း မသိပါ။ နေ့စဉ် ဆွမ်းရပ်နေပါလျက် တဇွန်းမျှ မလောင်းကြပါ။ တချို့မှာ ကန်တော့ဆွမ်းပါဟူ၍ မပြောပဲ မျက်နှာလွှဲ၍ နေကြ၏။ ဤတွင် ကျွန်ုပ်တို့သည် သည်အိမ်များကို ဇရပ်ဟု အသိအမှတ်ပြုကာ ကျော်၍ထားခဲ့ ရပေတော့သည်။

ကျွန်ုပ်တို့ ကျော်၍ ထားခဲ့သော အိမ်များသည် ယခင့် ယခင်တုန်းကတော့ အကြိုက်တွေ့နေကြ၍လော မသိပါ။ ကျွန်ုပ် တို့ကို ကြည့်ကာ ခတ်မဆိတ်နေခဲ့ကြ၏။ ထိုနေ့မှာတော့ ထိုအိမ် များမှ လူရှိသမျှ အိမ်ပေါက်ဝသို့ စုပြုံ၍ထွက်နေကြ၏။ ခါတိုင်း ကျွန်ုပ်တို့ကို မျက်နှာလွှဲ၍ နေကြရာမှ ထိုနေ့မှာတော့ ကျွန်ုပ် တို့ကို စူးစူးစိုက်စိုက်ကြည့်နေကြ၏။ ထူးခြားလာသော အခြေ အနေကို အကဲခတ်နေဆဲမှာ သူတို့အားလုံးက သံကုန်ဟစ်ကြ ပါတော့သည်။

"သကျနွယ်ဖွား ဤရဟန်းများသည် အရှက် မရှိကုန်၊ သီလမရှိကြကုန်။ ယုတ်မာ ညစ်ညမ်းကြကုန်၏။ မမှန်စကား ပြောကြားကြကုန်၏။ မမြတ်သော အကျင့်ကို ကျင့်ကြကုန်၏။ ဤလို ပုဂ္ဂိုလ်မျိုး များကပင် တရားကျင့်သူ၊ ငြိမ်းချမ်းစွာ ကျင့်သူ၊ မြတ်သောအကျင့်ကိုကျင့်သူ၊ အမှန်စကားဆိုတတ်သူ၊

သိလရှိသူ၊ စိတ်ထားကောင်းသူဟု ဝန်ခံကြကုန် သေး၏။ ဤသူတို့အား ရဟန်း၏ ဂုဏ်သိက္ခာ မရှိတော့ပြီ။ မြင့်မြတ်သော ဂုဏ်သိက္ခာ မရှိတော့ပြီ။ ဤသူတို့အား ရဟန်း၏ ဂုဏ်သိက္ခာ ပျက်စီးခဲ့ပြီ။ မြင့်မြတ်သော ဂုဏ်သိက္ခာ ပျက်စီးခဲ့ပြီ။ ယောကျ်ားရင့်မာကြီး ဖြစ်ပါလျက် မိန်းမသား တယောက်ကို စိတ်ရှိတိုင်း ပြုကျင့်ပြီးခါမှ ရက်ရက် စက်စက် သတ်ဖြတ်ကြပေသည်တကား"

မနေ့က ပြဿနာသည် ယနေ့မှ အဖြေ ပေါ်လာပေတော့သည်။ ဆဲဆို ဟစ်ကြွေးလေသမျှကို ကျွန်ုပ်တို့သည် မည်သို့မျှ မတုံ့ပြန်ပဲ ကျွန်ုပ်တို့ တကာ, တကာမ ရှိရာသို့ ဆက်လက်ထွက်ခွာလာခဲ့ကြ၏။ မြို့တော်ထဲမှာကြုံခဲ့ရသမျှကို ဘုရားရှင်ထံ လျှောက်ထားရာ ဘုရားရှင်က—

"ရဟန်းတို့၊ ဤအသံသည် ကာလကြာရှည်မည် မဟုတ်။ ခုနစ်ရက်မျှသာ ကြာလိမ့်မည်။ ခုနစ်ရက်ကျော်လွန်လျှင် ကွယ်ပျောက်သွားလိမ့်မည်"ဟု မိန့်ကြားတော်မူပေသည်။

ဓားစာခံမလေး သုန္ဒရီ

တကယ်ဘောဖြင့် အမိုက်မကလေး သုန္ဒရီသည် ကျွန်ုပ်တို့ကို သိက္ခာချ၊ အရှက်ခွဲနိုင်ရေး အတွက် ဓားစာ ခံသွားရခြင်းဖြစ်၏။ ကျွန်ုပ်တို့ ကျောင်းတော်တို့ သူရောက်လာခြင်းမှာ တရားနာရန် မဟုတ်။ သူ့ဆရာသမားများ ညွှန်ကြားချက်အတိုင်း လိုက်နာခြင်းသာ ဖြစ်၏။ တရားပွဲသိမ်း၍ ကျောင်း

တော်မှပြန်သွားသော်လည်း မြို့ထဲထိအောင် မပြန်ပေ။ မလှမ်း မကမ်းမှ ပရိဗိုဇ် ရဟန်းကျောင်း တကျောင်းမှာ သွားအိပ် နေ၏။ နံနက်လင်း၍ ကျောင်းသို့ အသူအတန်း လာသူများ နှင့် ရင်ဆိုင်တွေ့အောင် တမင် အကွက်ဆင်ခဲ့၏။ ဇေတဝန် ကျောင်းတော်မှာ ညအိပ်၍ ပြန်လာလေဟန် ပြု၏။ ဤသို့ ဆရာသမားများ အလိုကျ ဆောင်ရွက်ပေးသဖြင့် ရရှိသော ဆုလဒ်ကား အသေဆိုးဖြင့် သေရခြင်းပါတည်း။

အရက်မူး၍ အမူပေါ်ပြီ

အမိုက်မလေး သုန္ဒရီ၏ အလောင်းကို ခုတင်မှာ တင်ကာ ထမ်းလျက် ပရိဗိုဇ်များသည် သာဝတ္ထိမြို့တော်မှာ လမ်းတကာ စုံအောင် လှည့်လည် ကြွေးကြော်ခဲ့သည် ဟူပါ၏။ ယခုနံနက် သုံးပြိုင်ဟစ်ခဲ့ကြသော စကားလုံးများသည် သူတို့ဆရာသမား များ၏ စကားလုံးများပင် ဖြစ်ပေသည်။ စနစ်တကျ စီစဉ် ထားသော လုပ်ကြံမှုကြီးပါပေတည်း။

ကျွန်ုပ်တို့ကျောင်းနားမှာသူတို့လာ၍ရှာရာတွင် ကောသလ မင်းကြီးထံ ခွင့်တောင်း ခဲ့ကြသေးသည် ဆိုပါ၏။ မင်းပြစ် မင်းဒဏ် ရှောင်ကွင်း နိုင်ရန် ဖြစ်၏။ အကျင့် တန်၍ အကြံ ကောင်းကြသော်လည်း သူတို့ အမှုကိုဖုံးလွှမ်း၍ မရပါ။ ကြေး စား လူသတ်သမားများ အရက်မူးရာမှ အမှုမှန်ကြီး ပေါ် သွားပေသည်။

[ဥဒါန်း၊ သုန္ဒရိသုတ်ပါဠိတော်နှင့် အဋ္ဌကထာ]

သူတော်ကောင်းစိတ် ရှိသူတိုင်း စိတ်တသပ်သပ် ဖြစ်ခဲ့ရသော ဤအမှုကြီးသည် ဟိုးလေးတကျော် ဖြစ်ခဲ့၏။ သာဝတ္ထိမြို့တော်တွင်းမှစ၍ အတိုင်းတိုင်း အပြည်ပြည်သို့ ပျံ့နှံ့သွား၏။ ကျွန်ုပ်တို့မှ တဆင့် ဘုရားရှင်၏ အရှိန်အဝါကို ညှိုးမှိန်သွားရန် သူတို့ ကြံစည်ခဲ့သော အမှုကြီးကြောင့်ပင် ဘုရားရှင်၏ ဂုဏ်ကျက်သရေ ဆတက်ထမ်းပိုး တိုးတက်လာရပေသည်။

ပွတ်တိုင်းပြောင်သော ပတ္တမြားဂူ

ဤအဖြစ်အပျက်ကို ပြန်လည်တွေးမိတိုင်း ပတ္တမြားဂူနှင့် ငက်များ၏ဝတ္ထုကြောင်းကို သွား၍သတိရမိ၏။ တောပျော်ရသေ့တပါး၏ကျောင်းသခမ်းအနီးရှိ ပတ္တမြားဂူတွင် ငက်ကောင်ရေ ၃၀ ခန့် နေကြ၏။ ရက်စက် ကြမ်းကြုတ်သော ခြင်္သေ့ကြီးတကောင်သည် ထိုဂူအနားမှ နေ့စဉ် ဖြတ်၍သွားရာ ခြင်္သေ့၏ အရိပ်သည် ချောမွတ် ကြည်လင်သော ဂူနံရံမှာ ထင်ဟပ်လာ၏။ ကြောက်စရာကောင်းသော ခြင်္သေ့ကြီး၏အရိပ်ကို မြင်နေရသဖြင့် ငက်တို့သည် အစားပျက် အသောက်ပျက်ဖြစ်လာကြရ၏။ အသွေးအသား ခန်းခြောက်လာရ၏။

ဤတွင် ငက်များသည် ဤ အဖြစ်ဆိုးမှ လွတ်မြောက်ကြစေရန် ကြံစည်ကြ၏။ အနီးအနားမှာရှိသောရေကန်သို့ဆင်းကာ သူတို့ကိုယ်ကို ရွှံ့များလူးလျက် ဂူနံရံကိုပွတ်ကြ၏။ ပါလာသော ရွှံ့များသည် ချောမွတ်ကြည်လင်သော ဂူနံရံမှာ မကပ်နိုင်ပါ။

သူတို့၏အမွေးများ ပွတ်တိုက်သဖြင့် ဂုန်ရုံသာ ပိုမို၍ကြည်လင်လာရပေတော့သည်။

ဤ အကြောင်းကို ဝက်များက ရသေ့ကြီးထံ သွား၍ လျှောက်ထားရာ ရသေ့ကြီးက ပတ္တမြားဂူ ဟူသည် ရှိန္ဒင် လူး၍ ပွတ်သော်လည်း အရောင် မမှိန်နိုင်ကြောင်း ပြောပြ၍ သူတို့ကို နှင်ထုတ်လိုက်ပေတော့သည်။

အသားထဲက လောက်ထွက်သည်

ဤအမှုကြီး ပေါ်ပေါက်ခဲ့သည်မှာ ကြာလှပါပြီ။ ဟိုတုန်းက ကျွန်ုပ်တို့ကို ဆဲခဲ့ ဆိုခဲ့ကြသူများလည်း သတိသံဝေဂ ရကုန်ကြပါပြီ။ ကျွတ်တမ်းဝင်ကုန်ကြပါပြီ။

သည်တုန်းက ပတ္တမြားဂူကို ရှိန္ဒင့် ပွတ်သူများမှာ သာသနာ့ပြင်ပက ပုဂ္ဂိုလ်များ ဖြစ်၏။ ယခု နောက်ပိုင်းမှာကား သူတို့ထက် အဆတရာမက သာအောင် ဆိုးရွားသူ ပေါ်လာပါပြီ။ ပတ္တမြားဂူကို ရှိန္ဒင့် ပွတ်ရုံမက ပုဆိန်နှင့် ထုခွဲသူပင် ပေါ်ပေါက်လာပါပြီ။

ထိုမျှလောက် ဆိုးရွားသူကား သာသနာ့ ပြင်ဘက်က မဟုတ်ပါ။ သာသနာတော်၏အတွင်းထဲက၊ ကျွန်ုပ်တို့ အသွေးအသားထဲကသာ ဖြစ်နေပါသည်။

[တိကနိပါတ်ဇာတ်အဋ္ဌကထာ၊ မဏိသူကရဇာတ်]

ပကာသနီယကံ

စိတ်ခိုင်ခိုင်ထားကြပါ

ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သော အို-သူတော်သူမြတ်အပေါင်းတို့၊ လာခြင်းကောင်းသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်တကွ တပည့် သာဝကအပေါင်း၏ ကောင်းသော လာခြင်း၊ ကောင်းသတင်းအဖုံဖုံကို ဇာတ်စုံခင်း၍ လာခဲ့သည့်ခရီး တော်တော်ပေါက်ခဲ့ပါပြီ။ အလယ်ပိုင်းကိုကျော်၍ အဆုံးပိုင်းသို့ ချဉ်းကပ်လာခဲ့ပါပြီ။

သူတော်သူမြတ်အပေါင်း၏ နှလုံးအင်အား တိုးပွားစေရန် ကောင်းသတင်းမျိုးစုံကို ရွေးချယ်တင်ပြရန် ရှိပါသော်လည်း

အကောင်းထဲမှ အဆိုးများလည်း ကြားညှပ်၍ ပါလာခဲ့ပါပြီ။ ကျွန်ုပ်တို့ ပရိသတ်များသည် ဤသတင်းများနှင့် ပတ်သက်၍ မည်သူမျှ နှစ်လိုအားရဖြစ်ကြမည်မဟုတ်ပါ။မလွှဲသာ မရှောင်သာ၍ ကြားနာနေကြရသည်ဟု ကျွန်ုပ် သဘောပေါက်ပါသည်။

သာသနာတော်တွင်းက သတင်းဆိုးများကြောင့် စိတ်မချမ်းမသာ ဖြစ်နေကြရသော ပရိသတ်များကို ယခု ကျွန်ုပ်က ထပ်မံ၍ နှိပ်စက်ရပါဦးမည်။ ကျွန်ုပ် ကိုယ်တိုင်က နှိပ်စက်ရန် မရည်ရွယ် သော် လည်း ကြားသူ နာသူ အပေါင်းတို့ စိတ်မကောင်းစရာချည့် ဖြစ်၍ နှိပ်စက်သကဲ့သို့ပင် ဖြစ်နေပါသည်။ သို့ရာတွင် ဤ အကြောင်းအရာများကို ကျွန်ုပ် ထိန်ချန်ထားခဲ့၍ မဖြစ်နိုင်ပါ။ခုန်ကျော်ဖုံးဖိထားခဲ့၍ မဖြစ်နိုင်ပါ။ကျွန်ုပ်၏ တသက်တာမှတ်တမ်းဟု ခေါင်းစဉ် တပ်ထားခဲ့သည့်အတိုင်း ဇာတ် ရည် လည် လောက် အောင် တော့ တင်ပြရပါဦးမည်။ ကျွန်ုပ်၏ပရိသတ်များ စိတ်ခိုင်ခိုင်ထား၍ ကြားနာကြရန် ပန်ကြားလိုပါသည်။

သာသနာ့ဝန်ထမ်း ဖြစ်သည့်အလျောက် ကျွန်ုပ် တသက်တာတွင် သံဃာ့ကံမျိုးစုံကို ဆောင်ရွက်ခဲ့ရဘူးပါသည်။ ယခု တင်ပြမည့် ပကာသနီယကံမှာလည်း သံဃာ့ကံများထဲမှာ ပါဝင်ပါသည်။ ဤကံကို သံဃာ့ပရိသတ် အလယ်တွင် ကျွန်ုပ် ကိုယ်တိုင် ဉတ်ကမ္မဝါ ရွတ်ဖတ်၍ အထ မြောက် အောင် ဆောင်ရွက်ခဲ့ရ၏။ အမိန့်တော်မြတ်ကို ဦးထိပ်ရွက် ပန်ဆင်

ရှိသော ဆောင်ရွက်ခဲ့ရ၏။ အခြားကံများမှာတန်းကကဲ့သို့ အခေါ်တက် ရှင်လန်းမှု လုံးဝမရှိခဲ့ပါ။

အရှင်မြတ်ကြီး၏ အခက်အခဲ

ဥတ်ကမ္မဝါစာတို့ဖြင့် အတည်ပြုပြီးနောက် ကမ္မဝါစာထဲမှာ ပါခဲ့သည့်အတိုင်း ရာဇဂြိုဟ် မြို့တော်တွင်းသို့ လှည့်လည်၍ ကြေငြာရန်တာဝန်ကို အရှင်သာရိပုတ္တရာအား ဘုရားရှင်က ပေးအပ်တော်မူ၏။ ဤတွင် အရှင်မဟာသာရိပုတ္တရာက—

"အရှင်ဘုရား၊ တပည့်တော်သည် ဟိုယခင်က ရာဇဂြိုဟ်မြို့တော်တွင်းမှာ ဒေဝဒတ်၏ဂုဏ်ကျေးဇူးကို ချီးကျူးခဲ့ဘူးပါသည်။ 'ကာဝိ၏သားသည် တန်ခိုးကြီးပေစွ၊ အရှိန်အဝါ ကြီးပေစွ' ဟု လူသိရှင်ကြား မြွက်ဆိုခဲ့ဘူးပါသည်။ ဤသို့ မြွက်ဆိုထားခဲ့သည့်အတွက် ယခု ရာဇဂြိုဟ်မြို့တော်တွင်းမှာ ဒေဝဒတ်ကို မည်သို့ ကြေငြာရပါမည်နည်း"

တွေ့နေရသော အခက်အခဲတခုကို တင်လျှောက်လိုက်ရ၏။ စောစောက တမျိုး၊ ယခုတမျိုး ပြောလာသည့် အများပရိသတ် ထင်ယောင်ထင်မှား ဖြစ်မည့် အရေးကို ပြေးမြင်လိုက်မိဟန်တူပါသည်။ သို့သော် ဘုရားရှင်ကတော့ သူ့ ညာလက်ရုံးကြီးကို အငြိမ်းစား မထားနိုင်သေးသဖြင့်—

"သာရိပုတ္တရာ၊ ယခင်က ချီးကျူးခဲ့သည်မှာ ဟုတ်သည့်အတိုင်း ချီးကျူးခဲ့သည် မဟုတ်ပါလော။ ယခုလည်း ဟုတ်သည့် အတိုင်းသာ ကြေငြာပေလော့"

စကားနှစ်မျိုး ကွဲပြား၍နေသော်လည်း အချိန်အခါလိုက်၍ ဟုတ်မှန်သည်ချည့် ဖြစ်နေကြ၏။ ဟုတ်မှန်သောအကြောင်းကို ဟုတ်မှန်သည့်အတိုင်း ပြောကြားခြင်းဖြင့် အရှင်မြတ်ကြီး၏ ဂုဏ်သိက္ခာ မထိခိုက်နိုင်ပါ။ ထို့ကြောင့် သံဃာ့ကိုယ်စား ကြေငြာသူအဖြစ် သံဃာက ဥတ် ကမ္မဝါစာဖြင့် တရားဝင် ခန့်အပ်ရန် ဘုရားရှင် မိန့်ကြားတော်မူပေသည်။ သည် ဥတ် ကမ္မဝါစာကိုလည်း ကျွန်ုပ်ပင် ရွတ်ဖတ်ပေးခဲ့ရပေသည်။

အများသိရန် ကြေငြာခြင်း

ဥတ်ကမ္မဝါစာဖြင့် သံဃာက တရားဝင် ခန့်အပ်ပြီးနောက် အရှင်မဟာ သာရိပုတ္တရာသည် ရာဇဂြိုဟ်မြို့တော်သို့ ကြွလာခဲ့၏။ ကျွန်ုပ်အပါအဝင် ရဟန်း တော်တော်များများ လိုက်ပါလာကြ၏။ ရာဇဂြိုဟ်မြို့တော်၏ လမ်းမ, လမ်းသွယ်များ စုံစေ့အောင် လျှောက်လျက် အရှင်မြတ်ကြီးသည် ဘုရားရှင် အမိန့်တော်ကို ကျေပွန်စွာ ထမ်းဆောင်ပါပေသည်။

"အို—မြို့သူမြို့သား အပေါင်းတို့၊ ဒေဝဒတ်၏ ယခင်က စိတ်သဘောသည် တမျိုးဖြစ်၏။ယခု စိတ်သဘောသည် တမျိုး ဖြစ်၏။သို့ဖြစ်၍ ဒေဝဒတ်သည် တစုံတခုသောအမှုကို ကိုယ်ဖြင့် ပြုငြားအံ့၊ နှုတ်ဖြင့် ဆိုငြားအံ့။ ထိုအမှုဖြင့် ဘုရားကို လည်း ကောင်း၊ တရားကို လည်းကောင်း၊ သံဃာကို လည်းကောင်း မရှုမြင်ကြကုန်လင့်။ ထိုအမှုဖြင့် ဒေဝဒတ်ကိုသာ ရှုမြင်ကြ ကုန်လော"

ဤသို့ ရာဇဂြိုဟ် မြို့တော်သူ, မြို့တော်သား အားလုံး ကြားသိစေရန် ကြွေကြော်ရသဖြင့် ဤကံကို ပကာသနီယကံဟု ဆိုရပေသည်။

[စူဠဝဂ်ပါဠိတော်၊ သံဃဘေဒကက္ခန္ဓက ပကာသနီယ ကမ္မာဒိကထာ]

လာခြင်းကောင်းသော ဒေဝဒတ်

ပကာသနီယကံ ပြုရာတွင် ပါဝင်ခဲ့သော စကားများအတိုင်း ဒေဝဒတ် ယခင်က စိတ်သဘောနှင့် ယခု စိတ်သဘော မတူ တော့ပါ။ မတူသည်မှာ သာမန် ကွဲပြားရုံမျှ မဟုတ်တော့။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ပမာ ပြောင့်ပြောင့်ကြီး ပင် ဆန့်ကျင်လာခဲ့ပါပြီ။

ကျွန်ုပ်တို့နှင့် အတူ သာသနာ့ဘောင် ဝင်ရောက်စဉ်က ဒေဝဒတ်သည်လည်း သံသရာဝဋ်မှ ကျွတ်ရေး,လွတ်ရေးသာ ဖြစ်၏။ ကျွတ်ရေး,လွတ်ရေး ကိစ္စတွင် အထောက်အကူ ဖြစ် စေရန် လောကီစျာန်များ ရရှိအောင် ကြိုးစားခဲ့၏။ ပညာ အခြေခံ ကောင်းသူ ဖြစ်သဖြင့် သူ ကြိုးစားသလောက်လည်း အောင်မြင်ခဲ့၏။ လောကီစျာန်အဘိညာဉ်ဖြင့် တန်ခိုးအမျိုးမျိုး ပြနိုင်သည့် အဆင့်ထိ ရောက်ခဲ့၏။ ဤ စျာန်အဘိညာဉ်ကို အခြေပြုကာ အခြား သီတင်းသုံးဖော်များ နည်းတူ လောကုတ္တရာ စခန်းသို့ အရောက် လှမ်းခဲ့ပါလျှင် ကောင်းလေစွ။ ဤသို့ဆိုလျှင် သာသနာတော်ကြီးအတွက် အမည်းကွက်ကြီး

ထင်ခဲ့မည် မဟုတ်ပါ။ စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စများကိုလည်း ကျွန်ုပ် တင်ပြနေရမည် မဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်ဆုတောင်း မပြည့်ခဲ့သဖြင့် ပြောသူရော, နာသူပါ စိတ်မချမ်းမြေ့ရသော သတင်းဆိုးများကို တင်ပြရပါတော့မည်။

လမ်းခွတ်လတ်မှာ လမ်းဆုံးသူ

ဤ သာသနာတော်သည် လောကုတ္တရာရေးအတွက် ဦးတည်ထားသော်လည်း လောကီချောန်အတိညာဉ်များကို ပစ်ပယ်မထားပါ။ သူ့နေရာနှင့်သူ ထိုက်ထိုက်တန်တန်နေရာပေးထားပါ၏။ ဤသို့ နေရာပေးထားသည်မှာ မြေလျှိုးမိုးပျံ ချောန်တန်ခိုးတွေ ပြနေရန် မဟုတ်ပါ။ ချောန် တန်ခိုးကို ဗန်းပြ၍ တဘာ–တကာမများ၏ ပစ္စည်း လေးပါးကို မြှူဆွယ် စားသောက်ရန် မဟုတ်ပါ။ သံသရာဝဋ်မှ ကျွတ်လွတ်ရာစခန်းသို့ တက်လှမ်းရာတွင် အထောက်အကူ ပြုရုံမျှသာ ဖြစ်ပေသည်။

ကျွန်ုပ်တို့ ညီတော် ဒေဝဒတ်ကား အထောက် အကူကို အထွတ်အထိပ် တင်ခဲ့၏။ အခြေခံမျှဖြင့် အားရ ကျေနပ်ကာ လမ်းခွတ်လတ်မှာပင် လမ်းဆုံးသွားခဲ့၏။ ပင်ကို စိတ်ဓာတ်အတိုင်း ရိုးသားစွာ တည်ရှိ၍ ဖြောင့်ဖြောင့်မှန်မှန် လျှောက်ခဲ့ပါလျှင် သူသည်လည်း အရိယာစာရင်း ဝင်မည်သာဖြစ်၏။ သို့ပါလျက် သူသည် လမ်းဆုံးထိအောင် လျှောက်မလာခဲ့။ ချောန်တန်ခိုးပြ၍ ရရှိလာသော လာဘ်သပ္ပကာများဖြင့်သာ အားရ ကျေနပ်ကာ ဂယာသီသမြို့၌ သူ့တပည့်၊ သူ့တကာ

အဇာတသတ်မင်းသားဆောက်လုပ်တင်လှူထားသော ကျောင်းတိုက်ကြီးတွင် တခမ်းတနား စိုးစံလျက် ရှိပေသည်။

[ဧကနိပါတ် ဇာတ်အဋ္ဌကထာ၊ သဉ္ဇီဝဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]၊

အလိုဆိုးကြီး ပေါ်လာပြီ

အိမ်ရှေ့မင်းသား ဆောက်လုပ်ထားသော ကျောင်းတိုက်ကြီးတွင် ဒေဝဒတ်၏ တပည့် ရဟန်းများကလည်း ငါးရာအထိ ရှိနေကြ၏။ ကျောင်းတကာ အဇာတသတ် မင်းသားသည် ရာဇဂြိုဟ် မြို့တော်မှ တုန်းကကဲ့သို့ တနေ့နှစ်ခေါက် မလာနိုင်တော့သော်လည်း အချိန်ရလျှင် ရသလို ရောက်တတ်ပါ၏။ တနေ့အတွက် ဆွမ်းအုပ် ငါးရာကိုကား မပျက်မကွက် ပို့စေပါ၏။ ဂယာသီသမြို့မှ တကာ-တကာမများမှာလည်း ကျောင်းတကာ မင်းသား၏ အရှိန်အဝါဖြင့် သည်ကျောင်းတိုက်၏ ပစ္စည်းလေးပါး တကာ-တကာမများ ဖြစ်လာကြရပေသည်။

ထို့ကြောင့်ပင် ဒေဝဒတ်သည် မိမိဘုန်းကံကို အားကိုးကာ သာသနာတော်ကြီးတခုလုံးကို ဘုရားရှင်ထံမှလွှဲပြောင်းယူတော့မည်ဟု စိတ်ဖြင့်ပြစ်မှားမိ၏။ ဤသို့ ပြစ်မှားမိသည်နှင့်တပြိုင်နက် ရရှိထားသော ဈာန်အဘိညာဉ်တန်ခိုးများ ကွယ်ပျောက်သွားပေတော့သည်။

ပကာသနီယကံမှာ ပါရှိသည့်အတိုင်း ဒေဝဒတ်၏ စိတ်သဘောများ ပြောင်းလဲသွားခြင်းမှာ ထိုစဉ်ကပင် စတင်ခဲ့၏။ ထိုစဉ်ကပင် အရှင်မဟာမောဂ္ဂလာန်သည် ဤအကြောင်းကို

ဘုရားရှင်ထံ လျှောက်ထားခဲ့၏။ သို့သော် ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်ကို ဤစကား မပေါက်ကြားရန် တားမြစ်တော်မူခဲ့၏။ 'တနေ့ကျမှ သူ့အမှုနှင့်သူ ထင်ပေါ်လာမည်'ဟု မိန့်ကြားတော်မူခဲ့၏။

မိန့်ကြားတော်မူသည့်အတိုင်း ယခုတော့ သူ့အလိုဆိုးကြီးများ ဘွားဘွား ပေါ်၍လာပါပြီ။

"အရှင်ဘုရား၊ ယခုအခါ ဘုရားရှင်သည် အိုမင်းခဲ့ပါပြီ။ အသက်အရွယ် ကြီးရင့်ခဲ့ပါပြီ။ ပစ္ဆိမရွယ်သို့ ရောက်ပါပြီ။ သို့ဖြစ်ပါ၍ ဘုရားရှင်သည် မျက်မှောက်ဖြစ်သော ဖိုလ်ချမ်းသာကို ခံစား၍ ကြောင့်ကြမဲ့စွာ နေတော်မူပါလော့။ ရဟန်းပရိသတ်ကို တပည့်တော်ထံ လွှဲအပ်တော်မူပါလော့။ ရဟန်းပရိသတ်ကို တပည့်တော် ဦးဆောင်ဦးရွက် ပြုပါမည်ဘုရား"

သာသနာတော် ပေါ်ထွန်းလာသည်မှစ၍ ဘယ်တုန်းကမျှ မကြားခဲ့ဘူးသော စကားများပါတည်း။ ရဟန်းရှင်လူ မည်သူတဦးတယောက်မျှ မလျှောက်ရဲခဲ့သော စကားများပါတည်း။ လက်တွေ့ လျှောက်ထားရန် မဆိုထားနှင့်၊ စိတ်ကူးရုံနှင့်ပင် ကြက်သီးမွေးညှင်း ထလောက် ပါဘိ၏။ လျှောက်ထားသူကိုယ်စား ကြားရသူများပင် ရှက်မိကြပါ၏။

ဒေဝဒတ်၏ မျှော်လင့်ချက်

သို့သော် ဒေဝဒတ်၏ မျက်နှာတွင်ကား ရှက်သောအမူအရာ၊ ကြောက်သောအမူအရာဟူ၍ စိုးစဉ်းမျှမရှိပါ။ လပေါင်းများစွာ၊

နှစ်ပေါင်းစွာ မျှော်လင့်လာခဲ့သော ဆုလာဒ်ကြီးကို ခံယူရအံ့သော သူရဲကောင်းကြီးကဲ့သို့ အားပါးတရ ရှိလှပါပေသည်။

သူ့ဘက်ကကြည့်မည် ဆိုတော့လည်း အားရချင်စရာ ဖြစ်ပါ၏။ ဘုရားရှင်ရွှေတော်မှောက် ရောက်နေကြသော ပရိသတ်များမှာ ခါတိုင်းလို ရဟန်းများချည့် မဟုတ်ပါ။ သူ့ ဆွမ်းတကာ အဇာတသတ်အမှူးရှိသော မင်းညီမင်းသားများလည်း ပါ၏။ အဇာတသတ်မျက်နှာဖြင့် ရာထူးရခါစ မှူးကြီး မတ်ကြီးများလည်း ပါ၏။ ဒေဝဒတ်ထံမှာ ဆည်းကပ်နေကြသော အရပ်သူ အရပ်သားများလည်း ပါ၏။ ရဟန်းပရိသတ်များတွင် သူ့ဆွမ်းကိုစားနေသောပရိသတ်က အများစု ဖြစ်နေပေသည်။ သည်တပွဲတွင် ပရိသတ်အင်အားပြ၍ အကျပ်ကိုင် အနိုင်ယူရန် စီမံထားခြင်း ဖြစ်ပါသည်။

သူ့အစီအမံများသည် စနစ်တကျ ရှိလှပါဘိ၏။ အကွက်များလည်း စေ့လှပါ၏။ ဤလိုအခွင့်အခါထူးကို ရရှိနိုင်ရေးအတွက် နှစ်ပေါင်းများစွာ ကြံစည်ခဲ့ပါလိမ့်မည်။ လပေါင်းများစွာ စီမံခဲ့ရပါလိမ့်မည်။ ကိုယ်ရော စိတ်ပါ လုံ့လကြီးစွာ စိုက်ခဲ့ရပါလိမ့်မည်။ ယခုတော့ သူ့ကြိုးစားမှုများ အကောင်အထည် ပေါ်လာပါပြီ။ သူ့ လိုအင်ဆန္ဒများအတွက် အခါအခွင့် သင့်လာပါပြီ။ ဤသို့သောအခါအခွင့်မျိုး ဘယ်တုန်းကမျှ မသင့်ခဲ့ဘူးချေ။ နောက်နောင်လည်း ဤမျှလောက် အခွင့်သင့်ဖို့ မလွယ်တော့ချေ။ မိမိ ဘုန်းကံအလျောက် ပေါ်ပေါက်လာသော အခါအခွင့်ကို ကောင်းကောင်းကြီး အသုံးချလိုက်ပါချေပြီ။

မျှော်လင့်ချက် ပျက်သုဉ်းလေသော်

ပရိသတ်အားလုံး၏ မျက်လုံးများသည် ဒေဝဒတ်၏လက်အုပ်မှ တဆင့် ဘုရားရှင် မျက်နှာတော်သို့ စူးစိုက်နေကြ၏။ နားရှိသမျှ သည် ရွှေနှုတ်တော်မှထွက်ကျလာမည့်အသံကို ငံ့လင့်နေကြ၏။ ကျွန်ုပ်သည် ဘုရားရှင်၏ လက်ယာနံပါးမှ ပရိသတ်များဆီ မျက်နှာမူကာ ထိုင်နေခဲ့သဖြင့် ပရိသတ်အားလုံး မျက်နှာရိပ် မျက်နှာကဲကို မျက်မြင်သုံးသပ်ခွင့် ရခဲ့ပေသည်။ ထို အခိုက် အတန့်ကလေးမှာပင် ကျွန်ုပ်စိတ်သည် အတွေး အာရုံ များစွာ ဖြင့် ရှုပ်ထွေးနေခဲ့၏။ တမဟုတ်မျှသော ကာလကလေးကိုပင် ကမ္ဘာချီ၍ ကြာသည် ထင်ခဲ့၏။

"ဒေဝဒတ်၊ သာရိပုတ္တာရာနှင့် မောဂ္ဂလာန်တို့ကိုပင် ရဟန်း ပရိသတ်ကို ငါဘုရား မလွှဲအပ်ခဲ့။ သင်ကဲ့သို့ ယုတ်မာသောသူ၊ သူများတံတွေးပေါက် ကောက်၍မျိုသောသူအား အဘယ်မှာ လွှဲအပ်ပါမည်နည်း"

မိန့်ကြားသံ အဆုံးဝယ် 'ဟယ်'ကနဲ အသံကြီး တခဲနက် ထွက်ပေါ်လာ၏။ ဒေဝဒတ်ကို လိုလားသော ပရိသတ်အများစု ထံမှ ဖြစ်၏။ ထိုအသံကြီးနှင့်အတူ ဒေဝဒတ်၏လက်အုပ်သည် အရင်းမှ လှီးဖြတ်လိုက်သော ကြာဖူးကဲ့သို့ ငိုက်ကျသွား၏။ မျှော်လင့်ခြင်းဖြင့် ဝင်းပြောင်နေသောမျက်နှာသည် တမဟုတ် ချင်းဖြင့် ညိုမည်းသွား၏။ သူ့မျက်လုံးများသည် ဘုရားရှင်ထံမှ

ကြမ်းပြင်ဆီ စိုက်ကျသွား၏။ မျက်ရည်ပေါက်ကြီး လေး-ငါး ပေါက်ပင် ကြမ်းပြင်ပေါ် ကျလာကြ၏။

အထိနာသူ၏ ရန်ငြိုး

ရှက်ရှာပေလိမ့်မည်။ ဝမ်းနည်းရှာပေလိမ့်မည်။ သူ့ကို ကြည်ညို လေးစားသော ပရိသတ်ကြီး ရှေ့မှာမှ 'ယုတ်မာသူ၊ သူများ တံတွေးပေါက် ကောက်၍မျိုသူ'ဟု အပြောအဆို ခံလိုက်ရ၏။ မျှော်လင့်ထားသော ဆုလာဘ်ကြီးအစား သူ့အတွက် နစ်နာ လွန်းလှသော စကားလုံးများကိုသာ ခံယူလိုက်ရ၏။

'ယုတ်မာသူ'ဟူသောစကားမှာ တိုက်ရိုက်မြွက်ဆိုထားခြင်း ဖြစ်၏။ 'သူများတံတွေးပေါက် ကောက်၍မျိုချသူ' ဟူသည် ကား တင်စားချက်ဖြစ်၏။ တကာ-တကာမများကို အံ့ဖွယ်သူရဲ ထူးကဲသောတန်ခိုးများ ပြ၍ ရရှိလာသော ပစ္စည်းများသည် အရိယာပုဂ္ဂိုလ်များ ထွေးထုတ်သော တံတွေးပေါက်များနှင့် တူ၏။ အရိယာပုဂ္ဂိုလ်များ စက်ဆုပ်ရွံရှာသောကြောင့် ဖြစ်၏။ ဤပစ္စည်းများကိုပင် ဒေဝဒတ်က မက်မက်မောမော လက်ခံ သုံးစားနေသဖြင့် ဤနာမည် တပ်ပေးတော်မူရခြင်း ဖြစ်ပေ သည်။

ပရိသတ်လေးပါး အလယ်၌ အရှက်တကွဲ အကျိုးနည်းခဲ့ရ သော ဒေဝဒတ်သည် ထိုစဉ်ကပင် ဘုရားရှင်ကို ရန်ငြိုးထားခဲ့ ပါလိမ့်မည်။ သို့သော် ရှေ့တော်မှောက်တွင်ကား ဘုရားရှင်ကို

သူ မလေးမစား မလုပ်ရပါ။ ထို့ကြောင့်ပင် လက်အုပ်ချီကာ လက်ယာရစ် လှည့်၍ ရှိခိုး ဦးခိုက်ကာ ထွက်ခွာသွားရပါပေသည်။

[စူဠဝဂ်၊ သံဃဘေဒကက္ခန္ဓက၊ ပကာသနီယကမ္မာဒိကထာ၊ ပါဠိတော်နှင့် အဋ္ဌကထာ]

အသုံးမကျသော ယောကျ်ားတယောက်

ဒေဝဒတ် နေရာက ကြည့်မည် ဆိုလျှင် ဤစကားများသည် ရန်ငြိုးထားလောက်အောင် ပြင်းထန်နေပါလိမ့်မည်။ ရက်စက်လွန်းရာ ကျနေပါလိမ့်မည်။ သို့သော် ဤသို့သောစကားများကို ဘုရားရှင် ဤတကြိမ်သာ မိန့်တော်မူခဲ့သည်မဟုတ်ပါ။ ကလန္ဒက သဋ္ဌေးသား အရှင် သုဒိန်တုန်းကလည်း 'မဂ်ဖိုလ်မရ အသုံးမကျသောယောကျ်ား' ဟု မောင်းမဲတော် မူခဲ့ဘူးပါသည်။ မိဘများ တိုက်တွန်းချက်အရ အရှင်သုဒိန်သည် မယားဟောင်းနှင့် ပေါင်းခဲ့မိ၍ ဖြစ်ပါသည်။ သိက္ခာပုဒ် မပညတ်ရသေးခင် ကျူးလွန်ခဲ့သည်ဖြစ်၍ ထိုပြစ်မှုဖြင့် ပထမပါရာဇိက အာပတ်ကား မသင့်ပါ။ သို့သော် ပရိသတ်ဗိုလ်ပုံအလယ် အမောင်းအမဲ ခံရပြီးနောက် စိတ်နှလုံး မချမ်းမြေ့နိုင်တော့သဖြင့် မဂ်ဖိုလ် မရ အသုံးမကျသော ယောကျ်ား ဘဝဖြင့် ဇာတ်သိမ်းသွားရရှာပေသည်။

[ပထမပါရာဇိက ပါဠိတော်၊ သုဒိန္နဘာဏဝါရ]

ကြောက်ခမန်းလိလိ ဒေသနာတော်ကြီး

ကောသလတိုင်း ဒေသစာရီ လှည့်လည်ရာတွင် ပါဝင်ခဲ့သော ရဟန်းများကား သူ့ထက်ပင် အဖြစ်ဆိုးကြပါသေးသည်။ တောလမ်းတနေရာ၌ အရှိန်ပြင်းစွာ တောက်လောင်နေသော တောမီးကြီးကို တွေ့လေရာ ဘုရားရှင်က—

"ရဟန်းတို့၊ ရဟန်းဟု ဝန်ခံထားပါလျက် ရဟန်းတို့ အကျင့်သိက္ခာမရှိ၊ အပြစ်အနာအဆာများသာ ပြည့်နေသော ရဟန်းအဖို့ နူးညံ့သော လက်ခြေရှိသော မိန်းမပျိုကို ပွေ့ဖက်နေရခြင်းထက် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးကို ပွေ့ပိုက်နေရခြင်းက မြတ်သေး၏" ဟု မိန့်တော်မူခဲ့၏။

ထိုမှ ဆက်လက်၍ သီလမရှိပဲ တကာ – တကာမတို့၏ ဒူးတုပ် အရိုအသေပေးမှုကို ခံရခြင်းထက် ခြေသလုံးနှစ်ဘက်ကို သားရေလွန်ကြိုးဖြင့် ရစ်ပတ်၍ အရေ၊ အသား၊ အကြောတို့ ပြတ်ကာ ရိုးတွင်းခြင်ဆီထိသွားအောင် လျှော်တိုက်ခံရခြင်းက မြတ်ပုံ၊

သီလမရှိပဲ တကာ-တကာမတို့၏ လက်အုပ်အချီ ခံရခြင်းထက် ထက်စွာသောဓားဖြင့် ရင်ဝကိုအထိုးခံရခြင်းက မြတ်ပုံ၊

သီလမရှိပဲ တကာ, တကာမတို့ လှူသော သင်္ကန်းကိုဝတ်ရုံရခြင်းထက် အလျှံပြောင်ပြောင် တောက် လောင် နေသော သံပြားဖြင့်အပတ်ခံရခြင်းကမြတ်ပုံ—တသီတတန်းကြီးမိန့်ကြားတော်မူခဲ့၏။

ကြောက်ခမန်းလိလိ ဒေသနာတော်ကြီး ကြားနာရသူများ တွင် ရဟန်း ၆၀ သွေးအန်ကြ၏။ အခြားရဟန်း ၆၀ လူထွက် သွားကြ၏။ ကျန်သောရဟန်း ၆၀ ကား သတိသံဝေဂရပြီး တရားကျင့်သုံးကြသဖြင့် ရဟန္တာအရှင်မြတ်ကြီးများ ဖြစ်သွား ကြပေသည်။

[အင်္ဂုတ္တရပါဠိတော်၊ သတ္တကနိပါတ်၊ အဂ္ဂိခန္ဓောပမသုတ်]။

သစ်ရွေသောအခါဝယ်

ဤဝတ္ထုကြောင်းများကို ပြန်လည် သုံးသပ် ကြည့်ပါလျှင် အရှင်သုဒိန္နပတ်ခေါ်ချမ်းမြေ့နိုင်သောဘ့ခြင်း၊ရဟန်း ၆၀ သွေးအန် ကြရခြင်းတို့သည် ဘုရားရှင်၏မိန့်ကြားချက်များနှင့် ဆက်နွယ် လျက် ရှိနေကြ၏။ သို့သော် ဘုရားရှင်၏မိန့်ကြားချက်ကြောင့် ဖြစ်ရသည်ဟူ၍ကား မဆိုနိုင်ပါ။ ကြောက်ခမန်းလိလိ ဒေသ နာတော်ကြီးကို ကြားနာရပြီးနောက် တိုးပွား လာသော ရဟန္တာ ၆၀ က ဤအချက်ကို သက်သေခံလျက် ရှိပေသည်။

တကယ်တော့ဖြင့် ဘုရားရှင်ကိုယ်တော်မြတ် သာသနာပြု ရခြင်းမှာ သစ်ရွေသကဲ့သို့သာဖြစ်၏၊ လက်သမားများ သစ်ရွေ သောအခါ ချောမွတ် ဖြောင့်တန်းသောတိုင်များ ရရှိရေးကို သာ ဦးတည်သွားရ၏၊ အကိုင်းအခက်များ၊ အဖုအထစ် များကို ငဲ့ညှာနေ၍မရပေ။ ထို့အတူပင် ကျွန်ုပ်တို့သာသနာ တော်ကြီး အရှည်သဖြင့် တည်တံ့ရေးအတွက်သည်း ကာလ ကာ ရဟန်းများကို ငဲ့ညှာနေ၍မရနိုင်ပါ။ သူတို့ကို ပြုပြင်ရ

လျှင် ပြုပြင်ပေးပေမည်။ ပြုပြင်၍မရတော့လျှင် အပြီးအပြတ် သုတ်သင်ပစ်ရပေမည်။ သို့မှသာ အကျင့်သိက္ခာ ဉာဏ်ပညာ ရှိသော ရဟန်းများက သာသနာတော်ကြီး အစွန့်ရှည်အောင် စွမ်းဆောင်နိုင်ကြမည် ဖြစ်ပေသည်။

အဝင်ဆိုးသောဆေးခါးကြီး

ဘုရားရှင်သည်အကျိုးမရှိ၊ မဟုတ်မမှန်သောစကားကို ပြောဆိုရိုးမရှိပေ။ ဟုတ်မှန်၍အကျိုးရှိသောစကားကိုပင် သူတပါး နာခံသာအောင် သာယာညှင်းပျောင်း ပြောဆိုတော်မူခဲ့၏။ သို့သော် ခြွင်းချက်ကားရှိ၏။ အကယ်၍ ပြင်းပြင်းထန်ထန် ပြောဆိုရန် အကြောင်းဆိုက်လျှင်ကား မည်သူ့ မျက်နှာမျှ မထောက်ပဲ မောင်းမဲတော်မူခဲ့ရပေသည်။

ပြစ်မှုကျူးလွန်ထားသူများအဖို့ ဤစကားများကို နားခံနိုင်ဖွယ်မရှိပါ။ သို့သော် လောလောပူသောရေသည်ပင် ရှုံညွန်များကို ပျော့ပျောင်း အောင် စွမ်းအောင် နိုင်သေး၏။ နွားကျင်ငယ်ရေသည် အနံ့မကောင်းသော်လည်း သောက်သုံးလျှင် ရောဂါ ပျောက်စေနိုင်သေး၏။ ဆေးခါးကြီးသည် အဝင်ဆိုးသော်လည်း ရောဂါပျောက်စေနိုင်သေး၏။ ထို့အတူပင် ပြင်းထန်လှသော ဤစကားမှာလည်း မာန်မာနခက်ထန်သူများကို ပျော့ပျောင်းစေရန်ဖြစ်ပေသည်။ မာန်မာနရောဂါ တက်နေသောသူများကို ရောဂါပျောက်၍ ချမ်းသာကြစေရန် ဖြစ်ပေသည်။

ယခုဒေဝဒတ်ကို မိန့်ကြားတော်မူလိုက်သော စကားများမှာလည်း ဤသို့သောရည်ရွယ်ချက်များ ပါရှိနေပါလိမ့်မည်။ တနည်းအားဖြင့်ဒေဝဒတ်လိုပုဂ္ဂိုလ်မျိုးကို ဤကဲ့သို့မခေပြောလျှင် မဖြစ်သဖြင့် ပြတ်ပြတ်သားသားမိန့်ကြားတော်မူရခြင်းဖြစ်ပါလိမ့်မည်။

[မိလိန္ဒပဉှာ၊ ပဏာမိဘဝဂ်၊ ဘုရားရှင်အား သတ္တဝါတို့၏ အကျိုးစီးပွား လိုလားမှုရှိ,မရှိပြဿနာ၊ ဘုရားရှင်အား ကြမ်းတမ်းသောစကား ရှိ,မရှိ ပြဿနာ]

လူတန်းစားနှစ်မျိုး အသံနှစ်မျိုး

ပကာသနီယကံနှင့်ပတ်သက်၍ရာဇဂြိုဟ်မြို့တော်တွင်းမှ ပွဲတင်သံနှစ်မျိုးပေါ်ထွက်လာခဲ့၏။ တသံမှာ 'သကျမျိုးနွယ် ရဟန်းများသည် ဒေဝဒတ်၏လာဘ်လာဘကို မနာလိုလေစတကား' ဟူ၍ဖြစ်၏။ အခြားတသံမှာကား 'ဘုရားရှင် ကိုယ်တော်တိုင်က ညွှန်ကြားသောကံဖြစ်၍ ယုတ်ညံ့သော အမှုတခုမဖြစ်နိုင်ပါ' ဟူ၍ဖြစ်၏။ မည်သို့သောပရိသတ်က မည်သို့အသံထွက်မည်ကို ကျွန်ုပ်၏ပရိသတ်များအလွယ်တကူ ခွဲခြားနိုင်ကြမည်ထင်ပါသည်။

ကြိုတင်ကာကွယ်ခြင်း

မည်သို့ပင်ဖြစ်စေ၊ ဒေဝဒတ်အဖို့ ဤလိုစကားမျိုးကို နောက်ထပ် ပြောဝံ့မည် မဟုတ်တော့ပါ။ သို့ဖြစ်လျှင် ယခုပြုသော

ပကာသနိယကံသည် အလုပ်ပိုဖြစ်မနေပါလော။ အရှုံးပေးကာ ထွက်ခွာသွားလေသူတယောက်အား ထပ်မံ၍ ဒဏ်ခတ်ရာ ကျမနေပါလော။

ဒေဝဒတ်အား ထပ်မံ၍ဒဏ်ခတ်ခြင်းကား ဟုတ်ပါ၏။ သို့သော် အလုပ်ပိုကားမဟုတ်ပါ။ မလုပ်လျှင်မဖြစ်၍ လုပ်ရသောကံသာဖြစ်ပေသည်။ ရဟန်းပရိသတ်အပေါ် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်ထားရခြင်းသာ ဖြစ်ပေသည်။

၎င်းသို့ သဘောပေါက်လာခြင်းမှာ မအောင်မြင်သောနန်းတွင်းလုပ်ကြံမှုကြီးကြောင့် ဖြစ်၏။ ၎င်းအမှုကြီး၏ထရားခံနှစ်ယောက်ကား ဒေဝဒတ်နှင့် အဇာတသတ်တို့ပါတည်း။

ရှုံးသော်လည်း နိုင်ရမည်

ပြင်းပြင်းထန်ထန် အမောင်းအမဲခံလိုက်ရသဖြင့် ဒေဝဒတ်သည် ပရိသတ်အလယ်မှ ခေါင်းငုံ့ ထွက်သွားခဲ့သည် မှန်ပါ၏။ သို့သော် သူ၏ခေါင်းသည် အမြဲတမ်း ငုံ့နေမည် မဟုတ်ပါ။ ရွှေတော်မှောက်မှာ မလှန်သာ၍ ငုံ့ခဲ့ရသော်လည်း သူ့ကျောင်းသူ့ကန် ရောက်လျှင်ကား မော့လာဦးမည် ဖြစ်ပါသည်။ အိမ်ရှေ့စံ အဇာတသတ်သည် သူ့ကျောင်းသို့ ရောက်မြဲတိုင်း ရောက်ပါလိမ့်ဦးမည်။ လှူမြဲတိုင်း လှူပါလိမ့်ဦးမည်။ သူ့ကို အထင်ကြီးမြဲကြီး၍ သူ့သြဇာကို နာခံမြဲ နာခံပါလိမ့်မည်။

ဤမျှလောက် အားကိုးအားထား ရှိနေသော ဒေဝဒတ်သည် အရှုံး သက်သက်ဖြင့် ပွဲသိမ်း ခံနိုင်မည် မဟုတ် ပါ။ ဒေဝဒတ်သည်လည်း ကျွန်ုပ်တို့ သကျ မျိုး နွယ် ပင် ဖြစ်၏။ သကျမျိုးနွယ်တို့၏ မာနကို ကျွန်ုပ်၏ ပရိသတ်များ ကြားဘူးကြပါလိမ့်မည်။ အကြောင်း သင့်သော တနေရာမှာလည်း ထပ်၍ ကြားကြရပါဦးမည်။ မျိုးရိုး စဉ်ဆက် အမွေရလာခဲ့သော ဤမာနကို တရားအသိ ရှိသူများသာ ချိုးနှိမ်နိုင်ကြ၏။ ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးကား ထိုမာနကို လက်သပ်မွေးထားသူ ဖြစ်၏။ ရလိုသော ဆုလာဘ်ကို အသားတကြည် တောင်းယူ၍ မရနိုင်သော် တိုက်၍ ယူမည့်သူပါတည်း။

တောင်း၍မရနိုင်သော ဆုလာဘ်ကို သူမည်သို့ တိုက်ယူမည် နည်း။ တိုက်ယူရန် နည်းလမ်းကား တနည်းသာ ရှိ၏။ ရဟန်း ပရိသတ် အားလုံးကို လွှဲအပ်ရန် ငြင်းဆန်သူမှာ ဘုရားရှင် ဖြစ်၍ ဘုရားရှင်ကို သူလုပ်ကြံ သတ်ဖြတ်ရပါတော့မည်။

ကျောင်းတကာ ဘုရင်ကြီးကို ဖယ်ရှားရန်

ကောင်းပါပြီ။ မဆို့ဆိုကောင်း ဘုရားရှင်ကို လုပ်ကြံ သတ်ဖြတ်၍ ပြီးပြီဆိုပါစို့။ ဤမျှဖြင့် သူ့လိုအင်ဆန္ဒ ပြည့်ဝမည်လော။ မပြည့်ဝသေးပါ။ ရဟန်း ပရိသတ် အားလုံးသည် ဘုရားရှင် မရှိတော့သော်လည်း သူ့ဘုန်းရိပ်အောက် ရောက်လာကြဦးမည် မဟုတ်ပါ။ သူတို့ဘာသာ လွတ်လပ်စွာနေကြ

မည်ဖြစ်၏။ ထိုရဟန်းတို့ကို မိမိခြေရင်းသို့ အရောက်ခေါ်ယူနိုင်ရန်ကား ပြည့်ရှင်မင်းတို့၏ အာဏာနှင့်သာ ရနိုင်ပေလိမ့်မည်။

ဤလို ကိစ္စမျိုးအတွက် အားကိုး နိုင်မည့်သူမှာ အဇာတသတ် တဦးတည်းသာ ရှိနေ၏။ သို့သော် အဇာတသတ်မှာလည်း အချုပ်အခြာ အာဏာပိုင် မဟုတ်သေး။ မင်းဧကရာဇ်နေရာမရသေး။ မင်းဧကရာဇ် နတ်ရွာစံလျှင် ထီးနန်း ဆက်ခံရန် လျာထားခံရသူမျှသာ ရှိသေးသည်။ သူ့ဖခင် ဘုရင်ကြီးမှာလည်း ကျန်းမာရေး ကောင်းသူ ဖြစ်၍ တော်တော်နှင့် နတ်ရွာစံမည် မဟုတ်သေးချေ။ သူနတ်ရွာမစံသေးသမျှလည်း သူ့ဆန္ဒ ပြည့်ဝနိုင်ဦးမည် မဟုတ်ပေ။

သို့ဖြစ်၍ ဒေဝဒတ်၏ အနာဂတ် လမ်းကြောင်း ရှေ့မှာ ကန့်လန့်ဆီးနေသည်ကား ကျောင်းတကာဘုရင်ကြီး ဗိမ္ဗိသာရ ဖြစ်နေ၏။ ထိုအကာ အဆီးကို ဖယ်ရှားရန် မည်သို့ ကြံစည်လိမ့်မည်နည်း။

နန်းတော်စောင့် အမတ်များ၏ လက်တွင်း၌ ဒေဝဒတ်၏ အကြံအစည်သည် ဘွားကနဲ ပေါ်လာခဲ့ပါ၏။ ကြောက်ခမန်းလိလိဖြစ်ပါ၏။ ကြက်သီးမွေးညှင်း ထလောက်ပါဘိ၏။

ခမည်းတော်ဘုရား ခန်းမဆောင် တွင်းသို့ နေ့ကြောင်တောင် ချွတ်နင်း၍ ဝင်လာသော အဇာတသတ်မင်းသားကို နန်းတော်စောင့် အမတ်များက လက်ရ ဖမ်းဆီး မိကြ၏။ ပေါင်ခြံမှာ ဝှက်လာသော ဓားမြှောင်ကိုပါ ရှာဖွေတွေ့ရှိ

ကြ၏။ အမတ်များက မေးစစ်ရာတွင် မင်းသားကလည်း ရာဇသေ့းပိပိ ဟုတ်တိုင်းမှန်ရာ ထွက်ဆိုခဲ့၏။ ထိုမှဘဆင့် တိုက်တွန်းနှိုးဆော်သူကို မေးစစ်ရာတွင် သူ့ဆရာ ဒေဝဒတ် ဖြစ်ကြောင်း ဖြောင့်ချက်ပေးခဲ့ပေသည်။

မှူးကြီးမတ်ကြီးတို့ သဘောထားများ

နန်းတော်စောင့်များမှ တဆင့် မှူးကြီး မတ်ကြီး အား လုံး ရောက်လာကြသော အခါ ဤအမှုနှင့် ပတ်သက်၍ သဘော သုံးမျိုးကွဲပြားနေကြ၏။

တချို့ အမတ်များက "ဒေဝဒတ်၊ အဇာတသတ် တို့နှင့် တကွ ရဟန်း အားလုံးပါ သတ်သင့်သည်" ဟု ဆိုကြ၏။ ဒေဝဒတ်သည် ရဟန်းတပါးဖြစ်၍ အခြား ရဟန်းများလည်း အလိုတူ အလိုပါ ဖြစ်နိုင်သည်ဟု ယူဆဟန် တူပါသည်။ အကယ်၍သာ ထိုမှူးမတ်များ၏အဆို အောင်မြင်ပါက ကျုန်ုပ် တို့ ကံကြမ္မာ အလွန် ဆိုးရွား သွားပါလိမ့်မည်။ တိုင်းပြည် ဦးသျှောင်ဘုရင်ကြီးကို လုပ်ကြံမှုသည် အကြီးလေးဆုံး ပြစ်မှု ကြီးဖြစ်၍ ထိုအမှုနှင့် စပ်သမျှ အပြင်းထန်ဆုံး ပြစ်ဒဏ်များ ပေးကြပါလိမ့်မည်။

တချို့ကတော့ "ဒေဝဒတ်နှင့် အဇာတသတ် တို့ကိုသာ သတ်သင့်သည်။ ရဟန်းများကို မသတ်သင့်" ဟု ဆိုကြ၏။ အပြစ်ရှိသူနှင့် အပြစ်ကင်းသူကို ခွဲခြားတတ်သဖြင့် တော်သေး သည်ဟု ဆိုရပါမည်။

တချို့မှာမူ "မည်သူ့ကိုမျှ မသတ်သင့်။ ဘုရင်ကြီးထံသို့ သာ တင်ပြသင့်သည်။ ဘုရင်ကြီး အမိန့်တော် အတိုင်းသာ ဆောင်ရွက်သင့်သည်"ဟု ဆိုကြ၏။

ကြိုတင် ကာကွယ်ခဲ့ရှသာ

နောက်ဆုံးအုပ်စုအဆိုကို အားလုံးကလက်ခံကြသဖြင့် တရားခံ မင်းသားကို ခမည်းတော်ရှေ့မှောက်သို့ပို့ဆောင်၍ ဖြစ်ကြောင်း ကုန်စင် တင်လျှောက်ကြ၏။ အမတ်တို့၏ တင်လျှောက်ချက်ကို ငြိမ်သက်စွာနားထောင်ပြီးလျှင် ကျောင်းတကာဘုရင်ကြီးက—

"အချင်းတို့၊ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့က ဘာအမှုမျိုး ပြုလိမ့်မည်နည်း။ စောစောကပင် ဘုရားရှင်က ဒေဝဒတ်ကို ကြေငြာထားခဲ့သည် မဟုတ်ပါလော"

ဤမိန့်ကြားချက်ကို တဆင့် ကြားနာရခါမှ ကျွန်ုပ်သည် ပကာသနိယကံ ပြုခဲ့ရခြင်း အကြောင်းရင်းကို ပြက်ပြက်ထင်ထင် မြင်ခဲ့ရ၏။ ရှေ့တခေါ်ကျော်၍ မြင်နိုင်စွမ်းသော ဉာဏ်တော်ကိုလည်း မြတ်နိုးကော်ရော် ပူဇော်လိုက်ရပါ၏။

ပကာသနိယကံကို အချိန်မီပြုခဲ့မိ၍သာ နန်းတွင်း လုပ်ကြံမှုကြီး၏ ဓားစာခံအဖြစ်မှ ကျွန်ုပ်တို့တတွေ လွတ်မြောက်ခွင့် ရခဲ့ကြ၏။ သို့သော် ဤကံကြီးမျိုးကို နောက်ထပ် ပြုရမည့် အဖြစ်မျိုးကိုကား မကြုံလိုတော့ပါ။ ကျွန်ုပ်တို့ တသက်တာ တွင်မက သာသနာတော် တည်ရှိနေလေသမျှ ဤကံပြုရမည့် အဖြစ်မျိုး နောက်တကြိမ် မပေါ်ပေါက်စေချင်တော့ပါ။

[စူဠဝဂ် ပါဠိတော်၊ သံဃဘေဒကက္ခန္ဓက၊ ပကာသနိယကမ္မကထာ]

ဝေဒေဟီ ဖြေမဆည်နိုင်ပြီ

နန်းတွင်းရေး သတင်းများ

နန်းတွင်းရေး ရှုပ်ထွေးလာသည်နှင့်အမျှ စကားအရှုပ်အထွေးများသည် ကျောင်းတော်ထိအောင် ဂယက် ရိုက်လာကြ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဤမြို့တော်မှ တော်ရာလျော်ရာ ထွက်ခွာသွားလိုကြပါ၏။ သို့ရာတွင် ဘုရားရှင် ကိုယ်တော်တိုင်က ဒေသစာရီ လှည့်လည်လိုသော အမူအရာ မပြလာသေးသဖြင့် ကျွန်ုပ်တို့မှာ အခြေမပျက် ဆက်၍ နေခဲ့ကြရ၏။ နန်းတော်တွင်းမှ စကားများကိုလည်း အဆက်မပြတ် ကြားနေကြရ၏။

ရာဇဂြိုဟ်မြို့တော်ကြီးမှ ဘုရားရှင် မခွဲခွာခြင်းမှာ တကာ၊ တကာမများကို ငဲ့ညှာ၍လည်း ဖြစ်ပါလိမ့်မည်။နန်းတွင်းရေး ရှုပ်ထွေးဆဲဖြစ်၍ မြို့သူမြို့သားများ စိတ်ချောက်ချားနေကြရာ သူတို့အဖို့ ဘုရားရှင်ကိုဖူးတွေ့နေရ၍ စိတ်သက်သာရာ ရကြပါ လိမ့်မည်။ထောက်ရာ တည်ရာရကြပါလိမ့်မည်။သို့ရာတွင် သူတို့ ရှေ့မှာ ဂူမြေရှုပ်ယှက်ရှုပ်ဘည်ခနရသော ကျွန်ုပ်တို့ကား မသက်သာ လှပါ။ ရာဇဂြိုဟ်နန်းတော်ကြီးမှ သဘင်းမျိုးစုံကို ဆက်ကာ ဆက်ကာ ကြားနေရ၍ဖြစ်ပါသည်။

မအောင်မြင်သော လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ သဘော ထား သုံးမျိုး ရှိကြရာတွင် ပထမအုပ်စုဝင်များမှာ ကံဆိုးရှာ ကြ၏။လစာရိက္ခာ ရုပ်သိမ်းခံကြရ၏။ ဒုတိယအုပ်စုဝင်များမှာ ရာထူးလျှော့ရုံမျှ ခံကြရ၏။ တတိယအုပ်စုဝင်များကား ရာထူး တိုးသွားကြသည်ဟု ဆိုပေသည်။

သားကို ချစ်လွန်လွန်း၍

ဤ ဆုံးဖြတ်ချက်များသည် မင်းကေရာဇ်တို့၏ ကျင့်ထုံးနှင့် မညီပါ။ မင်းကေရာဇ်တို့မည်သည် ဤသို့သော အမှုမျိုး ပေါ် ပေါက်လာပါလျှင် မည်သူ့ကိုမျှ သက်ညှာရိုး မရှိပါ။အပြင်း ထန်ဆုံးသော ပြစ်ဒဏ်ကို ပေးခဲ့သည်ချည့် ဖြစ်၏။ သို့ပါလျက် ကျောင်းတကာဘုရင်ကြီးကား တရားခံကို အပြစ်ပေးဖို့ နေ နေသာသာ အပြစ်ပေးလိုသော မှူးမတ်များကိုပင် ရာထူး လျှော့လိုက်ပါသေး၏။

ဤတွင် တခုတော့ တွက်စရာရှိပါ၏။ ဘုရင်ကြီး ဗိမ္ဗိသာရ သည် အခြားကောရာဇ်များနှင့်မတူ။ အရိယာစာရင်းဝင် ဘုရင် သူတော်ကောင်းကြီး ဖြစ်နေ၍ သားဖြစ်သူကို သက်ညှာလေ သလား။ ဤသို့ စိတ်တွက် တွက်ကြည့်လျှင်လည်း ရနိုင်သည် သာ။ သို့သော် တဘက်ကလည်း ပြန်တွက်ရန် ရှိပါသေးသည်။ အရိယာဘုရင်ကြီး ဖြစ်၍ ပြစ်မှု ထင်ရှားသော သား အဇာ တသတ်ကို မသတ်ပဲ ထားလိုလျှင် ထားနိုင်၏။ အဆောင် အယောင်များ မရုပ်သိမ်းပဲ ထားလိုလျှင် ထားနိုင်ပါ၏။ သို့သော် အပြစ်ပေးရန် ကြံရွယ်သူများကို လစာရိက္ခာ ရုပ် သိမ်းခြင်း၊ ရာထူး လျှော့ပစ်ခြင်းတို့ကား အရိယာတရားနှင့် မဆိုင်တော့ပါ။သားအပေါ် ချစ်လွန်လွန်း၍သာဖြစ်ပါသည်။ ချစ်လှစွာသော သားသည်းချာအပေါ် မှုးမတ်တွေ အပြစ် မရှာရဲအောင် နှိမ်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။ မကြာမီ သူ တို့ကို နေမြဲ ရာထူးများသို့ ပြန်ပို့မည်ဟု မျှော်လင့်ရပါသည်။

မဖွားခင်က ဇာတိပြခြင်း

ကောရာဇ်တဆူဖြစ်ပါလျက် မိမိအသက်ဘေးထက် သားဖြစ်သူ မျက်နှာ မညှိုးရေးကို အလေးထားခဲ့သည့်အတွက် ကျွန်ုပ်တို့ ကား ထူး၍အံ့သြရန် မရှိတော့ပါ။ သည်သားနှင့် ပတ်သက် လာလျှင် သူ့မှာ အနစ်နာခံဘက်ကချည့် ဖြစ်၏။

သည်သားပဋိသန္ဓေနေစဉ်ကပင် မိဖုရားသည် ဘုရင်ကြီး၏ လက်ယာလက်မောင်းသွေးကို သောက်လိုသောချင်ခြင်း ဖြစ်

ပေါ်ခဲ့၏။ အလွန်တရာ အန္တရာယ်ကြီးလှသော အရာဌာနဖြစ်၍ မိဖုရားကြီးသည် မည်သူမျှ မပြောရပဲ အောင့်အည်း၍ နေခဲ့ရ၏။ သို့သော် ရင်တွင်းကချင်ခြင်းကား လျော့သွားသည် မရှိပါ။ ရက်သကြာလေ ပြင်းထန်လေ ဖြစ်ခဲ့၏။ ပြင်းထန်လှသော ချင်ခြင်းတပ်မှုကို အဘင်းအကျပ် အောင့်အည်း နေခဲ့ရသဖြင့် မိဖုရားကြီးမှာ အသွေးအသား ခန်းခြောက်လာရ၏။ အလှကျက်သရေ ယိုယွင်းလာရ၏။ ဤသည်ကို အကဲခတ်မိသော ဘုရင်ကြီးက အကျိုးအကြောင်း မေးရာဘွင်လည်း 'မသိချင်ပါနှင့်' ဟူ၍သာ တွင်တွင်ကြီး ငြင်းနေခဲ့၏။ ဤဘွင် ဘုရင်ကြီးက မရရအောင် စစ်မေးခါမှ အဖြစ်မှန်ကိုဖွင့်ဟလေရာ -

“အို အမိုက်မ၊ ဤမျှလောက် ကိစ္စကလေးကိုပင် ဝန်လေးနေရပါသလော”

ပြောပြောဆိုဆို သမားတော်များခေါ်ယူကာ ရွှေဓားဖြင့် လက်မောင်းကို အဖောက်ခိုင်းကာ ကျလာသော သွေးများကို ရွှေခွက်ဖြင့် ခံယူစေ၏။ ထိုသွေးကို ရေနှင့်ဖျော်ကာတိုက်ပါမှ မိဖုရားကြီး၏ချင်ခြင်း ပြေပျောက်သွားတော့၏။

သေကံမရောက် သက်မပျောက်နိုင်

ဤအချက်ကိုထောက်ရှုကာ နိမိတ်ဖတ် ပညာရှင်များက 'ဤသားသနွေသည် ဘုရင်ကြီး၏ ရန်သူ ဖြစ်လတ္တံ့။ ဖခင် ဘုရင်ကြီးကို ဤသားက သတ်လတ္တံ့' ဟု ဟောကိန်းထုတ်ခဲ့ကြ၏။ ဤဟောကိန်းကို မိဖုရားကြီး ကြားသိရာ အဖသတ်မည့် သား

သန္ဓေကို လွယ်မထားလိုသဖြင့် ဥယျာဉ်ထဲတွင် ကိုယ်ဝန်ကို နှိပ်နယ်စေ၏။ ကိုယ်ဝန်မှာ ပျက်ကျမသွားပေ။ မပျက်လျှင် နေရမည်လားဟု မိဖုရားကြီးက ထပ်ကာထပ်ကာ သွား၍ နှိပ်နယ်စေ၏။ သို့သော် အသက်ပြင်းလှသောကိုယ်ဝန်ကား မပျက်စီးပဲ ကြီးထွားမြဲ ကြီးထွားလာ၏။ ကြာတော့ ဘုရင်ကြီး သိသွားကာ မဖျက်ဆီးနိုင်ရန် အစောင့်များ ချထားလေတော့သည်။

ကိုယ်ဝန်တုန်းက ဖျက်ဆီးမရတော့လည်း ဖွားလျှင် ဖွားချင်း သုတ်သင်ပစ်မည်ဟု မိဖုရားကြီးက ဆုံးဖြတ်ထားပါသေး၏။ သို့သော် သူ့အကြံကို ရိပ်မိထားကြသည်မို့ ဝမ်းကကျွတ်လျှင် ကျွတ်ခြင်း လွှတ်ရာကျွတ်ရာသို့ ပို့သွားကြ၏။ နို့သိမ်းများနှင့် မွေးမြူကာ လူချပ်လူကောင် ဘော်တော်ပီလာခါမှ မိခင်ထံ ပို့ကြ၏။ သည်တော့လည်း သားမျက်နှာ ဖိုးရွှေလကို ကြည့်ကာ မိခင်စိတ်များပွားစည်းလာရပေတော့သည်။

မသေကောင်း၊ မပျောက်ကောင်း မွေးဖွားလာသော သားကလေးကို အဇာတသတ်ဟု နာမည်ပေးလိုက်ကြ၏။ သူကလေး မမွေးဖွားခင်ကပင် 'ဘုရင်ကြီး၏ရန်သူဖြစ်လတ္တံ့'ဟု နိမိတ်ဖတ်ပညာရှင်များက ဟောကိန်းထုတ်ခဲ့ကြ၍ ဖြစ်ပေသည်။

သားသည်းချာ အလိုပြည့်စေဖို့

ဤသည်ကိုထောက်ကာ နိမိတ်ဖတ်ပညာရှင်များ၏ ဟောကိန်းကိုဘုရင်ကြီးက အလေးမထားကြောင်း ထင်ရှားလှ၏။ ထို့

ကြောင့်ပင် သားကလေး အဇာတသတ်သည် မိဘရင်ခွင်မှာ ပျော်ရွှင်ယင်း ကြီးပြင်းလာရ၏။ အရွယ် ကောင်းကောင်း ရောက်လာပြန်တော့လည်း ဘုရင်ကြီးသည် သား သည်းချာ အပေါ် မယုံသင်္ကာစိတ် လုံးဝ မပေါ်လာသဖြင့် အိမ်ရှေ့စံ နေရာကို စိတ်ချ လက်ချ ပေးအပ်ခဲ့ပေသည်။

ဤမျှလောက် ယုံကြည် စိတ်ချထားခဲ့သော သား အဇာတသတ်သည် ယခုတော့ ဖခင်ကြီးကို သတ်ဖြတ်ရန် ကြံစည်ခဲ့ပေပြီ။ ဘာမဆို သားဘက်ကရပ်တည်လာခဲ့သော ဘုရင်ကြီးက သည်အမှုကြီးကိုလည်း ခွင့်လွှတ်ထားရုံမက သားဖြစ်သူ၏ဆန္ဒ အတိုင်း ထီးနန်းကိုပါ လွှဲအပ်ပေးလိုက်ပါသေး၏။

သူတို့ ဆရာတပည့်

အဇာတသတ် အနေနှင့် ဆိုလျှင် ဤမျှဖြင့် ကျေနပ်ပြီ ဖြစ်၏။ သူ လိုချင်သော ထီးနန်းစည်းစိမ်အတွက် ခမည်းတော် ဘုရင် ကြီးကို မသတ်ရပဲ ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ သို့သော် သူ့လို ဝမ်းမသာနိုင်သူက ရှိနေပေသေးသည်။

"မင်းသား၊ သင်သည် မြွေခွေးကို အတွင်းမှာထားကာ စည်ကျက်သူကဲ့သို့ ဖြစ်နေချေပြီ။ သူ့အလုပ်ကို ဟုတ်လှပြီ ထင်နေသော်လည်း တနေ့နေ့မှာ ဒုက္ခရောက်မည်ဖြစ်၏။ စည် အတွင်းက မြွေခွေးသည် မကြာမီ သားရေကိုကိုက်ဖောက်ကာ ထွက်လာနိုင်သကဲ့သို့၊ သင့် ခမည်းတော်သည်လည်း သင့်ကို မကြာမီ အန္တရာယ်အယှက် ပေးနိုင်သေး၏။ သင် လုပ်ပုံကိုင်ပုံ

ဆက်ဆံပုံများကို စိတ်တိုင်းမကျလျှင် သင့်လက်မှ ထီးနန်းစည်းစိမ် ပြန်မယူဟု သင် ဆိုနိုင်မည်လော”

“သို့ဖြစ်လျှင် တပည့်တော် မည်သို့ပြုရပါမည်နည်း”

အဇာတသတ်က သူ့ဆရာကို အားကိုးတကြီးနှင့် မေးလိုက်၏။ဘုရင်ကေရာဇ်ကြီးအဇာတသတ်သည် ဆရာဒေဝဒတ်၏ တပည့်ငယ်ကလေးသာ ဖြစ်နေပါသေးသည်။

“မင်းသား၊သို့လော သို့လော တွေးတောမနေနှင့်။ လက်စတုံးသတ်လိုက်ဖို့သာ ရှိတော့သည်”

“ဘုရား”

ဆရာဒေဝဒတ်၏ ညွှန်ကြားချက်ကို ကြားရသည်နှင့် အဇာတသတ်မင်းမှာ ထိတ်လန့်တကြား ဖြစ်သွားရသည်ဟု အတွင်းသိများက ဆိုကြပါ၏။ ဟုတ်ရှာပါလိမ့်မည်။ ယခင်ကသာ ထီးနန်းစည်းစိမ် ရရှိရေးအတွက် မရလျှင် ရသည့်နည်းဖြင့် ယူရန်ကြိုးစားခဲ့၏။ ယခုတော့ခမည်းတော်ကြီးအား လုပ်ကြံသတ်ဖြတ်နေရန်မလို၊ သားတည်းဟူသောချစ်ခြင်းဖြင့် သဒ္ဒါကြည်ဖြူ လွှဲအပ်လိုက်သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် ကေရာဇ်ဘုရင်တပါးဖြစ်နေပေပြီ။ ကျန်ဝန်းလှစွာသော မဂဓ တိုင်းကြီးကို အစိုးရနေချေပြီ။ သို့ဖြစ်၍ မိမိအပေါ် စေတနာမေတ္တာကြီးမားလှသော ခမည်းတော်ကြီးကို နန်းတော်ဦးမှာ အိမ့်သိမ့်ခြားထား၍ ရာသက်ပန် ပြုစုသွားမည်ဟု စိတ်ကူးခဲ့၏။ သို့သော် သူ့စိတ်ကူးကို သူ့ဆရာက ချေဖျက် ပစ်လိုက်ပါချေပြီ။

''တပည့်တော်၏ ဖခင်သည် ဓားလက်နက်ဖြင့်သတ်ထိုက်သူ မဟုတ်ပါဘုရား''

ဆရာ့စကားကို တိုက်ရိုက်ကြီးလည်း မငြင်းရဲသဖြင့် ဤသို့ အကြောင်းပြလိုက်သော်လည်း အချည်းနှီးသာ ဖြစ်ရပေသည်။

''မင်းသား၊ သင့်ခမည်းတော်ကို ဓားဖြင့်သတ်ရန်မဟုတ်။ အစာဖြတ်၍ သတ်ရန်သာဖြစ်ပေသည်''

ဝိန်မှန်ကင်းအစစ်မှ ထင်းဖြစ်ရပြီ

ဆရာဒေဝဒတ်၏ စကားက မိုးကြိုးသွားတမျှ ထက်မြက် ပြင်းထန်လှသဖြင့် ကေရာဇ်အဇာတသတ်သည် ခမည်းတော် ကြီးကို ဖမ်းဆီးချုပ်နှောင်ကာ အခိုးတိုက်ထဲ သွတ်သွင်းရပေ တော့သည်။

အခိုးတိုက်ဆိုသည်မှာ သေဒဏ်ကျပြီးသော ရာဇဝတ်သား များကို မီးတိုက်၍သတ်ဖြတ်ရာ တိုက်ခန်းဖြစ်၏။ လုံခြုံလှသော တိုက်ခန်းထဲသွတ်သွင်းပြီးနောက် အစောင့်အရှောက်ထူထပ်စွာ ချထား၏။ တိုက်ခန်းသို့ မယ်တော်ကြီး ဝေဒေဟီမှ အပ မည်သူမျှမလာရန် ကျပ်တည်းစွာဆင့်ဆိုထား၏။

ယခုတော့ သေကွဲမကွဲခင်ကပင်ရှင်ကွဲကွဲကြရချေပြီ။ နန်းမြင့် ထက်မှ အိမ်နိမ့်သို့ ကျောင်းတကာကြီး ဆင်းလာရာတွင် ကျောင်းအမကြီး ဝေဒေဟီလည်း ထက်ကြပ်မကွာ လိုက်ပါ လာခဲ့၏။ စည်းစိမ်ဥစ္စာမရှိ၊ တန်ခိုးအာဏာဟူသမျှ မရှိတော့ သော်လည်း ဘဝသခင်ကျေးဇူးရှင်ကြီးကို ယခင်အတိုင်းပြုစု

လုပ်ကျွေးသွားမည်ဟု အားခဲခဲ့ပါ၏။ သည်ဘဝတသက်တာတွင် သေခါမှခွဲရတော့မည်ဟု အောက်မေ့မိခဲ့၏။ သို့သော် သူထင်တိုင်းဖြစ်မလာခဲ့ပါ။ သူ့ရှေ့မှောက်မှာပင် ဘဝသခင် ကျေးဇူးရှင်ကြီးကို မင်းချင်းများက အဘင်းတလကြမ်း ဝင်ဖမ်းကြ၏။ ခိုးသားဒမြသဖွယ် လက်ရောခြေပါကြိုးတုပ်လျက် တရွတ်တိုက် ခေါ်ဆောင်သွားကြ၏။ ဤ မြင်ကွင်းမျိုးကို မြင်လိုက်ရသော ဇနီးသည်တယောက်အဖို့ မည်သို့ ခံစားရမည်ကို ကျွန်ုပ် ကိုယ်ချင်းစာလိုက်မိပါသည်။

ခဲလေသမျှ သဲရေကျ

ယခုတော့ ကျေးဇူးရှင်ကြီးထံ တနေ့တခေါက်သာ သွားခွင့်ရှိတော့သည်။ သည်အခွင့်အရေးကလေးကိုပင် ကျောင်းတကာကြီးအတွက် အဘတ်နိုင်ဆုံးအသုံးချရပေသည်။ ကျေးဇူးရှင်ကြီး စားသောက်ရန် စားမြိန်စာကို ရွေခွက်မှာထည့်လျက် ရင်ခွင်မှာဝှက်၍ ယူကာ ကျွေးခဲ့မွေးရပေသည်။ သို့သော် ဤအခွင့်အရေးသည် သိပ်မကြာလိုက်ပါ။ အစောင့်များမှ တဆင့်သားဖြစ်သူသိသွားပြီမို့ 'ရင်ခွင်မှာဘာခုခုပိုက်၍ မဝင်ရ' ဟု အမိန့်ထုတ်ပြန်လာတော့သည်။

ရင်ခွင်မှာဝှက်၍ ယူမသွားရတော့လည်း ကျောင်းအမကြီးအား မလျှော့သေးပါ။ ကျောင်းတကာကြီး မျှတလောက်ရုံ အစားအစာကို ဆံထုံးထဲမှာထည့်၍ယူသွားပြန်၏။ သည်အခွင့်အရေးကို ပိတ်လိုက်ပြန်သောအခါ ဖိနပ်ထဲမှာထည့် ယူသွားရ

၏။ မရှိသေရာကျသော်လည်း အစားငတ်မည့် ဘေးကြောင့် ဖြစ်သည့်နည်းနှင့် ယူသွားရပေတော့သည်။ သည့်နောက်တွင် ကား ဖိနပ်စီးခွင့်ပင် မရတော့သဖြင့် မယ်တော်ကြီးမှာ တမျိုး ကြံရရှာ၏။ မိမိကိုယ်ကို ရေမိုး စင်စင်ချိုးကာ စတုမဓု များ လိမ်းကျံလိုက်၏။ ထိုအပေါ်မှာမှ ဟန်မပျက် အဝတ် အစား ဝတ်ကာ ကျေးဇူးရှင်ကြီးထံဝင်ရပေသည်။ နန်းကျ ဘုရင်ကြီး ခမျာ အသက်မီးလေး တောက်နေရေး အတွက် မိဖုရားကြီးကိုယ်ပေါ်မှစတုမဓုများကိုလျှာဖြင့် လျက်ရသည်ဟု ဆိုပါသည်။မေတ္တာရှေးရှုပြုစုသည့်ဘက်က ကြည့်လျှင်ကြည်းနူး ဖွယ်၊ အဖြစ်ဆိုးရှာသူများအဖြစ် ကြည့်လျှင်ကား ရင်နှင့်ဖွယ် ဇာတ်ကွက်များပင် ဖြစ်ပါတော့သည်။

နောက်ဆုံးနှုတ်ဆက်ခြင်း

အဖြစ်ဆိုးရှာသူများ၏ ကံကြမ္မာသည် ထိုမျှဖြင့်မကျေနပ်သေး ပါ။ ဤသို့ ပြုစုရ၍ ရက်အတန်ကြာလျှင်ပင် 'သည်ကရွှေ မယ် တော်ကြီးလုံးဝမဝင်ရ'ဟူသော တချက်လွှတ် အမိန့်တော်ကြီး ထွက်လာပါတော့သည်။

"အို–ဘဝသခင်ကြီး၊ အို–ကျေးဇူးရှင်ကြီး၊ ယခုဘုရား ကျွန်မ မည်သို့မျှမတတ်နိုင်တော့ပြီ။ အဖသတ်သားကို ဘုရား ကျွန်မ နုနုကဖျက်ဆီးလိုပါလျက် ကရုဏာရှင်၊ မေတ္တာရှင်ကြီး က တားမြစ်ခဲ့၏။ ယခု သည်ကရုဏာ၊ သည်မေတ္တာ များ၏ ကျေးဇူးကို ခံစားနေရပြီ။ သည်ကရွှေ ကျေးဇူးရှင်ကြီးထံ

ဘုရားကျွန်မ လာတွေ့ခွင့်မရှိတော့ပြီ။ ယခုအကြိမ်သည်ကျေးဇူးရှင်ကြီးကို နောက်ဆုံး ဖူးမြင်ရခြင်းပါတည်း။ ဘဝသခင် ကျေးဇူးရှင်ကြီးအပေါ် တစုံတခုပြစ်မှားသည်ရှိခဲ့ပါလျှင် အနူးအညွတ် ခွင့်လွှတ်ကျေနပ်တော်မူပါဘုရား"

ဝေဒေဟိမိဖုရားကြီး ကိုယ်တိုင်ကို မဆိုထားနှင့်၊ တဆင့်တင်ပြသူမှာပင် ဤစကားလုံးများကို ဆို့နစ် ကြေကွဲစွာ အားယူ၍ ပြောပြရရှာပေသည်။

[သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ်အဋ္ဌကထာ]

သီတာရေစင်ပမာ

သားတစ်နှင့် စွန်ရဲများ

သားတော်လေး အဇာတသတ်အား ဝါးဖတ်တော် ကစီနှစ်ဖြင့် လူဖြစ်အောင် မွေးမြူခဲ့သော ခမည်းတော်ကြီးမှာ ယခုတော့ ထမင်းတလုတ်မျှ မစားရရှာတော့ပါ။ ရေကလေးတပေါက်မျှ မသောက်ရရှာတော့ပါ။

ဤအဖြစ်မျိုး ရောက်သည့်တိုင်အောင်ပင် မေတ္တာရှင် ဘုရင်ကြီးသည် သူ့သားတော်အပေါ် အပြစ်တင်လိမ့်မည်မထင်ပါ။ တရားတော်နှင့် သေသေချာချာ ပြန်စစ်ကြည့်လျှင် တကယ်တော့ဖြင့် အဇာတသတ်မှာ အပြစ်တင်စရာမရှိပါ။ သူ့ဆရာ

ဒေဝဒတ်ကိုလည်း အပြစ်တင်ရန် မဟုတ်ပါ။ သို့ဆိုလျှင် ဘုရင်ကြီး ဗိမ္ဗိသာရကိုပင် အပြစ်တင်ရတော့မည်လော။ ဤသို့လည်း မဖြစ်နိုင်သေးပါ။ ဤဖြစ်ရပ် အတွက် အရင်းခံ အကျဆုံး အကြောင်းတရားမှာ ဤပုဂ္ဂိုလ်သုံးဦးလုံး မဟုတ်ကြပါ။ သူတို့ရရှိ ခံစားခဲ့သော စည်းစိမ်ဥစ္စာနှင့် အာဏာများပင် ဖြစ်ပါသည်။

ဤသဘောကို စောစောကပင် ရည်ညွှန်း၍ ဟောကြားခဲ့သော ဒေသနာတော်တပုဒ် ရှိပါသည်။ ထို ဒေသနာတော်တွင် ကာမဂုဏ် စည်းစိမ်များကို သားတစ်နှင့် ဥပမာ ပေးထား၏။ စွန်တကောင်သည် စားချင့်စဖွယ် ကောင်းလှသော သားတစ်တခုကိုရ၍ဝမ်းသာအားရသုတ်ချီခဲ့၏။ ဤသားတစ်ကို မိမိပိုင်ပြီဖြစ်၍ အားပါးတရ စားရတော့မည်ဟု ထင်စားခဲ့၏။ သို့သော်သူ့ထင်စားချက် အကောင်အထည် မပေါ်လာနိုင်တော့ပါ။ သားတစ်ကိုစားရန်စိတ်ကူးနေဆဲမှာပင် အခြားစွန်များ ရောက်လာကြပါပြီ။ ပထမစွန်၏ ခြေသည်းကြားမှ သားတစ်ကို သူ့ထက်ငါ ဝိုင်း၍ လုကြပါတော့သည်။ ပထမစွန်ကလည်း သားတစ်ကို မစွန့်လွှတ်ပါ။ ဝိုင်းလာသမျှ စွန်များကို စွမ်းနိုင်သမျှ ခုခံတိုက်ခိုက်၏။ သားတစ်ကို သည်အတိုင်းလု၍ မရသောအခါ အခြားစွန်များသည် သားတစ်ပိုင်ရှင်ကို ဝိုင်း၍ ထိုးဆိတ်ကြတော့၏။ သားတစ် ပိုင်ရှင်သည် မတတ်သာတော့ သဖြင့် ခြေသည်းကြားက သားတစ်ကို စွန့်လွှတ်လိုက်ရ၏။ ဤတွင်မှ သားတစ် ပိုင်ရှင်သစ်နောက် အခြားစွန်များ လိုက်သွားကြသဖြင့် ပိုင်ရှင်ဟောင်း စွန်မှာ သက်သာရာ ရပေတော့သည်။

စွန့်အိုကြီး၏ ကံကြမ္မာ

ဤဒေသနာတော်ကို ကျွန်ုပ်တို့ ကျောင်းတကာဘုရင်ကြီးလည်း ကြားနာခဲ့ဘူးပါလိမ့်မည်။ ယခုလို ဒုက္ခကြီးစွာ ခံစားရသည်မှာ သားတစ်ကို ပိုင်ဆိုင်ခဲ့၍ဟု တရားနှင့် ဖြေနိုင်ပါလိမ့်မည်။ သူပိုင်ခဲ့သော သားတစ်သည် သာမန်သားတစ်မဟုတ်ပေ။ ကျယ်ဝန်းလှစွာသော မဂဓတိုင်းကြီး တခုလုံးကို လွှမ်းခြုံနိုင်သော အာဏာဖြစ်၏။ လူ့စည်းစိမ်တို့၏အထွတ်အထိပ် မင်းဧကရာဇ်တို့၏စည်းစိမ်ဖြစ်၏။ ထိုအာဏာ ထိုစည်းစိမ်ကို အကြောင်းပြု၍ပင် ဤအဖြစ်ဆိုးသို့ ဆိုက်ရောက်ခဲ့ရပေသည်။

ကျောင်းတကာကြီးသည် သားတော်အား ထီးနန်း စည်းစိမ်လွှဲအပ်စဉ်ကပင် ဤတရားသဘောကို သတိရခဲ့ပါလိမ့်မည်။ သားတစ်ပိုင်ရှင်ကို ထိုးလာ ဆိတ်လာကြပြီမို့ အချိန်မီလွှတ်ချလိုက်ဟန် တူပါသည်။ သို့သော် သူ့ကံကြမ္မာဖန်လာချင်တော့ အပြီးအပြတ် စွန့်လွှတ်ထားပြီးသည်ကိုပင် စိတ်ချ လက်ချ မရှိနိုင်ကြခြင်း ဖြစ်၏။ နောက်နောင်အခါ ပြန်လုနိုင်သေးသည်ဟု ထင်နေကြခြင်း ဖြစ်၏။ သည်အထင်များ၏ ဒဏ်ကို ယခုတော့ မရှုမလှ ခံစားနေရ ရှာပေပြီ။

အန္တရာယ်ကင်း ဘေးရှင်းစေရန်

မိမိတို့ ကျောင်းတကာကြီး အစာငတ် ရေငတ် ဖြစ်နေစဉ်တွင် ကျွန်ုပ်တို့အားလုံး ရေငုံနှုတ်ပိတ် နေခဲ့ကြရ၏။ နေရာ တကာ

စွက်ကာ စွက်ကာ ပါတတ်လှသော အရှင်ဥပနန်သည်ပင် နှုတ်စောင့်စည်းလျက် ရှိ၏။ နှုတ်မစောင့်စည်း၍လည်း မဖြစ်ပါ။ ဟိုတနေ့ကပင် တိုင်းရေးပြည်ရေးမှာ ဝင်စွက်ခဲ့သော ဒေဝဒတ် တပါး အတွက် ရဟန်းအားလုံး ရာဇဝတ်သင့် မတတ်ကြုံခဲ့ကြရပြီ။ ပကာသနီယကံ ပြုထားနှင့်၍သာ တော်တော့သည်။ ဘုရားရှင်၏ ကြိုတင်ကာကွယ်မှုကို ဘုရားတပည့်သား ကေ်ရာဇ်က သဘောပေါက်သောကြောင့်လည်း ဖြစ်ပါသည်။

သည်လို သဘောပေါက် နိုင်သော၊ သည်လို ခွင့်လွှတ်နိုင်သော ကေရာဇ်ကြီး၏နေရာဘွင် ယခု အခြား ကေရာဇ်တပါး ရောက်နေချေပြီ။ သူ့အပေါ် ဒေဝဒတ်၏ သြဇာက ရာနှုန်းပြည့် သက်ရောက်နေ၏။ ဘုရားတပည့်သား ရဟန်းတပါးပါး ကသာ တစုံတရာ ပါဝင် စွက်ဖက်မိလျှင် ရာဇဝတ်ဘေးက အချိန်ဆိုင်းမည် မဟုတ်ပါ။ ရဟန်း သံဃာဟူ၍လည်း သက်ညှာနေမည် မဟုတ်ပါ။ ဘုရားရှင် အပေါ် ထားရှိခဲ့သော ရန်ငြိုးဖြင့် ဘုရားတပည့်သား ရဟန်းများကို နှစ်ဆတိုး၍ နှိပ်ကွပ်တော့မည် ဖြစ်၏။ ထို့ပြင် မင်းဆရာ ဒေဝ ဒတ်၏ အချီးအမြှောက်ကို ခံယူလိုသူ တို့ကလည်း ကျုန်ုပ်တို့၏ အရိပ် အခြည်ကို အကဲခတ် နေမည်သာ ဖြစ်၏။ ကျုန်ုပ်တို့ ဘက်က တကွက်မှားလိုက်သည်နှင့် တပြိုင်နက် မင်းဆရာဒေဝဒတ်ထံသို့ ထိုအချက်ဖြင့် လက်ဆောင်ထိုးမည် မလွဲပါ။ ဤလို မင်းပြောင်း မင်းလွှဲ ကာလကြီးတွင် ကိုယ်ကကျူးလျှင် ကိုယ့်ဒူးမှ မယုံရ ပါချေတကား။

ရွှေဉာဏ်တော်၏အရာ

သည့်လို ကာလဆိုးကြီးထဲမှာပင် ဘုရားရှင်ကလည်း ရာဇဂြိုဟ်မှာ စွဲမြဲတော်မူလှ၏။ ဝေဠုဝန် ကျောင်းတော်မှာ အမြဲနေရာမှ တခါတရံ ဂိဇ္ဈကုဋ်တောင်သို့လည်း ကြွတော်မူတတ်၏။ ဤသို့ ရာဇဂြိုဟ်မှ မခွဲမခွာနေတော်မူခြင်းမှာ တကာ၊ တကာမများကို သက်ညှာ၍ ဖြစ်သည်ဟု သည်တုန်းက ထင်ခဲ့မိ၏။ ကျွန်ုပ်၏ အထင်သည် ဟုတ်သင့်သလောက်တော့ ဟုတ်ပါ၏။ သို့သော် အပြည့် အစုံတော့ မဟုတ်သေးပါ။ ဘုရားရှင်၏ ရွှေဉာဏ်တော်ကို ကျွန်ုပ်၏သာဝကဉာဏ်ဖြင့် မချိုမငုံ နိုင်ခဲ့ပါ။ နောက်ပိုင်းကျခါမှသာ 'ဩော်–ဤသို့ပါတကား' ဟု သဘောပေါက်လာရပါတော့သည်။

ဥပုသ်ပြုခြင်း၏ မူလအစ

ကျောင်းတကာကြီး၏ ကံကြမ္မာကို နားစွင့် ယင်း ကျွန်ုပ်တို့သည် သာသနာတော်ကြီး အတွက် ကျောင်းတကာကြီး ဆောင်ရွက်ခဲ့ပုံများကို ပြန်လည် ဆွေးနွေးမိကြ၏။ ရဟန်းသံဃာများအပေါ် သဘောထားကြီးစွာ ခွင့်လွှတ်ခဲ့ပုံများကို ပြန်လည် သတိရမိကြ၏။

ကျွန်ုပ်တို့တတွေ လပြည့်၊ လကွယ်နေ့များ၌ ဥပုသ်ပြုရခြင်းသည် ကျောင်းတကာကြီးလျှောက်ထားခဲ့၍ ဖြစ်၏။ သာသနာ့ပြင်ဘက်က ပရိဗိုဇ်ရဟန်းများသည် လပြည့်၊ လကွယ်၊ ရှစ်ရက်

သီတင်းနေ့များတွင် စုဝေးကြလျက် သူတို့ခံယူ ထားသော တရားများကို ဆွေးနွေးကြ၏၊ ပြုသင့်သောကိစ္စ၊ မပြုသင့်သောကိစ္စများကို ဝေဖန်ကြ၏။ စိစစ်ကြ၏။ သူတို့စုဝေးရာသို့ တကာ တကာမများလည်း လာ၍ နားထောင်ကြရာ၊ နောက်နေ့များတွင် သာ၍ ပရိသတ်များလာ၏။ ပရိဗိုဇ်ရဟန်းများ ဆွေးနွေးဝေဖန်သော တရားစကားများကို အားရကျေနပ်ကြသောကြောင့် ဖြစ်ပေသည်။

သာသနာ့ပြင်ဘက်က အလေ့အလာတခုကို သာသနာတွင်း သွတ်သွင်းလာရန်မှာ တော်ရုံတန်ရုံ ပုဂ္ဂိုလ်မျိုးနှင့် မဖြစ်နိုင်ပေ။ ဘုရားရှင်ကို ကြည်ညိုရုံမက ရင်းနှီး ကျွမ်းဝင်သော ပုဂ္ဂိုလ်မျိုးများသာ စွမ်းနိုင်၏။ ကျောင်းတကာ ဘုရင်ကြီးက အလောင်းတော်ဘဝကပင် နောင်တော်မြတ်နှင့် ရင်းနှီးခဲ့သူဖြစ်၏။ ထို့ကြောင့် သာသနာသို့ တကာ တကာမများလည်း ကြည်ညိုလာနိုင်စေရန် လျှောက်ထားခဲ့၏။ ဘုရားရှင်ကလည်း သာသနာ့ပြင်ဘက်က အလေ့အလာများ ဟူ၍ပင် ပယ်တော်မမူပေ။ မည်သူကပင် စတင်၍ အသုံးပြုထားသည် ဖြစ်စေ သာသနာတော်အတွက် အကျိုးရှိမည် ဆိုလျှင် လက်ခံတော်မူခဲ့သည်သာ ဖြစ်ပေသည်။

လပြည့်နှင့် လကွယ်နေ့တိုင်း ဥပုသ်ပြုရန် ခွင့်ပြုတော်မူပြီးလျှင် ဥပုသ်ပြုရန် သိမ်အမျိုးမျိုးကိုလည်း မိန့်ကြားတော်မူခဲ့၏။ ဥပုသ်ပြုခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ဖွယ် အဝဝကိုလည်း အကွက်စေ့အောင် ညွှန်ကြားတော် မူခဲ့၏။ ကျောင်းတိုက်တာကြီးများ၏ ခေါင်းရင်းပိုင်းမှာ ထည်ထည် ဝါဝါ

ရှိနေကြသော သိမ်အဆောက်အအုံများ၊ ထိုသိမ်ထဲမှာ ဥပုသ် ပြုနေကြသော သံဃာတော်များကို မြင်ရလေတိုင်း ကျောင်း တကာ ဘုရင်ကြီးကို ကျွန်ုပ်တို့ သတိရနေကြရပါဦးမည်။

[ဝိနည်းမဟာဝါပါဠိတော်၊ ဥပေါသထက္ခန္ဓက]

မြို့ပြင်ဘက်မှာ တညအိပ်ရခြင်း

တလနှစ်ကြိမ် ဥပုသ် ပြုခြင်းဖြင့် သာသနာတော်ကြီး အဓွန့် ရှည်ရှည်ဘည်နေအောင် အကျိုးဆောင်ခဲ့သော ကျောင်းတကာ ဘုရင်ကြီးသည် ရဟန်းများအပေါ် သက်ညှာသည့် နေရာမှာ လည်း စံပြုလောက်ပါပေ၏။

တနေ့သောအခါ ဗိမ္ဗိသာရ မင်းကြီးသည် ခေါင်းလျှော် ယင်း ရေချိုးမည်ဟူ၍ တပေါဒါမြစ်သို့ လာခဲ့၏။ ရေချိုး ဆိပ်သို့ မရောက်မီကပင် ရဟန်းများ ရေချိုးနေသည်ကို လှမ်း မြင်ရ၏။ မိမိ ရောက်သွားလျှင် ရဟန်းများ ရေမဝပဲ တက် လာကြရမည် စိုး၍ မင်းကြီးသည် တနေရာမှ စောင့်နေရ၏။ သို့သော် ရဟန်းများက တော်တော်နှင့် မတက်လာကြပေ။ ကူးယင်း၊ ခတ်ယင်း၊ ကြည်စယ်ယင်း စိတ်တိုင်းကျ ရေချိုးနေ ကြ၏။ သို့ဖြစ်၍ မှောင်ရီသမ်းလာမှပင် မင်းကြီး ရေချိုးရပေ တော့သည်။

ရေချိုးပြီး၍ နန်းတော် ပြန်လာတော့သည်း သူ့မှာ နန်း တွင်းသို့ မဝင်နိုင်ပေ။ တင်းတင်းကျပ်ကျပ် ပညတ်ထားသော အမိန့်အရ နေဝင်ပြီဖြစ်၍ မြို့တံခါးကြီး ပိတ်ထားနှင့်ပြီဖြစ်၏။

မင်းကြီး ကိုယ်တိုင် ရှိနေပါသော်လည်း မြို့တံခါးကို အဖွင့်ခိုင်း၍ မဖြစ်နိုင်ပါ။ မိမိပေးထားသောအမိန့်ကို မိမိက ရိုသေရပါလိမ့်မည်။ ထို့ကြောင့် မြို့ပြင်မှာပင် အစောင့်အရှောက်များဖြင့် ညအိပ်ကာ နံနက် လင်းလျှင် လင်းချင်း ကျောင်းတော်သို့ လာခဲ့၏။ နန်းတော်သို့ မဝင်ခဲ့ရသေးသဖြင့် ညတုန်းက လိမ်းကျံထားသော နံ့သာများ မဖျက်ရသေးပဲ သည်အတိုင်း ပါလာကြ၏။ ကျောင်း တကာ ဘုရင်ကြီး ထံမှ အကြောင်းမှန်ကို သိရချိန်တွင် ဘုရားရှင်က နှာန သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။ နှာနသိက္ခာပုဒ်မှာ ရဟန်းများ ရေချိုးခြင်းနှင့် ပတ်သက်၍ ပညတ်ထားခြင်း ဖြစ်ပေသည်။

[ပါစိတ်ပါဠိတော်၊ သုရာပါနဝဂ်၊ နှာနသိက္ခာပုဒ်]

သရက်သီးမစားရခြင်း

ရေချိုးရာမှာ သက်ညှာခဲ့ရသကဲ့သို့ အစားအသောက်နှင့် ပတ်သက်၍လည်း သဘောထားကြီးစွာ ခွင့်လွှတ်ခဲ့ပါသေး၏။

မင်းကြီး၏ ဥယျာဉ်ထဲတွင် သရက်ပင်များရှိရာ သရက်သီးများကို အရှင်ကောင်းများ အလိုရှိသမျှ စားသုံးနိုင်ကြောင်း မင်းကြီးက လျှောက်ကြားထား၏။ တနေ့တွင် မင်းကြီးသည် သရက်သီး စားလိုစိတ် ပေါ်လာသဖြင့် မင်းချင်းများကို ဥယျာဉ်သို့ လွှတ်လိုက်၏။ မင်းချင်းများပြန်အလာတွင် သရက်သီးကား ပါမလာ။ ဥယျာဉ်စောင့်၏အကြောင်းကြားလွှာသာ

ပါလာ၏။ 'ရဟန်းများက အသီးကင်းကလေးများကို အားလုံး အဆွတ်ခိုင်း၍ စားပစ်လိုက်ကြပါပြီ' ဟူ၍ ဖြစ်၏။

သရက်သီး အစား သရမ်းသူတို့ကား ပွဲတိုင်းကျော် ဆဗ္ဗဂ္ဂီ အုပ်စုဝင်များပါတည်း။ သူတို့ကတော့ ဘယ်နေရာမှာ မဆို၊ ဘယ်ကိစ္စမှာ မဆို ငါ့ဖို့သမားများသာ ဖြစ်ကြ၏။ စေတနာ ကောင်းဖြင့် ခွင့်ပြုထားသည်ကို အလွဲသုံးစား လုပ်ကြခြင်း ဖြစ်သော်လည်း မင်းကြီးက အပြစ်မတင်ပါ။

"အချင်းတို့၊ အရှင်ကောင်းများ စားသောက်ကြခြင်းမှာ အပြစ်မရှိပါ။ သို့သော် ဘုရားရှင်ကတော့ အတိုင်းအရှည် သိ တတ်သည်ကို ချီးမွမ်းတော်မူပေသည်"

ဤမျှသာ မရုပ်မလွန် မိန့်ကြားခဲ့၏။ ရဟန်းများ အစား သရမ်းကြခြင်းမှာ သူတို့ဆရာသမား မဆုံးမ၍ မဟုတ်။ ဆုံးမ သည့်အတိုင်း မလိုက်နာ၍သာ ဖြစ်ကြောင်း ခွဲခြား၍ ပြခဲ့၏။ ဘုရား တပည့်သား မဟုတ်သော မှုးမတ်၊ အမှုထမ်းများက သာသနာတော်ကို ပြစ်တင်ရှုတ်ချမှုမပြုနိုင်ကြရန် ပညာသား ပါပါနှင့် ကာကွယ်ပေးလိုက်ခြင်းလည်း ဖြစ်ပေသည်။

[စူဠဝဂ်ပါဠိတော်၊ ခုဒ္ဒကဝတ္ထုခန္ဓက]

အရှင်ဓနိယ၏သစ်ကိစ္စ

ဆဗ္ဗဂ္ဂီအုပ်စုဝင်များနည်းတူ ဗိမ္ဗိသာရမင်းကြီး၏ စေတနာကို အလွဲသုံးစားပြုမိသူကား အိုးထိန်းသည်၏သား အရှင် ဓနိယ ဖြစ်ပါ၏။ သို့သော် သူ့ခမျာ ဆဗ္ဗဂ္ဂီတို့လို လျှပ်ပေါ် လော်

လိ၍တော့ မဟုတ်ပါ။ ကျောင်းနှင့်ပတ်သက်၍ ကံဆိုးရှာသော ကြောင့်သာ ဖြစ်ပါသည်။

ဣလသိဂိလိတောင်နံရံရှိ သူ့ မြက်မိုးကျောင်းကလေးကို သုံး ကြိမ်တိုင်တိုင် အဖျက်ခံရ၏။ နောက် အိုးထိန်းအတတ်ဖြင့် မီး ဖုတ်ထားသောဂူကျောင်းကလေးကိုလည်း ဘုရားရှင်အမိန့်ဖြင့် အခွဲခံရပြန်၏။ နောင်လာ နောက်သားများ အတုယူမည် စိုးသောကြောင့် ဖြစ်၏။ ဤကျောင်းများ ဟန့်မရ၍ ဘုရင့် သစ်တော်များဖြင့် ကျောင်းဆောက်သည်တွင်ကား မင်းကြီး နန်းတော်သို့ ရောက်ရတော့၏။ သို့သော် တရားခံအနေနှင့်ကား မဟုတ်ပါ။ သူ့အတွက် တရားခံ ဖြစ်ရရှာသော သစ်ထိန်း အရာရှိ အသတ်မခံရအောင် လိုက်ပြောရခြင်းသာဖြစ်ပါသည်။

မြို့ပြ ပြုပြင်ရန်နှင့် မီးဘေးကြုံလျှင် သုံးနိုင်ရန် ထားသော မင်းဘဏ္ဍာသစ်တော်များကို အရှင်ဓနိယက 'မင်းကြီးက ပေး လှူပြီးပြီ' ဆို၍ အလှူခံသဖြင့် သစ်ထိန်းအရာရှိက လှူလိုက်ရ၏။ ဝဿကာရအမတ်ကြီး လာစစ်သောအခါ ဤကိစ္စပေါ်သွား၍ သစ်ထိန်းအရာရှိမှာ တရားခံ ဖြစ်ရရှာတော့သည်။

ဘိဘိက်ပွဲတုန်းက စကားတခွန်း

သစ်ထိန်းအရာရှိကိုစစ်ဆေးပြီးသောအခါ ဗိမ္ဗိသာရမင်းကြီးက အရှင်ဓနိယထံ ရိုသေစွာချဉ်းကပ်ကာ–

"အရှင်ဘုရား၊ တပည့်တော်၏သစ်များကို အရှင်ဘုရားအား လှူထားပြီဟု ဆိုခြင်းမှာ မှန်ပါ၏လော"

သာသနာတော်ကို ကြည်ညိုပြီးသော မင်းကြီးဖြစ်၍ အမှု ရှိနေသောရဟန်းကိုပင် ရှိခိုး၍ မေးလျှောက်ရာ—

"မှန်ပါသည် မင်းကြီး"

"အရှင်ဘုရား၊ တပည့်တော်မှာ အလုပ်တာဝန် များပြား လှပါသည်။ လှူပြီး ဖြစ်သော်လည်း အမှတ် မရတတ်ကြပါ။ တပည့်တော် အမှတ်ရလာအောင် မိန့်တော်မူရန် တောင်းပန် ပါသည်ဘုရား"

"မင်းကြီး၊ ပထမဦးစွာ အဘိသိက်ခံယူစဉ်က 'မြက်၊ ထင်း၊ ရေများကို သုံးဆောင်တော်မူကြကုန်ဟု ရဟန်း၊ ပုဏ္ဏားတို့အား ပေးလှူထားပြီး ဖြစ်သည်' ဟု ဆိုခဲ့ဘူးပါ၏။ ထိုစကားကို အမှတ်ရပါလော့"

အဘိသိက် အခမ်းအနားတုန်းက ပြောဆိုခဲ့သော စကား တစကို လိုရာဆွဲ၍ အလွဲသုံးစား လုပ်လိုက်ကြောင်း ထင်ရှား နေပါပြီ။

သက်န်းကြောင့် ဘေးလွတ်သည်

ဤနေရာမှာ လူတယောက်သာဆိုလျှင် အကြီးလေးဆုံးသော အပြစ်ဒဏ်ကြီးကို ခံရပေတော့မည်။ သို့သော် ယခုပုဂ္ဂိုလ်ကား ရဟန်း ဖြစ်နေသဖြင့် မင်းကြီးမှာ အပြစ်မပေးသာတော့ပဲ—

"အရှင်ဘုရား၊အမှတ်ရပါပြီ။ ရဟန်း၊ ပုဏ္ဏားများ သံသယ ကင်းစွာ သုံးစွဲနိုင်ရေးအတွက် တပည့်တော် ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ ထိုစကားမှာလည်း တောထဲမှာ မခုတ်မလှဲရသေး

သော သစ်များသာ ဖြစ်ပါသည်။ အရှင်ဘုရားသည် ဤစကား တစ်ဖြင့် သစ်တော်တို့ကို မပေး မလှူပဲလျက် ယူနိုင်သည်ဟု ထင်မှတ်ခဲ့၏။ ဤသည်မှာ အရှင်ဘုရား၏ အပြစ်သာဖြစ်၏။ တပည့်တော်ကဲ့သို့ မင်းကား မိမိနိုင်ငံမှ ရှိနေကြသော ရဟန်း ပုဏ္ဏားတို့ကို အပြစ်ပေးမည် မဟုတ်ပါ။ နှင်ထုတ်မည်လည်း မဟုတ်ပါ။ အရှင်ဘုရားသည် သင်္ကန်းအရေ ခြုံထားသဖြင့် ရာဇဝတ်ဘေးမှ လွတ်ငြိမ်းခွင့်ရပါ၏။ နောက်နောင်မှာကား ဤလို အမှုမျိုး မကျူးလွန်ပါနှင့်လော့"

ဤသို့ ဗိမ္ဗိသာရမင်းကြီးက သဘောထားကြီးစွာ အဆုံး သတ်လိုက်သော်လည်း မြို့သူ မြို့သားများကတော့ အဆုံး မသတ်နိုင်သေးပါ။ ကျော်မကောင်း ကြားမကောင်း ပေါ် ပေါက်ခဲ့သော ဤအမှုကြီးကို တယောက်တပေါက် ပြောဆို ဝေဖန်နေကြ၏။ အမှုသည် အရှင်ဓနိယကို ကဲ့ရဲ့ရှုတ်ချနေကြ၏။ ဤတွင် ဘုရားရှင်က အရှင်ဓနိယကိုခေါ်ယူ၍ ပြစ်တင်ကြိမ်း မောင်းတော်မူကာ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ် တော်မူလိုက်ရပေသည်။

[ပါရာဇိကကဏ္ဍပါဠိတော်၊ ဒုတိယပါရာဇိက သိက္ခာပုဒ်]

တရားသာလျှင် ကိုးကွယ်ရာ

ဤသို့အားဖြင့် သေဒဏ် ထိုက်လောက်သော အမှုကြီးကိုပင် သဘောထားကြီးစွာ သက်ညှာခဲ့သော ဘုရင်ကြီးအား သူ့ ငါ်ကြမ္မာကတော့ မသက်ညှာပါချေ။ ကမ္ဘာ့မြေပြင်ပေါ်မှာ

အသက်ရှင်နေသေးပါလျက် ကမ္ဘာမြေပြင်တခုလုံးနှင့် အဆက်အသွယ် ပြတ်နေရရှာပေပြီ။ အထီးကျန်ဒုက္ခိတများပင် ထမင်းတလုတ်၊ ရေတမှုတ်ကို တောင်းနိုင်လျှင် စားရ, သောက်ရပါသေး၏။ မဂဓတိုင်းကြီးတခုလုံးတွင် အမြင့်ဆုံးနေရာရရှိခဲ့သော ဧကရာဇ်ကြီးသည် ယခုတော့ အောက်တန်းအကျဆုံးလူများ၏ အခွင့်အရေးကိုမျှ မရတော့ပါ။

သူ၏ ဝိပါကဝဋ်ဒုက္ခကို ဘုရားရှင်ကလည်း တိုက်ရိုက်အားဖြင့် မကယ်တင်နိုင်ပါ။ ရဟန်း သံဃာများလည်း မည်သို့မျှ မတတ်နိုင်ပါ။ သူ၏ဝဋ်ဒုက္ခကို ကယ်တင်နိုင်စွမ်းရှိသည်မှာကား တရားတခုတည်းသာ ရှိပါတော့သည်။ ဘုရားရှင်ထံမှ ကြားနာခဲ့ရသော တရားဒေသနာများသည်သာ သူ့အတွက် ကိုးကွယ်ရာ ဖြစ်ပါတော့သည်။ အစာရေစာ လုံးဝ မရရှိတော့သော်လည်း ဖလသမာပတ် ဝင်စား၍ နေနိုင်ပါလျှင် သူ၏ အသက်ဓာတ်အားကို ဆက်လက်၍ ထိန်းထားနိုင်ပါလိမ့်မည်။ ဤသို့ ထိန်းထားနေဆဲမှာပင် သူ့သားတော်အဇာတသတ်၏စိတ်နှလုံးများ ပျော့ပျောင်းလာလျှင် ချမ်းသာခွင့် ရနိုင်ပါသေးသည်။

သတင်းကောင်းတခု

အစာရေစာ လုံးဝ ဖြတ်တောက်ထားပြီးနောက် ဆယ်ရက် ကျော်လာသည့်တိုင်အောင် ကျောင်းတကာကြီး၏ သတင်းဆိုးကို မကြားရသေးပါ။ ထိုအချက်က ကျွန်ုပ်တို့၏ မျှော်လင့်ချက်ကို အားတက်စေခဲ့၏။ ထို့ထက် ပို၍ အားတက်စရာ

ကောင်းသည်မှာ အဇာတသတ်မင်းကြီး၏မိဖုရားသည် မကြာမီ မီးဖွားတော့မည် ဟူသော သတင်း ဖြစ်ပါ၏။

ကျွန်ုပ်တို့ နားစွင့်နေကြသောသတင်းကို မကြာမီ ကြားကြရပါ၏။ သားကလေးတယောက် ဖွားမြောက်လာပြီ ဟူသော သတင်းစကား ကြားရရုံနှင့်ပင် အဇာတသတ်မင်း၏ ရင်ထဲမှာ ဖခင်စိတ်များ ကွန့်မြူးလာခဲ့၏။ မွေးဖွားပြီးခါစ ချီ၍,ပိုး၍ မရသေး၍သာ သူ့ခများ အောင့်အည်း၍ နေရ၏။ မွေးဖွားကြောင်း သံတော်ဦးတင်လာကြသော အမတ်များ ရှေ့မှာပင် ရာဇပလ္လင်ပေါ်၌ မဆည်နိုင်အောင် ဖြစ်နေရ၏။ သားကို ချစ်သော ဇောစိတ်များက တကိုယ်လုံးပျံ့နှံ့ကာ ရိုးတွင်းခြင်ဆီထိအောင် ဆိုက်ရောက်သွားဟန် တူပါသည်။

ထီးနန်းစည်းစိမ်အတွက် ခမည်းတော်ကို အသေသတ်ရန် ကြံစည်ခဲ့သောသား၊ ထီးနန်းစည်းစိမ်အတွက် ခမည်းတော်ကို အစာမကျွေး၊ရေမပေးပဲ သေဘေးဆိုက်အောင်ပြုခဲ့သောသား လူရိုင်းကြီး အဇာတသတ်သည် ယခုတော့ ကိုယ်ရော စိတ်ပါ နူးညံ့ပျော့ပျောင်း၍ လာပေပြီ။ မယုံသင်္ကာစိတ်ဖြင့် သုန်မှုန်နေခဲ့သော သူ့မျက်နှာသည် တိမ်စင်လသို့ ထွန်းပ၍နေပေပြီ။ ထိုစဉ်ခိုက်မှာပင် ကျွန်ုပ်တို့မျှော်သင့်ထားသော အမိန့်သံ ထွက်ပေါ်လာပေသည်။

"အချင်းတို့၊ခမည်းတော်ကြီးထံသွား၍ လွှတ်လိုက်ကြစေ"

မမြင်ရသေးသော သားအတွက် ကြည်နူးဝမ်းသာ ဖြစ်နေရာမှ ခမည်းတော်ကြီး၏ဂုဏ်ကျေးဇူးကို သတိရလာ၍ပင် ဖြစ်ပါလိမ့်မည်။ မိမိက မိမိသားကို ချစ်သကဲ့သို့၊ခမည်းတော်ကြီး

ကလည်း မိမိအပေါ် ချစ်ရှာပေလိမ့်မည်ဟု အမြင်မှန် ရလာသောကြောင့် ဖြစ်ပါလိမ့်မည်။

သို့သော် သူ့ အမြင်မှန်က နောက်ကျသွားပါပြီ။

တချက်လွှတ် အမိန့်တော်ကြီးကြောင့်

"အရှင်မင်းကြီး၏ ခမည်းတော်ကြီး နတ်ရွာစံ ကံတော်ကုန်ကြောင်းပါဘုရား"

'လွှတ်စေ'အမိန့် ထုတ်ပြန်၍အပြီးမှာပင် အခိုးတိုက် အမှုထမ်းများထံမှ လျှောက်တင်လာကို အမတ်များက ဆက်သကြ၏။ သည်တော့မှ မိမိကိုယ်တိုင် ပေးထားခဲ့မိသော တချက်လွှတ် အမိန့်ကြီးကို ပြေး၍ သတိရလာပေတော့သည်။

ခမည်းတော်ကြီး ကွယ်လွန်ရခြင်းမှာ အစာပြတ်၍ရေငတ်၍ မဟုတ်ပါချေ။ အဆိုးတကာ့ အဆိုးဆုံးသော နည်းဖြင့် သေရရှာခြင်းသာ ဖြစ်၏။ ခမည်းတော် ကြီးသည် အစာမစားရ၊ ရေမပေးသော်လည်း တော်တော်နှင့် မသေခဲ့ပါ။ တရားကို နှလုံးသွင်းကာ အခိုးတိုက်ထဲမှာပင် စင်္ကြံ လျှောက်နေ၏။ ဤသို့ စင်္ကြံလျှောက်နေခြင်းဖြင့်ပင် အသွေးအသားများတကာ ကျန်းမာပကတိ ချမ်းသာစွာ ရှိနေ၏။ ဤအကြောင်းများကို အမှုထမ်းများက လျှောက်ထားကြရာ လမ်းစရှည်မနေစေရန် အရက်စက်ဆုံးသော အမိန့်ကြီးကို ပေးလိုက် ပေတော့သည်။ ထိုအမိန့်တော်ကြီးအရ စင်္ကြံသွား၍ အသက်ဆက်နေသော ကျောင်းတကာကြီးအား ဆက်လက်၍ စင်္ကြံမသွားနိုင်အောင်

ဆတ္တာသည်များက ခြေဖဝါးကို ဓားထက်ထက်ဖြင့် မွမ်းခဲ့ကြ၏။ သွေးသံရဲရဲဖြင့် မြင်မကောင်း ရှုမကောင်းသော ဒဏ်ရာကြီးများကိုမှ ဆားငန်ရည်များ ပက်ခဲ့ကြ၏။ ဝေဒနာဒဏ်ကြောင့် တဆတ်ဆတ် တုန်နေသော ထိုခြေထောက်များကို ဆွဲယူကာ ရဲရဲညီးသော ရှားမီးကျီးမှာ ကင်ခဲ့ကြ၏။ သားအပေါ်မှာ အသည်းနှစ်အောင် ချစ်ခဲ့ရှာသော ကျောင်းတကာကြီးသည် သည်သားအမိန့်ဖြင့်ပင် အသည်းခိုက်အောင်ခံစားခဲ့ရရှာပေလိမ့်မည်။ သူ့သားကြီး အမြင်မှန် ရလာသည်ကိုမူ သိမသွားရရှာတော့ပြီ။

ခလုတ်ထိ၍ အမိတသည်

ခမည်းတော်ကြီး မရှိတော့ပြီမို့ သားအဇာတသတ်၏အားကိုးရာမှာ မယ်တော်ကြီးဝေဒေဟီသာရှိပါတော့သည်။ မဂဓတိုင်းအလုံးကို သိမ်းကျုံး အုပ်စိုးရသော မင်းကေရာဇ်ပင် ဖြစ်စေကာမူ တကယ့်အရေးကျတော့ မိခင်ထံ ပြေးလာခဲ့ရပေတော့သည်။ ကလေးအရွယ် ငယ်စဉ်တုန်းက ဝမ်းနည်းစရာကြုံလာရလျှင် သည်မိခင်ကြီးထံ ပြေးလာခဲ့ရ၏။ မိခင်ကြီး၏ ရင်ခွင်ထက်တွင် မျက်ရည်ဖြိုင်ဖြိုင် သွန်းလိုက်ခြင်းဖြင့် ရင်တွင်းမှာပေါ့ပါးသွားရ၏။ ယခုလည်း အမှုလွန်မှုရလာသော နောင်တဖြင့် ဆောက်တည်ရာမရ ဖြစ်နေချေပြီ။ ဤဝေဒနာတို့ကို သက်သာအောင် ကုစားပေးနိုင်မည့်သူ ဟူ၍ မိခင်ကြီးသာ ရှိပါတော့သည်။

"မယ်တော်ဘုရား၊ သား ကို မွေးခါစတုန်းက ခမည်းတော်သည် သားအပေါ်မှာ ချစ်ခြင်း မေတ္တာ ထားခဲ့ပါ၏လော"

စိတ်သက်သာရာ သက်သာကြောင်း မေးမြန်း လိုက်ခြင်း ဖြစ်ပေသည်။ ဩဇာအာဏာတွေ၊ ဒေါသ မောဟတွေကြောင့် ကွေကွင်း နေခဲ့ရသော သားအမိ နှစ်ယောက် ယနေ့တော့ မျက်နှာချင်းဆိုင် ဆုံမိကြချေပြီ။ ဤမေးခွန်းမျိုးစောစောက မေးခဲ့လျှင် မည်မျှကောင်းခြိမ့်မည်နည်း။ သို့သော် ပြီးပြီးသားကိစ္စကို မည်သူမျှ ပြုပြင်နိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် ခမည်းတော်ကြီး၏ မေတ္တာ ကြီးမား ခဲ့ပုံကိုသာ မယ်တော်ကြီးက ဇာတ်ကြောင်း လှန်ရပေတော့သည်။

"ဩော်–မိုက်ပါဘိ မေ့သားငယ်၊ သားတော်အပေါ်မှာ မောင့်ခမည်းတော်လောက် ချစ်တတ်သူ ဟူ၍ ဘယ်မှာရှိပါခြိမ့်မည်နည်း။ ယခု သားမောင့် လက်ညှိုးကို ပြန်ကြည့်စမ်းပါ။ အနာရွတ်လေးတခု ရှိမနေပါလော"

"ရှိနေပါတယ် မယ်တော်။ သည် အနာရွတ်ကို သား ဘယ်တုန်းကများ ရခဲ့ပါလိမ့်"

မေတ္တာပေါ် ကရုဏာဆင့်

"လသားအရွယ် ငယ်စဉ်တုန်းက ရခဲ့သည် သားတော်။ သည်တုန်းက သား၏ လက်ညှိုးတွင် ခူနာကြီး ပေါက်ခဲ့ပါသည်။ အနာက ပြည်ကိုက်လာသဖြင့် သားတော်လေးမှာ တက်မတတ်

ချက်မတတ် ငိုကြွေးခဲ့ပါသည်။ ကလေး အငို တိတ်အောင် မည်သူမှ မချော့နိုင်ခဲ့ပါ။ သည်တော့မှ သားကလေးကို မောင့်ခမည်းတော်ဆီ ယူသွားရပါသည်။ သည်တုန်းက မောင့်ခမည်းတော်ကလည်း အရေးကြီးသော အမှုများကို ကြားနာနေပါသည်။ သို့သော်လည်း သူချစ်လှသော သားတော်ကလေးကြောင့် တရားခွင်ထဲ ဝင်သွားရပါသည်။ ငိုသံမစဲသော သားကလေးကို ခမည်းတော်လက်ထဲထည့်လိုက်ရပါသည်။ မည်သူမျှ ချော့မရခဲ့သောသားမောင်သည် ခမည်းတော် လက်ထဲ ရောက်ခါမှ အငိုတိတ်၍ သွားပါသည်။ ပြည်ကိုက်နေသော လက်ညှိုးကို သူ့ပါးစပ်နှင့် ငုံထားလိုက်သောကြောင့် ဖြစ်ပါသည်။

"အိုချစ်သား အဇာတသတ်၊ ခမည်းတော်ရင်ခွင်မှာ အငိုတိတ်ခဲ့ရသော ချစ်သားသည် နောက်နောင်မှာလည်း သည်အနာအတွက် မငိုရတော့ပါ။ မောင့်ခမည်းတော် ငုံထားစဉ်မှာပင် မောင့်အနာက ပြည်ပေါက်ခဲ့ပါသည်။ သို့သော် မောင့်ခမည်းတော်က ထွေးထုတ် မပစ်ရက်ပါ။ သားအနာကို လေစိမ်းတိုက်လျှင် နာမည်စိုး၍ သွေးရော ပြည်ပါ မျိုချခဲ့ရှာပါသည်"

"သားတော် မှားပါပြီ မယ်တော်။ သားတော်အမှားကြီး မှားခဲ့ပါပြီ"

ငယ်စဉ်တုန်းက အငို တိတ်အောင် စွမ်းဆောင် ခဲ့သော ဤဇာတ်လမ်းသည် ယခုတော့ မှားလေသူ အဇာတသတ်အတွက် နေ့စဉ်ရက်ဆက် ငိုစေဖို့သာ ဖြစ်ပါတော့သည်။

[သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ် အဋ္ဌကထာ]

မအောင်မြင်သော လုပ်ကြံမှုများ

သရဖူမဆောင်းသော ကေရာဇ်

အကြံကြီး ကြံခဲ့သူ နှစ်ဦးသားတို့ အနက် အဇာတသတ်ဘက်ကတော့ သူ့အမှားကို ဝန်ခံခဲ့ပြီ။ သွားလေသူ ခမည်းတော်ကြီးကိုယ်စား မယ်တော်ကြီးထံတွင် မျက်ရည်လည်ရွဲဖြင့် ဝန်ချကန်တော့လိုက်ပေပြီ။

သို့ရာတွင် သူ့ဆရာ ဒေဝဒတ်ကား ယခုမှပို၍ အာဏာ ပြင်းလာပါတော့သည်။ သူ့တပည့်သူ့တကာက ကေရာဇ်တဆူ ဖြစ်လာချိန်တွင် သူကလည်း သရဖူမဆောင်းသော ကေရာဇ် တပါး ဖြစ်လာပေတော့သည်။ နန်းတော်တွင်းရှိ မှူးမတ်များ

မှာ ရာဇပလ္လင်ပေါ်မှ အမိန့်အာဏာထက် ကျောင်းကြီးပေါ်မှ အမိန့်အာဏာကို ပို၍အလေးထား နေကြရပေသည်။

ဤသို့သော အခွင့် အာဏာကို သူ့လိုဘ ပြည့်ဝရေး အတွက် မသုံးပဲနေမည် မဟုတ်ပါ။ မည်သို့ မည်ပုံသုံးမည်ဟု တပ်အပ်သေချာမပြောနိုင်သော်လည်း တနည်းနည်းဖြင့်ကား သုံးမည်သာဖြစ်၏။

အဇာတသတ်အတွက် သူ့ ခမည်းတော်ကြီးက ထီးနန်း စည်းစိမ်ကို အလွယ်တကူလွှဲအပ်ပေးခဲ့၏။ သူ့မှာတော့ သူ့ တပည့်ကဲ့သို့ ကံကောင်းခဲ့ပါ၏။ ကောင်းဆိုသောဆုကို မရခဲ့ရုံ မက 'သူများတံတွေးပေါက်ကောက်၍မျိုသူ' ဟူ၍ပင် အဆိုခံခဲ့ ရပေသေးသည်။ ဒေဝဒတ်သည် အလွယ်တကူ ထီးနန်းလွှဲခဲ့ သော ခမည်းတော်ကြီးကို အပြီးအပြတ်သတ်ဖြတ်ရန် စေခိုင်း သေးရာ၊ သူ့ကိုနှစ်နှစ်နာနာ ပြောလွှတ်လိုက်သော ဘုရားရှင် ကိုလည်း လက်စားချေမည်မလွှဲပါ။

စိုးရိမ်သူနှင့် မစိုးရိမ်သူ

မကျေနပ်၍ လက်စားချေရာတွင် လူသိရှင်ကြား လုပ်ကြံမှုကို သူကြံဝံ့ဦးမည်မဟုတ်ပါ။ ကြံလျှင်လည်း ပြည်သူ ပြည်သား အများစုကြီးက သည်းခံမည်မဟုတ်ပါ။ သူ့ကို ပုဂ္ဂိုလ်စွဲဖြင့် ကြည်ညိုလေးစားနေသူများပင် လျော့ပါး သွားနိုင်ပါသေး သည်။ ထို့ကြောင့် လျှို့ဝှက်သောနည်းလမ်းဖြင့် သူကြံစည်ပါ လိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် ဘုရားရှင်ကို ဝေဠုဝန်

ကျောင်းတော်မှာချည်း နေစေချင်ပါ၏။ သံဃာ့ ပရိသတ် အလယ်မှာသာ ရှိစေချင်ပါ၏။ သို့သော် ကျွန်ုပ်၏ အလိုကို ဘုရားရှင်က လိုက်နာခြင်းမပြုပါ။ နေ့စဉ်လိုလို ဝေဠုဝန် ကျောင်းတော်မှ ထွက်ခွာကာ တောအုပ်ရှိရာ ကြွတော်မူတတ် ၏။ အရိပ်ကောင်းသော သစ်ပင်ရိပ်တွင် တနေ့လယ်လုံး နေတော်မူတတ်၏။

လာစဉ်ကပင် တိတ်ဆိတ်စွာနေထိုင်ရန်ဖြစ်၍သံဃာ့ပရိသတ် များ လိုက်ပါခွင့်မရကြပါ။ ကျွန်ုပ်သာလျှင်အမြဲတမ်းအလုပ် အကျွေးမို့ ဖဝါးခြေထပ် လိုက်ပါခွင့် ရနေပေသည်။

ထူးဆန်းလှသောမြင်ကွင်း

သစ်ပင်ရိပ်၌ ကျွန်ုပ်တို့နှစ်ပါးတည်း အေးချမ်းစွာနေကြရာမှ သောက်တော်ရေ လိုလာသဖြင့်ရေကန်ရှိရာသို့ ကျွန်ုပ်ထွက်လာ ခဲ့ရ၏။ စင်ကြယ်စွာဆေးထားသော သပိတ်ဖြင့် သောက်တော် ရေ ခပ်လာချိန်မှာကား ထူးဆန်းလှသော မြင်ကွင်းနှင့် တိုးနေပါတော့သည်။ သောက်တော်ရေ သပိတ်ကို လက်ထဲက လွတ်ကျမသွားအောင် အနိုင်နိုင် ထိန်းထားရပါတော့သည်။

တောမုဆိုးတယောက်သည် ဘုရားရှင်ကို လေးနှင့်ချိန်လျက် ရှိ၏။ အဆိပ်လူးထားသော မြားကို တင်ကာ လေးညှို့ကို အဆုံးထိအောင် တင်ထား၏။ သည်မြားဖြင့် ပစ်လိုက်လျှင် လူသုံးယောက်တော့ ထုတ်ချင်းခတ် သွားလောက်ပေသည်။ သို့သော် အဆိပ်လူးမြားသည် လေးထဲမှ ထွက်မလာပေ။

လေးနှင့်မြားသာမကတောမုဆိုးတကိုယ်လုံးပါမလှုပ်နိုင်၊မရှားနိုင်ဖြစ်နေ၏။ လေးတင်နေဟန်ထုလုပ်ထားသော ကျောက်ရုပ်သဖွယ်ဖြစ်နေ၏။ သို့သော် ကျောက်ရုပ်နှင့် ထူးခြားနေသည်မှာ ထိတ်လန့်တကြားဖြစ်နေသော သူ့မျက်နှာဖြစ်၏။တကိုယ်လုံးမှ ထွက်လာကြသော ချွေးသီး ချွေးပေါက်ကြီး များဖြစ်၏။

ရန်ပြုသူကို ကယ်တင်ခြင်း

"တကာ၊ လာပါလော့။ ငါဘုရားကိုမကြောက်လင့်"

ဘုရားရှင်က ဤသို့ မိန့်တော်မူလိုက်မှ သူ့လက်, သူ့ခြေများ လှုပ်ရှားနိုင်တော့၏။ ဤတွင် ဘုရားရှင်ကိုသတ်ဖြတ်ရန်လာခဲ့သော တောမုဆိုးသည် လေးနှင့်မြားကို တော်ရာချကာ ခြေတော်ရင်းသို့ ဝပ်စင်းလာ၏။ မိုက်မှားမိသောပြစ်မှုကြီးကို ဝန်ချ တောင်းပန်၏။

မင်းဆရာဒေဝဒတ်က မင်းအာဏာကိုသုံးကာ ခိုင်းလိုက်၍ လာရကြောင်းကို လျှောက်ထား၏။ ကျွန်ုပ်ကြိုတင် တွက်ဆခဲ့သော ကိစ္စကြီးပေါ်ပေါက်လာချေပြီ။

မည်သို့ပင်ဖြစ်စေ၊ ဘုရားရှင်ကအမှားကို အမှားမှန်းသိ၍ ဝန်ချလာသူကို ခွင့်လွှတ်တော်မူမြဲ ဖြစ်ပါသည်။ မလိမ္မာ၍ တခါမိုက်မိသော တောမုဆိုးအား လွှတ်ရာ,ကျွတ်ရာ တရားကို တထိုင်တည်းနှင့် သိမြင်အောင် ဟောကြားတော်မူပါသည်။ ထိုမှဆက်လက်၍—

"တကာ၊ သင်ပြန်သောအခါ လာခဲ့သောလမ်းမှ မပြန်လေနှင့်။ တခြားလမ်းမှပြန်ပါ"

သိရေး, မြင်ရေး, ကျင့်သုံးရေးကိုသာမက အပြန်လမ်းအတွက်ပါ မှာကြားနေသဖြင့် ကျွန်ုပ်စိတ်ထဲမှာ ထူးခြားသလိုလို ဖြစ်မိပါ၏။ ဤသို့ ထူးခြားလာလျှင် အကြောင်းတခုခုရှိတတ်သည်မို့ ကျွန်ုပ်သည် ဘုရားရှင်ထံ လျှောက်ထားမနေတော့ပဲ ပါလာသောသောက်တော်ရေကိုသာ ဆက်ကပ်လိုက်၏။

တယောက်ပြီးတော့ နှစ်ယောက်

ရေကပ်ပြီး၍အတန်ကြာလျှင် တောမုဆိုးနှစ်ယောက် ပေါ်လာကြ၏။ လေးရော မြားပါ လက်နက်အပြည့်အစုံ ပါလာကြ၏။ သို့သော် သူတို့ကား ဘုရားရှင်ကို ရန်မမူကြပါ။ အနားသို့ ရောက်လာကြသည်နှင့် ရိုသေစွာရှိခိုးကြ၏။ သူတို့ကိုလည်း ယခင်လူကဲ့သို့ပင် ဘုရားရှင်က တရားပြတော်မူ၏။ တရားသဘောကိုသိမြင်သွားကြသော တောမုဆိုးတို့ကလည်း—

"တပည့်တော်တို့သည်ဤနေရာမှပြန်လာမည့် လူတယောက်ကို လမ်းမှဆီး၍သတ်ဖြတ်ရန် စောင့်နေကြပါသည်။ ယခုသူပြန်မလာတည့်၍ တပည့်တော်တို့ လိုက်လာရခြင်း ဖြစ်ပါသည်။ မင်းဆရာဒေဝဒတ်၏ အမိန့်အရ ပြုလုပ်ရခြင်း ဖြစ်ပါသည် ဘုရား"

ဟုတ်တိုင်းမှန်စွာ လျှောက်ထား၍ ဝန်ချတောင်းပန်ကြ၏။ သူတို့ကိုလည်း လာလမ်းက မပြန်ပဲ တခြားလမ်းက ပြန်သွားကြရန် ညွှန်ကြားတော်မူရပေသည်။

ဆတက်ထမ်းပိုး တိုး၍ တိုး၍

ဒေဝဒတ်၏အစီအမံကား ပိရိပါဘိ၏။ လေးသမားတယောက်ကို ဘုရားရှင်အား သတ်ဖြတ်ရန် စေခိုင်းခဲ့၏။ ဘုရားရှင်ကို သတ်ဖြတ်၍ ပြန်လာသူကို အခြား လေးသမားနှစ်ယောက်က လမ်းမှ ဆီး၍ သတ်ဖြတ်ရန် အကွက် ဆင်ထား၏။ တရားခံ မပေါ်နိုင်အောင် စနစ်တကျ စီမံထားခြင်း ဖြစ်၏။ ယခု လေးသမားနှစ်ယောက်ကိုလည်း ဘုရားရှင်က လမ်းလွှဲ၍ ပြန်ကြရန် ညွှန်ကြားတော် မူပြန်ပေသည်။ ဤဇာတ်လမ်းမှာ ဤမျှနှင့် ဆုံးသေးဟန်မတူပေ။

မကြာပါချေ။ ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်း လေးသမား လေးယောက် ရောက်လာ ကြပြန်ပါ၏။ ထို့နောက် မကြာမီ လေးသမားရှစ်ယောက် ရောက်လာကြ၏။ နောက်ဆုံး အသုတ်ကား ၁၆ ယောက်တိတိ ရှိ၏။ ဘုရားရှင်ကို လုပ်ကြံရေးအတွက် ရွေလူများ အားလုံးကို စတေးထားခဲ့ပေသည်။ နောက်ဆုံး အသုတ်ကိုလည်း စိတ်မချရလျှင် တနည်းနည်းနှင့် သုတ်သင်လိမ့်မည် မလွဲပါ။ ဘုရား တန်ခိုးတော် ကြောင့်သာ လေးသမားအားလုံးအသက်ချမ်းသာရကြပေသည်။ အကျတ်တရားကို ရကြပေသည်။

တောထဲကကိစ္စ တောထဲမှာ ပြီးစေ

တောထဲမှာ ဖြစ်၍ တောထဲမှာ ပြီးဆုံးသွားသော ဤဇာတ်လမ်းကို ကျွန်ုပ်သည် ဝေဠုဝန်ကျောင်းတော်မှ သီတင်းသုံးဖော်များအား အသိပေးခဲ့၏။ သို့သော် တကာ၊ တကာမအများစုထံ ရုတ်တရက်သတင်းမဖြန့်မိရန် သတိပေးထားရ၏။ ပကာသနိယကံ ပြုစဉ်တုန်းက တချို့ တကာ,တကာမများသည် 'ဒေဝဒတ်၏လာဘ်လာဘကို မနာလို၍ လုပ်သည်' ဟု ဆိုခဲ့ကြသေးသည် မဟုတ်ပါလော။ ကျွန်ုပ်မှလွဲ၍ မျက်မြင်သက်သေမရှိသော အမှုတခုကို ယုံချင်မှ ယုံကြပေလိမ့်မည်။ မယုံလျှင်အကုသိုလ်ပွားကြရုံသာ ရှိပေလိမ့်မည်။

ဂိဇ္ဈကုဋ်တောင်ခြေဝယ်

ဤ သတင်းဆိုးကြီးကို ကျွန်ုပ်တို့ ထိန်း ချုပ် ထားဆဲ မှာပင် နောက်တမျိုး ပေါ်လာပြန်ပါ၏။ သည်တခါတော့ တောအုပ်ထဲမှာ မဟုတ်ပါ။ ဂိဇ္ဈကုဋ်တောင်ခြေမှာ တွေ့ကြုံခဲ့ရပေသည်။

ဂိဇ္ဈကုဋ်တောင်သည် တောင်ကတုံး ဖြစ်၏။ သစ်ပင် ပန်းမန် ဟူ၍ ကြည့်လောက် ရှုလောက်အောင် မရှိပေ။ ဇရပ်တန်ဆောင်း၊ ကျောင်းကန်များလည်း မရှိပေ။ သို့ရာတွင် လူသူအရောက်အပေါက် နည်းကာ တိတ်ဆိတ်သော အရပ် ဖြစ်၍ဘုရားရှင် မကြာခဏကြွနေကျ ဖြစ်၏။ သစ်ပင်ရိပ်၊ ကျောင်းရိပ်မရှိသော်လည်း ကျောက်ဆောင် ကျောက်ကမ်းပါးရိပ်များ

သည် ကျွန်ုပ်တို့အတွက် သဘာဝကျောင်းတိုက်တာများ ဖြစ်နေကြပေသည်။

ထိုနေ့ညနေက ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်၏ အနောက်ဘက် တောင်ခြေရှိ ညီညာသော မြေပြင်တွင် စင်္ကြံ ကြွနေတော်မူ၏။ ကျွန်ုပ်သည် မလှမ်းမကမ်းမှ သောက်တော်ရေသပိတ်ဖြင့် အရန်သင့် စောင့်နေ၏။ အရင်တခါတုန်းက သောက်တော်ရေခပ် သွားနေခိုက် လေးသမားများ ရောက်လာခဲ့ဘူးသည် မဟုတ်ပါလော။ ထို့ကြောင့် တောင်ခြေကို လာကတည်းက သောက်တော်ရေကို တပါတည်း ခပ်လာခဲ့ရပေသည်။

မမျှော်လင့်သော အန္တရာယ်

ခါတိုင်း နေ့များ၌ အေးချမ်း တိတ်ဆိတ်စွာ နေခဲ့ရသော ထိုနေရာများတွင် ယနေ့ညနေတွင်မူ အန္တရာယ်ဆိုးကြီး တခု ရုတ်တရက် ပေါ်ပေါက်လာပါ၏။ မြေလျှင် တုန်လှုပ်ခြင်း မရှိ၊ မိုးကြီးလေကြီးများ မလာပါပဲလျက် တောင်ကြီး တခုလုံး သိမ့်သိမ့်တုန်သွား၏။ အသံလာရာ တောင်ထိပ် ဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာတွင်ကား ကြီးစွာသော ကျောက်တုံးကြီး တတုံးက အရှိန်ပြင်းစွာ လိမ့်ကျ လာပေသည်။ လမ်းတလျှောက်မှ ကျောက်စိုင်ကျောက်ခဲများလည်း ကျောက်တုံးကြီးနှင့် ရိုက်ခတ်မိ၍ လွင့်စင်လိမ့်ကျလာကြ၏။

"တခါတော့ လွတ်လမ်းမရှိပြီ"

ကျွန်ုပ်က ထိတ်လန့်တကြား ရေရွတ်လိုက်ပြီး ဘုရားရှင်ဆီ ပြန်ကြည့်လိုက်၏။ ကျောက်တုံးကြီး ကျလာမည့် လမ်းတည့်တည့်တွင်မှ ဘုရားရှင် ရောက်နေပေသည်။ စပါးတင်း ၁၀၀ ဝင် ပုတ်လောက်မက ကြီးမားလှသော ကျောက်တုံးကြီးသည် ဘုရားရှင်ကို စိစိညက်ညက် ကြိတ်ခြေတော့မည်ပါ တကား။

မမျှော်လင့်သော အခုအခံ

မမျှော်လင့်သော အန္တရာယ် ဆိုးကြီးနှင့် ရုတ်တရက် တွေ့လိုက်ရ၍ တအံ့တသြ ဖြစ်နေဆဲမှာပင် ထို့ထက်ပို၍ အံ့သြစရာ ဖြစ်ရပ်ကို တဆက်တည်း တွေ့ရပြန်ပါသည်။ ဘုရားရှင်အပေါ်သို့ အရှိန်ပြင်းစွာနှင့် ကျလာခဲ့သော ကျောက်တုံး ကြီးသည် ဘုရားနှင့် ဝါးနှစ်ရိုက်လောက် အလိုမှာ တုံ့ကနဲ ရပ်သွား၏။ လမ်းခွတ်လတ်မှ ကျောက်ဆောင်နှစ်ခုက ဆီး၍ ခံထားလိုက်သောကြောင့် ဖြစ်၏။ အားတိုက်နှင့် အခံတို့ ဆုံမိရာတွင် ကြောက်စဖွယ် အသံကြီး မြည်ဟိန်းလိုက်၏။ ကျောက်တုံးနှင့် ကျောက်ဆောင် ရိုက်ခတ်ရာမှ ကျောက်ချပ် ကျောက်လွှာများ ထက်အောက် ဝန်းကျင် လွင့်စင်လာကြ၏။

သည်နေရာတွင် သည်ကျောက်ဆောင်များ ရှိနေသည်ဟု ကျွန်ုပ် သတိမထားခဲ့မိပါ။ ယခု ကျောက်တုံးကြီး ဆီး၍ ခုခံထားလိုက်ခါမှ သူတို့ကို ကျေးဇူးတင်လိုက်မိ၏။ သည်ကျောက်ဆောင်နှစ်ခုကြောင့်ပင် ဘုရားရှင် ဘေးမသီ ရန်မခဖြစ်ခဲ့ရ၏။ ထိုစဉ်ခိုက်မှာပင် ဘုရားရှင်၏ မိန့်ကြားသံကို ကြားလိုက်ရ၏။

တောင်ထိပ်က လုပ်ကြံသူ

"အို-မဂ်ဖိုလ်မရ အသုံးမကျသော ယောကျ်ား၊ သင်သည် သတ်လိုသော စိတ်ဖြင့် ငါဘုရားအား သွေးထွက်အောင် ပြုဘိ၏။ သင်သည် ကြီးလေးလှသော မကောင်းမှုကို ဆည်းပူးဘိ၏"

ဂိဇ္ဈကုဋ်တောင့်ထိပ်ဆီသို့ လှမ်း၍ မိန့်ကြားတော်မူသဖြင့် ကျွန်ုပ်လည်း လိုက်၍ ကြည့်ရာ တောင်ထိပ်က ကျောက်ဆောင်ထိပ်တွင် ဒေဝဒတ်ကို မြင်လိုက်ရပါ၏။ သူများကိုခိုင်း၍ ဟန်မရတော့သဖြင့် သူကိုယ်တိုင် လုပ်ကြံ လိုက်ခြင်း ပါတည်း။ ဘုရားရှင် မရှုမလှပျက်စီးခြင်းကို ဝမ်းသာအားရ လှမ်းမျှော်၍ ကြည့်လာခြင်းပါတည်း။

ဘုရားရှင်အမိန့်ကြောင့် ဒေဝဒတ် မည်သို့ဖြစ်သွားသည်ကို ကျွန်ုပ် ဂရုမစိုက်နိုင်တော့ပါ။ ဘုရားရှင်ထံသို့သာ ပြေးသွားရပါတော့သည်။ ခြေမတော်တွင် ကျောက်လွှာခတ်မိ၍ သွေးစိမ်းရှင်ရှင်ထွက်နေသည်ကို သင်္ကန်းတစကို ဆုတ်၍ ပတ်တီးစည်းရပါတော့သည်။

[စူဠဝဂ်ပါဠိတော်၊ သံဃဘေဒကက္ခန္ဓက]

ဆရာဇီဝက၏ အမှာစကား

ကျောက်တုံး လိမ့်ကျသံကြောင့် အနီးအပါးရှိ ရဟန်းများ ရောက်လာကြ၏။ ဘုရားရှင်ကို ညောင်စောင်းပေါ်မှာ တင်၍

ကျွန်ုပ်တို့ ပထမဦးစွာ မဒ္ဒကုစ္ဆိ တောင်သို့ သွားကြ၏။ ထိုမှ တဆင့် ဘုရားရှင်၏ အမိန့်အရ ဇီဝက၏ သရက် ဥယျာဉ်သို့ ပို့ဆောင်ရ၏။ မကြာမီ ဆရာဇီဝကလည်း သတင်းကြားသဖြင့် ဆေးဝါး ပစ္စည်းအစုံဖြင့် ရောက်လာခဲ့ပေသည်။

ဆရာ ဇီဝကသည် ကျွန်ုပ် စည်းပေးခဲ့သော ပတ်တီးကို ရေနွေးဖြင့် ဆွတ်၍ အသာအယာခွာယူကာ ဒဏ်ရာကို ဆေး ကြောပေး၏။ ဆေးများထည့်ကာ ပတ်တီး အသစ် ထပ်၍ စည်းပေး၏။ ထို့နောက်–

"အရှင်ဘုရား၊ တပည့်တော်သည် မြို့တွင်းမှာ ကုလက်စ လူနာတယောက်ထံ ပြန်သွားရန် ရှိနေပါသည်။ သူ့ကို ကုပြီး လျှင် တပည့်တော်ပြန်လာခဲ့ပါမည်။ တပည့်တော် မပြန်မချင်း သည်ပတ်တီးကို သည်အတိုင်း ထားစေချင်ပါသည် ဘုရား"

ဤသို့ လျှောက်ထားကာ မြို့တွင်းသို့ ပြန်သွား၏။ သမား တော်တို့၏ ဝတ္တရား မချွတ်စေရန် ဖြစ်ပေသည်။

ဆေးစွမ်းနှင့် ဉာဏ်စွမ်း

နောက်တခေါက် ပြန်လာခဲ့ပါမည် ဆိုသော ဆရာဇီဝကသည် ညနေစောင်းသော်လည်း ပြန်မလာခဲ့ပေ။ နေဝင် မိုး ချုပ် ထိအောင် ရောက်မလာသေးပေ။ သူမလာမချင်း သည်ပတ်တီး

ကို သည်အတိုင်း ထားပါဟုလည်း ဆိုခဲ့၏။ ယခု သူကလည်း ပြန်မလာ။ ကျွန်ုပ် ဝေဖန်ရခက်နေဆဲမှာပင် ဘုရားရှင်က—

"အာနန္ဒာ ပတ်တီးကိုဖြေလော့"

သည်အတိုင်း ထားပါဦးဟု သေသေ ချာချာ မှာထားခဲ့သည်ကို ယခု ချက်ချင်း ဖြေပေးရန် ခိုင်းတော် မူချေပြီ။ ကျွန်ုပ်သည် ဆရာ ဇီဝကအား သမားတော် တယောက် အဖြစ်ဖြင့် လေးစားပါ၏။ သို့သော် ဘုရားရှင်စကားကိုမူ ထိုထက် အဆများစွာ လေးစားရပါသည်။ ထို့ကြောင့်ပင် ခိုင်းသည့်အတိုင်း ဖြေပေးလိုက်ရာ ဒဏ်ရာကောင်းကောင်းကြီး ကျက်သွားပါချေပြီ။

နောက်တနေ့ကျခါမှ ဆရာဇီဝကသည် အစောကြီးရောက်လာကာ—

"အရှင်ဘုရား၊ ယမန်နေ့က လူနာကိုဆေးကုယင်း အချိန်ကြာသွားခဲ့ပါသည်။ ဆေးကု ပြီးပြီးချင်း အရောက်လာမည် လုပ်ပြန်တော့လည်း မိုးချုပ်ပြီမို့ တံခါးကြီး ပိတ်သွားပါပြီ။ သည်တော့မှ ဘုရားရှင်အတွက် တပည့်တော်လှမ်း၍ ပူနေရပါသည်။ တပည့်တော် ပြန်မလာမီ သည်ပတ်တီးကို မဖြေရန် မှာကြားခဲ့မိ၏။ ထားခဲ့သောဆေးများကလည်း ထက်ပေ့ဆိုသော ဆေးများဖြစ်၏။ ဒဏ်ရာကိုအမြန်ဆုံး ပျောက်စေနိုင်သော ဤဆေးများသည် ဖြေသင့်သည့်အချိန်မှာ မဖြေရသော်

ဆေးဒဏ်ခံရမည် ဖြစ်ပါသည်။ တညလုံးလုံးပူစပ်ပူလောင်ခံရပါတော့မည်။ ဤသို့ တွေး၍ ပူနွဲ့မိပါသည်ဘုရား”

ကောင်းကောင်း ကျက်နေပြီဖြစ်သော ဒဏ်ရာကို ကြည့်ရှုလျက် ဤသို့ ငမ်းမြောက်စွာ လျှောက်ထားလိုက်၏။ အံ့သြဖွယ်ရာဖြစ်ပါ၏။ ‘သည်အချိန် ပတ်တီးဖြေသင့်သောအချိန်’ဟု သူတွေးတော ပူပန်မိသော အချိန်နှင့် ဘုရားရှင်က ပတ်တီးဖြေပေးရန် မိန့်ကြားတော်မူသောအချိန်တို့သည် ထပ်တူထပ်မျှဖြစ်နေကြပါချေသည်။

ရုပ်သာနာ၍ စိတ်မနာ

ထိုမှ ဆက်လက်၍ ဆရာဇီဝက,က ‘အရှင်ဘုရား၊မည်သို့ဖြစ်ပါသေးသနည်း။ ဤဒဏ်ရာကြောင့် အရှင်ဘုရားမှာ ပူလောင်ပြင်းပြသောဝေဒနာခံစားရပါသေးသလော’ဟုလျှောက်ထား၏။ ဤတွင် ဘုရားရှင်က—

“ဇီဝက၊ ငါဘုရားသည် ဘဝသံသရာခရီး၏ အဆုံးသို့ရောက်ခဲ့ပြီ။ ပူဆွေးမှုဟူသမျှငြိမ်းခဲ့ပြီ။ ရုပ်နာမ်ခန္ဓာ၌ရှိသမျှအပေါ်၌ လွတ်လွတ်ကြီး နေခဲ့ပြီ။ အနှောင်အဖွဲ့ ဟူသမျှမှ လွတ်မြောက်ခဲ့ပြီ။ ထို့ကြောင့် ငါဘုရား၏ ရုပ်ခန္ဓာနှင့် ပတ်သက်၍သာလျှင် နာကျဉ်ခြင်းဝေဒနာခံစားရ၏။ နာမ်ခန္ဓာမှာမူကား ပူလောင်မှုဟူသမျှ ကင်းငြိမ်းခဲ့ပြီတည်း။

မိမိမှာ ဒဏ်ရာပြင်းစွာ ရခဲ့သည့် ကိစ္စမှာပင် ဝေနေယျ သတ္တဝါများအတွက် တရားတပုဒ် ဟောထုတ်တော် မူလိုက်ပါ သေးသည်။

[ဓမ္မပဒ၊ အရဟန္တဝဂ်၊ ဇီဝကပဗ္ဗဝတ္ထုပါဠိတော်နှင့် အဋ္ဌကထာ]

ဘုရားရှင်ကိုစောင့်ရှောက်ရန်မလို

ဇီဝက၏ သရက်ဥယျာဉ်မှာပင် အနာရှင်းရှင်းပျောက်ပြီ ဖြစ်၍ ဘုရားရှင် ဝေဠုဝန် ကျောင်းတော်သို့ ပြန်ကြွလာ၏။ သည်တော့မှ ဒေဝဒတ်၏ လုပ်ကြံမှုကြီးကို ရဟန်းအားလုံး သိ သွားကြ၏။ မမျှော်လင့်သောကိစ္စကြီးကို ကြားလိုက်ရသဖြင့် တချို့မှာထိတ်လန့်တုန်လှုပ်သွားကြ၏။ တချို့ကတော့ ကြိတ် မနိုင် ခဲမရဖြစ်ကြ၏။ တချို့ရဟန်းများကား တရားသဘော ဖြင့် ဆင်ခြင်သုံးသပ်ကာ သံဝေဂပွားကြရ၏။ သို့သော် ရဟန်းအားလုံးအတွက် တူညီသော အချက်တခုကား ရှိပါ၏။ ဘုရားရှင်ထံ နောက်ထပ်တဖန် အန္တရာယ် မကျရောက်လာရေး ပင် ဖြစ်ပါ၏။

တူညီသော ရည်ရွယ်ချက်ဖြင့် ရှိရှိသမျှ ရဟန်းများသည် ဘုရားရှင်ကျောင်းတော်ကို ပတ်ပတ်လည်မှ ဝန်းရံထားကြ၏။ တပါးနှင့်တပါး ပခုံးချင်းထိမတတ် နီးကပ်စွာ ရပ်နေကြ၏။ တပါးနှင့်တပါး စကားပြောသူကပြောကြ၏။ လေ့လာထား သော သုတ္တန်များကို အာဂုံပြန်သူကပြန်နေကြ၏။ သူတို့အသံ သည် ဘုရားရှင်ကျောင်းတော်အတွင်းသို့ ရိုက်ခတ် လာကြသ

ဖြင့် ဘုရားရှင်ကမေးတော်မူ၏။ ကျွန်ုပ်က အကြောင်းမှန်ကို လျှောက်ထားလိုက်ရ၏။ ဤတွင် ဘုရားရှင်က ရဟန်းအားလုံးကို ခေါ်တော်မူကာ—

"ရဟန်းတို့၊ ဘုရားရှင်တို့အား သူတပါး လက်ချက်ဖြင့် အသက်ဆုံးရှုံးရန် အကြောင်း၊ မရှိပေ။ အရေးအခွင့်မရှိပေ။ ဘုရားရှင်တို့သည် သူတပါးလက်ချက်မပါ မိမိသဘာဝအတိုင်းသာ ပရိနိဗ္ဗာန်ပြုကြကုန်၏"။

မိမိအတွက် ကြောင့်ကြဗျာပါ ပွားမနေကြရန် မိန့်တော်မူလိုက်ပေသည်။

[စူဠဝဂ်ပါဠိတော်။ သံဃဘေဒကက္ခန္ဓက]

မေတ္တာ နှင့် သူရာ

ချစ်သမျှဒုက္ခ

မိမိ၏ဘုန်းကံကိုသိတော်မူပြီးသော ဘုရားရှင်က ဘုရားရှင်တို့မည်သည် သူတပါးလက်ချက်ဖြင့် အသက်ဆုံးရှုံးရန်အကြောင်းမရှိပုံကိုအတည့်အလင်း မိန့်ကြားတော်မူ၏။ ဘုရားရှင်တို့စကားသည် ကျောက်စာတိုင်တမျှ ခိုင်မြဲလှ၏။ အနာဂတ်အရေးမျှော်တွေး၍ ဟောကြားချက်မှန်သမျှသည် ဟောကြားထားသည့်အတိုင်း တိကျမှန်ကန်ခဲ့သည်ချည့် ဖြစ်ပါ၏။ သို့ပါလျက်ဤစကားများကို နားနှင့်ဆတ်ဆတ်ကြားနာခဲ့ရသော ကျွန်ုပ်မှာကား တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်စွမ်း မရှိသေးပါ။

ရှင်တော်မြတ်၏ နောက်ဘော်မှ ဖဝါးခြေထပ် လိုက်ပါလာ ရပါလျက် ကျွန်ုပ်မှာ သဲတုန်,အူတုန် ဖြစ်ခဲ့ရပါသည်။

ဤသို့ ဖြစ်ရသည်မှာ ဘုရားရှင်၏ မိန့်ခွန်းတော်ကို မယုံ ကြည်၍ မဟုတ်ပါ။ နောင်တော်မြတ်အပေါ်မှာ ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာကြီးမားမှုကြောင့်သာ ဖြစ်ပါသည်။ လောကဲ ထွတ်ထား ဘုရားရှင်ကိုချစ်သော အချစ်မျိုးသည်ပင် စိတ်ပင် ပန်းမှုနှင့် မကင်းနိုင်ပါချေတကား။

ထိုနေ့ နံနက်က ရာဇဂြိုဟ်မြို့တော်ထဲသို့ ဘုရားရှင် ကြွတော် မူလာရာတွင် ကျွန်ုပ်တို့လည်း နောက်တော်ပါးမှပါလာကြ၏။ ကျွန်ုပ်တို့ဆိုရာတွင် ရာဇဂြိုဟ်ပတ်ဝန်းကျင်ရှိ ကျောင်းပေါင်း ၁၈-ကျောင်းမှ ရဟန်းရှိရှိသမျှဖြစ်၏။ ဘုရားရှင် အမိန့်တော် ဖြင့် အားလုံးအပါခေါ်ခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့် ယခင် နေ့ကထက် ယနေ့ နောက်ပါသံဃာ ပို၍များနေပေသည်။

ကျိုးလန့်စာစားမြို့တော်ကြီး

ရာဇဂြိုဟ်မြို့တော်ရှိ တကာ,တကာမများသည် ယမန်နေ့ညနေက ကျောင်းသို့လာကာ နက်ဖြန်ခါ ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံ မကြွပါရန် လျှောက်ထားကြ၏။ ဘုရားရှင်ကို စိစိညက်ညက် ကြေအောင် တိုက်ခိုက်လာမည့်အန္တရာယ်ဆိုးကြီး ရှိနေကြောင်း လျှောက်ထားကြ၏။ သို့သော် မိမိဘုန်းကံကို ယုံကြည်တော် မူပြီးသော ဘုရားရှင်က သူတို့လျှောက်ထားချက်ကို လက်မခံ ပါ။ ပယ်လည်း ပယ်တော်မမူပါ။ ရာဇဂြိုဟ် မြို့တော်တွင်းကို

တော့ ကြွဖြစ်အောင် ကြွမည်။ သို့သော် ဆွမ်းတော့ မခံပါ။ ဆွမ်းလှူလိုသော တကာ, တကာမများ ဝေဠုဝန် ကျောင်းတော်သို့ လာနိုင်သည်။ ဝေဠုဝန်ကျောင်းတော် ပြန်ရောက်မှ ဆွမ်းဘုဉ်းပေးတော်မူမည်ဟု မိန့်ကြားတော်မူခဲ့၏။

ထို့ကြောင့် ယနေ့နံနက် ရာဇဂြိုဟ်မြို့တော်တွင်းသို့ သပိတ်ကိုယ်စီနှင့်ဝင်လာခဲ့ကြခြင်းမှာ ဆွမ်းခံရန်မဟုတ်ပါ။အကယ်၍ ဆွမ်းခံစေဦးတော့ ဆွမ်းရမည်လည်း မဟုတ်ပါ။ မြို့တော်ကြီး တခုလုံး ကျိုးလန့်စာစား ဖြစ်နေ၏။အိမ်တံခါးတိုင်းကို အခိုင်အလုံ ပိတ်ထားကြ၏။လမ်းမကြီးသို့ မျက်နှာမူနေသော ပြတင်းပေါက်များတွင် အိမ်ရှိလူကုန်စုပြုံကာ ကျွန်ုပ်တို့ဆီ လှမ်းကြည့်နေကြ၏။တချို့ကတော့ အိမ်ခေါင်မိုး၊တိုက်ခေါင်မိုးများပေါ်တက်ကာ နေရာ ယူထားကြပေသည်။ ယနေ့ သူတို့အတွက် တကယ့် ပွဲကြီးပွဲကောင်း မဟုတ်ပါလော။

ဆင်ပြောင်ကြီးနှင့် ဆင်ဆိုးကြီး

ကုန်းသတ္တဝါအပေါင်းတွင် ဆင်သည် အကြီးဆုံးဖြစ်၏။ လူ့ဘောင် လောကမှာလည်း ဘုရားရှင်သည် သစ္စာ လေးပါးတရားတော်ကို ပထမဦးစွာ သိသဖြင့် အကြီးဆုံး ဖြစ်၏။ ကြီးမားသော ဂုဏ်ကို တင်စားသော အားဖြင့် ကျွန်ုပ်တို့သည် ဘုရားရှင်ကို ဆင်ပြောင်ကြီးဟု တခါတခါ ခေါ်ခဲ့ကြရ၏။ ယနေ့တော့ ဘုရားတည်းဟူသော ဆင်ပြောင်ကြီးသည် နာဠာဂိရိ ဆင်ကြီးနှင့် အပြိုင်အဆိုင် အနိုင်ကျဲရပေတော့မည်။ ဤ

အကြောင်းများကို ယမန်နေ့ညနေကပင် တမြို့တော်လုံး စည်လည်၍ ကြေငြာထားသည်ဟု ဆိုကြပေသည်။

နာဠာဂီရိဟူသည်ကား အဇာတသတ်မင်း၏ တိုက်ဆင်ကြီးဖြစ်၏။တောင်ကြီးတမျှ ထင်မှတ်ရအောင် ကိုယ်ခန္ဓာ ကြီးမားလှ၏၊ ခွန်အားဗလ ကြီးမား သန်စွမ်းလှ၏။ ဆိုးသွမ်းသည့်နေရာမှာလည်း တိုင်းကျော်၊ပြည်ကျော်ဖြစ်ပါ၏။လူတွေ သတ်ခဲ့ပေါင်း များလှပေပြီ။ သူ စိတ်မထင်လျှင် မထင်သလို နင်းတတ် သတ်တတ်၏။ ပါလိလေယျက ဆင်ကြီးကဲ့သို့ လိမ္မာယဉ်ပါးဖို့ကား ဝေးလေစွ။

ပင်ကိုစိတ်ကပင် ကြမ်းတမ်းနေသော ဆင်ကြီးကို နေ့စဉ်နေ့တိုင်း အရက်ရှစ်အိုးတိုက်ကြရ၏၊တိုက်ချင် ခိုက်ချင်စိတ်များ အစဉ်နိုးကြားနေစေရန် ဖြစ်ပါ၏။ယနေ့လိုတိုက်ပွဲမျိုးတွင်ကား မင်းဆရာ ဒေဝဒတ်သည် နှစ်ဆတိုး၍ တိုက်ဖို့ စေခိုင်းမည်မှာ မလွဲပါ။ ရာထူးနိမ့်သူကို တက်လာအောင်၊ ရာထူး မြင့်နေသူများကို နိမ့်ကျသွားအောင် စွမ်းဆောင်နိုင်သော မင်းဆရာ ဒေဝဒတ်၏စကားကို မည်သည့် အမှုထမ်း၊အရာထမ်းမျှ ငြင်းပယ်ဝံ့မည် မဟုတ်ပါ။

ပရိသတ် နှစ်မျိုး နှစ်စား

ဗိမ္ဗိသာရမင်းကြီးလက်ထက်က မိမိကိုယ်တိုင် ဘုရား ကျောင်းတကာကြီး ဖြစ်ပါသော်လည်း မှူးမတ်များကို မိမိလို ဖြစ်လာအောင် အာဏာဖြင့်မသိမ်းသွင်းခဲ့ပါ။ တိုင်းသူ ပြည်သား

များကိုလည်း အတင်းအကျပ် မစည်းရုံးခဲ့ပါ။ မိမိနှစ်သက်ရာ တရားကို လိုက်စား၍ မိမိ ကြည်ညိုရာ ပုဂ္ဂိုလ်များကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးထားခဲ့၏။ ထို့ကြောင့်ပင် ရာဇဂြိုဟ်မြို့တော်ထဲတွင် ကျွန်ုပ်တို့ သာသနာတော်ကို ကြည်ညိုသူရော၊ မကြည်ညိုသူပါ ရှိနေကြပေသည်။

မကြည်ညိုသူများတွင်လည်း သာသနာတော်နှင့် မဆက်စပ်မိသေးသဖြင့် သာမန်မျှသာ မကြည်ညိုသူနှင့် သူတို့ဆရာများ၏ စကားကြောင့် ငြိုးသူရန်ဘက်ဖြစ်နေသူများရှိကြ၏။ ထို ဒုတိယ အုပ်စုဝင်များ၏ မျက်နှာများသည် ယနေ့နံနက်တွင် ထူးထူးခြားခြား ပြုံးပန်းပွင့်နေကြ၏။ သို့သော် ပြုံးပန်းတို့မှာ အဆိပ်ရည် လွှမ်းလျက်ရှိပေသည်။ ကိုယ်တော်မြတ်ကြီးအား နာဠာဂီရိ ဆင်ဆိုးကြီးက စိစိညက်ညက် ကျေအောင် နင်းချေခန်းကို ကြည့်လို့မြင်လိုသော အဆိပ်များပါတည်း။

ကြည်ညိုသော တကာ တကာမ များတွင်လည်း နှစ်မျိုးနှစ်စား ရှိကြပါ၏။ တချို့က ဘုရားရှင်၏ စွမ်းအား သတ္တိကို ယုံကြည်ထားကြသဖြင့် ဆင်ဆိုးကြီးအား ပိုင်ပိုင်နိုင်နိုင် ချွန်းအုပ်လိုက်မည့် ရုပ်သွင်တော်ကို မှန်းမျှော်နေကြ၏။ တချို့ကတော့ ဘုရားရှင်ကို ကြည်ညိုကြပါ၏။ ဘုရားရှင်၏ စွမ်းအားသတ္တိကိုလည်း ယုံကြည်ကြပါ၏။ သို့သော် တဘက်ကလည်း ဖြစ်မှ ဖြစ်ပါမည်လောဟု တွေးတောပူပန်နေကြ၏။ သည်တုန်းကတော့ တကာ တကာမများ၏သဘောထားမျိုးစုံကို ကျွန်ုပ်

အကဲခတ်နိုင်သည် မဟုတ်ပါ။ သည် တိုက်ပွဲကြီး ပြီး ခါမှ ကျွန်ုပ်တို့ တကာ့တကာမများက ခရေဲ့စတွင်းကျ လျှောက်သွားကြသဖြင့် ယခုလို တင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ဆင်ဆိုးကြီးလွတ်လာပြီ

သဘောထား မျိုးစုံဖြင့် စုပြုံနေကြသော ပရိသတ်များ ရှေ့မှ ကျွန်ုပ်တို့သည် ဣန္ဒြေရရလှမ်းလာခဲ့ကြ၏။ ကျွန်ုပ်၏ရှေ့တွင် စိတ်ခာတ်ရေးရာခိုင်မာတော်မူပြီးသော ဘုရားရှင်ရှိနေ၏။ ကျွန်ုပ်၏ နောက်မှာလည်း စိတ်ဓာတ် ခိုင်မာသော သံဃာတော်များ တသီတတန်းကြီး လိုက်ပါလာကြ၏။ ထိုပုဂ္ဂိုလ်များ ကြားမှ လိုက်ပါလျက် ကျွန်ုပ် စိတ်နှလုံးများမှာတော့ တုန်လှုပ်လျက် ရှိကြပါ၏။ ဖြစ်မှ ဖြစ်ပါမည်လောဟု တွေးတောပူပန်နေမိ၏။ ထိုစဉ် အခိုက်မှာပင် နန်းတော်ကြီးဆီမှ တခဲနက် အော်ဟစ်သံကြီး မြည်ဟည်းလာ၏။ မသွားလျှင် မဖြစ်၍ လမ်းပေါ် ရောက်နေသူများသည် ကျွန်ုပ်တို့ရှိရာသို့ ဒရောသောပါး ပြေးလာကြ၏။ နာဠာဂီရိဆင်ကြီး လွတ်လာ၍ပင် ဖြစ်ပါလိမ့်မည်။ ဆင်တင်းကုပ်ကို ချိုးဖွဲ့ ဖျက်ဆီး၍ ထွက်လာလောက်အောင် တမင်တကာ ထိုးဆွ ရိုက်ပုတ်၍ လွှတ်လိုက်ကြပါလိမ့်မည်။

တခဲနက် အော်သံကြီး နောက်ဝယ် ထိတ်လန့်တကြား အော်သံ ဟစ်သံများ ကြားရ၏။ တမ်းတ ငိုယိုသံများလည်း ကြား၏။ တပြုန်းပြုန်း တဂျုန်းဂျုန်း အသံများလည်း ကြားရ၏။ ဆင်ဆိုးကြီးက မြင်မြင်ကရာ ပစ္စည်းများ၊ အဆောက်

အအုံများကို နင်းချေတွန်းဖြိုလာ၍ ဖြစ်ပါလိမ့်မည်။ ကောသလ တိုင်းမှာ ဒေသစာရီ လှည့်လည်စဉ်က တွေ့ခဲ့ရသော တောမီး ကြီးကဲ့သို့ ဖြစ်ပါ၏။

အသံဗလံများက ဤမှာဘက်သို့ ဦးတည်လာကြ၏။ ဘုရား ရှင်ကလည်း အသံဗလံများ ရှိရာသို့သာ တန်းတန်းမတ်မတ် ကြွတော်မူလျက်ရှိ၏။ လှမ်းကြွနေသော ခြေလှမ်းများသည် နှေးလည်း မနှေး၊ မြန်လည်းမမြန်၊ ပုံမှန်လှမ်းမြဲတိုင်းသာ လှမ်း တော်မူလျက် ရှိ၏။

ဆင်ဆိုးကြီး လာချေပြီ

အသံဗလံများ နီးကပ်လာသည်နှင့်အမျှ အိမ်ပေါ်၊ တိုက်ပေါ်မှ ပရိသတ်များလည်း ရိုးတိုးရွတ ဖြစ်လာကြ၏။ ကျွန်ုပ်မှာလည်း ဣန္ဒြေဆည်၍ မရနိုင်တော့ပါ။ စိတ်နှလုံး တည်ငြိမ်အောင် ဆောက်တည်ထား၍ မရနိုင်တော့ပါ။ နောင်တော်မြတ်၏ နောက်ပါးမှ ဖြောင့်ဖြောင့်တန်းတန်း မလိုက်နိုင်တော့ပါ။ သံဃာတန်းကြီးမှ ဘေးသို့ထွက်ကာ ထွက်ကာ လှမ်းမျှော်မိပါ တော့သည်။

ပရိသတ်များ၏ ထိတ်လန့်တကြား အော်ဟစ်သံနှင့် အတူ ရှေ့တူရူမှာ ဆင်ဆိုးကြီး ပေါ်လာပါပြီ။ လူပေါင်းများစွာကို ထိုးသတ်လာခဲ့သော အစွယ်ကြီးများကလည်း ကားကား စွင့်စွင့် ရှိပါဘိ၏။ သည် အစွယ်ကြီးများနှင့် ထိုးမိလျှင် ထု ကောင်းလှသော မြို့ရိုးကြီးများပင် ခံနိုင်မည်မထင်ပါ။ စိတ်

မထင်လျှင် မထင်သလို ဝေ့ရမ်း ရိုက်ပုတ်ခဲ့သော နှာမောင်းကြီးကို ချိမြှောက်ထား၏။ အကြားအာရုံ သန့်စွမ်းလှသော နားရွက်ကြီးများကလည်း ရန်သူကိုထောက်လှမ်းသောသဘောဖြင့် ရွှေ့သို့စွင့်၍ ထားကြ၏။ ကြောက်စရာ့အာရုံ စုပြုံနေသော သတ္တဝါဆိုးကြီးသည် အသံဆိုးကြီး ဟစ်အော်လျက် ကျွန်ုပ်တို့ဆီသို့ တဟုန်ထိုး ပြေးလာခဲ့ပါပြီ။

နောင်တော်မြတ်အတွက် အသက်စွန့်တော့မည်

ကျွန်ုပ်၏ ထိန်းချုပ်နိုင်သော စွမ်းအားများ ကုန်ဆုံးသွားကြပါပြီ။ တုန်လှုပ်သောစိတ်ကို မတားနိုင်သကဲ့သို့၊ လှုပ်ရှားလာသော ကိုယ်ခန္ဓာကိုလည်း ကျွန်ုပ် သတိမထားမိတော့ပါ။

ထိုအချိန်ပိုင်းကလေးအတွင်း၌ ကျွန်ုပ်၏စိတ်ကို ကြီးစိုးနေသည်မှာ နောင်တော်မြတ်အား ချစ်ခင်မြတ်နိုးခြင်းသာဖြစ်၏။ နောင်တော်မြတ်၏ အသက်ခန္ဓာ မပျက်သုဉ်းရေးသာ ဖြစ်၏။ ချစ်မြတ်နိုးသော နောင်တော်မြတ်အတွက် ကျွန်ုပ်၏ အသက်ခန္ဓာကို စွန့်လွှတ်ရေးသာ ဖြစ်ပေသည်။

"အာနန္ဒာ၊ ဖယ်ရှားလော့။ ငါဘုရား ရှေ့တော်မှာ မရပ်လာပါနှင့်"

နောင်တော်မြတ်၏အမိန့်သံ ကြားရခါမှ ကျွန်ုပ်သည် မိမိကိုယ်ကို သတိထားမိ၏။ တသက်နှင့်တကိုယ် စိတ်ကူးရုံမျှမကူးဝံ့ခဲ့သော အမှုကြီးကို ရှပ်ရှပ်ချွံချွံ ပြုခဲ့မိပါပြီ။ နောင်တော်မြတ်အတွက် နှမြောတသခြင်းများက တွန်းပို့လိုက်သဖြင့် ကျွန်ုပ်

သည် ဘုရားရှင်ရှေ့တော်မှာ ရပ်လျက်သား ရှိနေပေပြီ။ ဤသာသနာတော်ဝယ် မည်သူတဦးတယောက်မျှ ရပ်ခွင့်မရှိသော နေရာမှာ ကျွန်ုပ် ရပ်မိလျက် ရှိနေချေပြီ။

ခါတိုင်း အချိန်များ၌ ကျွန်ုပ်သည် နေ့ာင်တော်မြတ်၏ အမိန့်ကို ဦးလည်မသုန် လိုက်နာခဲ့ပါ၏။ တခွန်းတည်းမိန့်မြွက် ရုံဖြင့်ပင် လိုအပ်သမျှ ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့၏။ ယနေ့ကိစ္စမှာတော့ နေ့ာင်တော်မြတ်၏အမိန့်ကို ကျွန်ုပ်မလိုက်နာနိုင်ပါ။ အမိန့်ကို လိုက်နာရေးထက် နေ့ာင်တော်မြတ် ချမ်းသာရေးကိုသာ ဦးစားပေး၍ ထားလိုက်ပါသည်။

စွမ်းအားကြီးသော အမိန့်တော်

"အာနန္ဒာ၊ ဖယ်ရှားလော့။ ငါဘုရားရှေ့တော်မှာ မရပ်လာပါနှင့်"

ဆင်ပြောင်ကြီး၏ မိန့်ကြားသံ နောက်တကြိမ် ထွက်လာပြန်ပါပြီ။ နာဠာဂိရိ ဆင်ဆိုးကြီးကလည်း နီးသည်ထက် နီးလာပါပြီ။ ဤအမိန့်တော်ကိုလည်း ကျွန်ုပ် မလိုက်နာနိုင်သေးပါ။ နေ့ာင်တော်မြတ်ထံ တိုက်ရိုက်ဝင်၍ သတ်မည့် အစား ကျွန်ုပ်ကို ဦးစွာပထမ သတ်ပါစေ။ အကယ်၍ နေ့ာင်တော်မြတ်ကို မကာကွယ်နိုင်သည် ဖြစ်စေဦးတော့၊ ကျွန်ုပ်ကို သတ်နေစဉ် တခဏမှာတော့ အသက်နှင့်ခန္ဓာ မြဲရစ်ပါစေ။

"အာနန္ဒာ၊ ဖယ်ရှားလော့။ ငါဘုရားရှေ့တော်မှာ မရပ်လာပါနှင့်"

တတိယအကြိမ် မိန့်ကြား၍ အပြီးမှာတော့ ကျွန်ုပ်နေရာသို့ ကျွန်ုပ် ရောက်သွား၏။ ကျွန်ုပ်စိတ်က တွယ်ကပ်နေရန် ဆုံးဖြတ်ထားဆဲမှာလည်း ကျွန်ုပ်ကိုယ်က နေရာရွှေ့လာခဲ့၏။ တစုံတခုသော စွမ်းအားတခုက တွန်းပို့လိုက်သကဲ့သို့ ခံစားလိုက်ရပေသည်။

ဆင်ဆိုးကြီးနှင့် ကလေးငယ်

ထိုစဉ်နိုက်မှာပင် ကံဆိုးမ သားအမိသည် လမ်းချိုး တခုထဲမှ ဘွားကနဲ ပေါ်လာ၏။ သူ့ခမျာ တရပ်တကျေးက အရေးတခုနှင့် ပြေးလာရှာဟန် တူပါသည်။ ကိုယ့်အရေးနှင့် ကိုယ်မို့ မြို့တော်ကြီး၏ အခြေအနေကို အကဲခတ်မိဟန် မတူပါ။ ယခု ဆင်ဆိုးကြီးနှင့် ရင်ဆိုင်တွေ့ရခါမှ ထိတ်လန့်တကြား ဖြစ်သွားရှာပါသည်။ တွေ့ကရာကို နင်းချေ ဖျက်ဆီးလာခဲ့သော ဆင်ဆိုးကြီးကလည်း သူ့ကို မြင်သွားပါပြီ။

ဆင်တင်းကုပ်က ထွက်လာကတည်းက ဆင်ဆိုးကြီး ဖျက်ဆီးခဲ့သော အရာဝတ္ထုတွေ များလှပါရော့မည်။ တွန်းဖြိုခဲ့သော အဆောက်အအုံတွေ များလှပါရော့မည်။ သို့သော် လူတွေက လွတ်ရာကျွတ်ရာ ခိုနေကြသဖြင့် လူတယောက်မျှ သတ်ရသေးဟန် မတူပါ။ လူမသတ်ရလျှင် မကျေနပ်သော ဆင်ဆိုးကြီးအဖို့ ယခု သတ်စရာလူတယောက် တွေ့သွားချေပြီ။

ဆင်ဆိုးကြီးက သူ့ဆီ တာစူလိုက်သည်နှင့် တပြိုင်နက် ကလေးအမေသည် ရင်ခွင်မှာပိုက်လာခဲ့သော ကလေးကို မြေပေါ်သို့ချကာ ဒရောသောပါး ပြေးသွားရှာ၏။ ဆင်ဆိုးကြီး

ကလည်းသူ့ဆီပြေးလိုက်၏။ သို့သော် ချထားခဲ့သောကလေး၏ ငိုသံကြားသဖြင့် ကလေးဆီသို့ ပြန်လှည့်လာခဲ့၏။ လူကြီးကို လိုက်မနှင်းသေးမီ မပြေးနိုင်သော ကလေးကို ပထမဦးစွာ သတ်ထားမည့်သဘော ဖြစ်ပါသည်။

ဆင်ဆိုးကြီးကို ထူးခတ်လိုက်ပြီ

“အို–နာဠာဂိရိ၊ ကလေးထံ မသွားနှင့်။ ငါဘုရားထံသို့ လာလှည့်လော့။ ငါဘုရားထံသို့ လာလှည့်လော့”

ဆင်ဆိုးကြီး၏ အမူအရာ ကြမ်းတမ်းသည်နှင့်အမျှ ဘုရားရှင်၏ အသံတော်က နူးညံ့လှပါပေသည်။ မနိုင်းယှဉ်အပ်သော မေတ္တာ, ကရုဏာတို့၏ ပွဲတင်သံ ဖြစ်ပေသည်။

ကလေးကို နှင်းသတ်တော့မည့် ဆဲဆဲ ဆင်ဆိုးကြီးသည် နောက်ပါးမှကြားရသောအသံကို နားရွက်ကြီးများပေ၍ နားထောင်၏။ ထိုမှတဆင့် အသံလာရာဆီသို့ လှမ်းကြည့်လိုက်၏။ လှစ်ကနဲ တကြိမ်လှမ်းကြည့်ပြီးနောက် သည်နေရာက မျက်နှာမလွှဲပဲ ဆက်လက်၍ ကြည့်နေ၏။ မကြားစဘူး ထူးကဲလှသော အသံတော်ကို ကြားနာရပြီးနောက် မမြင်စဘူး ထူးကဲလှသော အဆင်းအာရုံကို သူမြင်လိုက်ရချေပြီ။ အသံတော်သည် နားဝင်ချိုသကဲ့သို့၊ မင်္ဂလာကျက်သရေရှိသော အဆင်းတော်ကလည်း သူ့မျက်စိများ လွှဲမသွားနိုင်အောင် ဆွဲဆောင်ထားလိုက်ပါချေပြီ။

"အို-နာဂဒ္ဒါဂိရိ၊ သတိထားလော့။ ကြမ်းတမ်းမှုတွေမပြုနှင့်။ ခက်ထန်မှုတွေမပြုနှင့်။ လူတွေကို မသတ်ပါနှင့်။ သတ္တဝါ အားလုံးကို မေတ္တာတရား ပွားများပါလော့"

နာဂဒ္ဒါဂိရိဆင်ကြီး တွေတွေကြီးရပ်နေဆဲမှာပင် ဘုရားရှင်က ထပ်မံ၍ မိန့်ကြားတော်မူလိုက်၏။

မိန့်ကြားတော်မူသော စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို နာဂဒ္ဒါဂိရိဆင်ကြီး နားလည်မည် မထင်ပါ။ သို့သော် မေတ္တာ၊ ကရုဏာတို့ လွှမ်းခြုံထားသော အသံဓာတ်ကို နားထောင်ယင်း မြှောက်ထားသော နှာမောင်းကြီးကို ပြန်ချလိုက်ပါသည်။ စွင့်ထားသော နားရွက်ကြီးများ တွဲလဲကျသွားပါသည်။ ထောင်ထားသော အမြီး ပြန်ကျသွားပါသည်။ အတုမရှိသော မေတ္တာ၊ ကရုဏာဓာတ်များနှင့် ရိုက်ခတ်မိသဖြင့် သောက်ထားလေသမျှ အရက်တန်ခိုးများ ပျက်ပြယ်သွားဟန်တူပါသည်။ အစွယ်အားကိုးနှင့် ဆိုးချင်တိုင်းဆိုးခဲ့သော ဆင်ကြီးသည် ယခုတော့ အစွယ်ကြီးများကို မြေသို့ ဦးစိုက်ကာ တလှမ်းချင်း လှမ်းလာခဲ့ပါပြီ။ ရက်ပေါင်းများစွာ ပြုစု လုပ်ကျွေးလာခဲ့သော ပါလိလေယျကဆင်ကြီးကဲ့သို့ပင် ကိုယ်တော်မြတ် ခြေတော်ရင်းသို့ ဝပ်စင်းလိုက်ပါတော့သည်။

နာဂဒ္ဒါဂိရိမှ ဓနပါလသို့

ဤတွင် ပွဲကြည့် ပရိသတ်ကြီးထံမှ နှစ်ထောင်းအားရ ကြွေးကြော်သံကြီး ထွက်ပေါ်လာ၏။ အိမ်များ၊ တိုက်များပေါ်မှ

အလျင်အမြန်ဆင်းကာ ဆင်ပြောင်ကြီး နှစ်စီးထံသို့ စုဝေးလာကြ၏။

ဆင်ဆိုးကြီးများကို ဆုံးမရာတွင် ခိုင်မာလှသော ကြိုးကြီးများနှင့် တုပ်နှောင်ကြရ၏။ လုံများ, ချွန်းများနှင့် မလှုပ်ရဲအောင် အုပ်ထားကြရ၏။ ယခု နာဠာဂီရိ ဆင်ကြီးမှာတား ကြိုးမတုပ်ရ၊ ချွန်းမအုပ်ရပဲ ယဉ်ကျေး လာပေပြီ။ ယဉ်ကျေးလာသော ဆင်ကြီး ကိုယ်ပေါ်မှာ ဦးရစ် ခေါင်းပေါင်းများ တဖွဖွ ကျလာကြပေပြီ။ လက်ဝတ် တန်ဆာ ရတနာမိုးကြီး ရွာချလာပေပြီ။ ယဉ်ကျေးအောင် ဆုံးမတော်မူသော ဘုရားရှင်၏ 'အနုတ္တရော ပုရိသ ဓမ္မသာရထိ' ဂုဏ်တော်နှင့် တကွ ယဉ်ကျေးလာသော ဆင်ကြီးကို ဂုဏ်ပြု ကြခြင်း ပါတည်း။ ဤသို့ မြောက်မြားစွာသော ဥစ္စာ ရတနာတို့ဖြင့် ဂုဏ်ပြုခံရသဖြင့် နာဠာဂီရိဆင်ကြီးအတွက် ဓနပါလ ဟူသော အမည်သစ်တခု တိုးပွားလာပါပေသည်။

ဤဇာတ်လမ်းကို ပြန်တွေးမိတိုင်း ပက်ပက်စက်စက် ကြံနိုင်လွန်းသော ဒေဝဒတ်အတွက် သံဝေဂ ကြီးစွာ ဖြစ်ရပါ၏။ ထို့အတူပင် နှောင်တော်မြတ်အတွက် ကိုယ့်အသက်ကို စွန့်လွှတ်နိုင်ခဲ့သဖြင့် ဝမ်းသာ ပီတိ ဖြစ်ခဲ့ပါ၏။ ကျွန်ုပ်၏ ဘဝတသက်တာဝယ် ဝမ်းသာခြင်း, ဝမ်းနည်းခြင်း နှစ်ခု လုံးကို အရှိန်ပြင်းစွာ ခံစားခဲ့ရသော ဖြစ်ရပ်တခုပါ ပေတည်း။

[အသီတိနိပါတ်ဇာတ် အဋ္ဌကထာ၊ စူလဟံသဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

စဉ်ပြိုင် ဘုရားတဆူ

အမှုတွေ တသီကြီး ပေါ်သွားပြီ

နာဠာဂိရိဆင်နှင့် တိုက်ခြင်းသည် ဒေဝဒတ်၏ မီးကုန် ယမ်းကုန် တိုက်ပွဲ ဖြစ်၏။ အကြမ်းဆုံး အရမ်းဆုံးလည်း ဖြစ်၏။ ထိုတိုက်ပွဲကြောင့်ပင် သူ့ဘဝ အခြေအနေသည် စောက်ထိုး မိုးမျှော် ဖြစ်သွားရ၏။ တန်ခိုးအာဏာထက်မြက်သော မင်းဆရာအဖြစ်မှ အရပ်ထဲမှာ အိမ်တကာလည်၍ တောင်းစားရသူ ဖြစ်လာရ၏။

ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို သတ်ရန် တိုက်တွန်းတုန်းကလည်း အတွင်းလူ အချို့သာ သိခဲ့ကြ၏။ လေးသမား

များ စေလွှတ်တုန်းကလည်း ကျွန်ုပ်နှင့် စပ်မိစပ်ရာ ရဟန်း အနည်းငယ်သာ သိကြ၏။ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက် မောင်း ဆင်ချတုန်းကလည်း ရဟန်းများနှင့် ဆရာဇီဝကစသူ တို့လောက်သာ သိကြ၏။ ဤအကြောင်းများ ရပ်ထဲမြို့ထဲသို့ တစတစ ပျံ့နှံ့သွားသော်လည်း တကာ၊တကာမများက ထိန်း ထားကြ၏။ တကာ၊တကာမ မျက်မြင် သက်သေလည်း မရှိ၊ နောက်ပြီး ဒေဝဒတ်၏ ဘုန်းရှိန်ကံရှိန်ကလည်း တက်နေတုန်းမို့ သည်တုန်းက ဤစကားများ ပြောကြား သော်လည်း မြို့သူ မြို့သား အများစုက ယုံကြမည် မဟုတ်ပါ။ မယုံကြည်မှုကို အကြောင်းပြု၍ နောက်ဆက်တွဲ ဆိုးကျိုးများလည်း ဖြစ်လာ နိုင်ပေသည်။

ယခုတော့ ကျွန်ုပ်တို့ ပြောနေစရာ မလိုတော့ပါ။ တကာ၊ တကာမများလည်း မြို့လည်၌ မောင်းကြေးနင်း ခတ်စရာ မလို တော့ပါ။ သူလုပ်သော အမှုဖြင့်ပင် ပေါ်လွင်သွားပါချေပြီ။ ဤတိုက်ပွဲကြီးက လမ်းစဖော်ပေးလိုက်သဖြင့် ယခင်က ပြစ်မှု များလည်း တသီကြီး ပေါ်လွင်လာကြပေတော့သည်။

တသံတည်းထွက်ကြပြီ

မြို့တော်သူ မြို့တော်သား အပေါင်းတို့သည် အစ ကတော့ ထိုးရေး နန်းရေး သက်သက်မှတ်၍ အသာတကြည် နေကြ၏။ အရိပ်အခြည်ကို အကဲခတ်နေကြ၏။ ယခု သည်အရေးကိုအမိုက ကြိုးကိုင် ချယ်လှယ်သူမှာ ဒေဝဒတ်ဖြစ်ကြောင်း သိသွားကြ

ပေပြီ။ ပြည့်ရှင်မင်း၏အာဏာကိုအသုံးပြုကာ ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးစားခဲ့ပုံများကို ထင်ထင်ရှားရှား သိလာကြပေပြီ။ ယခင်က ကြည်ညိုပြီးသူ များရော၊ ယမှ ကြည်ညိုလာကြသူများမှာ တသဘောတည်း ဖြစ်လာကြ၏။

"ဤမျှလောက် ဆိုးသွမ်းသော သာသနာ့ ဆူးငြောင့်ကို မင်းကြီးက ဘာ့ကြောင့် ချီးမြှောက်နေပါသနည်း"

တသဘောတည်း ဖြစ်ရာက တသံတည်း ဟစ်လာကြ၏။ မြို့သူမြို့သားတို့က မခံမရပ်နိုင်၍ အုံကြွလာကြသော အခါတွင်ကား အဇာတသတ်မင်းဘက်မှ အလျှော့ပေးလာ၏။ ဟိုးလေးတကျော် ဖြစ်ပေါ်ခဲ့သော အကြောင်းများသည် သူ့နားသို့ ရောက်ပြီဖြစ်၍ သူ့အမှားကို သူမြင်သောကြောင့်လည်း ဖြစ်နိုင်ပေသည်။

မျောက်သစ်ကိုင်းလွှတ်ဘဝ

ယခင်က သူ့ကိုအထင်ကြီးခဲ့သော်လည်း ယခုသူ့အကြောင်းကို ကောင်းကောင်း သိပေပြီ။ မိမိ၏ ထီးနန်းရရေးက အဓိက မဟုတ်ပဲ သူ စင်ပြိုင်ဘုရား လုပ်ရေးက အဓိက ဖြစ်နေပုံကို သဘောပေါက်သွားပေပြီ။ သူ့လိုဘ ပြည့်ဝရေးအတွက် မိမိ ခမည်းတော်ကြီးအား စတေးခဲ့ကာ မိမိအားခုတုံးလုပ်ခဲ့ပုံများကို ရိပ်မိလာပေပြီ။

ထို့ကြောင့် နန်းတော်ထဲမှာ ဩဇာ အာဏာ ပြမဲ ပြနေသော သူ့ဆရာကို နန်းတော်မှ နှင်ထုတ်လိုက်၏။ မင်းအာဏာ

ကိုမှီ၍ အရိုန်အဝါ တောက်နေသူသည် ယခု သူ့အားကိုးရာ မင်းကိုယ်တိုင်က နှင်ထုတ်လိုက်တော့ မည်သို့မျှ မတတ်နိုင်ပြီ၊ မျောက်သစ်ကိုင်းလွတ် ဘဝဖြင့် အသာဆင်းလာခဲ့ရပေတော့သည်။

ဤတွင် သူ့အတွက် အခက်ကြုံပေပြီ။ သူများတွေမှာဆိုလျှင် တဝမ်းတခါးမို့ ကိစ္စမရှိ။ ဖြစ်သလိုနေ ဖြစ်သလိုစား၍ ရနိုင်သေး၏။ ယခု သူ့မှာတော့ နောက်လိုက်နောက်ပါတွေက တသီကြီး ရှိနေသဲ။ စားမည့် ပါးစပ်တွေက အစီ အရီ ရှိနေသော်လည်း နန်းတော်ကြီးမှ ဆွမ်းအိုးများမပေါ်လာတော့။ ဟိုးလေးတကျော် ဖြစ်ခဲ့ရသော အမှုကြီးကြောင့် အများနည်းတူ ဆွမ်းခံဝင်ဖို့ပင် မဝံ့ကြပေ။ သူတို့ကို လှူချင်သူ၊ ကျွေးချင်သူများကလည်း ကျန်ကောင်းကျန်ရာမျှသာ ရှိတော့သည်။

ဂယာသောဓနေသိက္ခာပုဒ်

နောက်ဆုံးတော့ ကျန်ကောင်းကျန်ရာ တကာတကာမများကိုသာ သူအားကိုးရတော့၏။ သူ့ပရိသတ် သူ့ဆီ မြဲနေရေးအတွက် သည်အိမ်ကတပါးကို တာဝန်ယူပါ။ သည်အိမ်က နှစ်ပါးကိုကျွေးမွေးပါ စသည်ဖြင့် စာရေးတံချသလို လိုက်အပ်ရ၏။ တကာ့တကာမများက အားနာပါးနာကျွေးကြသဖြင့် သူတို့ဝမ်းရေးကား ပြည့်စုံသွားပါ၏။ သို့သော် ဤအပြုအမူမှာ သာသနာတော်ကြီးဆုတ်ယုတ်ရေးသာဖြစ်သဖြင့် ဘုရားရှင်က—

"ဂဏဘောဇဉ်ကို စားသောရဟန်းအား ပါစိတ်အာပတ် သင့်စေ"ဟု သိက္ခာပုဒ်ပညတ်တော်မူရပေသည်။

ဂဏဘောဇဉ်ဟူသည်မှာ လေးပါး၊လေးပါထက်လွန်သော ရဟန်းတို့အား ဘောဇဉ်ငါးမျိုးတွင် တမျိုးမျိုးသော အမည်ဖြင့် ပင့်ဖိတ်ကျွေးမွေးသော ဘောဇဉ်ဖြစ်၏။ မူလပညတ်ခဲ့သော ဤသိက္ခာပုဒ်နောက်တွင် အခက်အခဲတွေ့ရသော ရဟန်းများကို သက်ညှာသောအားဖြင့် စားခွင့်ရှိသော ခြွင်းချက်များဖြင့် နောက်ထပ်ဖြည့်စွက်တော်မူရပေသည်။

[ပါစိတ်၊ ဂဏဘောဇနသိက္ခာပုဒ် ပါဠိတော်နှင့်အဋ္ဌကထာ]

တနေ့နေ့တော့ လွတ်အောင်ရုန်းမည်

ရှုံးနိမ့်ပြီးသူ ဒေဝဒတ်အဖို့ ရှုံးပြီးယင်းရှုံး၍ချည့် နေပေသည်။ အခက်အခဲများကလည်း တမျိုးထက် တမျိုးပို၍ တိုးလာပေပြီ။ တိုင်းကျော် ပြည်ကျော်အမှုကြီးကြောင့် လာဘ်လာဘနှင့် သြဇာအာဏာဟူသမျှ လက်လွတ်ဆုံးရှုံးခဲ့ရ၏။ ဤအခြေအနေတွင် ရှိရင်းစွဲပရိသတ်ကို ဆက်လက်ထိန်းထားနိုင်ရေး အတွက် ဖြစ်သလိုဖန်တီးပြန်တော့လည်း ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အပိတ်ပင်ခံလိုက်ရပြန်ချေပြီ။

ဤသိက္ခာပုဒ်ကို နာခံမှတ်သားရသော သံဃာ့ပရိသတ်ထဲတွင် ဒေဝဒတ်လည်း အပါအဝင်ဖြစ်ခဲ့၏။ မည်မျှလောက် ယုတ်မာသော၊ ရက်စက်သော အမှုကြီးများကို ကျူးလွန်ခဲ့သည်ဖြစ်စေ သူကတော့ယခုထိ ရဟန်းဟု ဝန်ခံတုန်း ရှိသေး

၏။ ဖြစ်ပွားခဲ့သော အမှုများနှင့် ပတ်သက်၍ လိမ္မာ ပါးနပ်စွာ ရှောင်လွှဲ၍ထွက်ဆိုထားသဖြင့် သီတင်း သုံးဖော်များက သူ့ကိုအရေးယူရန် ခက်နေကြ၏။ သူ့ လက်ချက်မှန်းကောန်သိပါလျက်နှင့် တတိယ ပါရာဇိက အာပတ်ဖြင့် အတပ် မစွဲသာအောင် ဖြစ်နေကြရ၏။ ထို့ကြောင့် သူ့ကို ကျွန်ုပ်တို့က သံဃာ့ပရိသတ်ထဲ လက်ခံနေကြရခြင်း ဖြစ်ပါသည်။

တကယ်တော့ဖြင့် ဒေဝဒတ်ကိုယ်တိုင်ကလည်း ဤပရိသတ်ထဲ နေချင်လှမည် မဟုတ်ပါ။ အခြေအနေ မပေးသေး၍သာ ချုပ်ချယ်လေသမျှ၊ ရှုတ်ချလေသမျှကို ခေါင်းငုံ့၍ ခံနေခဲ့ရ၏။ တစင်မထောင်နိုင်သေး၍သာ ဂေါတမဘုရား၏ တပည့်ဟူ၍ အမည်ခံနေခဲ့၏။ တနေ့နေ့တချိန်ချိန်တွင်ကား သည်အချုပ်အနှောင်များမှ အားနှင့်အားနှင့် ရုန်းထွက်မည်ဖြစ်၏။ အခြေအနေပေးလာသည်နှင့်တပြိုင်နက် လွတ်ရာ ကျွတ်ရာ သွား၍ တစင်ထောင်မည်ဖြစ်၏။

သည်တခါတမျိုးကြံတော့မည်

ကိုယ့်ပရိသတ်နှင့်ကိုယ် တစင်ထောင်သည်ကား ဟုတ်ပါ၏။ သို့သော် သည်အာဏာစက်ကို မခွဲမဖျက်ပဲနှင့်ကား တစင်ထောင်၍မရနိုင်ပါ။ သံဃာသင်း ခွဲမှုကြီးကိုမပြုပဲ သူ့အတွက် နောက်ပါပရိတ်မရနိုင်ပါ။ ပရိသတ်မရှိပဲနှင့်လည်း သစ်ငုတ်တိုကဲ့သို့ အထီးတည်းမနေနိုင်ပါ။ တကာ၊ တကာမ မရှိပဲ မရပ်

တည်နိုင်ပေါ့။ ထို့ကြောင့်တချက်ခုတ်ရုံနှင့် သုံးချက် ပြတ်နိုင်သော နည်းကို သူနေ့စဉ်ရက်ဆက် ကြံစည်နေခဲ့၏။

သူ့လိုဘ ပြည့်ဝရေးအတွက် သည်တခါတော့ အကြမ်းဖက်သောနည်းများကို သူမသုံးရဲတော့ပေါ့။ အကြမ်းဖက်လေသမျှ အရှုံးဖြင့်နိဂုံးချုပ်ခဲ့ရ၏။ ဘုရားရှင်အပေါ် မည်မျှပင် ရန်ငြိုးထားခဲ့သော်လည်း ဘုန်းချင်းကံချင်း မယှဉ်နိုင်သည်ကို သူသဘောပေါက်ထား၏။ ဤသို့ ဆိုလျှင် ဤအရိပ်အောက်မှာပင် အေးအေးဆေးဆေး နေပါတော့လော။ ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးက ဤလိုနေထိုင်၍ မဖြစ်ပေါ့။ သူ့စိတ်နှင့်သူ့ကိုယ် ထင်သလိုနေရမှ နေနိုင်မည့်သူဖြစ်၏။ ကျွန်ုပ်တို့ သာသနာတော်တွင်း မှာလည်း ဤအခွင့်အရေးမျိုးက လုံးဝ မရှိပေါ့။ ထို့ကြောင့်သံဃာသင်းခွဲနိုင်ရေးကို သူမရ,ရအောင် ကြံစည်ပါလိမ့်မည်။

အကြံအောင်သောထိုတနေ့

အကြံ အောင်လာသော တနေ့တွင်ကား ဒေဝဒတ်သည် ကျော့ကျော့မော့မော့နှင့် ရှေ့တော်မှောက်ဝင်ရောက်လာခဲ့၏။ သံဃာ့ပရိသတ်လွှဲအပ်ရန်တောင်းဆိုစဉ်တုန်းကကဲ့သို့ တက်တက်ကြွကြွကြီး မဟုတ်သော်လည်း သူ့မျက်နှာသွင်ပြင် ကြည်လင်လှ၏။ မိမိကိုယ်ကို စိတ်ချယုံကြည်ထားသော လက္ခဏာရှိ၏။ သူနှင့်အတူလာသူတို့ကား ကောကာလိက၊ ကဋ္ဋမောဒကတိဿ၊ သမုဒ္ဒဒတ္တဟူသော ခေါင်းဆောင်ပုဂ္ဂိုလ်များနှင့်တကွ သူ့ဩဇာရိပ်မကင်းသော ရဟန်း ၅၀၀-တို့ဖြစ်ပေသည်။

ဒေဝဒတ်၏ လက်နှစ်ဘက်သည် ဘုရားရှင်ထံသို့ လက်အုပ်ချီလျက်ရှိကြ၏။ ဂိဇ္ဈကုဋ်တောင်စောင်းက ကျောက်မောင်းဆင်ချခဲ့တုန်းကလည်း ဤ လက်နှစ်ဘက် ဖြစ်၏။ ကျောက်မောင်းဆင်ချခဲ့တုန်းက အကြီးလေး ဆုံးသော ပြစ်မှုကြီးကို ဤ လက်နှစ်ဘက်ဖြင့် ကာယကံမြောက် ကျူးလွန်ခဲ့၏။ ယခုလည်း ဤ လက်နှစ်ဘက်ဖြင့်ပင် အကြီးလေးဆုံးသော ပြစ်မှုကြီးကို ဖော်ထုတ်လိုက်ပါပြီ။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့၏ ဂုဏ်ကျေးဇူးကို ဟောကြားလေ့ရှိပါသည်။ ဤဝတ္ထု ငါးမျိုးတို့မှာလည်း များစွာသောအကြောင်းတို့ဖြင့် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့အလို့ငှာသာ ဖြစ်ကြပါကုန်၏။

"အရှင်ဘုရား၊ တောင်းပန်ပါ၏။ ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းမှာနေကြပါစေ။ ရွာနား ကျောင်းသို့ ကပ်လာသော ရဟန်းအား အာပတ်သင့်ပါစေ။

"အသက်ထက်ဆုံး ဆွမ်းခံ၍ စားကြပါစေ။ တကာ, တကာမများ ပင့်ဖိတ်၍ ကပ်လှူသောဆွမ်းကို စားသောရဟန်းအား အာပတ်သင့်ပါစေ။

"အသက်ထက်ဆုံး ပံ့သကူသင်္ကန်းဝတ်ရုံကြပါစေ။ တကာ–တကာမများ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံသော ရဟန်းအား အာပတ်သင့်ပါစေ။

"အသက်ထက်ဆုံး သစ်ပင်ရင်းမှာ နေကြပါစေ။ အမိုး မိုးသော ကျောင်းမှာ နေသော ရဟန်းအား အာပတ် သင့်ပါစေ။

"အသက်ထက်ဆုံး အသား ငါးကိုမစားပါစေနှင့်။ အသား ငါး စားသော ရဟန်းအား အာပတ်သင့်ပါစေ။ ဤဝတ္ထု ငါးမျိုးကို ခွင့်ပြုတော်မူပါ ဘုရား"

ချမ်းသာသလို နေကြပါစေ

"ဒေဝဒတ်၊ မသင့်လျော်ပေ။ တောကျောင်းမှာ နေလိုသော ရဟန်းသည် တောကျောင်းမှာ နေပါစေ။ ရွာကျောင်းမှာ နေလိုသော ရဟန်းသည် ရွာကျောင်းမှာ နေပါစေ။ ဆွမ်းခံ၍ စားလိုသော ရဟန်းသည် ဆွမ်းခံ၍ စားပါစေ။ တကာ-တကာမတို့ လှူဒါန်းသော ဆွမ်းကို စားလိုသော ရဟန်းသည် စားပါစေ။ ပံ့သကူ သင်္ကန်း ဆောင်လိုသော ရဟန်းသည် ဆောင်ပါစေ။ တကာ-တကာမတို့ လှူဒါန်းသော သင်္ကန်းကို ဝတ်ရုံလိုသော ရဟန်းသည် ဝတ်ရုံပါစေ။

"ငါဘုရားသည် မိုးရာသီ မဟုတ်သော ရှစ်လတို့ပတ်လုံး သစ်ပင်ရင်းမှာ နေထိုင်ခြင်းကို ခွင့်ပြု၏။

"မိမိအတွက် ရည်စူး၍ သတ်နေသည်ကို မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသက်ဘရှိခြင်းဟူသော အစွန်းသုံးပါးမှ လွတ်သော သား ငါးကို စားသုံးရန် ငါဘုရား ခွင့်ပြု၏"

သကာ ဖုံးထားသော အဆိပ်များ

လျှောက်ထားခဲ့သော ဝတ္ထုငါးမျိုးလုံး အပယ်ခံလိုက်ရပေပြီ။ ဤဝတ္ထုငါးမျိုးမှာ ပါရှိသော တောကျောင်းနေခြင်း၊ အမြဲ

ဆွမ်းခံစားခြင်း စသော ကျင့်ဝတ်များကို ‘ဓုတင်’ဟု အမည်တပ်ကာ ဘုရားရှင် ကိုယ်တော်တိုင်က ချီးမွမ်းတော် မူခဲ့၏။ ‘ဓုတင်’ဟူသည်မှာ ကိလေသာကိုခါတွက်စေကြောင်း အကျင့်ကောင်း ဟု အဓိပ္ပာယ်ရ၏။ ဓုတင်အကျင့်များကို ရာသက်ပန်ကျင့်သုံးနေကြသော အရှင်မဟာကဿပ စသော မထေရ်ကြီးများလည်း အထင်အရှား ရှိနေကြ၏။ သို့ပါလျက် ဒေဝဒတ်လျှောက်ထားချက်ကို အဘယ့်ကြောင့် ပယ်ချရပါသနည်း။

ဒေဝဒတ်လျှောက်ထားခဲ့သည့်အတိုင်း ဤကျင့်ဝတ်များကို အဟုတ်တကယ် ကျင့်နိုင်ပါလျှင် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသော အကျိုးတရားများကို ရနိုင်ပါသည်။ ဤအချက်ထိအောင် ဒေဝဒတ်လျှောက်ထားချက် မှန်ကန်ပါ၏။ သို့သော် ထိုအမှန်သည် အဆိပ်ပေါ် ဖုံးအုပ်ထားသော သကာ ဖြစ်၏။ အဆိပ်ကိုမမြင်၊ သကာကို အဟုတ်ထင်၍ စားမျိုမိလျှင် ဒုက္ခရောက်ကြရမည်သာဖြစ်၏။

ဓုတင် အကျင့်များကို ဘုရားရှင် ခွင့်ပြုတော်မူသည်မှာ စွမ်းနိုင်သူများအတွက်သာ ဖြစ်၏။ ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းသူများအတွက်သာ ဖြစ်၏။ သာသနာ့ဘောင် ရောက်လာသူ မှန်သမျှ ဓုတင်အကျင့်ကို ကျင့်ရမည်ဟု မဆိုလိုပါ။ ဤသို့ဆိုပါလျှင်လည်း အမျိုးကောင်းသားများအဖို့ သာသနာတော်ကြီးနှင့် တွေ့ရကျိုး နပ်မည် မဟုတ်ပါ။ အချို့ ပုဂ္ဂိုလ်များမှာ သာသနာတော်ကို ကြည်ညိုသော်လည်း ဓုတင်အကျင့်များ ကျင့်နိုင်လောက်အောင် စိတ်အား၊ ကိုယ်အား မထက်သန်ကြပါ။ ထိုပုဂ္ဂိုလ်များအတွက် ဓုတင်အကျင့်များကို မကျင့်

မနေရဟု ပညတ်ပါလျှင် သာသနာတော်ကြီးအတွင်းမှာ နေနိုင်ကြတော့မည် မဟုတ်ပါ။ ထို့ကြောင့် ထိုတောင်းဆိုချက် အားလုံးကို ဘုရားရှင်က ပယ်တော်မူရခြင်း ဖြစ်ပေသည်။

တကယ်တော့ဖြင့် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်းစသော စကားလုံးများသည် မသိနားမလည်သော ရဟန်းငယ်များကို ဆွဲဆောင်ရန်သာ ဖြစ်၏။ အလွန်အကျွံ ကျင့်ခြင်းကိုမှ အထင်ကြီးတတ်သော တကာ-တကာမအချို့ကို စည်းရုံးရန် ဖြစ်၏။ ဤသို့ တဘက်မှာ စည်းရုံးယင်း ဘုရားရှင်၏ အာဏာစက်ကို ထိုးနှက် ဖျက်ဆီးရန်လည်း ဖြစ်၏။ သံဃာချင်း သင်းခွဲနိုင်ရန် သပ်လျှိုလိုက်သော စကားလုံးများလည်း ဖြစ်ကြပါ၏။

သည်ယုန်မြင်၍ သည်ချုံထွင်သည်

ဒေဝဒတ်အဖို့ ဤသို့ တောင်းလျှင် ဤသို့ ပယ်ချခံရမည်ကို စကတည်းက သိထားပြီး ဖြစ်ပါလိမ့်မည်။ ယခင် တောင်းဆိုချက်ကို ပယ်ချခံရစဉ်တုန်းက သူ့မျက်နှာ သိသိသာသာ ပျက်ခဲ့၏။ ယခုတခါ အပယ်ခံရသည့်တွင်ကား သူ့မျက်နှာ လုံးဝ မပျက်ပါ။ မပျက်သည့်ပြင် ပြုံးပန်းများပင် ပွင့်နေလိုက်ပါသေး၏။ ဤလို ပယ်ချလိုက်ခြင်းကပင် သူ လိုလားသော ဆုလာဘ်များ မဟုတ်ပါလော။

မရစဘူး အရထူးသော ဆုလာဘ်များကို ဒေဝဒတ်သည် ကောင်းကောင်းကြီး အသုံးချလိုက်၏။ အများ အကျိုးငှာ

အသုံးချခြင်းမဟုတ်။ သူ့လိုဘ ပြည့်ဝရေးအတွက် အသုံးချခြင်းသာ ဖြစ်၏။

"အို—တကာ့တကာမအပေါင်းတို့၊ ငါတို့သည် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့ အကျိုးငှာ အရှင်ဂေါတမထံတွင် ငါးမျိုးသော ဝတ္တုများကို တောင်းဆိုခဲ့၏။ ငါးမျိုးလုံးကိုပင် အရှင်ဂေါတမက ပယ်ချခဲ့၏။ ငါတို့ကား ငါတို့တောင်းဆိုထားသည့်အတိုင်း ကျင့်သုံးကြသည်သာတည်း"

သံဃာချင်း သင်းခွဲရန် ကိစ္စကို လူသိရှင်ကြား ကြိုးစားလိုက်ခြင်းပါပေတည်း။

သံဃဘေဒကသိက္ခာပုဒ်

ဤသို့သော ရည်ရွယ်ချက်များကို စတင်တောင်းဆိုစဉ်ကတည်းက ဘုရားရှင် သိမြင်ပြီး ဖြစ်ပါလိမ့်မည်။ သို့သော် သိက္ခာပုဒ် ပညတ်ရအောင် အကြောင်းနိဒါန်းက မပေါ်ပေါက်သေးသဖြင့် အသာ စောင့်ကြည့်တော်မူခဲ့၏။ ယခု ဒေဝဒတ်၏ ကြွေးကြော်ချက်သည် လုံလောက်သော အကြောင်းနိဒါန်း ဖြစ်နေပြီမို့ သံဃဘေဒကသိက္ခာပုဒ်ကို ပညတ်တော်မူရပေသည်။

ဤသိက္ခာပုဒ်အရ သံဃာချင်း သင်းကွဲအောင် ပြုမူသော ရဟန်းအား အခြားရဟန်းတို့က ဖျောင်းဖျ ပြောဆိုကြရ၏။ ဤသို့ သုံးကြိမ်တိုင်တိုင် ပြောဆိုပါလျက် ဆက်လက်၍ကြိုးစားလျှင်ကား ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်တော့၏။

ဤသိက္ခာပုဒ်နှင့် တဆက်တည်းပင် ဒေဝဒတ်ဘက်မှ ခုနစ်ကောက်ကွယ်၍ ပြောဆိုကြသော ကဋမောဒကတိဿနှင့် သမုဒ္ဒဒတ္တတို့ကြောင့် ဘေဒါနုဝတ္တက သိက္ခာပုဒ်ကို ပညတ်တော်မူရပြန်၏။ သံဃာချင်းသင်းခွဲရန် ကြံစည်သော ရဟန်းအား ခုနစ်ကောက်ကွယ်၍ မပြောနိုင်ကြရန် တားမြစ်တော်မူသော သိက္ခာပုဒ်ဖြစ်ပါသည်။

[ပါရာဇိကကဏ္ဍ၊ သံဃာဒိသိသ်၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက
သိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ]

တားဆီး၍မရနိုင်တော့ပါ

ဒေဝဒတ်နှင့်အပေါင်းပါများကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သော ဤ သိက္ခာပုဒ်များသည် ထို ပုဂ္ဂိုလ်တို့ကို တားမြစ်နိုင်စွမ်း မရှိတော့ပါ။ 'အာပတ်ဆို ချိုနှင့်လား' ဟူသော အဆင့်သို့ ရောက်နေကြပြီမို့ ဘာအာပတ်နှင့်တားတား ကြောက်တော့မည် မဟုတ်ပါ။ ဘုရားရှင်က ရှေ့တော်သို့ခေါ်၍ တားမြစ်သော်လည်း သူ မလိုက်နာတော့ပါ။ ထို့ကြောင့် ပင် ဒေဝဒတ်က —

"အာနန္ဒာ၊ သည်နေ့မှစ၍ ငါတို့သည် ဘုရားရှင်ကို ဖယ်ထား၍၊ ရဟန်းသံဃာကို ဖယ်ထား၍ ငါတို့ချည်း ဥပုသ် ပြုကြကုန်တော့အံ့"ဟု အတည့်အလင်းပြောကြားပါတော့သည်။ ရာဇဂြိုဟ်မြို့တော်တွင်းမှာ ဆွမ်းခံဝင်စဉ်က ကျွန်ုပ်ထံ တမင်တကာ လာ၍ ပြောကြားခြင်း ဖြစ်ပါသည်။ ဘုရား ကိုယ်

တော်တိုင် တား၍ မရနိုင်သော ပုဂ္ဂိုလ်ကို ကျွန်ုပ်က မည်သို့ ပြောရပါမည်နည်း။ ကျွန်ုပ် ဆောင်ရွက်ရမည့် ကိစ္စကား ဤ စကားကို ရှေ့နားတော်ကြား လျှောက်ထားရန်သာ ဖြစ်ပါ သည်။

သံဃဘေဒကကံကြီး

ထိုနေ့ ဆွမ်းစားပြီးချိန်တွင် သံဃာတော် ရှိသမျှ စုဝေးနေ ကြ၏။ ဥပုသ်နေ့ဖြစ်၍ ဥပုသ်ပြုရန်ဖြစ်၏။ လာနေဆဲ သံဃာ များကို စောင့်နေဆဲမှာပင် ဒေဝဒတ်သည် သူ့ စိမ်ကိန်းကို အကောင်အထည်ဖော်ပါတော့သည်။

"ငါ့ရှင်တို့၊ ငါတို့သည် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့ အကျိုးငှာ အရှင် ဂေါတမ ထံတွင် ငါးမျိုးသော ဝတ္ထုများကို တောင်းဆိုခဲ့ကြ၏။ ငါးမျိုးလုံးကိုပင် အရှင် ဂေါတမ ပယ်ချခဲ့၏။ ငါတို့ကား ငါတို့တောင်းဆိုသည့်အတိုင်း ကျင့်သုံးကြ၏။ ဤ သံဃာ့ပရိသတ်ထဲမှ ဤ ဝတ္ထုငါးမျိုးကို နှစ်သက်သူများသည် စာရေးတံမဲ ယူကြပါကုန်လော့"

ဒေဝဒတ်၏ စကားအဆုံးဝယ် စာရေးတံမဲယူမည့် ရဟန်း ငါးရာ ထလာကြ၏။ သူတို့ကား ဝဇ္ဇီအမျိုးသား ရဟန်းငယ် များ ဖြစ်ကြ၏။ ရဟန်းသက် ငယ်လှသေး၏။ သူတို့သည် စကတည်းက ဒေဝဒတ်၏ နောက်လိုက်နောက်ပါ ဖြစ်ကြ၏။ ဒေဝဒတ်၏ ကျေးဇူးခံ ကျေးဇူးစားများ ဖြစ်၏။ ဒေဝဒတ် အရိပ်ကိုခို၍ ဒေဝဒတ်၏ ကျွေးသမျှ စားခဲ့ကြသော်လည်း သူ

တို့သည် ဘုရားရှင်ကိုကား မပစ်ပယ်ခဲ့ကြပေ။ ဘုရားရှင်၏ အမိန့်အာဏာကို မဖီဆန်ခဲ့ကြပေ။ ဤသို့ရှိနေရာမှ ယခု သူတို့ ဆရာက ဘုရားရှင်နှင့် လုံးလုံးကြီး အဆက်ဖြတ်ကာ တစင် ထောင်တော့မည် ဆိုလာသဖြင့် သူတို့ ထိတ်လန့်တကြား ဖြစ် သွားကြရ၏။ ယခုတော့ သူတို့ ဘဝင်ကျသွားကြပါပြီ။သူတို့ ဆရာသမား ကမ်းလင့်သော စာရေးတံများကို လိုလိုချင်ချင် ယူလိုက်ကြပါပြီ။ သူတို့ဆရာသမား တင်ပြခဲ့သော ရဲရဲတောက် ကျင့်စဉ်များကို ခြွင်းချက်မရှိ လက်ခံလိုက်ကြပါပြီ။ ဤကမ္ဘာ မြေဝယ် ဤကျင့်ဝတ်များထက် မြင့်မြတ်သောတရားဟူ၍ မရှိ နိုင်တော့ပြီ။ ဤသို့ကောက်ချက်ချကာ ဒေဝဒတ်၏ဘက်တော် သားအဖြစ်ကို ဝမ်းမြောက် ဝမ်းသာ ခံယူလိုက်ကြခြင်း ဖြစ် ပေသည်။

ဤယုန်မြင်၍ ဤချုံထွင်ခဲ့သော ဒေဝဒတ်သည် မိမိဘက် သား ရဟန်းငါးရာကို စုစည်းကာ အများသံဃာတို့စည်းဝေး ရာ ထိုသိမ်ထက်မှာပင် အများသံဃာနှင့်ခွဲ၍ သီးသန့်ဥပုသ်ကံ ပြုခဲ့၏။ ဤသို့ သံဃ ဘေဒကကံကြီးကို အထမြောက်အောင် ပြုပြီးခါမှ သူ့ပရိသတ်ကို ခေါ်၍ စိုးစံရာ ဂယာသီသ ကျောင်း တိုက်သို့ ထွက်ခွာသွားပေသည်။

ရဟန်းငယ်များကို ကယ်ဆယ်ရန်

ဒေဝဒတ် အတွက်တော့ဖြင့် ဘုရားရှင်ကိုယ်တော်တိုင်က လျစ် လျူရှုထားရပြီ ဖြစ်၏။ သို့သော် မသိနားမလည်၍ ပါသွား

ရှာသော ရဟန်းငယ်များကိုကား သနားဖွယ်ကောင်းလှ၏။ ထို့ကြောင့် ဘုရားရှင်က—

"သာရိပုတ္တရာ၊ ထို ရဟန်းငယ်များအပေါ်မှာ သင်တို့ ကရုဏာ မပွားကြလေသလော။ ယခု သင်တို့ သွားချေကြ။ ရဟန်းငယ်များ အကျိုးမဲ့ မပျက်စီးသေးမီ ကယ်တင်ခဲ့ကြ ကုန်လော့"

"ကောင်းပါပြီအရှင်ဘုရား"

ချမှတ်လိုက်သော အမိန့်တော်ကို အရှင်မြတ်ကြီး နှစ်ပါး လုံးက ဦးဖြင့် ခံယူကြ၏။ အရှင်မဟာသာရိပုတ္တရာနှင့် အတူ အရှင်မဟာမောဂ္ဂလာန်လည်း ရှိနေ၍ ဘုရားရှင်က သင်တို့ဟု မိန့်တော်မူလိုက်ခြင်း ဖြစ်ပေသည်။

ငိုအားထက် ရယ်အားသန်ဟု ဆိုရမည်လားမသိပါ။ အရှင်မြတ်ကြီးနှစ်ပါး ထွက်ခွာသွားပြီးနောက် အနားမှာ ကျန်ရစ်သော ရဟန်းတပါးသည် ကျုံ့ကျုံ့ပါအောင် ငိုပါတော့၏။ ဘုရားရှင်က သူ့ကိုအကျိုးအကြောင်း မေးတော်မူသောအခါ-

"အရှင်ဘုရား၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့သည် အဂ္ဂသာဝကကြီးများ ဖြစ်ကြပါသည်။ ဤ အဂ္ဂ သာဝကကြီးများသည်ပင် ဒေဝဒတ်၏ တရားကို နှစ်သက်၍ ဒေဝဒတ်နောက်သို့ လိုက်ပါသွားကြပါပြီဘုရား"

ရဟန်းက ငိုရခြင်းအကြောင်းကို လျှောက်ထား၏။ ဘုရား ရှင်က ဤသို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း မိန့်တော်မူ ၏။

အရှင်မြတ်ကြီးအတွက် နေရာတဝက်

ဒေဝဒတ်၏ အပြုအမူများကား ထိုရဟန်းထက်ပင် ရယ်စရာ ကောင်းနေပါသေးသည်။ ရယ်စရာ ကောင်းသည်နှင့် အမျှ စက်ဆုပ်ဖွယ်လည်း ကောင်းပါဘိ၏။

အရှင်မဟာသာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ရောက် သွားကြသောအခါ ဒေဝဒတ်က—

"ကြည့်လိုက်ကြ တပည့်တို့။ ငါဟောကြားသော တရား သည် ကောင်းမွန်လှ၏။ ငါ့တရားကို ကြိုက်နှစ်သက်၍ အရှင် ဂေါတမ၏ အဂ္ဂသာဝက နှစ်ပါး ဖြစ်သော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ပင် ငါ့ထံသို့ ရောက်လာကြပေပြီ"

သူ့ပရိသတ်များကို ဤသို့ အားပါးတရ ပြောပြသည် ဆို ပါ၏။ သူ့စကားကို ကောကာလိကက လက်မခံပါ။ အရှင် မဟာသာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် အလို ဆိုးရှိသူများ ဖြစ်၍ အရောမဝင်ရန် ကန့်ကွက်၏။ သို့သော် မိုးမမြင် လေမမြင် ဘဝင်မြင့်နေသော ဒေဝဒတ်ကတော့ ညာလက်ရုံးကြီး၏ စကားကို မနားယူတော့ပါ။

"ငါ့ရှင်၊ သင့်စကားနေပါစေတော့။ ငါ့တရားကို ကြိုက်၍ လိုက်လာသူများကို ငါကြိုဆိုရပေမည်"

ဤသို့ ကောကာလိကကို ထားမြစ်ယင်း အရှင်မဟာ သာရိပုတ္တရာအတွက် နေရာတဝက်ကို ဖယ်ပေးလိုက်၏။ ဆရာ့ ကိုယ်စား အားထားလောက်သော တပည့်ကြီး အဖြစ် အသိ အမှတ် ပြုလိုက်ခြင်းပါတည်း။

ဆရာကြီးဒေဝဒတ်က ယုံကြည်ကိုးစား၍ ပေးလာသော အခွင့်ထူးကို အရှင်မဟာသာရိပုတ္တရာက မယူပါ။ အရှင်မဟာမောဂ္ဂလာန်ကလည်း မယူပါ။ သင့်လျော်သော နေရာမှာ အသီးသီး ထိုင်ကြပါသည်။

ဂယာသီသက ဘုရားတဆူ

သို့နှင့် ညချမ်းအခါသို့ ရောက်လာ၏။ ပါလာသော ရဟန်းငါးရာကို ဆရာကြီးဒေဝဒတ်က ရောက်ဘတ်ရာရာ တရားများ ဟောကြား၏။ ဟောယင်း ဟောယင်း နှင့် တရားလက်စ မသတ်နိုင်သဖြင့် ညဦးယံမှ သန်းခေါင်နား ချဉ်းကပ်လာ၏။ ဤတွင် ဒေဝဒတ်သည် ဟောလက်စ တရားကို သူ၏ လက်ထောက် တပည့်ကြီးထံ လွှဲအပ်ပါတော့သည်။

''သာရိပုတ္တရာ၊ ရဟန်းသံဃာသည် သမ်းဝေခြင်း၊ ငိုက်မျဉ်းခြင်း ကင်း၏။ ဤရဟန်း များအား တရားဟောပါလော့။ တရားဟောချိန် ကြာသွား၍ ငါ၏ကျော အောင့်လာပြီ၊ ငါ လဲလျောင်း၍ အပန်းဖြေလိုက်ဦးမည်''

ဘုရားရှင် မိန့်တော်မူနေကျ စကားလုံးများ အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။ သူ့ကိုယ်သူ စင်ပြိုင် ဘုရားတဆူ အဖြစ် သတ်မှတ်ထားလိုက်ချေပြီကော။

''ကောင်းပါပြီ ငါ့ရှင်''

အသက်စီးနှင့် ပြောလာသော စကားကို အရှင်မဟာသာရိပုတ္တရာကတော့ ခါတိုင်းလိုပင် တုံ့ပြန်လိုက်၏။

အရှင်မဟာသာရိပုတ္တရာ၏ တရားပွဲစသည်နှင့် ငပြိုင်နက် စင်ပြိုင် ဒေဝဒတ် ဘုရားကြီးသည် သလွန်တော် ပေါ်မှာ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက် ခေါက်လိုက်၏။ လေး ခေါက် ခေါက်ထားသော နှစ်ထပ် သင်္ကန်းကြီး ပေါ် ဝယ် လက်ယာနံတောင်းဖြင့် လဲလျောင်းလျက် ကျိန်းစက်တော်မူ၏။

ဟောက်သံပြင်းသော ဘုရားကြီး

အရှင်မဟာသာရိပုတ္တရာ စသော သာဝကကြီးများ တရား ဟောနေစဉ်တွင် ကျွန်ုပ်တို့ ဘုရားရှင်လည်း ကျိန်းစက်လေ့ရှိ ပါ၏။ သို့သော် တကယ်တမ်းပျော်အောင် ကျိန်းစက်တော် မူခြင်း မဟုတ်ပေ။ ခါးညောင်းပြေရုံမျှ လဲလျောင်းခြင်းသာ ဖြစ်၏။ သက်တောင့် သက်သာ လဲလျောင်းတော်မူယင်းက သာဝကများ ဟောကြားသော တရားကို နှစ်နှစ်ခြိုက်ခြိုက် နာတော်မူနေသည်သာ ဖြစ်၏။

စစ်ပြိုင်ဘုရားကြီး ဒေဝဒတ်ကလည်း ဤအပြုအမူကို အတု ယူခြင်းသာ ဖြစ်ပါ၏။ သို့သော် အဆင်ယူလျှင် ချည်တုမှ ဖြစ်ကြောင်းကို သတိမထားမိရှာ။ ချည်မတုပဲ အဆင်ယူမိ သဖြင့် ယူချင်သော အဆင်ကား မရ။ ပါလာသော ရဟန်း ငယ် ငါးရာလုံးကိုသာ လက်လွှတ်ဆုံးရှုံးရပေတော့သည်။

အယောင်ဆောင်ဘုရားကြီး ဒေဝဒတ်သည် ခေတ္တခဏသာ တရားကို အာရုံပြုနိုင်ပြီး အနုသန္ဓေတခု မဆုံးမီမှာပင် တခေါ ခေါနှင့် ဟောက်သံ ထွက်လာ၏။ ဤတွင် အရှင်မြတ်ကြီး

နှစ်ပါးသည် နှောင့်ယှက် ဟန့်တားမည့်သူ မရှိတော့ သဖြင့် ထမ်းပိုးများ‌ရောက်နေသော ရဟန်းငါးရာလုံး အမှန် မြင်လာရန် ယောကြားကြ၏။ အချိန်မီ ကယ်တင်ရှင်များနှင့် တွေ့ရသဖြင့် ဆွေ့ညာဏ် ပွင့်လင်းသွားကြပေသည်။ ထိုညတွင်းချင်းမှာပင် ဂယာသီသမှ ဝေဠုဝန် ကျောင်းတော်သို့ ပြန်ရောက်လာကြပေသည်။

[ရွှေဝင်၊ သံယဘောစကားနွားကာ၊ သံယဘေဒကကထာပါဠိတော်နှင့် အဋ္ဌကထာ]

နောင်တ၏ နိဂုံး

အရှင်မြတ်တို့ ကျက်သရေ

နာဠာဂိရိ ဆင်နှင့် တိုက်ခြင်းသည် အကြမ်းဖက်မှု များ၏ နိဂုံးချုပ်ဖြစ်၏။ ယခု ဂယာသီသတိုက်ပွဲကား အနုနည်းဖျက်ဆီးမှု၏ အဆုံးသတ် ဖြစ်ပေသည်။

ဂယာသီသမှ ညတွင်းချင်းပြန်လာကြသော အရှင်မြတ်ကြီးများသည် နံနက်လင်းချိန်တွင် ဝေဠုဝန် ကျောင်းတိုက်သို့ ရောက်လာကြ၏။ သွားစဉ်တုန်း ကတော့ အရှင် မြတ်ကြီး နှစ်ပါးတည်း ဖြစ်ခဲ့၏။ အရှင်မြတ်ကြီးတို့၏ အစွမ်းသတ္တိကို ဘုရားရှင်ကိုယ်တော်တိုင်က စိတ်ချထား၍ ဖြစ်၏။ ယခု အပြန်

ကား နောက်ပါ ရဟန်း ငါးရာတို့ဖြင့် သိုက်သိုက် ဝန်းဝန်း ရှိပါဘိ၏။ တင့်တောင့်တင့်တယ် ရှိပါဘိ၏။

ကျွန်ုပ်၏ တသက်တာတွင် အရှင်မြတ်ကြီး နှစ်ပါး၏ စွမ်းဆောင်မှုများနှင့် ပတ်သက်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ရပေါင်း များလှပါပြီ။ နှစ်သိမ့် ကြည်နူးခဲ့ရပေါင်း များလှပါပြီ။ ထိုကိစ္စ ထိုကိစ္စ များထက် ယခုကိစ္စတွင် ကျွန်ုပ်၏ ခံစားချက်များ အရှိန်အမြင့်ဆုံး ဖြစ်ကြပါသည်။ ဝမ်းနည်းဖွယ်၊ ရှက်ဖွယ်၊ စက်ဆုပ်ဖွယ်ကောင်းလှသော ဖြစ်ရပ်အပေါင်းမှ လွတ်မြောက်ခါစဖြစ်၍ ဤမျှ ခံစားရခြင်းလည်း ဖြစ်နိုင်ပါသည်။

ပြန်ပါလာကြသော ရဟန်းများတွင် ကောကာလိကစသော ခေါင်းဆောင်ပုဂ္ဂိုလ်များကို မတွေ့ရပါ။ သူတို့ကတော့ သူတို့ဆရာကြီးနှင့်အတူ ဆက်လက်၍နေကြပါလိမ့်မည်။ သူတို့၏ အရှိန်အဝါ လုံးဝ မရှိတော့ပြီမို့ သူတို့ထံမှာ နောက်တဖန်ရောက်လာမည့်ပရိသတ်များလည်း မရှိနိုင်တော့ပါ။

အပြစ်နှင့်လျော်ညီစွာ

နောက်ပါ ရဟန်းများနှင့်တကွ တင့်တောင့်တင့်တယ် ပြန်ကြွလာသော အရှင်မဟာသာရိပုတ္တရာသည် ဘုရားရှင်ထံတော်သို့ တန်းတန်းမတ်မတ် ဝင်ရောက်လာခဲ့၏။ ထိုအချိန်တွင် ကျွန်ုပ်

သည် ဘုရားရှင် ထံတော်ပါးဝယ် ယာဂုကပ်ယင်း ရှိနေ၏။ အရှင် မဟာ သာရိပုတ္တရာသည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး ပြီးလျှင် —

"အရှင်ဘုရား၊ တောင်းပန်ပါ၏။ သံဃာ သင်း ခွဲသူ၏ နောက်လိုက် ဖြစ်သော ရဟန်းများကို နောက်တဖန် ရဟန်း ပြုရှဲပေးတော်မူပါဦးဘုရား" ဟု လျှောက်၏။

မလိမ္မာ၍ တခါ မိုက်မိသူများအား အများက သံသယ ကင်းစေရန် လျှောက်ထားဟန် တူပါသည်။ သို့သော် ဘုရား ရှင်က လက်ခံတော်မမူပါ။

"သာရိပုတ္တရာ၊ သံဃာသင်းခွဲသူ၏ နောက်လိုက်ဖြစ်သော ရဟန်းများကို နောက်တဖန်ရဟန်းပြုပေးရန် မလိုလားပါနှင့်။ ထုလ္လစ္စယအာပတ်ကိုသာ ဒေသနာအကြားခိုင်းလိုက်ပါလော့"

သူတို့ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်လျော်ညီစွာ ကုစား ကြရန် မိန့်တော်မူလိုက်ပေသည်။

ထုလ္လစ္စယအာပတ် ဟူသည်မှာ ပါရာဇိက၊ သံဃာဒိသိသ် အာပတ်များအပြီးတွင် အပြစ်အကြီးဆုံးသောအာပတ် ဖြစ်၏။ ဝဇ္ဇီအမျိုးသား ရဟန်း ငါးရာတို့သည် သံဃာ သင်းခွဲသော ဒေဝဒတ်၏ နောက်သို့ မသိ နားမလည်၍ လိုက်ပါမိကြ၏။ အကယ်၍ သူတို့ကို အခြားရဟန်းများက သုံးကြိမ်တိုင်တိုင် ဆုံးမ၍ မလိုက်နာကြလျှင် သံဃာဒိသိသ်အာပတ် သင့်ကြမည်

ဖြစ်၏။ ယခုတော့ ထိုအဆင့်ထိ မရောက်ကြသဖြင့် ဒေသနာ ကြားရုံနှင့် ပြောင်းပြောင်းလဲလဲ ပြုပြင်နိုင်သော ထုလ္လစ္စယ အာပတ်ဖြင့်သာ ဆုံးမတော်မူပေသည်။

ဝိနည်းဆောင် သာဝကကြီး

သာသနာ့သက်တမ်းတလျှောက်လုံးတွင် တကြိမ်တခါမျှ မကြုံရသေးသော အမှုကြီး ဖြစ်ခဲ့ပြီးနောက် ဝိနည်းဆောင် တေဒဂ် ဂုဏ်ထူးရ အရှင် ဥပါလိသည် ဘုရားရှင် ထံတော်သို့ ချဉ်းကပ်လျက်—

"အရှင်ဘုရား၊ မည်မျှသော အတိုင်းအတာဖြင့် သံဃာ၏ အက်ကြောင်း ထင်ရုံသာဖြစ်၍ သံဃာ၏ ကွဲပြားခြင်းမဖြစ်ပါ သနည်း။မည်မျှသောအတိုင်းအတာဖြင့် သံဃာ၏အက်ကြောင်း ထင်ခြင်းဖြစ်၍ သံဃာ၏ ကွဲပြားခြင်းလည်း ဖြစ်ပါသနည်း" ဟု လျှောက်၏။

ဝိနည်းတော်အရာဝယ် တာဝန်အရှိဆုံး သာဝကကြီးဖြစ်၍ ဤသို့ မေးလျှောက်ရခြင်းဖြစ်၏။ မိမိကတဆင့် တပည့် သံဃာအပေါင်းကို ပိုင်းပိုင်းခြင်းခြားနားလည်အောင် ပို့ချ နိုင်ရန်ဖြစ်၏။ ဝိနည်းကြောင်းဆိုင်ရာ ဆုံးဖြတ်စရာရှိလာသော အခါ ဘုရားရှင်ကိုယ်စား တိကျခိုင်လုံစွာ ဆုံးဖြတ်ပေးနိုင်ရန် လည်း ဖြစ်၏။

ဝိနည်းဆောင် သာဝကကြီးအား ပြည့်ပြည့်စုံစုံ ခွဲခြမ်းစိပ်ဖြာ၍ ဟောကြားသော ဝိနည်းတော်များထဲမှ လိုရင်းကို အကျဉ်းချုပ်၍ တင်ပြရသော်—

အက်ကြောင်းထင်ခြင်းနှင့် ဗြန်းဗြန်းကွဲခြင်း

သံဃာနှစ်ဘက်ကွဲနေကြရာတွင် တဘက်တဘက်မှာ တပါးမှသုံးပါးထိ ရှိနေလျှင် သံဃာ၏အက်ကြောင်းထင်ရုံမျှ ရှိသေး၏။ သံဃာကွဲပြားမှုမဖြစ်သေးပေ။ တဘက်တဘက်မှာ သံဃာလေးပါးစီရှိနေရာတွင် ကိုးပါးမြောက်ရဟန်းက စာရေးတံကောက်ယူ၏။ 'ဤကား တရားတည်း။ ဤကား ဝိနည်းတည်း။ ဤကား ဘုရားအဆုံးမတည်း။ ဤစကားကို နာယူကြလော့ နှစ်သက်ကြလော' ဟု ပြောဆိုစည်းရုံး၏။ ဤသို့ စည်းရုံးသဖြင့် စာရေးတံမဲကောက်ယူကြကာ တသိမ်ထဲတွင်သံဃာနှစ်သင်းခွဲ၍ ကံဆောင်ကြလျှင် သံဃာ၏အက်ကြောင်းလည်းထင်၍ သံဃာ၏ ကွဲပြားခြင်းလည်း ဖြစ်လာပေသည်။

ရဟန်းမများ၊ သိက္ခာမာန်များ၊ သာမဏေနှင့် သာမဏေမများ၊ တကာ တကာမများသည် သံဃာသင်းခွဲမှုကို မပြုနိုင်။ သံဃာသင်းကွဲပြားအောင် လှုံ့ဆော်ရုံမျှသာ စွမ်းနိုင်ကြ၏။

ပကတတ်ရဟန်းသည် သံဃာအလုံအလောက်ရှိသော သိမ်ထက်၌ သံဃာချင်း သင်းခွဲကာ သီးခြားကံပြုပါမှ သံဃာသင်းကွဲမှုကြီး အထ မြောက်၏။ ပကတတ်ရဟန်းဟူသည်မှာ

ပါရာဇိကအာပတ်ကြီးအထိ မကျူးလွန်ပဲ သာသနာတော်တွင် အများနည်းတူ ရပ်တည်နေသော ရဟန်းဖြစ်ပေသည်။

သံဃာကွဲပြားခြင်း၏ အကြောင်းများ

ထိုမှ ဆက်လက်၍ အရှင်ဥပါလိက မေးလျှောက်သဖြင့် သံဃာသင်းကွဲစေကြောင်း အမှု ၁၈–မျိုးကို ဘုရားရှင် ဟောကြားတော်မူခဲ့၏။

ထိုအထဲမှ လိုရင်းကား ဓမ္မနှင့်အဓမ္မ၊ ဝိနယနှင့် အဝိနယတို့ ဖြစ်ကြ၏။

တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ငြင်းခုံခြင်း၊ တရားဟုတ်သည်ကို တရားမဟုတ်ဟု ငြင်းခုံခြင်း။

ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ငြင်းခုံခြင်း၊ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ငြင်းခုံခြင်း။

ဤအခြေခံများကိုမှတဆင့် အသေးစိတ်ကာ ငြင်းခုံမှုများဖြင့် သံဃာသင်းကွဲစေကြောင်း အမှု ၁၈–မျိုးထိ ရှိလာစေသည်။

[စူဠဝဂ်ပါဠိတော်၊ သံဃဘေဒကက္ခန္ဓက၊ ဥပါလိပဉ္စကထာ]

အရုပ်အထွေးများ ရှင်းထားခဲ့သည်

ဤသို့အားဖြင့် ရာဇဂြိုဟ်မှာပေါ်ပေါက်လာခဲ့သော အမှုကြီးသည် ရာဇဂြိုဟ်မှာပင် လက်စသတ် ချုပ်ငြိမ်းသွားခဲ့၏။ ထို

အမှုကြီးနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို သည်း ဝိနည်းဆောင် သာဝကကြီးမှ တဆင့် ပြည့်ပြည့်စုံစုံ ဟောပြတော်မူခဲ့၏။ ဤသို့ ကိစ္စအဝဝပြီးပြည့်စုံခါမှ ရာဇဂြိုဟ်မှသည် သာဝတ္ထိမြို့တော်သို့ ဘုရားရှင် ကြွချီတော်မူပေသည်။ သည်တော့မှ သူရားရှင်၏ရည်ရွယ်ချက်ကို ကျွန်ုပ်တအံ့တသြနှင့် သဘောပေါက်လာပါတော့သည်။

ဒေဝဒတ်လက်ချက်ဖြင့် ပြဿနာရှုပ်လာသော ရာဇဂြိုဟ်မြို့တော်မှ ထွက်ခွာသွားရန် စိတ်စောခဲ့မိကြောင်း စောစောက ကျွန်ုပ်တင်ပြခဲ့ပြီးပါပြီ။ ဘုရားရှင်၏ စိတ်သဘောကလည်း အရှုပ်အထွေးနှင့် ကင်းဝေးရာမှာ မွေ့လျော်ဘတ်ပါသည်။ သို့သော် ဤအရှုပ်အထွေးမှာရှောင်ခွာသွားရုံနှင့် ရှင်းလင်းသွားမည်မဟုတ်ပါ။ ရာဇဂြိုဟ်မှာ မရှင်းခဲ့လျှင် သာဝတ္ထိသို့ လိုက်၍ရှုပ်ဦးမည်သာဖြစ်၏။ ဒေဝဒတ် သိမ်းသွင်းထားပြီးသော တကာ,တကာမများသည် အမြို့မြို့အနယ်နယ်မှာ ရှိနေကြ၏။ ကျွန်ုပ်တို့ သကျမျိုးနွယ်ထဲမှာပင် သူ့ဘက်သားများ ရှိခဲ့ကြောင်း ကျွန်ုပ်တင်ပြခဲ့ပါပြီ။

ထို့ကြောင့် ရာဇဂြိုဟ်မှာ ပေါ်ပေါက်လာသော ပြဿနာကို ရာဇဂြိုဟ်မှာပင် ဖြေရှင်းတော်မူခဲ့၏။ မင်း ကေရာဇ်အာဏာစက် အားကိုးဖြင့် တမျိုးပြီးထမျိုးတိုး၍ ကြံစည်လေသမျှကို ကြံ့ကြံ့ခံတော်မူခဲ့၏။ အကြမ်းဖက်လာသော ရန် အပေါင်းကို အကြမ်းမဖက်သောသီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် အောင်မြင်တော်မူခဲ့၏။ ဤပြဿနာများရှင်းလင်းပြီးချိန်တွင် နောက်နောင် ဤသို့သော ပြဿနာမျိုး ပေါ်

ပေါက်လာပါက မိမိကိုယ်စား ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဝိနည်းပညတ်တော်များကို ဝိနည်းဆောင် မဟာ သာဝကကြီးအား ပြည့်ပြည့်စုံစုံဟောပြတော်မူခဲ့၏။ ဤသို့ အပြည့်အစုံ ဆောင်ရွက်ပြီးခါမှ ရာဇဂြိုဟ်မှသည် သာဝတ္ထိမြို့တော်သို့ ကြွချီတော်မူပါတော့သည်။

မိုက်ပြစ်မိုက်ဒဏ် ခံပေတော့

ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်လာ၍ မကြာမီတွင် ဂယာသီသမှ သတင်းတခုရောက်လာခဲ့၏။ အရှင်မဟာ သာရိပုတ္တာရာတို့ ပြန်ကြွလာသည့်နံနက်ခင်းမှာပင် ဒေဝဒတ်သည် သွေးပွက်ပွက်အန်သောဝေဒနာကို ခံစားရသည်ဟူပါ၏။

တဆင့်စကားကြားရသည်ပင် ဖြစ်သော်လည်း ဤသတင်းကို ကျွန်ုပ်ယုံကြည်နိုင်ပါသည်။ ယမန်နေ့က သည်ကျောင်းတိုက်တာကြီးမှာ တပည့်ပရိသတ်ကြီးဖြင့် သိုက်သိုက်ဝန်းဝန်းနှင့် နေခဲ့ရသေး၏။ ယနေ့ နံနက်မှာတော့ အရင်းအချာသုံးပါးကလွဲ၍ အားလုံးကုန် ပြန်ပါသွားကြပေပြီ။ ကျယ်ဝန်းလှသော၊ ခမ်းနားလှသော ကျောင်းတိုက်တာကြီးမှာ ဟာလာဟင်းလင်းဖြစ်နေရစ်သောမြင်ကွင်းက သူ့ရင်ဝသို့ အရှိန်နှင့် ဝင်ဆောင့်ပါလိမ့်မည်။ တန့်မနိုင် ဆည်မရ စိတ်သောကဒဏ်ချက်ကြောင့် နှလုံးသွေးပွက်ပွက်ဆူကာ အန်ကျလာခြင်း ဖြစ်ပါလိမ့်မည်။

နောက်တပြန် မခံစားလိုတော့ပါ

ထိုသတင်း ထွက်ပေါ်လာပြီးနောက် မကြာမီ အခြားသတင်း တခု ရောက်လာပြန်ပါ၏။ မာနကို တံခွန်ထူ၍ ငါကြံလျှင် ခံနိုင်မည်လောဟု ကြုံးဝါးခဲ့သော ဒေဝဒတ်သည် ယခု ပုစွန် ခြေကျိုးဘဝ ရောက်ခါမှ နောင်တကြီးစွာ ရနေသည်ဟုပါ၏။ မိုက်မှားခဲ့မိလေသမျှ အမှုများအတွက် ခြေတော်ရင်းသို့ ဝပ် စင်း၍ တောင်းပန်လိုနေသည်ဟုလည်း ဆိုပါ၏။

မိမိအပြစ်ကို အပြစ်မှန်းသိ၍ ဝန်ခံတောင်းပန်လာပါလျှင် သာသနာတော်ကြီး အစဉ်အလာအရ လက်ခံခွင့်ပြုရမည်သာ ဖြစ်ပါ၏။ သို့သော် ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးကိုကား ဘုရား ရှေ့တော်မှောက်သို့ မရောက်စေလိုတော့ပါ။ သူ့ အပေါ် အမျက်အာဃာတ မထားသော်လည်း သူနှင့်တော့ မျက်နှာချင်း မဆိုင်လိုတော့ပါ။ သူ့မျက်နှာကို မြင်ရပြန်လျှင် ယခင်က ဝေဒနာများ ပြန်၍ ခံစားနေရမည် စိုးသောကြောင့် ဖြစ်ပါ သည်။

ရှေ့တော်မှောက်သို့ ရောက်ဦးမည်လော

သို့သော် ဒေဝဒတ်ကား ကျွန်ုပ်၏စိတ်ဆန္ဒကို မလိုက်လျော ပါချေ။ ယခင်တုန်းကလည်း ကျွန်ုပ် မပြုစေချင်သော အမှု များကို ပြုမိအောင် ပြုခဲ့၏။ ယခုလည်း ကျွန်ုပ်မလာစေချင်သည့် ကြားက လာဖြစ်အောင် လာခဲ့ပြန်ပါပြီ။ ဂယာသီသမှ ၍

ကျောင်းတော်သို့ ခရီးရှည်ထွက်လာရာတွင် သူ ခြေကျင်မလာနိုင်တော့ပါ။ ရဟန်း လေးပါးက ညောင်စောင်းငယ်ဖြင့် ထမ်းလာကြရသည် ဆိုပါ၏။ ဝန်လေးကြီးကို ထမ်းလာကြရသဖြင့် သူတို့ကတော့ နားနားနေနေ လာခဲ့ကြရ၏။ သို့သော် သူတို့ မရောက်လာခင်ကပင် သူတို့သတင်းက ကျောင်းတော်သို့ ရောက်နေပါပြီ။ ရောက်လာသောသတင်းကို ကျွန်ုပ်က ရှေ့နားတော်ကြား လျှောက်ထားရပြန်ပါသည်။ ဤတွင် ဘုရားရှင်က—

"အာနန္ဒာ၊ ဒေဝဒတ်သည် ငါဘုရားကို ဖူးရတော့မည် မဟုတ်တော့ပေ"ဟု မိန့်တော်မူပါ၏။

ဘုရားရှင်ကတော့ ရှေ့ အလားအလာကို ကြိုတင် မြင်ပြီး ဖြစ်၍ မိန့်ကြားခြင်း ဖြစ်ပါလိမ့်မည်။ သို့သော် တစထက်တစ နီးကပ်လာသော ဒေဝဒတ်၏ သတင်းများက ရဟန်းငယ်များ လှုပ်လှုပ်ရှားရှား ဖြစ်နေကြရ၏။ တချို့က ဇေတဝန်ကျောင်းတော်ဝမှ လှမ်းမျှော်၍ ကြည့်နေကြ၏။ ကြည့်ရာမှ ရရှိသော သတင်းကို ကျွန်ုပ်ထံ ပို့လာကြပြန်၏။

ကမ္ဘာတည်မည့် အပုပ်နံ့များ

ကျွန်ုပ် မလာစေချင်သော ဒေဝဒတ်သည် ယခုတော့ ဇေတဝန်ကျောင်းတော်ဝသို့ ရောက်လာ ချေပြီကော။ ခရီးရှည်ကြီး ထမ်းလာကြရသူများသည် ကျောင်းတော်ဝကရေကန်နားတွင် ညောင်စောင်းကို ချထားကြသည်ဟု ဆိုပါ၏။ ထိုသတင်း ရောက် လာပြီး သည်နှင့် တပြိုင်နက်ပင် ကျောင်းတော်ဝရှိ

ရဟန်းများထံမှ 'ဟယ်' ကနဲ အသံကြီးကို ကြားလိုက်ရပါ တော့သည်။ အမှုလွန်ပြီးခါမှ ရလာသော နောင်တသည် ထို နေရာမှာပင် နိဂုံးချုပ်၍ သွားပါတော့သည်။

မဟာပထဝီ မြေကြီးက ဝါးမျိုလိုက်သဖြင့် ဒေဝဒတ်၏ ကိုယ်ခန္ဓာသည် ပျောက်ကွယ်သွားပါ၏။ သို့သော် သူ၏ပြစ်မှု များကိုကား မဟာပထဝီမြေကြီးက ဝါးမျိုနိုင်စွမ်းမရှိပါချေ။ ဒေဝဒတ်၏ကိုယ်ခန္ဓာ ပျောက်ကွယ်သွားပြီးသည့်နောက်မှာပင် သူ့အပုပ်နံ့များကတော့ တထောင်းထောင်းထွက်နေကြဆဲသာ ဖြစ်ပေသည်။

ဤကမ္ဘာမြေဝယ် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းများ မွှေးပျံ့ နေသည်နှင့်အမျှ တဘက်ကလည်း သူ၏အပုပ်နံ့များက ဆက် လက်၍ နံစော်နေဦးမည် ဖြစ်ပေသည်။

[ဓမ္မပဒ သနိပါတ် ဇာတ်အဋ္ဌကထာ၊ သမုဒ္ဒဝါနိဇဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

အစကောင်းသော်လည်း အနှောင်းမသေချာ

ကျွန်ုပ်၏ပရိသတ်များ အောင့်အည်းသည်းခံ၍ ကြားနာလာခဲ့ ရသော ဇာတ်ကြမ်းကြီးသည် ဤတွင် ပြီးဆုံးသွားပါပြီ။ ဤ ဇာတ်ကြမ်းကြီးမှာ ပါဝင်ခဲ့ရစဉ်က ကျွန်ုပ်စိတ်နှလုံး တုန်လှုပ် ခဲ့ရသည် မှန်ပါ၏။ သို့သော် ယခုအခါ၌ကား ဒေဝဒတ် အပေါ်မှာ မုန်းစိတ်လည်း မရှိတော့ပါ။ ချစ်စိတ်လည်း မရှိ တော့ပါ။ မုန်းစိတ် မရှိတော့သဖြင့် ဒေဝဒတ်၏ပြစ်မှုများကို

ပိုကြီးခဲ့ရန် မလိုပါ။ ချစ်စိတ် မရှိတော့သဖြင့် သူ့ပြစ်မှုများကို ဖုံးဖိကာကွယ်ပေးနေရန် မလိုပါ။ အမှန်ကို ဆိုရလျှင် ယခု တင်ပြနေသည့် ကြောင်းခြင်းရာများမှာ သွားလေသူဒေဝဒတ်နှင့် ဘာမျှ မဆိုင်တော့ပါ။ ကြားနာကြသော ပရိသတ်များ သတိသံဝေဂ ပွားကြရန် နှင့် နောင်လာ နောက်သား များ သင်ခန်းစာ ယူကြရန် တင်ပြခြင်းသာ ဖြစ်ပါသည်။

ဒေဝဒတ်၏ အတ္ထုပ္ပတ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် သူသည် အစကောင်းခဲ့သူ ဖြစ်၏။ ကျွန်ုပ်တို့နှင့်အတူ သာသနာ့ဘောင် ဝင်ရောက်စဉ်က စေတနာ သဒ္ဓါ သန့်သန့်နှင့်သာ ဖြစ်၏။ ရဟန်းပြု၍ မကြာမီမှာပင် သူတကာတွေ ရနိုင်ခဲ့သော စျာန်အဘိညာဉ်တန်ခိုးများ ရရှိခဲ့၏။ ဤမျှလောက်အစကောင်းခဲ့သော ဒေဝဒတ်ခမျာ အနှောင်းကား မသေချာခဲ့ပေ။

အကြောင်းသုံးပါး သတိထား

ဤသို့ မရှုခလှဖြစ်ရခြင်းများ၏အကြောင်းများကို စိစစ်ကြည့်လိုက်သောအခါ အကြောင်းသုံးမျိုးကို တွေ့ရပေသည်။

၁။ လာဘ်လာဘနှင့် တန်ခိုးအာဏာကိုမက်မောခြင်း၊

၂။ သူတော် မဟုတ် သူယုတ်မာများနှင့် ပေါင်းသင်းမိခြင်း၊

၃။ အနည်းငယ်မျှသော လောကီချမ်း အဘိညာဉ် တရားထူး ရခါမျှနှင့် အားရကျေနပ်ကာ လမ်းခုလတ်မှာ လမ်းဆုံးနေခြင်း—

တို့ ဖြစ်ကြ၏။

လောကုတ္တရာဉာဏ် အမြင်မှန်ရရေး အခြေခံ ထားရမည့် ချမ်းအဘိညာဉ်ကို သူကတော့ လာဘ်လာဘ ပေါများရေး၊ တန်ခိုးအာဏာ ရရှိရေးအတွက်သာ အသုံးချခဲ့သဖြင့် မကြာမီ ဤချမ်းတရား ကွယ်ပျောက်ခဲ့ရ၏။

ကောကာလိက၊ တဋ္ဋမောဒကတိဿ စသော ရဟန်းဆိုးများနှင့် ပေါင်းသင်းမိခြင်းကလည်း သူ့ဘဝခရီး တဆစ်ပြောင်းသွား၏။ ဤတွင် ဒေဝဒတ်နှင့်ပေါင်းမိသဖြင့်ကိုယ်ကျိုးနည်းရသော အဇာတသတ်ကိုလည်း သတိပြုကြရမည် ဖြစ်၏။

နောက်ဆုံးအချက်ကား အရေးအကြီးဆုံးဖြစ်ပါ၏။ ချမ်းသမာပတ်ဖြစ်စေ၊ ဝိပဿနာဉာဏ်ဖြစ်စေ လောကုတ္တရာစခန်းဆုံးပန်းတိုင်ထိ ဆိုက်ရောက်ပါမှ စိတ်ချရ၏။ စခန်းဆုံးအထိ မရောက်ခဲ့ပါက ဒေဝဒတ်ကဲ့သို့ ကိုယ်ကျိုးကြီး မနည်းရစေကာမူ သာသနာတော်ကြီးနှင့် ကြုံလာသည့် အခိုက် ရသင့် ရထိုက်သော အခွင့်အရေးကြီးကို လက်လွတ်ဆုံးရှုံးသွားကြမည် ဖြစ်ပေသည်။

ဤကား ဒေဝဒတ်ကပေးအပ်ခဲ့သော သင်ခန်းစာကြီးများ ဖြစ်ပါ၏။

[ဣတိဝုတ်ပါဠိတော် တိကနိပါတ်၊ စတုတ္ထဝဂ်၊ ဒေဝဒတ္တသုတ်]

သာသနာ့ဒါယကာ

အမတ်ကြီး ဇီဝက

ကြီးလေးလှသောကံကြီးများကို လက်တွဲ၍ကျူးလွန်ခဲ့ကြသော ဆရာတပည့် နှစ်ဦးသားတို့အနက် ဆရာဖြစ်သူမှာ သူ့အပြစ်နှင့်သူ ထိုက်တန်သော ဒဏ်ကို ခံသွားရပြီဖြစ်၏။ အသက်ရှင်၍ ကျန်ရစ်ခဲ့သော တပည့်ဖြစ်သူမှာလည်း မသက်သာပါ။ ရွှေဘုံ ရွှေနန်းမှာ စံစားနေရပါလျက် နေ့စဉ်ရက်ဆက် စိတ်မချမ်းမသာ ဖြစ်နေရသည်ဟု ဆရာဇီဝက-က လျှောက်ထားပါ၏။

နန်းတွင်းလုပ်ကြံမှုကြီး ပေါ်လာစဉ်က ရာထူးတက်သူများထဲတွင် ဆရာဇီဝကလည်း ပါဝင်ခဲ့၏။ ဆေးကုသပေးသော

သမားတော်ကြီး တာဝန်အပြင် တိုင်းရေးပြည်ရာ စီမံခန့်ခွဲနိုင်သော အမတ်ကြီးအဆင့်သို့ ရောက်ခဲ့၏။ သို့သော် အမတ်ကြီးဇီဝကသည် နန်းတွင်းရေး ရှုပ်ထွေးနေစဉ်တုန်းက ခပ်လျှိုလျှိုနေခဲ့ရ၏။ ပြည့်ရှင်မင်း ကိုယ်တိုင်က သူ့ဆရာ၏ ဩဇာရိပ်အောက် ရောက်နေသဖြင့် ဘုရားရှင်၏အရိယာသာဝက ဆရာဇီဝကမှာ ဘေးမသီ ရန်မခအောင် တော်တော်ကြီး သတိထားနေခဲ့ရ၏။ ဘုရားရှင်အား မကောင်းကြံခဲ့သော အမှုများကို ရိပ်မိသော်လည်း မည်သို့မျှ မတတ်နိုင်သဖြင့် အသာ နှုတ်ပိတ်နေခဲ့ရ၏။ ဒီရေကို တွန်းလှန်၍ မရနိုင်သည့် အခြေအနေတွင် ဒီရေနှင့်လွှတ်ရာမှာ နေခဲ့ရ၏။ သူ အားကိုးထားသည်မှာကား 'ဘုရားရှင်အား သူတပါး လုပ်ကြံသတ်ဖြတ်၍ မရနိုင်' ဟူသော မိန့်ကြားချက် ဖြစ်၏။

ဆရာ ဇီဝက၏ စိတ်သဘောကို ရိပ်မိသဖြင့် အဇာတသတ်မင်းကလည်း လုပ်ကြံမှုများတွင် ပါဝင်လာရအောင် ဖိအားမပေးခဲ့ပါ။ အခြား,အခြားသော တိုင်းရေးပြည်ရာ ကိစ္စများမှသာ တာဝန်ပေးထား၏။ ပေးထားသော တာဝန်များကို ဆရာဇီဝက-က ကျေပွန်အောင် ဆောင်ရွက်ခဲ့၏။ ဤသို့ ဆောင်ရွက်ခဲ့သဖြင့် ယခုတော့ အဇာတသတ်မင်း၏ ယုံမှတ် ကိုးစားခြင်း ခံရသော အမတ်ကြီးတပါး ဖြစ်နေပါပြီ။

ရွှေဘုံပေါ်က ငရဲခန်း

မဂဓတိုင်းမှာ ထီးနန်းစိုက်ထားသဖြင့် အဇာတသတ် မင်းကို 'မဂဓ၏အရှင်' ဟု ကျွန်ုပ်တို့အထူးပြု၍သုံးနှုန်းကြရ၏။ သို့သော်

သူ၏ပိုင်နက်မှာ မဂဓတိုင်းသာ မဟုတ်သေးပါ။ အင်္ဂ တိုင်း လည်း ပါဝင်ပေသည်။ မဂဓတိုင်းသည် အနောက် မြောက် ပိုင်းမှာ ရှိ၍၊ အင်္ဂတိုင်းမှာ အရှေ့တောင်ဘက်မှာရှိ၏။ တဆက် တည်း ရှိနေသော ဤတိုင်းကြီးနှစ်တိုင်းသည် နယ်မြေ ကျယ် ဝန်းသည်နှင့်အမျှ စီးပွားရေးလည်း ဖြစ်ထွန်း၏။ ထို့ကြောင့် ရာဇဂြိုဟ် နန်းတော်ကြီးအတွက် အခွန်ဘဏ္ဍာတော် အလျှံပယ် ရရှိလာခဲ့၏။ ဂဏ အုပ်ချုပ်ရေး နိုင်ငံများကဲ့သို့ အလှည့်ကျ အုပ်ချုပ်ရသည် မဟုတ်ပဲ ရာသက်ပန် ဧကရာဇ်အဖြစ် အုပ်စိုး ရ၏။ ဤသို့ လူ့ဘောင် လောကတွင် အထွတ်အထိပ်ဆုံး နေရာသို့ ရောက်ရှိ စံမြန်းနေရပါသော်လည်း အဇာတသတ် မင်းမှာ စိတ်နှလုံးချမ်းမြေ့ခြင်း မရှိပါ။ ကျူးလွန်ထားမိသော အမှုကြီးက သူ့ကို အမြဲတစေ ခြောက်လှန့်၍နေပေသည်။

နေ့ခင်းဘက်တွင် တိုင်းရေး၊ ပြည်ရေး၊ နန်းတွင်းရေးရာ ကိစ္စများ စီမံခန့်ခွဲနေရသဖြင့် တော်ပါသေး၏။ ညဲ အိပ်ရာ ဝင်လျှင်ကား သူ့အတွက် ငရဲခန်း ဖြစ်လာတော့၏။ သွေးနှင့် သားနှင့် တည်ဆောက်ထားသဖြင့် သူ့ကိုယ်ခန္ဓာသည် အချိန် တန်လျှင် အိပ်ချင်လာ၏။ အိပ်ချင်၍ အိပ်လိုက်ရလျှင် အခြား သူများမှာ ကိုယ်ရော စိတ်ပါ ပေါ့ပါးလာ၏။ အားခွန်ဗလ ပြည့်ဝလာ၏။ သို့သော် သူ့အတွက်ကား ဤသို့မဟုတ်တော့ပါ။ အိပ်ချင်စိတ်ကို မထိန်းနိုင်၍ မှေးလိုက်မိသည်နှင့် တပြိုင်နက် သူ့မျက်စိထဲသို့ လုံအစင်းပေါင်းတရာ အထိုးခံလိုက်ရသကဲ့သို့ ခံစားလိုက်ရ၏။ တခဏ မှေးလိုက်ရသည်နှင့် မကာမိအောင် ခံစားချက်က ပြင်းထန်လှ၏။ ထိတ်လန့်တကြား အော်ဟစ်သံ

ကြား၍ မိဖုရားက မေးသော် သူ့မှာ အဖြေရ ခက်နေ၏။ မကောင်းမှု၏ အကျိုးတရားကို မသေခင် အရှင်လတ်လတ် ခံစားနေရသည်ကို မိမိမတပါး အခြားသူ မသိစေချင်။ မိမိ ဂုဏ်သိက္ခာ ထိခိုက်မည့်ကိစ္စကို မည်သူနှင့်မျှ စကားစပ်၍မပြော ချင်။ သို့သော် ခံစားရဖန် များလာတော့လည်း သူ မမျိုသိပ် နိုင်တော့ပါ။ လက်ရင်း လူယုံတော် ဇီဝကကို ပြောပြရပေ တော့သည်။

နောက်တဖန် ပြန်ကြွလာပါစေ

သည်ဝေဒနာကို ကုသနိုင်သည်မှာ ဗုဒ္ဓမြတ်စွာတပါးတည်းသာ ရှိ၏။ သို့သော် သည်အချိန်တုန်းက အဇာတသတ်မင်းသည် ဒေဝဒတ်၏ဩဇာအောက်သို့ လုံးလုံး ရောက်နေ၏။ သို့ဖြစ်၍ အဖြစ်မှန်ကို လျှောက်မိလျှင် မင်းမျက်လွှတ်မည် မဟုတ်သဖြင့် အခြား သင့်လျော်ရာ စကားများဖြင့်သာ အဆုံးသတ်လာခဲ့ ရ၏။ ရာဇဂြိုဟ်မြို့တော်သို့ ဘုရားရှင် တဖန် ပြန်ကြွလာမည့် နေ့ကိုသာ စောင့်မျှော်နေခဲ့သည်ဟု ဆိုပါ၏။

လဝန်း ထိန်ထိန် သာသောည

ယခုတော့ သူ့မျှော်လင့်ချက် ပြည့်ဝသွားပါပြီ။ ဇီဝတဝန် ကျောင်းတော်မှာ သီတင်းဝါလ ကျွတ်ခဲ့ပြီး၍ ဖြည်းဖြည်း သက်သာ လှမ်းလာခဲ့ကြရာ တန်ဆောင်မုန်း လပြည့်နေ့တွင်

ရာဇဂြိုဟ်သို့ ကျွန်ုပ်တို့ ပြန်ရောက်လာကြပါသည်။ သည်တခါ တော့ ဆရာဇီဝက၏ လျှောက်ထားချက် အရ ဆရာဇီဝက သရက်တော ကျောင်းမှာ ဘုရားရှင် သီတင်းသုံးတော်မူပေ သည်။ နောက်ပါ ရဟန်းပေါင်း တထောင့်နှစ်ရာ့ငါးဆယ် လိုက်ပါလာကြပေသည်။

ထိုညက လပြည့်ဝန်းကြီး ထိန်ထိန်သာလျက်ရှိ၏။ ဆီးနှင်း မှုတိမ်,သူရိန်မီးခိုး ဟူသော အညစ်အကြေး ငါးမျိုးလုံး ကင်း စင်နေသဖြင့် ထက်ကောင်းကင်တခွင်လုံး ကြည်လင်တောက်ပ နေ၏။ ကောင်းကင်မှ အလင်းရောင်သည် သရက်ဥယျာဉ် တခု လုံးသို့ ထင်ဟပ်နေ၏။ မွေ့လျော်ဖွယ်သော၊ တင့်တင့်တယ်တယ် ရှုချင့်စဖွယ် ဖြစ်သော ညတညပါပေတည်း။ ရက်စွဲနှင့်တကွ အမှတ်တရ ထားရှိသင့်သော ညတညပါပေတည်း။

မွေ့လျော်ဖွယ်ကောင်းသော ထိုညတွင်၊ တင့်တင့်တယ်တယ် ရှုချင်ဖွယ်ကောင်းသော ထိုဥယျာဉ်တွင် တသက်တာ မှတ်သား ထိုက်သော ဒေသနာတော်ကြီးတပုဒ်ကို ကျွန်ုပ်တို့ ကြားနာကြ ရ၏။ ဒေသနာတော်၏ အဓိက ဦးတည်ရာကား အဇာတသတ် မင်း ဖြစ်ပေသည်။

လရောင်အောက်က မင်းခမ်းမင်းနား

ထိန်ထိန်သာသော လရောင်အောက်တွင် အဇာတသတ် မင်း သည် ဆင်မယဉ်သာငါးရာဖြင့် ညင်သာတိတ်ဆိတ်စွာ ရောက် လာခဲ့၏။ မင်းခမ်းမင်းနားသုံး တူရိယာတို့သည် မည်သို့မျှ

အသံမထွက်ပဲ သည်အတိုင်း ပါလာကြ၏။ ဆင်မယဉ်သာတစီး တစီးထက်တွင် ယောကျ်ားအသွင် ဝတ်ဆင်ထားသော နန်းတွင်းသူ တယောက်စီ လိုက်ပါလာခဲ့၏။ ထိန်ထိန်ညီးအောင် ထွန်းညှိလာခဲ့သော မီးရှူးမီးတိုင်များကို အဝေးမှပင် လှမ်းမြင်နေရ၏။ မင်းမှုရေးရာ ကျွမ်းကျင်လှသော ဆရာ ဇီဝက၏ အစီအမံဖြင့် မင်းခမ်းမင်းနား အကြီးအကျယ် ခင်းကျင်း၍ လာခဲ့ဟန် တူပါသည်။

သရက်တောဒကျောင်းထဲသို့ မဝင်မီတွင် အဇာတသတ်မင်းသည် ဆင်တော်မှ ဆင်းသက်ခဲ့၏။ ကျောင်းမြေထဲသို့ ခြေကျင် လျှောက်လာခဲ့၏။ သို့သော် ဘုရားရှင်ရှိရာသို့ တန်းတန်းမတ်မတ်ကား သူ မဝင်လာရဲပါ။ ဘုရားကျောင်းတကာ ခမည်းတော်ကြီးကို သတ်ထားမိသော အပြစ်ဆိုးကြောင့် ဟိုဟို့သည်သည် လျှောက်သွားနေရ၏။ ကျောင်းတကာ ဇီဝကကို လက်ဆွဲကာ ကျောင်းအဆောက်အအုံများကို ချီးမွမ်းသလိုလိုနှင့် သံဃာအားလုံးစုဝေးရာ ဓမ္မာရုံသို့လျှောက်လာခဲ့၏။ ထိုအချိန်၌ မြတ်စွာဘုရားသည် အလယ်တည့်တည့်ရှိ တိုင်ကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်တော်မူလျက် ရှိပေသည်။

မဝံ့မရဲ လှမ်းလာသူ

ဤ ကျောင်းတိုက်တွင် သံဃာ တထောင့် နှစ်ရာ့ ငါးဆယ် ရှိသည်ဟုသာ ဆိုရ၏။ ရဟန်းတို့၏ အသံဗလံ ဟူ၍ လုံးဝ မထွက်လာပေ။ နှာချေသံ၊ ခြေဆစ်၊ လက်ဆစ် ချိုးသံမျှပင်

လျှင်မကြားရပေ။ လရောင်နှင့် အပြိုင်အဆိုင် ဆီမီးမှိုင်မှိုင် ထွန်းထားသဖြင့်သာ ရဟန်းအားလုံး ညီညာဖြဖြ စည်းဝေး နေကြကြောင်း တွေ့မြင်နေရ၏။

ကျွန်ုပ်သည် ဘုရားရှင်၏ လက်ယာနံပါး၌ ငြိမ်သက်စွာ ထိုင်လျက် အဇာတသတ်မင်းနှင့် ဆရာဇီဝကတို့ကို အကဲခတ် နေ၏။ မှိဝ့်မရဲ လှမ်းလာသော အဇာတသတ်မင်းနှင့် အတူ ဆရာဇီဝကသည် ခတ်မဆိတ် လျှောက်လာခဲ့၏။ ကျောင်း တော်ဝမှာ ဆင်းတော်ပေါ်မှ ဆင်းသည်မှစ၍ ကျွန်ုပ် လှမ်း မြင်နေရ၏။

အဇာတသတ်မင်းသည် ငယ်ရွယ်စဉ်က ခမည်းတော်ကြီး နှင့်အတူ ဝေဠုဝန် ကျောင်းတော်သို့ အကြိမ်များစွာ လိုက် ပါခဲ့ဘူးသဖြင့် ဘုရားရှင်ကို ကောင်းကောင်း သိကျွမ်းထား၏။ သို့သော် သူသည် အိမ်ရှေ့မင်းသားဘဝတွင် ကျောင်းတော်နှင့် လမ်းစပြတ်သွား၏။ ဒေဝဒတ်ဘက်သို့လိုက်ပါကာ သူ့ဆရာ၏ မကောင်းမှုများကို အထောက်အကူ ပြုခဲ့မိ၏။ ထို့ကြောင့် ဘုရားရှင်ရှိရာ လှမ်းလာရာတွင် တစိမ်း ပြင်ပြင်ကဲ့သို့ ဖြစ်နေ ပေသည်။

မြင့်ရာမှ နိမ့်ရာသို့

ဘုရားရှင်နှင့် အနေစိမ်းခဲ့သဖြင့် အဇာတသတ်မင်းသည် ရှေ့ တော်မှောက်မှာ ထိုင်မိပါသော်လည်း စကား တခွန်းမျှ မလျှောက်ရဲသေးပေ။ ရှိခိုး ဦးတင် မလုပ်မိသေးပေ။ ဝံ–ယာ

ပန်းကျင်မှာ အစိအရီ ထိုင်နေကြသော ရဟန်းများ ကိုသာ လှည့်လည် ကြည့်ရှုနေရာမှ—

''ယခုအခါ ရဟန်းတော်များ ငြိမ်သက်စွာ နေတော်မူကြ သကဲ့သို့ သားတော်လေး ဥဒယဘဒ္ဒသည်လည်း ငြိမ်သက်စွာ နေနိုင်ပါစေသတည်း'

အဇာတသတ်မင်းက ထုတ်ဖော်ကျူးရင့်လိုက်၏။ ငြိမ်သက် စွာ ထိုင်နေကြသော ရဟန်းများကို မြင်လိုက်ရ၍ သူ့စိတ်ထဲ မှာ ကြည်နူးသွား၍ ဖြစ်ပါလိမ့်မည်။ ကြည်နူးရာမှ သူချစ်လှ သော သားကလေး ဥဒယဘဒ္ဒကို ပြေး၍ သတိရလိုက်၍ ဖြစ် ပါလိမ့်မည်။ ထူးကဲမွန်မြတ်သော မြင်ကွင်းကို မြင်လိုက်ရလျှင် မိမိချစ်ခင်သူကို တမ်းတစမြဲ မဟုတ်ပါလော့။

''မင်းကြီး၊ မိုးများသည် မြင့်ရာမှာရွာသော်လည်း နိမ့်ရာ သို့ စီးဆင်းကြသကဲ့သို့ သင်မင်းကြီး၏ စိတ်သည်လည်း ရဟန်း များကိုကြည့်ရာမှ ချစ်ခင်သူထံ ရောက်သွားပါသလော''

ကရုဏာ လမ်းကလေး

စကားအစရခက်နေသော အဇာတသတ်မင်းအား ဘုရား ရှင်က နှုတ်ခွန်းတော်သလိုက်ပေပြီ။ မိမိထံသို့ တိုက်ရိုက်အား ဖြင့် လျှောက်ထားရဲလာအောင် လမ်းခင်းပေးတော်မူ လိုက် ခြင်း ဖြစ်ပေသည်။ ဤသို့ လမ်းခင်းပေးလိုက်ခြင်းကြောင့်ပင် အဇာတသတ်မင်း၏ မျက်နှာ ရွှင်ပျလာကာ—

"မှန်ပါသည် အရှင်ဘုရား၊ သားကလေး ဥဒယဘဒ္ဒကို တပည့်တော် အင်မတန် ချစ်လှပါသည်။ ငြိမ်သက်စွာထိုင်နေတော်မူကြသော ရဟန်းတော်များကိုဖူးမြင်ရာမှ တပည့်တော်၏ စိတ်က သားကလေးထံ ရောက်သွားပါသည်။ ဤရဟန်းများ ငြိမ်သက်စွာ နေတော်မူကြသကဲ့သို့ သားကလေး ဥဒယဘဒ္ဒ သည်လည်း ငြိမ်သက်စွာ နေနိုင်စေချင်ပါသည်ဘုရား"

စကားတစရလာပြီမို့ ဝမ်းသာအားရ လျှောက်ထားလိုက်၏။ စကားဝါကျပြည့်စုံအောင် လျှောက်ထားရာတွင် ဘုရားရှင်နှင့် ရင်းနှီး ခင်မင်သော လေသံများ ပါလာခဲ့ပေပြီ။ ဟိုယခင် ငယ်ရွယ်စဉ်က စိတ်ဓာတ်များ ပြန်လည် နိုးကြားလာ၍ ဖြစ်ပါလိမ့်မည်။ မိမိက အမျိုးမျိုး အဖုံဖုံ ပြစ်မှားခဲ့ပါလျက် ဘုရားရှင်ဘက်က မေတ္တာ မပျက်ပုံကို သိရှိလာ၍လည်း ဖြစ်ပါလိမ့်မည်။

အသက်မွေးဝမ်းကျောင်း အတတ်များကဲ့သို့

မပျက်သော မေတ္တာအဟုန်မှာ ခိုလှုံခွင့်ရခါမှ အဇာတသတ်မင်းသည် ဘုရားရှင်ကို ရှိခိုး ဝတ်ချပါတော့သည်။ ရဟန်းများထံသို့ လက်အုပ်ချီလိုက်ပါတော့သည်။ ဤသို့ အရိုအသေ ပြုပြီးမှ—

"အရှင်ဘုရား၊ ဘုရားရှင်က ခွင့်ပြုတော်မူပါလျှင် တပည့်တော် မေးလျှောက်ရန် ရှိပါသည်ဘုရား"

"မေးလော့ မင်းကြီး၊ အလိုရှိရာကို မေးပါလော့"

အဇာတသတ်မင်းက မေးခွင့်တောင်းသည်ကို ဘုရားရှင်က ခွင့်ပြုတော်မူလိုက်ရာ—

"အရှင်ဘုရား၊ ဆင်စီးခြင်း၊ မြင်းစီးခြင်း စသော စစ်မှုဆိုင်ရာ အတတ်ပညာသည်များ ရှိကြပါသည်။ ဆတ္တာသည်၊ ခဝါသည်၊ ယက်ကန်းသည် စသော လက်မှု ပညာသည်များ ရှိကြပါသည်။ မုန့်သည်၊ ပန်းသည် စသော စျေးအဘတ်တတ်ကျွမ်းသူများ ရှိကြပါသည်။ ထို ပုဂ္ဂိုလ်တို့သည် မိမိတို့ ကျွမ်းကျင်ထားသော အတတ်ပညာဖြင့် သူတို့ကိုယ်တိုင် လုလှဝတ်၍ ဝဝစားကြရ ပါသည်။ မိဘ နှင့် သားသမီးများကို ကျွေးမွေးပြုစု နိုင်ကြပါသည်။ ဆွေမျိုး မိတ်သင်္ဂဟ များကို ထောက်ပံ့နိုင်ကြပါသည်။ ရဟန်း ပုဏ္ဏားတို့ထံ၌ ကောင်းမှုကုသိုလ် ပြုနိုင်ကြပါသည်။ ဤ အဘတ်ပညာသည်များသည် မျက်မှောက်ဘဝမှာပင် အတတ် ပညာ၏ အကျိုးကျေးဇူးကို ခံစားကြရ သကဲ့သို့ သာသနာတော်မှာ ရဟန်း ပြုရခြင်း၏ အကျိုးကျေးဇူးကိုလည်း မျက်မှောက် ဘဝမှာ ထင်ရှားပြ၍ ရနိုင်ပါမည်လော"

မင်းမှုထမ်း ဥပမာ

"မင်းကြီး၊ ရနိုင်ပါသည်။ ရနိုင်ကြောင်း ထင်ရှားစေရန် သင်မင်းကြီးကို မေးမြန်းပါဦးမည်။ သင်မင်းကြီး သဘောကျသလို ဖြေကြားနိုင်ပါသည်။ ဥပမာအားဖြင့် သင်မင်းကြီး

တွင် တာဝန်ဝတ္တရားကျေပွန်သော အမှုထမ်း တယောက် ရှိသည် ဆိုကြပါစို့။ ထိုအမှုထမ်းသည် တနေ့သောအခါ သင်မင်းကြီး၏ စည်းစိမ်နှင့် သူ့ဘဝအခြေအနေကို နှိုင်းယှဉ်ကာ လူ့ဘဝမှာ မပျော်ပိုက်တော့သဖြင့် ရဟန်းပြုသွား၏။ ဤအကြောင်းကို သင်မင်းကြီး သိသောအခါ 'အချင်းတို့၊ ထိုအမှုထမ်း ပြန်လာပါစေ၊ ယခင်အတိုင်း ငါ့အမှုတော်ကို ပြန်၍ ထမ်းဆောင်စေ' ဟု သင်မင်းကြီး ဆိုပါမည်လော"

"မဆိုတော့ပါ အရှင်ဘုရား။ စင်စစ်မှာမူ ထိုရဟန်းကို တပည့်တော်တို့က ရှိခိုးကြရပါဦးမည်၊ ခရီးဦးကြိုဆိုကြရပါဦးမည်၊ နေစရာ ထိုင်စရာဖြင့် ဖိတ်ကြားကြရပါဦးမည်။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့ကို လှူဒါန်းကြရပါဦးမည်။ သူ့အတွက် တရားတော်နှင့်အညီ အစောင့်အရှောက် အရံအတားကို ပေးကြရပါဦးမည်ဘုရား"

"မင်းကြီး။ ဤသို့ ဖြစ်လျှင် ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးကို မျက်မှောက်ဘဝမှာပင် ရပါသလော။ မရပါသလော။ သင်မင်းကြီး မည်သို့ထင်မြင်ပါသနည်း"

"အရှင်ဘုရား။ ဤသို့ဆိုလျှင် ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးကို မျက်မှောက်ဘဝမှာပင် ရနေပါပြီဘုရား"

ထိုမှ ဆက်လက်၍ အခွန်ထမ်းလယ်သမားဘဝမှ ရဟန်းပြုလာသူနှင့် ဥပမာပြု၍မေးတော်မူရာ အဇာတသတ် မင်းကလည်း ယခင်အတိုင်းဖြေဆိုခဲ့၏။

ရဟန်းပြုရခြင်း အကျိုးကျေးဇူးများ

ထိုမှတဆင့်တက်၍ သာသနာတော်ကြီးနှင့် ကြုံလာသည့်အခိုက် ရဟန်းပြုပြီးလျှင် အငယ်စား၊ အလတ်စား၊ အကြီးစား သီလများလုံခြုံလျက်၊ ဣန္ဒြေစောင့်စည်းခြင်း၊ သတိ သမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ နီဝရဏတရားများပယ်ခွာခြင်း တို့ဖြင့် ဈာန်အဆင့်ဆင့်နှင့် အဘိညာဉ်တန်ခိုးများ ရရှိခြင်း။ ထိုမှတဆင့် နောက်ဆုံးအာသဝတို့၏ ကင်းရာကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းအထိ အဆင့်အသီးသီးမှာ ဥပမာအသီးသီးဖြင့် ထင်ရှားအောင် ဟောပြတော်မူ၏။

လွန်သမျှ ဝန်ချပါသည်

အဆင့်အတန်းမြင့်လှသောတရားတော်များဖြစ်၍အဇာတသတ်မင်းမှာ သေချာဂဏ နားမလည်နိုင်သေးပါ။ သို့သော် ရတနာသုံးပါးအပေါ် ယုံကြည်ချက်ကား ခိုင်မြဲ သွားပေပြီ။ ထို့ကြောင့် ကြားနာရသောတရားတော်ကို ဝမ်းမြောက်ဝမ်းသာ ချီးကျူးလျှောက်ထားကာ—

"အရှင်ဘုရား၊ ယနေ့မှအစပြု၍ တပည့်တော်အား ရတနာသုံးပါးအား ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဘုရား"

ဘုရားတပည့်သားအဖြစ် လက်ခံတော်မူပါရန် လျှောက်ထားပြီးမှ ဆက်လက်၍—

"အရှင်ဘုရား၊ တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော်မင်းတရားကြီးကို ထီးနန်းစည်းစိမ်လိုချင်ဇောဖြင့် သတ်ဖြတ်ခဲ့ပါသည်။ မိုက်မဲသည့်အလျောက်၊ တွေဝေသည့် အလျောက်၊ မလိမ္မာသည့် အလျောက် ကျူးလွန်ခဲ့မိသောပြစ်မှုများကို သည်းခံတော်မူပါဘုရား။ နောက်နောင်အခါ ရှောင်ကြဉ်ပါတော့မည် ဘုရား"

"မင်းကြီး၊ မိုက်မဲသည့် အလျောက်၊ တွေဝေသည့် အလျောက်၊ မလိမ္မာသည့်အလျောက် ကျူးလွန်မိသောပြစ်မှုများကို အပြစ်မှန်းသိကာ တောင်းပန်လာသဖြင့် ငါဘုရား သည်းခံပါ၏။ ငါဘုရား၏ သာသနာတော်ဝယ် အပြစ်ကို အပြစ်မှန်းသိ၍ တရားနှင့်အညီကုစားလျှင်၊ နောက်နောင်ခါ ရှောင်ကြဉ်သွားလျှင် ကြီးပွားချမ်းသာကြမည်သာ ဖြစ်ပေသည်"

ဤဒေသနာတော်ကို ကြားနာပြီး၍ အဇာတသတ်မင်း ပြန်သွားသောအခါ မြတ်စွာဘုရားက—

"ရဟန်းတို့၊ ဤမင်းသည် မိမိကိုယ်ကို သတ်ဖြတ်ခဲ့ပေပြီ။ မိမိ၏ ရပ်တည်ရာကို မိမိဘာသာဖျက်ဆီးခဲ့ပေပြီ။ တရားစောင့်သော၊ တရားနှင့်အညီ မင်းပြုသော ခမည်းတော်မင်းတရားကြီးကို အကယ်၍ မသတ်ဖြတ်ခဲ့ပါလျှင် ဤနေရာမှာပင် သောတာပန်စခန်း တက်လှမ်းနိုင်ပေရာ၏။"ဟု မိန့်ကြားတော်မူပါ၏။

တရားနာရခြင်းအကျိုး

အဖသတ်ကံကြီးက တားဆီးထားသဖြင့် အဇာတသတ်မှာ အကျယ်တဝင့်ရှင်းပြသော ဒေသနာတော်ကြီး ကြားနာရပါလျက် မဂ်စခန်း၊ဖိုလ်စခန်း မတက်လှမ်းနိုင်ခဲ့ပါ။ သို့သော် အကျိုးမဲ့ကားမဟုတ်ပါ။ သူ့အတွက်အကျိုးကျေးဇူး ကြီးလှပါ၏။

ယခင်ကဆိုလျှင် တမေ့လေး မှိတ်လိုက်မိသည်နှင့် ထိတ်လန့်တကြားဖြစ်ခဲ့ရ၏။ ယခုတော့ ဤဝဋ္ဋက ကျွတ်သွားပေပြီ။ မကောင်းဆိုးရွားအာရုံများ မဝင်လာကြတော့သဖြင့် ကောင်းသောအိပ်ခြင်းဖြင့် အိပ်ရပေပြီ။ ကောင်းသော နိုးခြင်းဖြင့် နိုးရပေပြီ။ ဤကျေးဇူးများကိုဆပ်သောအားဖြင့် သာသနာတော်အတွက် အားထက်သရောထောက်ပံ့ကူညီသော သာသနာ့ ဒါယကာကြီးတယောက် ဖြစ်လာပေတော့သည်။ သာသနာပြု အဇာတသတ်မင်းကြီး၏ သာသနာပြု လုပ်ငန်းကြီးအကြောင်းကို နောက်ပိုင်းမှာကြားနာကြရပါဦးမည်။

[သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

နေမင်းညိုချိန်

ကျွန်ုပ်၏ကယ်တင်ရှင်

သာသနာ့ဒါယကာ အဇာတသတ်မင်းကို နှုတ်ဆက်ပန်ကြား ပြီးနောက် ကျွန်ုပ်တို့ ဒေသစာရီ လှည့်လည်လာကြရာ မွေးရပ် မြေသို့ ရောက်လာကြ၏။ သကျမျိုးနွယ်ကြီးအတွင်းမှ ဝေဓည အမည်ရသော ဆွေမျိုးတသိုက်နေထိုင်ရာ သာမရွာကြီးသို့ ဝင်ခဲ့ကြ၏။ ဝေဓညဆွေမျိုးတသိုက် ဆောက်လုပ်ထားသော သရက်တောကျောင်းမှာ ခရီးတထောက်နားချိန်တွင် အရှင်စုန္ဒ ရောက်လာခဲ့၏။

အရှင်မဟာသာရိပုတ္တရာ၏ ညီတော်တပါးဖြစ်သော အရှင်စုန္ဒသည် ပါဝါမြို့မှာ ဝါဆိုခဲ့ရာမှ ဘုရားရှင်ရှိရာ သတင်းနာခံ၍ လိုက်ပါလာခြင်း ဖြစ်၏။ ပါဝါမြို့မှ သတင်းတပုဒ်ကို လျှောက်ထားရန်ဖြစ်၏။ ဤအချိန် ဤအခါ အတောအတွင်းမှာမှ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာခဲ့သော အရှင်စုန္ဒသည် ကျွန်ုပ်၏ကယ်တင်ရှင် ဖြစ်ပါတော့သည်။ ကျွန်ုပ်သည် ဘုရားရှင်နောက်တော်ပါးမှ အရိပ်ပမာ လိုက်ပါနေရသည် ဆိုသော်လည်း အမြဲတစေ လိုက်ပါနိုင်သည်ကား မဟုတ်ပါ။ ယခုလို နေ့လယ်ခင်းမှာဆိုလျှင် ကိုယ့်နေရာနှင့် ကိုယ် နေခဲ့ရပါသည်။ ဂန္ဓကုဋိတိုက်တွင် ဘုရားရှင်တပါးတည်း နေတော်မူ၍ ဖြစ်ပါသည်။

ဘုရားရှင်သည် နေ့လယ်ခင်းမှာ ဖလသမာပတ် ဝင်စား၍ လက်ငင်း လက်တွေ့ ချမ်းသာကို ခံစား၍ နေတော်မူသကဲ့သို့ ကျွန်ုပ်လည်း ခံစားနေမည်ဆိုလျှင် နေနိုင်ပါ၏။ နေလည်း နေခဲ့ဘူးပါ၏။ သို့သော် တခုခက်နေသည်မှာ မိမိ ချမ်းသာစွာနေရေးထက် ဘုရားရှင်ထံ ချဉ်းကပ်နေရေးကိုသာ ကျွန်ုပ် ပို၍ နှစ်သက်မိ၏။ထို့ကြောင့်ပင် ယခုထိ ဤအဆင့်က မတက်နိုင်သေးပဲ ဖြစ်နေသလား မသိပါ။ ဘုရားရှင်အပေါ် တွယ်တာလွန်းသော စိတ်ကြောင့် တနေ့လယ်လေး ဖဲ့ခွာနေရခြင်းကိုပင် ကျွန်ုပ် သည်းမခံနိုင်အောင် ဖြစ်နေရ၏။ ယခုတော့ ကျွန်ုပ်ကို ကယ်တင်မည့်သူ ပေါ်လာပါပြီ။ပါဝါမြို့မှ အရှင်စုန္ဒယူဆောင်လာသော သတင်းကိုပင် အကြောင်းပြု၍ ရှေ့တော်မှောက် ဝင်ရောက်ခွင့် ရလာပါပြီ။

ပါဝါမြို့မှ တတင်းတပုဒ်

“အရှင်ဘုရား၊ တပည့်တော်ထံမှာ အရှင်စုန္ဒက ဤသို့ ပြောကြားခဲ့ပါသည်။ နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် ပါဝါမြို့တွင် မကြာမီက ကွယ်လွန်ခဲ့ပါသည်။ ဦးစီးခေါင်းဆောင် ဆရာကြီး ကွယ်လွန်သွားသဖြင့် ကျန်ရစ်သော နိဂဏ္ဌ ရဟန်းများ အုပ်စု နှစ်စု ကွဲပြားသွားကြပါသည်။ ‘ငါသာ တတ်သည်၊ ငါသာသိသည်၊ ငါ့အကျင့်သာ မှန်သည်’ စသည်ဖြင့် အပြန်အလှန် ငြင်းခုံနေကြပါသည်။ တဘက်နှင့် တဘက် နှုတ်လှံထိုးနေကြပါသည်။ မိမိဘက်က စကားအရာ အပေါ်စီး ရသာသည်နှင့် တပြိုင်နက် တဘက်အုပ်စုကို နာလန် မထူနိုင်အောင် ဖိနှိပ်ချုပ်ချယ်ကြပါတော့သည်။

“အမှန်အားဖြင့် သေဆုံးသူမှာ နိဂဏ္ဌနာဋပုတ္တ ဆရာကြီး တပါးသာ ဖြစ်ပါသည်။ သို့သော် သူ၏ သေဆုံးမှုက နိဂဏ္ဌ ရဟန်းများထံ ကူးစက်သွားပါပြီ။ အအုပ်အစီး မရှိတော့သဖြင့် နိဂဏ္ဌရဟန်းများသည် ပျက်စီးမှုသို့ ရှေးရှုနေကြပါပြီ၊ အကိုးကွယ်ခံပုဂ္ဂိုလ်များက တဘက်နှင့် တဘက် ငြင်းခုံနေကြ၊ ခိုက်ရန်ဖြစ်နေကြသဖြင့် ကိုးကွယ်သော တကာ၊ တကာမများက သူတို့အပေါ် ယခင်ကလောက် မကြည်ညိုကြတော့ပါဘုရား”

အရှင်စုန္ဒ ယူဆောင်လာသော ပါဝါမြို့မှ သတင်းတပုဒ်ကို အချက်အလက်ပြည့်စုံစွာ လျှောက်ထားလိုက်ရ၏။

ဓမ္မဝိဋ္ဌာန် ဝေဖန်ချက်

"စုန္ဒ၊ သင့်စကား မှန်ပေစွ။ သူတို့မှာ ဓမ္မနှင့် ဝိနယ ဟူ၍ ရှိသော်လည်း ကောင်းမွန်စွာ ဟောကြားထားသည် မဟုတ်။ သူတို့၏ဓမ္မနှင့် ဝိနယသည် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း လည်း မဟုတ်။ စိတ်နှလုံး၏ အေးချမ်းငြိမ်သက်မှုကိုလည်း မဖြစ် စေနိုင်။ သစ္စာလေးတန် တရားမှန်ကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် ထိုးထွင်းသိ၍ ဟောကြားထားသည်လည်း မဟုတ်။ ဤသို့သော ဓမ္မဝိနယဘောင်အတွင်းမှာ လိုက်နာ ကျင့်သုံးသူ တို့အတွက် ဤသို့ပင် ပျက်စီးရမည်သာတည်း"

သတင်းစကား သယ်ဆောင်လာသူ အရှင်စုန္ဒကိုယ်တိုင် ပါ လာသဖြင့် ဘုရားရှင်က အရှင်စုန္ဒထံသို့သာ တုံ့ပြန် မိန့်ကြား တော်မူပါ၏။ နိဂဏ္ဌနာဋပုတ္တဆရာကြီး အား ပုဂ္ဂလဓိဋ္ဌာန်ဖြင့် မည်သို့မျှ မသုံးသပ်ပဲ ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် ဝေဖန်သုံးသပ် တော်မူသည်ကို ကျွန်ုပ်တို့ သတိထားလိုက်မိကြပါသည်။ နိဂဏ္ဌ နာဋပုတ္တဆရာကြီးတို့၏ တရားနှင့် သူတို့၏ ကျင့်သုံးပုံများကို ယခင်အခန်းများတုန်းက ကျွန်ုပ်၏ ပရိသတ်များ ကြားနာခဲ့ ကြရဘူးပါပြီ။

ဆရာနှစ်မျိုး

ထိုမှဘဖန် ဘုရားရှင်က မမှန်ကန်သော ဓမ္မ,ဝိနယ ကျင့်သုံး သူရော၊ တိုက်တွန်းသူပါ အပြစ်ကြီးပုံ၊ မှန်ကန်သော ဓမ္မ,ဝိနယ၌

ကျင့်သုံးသူရော တိုက်တွန်းသူပါ ကောင်းမှုများစွာ ပွားစည်းပုံတို့ကို မိန့်ကြားတော်မူ၏။ ထိုမှဆက်လက်၍—

“စုန္ဒ၊ ဤကမ္ဘာလောက၌ ကိလေသာမှ ဝေးကွာပြီးသော၊ သစ္စာလေးတန် တရားမှန်ကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် ထိုးထွင်း၍ သိပြီးသော ဆရာတဆူသည် ပွင့်ထွန်းပေါ်ပေါက်လာ၏။ထိုဆရာသည် သံသရာမှ ထွက်မြောက်စေနိုင်သော၊စိတ်နှလုံး၏ အေးချမ်း ငြိမ်သက်မှုကို ဖြစ်စေနိုင်သော တရားကို ကောင်းမွန်စွာ ဟောကြား၏။အကယ်၍ ထိုဆရာသည် တပည့်များအား တရားသဘော နားလည်အောင် မဟောကြားခဲ့ပါလျှင်၊ သာဝကတို့၏ကျင့်စဉ်ကို ပေါ်လွင် ထင်ရှားအောင် မပြခဲ့ပါလျှင် ထိုဆရာကွယ်လွန်သွားသောအခါ ကျန်ရစ်သော သာဝကများ ပူပန် သောက ရောက်နေကြပေလိမ့်မည်။ အကယ်၍ ထိုဆရာသည် တပည့်များအား တရားသဘောကို နားလည်အောင် ဟောကြားခဲ့ပါလျှင်၊ သာဝကတို့၏ ကျင့်စဉ်ကို ပေါ်လွင်ထင်ရှားအောင်ပြခဲ့ပါလျှင် ထိုဆရာကွယ်လွန်သွားသော်လည်း ကျန်ရစ်သော သာဝကများ ပူပန်သောက ရောက်ကြရန် မရှိတော့ပေ”

ဤသို့ ဟောကြားစဉ်က ဆရာဟူ၍ သာမည ရည်ညွှန်းခဲ့သော်လည်း ဆက်လက်၍ ဟောကြားရာတွင်မူ ထို ဆရာမှာ မိမိပင်ဖြစ်ကြောင်း ဘုရားရှင် ဖွင့်ဟတော်မူပါ၏။

သာသနာ အဓွန့်ရှည်စေရန်

ထိုမှ ဆက်လက်၍ ထိုဆရာသည် အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်ကြောင်း၊ ထိုဆရာထံပါးတွင် အဘက်ဘက်မှ အရည်အချင်း ပြည့်ဝသော သာဝကများ သိုက်သိုက်ဝန်းဝန်းကြီး ရှိနေပြီ ဖြစ်ကြောင်း မိန့်ကြားတော်မူ၏။ ထိုမှတဆင့်တက်၍—

"စုန္ဒ၊ ထိုသို့ ဖြစ်သောကြောင့် ငါဘုရား ကိုယ်တော်တိုင် သိ၍ ကိုယ်တော်တိုင်ဟောကြားထားသော တရားအားလုံးကို သင်တို့ အရ ဆောင်ထားကြကုန်လော့။ သင်တို့အားလုံး စုံညီ စည်းဝေးကြလျက် အနက်အဓိပ္ပာယ်ကို အနက်အဓိပ္ပာယ်ဖြင့် တိုက်ဆိုင်နှိုးနှော လျက်၊ သဒ္ဒါကို သဒ္ဒါဖြင့် တိုက်ဆိုင်နှိုးနှော လျက် စုပေါင်း ရွတ်ဆိုကြကုန်လော့။ တဦးနှင့်တဦး ငြင်းခုံမှု မပြုကြကုန်လင့်။ ဤသို့ ဆောင်ရွက်ကြလျှင် ဤ သာသနာ တော်သည် ကြာမြင့်စွာ တည်ရစ်လတ္တံ့။ ဤသို့ သာသနာတော် ကြာမြင့်စွာတည်ခြင်းသည် လူအများ၏ အကျိုးငှာ၊ ချမ်းသာ သုခ အလို့ငှာ ဖြစ်လတ္တံ့။ ထို တရားတို့ကား အဘယ်နည်း။ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး တို့ပေတည်း"

ထိုနေ့က ဟောကြားသော ဒေသနာတော်မှာ ဂင်္ဂါမြစ်ကြီး စီးဆင်းသကဲ့သို့ ဖြစ်ပါ၏။ သိမှတ်ဖွယ်၊လိုက်နာဖွယ် မျိုးစုံကို

အရှိန်အဟုန် ပြင်းစွာဖြင့် ဆက်တိုက်ကြီး ဟောကြားတော်မူပါ၏။ ဤမျှလောက် ဝေဝေဆာဆာဟောကြားသော တရားတော်ကို မကြားရသည်မှာ တော်တော်ကြာပြီဖြစ်၍ ပါဝါမြို့မှ တကူးတကန့်ရောက်လာသော အရှင်စုန္ဒကို ကျေးဇူးတင်လိုက်ရပါပေသည်။

[ပါတိကဝဂ် ပါဠိတော်၊ ပါသာဒိကသုတ်]

သိမှတ်ခြင်းမှ ခံစားခြင်းသို့

နိဂဏ္ဌနာဋပုတ္တဆရာကြီးကွယ်လွန်ခြင်းနှင့် အနုသန္ဓေဆက်စပ်၍ ဟောကြားခဲ့သော ဤဒေသနာကို ကြားနာရစဉ်က သိမှတ်ဖွယ်၊ လိုက်နာဖွယ် အဖြစ်ဖြင့် ကျွန်ုပ် အားပါးတရကြီး နာခဲ့ရ၏။ မွေးရပ်မြေမှတဆင့် သာဝတ္ထိမြို့တော်သို့ ခရီးတထောက်ရောက်ချိန်မှာကား သိမှတ်ဖွယ်၊ လိုက်နာဖွယ်မျှ မကတော့ပဲ ခံစားဖွယ်လည်း ဖြစ်လာခဲ့ပါ၏။ သာမန်မျှသာ ခံစားရသည် မဟုတ်ပါ။ အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ ယူကျုံးမရခြင်းဟူသော ခံစားမှု မျိုးစုံကို စုပြုံ၍ ခံစားလိုက်ရပါသည်။

အိုစိတ်ကို လက်မခံနိုင်သေးပါ

ရဟန်း ပရိသတ် လွှဲအပ်ရန် ဒေဝဒတ်၏ တောင်းဆိုခဲ့စဉ်က ဘုရားရှင်အား 'အသက်အရွယ် ကြီးရင့်ပါပြီ'ဟု အကြောင်း

ပြုခဲ့၏။ အထက်ပါ ဒေသနာတော်ထဲမှာလည်း ဘုရားရှင်ကိုယ်တော်တိုင်က မိမိကိုယ်ကို အသက်အရွယ် ကြီးရင့်လာပြီဖြစ်ကြောင်း၊ ဘဝတသက်တာ၏ နောက်ဆုံး ပစ္ဆိမအရွယ်သို့ရောက်နေပြီဖြစ်ကြောင်း ဟောကြားတော်မူခဲ့၏။ သည်တုန်းက အသက်အရွယ်နှင့်ပတ်သက်၍ ထူးထူးခြားခြား မခံစားခဲ့ရပါ။ ကျွန်ုပ်ကိုယ်ခန္ဓာမှာ အသက်ခုနစ်ဆယ်တွင်းရောက်လာပြီဖြစ်၍ ဇရာလက္ခဏာများ ပြလာခဲ့ပါပြီ။ သို့သော် အဘိုးကြီးစိတ်ဓာတ်မဝင်လာသေးပါ။ ကျွန်ုပ်သက်တမ်းကုန်သည့်တိုင်အောင် ဤစိတ်ဓာတ်မျိုး မဝင်ရောက်စေချင်ပါ။ နောင်တော်မြတ်၏အလုပ်အကျွေးဘဝဖြင့်သာ ရာသက်ပန် နေသွားချင်ပါသည်။ ကျွန်ုပ် ကျန်းမာရေး အခြေအနေကလည်း ကျွန်ုပ်၏ ဆန္ဒကိုအထောက်အကူ ပြုနေပါသည်။ နောက်တော်ပါးမှ ထက်ကြပ်မကွာ လိုက်ပါ၍ ပြုစုလာရာတွင် ကျွန်ုပ်ဘက်က ပျက်ကွက်မှုဟူ၍ မရှိခဲ့သေးပါ။ သည်တာဝန်ကို စတင်ထမ်းဆောင်ခဲ့သောအသက်ငါးဆယ်ကျော်တုန်းကနှင့် ဘာမျှမခြားနားခဲ့ပါ။

ညနေစောင်း နေရောင်အောက်မှာ

အသက်အရွယ်အရ ဇရာလက္ခဏာများ သမ်းလာခဲ့သော်လည်းကျွန်ုပ်၏ကိုယ်ခန္ဓာမှာ ကျန်းမာသန့်စွမ်းလျက်သာ ရှိ၏။ ထို့အတူပင် ဘုရားရှင်၏ ကျန်းမာရေး အခြေအနေ ကလည်းကောင်းနေဆဲသာ ဖြစ်၏။ ကျန်းမာရေးအခြေအနေ ကောင်း

သောကြောင့်ပင် ဤမျှဝေးလံသော ခရီးများကို လှည့်လည်တော် မမူနိုင်ခြင်း ဖြစ်၏။ တခါတရံ လေနာရောဂါထခြင်း၊ အထိုင်ကြာလွန်းသောအခါ ခါးနာတတ်ခြင်းတို့ကား ခြွင်းချက် ဖြစ်ပါ၏။ ထိုခြွင်းချက်ကို အကြောင်းပြု၍ပင် ခံစားချက်မျိုးစုံကို စုပြုံ၍ ခံစားလိုက်ရပေသည်။

ထိုနေ့က ဘုရားရှင်နှင့်ကျွန်ုပ် ပုဗ္ဗာရုံကျောင်းမှာ ရောက်နေကြ၏။ ဘုရားရှင်သည် နေ့လယ်ခင်းမှာ ထုံးစံအတိုင်း တပါးတည်း သီတင်းသုံးတော်မူပြီး နေစောင်းချိန်မှာ ထွက်လာတော်မူ၏။ သည်တုန်းက ဆီးနှင်းကျသော ဆောင်းကာလ ဖြစ်ရာ ညနေစောင်း နေရောင်သည် နေ ထိုင် ကောင်းရုံလောက်သာ ပူ၏။ ဘုရားရှင်လည်း ကျောင်းတော်၏ အနောက်ဘက်မှာ ခင်းထားသော နေရာမှာ ထိုင်လျက် နေပူစာ လှုံတော်မူ၏။ နေပူရှိန်ကို တိုက်ရိုက်ခံစားရန် ကေသီသင်္ကန်းကိုချကာ ကျောပြင် သက်သက်ဖြင့် ထိုင်နေတော်မူ၏။

ပျို့ရွယ်စဉ်က အသားအရည်

ဤသူသော ရုပ်သွင်ကို နေ့စဉ် ရေချိုးတိုင်း မြင်ရနေကျဖြစ်၏။ မဟာလေ့ကားပန်းအဆင်းဖြင့် ဝါဝင်းသောသင်္ကန်းတော့ ဝတ်ရုံထားစဉ်က တမျိုးကြည်ညို၍ ကောင်း၏။ ယခုလို အထက်ပိုင်းမှာ သင်္ကန်းမကပ်ပဲ နေပြန်တော့လည်း ကျက်သရေ ရှိနေသည်သာ ဖြစ်၏။

နေ့စဉ်နှင့်အမျှ ဆိုသလိုပင် ကျွန်ုပ်သည် ဘုရားရှင်ကို ခြေဆုပ်လက်နယ် ပြုစုလာခဲ့၏။ သို့သော် ယခုလို အသားသက်သက်ကို နှိပ်နယ်ရသည့် အခါကား ကြုံတောင့်ကြုံခဲ ဖြစ်၏။ များသောအားဖြင့် သင်္ကန်း ဝတ်ထားသည့် အပေါ်မှသာ နှိပ်နယ်ပေးခဲ့ရ၏။

နောင်တော်မြတ်နှင့်ကျွန်ုပ်မှာ ငယ်ရွယ်စဉ်ကပင် လက်ပွန်းတတီး နေလာခဲ့ကြသဖြင့် သူ့အသားအရည်ကို ကျွန်ုပ် မကြာမကြာ လက်ဖြင့် စမ်းကြည့်ခဲ့ဘူး၏။ သူ့အရေမှာ ဘယ်နေရာမှာမှ အတွန့်အလိပ်၊ အရေးအကြောင်း မရှိပဲ တင်း၍နေ၏။ နွားလားဥသဘ၏သားရေကို ငုတ်ပေါင်းတရာစိုက်၍ ဖြန့်ထားသကဲ့သို့ ဖြစ်၏။ စမ်းကြည့်လိုက်သည့် နေရာတိုင်းမှာ အထစ်အငေါ့ မရှိပဲ ကျွန်ုပ်လက်များ ချောချောမောမော လျှောက်သွားနိုင်ကြ၏။

ကိုယ်တော်မြတ်၏ ခန္ဓာကလည်း ယောကျ်ား အာဇာနည်ပီသလှ၏။ အရပ် အမောင်း ကောင်းလှသော အရှင်ဥပနန္ဒထက်ပင် လက်လေးသစ် ပိုသေး၏။ ရှည်လျားသော အရပ်တော်သည် ဖွံ့ဖြိုးသော ကိုယ်တော်နှင့်ဆိုတော့ အလောတော်ပင် ဖြစ်၏။ ပညောင်ပင်၏ အရပ်သည် အဝန်းနှင့် ညီမျှစွာ ကြည့်၍ ရှု၍ ကောင်းသကဲ့သို့ ဖြစ်၏။ ရပ်နေစဉ်မှာ ဖြစ်စေ၊ ထိုင်နေစဉ်မှာဖြစ်စေ ခန့်ညားလှသော ကိုယ်တော်သည် ဖြောင့်ဖြောင့် မတ်မတ် ရှိပါဘိ၏။

ဇရာတရားကြီး လာချေပြီ

ယခုတော့ ယခင်နှင့် မတူချေပြီတကား။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အရေတော်တွင် အဆင်း အရောင် မပြောင်းသော်လည်း ဇရာ လက္ခဏာ များကပေါ့ ပြလာခဲ့ပေပြီ။ ပခုံးနှစ်ဘက် အလယ်တွင် အရေးအကြောင်းကို တွေ့လာရပေပြီ။ ယနေ့မှ နီးနီးကပ်ကပ် စေ့စေ့စပ်စပ် ကြည့်မိသဖြင့် ပြောင်းလဲချက်ကို တွေ့မြင်ရခြင်း ဖြစ်ပေသည်။

ထို့ပြင် သက်နှိန်းဖုံးနေ၍ ယခင်လိုထင်နေခဲ့ရသော ကိုယ်တော်ကလည်း ဇရာသဘောကို ပြနေချေပြီ။ တည့်ဘည့် မတ်မတ် ရှိခဲ့သော ကိုယ်တော်သည် ယခုတော့ ရှေ့သို့ အတန်ငယ်ကိုင်း၍ နေပေပြီ။ မျက်လုံးတော် အကြည် ဓာတ်ကလည်း ယခင်ကလောက် မတောက်ပတော့ပြီ။ ဤသည်ကို ထောက်၍ နား၊ နှာခေါင်း စသော အကြည်ဓာတ်များလည်း ဆုတ်ယုတ်လျော့ပါးလာကြပြီ ထင်ပါသည်။

အကျမြန်လွန်းသော ဆောင်းတွင်းနေ

“အရှင်ဘုရား အရွယ်သဘောအရ တပည့်တော်၏ ကိုယ်ခန္ဓာ ပြောင်းလဲလာသည်ကို တပည့်တော် ဖြေနိုင်ခဲ့ပါသည်။ ကိုယ်ခန္ဓာကို ဇရာက ထောင်းလာခဲ့သော်လည်း ဇရာ မထောင်းနိုင်သေးသော စိတ်ဓာတ်ဖြင့် အားတင်း နိုင်ခဲ့ပါသည်။ ယခု ကိုယ်တော်မြတ်၏ ပြောင်းလဲချက်များ ရုတ်တရက် တွေ့လိုက်ရ

သည်တွင်ကား တပည့်တော် တအံ့တသြ ဖြစ်သွားရပါတော့သည်။ ထိတ်လန့်တကြား ဖြစ်သွားရပါ တော့သည်။ ရွှေတောင်ကြီးအလား ခန့်ညားလှသော ကိုယ်တော်သည်ပင် ဇရာသဘောကို မလွန်ဆန်နိုင်ပါတကား။ တပည့်တော် ဖူး၍မဝနိုင်သော၊ ကြည်ညို၍ အားမရသော ကိုယ်တော်သည် သည်လိုနှင့် တစနှင့် တစ ယိုယွင်း ပျက်စီး ရတော့မှာပါ တကား၊ ဆောင်းတွင်းနေသည် အကျမြန်းလွန်းလှ သကဲ့သို့ ကိုယ်တော်မြတ်၏ နေညိုချိန်ကလည်း ရောက်လွယ်လွန်းလှပါသည်ဘုရား”

ယူကျုံးမရ နှမြောလှသော စိတ်များကြောင့် ကျွန်ုပ်၏ အသံများ တုန်ယင်၍ နေကြပါ၏။ ကိုယ်တော်မြတ်အပေါ်မှ သုံးသပ်မိသမျှ အချက်များ ပြည့်စုံအောင် တော်တော်ကြီး ကြိုးစား၍ လျှောက်ထားရပါ၏။

ဘဝ၏ နောက်ဆုံးအပြော

ကျွန်ုပ်က တအံ့တသြ လျှောက်နေ သော်လည်း၊ ထိတ်လန့်တကြားခံစားနေရသော်လည်း ဘုရားရှင်ကတော့ တည်ငြိမ်စွာပင် နားထောင်တော် မူပါသည်။ ကျွန်ုပ်၏ စကား များ ဆုံးခါမှ—

“အာနန္ဒာ၊ ပျိုသမျှ အိုကြဖို့သာ ဖြစ်ပေသည်။ မာသမျှ နာကြဖို့သာ ဖြစ်ပေသည်၊ နေသမျှ သေကြဖို့သာ ဖြစ်ပေသည်။ ဤသဘော တရားကို မည်သူမျှ မလွန်ဆန်နိုင်ချေ တကား”

ကျွန်ုပ်က ယူကျုံးမရ၊ နှမြောတသ နေစဉ်တွင် ဘုရားရှင်ကတော့ ဇရာတရားကို တရားသဘော အတိုင်း ခံယူထားပြီး ဖြစ်နေပါပြီ။ ကျွန်ုပ်က ငါ၏ နောင်တော်မြတ်ဟု အရိပ်တကြည့်ကြည့် နေခဲ့သော်လည်း နောင်တော်မြတ် က တော့ အိုသဘော၊ နာသဘော၊ သေသဘောအတိုင်းသာ ထားတော်မူခဲ့၏။ သည်တော့မှ ကျွန်ုပ်တို့ မွေးရပ်မြေမှာ ဟောကြားခဲ့သော ဒေသနာတော်ကြီးကို ပြန်၍ သတိရမိ၏။ အပြန်အလှန် ရွတ်ဖတ်သရဇ္ဈာယ်ကြည့်မိ၏။

သည်ဒေသနာတော်ကြီးမှာ သိစရာတွေ၊ မှတ်စရာတွေ၊ လိုက်နာကျင့်သုံးစရာတွေ အမြောက် အမြား ပါဝင်ပါ၏။ သို့သော် လိုရင်း အကျဆုံးကား ဘုရားရှင် မရှိတော့သည့် နောက်ဝယ် သာသနာတော်အဓွန့်ရှည်အောင် ထိန်းသိမ်းနိုင်ရေးပင် ဖြစ်ပေသည်။ အချင်းချင်း မငြင်းခုံပဲ ဥမကွဲ သိုက်မပျက် နေထိုင်ကြရေးပင် ဖြစ်ပေသည်။

နေညိုညို ညနေချမ်းကပင် နေဝင်ချိန် အတွက် ကြိုတင်ပြင်ဆင်ပြီး ဖြစ်နေပါပြီကော။

[မဟာဝဂ်၊ ဣန္ဒြိယသံယုတ်၊ ဇရာသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

မယ်တော်ကြီး၏ ဟန်တော့ပန်း

ကျေးဇူးဂုဏ်အနန္တ

"ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်ဘုရား၏ မယ်တော် ဖြစ်ပါသည်။ အရှင်ဘုရားသည်ကား တပည့်တော်မ၏ ခမည်းတော် ဖြစ်ပါသည်။ သူတော်ကောင်း တရားကို ပေးသနားတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်ဘုရား၏ အဆုံးအမ သြဝါဒမှ ပေါက်ဖွားလာသူ ဖြစ်ပါသည်ဘုရား။

"ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ အရှင်ဘုရား၏ ကြည်ညိုဖွယ်ရာ သပ္ပာယ်စွာသော ရူပ

ကာယကို တပည့်တော်မက ဖွံ့ဖွံ့ထွားထွား ခန့်ညားလာအောင် ကျွေးမွေးပြုစုခဲ့ပါသည်။ တပည့်တော်မ၏ မြင့်မြတ်လှသော ဓမ္မကာယကို အရှင်ဘုရားက ဖွံ့ဖွံ့ထွားထွားခန့်ညားလာအောင် ဟောကြား ပြသတော်မူခဲ့ပါသည်။

"ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တပည့်တော်မက အရှင်ဘုရားအား တိုက်ကျွေးခဲ့သော နို့ချိုသည် တခဏသာ အဆာပြေနိုင်ပါသည်။ အရှင်ဘုရားတိုက်ကျွေးသော တရား နို့ချိုမှာကား အဆုံးစွန်သော ကာလတိုင်အောင် ဆာလောင်မွတ်သိပ်မှု မရှိ၊ ပကတိအေးမြလှပါသည်ဘုရား"

မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီက သူ့သားတော်ဘုရားထံ လျှောက်ထားနေခြင်း ဖြစ်ပါသည်။ သားတော်ဘုရားအား သူပြုခဲ့သောကျေးဇူးများထက် သူ့အပေါ်မှာ သားတော်ဘုရားပြုခဲ့သော ကျေးဇူးများက သာလွန်မြင့်မြတ်ပုံများကို စီကာပတ်ကုံး လျှောက်ထားနေခြင်း ဖြစ်ပါသည်။

ဝမ်းသာ၍ မရတော့ပါ

ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးများသည် ချီးကျူး၍မကုန်နိုင်ပါ။ ထို့အတူ ထိုဂုဏ်ကျေးဇူးများ ချီးကျူးသံကြားရတိုင်းလည်း ကျွန်ုပ် မကြည်နူးပဲ မနေနိုင်ပါ။ မိမိကိုယ်တိုင်က

ချီးကျူးလိုသော ဂုဏ်ကျေးဇူးများကို အများတကာကလည်း ချီးကျူးနေကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ သို့သော် ဤတကြိမ်မှာကား ကျွန်ုပ် ဝမ်းမသာနိုင်တော့ပါ။ ကျွန်ုပ် ချစ်မြတ်နိုးသော နောင်တော်မြတ်၏ ဂုဏ်ကျေးဇူးများကို ချီးကျူးနေမှန်းသိပါလျက်နှင့် ကျွန်ုပ် မကြည်နူးနိုင်တော့ပါ။ ကြည်နူးရမည့်၊ ဝမ်းသာရမည့်နေရာများတွင် နှလုံးကြေကွဲ ဝမ်းနည်းမှုများက ဆို့ပိတ်လွှမ်းခြုံ၍ နေကြပါပြီ။ ယခု တလော ကျွန်ုပ်အတွက်ဝမ်းနည်းစရာကိစ္စများနှင့်သာ ဆက်ကာ ဆက်ကာ ကြုံနေရပါချေသည်။

မယ်တော်ကြီး၏ နောက်ဆုံးနေ့

မဟာပဇာပတိ ဂေါတမီအရှင်မကြီးသည် ရဟန်းမတို့အတွက် သီးသန့်ထားသော ကျောင်းတိုက်တာမှ ထွက်လာခဲ့ပါပြီ၊ သူနှင့်အတူ ရဟန်းမ ငါးရာလည်း ပါလာကြ၏။ သူတို့တတွေ မှာ ဟိုစဉ်အခါ လူ့ဘောင် လောကမှ ထွက်လာတုန်းက လည်း အရှင်မကြီးနှင့်အတူတူလာခဲ့ကြ၏။ ယခု အရှင်မကြီး ထွက်လာပြန်တော့လည်း စိတ်တူ ကိုယ်တူ ဖြစ်ကြပါပေသည်။

တည်ငြိမ်စွာ လှမ်းလာခဲ့ကြသော ရဟန္တာ အရှင်မများ၏ နောက်မှာတော့ တပည့်ဘကာ တကာမများက တသိုက် တအုံ ကြီး လိုက်ပါလာကြ၏။ မျက်ရည်စို့ရွှဲ ငိုပွဲကြီးဆင်၍ လာ ကြ၏။ ဤမြင်ကွင်းမျိုးကို တနေ့နေ့ကျလျှင် မြင်ရမည် ဟု

စောစောကပင် မြင်ထားခဲ့၏။ သို့သော် သည်တုန်းက ဤမျှ လောက် ဝမ်းမနည်းခဲ့ပါ။ ယခု တပည့်တကာ၊ တကာမများ၏ ငိုကြွေးသံ ကြားရခါမှ ကျွန်ုပ်ရင်ထဲမှာ လိုက်လိုက်လှဲလှဲ ဖြစ် လာပါတော့သည်။ ပြောင်–သည်နေ့သည်ကား မယ်တော် မဟာ ပဇာပတိ ဂေါတမီ၏ နောက်ဆုံးနေ့ ပါတကား။ နောက်ဆုံးနေ့ရောက်လာပြီမို့ သူ့သားတော်ဘုရားထံ လာ ရောက်၍ နှုတ်ဆက်ခြင်းပါတကား။

သည်တုန်းကသာ တရားနှင့် ဖြေနိုင်ခဲ့မည်ဆိုလျှင် ဖြေစရာ တွေ ရှိခဲ့ပါ၏။ မယ်တော်ကြီးဂေါတမီ၏အသက်သည် တရာ့ နှစ်ဆယ်တိုင်တိုင် ရှိခဲ့ပါပြီ။ နောက်ဆုံးတန်း၏ ဟိုမှာဘက်သို့ အစွန်းနှစ်ဆယ် ထွက်နေခဲ့ပါပြီ။ ဤမျှလောက် နေလိုက်ရလျှင် သွားရမည့်သူရော၊ ကျန်ရစ်သူများပါ အားရကျေနပ်လောက် ပါပြီ။ သို့ပါလျက် ကျွန်ုပ်မှာ ဤသို့ မဖြေနိုင်ခဲ့ပါ။ အရှင် မကြီး လျှောက်ထားသောစကားများကို ကြားရလေလေ၊ ကျွန်ုပ် ဝမ်းနည်းလေ ဖြစ်ခဲ့ရပါ၏။

ခွင့်လွှတ်တော်မူပါဘုရား

“လူအပေါင်းတို့၏ နေမင်းတဆူ ဖြစ်တော်မူသော မြတ်စွာ ဘုရား၊ နေမျိုးနွယ်တို့၏တံခွန်သဖွယ်ဖြစ်တော်မူသော မြတ်စွာ ဘုရားကို တပည့်တော်မ၏ နောက်ဆုံးအချိန်အခါ၌ ရှိသေစွာ ရှိခိုးခဲ့ပါ၏။ ဖူးမြင်၍မဝနိုင်သောအရှင်ဘုရားကို တပည့်တော်မ နောက်ထပ်တဖန် ဖူးမြင်ခွင့် မရှိတော့ပါဘုရား။

"လောကထွတ်ထား ရှင်တော်မြတ်ဘုရား၊ ဤကမ္ဘာလောကရှိ အပြစ်မျိုးစုံကို မိန်းမများပြုဘဘ်သည် ဆိုခဲ့ကြပါသည်။ သို့ရှိစ်ပါ၍ မိန်းမသားတဦးဖြစ်သော တပည့်တော်မတွင် အပြစ်တစုံတရာရှိပါလျှင် သနားခြင်းကရုဏာဖြင့် ခွင့်လွှတ်တော်မူပါဘုရား။

"သနားခြင်းကရုဏာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ထံတော်၌ မိန်းမများရဟန်းပြုခွင့်ကို တပည့်တော်မ တောင်းခံခဲ့ပါသည်။ ဤသို့ တောင်းခံခဲ့သည့်အတွက် အပြစ်တစုံတရာရှိပါလျှင် သနားခြင်း ကရုဏာဖြင့် ခွင့်လွှတ်တော်မူပါဘုရား။

"တည်ကြည်ရဲရင့်၊ လူတို့ထက် မြင့်မြတ်တော် မူသော မြတ်စွာ ဘုရား၊ တပည့်တော်မနှင့်အတူ ဝင်လာကြသော ရဟန်းမများကို အရှင်ဘုရား၏ခွင့်ပြုချက်ဖြင့် တပည့်တော်မက အစစ,အရာရာ ဆုံးမ,သွန်သင်ခဲ့ပါပြီ။ ထိုသို့ ဆုံးမသွန်သင်ရာ၌ အမှားအယွင်းများရှိပါလျှင် သနားခြင်း ကရုဏာဖြင့် ခွင့်လွှတ်တော်မူပါ ဘုရား"

နောက်ထပ်ဘဖန် တွေ့ဆုံရာ မရှိတော့သဖြင့် တောင်းပန်ဖွယ်ရှိသမျှ တခုမှမကျန်ရအောင် တောင်းပန်၍ နေပေပြီ။ ဘုရားရှင်ထံ တောင်းပန်ယဉ်း ထင်ရှား ကျော်ကြားသော မထေရ်မြတ်ကြီးများကိုလည်း တပါတည်း တောင်းပန်နေ

သည်ဟု ကျွန်ုပ်ခံစားမိပါသည်။ ကျွန်ုပ်ကိုယ်တိုင်က လေးစား ကြည်ညိုရသော ထိုမထေရ်မြတ်ကြီးများတွင် မိန်းမဆိုလျှင် အပြစ်နှင့်ယှဉ်၍ ရှုမြင်တတ်သော ပုဂ္ဂိုလ်ကြီးများ ပါဝင်နေကြ၏။ မိန်းမသားဖြစ်ပါလျက် ရဟန်းပြုခွင့်တောင်းခြင်းကို ပင် အပြစ်ဟု ရှုမြင်နေသော ပုဂ္ဂိုလ်ကြီးများ ရှိနေကြ၏။ ထိုပုဂ္ဂိုလ်ကြီးများသည် ယခုအရှင်မကြီး၏ တောင်းပန်စကား ကို ထောက်ထားသောအားဖြင့် ခွင့်လွှတ်နိုင်ကြလျှင် ကောင်း လေစွ။

"ဂုဏ်ကျေးဇူးတို့၏ တည်ရာဖြစ်သော ဂေါတမီ၊ သင့်မှာ အပြစ်တစုံတရာမျှ မရှိခဲ့ပါ။ သို့ဖြစ်၍ ငါဘုရားက တမင်တကာ ခွင့်လွှတ်နေရန် မရှိတော့ပါချေတကား"

တရားရှင်တို့၏ တရားသံ

ဘုရားရှင်၏ ခွင့်လွှတ်စကားကို ကြားနာပြီးနောက် မယ်တော် ကြီး ဂေါတမီသည် ရဟန်းများထံ လာ၍ ကန်တော့ပြန်ပါ၏။

"အို–ချစ်သားတို့၊ ဤ ခန္ဓာကိုယ်ကြီးသည် မြွေဆိုးများ ခိုကိုးရာ တောင်ပို့ကြီးနှင့် တူလှပါ၏။ အနာရောဂါအပေါင်း တို့၏ တည်နေရာ ဖြစ်ပါ၏။ ဆင်းရဲဒုက္ခ ဟူသမျှ၏ အစုအပုံ ဖြစ်ပါ၏။ အိုခြင်း၊ သေခြင်းတို့၏ ကျက်စားရာ ဖြစ်ပါ၏။ အမျိုးမျိုးသော အညစ်အကြေးတို့ဖြင့် ရောထွေး၍ နေပါ၏။ ဤခန္ဓာကိုယ်ကြီးကို သယ်ပိုးနေရသည့်အတွက် ငြီးငွေ့လှပါပြီ။

ဤဒုက္ခအပေါင်းမှ လွတ်မြောက်ရာသို့ သွားလိုပါပြီ။ တပည့်တော်မအား ခွင့်လွှတ်တော်မူကြပါ ချစ်သားတို့ဘုရား”

မယ်တော်ကြီး လျှောက်ထားနေသော ပုဂ္ဂိုလ်များ တွင် ညီတော်နန္ဒ ပါ၏။ သားတော်ရာဟုလာ ပါ၏။ ကျွန်ုပ်လည်း သူတို့နှင့်အတူရှိနေ၏။ တနေရာတည်းမှာ အတူတကွ ထိုင်နေကြသော်လည်း သူတို့နှစ်ပါးမှာ ကျွန်ုပ်လို မျက်ရည် ကျတတ်သူ မဟုတ်ကြတော့ပါ။ ဝမ်းနည်းခြင်း ဝေဒနာကို မခံစားတတ်ကြတော့ပါ။ အာသဝ တရား ဟူသမျှ ကင်းစင်နေကြပါပြီ။ မတုန်မလှုပ်ခိုင်မြဲနေကြပါပြီ။ သို့ဖြစ်၍ သူတို့ကတော့ တရားသဘောအဖြစ်ဖြင့်သာ ကျူးရင့်ကြပါသည်။

“မတည်ကြည်သော သင်္ခတ တရား၊ ငှက်ပျောတုံး ကဲ့သို့ အနှစ်မရှိသော တရား၊ မျက်လှည့်ပမာ မရေရာသော သင်္ခတ တရား၊ တံလျှပ်ကဲ့သို့ ခဏသာ တည်သောတရား၊ ဤ သင်္ခတ တရားသည် စက်ဆုပ်ဖွယ် ရှိပေစွတကား။

“ဘုရားရှင်ကို ကျွေးမွေး ပြုစုခဲ့သော မယ်တော်ကြီးပင် ယခု ကွယ်လွန်တော့မှာပါတကား။ သင်္ခတဟူသမျှ ဘာတခုမျှ မမြဲပါတကား”

မယ်တော်ကြီး ကရုဏာသံ

ကျွန်ုပ်မှာတော့ သူတို့လို တရားသံမကျူးရင့်နိုင်ပါ။ မျက်ရည် ဖြိုင်ဖြိုင်ကျလျက် ဖြစ်ရလေခြင်း, ဖြစ်ရလေခြင်းဟူ၍သာ ရေရွတ်နေမိပါသည်။ ဤတွင် မယ်တော်ကြီးဂေါတမီက —

"အို ချစ်သား၊ ယခုအချိန်ကား စိုးရိမ်ပူဆွေး ငိုကြွေးရန် မသင့်ပါချေ။ အမှန်ဆိုလျှင် ဤဝဋ္ဋဒုက္ခမှ ကင်းလွတ်တော့မည် ဖြစ်၍ ဝမ်းသာဖို့ပင် ကောင်း သေး တော့ သည်။ သင်ချစ်သားသည် တပည့်တော်မ၏ကိုးကွယ်ရာ ဖြစ်ပါသည်။ သင်ချစ်သား၏ကျေးဇူးကြောင့် နိဗ္ဗာန်ကိုရခဲ့ပါပြီ။

"အို–ချစ်သား၊သင်ချစ်သားက တောင်းပန်သဖြင့် ဘုရားရှင်က တပည့်တော်မတို့ကို ရဟန်းပြုခွင့်ပေးခဲ့ပါသည်။ သင်ချစ်သား စိတ်မကောင်းမဖြစ်ပါနှင့်။ သင်ချစ်သား၏ ဆောင်ရွက်မှုသည် အကျိုးကျေးဇူးများစွာရှိပေသည်"

ဤသို့ ဖျောင်းဖျပြီးမှ မယ်တော်ကြီး ဂေါတမီတို့ ဘုရားရှင်ထံ ရှိခိုးဦးချ၍ ပြန်ကြရာတွင် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့အားလုံးက ကူဋာဂါရ ကျောင်းတော်ဝထိ လိုက်ပါပို့ဆောင်ပေးကြရပေသည်။ မယ်တော်ကြီးနှင့် တကွ အရှင်မ ငါးရာတို့သည် မိမိတို့ကျောင်းသင်ခန်း၌ ဈာန်အဆင့်ဆင့်ဝင်စားပြီးလျှင် ပရိနိဗ္ဗာန် စံဝင်ကြပေတော့မည်။

ငိုခဲ့သူများ သွားကြပေပြီ

ဘုရားရှင်နှင့်တကွ သိဘင်းသုံးဖော်များ ပြန်လည့်သွားကြသော်လည်း တံခါးဝတွင် ကျွန်ုပ်သည် တွေတွေကြီးရပ်၍ နေမိ၏။ မယ်တော်ကြီးနှင့်တကွ ဘိက္ခုနီအရှင်မများကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်နေမိ၏။ဟိုစဉ်တုန်းကတော့ သာသနာတော်တွင်း ဝင်ရောက်ခွင့်ရရေးအတွက် ကျွန်ုပ်တို့ရှိရာသို့ လိုက်

လာခဲ့ကြရ၏။ နုနယ်သိမ်မွေ့သော အမျိုးသမီးတွေဖြစ်ပါလျက် ဝေးလံလှသော ခရီးကြမ်းကြီးကို ပင်ပန်းကြီးစွာ လှမ်းလာခဲ့ကြရ၏။ ကျောင်းတော်တံခါးဝ ရောက်လာပြန်ပါတော့လည်း ရှေ့တော်မှောက်သို့ မဝင်ရဲကြသဖြင့် ငိုယိုရှိုက်သာနေကြရ၏။ ယခုတော့ ကျွန်ုပ်အလှည့်ဖြစ်လာပေပြီ။

ငိုယိုလာသူများကို ဤကျောင်းတော်ငမှ ကြိုဆိုခဲ့သော ကျွန်ုပ်သည် ယခုတော့ ဤကျောင်းတော်ဝမှာပင် ငိုယိုယင်း ကျန်ရစ်ခဲ့ရပါပြီတကား။

[မဟာပဇာပတိ ဂေါတမီထေရီ အပါဒါန်ပါဠိတော်]

* * *

ဤတွင် 'ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း ၄' ပြီးဆုံးပါပြီ။ အမှတ် ၅ စာအုပ်ကို စောင့်မျှော်ဖတ်ရှုပါ။

ညီတော် အာနန္ဒာ၏ တသက်တာမှတ်တမ်း

- ယခင်စာအုပ်များမှာ ပါဝင်ခဲ့ဘူးသော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက်ချက်များ၊ တရားသဘော ဆွေးနွေး ဝေဖန်ချက်များကို ဤစာအုပ်တွင် ထပ်မံ၍ ဖတ်ရှုကြရပါဦးမည်။

- အစိရဝတ သာမဏေ၊ အဓိမုတ္တက သာမဏေနှင့် အရှင်မဟာသာရိပုတ္တရာ၏ ညီအငယ်ဆုံး ရေဝတ သာမဏေကလေးတို့၏ အာဇာနည် စိတ်ဓာတ်ကို ကြည်ညိုနိုင်ကြပါသည်။

- သွားလေရာ၊ လာလေရာတွင် လွန်းကြိုင်ငှက်ကဲ့သို့ တပူးတွဲတွဲ ရှိနေတတ်သော နကုလမာတာ၊ နကုလပိတာ အဘွားအို၊ အဘိုးအိုတို့၏ မေတ္တာဓာတ်လမ်းကလည်း ပြုံးစရာလိုလို၊ ကြည်နူးစရာလိုလို။

- မိမိ ဂုဏ်ကျေးဇူးကို မဖော်ကျူးလိုသော ဟတ္ထကမင်းသား၊ အရှင်သခင်ထက် တရားတော်ကို ပို၍ လေးစားသော ခုဇ္ဇုတ္တရာ၊ စိတ်ဓာတ်ခိုင်မာလှသော နန္ဒမာတာနှင့် အလှူခံပုဂ္ဂိုလ်လာလျှင် မလှူပဲ မနေနိုင်သော ကာဏာတို့ သားအမိကား စံပြ တကာ, တကာမများ ဖြစ်ပါသည်။

- ဝမ်းမြောက်စရာ၊ ကြည်ညိုစရာ ကြောင်းခြင်းရာများ နောက်ဝယ် ဝမ်းနည်းဖွယ်၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ရပ် ဓာတ်လမ်း များလည်း ဘုရားရှင်၏ ဖြစ်တော်စဉ်အရ မလွဲသာ မရှောင်သာ ပါဝင်လာကြရပါသည်။ ဘုရားရှင်၏ ဘဝ တသက်တာ နေညိုချိန်မှာ တွေ့ရ, ကြုံရ ပုံများကို ကြည့်ရှုယင်း သဟိသံဝေဂ ရယူနိုင်ကြပါလိမ့်မည်။